www.burmeseclassic.com

BURMESE CLASSIC .com



# စန္ဒယာလာ

လူထုဒေါ်အမာ

ပဉ္စမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၁၁၅၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၁၂၆၀၂၁၂
မျက်နှာဖုံးပန်းချီ - မြင့်မောင်ကျော်

၂၀၁၂ ခုနှစ် ၊ ဇူလိုင်လ
ပဉ္စမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး- ၃၀၀၀ ကျပ်
ထုတ်ဝေသူ - ဦးငြိမ်းချမ်း (မြဲ -၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ -၃၉၇၁၇ ၊ ၆၀၁၃၆
ပုံနှိပ်သူ - ဦးငြိမ်းချမ်း (မြဲ -၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ -၃၉၇၁၇ ၊ ၆၀၁၃၆

၈၉၅.၈၃
ဒေါ်အမာ၊ လူထု
စန္ဒမာလာ / လူထုဒေါ်အမာ။
ရန်ကုန်။
ကြီးပွားရေးစာအုပ်တိုက်၊ ပဉ္စမအကြိမ်၊ ၂၀၁၂။
၃၇၇-စာ၊ ၁၂.၅ စင်တီ X ၁၈.၅ စင်တီ။
(၁) စန္ဒမာလာ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | အမှာစာ | (က) |
| ၂။ | စာရေးသူ၏ အမှာစာ | (ဂ) |
| ၃။ | တတိယအကြိမ် ထုတ်ဝေစဉ်က ဘာသာပြန်သူ၏ အမှာ | (စ) |
| ၄။ | ပန်းချီဆရာရှာခြင်း | ၁ |
| ၅။ | အရှေ့သို့ ထွက်လာခြင်း | ၁၄ |
| ၆။ | အရေးပိုင်အိမ် | ၂၁ |
| ၇။ | မိန်းမ | ၃၉ |
| ၈။ | နတ်ရှင်မယ်နှင့် မစ္စစ်ပူးလ် | ၅၈ |
| ၉။ | သူတော်ကောင်းတို့ ကိန်းအောင်းရာ | ၇၆ |
| ၁၀။ | သတ္တုတွင်း | ၈၈ |
| ၁၁။ | မြို့စားကလေး | ၁၁၄ |
| ၁၂။ | မင်းသမီးကြီး၏ ညှော်ခံပွဲ | ၁၃၆ |
| ၁၃။ | မဘုရား | ၁၆၄ |
| ၁၄။ | တောင်စောင့်တစ္ဆေများ | ၂၀၀ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၅။ | နှစ်ယောက်တွေ့ဆုံခြင်း | ၂၁၂ |
| ၁၆။ | မမျှော်လင့်သော သူ့ဆေါ်သ | ၂၂၄ |
| ၁၇။ | သွားပုပ်လေလွင့် သတင်းများ | ၂၃၇ |
| ၁၈။ | ကော်မရှင်နာ ဆိုက်ရောက်လာခြင်း | ၂၄၉ |
| ၁၉။ | သူတို့အကြံ | ၂၇၀ |
| ၂၀။ | ရင်ဆိုင်ရပြီ | ၂၇၇ |
| ၂၁။ | ဒူးရင်းခြံ | ၂၉၆ |
| ၂၂။ | တောင်ပေါ်ကျင်းပသည့် အခမ်းအနား | ၃၂၂ |


■

# အမှာစာ

'စန္ဒမာလာ' ဝတ္ထုကို မူရင်းရေးသူက 'မောရစ်ကောလစ်' ဆိုတဲ့ အိန္ဒိယပဋိဉာဉ်ခံ ဝန်ထမ်း ဗြိတိသျှလက်ထက်က ကိုလိုနီဝန်ထမ်းဟောင်းတစ်ဦးပါ။ မောရစ်ကောလစ်ဟာ ကိုလိုနီခေတ်က ဗြိတိသျှအရာရှိများထဲမှာ လူမျိုးကြီးဝါဒ ကိုလိုနီစိတ်ဓာတ်အနည်းပါးဆုံးနဲ့ မြန်မာလူမျိုးတွေအပေါ် နားလည်မှု စာနာမှုအများဆုံးရှိတဲ့ ရှားရှားပါးပါး ဗြိတိသျှအရာရှိကြီးတစ်ဦးပါ။ အရေးပိုင်ဘဝနှင့် တရားစီရင်ရစဉ်အခါကလည်း ဆန္ဒာဂတိဘယာဂတိမလိုက် အမှန်တရားကိုသာ ရှေးရှုပြီး စီရင်ဆုံးဖြတ်ခဲ့တဲ့အတွက် သူ့ရဲ့သွေးရင်းသားရင်း အင်္ဂလိပ်လူမျိုးများရဲ့ မုန်းတီးမှု ရန်ရှာမှု ဒုက္ခပေးမှုကို ခံခဲ့ရတဲ့သူပါ။

မောရစ်ကောလစ်ဟာ မြန်မာပြည်အတွေ့အကြုံ မြန်မာပြည်နောက်ခံစာအုပ်တွေ၊ ဝတ္ထုတွေ အမြောက်အမြား ရေးသားထုတ်ဝေခဲ့ပါတယ်။ မြန်မာလူမျိုးတွေအပေါ်လည်း အထူးသံယောဇဉ်ကြီးသူဖြစ်ပါတယ်။ မြန်မာလူမျိုးတွေအပေါ်မှာ ထားရှိတဲ့ သူ့စေတနာအတိုင်းအဆကို သူရေးသားပြုစုခဲ့တဲ့ စာအုပ်တွေထဲမှာ အရှင်းသားမြင်တွေ့နိုင်ပါတယ်။ သူရေးသားသမျှ စာပေများထဲမှာလည်း မြန်မာလူမျိုးတို့ရဲ့စိတ်ဓာတ်၊ ဝိညာဉ်၊ အတွေးအခေါ်များ စိမ့်ဝင် စီးဆင်းနေသလား အောက်မေ့ရလောက်အောင် မြန်မာဆန်လွန်းလှပါတယ်။ သူကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်သော်လည်း သူရေးသား

www.burmeseclassic.com

www.burmeseclassic.com



ပြုစုတဲ့စာအုပ်တွေထဲမှာ ဗုဒ္ဓဘာသာအတွေးအခေါ် အငွေ့အသက်တွေ မကင်းတာကို တွေ့ရှိရပါတယ်။ ဒီလို စာပေတွေထဲမှာ ယခုတစ်ဖန် ပဋ္ဌမအကြိမ်မြောက် ပုံနှိပ်ထုတ်ဝေလိုက်တဲ့ 'စန္ဒမာလာ' ဝတ္ထုလည်း အပါအဝင်ဖြစ်ပါတယ်။

စန္ဒမာလာဝတ္ထုကို လူထုဒေါ်အမာက ၁၉၄၀ ခုနှစ်မှာ ဘာသာပြန် ထုတ်ဝေခဲ့တာပါ။ အဲဒီအချိန်က လူထုဒေါ်အမာဟာ အသက် အစိတ်အရွယ် တက္ကသိုလ်ကျောင်းက ထွက်ကာစ ငယ်မူငယ်သွေး မကုန်သေးပေမယ့်၊ "စန္ဒမာလာ" ဝတ္ထုမှာတော့ "ဝါရင့်ဘာသာပြန် ဆရာကြီးများ" နှင့်မခြား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ကျွမ်းကျင်မှုကို ပြသနိုင်တဲ့အတွက် အဲဒီခေတ်က ဂန္ထလောက စာပေဝေဖန်ရေး ဆရာကြီးများရဲ့ ချီးကျူးမှုကို အထူးခံယူခဲ့ရပါတယ်။

ဒီစာအုပ်ကို ၁၉၄၀ ခုနှစ်က ထုတ်ဝေခဲ့ပြီး မကြာခင်မှာ ပြတ်လပ်သွားတဲ့အတွက် စာပေမိတ်ဆွေများက ပြန်လည်ထုတ်ဝေဖို့ ဒေါ်အမာကို အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြတယ်။ ဒါပေမဲ့ *"ပြင်၍ ရိုက်နှိပ်လောက်အောင် ဤဝတ္ထုက ယခုခေတ်၌ ဆွဲဆောင်မှုရှိမှ ရှိပါတော့မည်လား"* ဆိုတဲ့ သံသယနဲ့ မထုတ်ဝေဖြစ်ခဲ့ရပါ။ ၁၉၆၀ ခုနှစ်မှာ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်တဲ့အချိန်မှာလည်း အရောင်းရဆုံး စာအုပ်စာရင်းမှာ ပါဝင်ပြီး ပြတ်လပ်သွားခဲ့ပါတယ်။ ယခုအကြိမ်မှာလည်း စာပေဝါသနာရှင်များက လူထုဒေါ်အမာရဲ့ ငယ်မူငယ်သွေးလက်ရာလေးကို ပြန်လည်ထုတ်ဝေရန် အကြိမ်ကြိမ် တိုက်တွန်းကြတဲ့အတွက် လူထုဒေါ်အမာ အမှတ်တရ အလွမ်းပြေ အဖြစ် ပြန်လည်ထုတ်ဝေလိုက်ပါတယ်။

ထုတ်ဝေသူ

■

## စာရေးသူ၏ အမှာစာ

စာရေးဆရာ မစ္စတာမောရစ်ကောလစ်သည် စန္ဒမာလာ ဟူသော အမည်နှင့် ဝတ္ထုတစ်ပုဒ်ရေးခဲ့ပါသည်။ မစ္စတာကောလစ်မှာ ဗြိတိသျှတို့ အုပ်စိုးသည့် မြန်မာနိုင်ငံတွင် အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်း အရာရှိတစ်ဦးအဖြစ်နှင့် နှစ်ရှည်လများ နေထိုင်သွားရသူဖြစ်သည်။ သို့အမှုထမ်းစဉ်ကာလ၌ များစွာသော မျက်နှာဖြူ ဗြူရိုကရက် အရာရှိများနှင့် ခြားနားကာ တိုင်းရင်းသား မြန်မာများအပေါ်ဝယ် ခင်မင်စိတ်၊ မြန်မာမှုအစုစုတို့ကို လေးစားစိတ်ရှိသည့် ပုဂ္ဂိုလ်အဖြစ်နှင့် နေထိုင်သွား လေသည်။ ထို့ကြောင့် ဗြိတိသျှအရာရှိတစ်ယောက်၏ မြန်မာအဆန် ဆုံးသော တွေးခေါ်ပုံမျိုးနှင့် တွေးခေါ်၍ မြန်မာပြည်ကို နောက်ခံထား သည့် ဝတ္ထုတစ်ပုဒ်ကို စန္ဒမာလာဟု အမည်ပေးကာ ဤဝတ္ထုကို ရေးခဲ့ခြင်း ဖြစ်လေသည်။

ဤဝတ္ထု၌ ဇာတ်လိုက်မင်းသားမှာ အိုင်းရစ်ပန်းချီဆရာဗိလတ် သားကလေးဖြစ်၍ ဇာတ်လိုက်မင်းသမီးမှာ မြန်မာမင်းမျိုးမင်းနွယ် နတ်ရှင်မယ် မင်းသမီးကလေးဖြစ်သည်။ သို့ရာတွင် ဤဝတ္ထု၏ တကယ့်ဇာတ်လိုက်များမှာ ဇာတ်လိုက်မင်းသားကို အိမ်ရှင်အဖြစ် လက်ခံမိသော အရေးပိုင်နှင့် မင်းသမီးလေး၏ ကံကြမ္မာကို ဖန်တီး ခြယ်လှယ်သော နတ်ရှင်မယ်၏မိခင် စန္ဒမာလာမင်းသမီးကြီး ဖြစ်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကောလစ်သည် ကျွန်လုပ် အုပ်စိုးထားသော လူမျိုးအား အုပ်စိုးသူ လူတန်းစားက တန်းတူရည်တူ မဆက်ဆံလိုပုံ၊ လူ့အခွင့်အရေးများ ငြင်းပယ်လိုက်ပုံ၊ ဗြိုရိုကရက်ဆန်ပုံတို့ကို ဤစာအုပ်၌ ဖော်ထုတ်ခဲ့ပြီး ဗြိတိသျှတို့၏ ယဉ်ကျေးဖွယ်ရာနှင့် အထက်တန်းကျသော အရည်အသွေးကို ဖော်ထုတ်မိသူအား ဗြိုရိုကရက်တို့က ဝိုင်းနှိပ်ကြပုံများကိုလည်း ရေးသားထားသည်။

ထို့ပြင် ဤဝတ္ထု၌ မစ္စတာကောလစ်သည် ကမ္ဘာ့အမျိုးသမီးတကာတို့တွင် အလွတ်လပ်ဆုံးဟု ဆိုနိုင်သော မြန်မာအမျိုးသမီးတို့၏ ဘဝနှင့်တကွ ချစ်ဖွယ်လေးစားဖွယ်ကောင်းသော မြန်မာအမျိုးသမီးများ၏ အရည်အသွေးကို သူမြတ်နိုးနှစ်သက်ခဲ့သမျှ ဤဝတ္ထု၌ စန္ဒမာလာမင်းသမီးကြီးအဖြစ်နှင့်လည်းကောင်း၊ နတ်ရှင်မယ်အဖြစ်နှင့်လည်းကောင်း၊ ထည့်သွင်းရေးသား ခြယ်မှုန်းပြခဲ့သည်။

မစ္စတာကောလစ်မှာ စာအရေးအလွန်ကောင်းသည့် စာရေးဆရာတစ်ဦးဖြစ်သည့်အားလျော်စွာ သူ့အတွေ့အကြုံနှင့် သူ့အတွေးအခေါ်များကို ဤစန္ဒမာလာဝတ္ထုထဲ၌ ဇာတ်ကွက်ဆင်၍ ထည့်ထားပုံမှာ ချစ်စရာကောင်းသည်၊ လိမ္မာသည်၊ ဖတ်သူ၏စိတ်ကို တကယ်တမ်း ဆွဲဆောင်ပေသည်။

ထို့ကြောင့်ပင် ဤစန္ဒမာလာဝတ္ထုကို ၁၉၄၀ ခုနှစ်ဆီက ကျွန်မဘာသာပြန်၍ ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ထိုစာအုပ်မှာ သူ့ခေတ်နှင့်သူ လူကြိုက်များခဲ့ပါသည်။

ယခုစစ်ပြီးသည့်နောက် ကျွန်မဘာသာပြန်သည့် "စန္ဒမာလာ" ဝတ္ထုဟူသည်ကို အချို့က ကြားသာကြားဖူး၍ မဖတ်ဘူးကြသဖြင့် ပြန်လည်ရိုက်နှိပ်ပါဦးဟု အတန်တန် ပြောကြားလာသည်များ ရှိပါသည်။ သို့သော်လည်း ပြန်၍ ရိုက်နှိပ်လောက်အောင် ဤဝတ္ထုက



ယခုခေတ်၌ ဆွဲဆောင်မှုရှိမှ ရှိပါတော့မည်လောဟု အောက်မေ့သည်ကတစ်ကြောင်း၊ စက်များမအားလပ်သည်ကတစ်ကြောင်းဖြစ်၍ ပြန်လည်ရိုက်နှိပ်ရန် မစဉ်းစားခဲ့နိုင်အောင် ရှိပါသည်။

၁၉၅၉ ခုနှစ်ကမူ အကြောင်းအားလျော်စွာ လူထုသတင်းစာကို တစ်နှစ်ကျော်မျှ ရပ်နားထားခဲ့ရသည်၌ စာစီသမားတွေလည်း အလုပ်မရှိ၊ စက်တွေလည်း ရပ်နားနေရသည်တွင်မှ ဤစန္ဒမာလာဝတ္ထုကို ပထမနှိပ်ခြင်းထွက်ပြီး အနှစ် ၂၀ အကြာ၌ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်လိုက်ရခြင်း ဖြစ်ပါသည်။

အမာ

၁၉၆၀ ခု၊ ဧပြီလ။

www.burmeseclassic.com

www.burmeseclassic.com

# တတိယအကြိမ် ထုတ်ဝေစဉ်က ဘာသာပြန်သူ၏ အမှာ

'စန္ဒမာလာ' ဝတ္ထု ဘာသာပြန်ကို တတိယအကြိမ် ပြန်ပြီး စာအုပ်ရိုက်ချင်လို့ အမှာကလေးတစ်ခု ရေးပေးပါဦးလို့ ဝင်းမော်ဦး စာပေဖြန့်ချိရေးက ဆိုလာပါတယ်။

ဒီဝတ္ထုဟာ မစ္စတာမောရစ်ကောလစ် ၁၉၃၉ ခုက ရေးသား ထုတ်ဝေခဲ့ပြီး ၁၉၄၀ ခုနှစ်က ကျွန်မဘာသာပြန်ခဲ့တဲ့ဝတ္ထုမို့ ခုဆိုရင် အနှစ် ၃၀ လောက် ရှိနေပါပြီ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို သူငယ်ငယ်က ရေးခဲ့ဖူးတဲ့ ပြဇာတ်တွေအကြောင်း တစ်ယောက်ယောက်က မေးမြန်းကြည့်တယ်ဆိုရင် ဆရာကြီးက ရှက်နေလို့ထင်ပါရဲ့ စကားစတောင် မခံဘူး။ မေးတဲ့လူက အတင်းမေးပြန်ရင်လည်း ဘာမှမပြောဘဲ နေတတ်တယ်လို့ ဆရာဦးယော ပြောသံကို ကြားရဖူးပါတယ်။ ဆရာကြီးဟာ အသက်အရွယ်ကြီးရင့်လာတော့ ဆင်ခြင်သုံးသပ်မှုတွေက တစ်နေ့ထက် တစ်နေ့ ပြောင်းလဲလာတာမို့



ငယ်တုန်းက အမြင်တွေ အတွေးအခေါ်တွေဟာ ဘာမှမကောင်းပါဘူး ကွာလို့ အောက်မေ့တယ် ထင်ပါရဲ့။ ဒါဟာ ရင့်ကျက်မှု ရှိလာတဲ့ အနုပညာသည်တိုင်း ဖြစ်တတ်တဲ့သဘောပါပဲ။

ကျွန်မအနေနဲ့တော့ လွန်ခဲ့တဲ့အနှစ် ၃၀ လောက်က ဘာသာပြန်ခဲ့တဲ့ စာတစ်ပုဒ်ဟာ ကိုယ်ရေးတာမဟုတ်လို့လည်းတစ်ကြောင်း၊ ကြီးကြီးမားမား ပြောင်းလဲတိုးတက်တဲ့ အမြော်အမြင်တွေ ရှိမလာတာလည်းတစ်ကြောင်းကြောင့် ထင်ပါရဲ့၊ ကိုယ်ငယ်ငယ်က ဘာသာပြန်လက်ရာကို ရှက်နေလောက်အောင်တော့ မဖြစ်ပါဘူး။ ဒါပေမဲ့ နိဒါန်းတစ်ခု ရေးပေးပါဦးဆိုလို့ သူတို့ ရိုက်နှိပ်နေပြီဖြစ်တဲ့ စန္ဒမာလာဝတ္ထု ဒုတိယနှိပ်ခြင်း (၁၉၆၀) ခုနှစ်ကို ပြန်ဖတ်ကြည့်တော့ အဲဒီတုန်းက အရေးအသားကို ခုဖြင့် တယ်မကြိုက်ချင်တော့ဘူး။ စာသံပေသံနဲ့ ဟန်လုပ်နိုင်သမျှ လုပ်ပြီးရေးတဲ့အရေးမျိုး၊ ကောင်းနိုးနိုးထင်တဲ့ စကားလုံးတွေ ရွေးသုံးပြီး ရေးခဲ့တဲ့ အရေးအသားမျိုးထက် ကနေ့ ကျွန်မတို့ ရေးနေတဲ့ စကားပြောသလို ပေါ့ပေါ့ပါးပါးရေးတဲ့ပုံစံကို ပိုကြိုက်နေပါပြီ။ စာကို စကားပြောတဲ့အတိုင်း ရေးရတာက လွယ်လည်း လွယ်တယ်။ သွက်လည်း သွက်တယ်။ စိတ်ထဲမှာ ဝါကျဖွဲ့ကြည့်နေဖို့လည်း မလိုဘူး။ စာဖတ်မယ့်လူကို ဘာပြောပြချင်တာလဲ။ အဲဒီပြောချင်တဲ့အတိုင်း ရေးချလိုက်ရုံပဲ။ ခမ်းနားအောင်၊ တင့်တယ်အောင်၊ ဖွယ်ရာအောင် ကိုယ့်ကို အများအထင်ကြီးအောင် ဆိုပြီး ဟိတ်ဟန်ထုတ် ဖွဲ့နွဲ့ရေးသားတာမျိုး မလိုဘူးလေ။ ဘာသာခြား စကားတစ်ခု၊ စာတစ်ပုဒ်ကို ပြောချင် ရေးချင်တယ်ဆိုရင် ပထမ ကိုယ်ဘာပြောချင်တာလဲဆိုတာကို စဉ်းစား၊ ပြီးရင် အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ပြီး စိတ်ထဲမှာ စီစဉ်ကြည့်။ ပြီးတော့မှ ပြောထုတ်၊ ရေးချရတယ်။ ဒါဟာ ကိုယ့်အမေစကားမျိုးမဟုတ်လို့ ကိုယ်က မပိုင်နိုင်လို့ပေါ့။ မြန်မာစာကို ကျွန်မတို့က စာသံနဲ့ ရေးတဲ့အခါတော့လည်း ဒီလိုပါပဲ။ စိတ်နဲ့ကလောင်နဲ့ တစ်ဆက်တည်း ရှိမနေပါဘူး။ စိတ်ကူးကို ရေးချတဲ့ ကလောင်ရဲ့ကြားထဲမှာ စာလှအောင် စာခန့်အောင်၊ ဆန်းအောင်၊ နုအောင်၊ ယဉ်အောင်ဆိုတဲ့ အတွေးတစ်ဆင့်က ဝင်ပြီး အလုပ်လုပ်ရသေးတယ်။ အဲဒီအဆင့်ပြီးမှ ရေးချလို့ရပါတယ်။

အဲဒီမှာ သာမန်တွေးရင် သိပ်ကိစ္စမရှိသေးဘူး၊ တစ်ခါတလေကျတော့ 'ငါ့စာ' ဟာ သူများထက် သာချင်၊ ထူးချင်၊ ဆန်းချင်၊ နုချင်၊ လှချင်၊ ပချင်တာတွေကြောင့် လူတွေ တကယ်မပြော မလုပ်မတွေးတဲ့ စကားလုံးတွေနဲ့ ကွန့်တွန့်ပြီး ရေးချမိကုန်ပါလေရော။ အဲဒီမှ 'ငါ့စာ' ဟာ ဖတ်လို့ တယ်လှပါ ဆန်းပါ နုပါကလားဆိုပြီး ကိုယ်ထင်ချင်သလို ထင်လို့ ကြည်နူးလို့တော့ ရပါသတဲ့။ တကယ့်လူ့လောကနဲ့တော့ တယ်မဆိုင်တော့ဘူး။ အိပ်မက်ကမ္ဘာထဲ ချောခနဲရောက်သွားတော့တာပဲ။

ဒါကြောင့် ကျွန်မတို့ကတော့ တစ်ဖက်လူကို ကိုယ်က ဘာပြောချင်တာလဲ။ ကိုယ့်မှာ ဘာပြောစရာရှိတာလဲ။ အဲဒီရှိတာကို ဟောဟောဒိုင်းဒိုင်း ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူပဲ ပြောချလိုက်ချင်တယ်။ ပြောတဲ့အတိုင်းပဲ ရေးပြလိုက်ချင်တော့တယ်။ ကိုယ့်စကားဟာ ဆယ်ပြားဖိုး အနှစ်သာရရှိရင်လည်း ကြားမယ့်လူက ဆယ်ပြားဖိုးပဲ ကြားလိုက်ပါစေတော့။ စာကြီးက သိပ်ခန့်နေတာကြောင့် စာနဲ့ပေနဲ့ ဝေးရှာသေးတဲ့ တောင်သူလယ်သမားနဲ့ အလုပ်



သမားတွေအဖို့ ဘာဆိုလိုပါလိမ့်မလဲလို့ အောက်မေ့ရတဲ့အဖြစ်၊ သိပ်နားမလည်လို့ တစ်မတ်ဖိုးပြောပေမယ့် ငါးပြားဖိုးလောက် ရိပ်မိရတဲ့အဖြစ်၊ ပြောစရာ အနှစ်သာရက ဆယ်ပြားဖိုး၊ ဟိတ်တွေဟန်တွေ စကားလုံးအလှ အနုအရှုတွေက ပြားကိုးဆယ်ဖိုး မီးဆောင်းထားတဲ့စာကို ဘာနားလည်ရမှန်း မသိရတဲ့အဖြစ်ကိုတော့ မရောက်စေချင်တော့ဘူး။

ဒါကြောင့် ၁၉၆၀ ခုနှစ်က ကျွန်မ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိထားတဲ့ စန္ဒမာလာဝတ္ထုဘာသာပြန်ရဲ့ အရေးအသားကို ကနေ့ ကျွန်မအနေနဲ့ မကြိုက်တော့ဘူး။

တချို့စကားလုံး အသုံးအနှုန်းတွေကိုလည်း ဘာအစားဘယ်လိုသုံးလိုက်ရရင် ပိုကောင်းမှာပဲဆိုတာမျိုးတွေလည်း ခဏခဏတွေ့ပါသေးတယ်။

စန္ဒမာလာဟာ စိတ်ကူးယဉ်ဝတ္ထုအနေနဲ့တော့ ဇာတ်လမ်းကဆွဲဆောင်မှု တော်တော်ရှိပါတယ်။ ဖတ်မိရင် မချချင်အောင်ဘဲကောင်းပါသေးတယ်။ ဒီစာအုပ်မှာ ဝတ္ထုဇာတ်လမ်းထက် ပိုပြီးစိတ်ဝင်စားစရာကောင်းတာကတော့ နယ်ချဲ့သမားရဲ့ ကိုလိုနီယန္တရားလည်ပတ်ပုံ တစ်စိတ်တစ်ဒေသကို ဖွင့်ဟထားတဲ့အပိုင်းပါပဲ။ နယ်ချဲ့ရဲ့ ကိုလိုနီသူ့ကျွန်ဘဝကို မသိမိလိုက်ဘဲ ကိုလိုနီပုံစံသစ်ကိုသာ ကြားသိနေရတဲ့ လူငယ်လူရွယ်တွေအဖို့ ကိုလိုနီယန္တရားထဲမှာတော့ ပြင်သစ်နဲ့လည်းမတူ၊ ပေါ်တူဂီနဲ့လည်း မတူ၊ ဒတ်ချ်နဲ့လည်း မတူ၊ အမေရိကန်နဲ့လည်း မတူ၊ အညက်ညောဆုံး လှည့်ပတ်နိုင်တဲ့ ဗြိတိသျှကိုလိုနီစနစ်လို့ နာမည်ရခဲ့တဲ့ ကိုလိုနီစနစ် ဘယ်ကလောက်ညစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



စုတ်ပုံတယ်ဆိုတာကို တွေ့ပါလိမ့်မယ်။ မစ္စတာကောလစ်က သူ့ဇာတ်လမ်းဟာ ဝတ္ထုကြောင်းပါ။ တကယ်မဟုတ်ပါဘူးလို့ ဆိုပေမယ့် သူရေးခဲ့တဲ့ Trials in Bruma စာအုပ်ကို ဖတ်မိရင် စန္ဒမာလာထဲက ကိစ္စမျိုးတွေ တကယ်ကြုံရလို့ တစ်နည်းတစ်ဖုံ သူက ဝတ္ထုထဲမှာ ခြယ်မှုန်းပြနိုင်တာပဲဆိုတာ သဘောပေါက်နိုင်ပါတယ်။ ပြီးတော့ မစ္စတာကောလစ်က စာရေးကောင်းတစ်ယောက် မဟုတ်လား။ အဲဒီတော့ ဒီဝတ္ထုဟာ ဖတ်ပျော်တဲ့ ဝတ္ထုတစ်ပုဒ်လို့တော့ ဆိုနိုင်ပါသေးရဲ့။

အမာ
(၂၉ - ၃ - ၆၉)

www.burmeseclassic.com

www.burmeseclassic.com



တွင် ပစ္စည်းဥစ္စာ ခိုင်လုံစွာနှင့် မိမိကဲ့သို့သော လူပျိုကြီးတစ်ယောက် အဖို့ ကာယသုခ၊ စိတ္တသုခ နှစ်ပါးနှင့် ပြည့်စုံလျက် အလိုရှိရာသို့ သွားလာလည်ပတ်နိုင်ပေလိမ့်မည်။ တစ်နှစ်လောက်မှာ အရေးပိုင် အဖြစ်နှင့် နေရပေဦးမည်။ ၎င်းထက်စော၍ကား မဖြစ်နိုင်။ သို့သော် တော်ပါသေး၏။ မိမိကြိုက်နှစ်သက်သော ခွင့်မယူမီက အလုပ်လုပ်ခဲ့ ရသည့် နေရာကလေးတွင် ယခုတစ်ဖန် ပြန်၍လုပ်ရမည်။ ထိုဒေသ ကား မြန်မာပြည်၏တောင်ဘက်စွန်း ကျွန်းစွယ်၏ မြောက်ဘက်ပိုင်း တွင် ဘင်္ဂလားပင်လယ်အော်ကို မျက်နှာမူလျက်ရှိသော မြိတ်မြို့ ကလေးပင်တည်း။ မြိတ်မြို့တွင် အရေးပိုင်အဖို့ သပ်ရပ်သော အိမ်တစ်ဆောင် ကျွန်းဆွယ်ကမ်းရိုးတန်းတစ်လျှောက် သွားလာ လှည့်လည်ရန် သင်္ဘောကလေးတစ်စင်း ကော်ပတ်ခြံ သတ္တုတွင်း များသို့ သွားလာရန် မော်တော်ကားတစ်စီး စသည်တို့ဖြင့် လိုလေ သေးမရှိရအောင် အစိုးရက စီမံ၍ပေးထားလေသည်။ အရေးပိုင်သည် ဤသို့စဉ်းစားစိတ်ကူးရင်း ငါ အတော်ကံကောင်းသေးတာပဲ၊ ဘယ် အရာရှိမှ အရင်လုပ်ပြီးနေရာကို ပြန်ပြီး အလုပ်ဝင်ရရိုးထုံးစံ မရှိဘူး။ ခုတော့ ကိုယ်ပျော်တဲ့ နေရာကလေးမှာ အေးအေးချမ်းချမ်းနဲ့ ရာထူး အတိုး စောင့်ရမှာပေါ့ဟု စိတ်ကူး၍ နေလေ၏။

မြန်မာပြည်သို့ ပြန်ခါနီးတွင် လိုရမည်ရများကို ဝယ်ခြမ်းရန် မြို့သို့ရောက်ရှိ၍လာရာ ယခုမှ သတိရသောအကြောင်းတစ်ခုကား ဆောင်ရွက်စရာကိစ္စတစ်ခုကို မဆောင်ရွက်ရသေးခြင်းပင် ဖြစ်၏။ ထိုကိစ္စကား–

အင်္ဂလန်သို့မလာမီက မြိတ်တွင်နေစဉ် မြိတ်မြို့၌ 'ထိပ်တင် ရန်နိုင်' ဟုခေါ်သော ဇလွန်မင်းသားကြီး မှာလိုက်သည့်ကိစ္စပင် ဖြစ်လေ၏။ ဇလွန်မင်းသားကြီးမှာ မန္တလေးမြို့တော် အင်္ဂလိပ်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသည်လည်း စေတီပုထိုးတို့ဖြင့် တင့်တယ်စွာ တည်ရှိရကား ဤဒေသမျိုးကို အဘယ်ပန်းချီဆရာသည် မနှစ်သက်ဘဲ ရှိပါမည်နည်း။

"ကောင်းပါပြီလေ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်၊ သို့ပေမယ့် တစ်ခုခက်တာက ပန်းချီဆရာတွေနဲ့လည်း သိပ်မသိလှဘူး၊ သိပြန်ရင်လည်း သူတို့ဆွဲကြတာက စတိုင်အမျိုးမျိုးမို့ မင်းသားကြီး ကြိုက်ချင်မှကြိုက်မယ်။"

"ဒါတော့ ခင်ဗျားကြိုက်ရင် ကောင်းမှာပါပဲ"

ဇလွန်မင်းသားကြီးက ဘိလပ်မှ ပညာသင်၍ ပြန်လာမည်ဖြစ်သော သူ့သမီးနှင့်တကွ သမက်လောင်းကိုပါ ပုံဆွဲချင်ကြောင်း ပြောသောအခါ–

"ဩော် ခင်ဗျားမှာ သမီးရှိသကိုး၊ ကျွန်တော်ဖြင့် မသိပေါင်ဗျာ၊ သူနဲ့လက်ထပ်မှာက ဘယ်သူတဲ့တုန်း"

"ခင်ဗျားတို့လို အိုင်စီအက်စ်ကလေးပါပဲ၊ အခုတော့ အထက်မြန်မာပြည်မှာ အလုပ်လုပ်နေတယ်။ တစ်နေ့တော့ သူ အရေးပိုင်ဖြစ်ရမပေါ့။ အဲဒီလိုဆိုရင် ကျွန်တော့်သမီးနဲ့ ကျွန်တော့်ရှိတဲ့ ပစ္စည်းတွေနဲ့ သူတို့နှစ်ယောက်ရှိတဲ့ ပညာအရည်အချင်းနဲ့ဆိုတော့ မြန်မာပြည်မှာ ထိပ်ထိပ်ကြဲဖြစ်ရမပေါ့ဗျာ"

"ဒါဖြင့် ကောင်းပါပြီလေ ကျွန်တော် တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ့မယ်"

ဤကဲ့သို့ ဝန်ခံခဲ့ပြီးနောက် လန်ဒန်ရောက်နေစဉ် အရေးပိုင်မှာ ဆောင်ရွက်ရန်တာဝန်ကို လုံးဝမေ့လျော့၍နေခဲ့သဖြင့် ယခု သုံးလေးရက်အတွင်း ပန်းချီဆရာတစ်ယောက်ကို အပူတပြင်း တွေ့အောင်ရှာရပေတော့မည်။ ဤကိစ္စမျိုးမှာ ဖြည်းဖြည်းဆေးဆေး ၄၊ ၅၊ ၆ လအချိန်ယူ၍ စုံစမ်းသင့်သည် မှန်သော်လည်း ယခုကား မတတ်နိုင်တော့ပြီ၊ နံနက်စာကို ကပျာကယာ စားသောက်ပြီးနောက် ပန်းချီနှင့်ဆိုင်ရာ ကြော်ငြာများ တွေ့လိုတွေ့ငြား "တိုင်း" သတင်းစာကိုဆွဲ၍ ကြည့်လိုက်ရာ "ဝက်စ်အင်း" အရပ်တွင် ပန်းချီဆရာတချို့၏ ပုံများ ခင်းကျင်းပြသနေသည့် ကြော်ငြာကို တွေ့ရလေ၏။

ထိုအရပ်သို့ ချက်ချင်းပင် ရောက်၍သွားရာ အသီးအသီးပြသ၍ထားသော ပန်းချီကားများကို မြင်ရလေ၏။ တချို့မှာ တုံးလုံးကားများ၊ တချို့မှာရေဆေး၊ ဆီဆေးစသည်ဖြင့် အထက်တန်းကျသောကားများကို တွေ့ရသော်လည်း အရေးပိုင်မှာ ဤအနုပညာရပ်နှင့် ပတ်သက်၍ မိမိမှာ သာမန်လူတစ်ယောက်သာ ဖြစ်ရကား ပန်းချီပညာ၏ အတိမ်အနက်ကို မသိနိုင် ယောင်တောင်တောင်နှင့် တောင်ကြည့် မြောက်ကြည့်သာ ဖြစ်၍နေလေ၏။ ပန်းချီပြပွဲခန်းမကြီးတွင်ရှိသော အစောင့်အရှောက်တို့ကို အနည်းငယ် တီးခေါက်၍ကြည့်သောအခါတွင်လည်း ဤလက်ရာရှင်များမှာ ထိပ်ထိပ်ကြဲ အထက်တန်းစား ပန်းချီဆရာကြီးများ ဖြစ်နေပြန်ရကား မြန်မာပြည်သို့ လိုက်ပါမည့်သူများမဟုတ်ပေ။ သူ့ကိစ္စနှင့် သင့်တော်သောသူမှာ လက်စွမ်းလက်စရှိ၍ နာမည်မရသေးသော ပန်းချီဆရာပေါက်စကလေးများနှင့်သာ နေရာကျပေမည်။ ပန်းချီပြခန်းများ တစ်ခုပြီးတစ်ခု ဝင်ထွက်ရလွန်း၍ ရူးကြောင်ကြောင်နှင့် အတော်မောလတ်သော် ပြပွဲတွင် တွေ့သည့် သူတစ်ဦးအား အကျိုးအကြောင်းကို ပြောပြတိုင်ပင်လေတော့၏။ ထိုသူကပင် ဘလွန်းဘယ်ရီရပ်ရှိ ပန်းချီဆရာတစ်ဦးကို ညွှန်လိုက်ပြန်သဖြင့် သွားရောက်ရပြန်လေ၏။ အရေးပိုင်မှာ တစ်နံနက်ခင်းလုံး ဖတ်ဖတ်မော၍နေလေပြီ။ သူ၏မျက်စိထဲတွင်လည်း ပန်းချီကားများကို ကြည့်ရလွန်းသဖြင့် မူးနောက်ဝေရီလျက်



www.burmeseclassic.com

www.burmeseclassic.com



နေတော့၏။ ဒီလောက် အပင်အပန်းခံရင် တော်ရောပေါ့။ ဒီတစ်ခါမှ နေရာမကျရင် ဘယ်မှမရှာတော့ဘူးဟု အောက်မေ့ကာ ဘတ်စ်စီး၍ လာခဲ့လေ၏။ ထိုလမ်းတွင်ကား ခဲယဉ်းစွာ မရှာရ၊ ညွှန်ပြလိုက်သည့် 'ချားလ်စ်မန်ဂန်' ခေါ် ပန်းချီဆရာကလေး၏ ဆိုင်းဘုတ်နှင့်ပြခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေတော့၏။ ဝင်မိလျှင်ပင် ရှေ့ခန်း၌ ပြသထားသော ပုံနှစ်ခုကိုတွေ့ရတော့၏။ တစ်နံနက်စာလုံး ပန်းချီကားများ မြောက်မြားစွာကို ကြည့်ခဲ့ရသဖြင့် ငြီးငွေ့လှလေပြီဖြစ်သော်လည်း ယခုပန်းချီကားနှစ်ကားမှာမူ အရေးပိုင်အား ဆွဲ၍ထားသလိုဖြစ်၍ ရပ်ကြည့်နေမိလေတော့သည်။ ကားတစ်ခုမှာ ရှုမျှော်ခင်းကားဖြစ်၍ မြိတ်မြို့တွင်နေစဉ်က ပင်လယ်ဘက်ကို လှမ်းမျှော်၍ ကြည့်ရသော ရှုမျှော်ခင်းနှင့် တူလှ၏။ အခြားတစ်ခုမှာ မိန်းကလေးတစ်ယောက်သည် ကော်ဇောပေါ်တွင် ကျောပေး၍ ထိုင်နေသောပုံဖြစ်သည်။ အဝတ်အစားမှာ အရှေ့နိုင်ငံတွင် ဝတ်ဆင်ပုံများကဲ့သို့ပင်ဟု အောက်မေ့ရသည်။ ထိုင်နေပုံမှာ ခပ်စောင်းစောင်းဖြစ်၍ ခေါင်းမှာလည်း လေးပုံသုံးပုံခန့် စောင်း၍နေသောပုံဖြစ်ပြီး အရေးပိုင်၏ စိတ်တွင် ယခုပုံပါ မိန်းကလေးသည် ရှေ့ဘက်တည့်တည့်သို့ လှည့်လိုက်လျှင် ဧကန် မြန်မာမကလေး ဖြစ်ရမည်ဟု အောက်မေ့မိလိုက်သည်။ ဆိုင်အတွင်းသို့ ဝင်သွားပြီး မစ္စတာမန်ဂန် ရှိ–မရှိ မေးမြန်းရာ အခန့်သင့်ပင် တွေ့ရှိရလေ၏။

"ခင်ဗျားကားတွေ ကျွန်တော် သိပ်ကြိုက်တာပဲဗျာ"

"ဒီလိုပြောတဲ့အတွက် ဝမ်းသာပါတယ်။ လူတိုင်းလူတိုင်း ခင်ဗျားလို ကြိုက်ကြမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ အခုဖြင့် နည်းနည်းကလေး ရောင်းရသေးတယ်" (ပန်းချီဆရာကလေးမှာ ဘွင်းဘွင်းသမား ဖြစ်ဟန်တူ၏)



"ခင်ဗျားကားတွေ ရောင်းဖို့ပြထားတာ ကြာပလား"

"ဟုတ်ကဲ့ တနင်္ဂနွေနှစ်ပတ်ရှိသွားပါပြီ၊ ဒီကနေ့ နောက်ဆုံးနေ့ပါပဲ"

"အပြင်ဘက်မှာ ပြထားတဲ့ကားကလေးတစ်ခုကိုကျွန်တော် သိပ်ကြိုက်တာပဲ"

"ဘယ်ဒင်းလဲ၊ မိန်းကလေး ရုပ်ပုံကားလား"

"ဟုတ်တယ်"

"ဪ ဒီကားကို ဘယ်သူမှ ဒီလိုမပြောဖူးဘူး။"

"ခင်ဗျား ကြည့်ဆွဲထားတာဟာ မွန်ဂိုလီးယန်း အမျိုးအနွယ်ထဲကပဲလား"

ပန်းချီဆရာကလေးသည် ဆတ်ခနဲ မော့ကြည့်ပြီးနောက်

"ဘာမှ ကြည့်မဆွဲရပါဘူးဗျာ၊ စိတ်ကူးသက်သက်ပါပဲ"

"ဒါဖြင့်ဗျာ ဒီမိန်းကလေး မျက်နှာကလေးဟာ ဒီဘက်မလှည့်လို့သာပေါ့၊ လှည့်များလှည့်ရင် မြန်မာမကလေးလို့ အသေအချာ ဆိုမှာပဲ"

"မြန်မာ ဟုတ်လား ခင်ဗျား ဘယ့်နှယ့်လုပ် သိသလဲ"

"မြန်မာတွေရဲ့ ကိုယ်နေလက်ထားကို ကျွန်တော် ကောင်းကောင်း သိပါတယ်"

"ဟင် ဟုတ်လား ဒါဖြင့် ထိုင်ပါဦးဗျာ"

သူတို့နှစ်ဦးသည် အခန်းလယ်ရှိ ဆိုဖာဆီသို့သွားရင်း အရေးပိုင်က သူ့ကိစ္စကို ပြောရန်သင့်ပြီဟု အောက်မေ့သဖြင့်–

"ခင်ဗျား ကျွန်တော်နဲ့အတူ ကလပ်လိုက်ပြီး နေ့လယ်စာစားပါလား၊ ခင်ဗျားကို ပြောစရာကိစ္စတစ်ခု ကျွန်တော့်မှာ ရှိနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါပြီလေ ဒါဖြင့်”

ပန်းချီဆရာကလေးမှာ ခြေလှမ်းကျဲကြီးများဖြင့် ကုတ်အင်္ကျီကို ဆွဲယူပြီးနောက် မကြာမီ ကားပေါ်တွင် နှစ်ဦးသား ပါသွားကြလေ၏။ ကလပ်သို့ ရောက်သော် မစ္စတာဒဲလားဟုကပင် စတင်၍–

“ခင်ဗျား မြန်မာပြည်ဘက် ရောက်ဖူးသလား”

အရှေ့ဘက်ဆိုရင် အဝေးဆုံး (ပဲရစ်စ်) အထိသာ ရောက်ဖူးပါတယ်။ နို့ပေမယ့် ကျွန်တော် မြန်မာပြည်အကြောင်း စာအုပ်တွေ အများကြီး ဖတ်ဖူးပါတယ်။

“အတော်ဟန်သားပဲဗျို့၊ ခင်ဗျား ဘာပြုလို့ ဒါတွေ ဖတ်သလဲ”

“ကျွန်တော့်စိတ်ထဲမှာ အစွဲအလမ်းတစ်ခု ရှိလို့ပါပဲ”

“ကျုပ်ဟာ အဲဒီမြန်မာပြည်က အစိုးရအမှုထမ်းတစ်ယောက်ပဲ”

“ဒါဖြင့် ခင်ဗျား ဆန်းဆန်းပြားပြားတွေ တွေ့ဖူး ကြားဖူးမှာပေါ့နော်”

“တစ်ခါတလေတော့ တွေ့ဖူးပါရဲ့၊ ဒါပေမဲ့ အလုပ်ဝတ္တရားနဲ့ ဆိုတော့ နည်းနည်း ငြီးငွေ့စရာ ကောင်းတာပေါ့”

ပန်းချီဆရာကလေးသည် အရေးပိုင်အား သေချာစွာ ကြည့်ပြီးနောက် စိတ်ထဲတွင် ကြည်ညိုသလိုလို ချစ်သလိုလို ဖြစ်၍လာလေ၏။

“မြန်မာပန်းချီဆရာတွေများ ခင်ဗျားတွေ့ဖူးသလား၊ကျွန်တော်တော့ တစ်ခါမှ မတွေ့ဖူးဘူး”

“အကြောင်းက ဒီလိုဗျ၊ ကျုပ်တို့ သူတို့နိုင်ငံကိုသိမ်းတော့ သူတို့ရဲ့ အနုပညာတွေလည်း ပျက်စီးပြီးတော့ အခုတော့ တဖြည်းဖြည်း တိမ်မြုပ်ကုန်တော့တာပေါ့”



“ခင်ဗျားလည်း ပန်းချီဘက် အတော်အတန် ခေါက်မိတယ် ထင်တယ်”

“ဟာ အမှန်ပြောရမှာဖြင့် ကျုပ် ဘာမှနားမလည်ပါဘူး”

“ကျွန်တော့်ကားကို ကြည့်ပြီး ပြောလိုက်တုန်းကတော့ နားလည်သလိုကိုး”

“ဟုတ်လား”

“ဟုတ်တယ်လေ၊ ဟိုမိန်းကလေးပုံကို ကြည့်ပြီး ပြောတုန်းက”

“အို... ဒါကတော့ ရမ်းပြီးထင်တာနဲ့ ပြောလိုက်တာပဲ”

“ဒါပေမဲ့ နားလည်လို့ ပြောသလိုပဲဗျ”

“ဒါဖြင့် ခင်ဗျားပုံဟာ မြန်မာမိန်းကလေးပုံပေါ့”

“ဟုတ်ကဲ့ ကျွန်တော့်စိတ်ထဲတော့ အဲဒီလို မှန်းပြီး ဆွဲမိတာပဲ”

“ခင်ဗျား ဆွဲစဉ်က ကြည့်ဆွဲစရာ လူမရှိဘူး ပြောတယ်နော်”

“မှန်ပါတယ်ခင်ဗျာ၊ မြန်မာအမျိုးသမီးဆိုတာကို တစ်ခါမှ မမြင်ဖူးပါဘူး”

“အင်း အဆန်းသားကပဲ”

ဤသို့ ပြောနေကြစဉ် စားပွဲထိုးရောက်လာသဖြင့် စကားစ ပြတ်သွားကြသည်။ ပြီးမှ အရေးပိုင်က ဆက်၍ “ကျုပ်ပြောမယ့် ကိစ္စဆိုတာကို ဆက်ကြဦးစို့”

“ဟုတ်ကဲ့ ဆက်ပါဦး၊ အဲဒီကိစ္စကကော ပုံတူဆွဲဖို့ကိစ္စမျိုး များပါလား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ပုံတူမှ တစ်ပုံမက မြန်မာပြည်မှာ ဆွဲရမယ့် ကိစ္စမျိုးပေါ့"

"မြန်မာပြည်မှာတဲ့လား ခင်ဗျာ ? (ပင့်သက်ကိုချ၍) တဆိတ်ကလေး ဆက်ပြောပြပါဦး"

အရေးပိုင်သည် ပန်းချီဆရာကလေးအား သူ့လာရင်းကိစ္စကို အကျယ်တဝင့် ပြောပြသည်။ ထို့နောက် မစ္စတာဒဲလားဟုက ပန်းချီဆရာကလေး၏ ကားအချို့ကို ပထမဝယ်၍ သူမြန်မာပြည်သို့ ပြန်နှင့်မည်။ ရောက်လျှင်ရောက်ချင်း ဇလွန်မင်းသားကြီးကိုပြမည်။ လက်ရာကို မင်းသားကြီးက ကြိုက်သည်ဆိုလျှင် မိမိက ချက်ချင်း ကြေးနန်းရိုက်လိုက်မည်။ မင်းသားကြီးကလည်း စရိတ်စခများကို အမြန်ဆုံး ပို့ပေးလိမ့်မည်။ ပန်းချီဆရာကလေးက လာလိုရိုးမှန်ခဲ့သော် အမြန်ဆုံးလာခဲ့ရန် ဖြစ်သည်ဟု ဆိုသောအခါ ပန်းချီဆရာကလေးက–

"လာချင်ပါတယ်ခင်ဗျာ အင်မတန်မှ လာချင်ပါတယ်၊ ကျေးဇူးလည်း တင်လှပါတယ်။ ပန်းချီဆရာဆိုတာ ဒီအလုပ်အပြင်က အခြားဝင်ငွေမရှိရင် အင်မတန်ခက်တဲ့ ဘဝမျိုးပါ၊ ပြီးတော့လည်း မြန်မာပြည်ကို သွားချင်နေတာဟာ ကြာလှပါပြီ။ ရောက်ရင်ဖြင့် သူ့အတွက် ကားများရော၊ ကိုယ့်အတွက်ကားများရော ဆွဲချိန်ရပါစေလို့ဘဲ အောက်မေ့ပါတယ်"

"ဆွဲရပါလိမ့်မယ် မင်းသားကြီးကတော့ ကား ၆ ချပ်လောက်တော့ ဝယ်တန်ကောင်းပါရဲ့"

"ဒါလိုဆိုရင် ကျွန်တော်တော့ နေမဝင်မချင်း ပုံဆွဲနေမှာပဲ"

"ဆွဲဗျား ဆွဲ"

"ဒါနဲ့ မြိတ်ဆိုတာ ဘယ်လိုအရပ်မျိုးပါလဲခင်ဗျ"



"မြိတ်ဆိုတာလား၊ တောင်ဘက်ပင်လယ်ကျွန်းဟာ မြိတ်က စတယ်ဆိုရင် မမှားဘူးဗျို့"

"သြော် တောင်ဘက်ပင်လယ်ကျွန်းတွေလိုပဲကိုးနော်၊ ရောက်တော့ သိရမှာပါပဲလေ" ဟုဆိုပြီး ပန်းချီဆရာကလေးက သူဆွဲထားသည့် မိန်းကလေး၏ ပန်းချီကားအကြောင်းကို ထပ်၍ ဆက်ပြောသည်မှာ "ကျွန်တော့်ပုံပြင်က တော်တော်ဆန်းပါတယ်။ ကျွန်တော်ကလေးအရွယ်တုန်းက အမြဲတမ်း မက်တတ်တဲ့ အိပ်မက်တစ်ခုရှိပါတယ်။ အဲဒီအိပ်မက်ဟာ တစ်ခါတလေ ညတိုင်းဆက်မက်တယ်။ တစ်ခါတလေလည်း လပေါင်းများစွာ မမက်ဘဲနေပြန်ပါတယ်။ နို့ပေမယ့် ဘယ်တော့မက်မက် ဒီအတိုင်းချည်းပဲမြင်ရပါတယ်။ ကျွန်တော့်စိတ်အထင် ဒီအိပ်မက်ကို အကြိမ် ၅၀ ထက်မနည်း မက်ဖူးတယ်ထင်ပါတယ်။"

"ကျွန်တော့် အိပ်မက်က ကျွန်တော်ဟာ ဘေးတစ်ဘက်တစ်ချက်မှာ ကပ်မိုးထရံကာ ဝါးအိမ်ကလေးတွေရှိတဲ့ လမ်းကလေးတစ်လမ်းထဲကို ရောက်သွားတယ်။ လမ်းထဲမှာ သွားလာနေကြတဲ့ လူတွေဟာ အရှေ့တိုင်းသားတွေပဲခင်ဗျာ။ သူတို့ အဝတ်အစားကိုတော့ ကျွန်တော် ပြတ်ပြတ်သားသား မမြင်မက်ဘူး။ အဲဒီ လမ်းကလေးက လျှောက်သွားတော့ လှေတစ်စင်းဆိုက်ထားတဲ့ ရေဆိပ်ကို ရောက်သွားတယ်။ အဲဒီလှေပေါ်ကို ကျွန်တော်တက်စီးပြီး ရေထဲကို ဖြတ်လှော်သွားရင်ပဲ တစ်ဘက်ကို ရောက်သွားပြီး အိမ်တစ်အိမ်ထဲမှာ မိန်းမတစ်ယောက် ကော်ဇောပေါ်မှာ ကျွန်တော့်ကို ကျောပေးပြီး ထိုင်နေတာ တွေ့ရတယ်။ ကျွန်တော်က ဒီမိန်းကလေး ကျွန်တော့်ဘက် လှည့်ကြည့်သည်ထိ စောင့်ကြည့်ပေမယ့် အိပ်မက်ထဲမှာ ဘယ်တော့မှ ကျွန်တော့်ကို လှည့်ကြည့်ဖော်မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ ကျွန်တော် မက်မက်နေတဲ့အိပ်မက်ဟာ ဘာအိပ်မက်မှန်း ကျွန်တော်မသိဘူး။ ကျွန်တော့်အသက် ၁၂ နှစ်သားလောက်ရှိတော့မှ မြန်မာပြည်က ဓာတ်ပုံတချို့ကိုမြင်ဖူးတော့ ကျွန်တော့်အိပ်မက်ထဲ မြင်တွေ့နေတာတွေနဲ့ မြန်မာပြည်က ပုံတွေဆိုတာနဲ့ အင်မတန် ဆင်နေတာကို လာတွေ့ရတယ်။ ဒါနဲ့ ထပ်မက်ပြန်တော့ ကပ်မိုးထရံကာ အိမ်တွေဟာကဖြင့် တကယ့်မြန်မာ့အိမ်တွေမှန်း စိတ်ထဲပေါ်လာပြီး အိပ်မက်ထဲက လူတွေရဲ့ အဝတ်အစားတွေကို ကျွန်တော် ကွဲကွဲပြားပြား မမှတ်မိပေမယ့် သူတို့ ကိုယ်နေလက်ထားကအစ ဟန်ပန်အမူအရာတွေကဖြင့် တကယ့်မြန်မာ့ဟန်ပဲဆိုတာ ကျွန်တော် ရဲရဲကြီးပြောဝံ့တယ်။ အဲဒီအချိန်ကစပြီး ဒီအိပ်မက်ကျွန်တော့်ကို ထပ်မမက်တော့ဘူး။ အခုများဆိုရင် မြန်မာပြည်အကြောင်း ငါအိပ်မက်မက်ဖူးတယ်ဆိုတာကို ပြတ်ပြတ်သားသားသိချင်လွန်းလို့ ထပ်ပြီး ဒီအိပ်မက် မက်ပါစေဦးလို့ ကျွန်တော်က အောက်မေ့နေပေမယ့် မမက်တော့ဘူး။ ကျွန်တော်လည်း ဟိုကတည်းကစပြီး မြန်မာပြည်အကြောင်း ရေးထားသမျှစာဆိုရင် ရှာဖွေဖတ်နေပြီး တစ်နေ့တော့ ဒီနိုင်ငံကို ကျွန်တော် ရောက်ရလိမ့်မယ်လို့ယုံနေတယ်"

"ဒါဖြင့် ခင်ဗျားပန်းချီကားထဲက မိန်းကလေးဟာ ခင်ဗျားအိပ်မက်ထဲက…"

"ဟုတ်ပါတယ်ခင်ဗျာ၊ အိမ်ထဲမှာ ကျွန်တော့်ကျောပေးနေတဲ့ အိပ်မက်ထဲက မိန်းကလေးဟာ သူပါပဲ၊ သူ့မျက်နှာနဲ့ သူ့အဝတ်အစားကို ကျွန်တော် ပြတ်ပြတ်သားသားမမြင်ရပါဘူး။ ဒါ့ကြောင့် ကျွန်တော် ဆွဲထားတဲ့ကားဟာ လူတစ်ယောက်ပုံဆိုတာထက် လူတစ်ယောက် ရှိလေရဲ့ခဲ့တဲ့ ပုံမျိုးပါပဲ။ နို့ပေမယ့် ကျွန်တော် ခုဆွဲ



ထားတဲ့ သူ့အနေအထိုင်ဟာ တကယ့် မြန်မာ့အနေအထိုင်မျိုး အမှန်ပဲလားခင်ဗျာ"

"ဟုတ်တာပေါ့ဗျာ မဟုတ်ရင် ကျုပ်က ဘာလို့ မြန်မာမလေးလားလို့ မေးမိလိမ့်၊ တွေးမိလိမ့်မလဲ"

"ဒါဖြင့် ခင်ဗျားဟာ ကျွန်တော့်ခံစားရချက်ကို နားလည်သူပေါ့၊ ခင်ဗျားဖိတ်ခေါ်ချက်ရဲ့ တိုက်ဆိုင်မှုဟာ ဘယ်လောက်ဆန်းကြယ်တယ်၊ ကျွန်တော် ဘယ်လောက်ဝမ်းမြောက်တယ်ဆိုတာ ပြောမပြနိုင်ပါဘူးခင်ဗျား"

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

# အရှေ့သို့ထွက်လာခြင်း

ပန်းချီဆရာကလေးနှင့် အရေးပိုင်တို့ တွေ့ဆုံပြီး၍ တစ်လခန့် အကြာတွင် ဧလွှန်မင်းသားကြီးသည် ပုံတူလေးခု ရေးဆွဲရန်နှင့် ရှုမျှော်ခင်းကား အချို့ကို ဝယ်ယူရန် သဘောတူကြောင်း အကျိုးအကြောင်းစုံကို စာထည့်လိုက်မည်ဖြစ်ကြောင်း ဟူသော ကြေးနန်းတစ်စောင်ကို ပန်းချီဆရာကလေးသည် ရရှိလေ၏။ ၎င်းနှင့် ဆက်လျက်ပင် ခရီးစရိတ်အတွက်ငွေများ ဘဏ်တိုက်တွင် လွှဲသွင်းလိုက်သော ကြေးနန်းကို ရပြန်လေ၏။ ဆက်လက်၍ မကြာမီရရှိသော စာမှာ "ကျွန်တော် ခင်ဗျားပုံများကို မင်းသားကြီးအား ပြကြည့်ရာ များစွာ နှစ်ခြိုက်ပါသည်။ ငွေတင်ပို့လိုက်သည်ကိုလည်း ရရှိလိမ့်မည်ဟု မျှော်လင့်ပါ၏။ ခင်ဗျား မြန်မာပြည်သို့ လာသောအခါ ကျွန်တော့်အိမ်၌ တည်းခိုမည်ဆိုက ဝမ်းမြောက်စွာ လက်ခံရန် အသင့်ရှိပါသည်။ ကျွန်တော့်မှာ ရုံးအလုပ်တစ်ဘက်နှင့်ဖြစ်၍ တစ်နေကုန် အိမ်၌မနေရသော်လည်း ခင်ဗျားအဖို့ ကျွန်တော်မရှိခြင်းကပင် လွတ်လပ်ခွင့်ပိုမိုရသဖြင့် သာ၍ကောင်းလိမ့်မည်ဟု အောက်မေ့မိပါသည်" ဟူ၍ ပါရှိ၏။

ပန်းချီဆရာကလေးသည် ဇန်နဝါရီလတွင် မြန်မာပြည်သို့ ၎င်းရောက်ရှိမည့်ရက်ကို ကြေးနန်းရိုက်လိုက်လေ၏။ သူ့အဖို့ မြန်မာပြည်သို့ သွားရမည့်အရေးကား မျှော်လင့်ခြင်းကြီးစွာနှင့် ရင်တမိုမို



ဖြစ်လျက်ရှိတော့၏။ ယခင်ကမူ ဤဒေသသို့ ရောက်ချင်သောဆန္ဒကြီးမားလှသော်လည်း မသေမီ တစ်နေ့နေ့ ရောက်အောင်သွားမည်ဟု ကြိမ်းဝါး၍သာ နေရသည်။ ထိုတစ်နေ့နေ့သည် ယခုလောက်မြန်လိမ့်မည်ဟု မမျှော်လင့်မိပေ။ ယခုအခါတွင် ပန်းချီဆရာကလေး၏ ငွေဝင်မှာ တောင့်တင်းခိုင်လုံသည်ဟု မဆိုနိုင်ဘဲ တစ်နှစ်လုံးလုံး ကြိုးပမ်းလုပ်ကိုင်ရပြီး ရောင်းချရသည်မှာလည်း အသင့်အတင့်သာရှိ၍ လက်ထဲတွင် ပေါင် ၃၀ သာ ကျန်တော့လေ၏။ အိမ်လခပေးစရာကလည်း ရှိသေးသည်။ စားရေးသောက်ရေးအတွက်ကလည်း ကျန်သေးသည်။ ပန်းချီဆွဲရန် ကိရိယာများအတွက်လည်း လိုသေးသည်။ ယခုကဲ့သို့ အရေးပိုင်နှင့်သာ မဆက်မိပါက အကျဉ်းအကျပ်နှင့် တွေ့ရဦးတော့ မလိုလိုပင်။ သို့သော် မြန်မာပြည်သို့ သွားရလျှင်ကား ပေါင် ၁၀၀ လောက်ကို အိတ်ထဲတွင် ပိုက်၍ အနောက်နိုင်ငံတွင် ခေတ်စားမည့် ပန်းချီကားများ တစ်ထပ်ကြီးနှင့် ပြန်လာနိုင်ပေမည်။ ပန်းချီဆရာကလေးမှာ ငွေရမှုအတွက် ဝမ်းသာမိသည်ထက် ဆန်းကြယ်သော အကြောင်းတရားများကိုလည်း တွေးမိပြန်သည်။ "ဒီမိန်းကလေးပုံကိုပဲ မဆွဲဘဲမနေနိုင်အောင် ငါ့စိတ်ထဲဖြစ်လာရတယ်။ ဆွဲမိပြန်တော့လည်း ပြီးလို့မှ ဘာမှမကြာသေးဘူး အရေးပိုင်ဟာ ဆိုက်ဆိုက်မြိုက်မြိုက် သူ့အလိုအလျောက်ဝင်လာပြီး မြန်မာပြည်လိုက်ပုံဆွဲဖို့ ခေါ်ရသတဲ့။ တကယ်လို့သာ ပြတင်းနားမှာ ဒီပုံကလေးကို ထောင်မထားမိရင် အရေးပိုင်ဟာ ဝင်လာဦးတော့ ငါ့ကိုရွေးပြီး ခေါ်ချင်မှခေါ်မယ်။ ငါမြန်မာပြည်သွားရဖို့ အခွင့်ရတာဟာ ဒီပုံကို အကြောင်းပြုလို့ပဲ ငါ့အိပ်မက်ထဲက မိန်းကလေးကများ လာစေချင်နေသလားမှ မသိတာ၊ အစစ်ပါပဲ မြန်မာပြည်ကနေပြီး ငါ့ကို ဒီအချိန်၊ ဒီအခါမှာလာဖို့ ခေါ်နေ စောင့်နေတယ်ထင်ပါရဲ့။ "တကယ်လို့များ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ရောက်တဲ့အခါ ဒီမိန်းကလေးနဲ့ တွေ့ရရင် သိပ်အံ့သြစရာကောင်းမှာပဲ တွေ့ရမှာပဲထင်တယ်။ သူတို့ဒေသ မြန်မာပြည်ကိုရောက်မှ ငါ့ကို ခဏခဏ အိပ်မက်ပေးနေတဲ့ မိန်းကလေးနဲ့ မတွေ့ရဘူးဆိုရင်လည်း အတော်ခံပြင်းစရာကောင်းတဲ့ ကိစ္စပဲ။ တွေ့တော့ တွေ့တယ် နို့ပေမယ့် အိပ်မက်ထဲကအတိုင်း ပြတင်းပေါက်မှာ ကျောပေးထိုင်နေတယ်၊ လှည့်မကြည့်ဘူး ဆိုပါတော့ ငါဒီလိုနဲ့ ကျေနပ်ပြီးပြန်ခဲ့ရမလား။ အကြိမ်ငါးဆယ်လောက် အိပ်မက်လည်း မက်ရသေးရဲ့ သူ့ပုံဆွဲမိလို့ သူတို့ဒေသလည်း လိုက်ဖို့ကံပါသေးရဲ့။ တွေ့တော့မှလည်း မျက်နှာကလေးမှ မမြင်ရနိုင်ဘူးဆိုရင် ဒီအိပ်မက်ဟာ ဘာအသုံးကျတော့သလဲ၊ ဒီအိပ်မက်ဟာ ဘာသဘောပါလိမ့်မလဲ၊ အို ငါမတွေးတတ်ဘူး။" ပန်းချီဆရာကလေးမှာ တဝေ့လည်လည် မိမိအား စီမံသည့်ကံကို စဉ်းစားခန်း ထုတ်မိတော့သည်။

ပန်းချီဆရာကလေးသည် မိမိအား ဆီးကြိုဧည့်ခံမည့်သူအကြောင်းကိုလည်း တွေးမိသေးသည်။ အရေးပိုင်နှင့် မိမိမှာ ပထမတွေ့သည့်နေ့က အနည်းငယ်စကားပြောပြီး အရေးပိုင် မြန်မာပြည်သို့ မပြန်ခင် တစ်ကြိမ်သာ နောက်ထပ်တွေ့ရတော့သည်။ ထိုအကြိမ်မှာ မင်းသားကြီးအား ပြသရန်ပုံများ ရွေးချယ်သည့်နေ့က ဖြစ်တော့သည်။ မိမိလှုကဲခတ်မိသလောက်မှာ အရေးပိုင်သည် ကျေနပ်လောက်ဖွယ်ပင်ရှိပေသည်။ သို့သော် မြန်မာပြည်တွင် (၁၈) နှစ်လုံးလုံး အစိုးရအရာရှိလုပ်ပြီးမှ သူ၏နောက်ဆုံး မျှော်လင့်ချက်သည် ပင်စင် ရွှေဒင်္ဂါး (၁၀၀၀) သာ ဖြစ်သည်ဟု ဆိုသောသူသည် မည်သည့်အချိုးအစားဖြစ်လိမ့်မည်ကိုလည်း တွေးတောမိလေ၏။

ပန်းချီဆရာကလေးသည် မြန်မာပြည်သို့သွားခါနီး၌ အရင်းနှီးဆုံး ဆွေမျိုးဖြစ်သော အစ်ကိုဝမ်းကွဲတော်သော မြို့စားကြီးကို



သွား၍ နှုတ်ဆက်သည်။ ၎င်းမြို့စားကြီးမှာ ယခုအခါ မြို့စားနာမည်သာရှိ၍ ပစ္စည်းချမ်းသာသော အဆက်အနွယ်မဟုတ်တော့ရကားသတင်းစာဆရာအဖြစ်ဖြင့် အသက်မွေး၍နေသဖြင့် "အေးကွာဝမ်းသာပါတယ်၊ ငါတော့ တခြားဟာနဲ့ဖြင့် မချီးမြှင့်နိုင်ဘူး။ ငါ့သတင်းစာထဲမှာတော့ ကော်လံကောင်းကောင်းနဲ့ ထည့်ပေးမပေါ့" ဟု ပြောလိုက်ရှာသည်။ သူငယ်ချင်းပန်းချီဆရာ အပေါင်းအဖော်များကို နှုတ်ဆက်သောအခါတွင်မူ ပန်းချီဆရာကလေးများ၏ မျက်စိတွင် မစ္စတာမန်ဂန်သည် ထူးချွန်စွာ ကံကောင်းသည့်အတွက် သူတို့တစ်တွေအဖို့ ဘယ်အချိန်အခါတွင် ဇလွန်မင်းသားကြီးကဲ့သို့ မင်းဆွေစိုးမျိုးများ မိုးပေါ်က ကျလာပါမည်နည်းဟု အောက်မေ့နေကြရကြောင်းနှင့် ဝမ်းသာစကား ပြောကြားလိုက်ရှာကြသည်။

ပန်းချီဆရာကလေးသည် သင်္ဘောဖြင့် အင်္ဂလန်မှ ထွက်ခဲ့ရာ၌ မြန်မာပြည်အရောက် လမ်းခရီးသည် ထွေထွေထူးထူး ဘာမှရှိလှသည် မဟုတ်ပေ။ (၂၉) ရက်နေ့တွင်ကား မြန်မာပြည်သို့ ဆိုက်ရောက်တော့မည်ဖြစ်၍ ဧရာဝတီမြစ်တွင်းသို့ သင်္ဘောဝင်ခဲ့လေပြီ။ မြိတ်မြို့သို့ သွားရန်မှာ ရန်ကုန်၌ သင်္ဘောပြောင်း၍ စီးပြီးမှ သွားရမည်။ ပထမဦးစွာ ဂရုပြုမိသောအချက်ကား နောက်ကျိသော ရွှံ့ရေသည် တစ်နာရီလျှင် (၅) မိုင်နှုန်းဖြင့် ဒီရေတက်၍ နေသည်ကို တွေ့ရခြင်းပင်ဖြစ်ပြီး ဟံသာဝတီ ဒိစတြိတ်သို့ ရောက်ပြီဖြစ်၍ မျက်စိတဆုံးရှိသော ဝါဝင်းလျက် ရိုးဖြတ်ဖုံးသည့် လယ်ကွင်းကြီးများနှင့် စေတီတော်ကလေးများကို မြင်ရခြင်းဖြစ်၏။ အင်ဒိုချိုင်းနားကျွန်းဆွယ် ဗုဒ္ဓဘာသာလူမျိုးတို့၏ဒေသကို ရောက်ခဲ့ပြီ မဟုတ်ပါလော။ မကြာမီ ယောကျ်ားများနှင့်တန်းတူ လွတ်လပ်သော မြန်မာအမျိုးသမီးများကို မျက်ဝါးထင်ထင် တွေ့မြင်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းတစ်ဘက်တစ်ချက်မှာ တဖြည်းဖြည်း ကျဉ်း၍လာလေပြီ။ မကြာမီပင် ရွှေစေတီကြီးကို ခေတ္တမြင်ရပြီးနောက် ပျောက်ကွယ်၍ သွားပြန်သည်။ နောက်တစ်ကြိမ် မြင်ရသောအခါတွင်ကား စေတီကြီးမှာ မိုးကုတ်စက်ဝိုင်းထဲတွင် ထိုးဝင်၍နေသော မားမားမတ်မတ် ရွှေတောင်ကြီးသဖွယ် ဖြစ်တော့သည်။ သင်္ဘောပေါ်တွင် ပါလာကြသော မျက်နှာဖြူ ဗြိတိသျှတို့သည် သူ့ထက်ငါပင် "ရွှေတိဂုံဘုရားကြီးလေ ကမ္ဘာပေါ် အကြီးဆုံးဘုရားကြီးပေါ့"ဟု ဝမ်းသာအားရ ကြွားဝါကြတော့၏။ သူတို့တစ်တွေသည် ဤရန်ကုန်မြို့မှာပင် နေကြသူများ ဖြစ်ကြ၏။ စေတီတော်ကြီးသည် မြန်မာတို့၏ကိုးကွယ်ရာသာ ဖြစ်သော်လည်း မြန်မာလူမျိုးများသည် အင်္ဂလိပ်လက်အောက်ခံပင်ဖြစ်သည် မဟုတ်လော။ ထို့ကြောင့် သူတို့အဖို့ တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးသော လူစိမ်းတစ်ဦးကို အားရပါးရ ပြောပြခြင်းဖြင့် အရသာယူလျက် ရှိကြသည်။

သို့သော် သင်္ဘောသည် သံလျင်ဘက်သို့ ရောက်ပြီဖြစ်၍ ချက်ချင်းပင် စေတီတော်ကြီးကို မေ့လျော့ပြီးလျှင် လက်ဝဲဘက်ရှိ ရေနံကန်များဆီသို့ သူတို့အာရုံစိုက်မိကြပြန်၏။ သံလျင်ဘက်မှာ ရေနံချောင်းမှ ရေနံရိုင်းများကို ပိုက်ဖြင့် မိုင်ပေါင်း ၃၀၀ ကျော် သယ်ဆောင်ခဲ့ပြီးနောက် ယခုနေရာတွင် ဓာတ်ဆီ၊ ရေနံချေး၊ ဖယောင်းတိုင် အစရှိသည်များကို ဓာတ်ခွဲ ထုတ်ယူရာဒေသဖြစ်သည်။ အရောင်းအဝယ်ဘက်တွင် အလုပ်လုပ်ပုံရသော အင်္ဂလိပ်တစ်ဦးက "ဘီအိုစီဟာ မြန်မာပြည်မှာ အကျိုးကျေးဇူး အများဆုံးအလုပ်ပေါ့။ ကျုပ်တို့ သီပေါမင်းဆိုတဲ့ သတ္တဝါကို ဖယ်ထုတ်ပြီး မြန်မာပြည် သိမ်းပိုက်လိုက်တော့ ရေနံတွင်းတွေဟာ မြန်မာတွေလက်ထဲမှာ ရှိနေတယ်။ နို့ပေမယ့် ခေတ်မီတဲ့နည်းမှ မရှိဘဲကိုး။ ကရော်ကမယ်



တူးနေကြတာပေါ့၊ မြေအောက်ဘယ်လောက်အထိ ရေနံရှိမယ်ဆိုတာလည်း သူတို့မသိကြတော့ ဈေးပေါပေါနဲ့ ကျုပ်တို့က ဝယ်ယူကြပြီး ရေနံစုပ်ဖို့ နားလည်တဲ့ အမေရိကန်လူမျိုးတွေနဲ့ ကျုပ်တို့ အင်္ဂလိပ်တွေရဲ့ ငွေရင်း ငွေနှီးနဲ့ ကြီးကြီးကျယ်ကျယ်လုပ်လိုက်တာ ခုတော့ဗျာ ကမ္ဘာမြေပုံပေါ်မှာ ဗြိတိသျှလက်အောက်ခံ နယ်တစ်နယ်အဖြစ်နဲ့ ဆေးနီဆိုးရကျိုး သိပ်နပ်တာပေါ့" ဟု ဆိုလေသည်။

ယခုသင်္ဘော ရန်ကုန်သို့ ဆိုက်ရောက်လျှင် ဗြိတ်သို့ တောက်လျှောက်သွားရန် သင်္ဘောပတ်မရှိသဖြင့် ရန်ကုန်တွင် ၁ရက်၊ ၂ရက် နား၍ သင်္ဘောစောင့်မည်ဖြစ်ရာ၊ ပန်းချီဆရာကလေးသည် ရွှေတိဂုံစေတီတော်ကြီးကိုပင် သွားရောက်ဖူးမြော်ချင်သည်။ သို့အတွက် ဗုဒ္ဓဘာသာမဟုတ်သော နိုင်ငံခြားသားများ သွားနိုင်၊ မသွားနိုင်ကို အနီးတွင်ရှိသော အင်္ဂလိပ်မတစ်ဦးအား မေးမြန်းကြည့်ရာ–

"မသွားနိုင်ဘူးရှင့် ဘယ်ဥရောပတိုက်သားမှ မသွားကြဘူး"

"ဩော်... သူတို့က တက်ခွင့်မပေးဘူးလားခင်ဗျာ"

"ဒီလိုတော့ မဆိုပါဘူး ဒါပေမဲ့ တက်ချင်ရင် ဖိနပ်ချွတ်ကြရတယ်"

"ဒါဖြင့်ခင်ဗျာ သွားချင် သွားနိုင်တာပေါ့"

"ဩော် ဖိနပ်ချွတ်ရပါတယ်လို့ဆိုနေ ဖိနပ်ချွတ်ရတာဟာ အင်မတန် ရှက်စရာကောင်းတယ် မဟုတ်လား"

ပန်းချီဆရာကလေးမှာ အတော်အံ့အားသင့်နေမိသည်။ ဖိနပ်ချွတ်ရမှာကို ရှက်စရာဟု ဒီမိန်းမ ဘာ့ကြောင့် ဆိုရပါလိမ့်မလဲ ဟုလည်း တွေးမိသည်။

"မြန်မာတွေက ချွတ်ရမယ်ဆိုလို့ ချွတ်လိုက်ရရင်လည်းဗျာ ဘာအရေးကြီးတာမှတ်လို့ပဲ" ဟု မကျေချမ်းနိုင်သဖြင့် ထပ်၍ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုမိန်းမသည် "ဒီလူဟာ ဘယ်လိုသတ္တဝါမျိုးပါလိမ့်" ဟု ခပ်နှိမ်နှိမ် လှမ်း၍ကြည့်လိုက်သည်။ လမ်းကတည်းက မြန်မာပြည်သို့ ပန်းချီဆရာကလေး ဘာကိစ္စနှင့်လာသည်ကို ကြားပြီးဖြစ်သဖြင့် ရှုတ်ချသောသူများ စာရင်းတွင် ၎င်းမိန်းမ ပါပြီးဖြစ်ရကား "အင်း ရှင်ကတော့ ပန်းချီဆရာဆိုတော့ ဘာလုပ်လုပ် ကိစ္စမရှိပါဘူးလေ။ ကျွန်မတို့သူတကာတွေ မြန်မာတွေနဲ့ ဆက်ဆံသလို ဆက်ဆံရမှာမှ မဟုတ်ဘဲကိုး ကျွန်မယောကျ်ားက ဒီမှာ အတော် အထက်တန်းကျတဲ့ အရာရှိကြီးတစ်ယောက်ပဲ၊ နောက်ပြီး ရှင်ကတော့ မြန်မာက ငှားလို့ လာတဲ့လူ"

ပန်းချီဆရာကလေးသည် သူနှင့် ဝါဒချင်းကွဲပြားသော သူတစ်ဦးနှင့် ရင်ဆိုင်လျက် နေရလေပြီ။ နောက်မှ စုံစမ်း၍သိရသည်မှာ ၎င်းမိန်းမမျိုးကဲ့သို့ တိုင်းရင်းသား မြန်မာတွေအပေါ် ဟန်ကြီးပန်ကြီး လုပ်၍ အထက်တန်းက နေလိုသော အင်္ဂလိပ်များ မြန်မာပြည်၌ အများအပြား ရှိသည့်အကြောင်းပင် ဖြစ်တော့သည်။ မိမိအစ်ကိုကား မြန်မာပြည်သို့ သွားရမည့်အရေးကို သတင်းစာတွင် တခမ်းတနား ရေးမည်ဟု ဝန်ခံလိုက်၏။ မိတ်ဆွေသူငယ်ချင်းများက ကောင်းလှသည်ဟု ချီးမွမ်းကြ၏။ အရေးပိုင်မှာ သာမန်စေ့စပ်ပေးသူအနေဖြင့် ပုံဆွဲသူနှင့် ဆွဲစေချင်သူကို တွေ့ဆိုင်ပေးခဲ့၏။ မိမိမှာမူ အကြိမ်ကြိမ် မက်ခဲ့သော နိမိတ်အိပ်မက်သည်ပင် နိမိတ်အတိုင်း ဖြစ်ပေါ်တော့မည်ဟု ထင်မှတ်ခဲ့၏။ ယခုသော်ကား အုပ်စိုးသူအင်္ဂလိပ်တို့၏ စိတ်သဘောထားသည် မြန်မာပြည်ကို အုပ်စိုးခြင်း၏ နာမည်ကောင်းကို ဖြိုဖျက်၍ နေလေပြီတကား။

❑

**အခန်း (၃)**

# အရေးပိုင်အိမ်

ရန်ကုန်မြို့နှင့် မြိတ်မြို့ကား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သွား သင်္ဘောလေးဖြင့် ၃၆ နာရီခန့် သွားရသောခရီးဖြစ်သည်။ သင်္ဘောစီးဟူ၍လည်း များများမရှိပါသဖြင့် ပန်းချီဆရာကလေးသည် လမ်းတွင် စာဖတ်လိုက်၊ မှိန်းလိုက်နှင့်ပင် ကုန်လွန်ခဲ့လေ၏။

ရန်ကုန်တွင် ခေတ္တဝင်ရောက်ခဲ့ခြင်းအားဖြင့် မွန်ဂိုလီယန်အဆက်အနွယ်တို့ကား ဤသို့တည်းဟူ၍ မြန်မာများကို အတော်အတန် အကဲခတ်မိခဲ့သည်။ မြန်မာမိန်းမများမှာ တောင့်တင်းဖျတ်လတ်သော လက်လုပ်လက်စားများနှင့် နုပျိုယဉ်ကျေးသော အထက်တန်းစားများဟု ကွဲပြားလင့်ကစား ဝတ်ပုံစားပုံမှာကား တစ်ဆင်တည်းပင် ဖြစ်တော့သည်။ အသွေးအရောင် တောက်ပြောင်သော လုံချည်များနှင့် အင်္ကျီဖြူတို့သည်လည်းကောင်း၊ ခေါင်းပေါ်တွင် ကျင်လည်စွာ ထုံးနှောင်ထားသော ဆံထုံးတို့သည်လည်းကောင်း မိန်းမတိုင်းတွင် တွေ့မြင်ရပေသည်။ ယောကျ်ားနှင့် မိန်းမမှာလည်း ခွဲခြား၍ သိရန်

www.burmeseclassic.com

www.burmeseclassic.com



အတော်ခက်ပေသည်။ မြန်မာယောကျ်ားများမှာ မိန်းမများထက် ထူးခြား၍ သန့်စွမ်းခြင်းမရှိသည့် မိန်းမရာများဖြစ်သည့်အပြင် အဝတ်အစားမှာလည်း မိန်းမကဲ့သို့ပင် လုံချည်နှင့် အင်္ကျီပင်ဖြစ်သဖြင့် သာလွန်၍ မကွဲပြားဘဲ ရှိတော့သည်။ မြန်မာယောကျ်ားကို မိန်းမရာဟူ၍ အနောက်နိုင်ငံသားမျက်စိတွင် ထင်မိကြသော်လည်း အနောက်နိုင်ငံသားမျက်စိကား ကမ္ဘာ့မျက်စိ ဟုတ်ပါ၏လောဟူ၍ မေးမြန်းစရာရှိလေသည်။ အရှေ့တိုင်းသားအားလုံးတို့၏ မျက်စိတွင်လည်း အနောက်နိုင်ငံသားတို့သည် မည်မျှပင် ခေတ်ကိုဦးဆောင်၍ နေစေကာမူ ရှေးယခင် ရေခဲတောတွင် ဂူအောင်းခဲ့သော အရိုင်းအစိုင်းတွေနှင့် မခြားသေးဟုပင် ထင်ကြ၏။ အနောက်နိုင်ငံသားတို့၏ အမွေးအမှင်တွေနှင့် ရန့်ရင်းကြမ်းတမ်းသော ရုပ်လက္ခဏာကို လှသည်ဟု အရှေ့နိုင်ငံသားမျက်စိတွင် မထင်မှတ်နိုင်အောင် ရှိတော့သည်။ ပန်းချီဆရာကလေးမှာ ရန်ကုန်မြို့တွင် မြန်မာတွေအလယ်၌ သွားလာရသောအခါ မိမိကိုယ်ကိုပင် ရန့်ကြမ်း၍ ထွားကျိုင်းကြီးခိုင်လွန်းသည့်အတွက် ရှက်မိသလိုလို ရှိတော့သည်။ လူတစ်မျိုးနှင့်တစ်မျိုး ဤသို့ အယူအဆကွဲပြားနေပါက လူမျိုးခြားနှင့် မြန်မာအမျိုးသမီးများ ပေါင်းသင်းလက်ထပ်ရေးအတွက် တွေးတောဖွယ် ရှိပေသည်။ သို့သော် ဤသို့ပေါင်းသင်းရေးများ အများအပြားရှိကြသည်ဟု ဆိုသဖြင့် မေတ္တာအရင်းခံမဟုတ်ဘဲ ပစ္စည်းသော်လည်းကောင်း၊ ဂုဏ်ပကာသနသော်လည်းကောင်း ဖြစ်ရမည်ဟု ပန်းချီဆရာကလေး စိတ်တွင် တွေးတောမိ၏။ ဤသို့တွေးရလင့်ကစား မြန်မာပြည်သို့ ရောက်သည်မှာ ၂ ရက်၊ ၃ ရက်သာရှိသေး၍ အသို့လျှင် ဤလူမျိုး၏အကြောင်းကို စုံလင်စွာ သိနိုင်ပါအံ့နည်း။ မိမိမှာ မြန်မာစကားကိုလည်း တတ်သည်မဟုတ်ပေ။



ရန်ကုန်တွင် မိမိတတ်အားသလောက် သွားရောက်ကြည့်ရှုခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ ညနေ နေရီရီတွင် ရောက်ခဲ့သည်။ ရန်ကုန်မြို့ကြီး တစ်မြို့လုံးသည် ကုလားများလက်တွင်းသို့ ကျဆင်း၍နေလင့်ကစား၊ သိင်္ဂုတ္တရကုန်းတော်ကား မြန်မာတို့၏ဒေသအဖြစ်၌ပင် ရှိသေးသည်။ စေတီတော်ရင်ပြင်၌ မြန်မာလူမျိုးများကို ပြည့်စုံစွာ မြင်ရသည်။ လမ်းမီးများ ထွန်းစပြုလျှင်ပင် စေတီတော်ကြီးကို ဆတ်(ချ)လိုက်ခေါ် မီးမောင်းကြီးများဖြင့် အလင်းရောင်ထိုး၍ထားသဖြင့် ရွှေတောင်ကြီးတစ်ဆူ ထိုးထွက်နေသကဲ့သို့ မှတ်ထင်ရသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များမှာလည်း ကုန်းတော်တစ်ခုလုံးတွင် အများအပြား ဖူးတွေ့ရ၍ သီလရှင်များလည်း တွေ့ရသည်။ ဤမိန်းမများသည် အဘယ့်ကြောင့် သီလရှင်များလုပ်ကြသနည်း၊ လူ့လောကကို အကယ်ပင် ငြီးငွေ့၍ပင်လော၊ သို့မဟုတ် ငယ်ရွယ်သူတို့ဘာဝ အချစ်အတွက် စိတ်ပျက်ကြ၍ပေလောဟုတွေးရင်း သေချာစွာ စူးစိုက်၍ ကြည့်နေရာ သီလရှင်တစ်ယောက်သည် ဘုရားအာရုံခံ တန်ဆောင်းအတွင်း၌ စိပ်ပုတီးဖြင့် အာရုံပြုနေသည်ကို နောက်နားမှ မြင်ရရာ ဒီလိုအနေအထားမျိုး ငါမြင်ဖူးသလိုလိုရှိပါတယ်ဟု ပန်းချီဆရာကလေးစိတ်တွင် အောက်မေ့ခဲ့သေး၏။

မန်ဂန်သည် သင်္ဘောပေါ်တွင်အထက်ပါအတိုင်း တွေးတောရာမှ ကြည့်လိုက်သော် သင်္ဘောကလေးသည် တောင်ဘက်သို့ ခုတ်မောင်းနေလျက် ထိုနေ့ညနေမှာပင် မြိတ်မြို့သို့ ဆိုက်မည့်အကြောင်း သိရသည်။ အရေးပိုင်ထံသို့ ရန်ကုန်မှ ကြေးနန်းရိုက်ထားသဖြင့် အားလုံး ချောမောစွာရှိလိမ့်မည်ဟု မျှော်လင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုပန်းချီဆရာကလေးသည် အရေးပိုင်၏ ဧည့်သည်အဖြစ်ဖြင့် လာရောက်သည့် ဧည့်သည်မှန်းသိရှိသော သင်္ဘောအရာရှိများသည် မန်ဂန်အား ဂရုတစိုက် စောင့်ရှောက်ကြသည်။ အရေးပိုင်မှာ အခြားသူများနှင့်မတူဘဲ ဖော်ရွေကြောင်း ဘာမဆို သူတတ်နိုင်သည့်ဘက်က အကူအညီပေးတတ်ကြောင်းများကိုလည်း ပြောပြကြသည်။ ပန်းချီဆရာကလေးသည် သူ့ကိုယ်သူ မည်သူမည်ဝါဟူ၍ ဖွင့်မပြောလင့်ကစား ထားဝယ်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်စဉ်က ပုံတူတစ်ခုရေးဆွဲသည်ကို ကပ္ပတိန်က မြင်သဖြင့် သိရှိသွားသောကြောင့် သူကိုယ်တိုင်ပင် ပုံဆွဲကို ဝါသနာပါကြောင်း ပြောပြ၍ ရေဆေးကားများကို ထုတ်၍ပြလေသည်။ ကပ္ပတိန်မှာ အင်္ဂလိပ်လူမျိုး ဖြစ်လင့်ကစား ရန်ကုန်ဆိပ်ကမ်းမဆိုက်ခင် သင်္ဘောပေါ်တွင်တွေ့သည့် အင်္ဂလိပ်တွေနှင့် ကွာခြားလှသည်။

ထားဝယ်ကို လွန်ခဲ့၍ တစ်နာရီလောက်ကြာသော် တနင်္သာရီကျွန်းဆွယ်မြောက်ပိုင်းတစ်လျှောက်သို့ ရောက်၍လာလျက် သင်္ဘော၏ညာဘက်တွင် ထားဝယ်ကျွန်းစုပေါ်ရှိ တောင်တန်းကလေးသည် ထိပ်ဖျားထိ သစ်တောများ ဖုံးအုပ်လျက်နှင့် ကျန်ရစ်တော့သည်။ ကမ်းစပ် ကနစိုးတောမှသည် အတွင်းကုန်းပိုင်းရှိ တောတောင်များအထိ မြင်ရခြင်းသည် ကြည်နူးဖွယ် ကောင်းလှပေသည်။ သို့နှင့် ညနေအတော်စောင်းသော် မြိတ်မြို့ဆိပ်ကမ်းဆီသို့ ရောက်၍လာလေသည်။ မော်တော်ဘုတ်ကလေးတစ်စင်းနှင့် သမ္ဗန်အချို့ သင်္ဘောဆီသို့လာကြရာ အနီးမှ လူတစ်ယောက်က "ဒါပဲ ဒါပဲ" ဟုပြောသဖြင့် လှမ်းကြည့်လိုက်ရာ လာကြိုသောအရေးပိုင်ကို မော်တော်ဘုတ်တွင် မြင်ရသည်။ အရေးပိုင်မှာ ဖလန်နယ်အဝတ်ကို ဝတ်၍ နောက်မှ ကူလီတချို့ တပည့်တစ်ယောက်နှင့် သင်္ဘောသို့ ဘေးချင်းယှဉ်၍



ရပ်လိုက်သော မော်တော်ဘုတ်ပေါ်မှ တက်၍လာလေ၏။ ပန်းချီဆရာကလေးမှာ တစ်လမ်းလုံး လူစိမ်းများနှင့် အဖော်လုပ်၍ လာရသည်တွင် မိမိမိတ်ဆွေ အရေးပိုင်ကို မြင်ရသော် အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်လေတော့၏။ အရေးပိုင်မှာလည်း များစွာ ဝမ်းသာပုံရသည်။

သင်္ဘောပေါ်မှ ဝန်စည်စလွယ်ပစ္စည်းများနှင့် အခြားအင်္ဂလိပ်နှစ်ယောက်ကို တင်ယူ၍ မော်တော်ဘုတ်ကလေး ကမ်းဘက်သို့ ထွက်ခဲ့ကြသော် အချိန်မှာ မှောင်စပြုလေပြီ။ ပင်လယ်ပြင်ဆီမှ ဖြူးဖြူးပျက်အရောင်တို့သည် ပန်းချီဆရာကလေးအား ဆီးကြိုနှုတ်ဆက်နေယောင်တကား။

"ခင်ဗျားလမ်းကတည်းက သဘောကျလာမှာပေါ့"

"ဟုတ်ကဲ့ တောင်တန်းကလေးကလည်း လွမ်းစရာ"

"လွမ်းစရာတင်ကရိုးလားဗျာ၊ တစ္ဆေတွေ ဘာတွေရှိတယ်လို့တောင် အဆိုရှိတာပေါ့"

"တစ္ဆေ ဘယ့်နှယ်ဘယ်က တစ္ဆေတွေတဲ့လဲ"

"ဘယ်သူတွေရယ်လို့တော့ ကျုပ်လည်းမသိဘူး။ ဒုတိယမြောက် ဂျိန်းဘုရင်လက်ထက်က မျက်နှာဖြူ လူမျိုးရှစ်ဆယ် ဒီနေရာမှာ အသတ်ခံရဖူးတယ်"

"သူတို့ လှုပ်လှုပ်ရှားရှား ပြတတ်သလား"

"ပြတတ်ပါရဲ့"

"အင်း… ဒါဖြင့် ကျွန်တော်တော့ တကယ့်နေရာ ရောက်လာမင့်ကိုး"

အရေးပိုင်အိမ်ဆီမှ အလင်းရောင်များကို မြင်ရပြီးနောင် သစ်ပင်များအကြားတွင် တစ်ဖန် ပျောက်ကွယ်သွားကြပြန်သည်။

"ခင်ဗျာ့အိမ်ကဖြင့်ဗျာ ရဲတိုက်ကြီးနဲ့ကို တူနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်ရောက်တော့မှ နံနက်နေထွက်တဲ့ အချိန်ကလေး စောင့်ကြည့်စမ်းပါဦး"

"ဒီအိမ်ကြီးပေါ်ကနေဗျာ ခပ်မှောင်မှောင် မြို့ဘက်ဆီ လှမ်းကြည့်ရရင်တော့ ခင်ဗျားမို့သာပေါ့"

"ဘယ့်နှယ့်ဗျ ဆိုပါဦး"

"သြော် ကျွန်တော်သာဖြင့် ဧရာမ စိုးမိုးပိုင်သတဲ့ လူကြီးတစ်ယောက်လို စိတ်ကူးယဉ်နေမိမှာပဲ"

"ခင်ဗျားတော့ ခုကတည်းက စိတ်ကူးယဉ်လှပြီထင်တယ်၊ အဲဒါတွေသာ ကားထဲရောက်အောင် ဆွဲထည့်ပေတော့ဗျား"

"ခုချက်ချင်းတော့ မဖြစ်သေးဘူးလေ ဆိုင်းပါဦး"

ဤသို့ ပြောပြောဆိုဆိုပင် ဆိပ်သို့ မော်တော်ကလေး ဆိုက်တော့သဖြင့် မော်တော်ကား စောင့်နေရာသို့ဆင်းခဲ့ကြရာ အဆင်းတွင် ပုလိပ်အမှုထမ်းတစ်ယောက်က ဆီး၍ အရိုအသေပြုသည်။

"ကဲ ကားစီးမလား၊ လမ်းလျှောက်သွားမလား"

"ကျွန်တော်တော့ ခင်ဗျားဝန်မလေးရင် လမ်းလျှောက်ချင်တာပဲ၊ တစ်လမ်းလုံး ထိုင်လာခဲ့ရတာမို့"

"ကောင်းပြီလေ မောင်စု ပစ္စည်းတွေ ကြည့်ယူသွားလိမ့်မပေါ့"

သင်္ဘောဆိပ်မှ အကောက်တော်ရုံးကို ကျော်လွန်၍ လမ်းအတိုင်း လာခဲ့ကြရာ လမ်းဆားတွင် ညောင်ပင်ကြီးတစ်ပင်အောက်၌ လမ်းသွားလမ်းလာများ သောက်ရန် အုတ်ရေအိုးစင်ကလေးတစ်ခုနှင့် ကျောက်ပြားပေါ်တွင်ကား ကမ္ဗည်းရေးထိုးထားသော ကျောက်တိုင်တစ်ခုကို တွေ့ကြရသည်။



"ခုတော့ မိုးချုပ်လို့ ဘာမှ မမြင်ရတော့ဘူးဗျ၊ ဒီနေရာဟာ ဝိုက်ရဲ့မိန်းမ သချိုင်းပေါ့၊ ကျုပ်ပြောပြတဲ့ မျက်နှာဖြူတွေဆိုတာလေ ဒီနယ်မှာတော့ဗျာ သူတို့လူစုကို လူတကာက သိကြတယ်။ နို့ပေမယ့် ဝမ်းနည်းစရာကောင်းတာက လူကောင်းအဖြစ်နဲ့ မဟုတ်ဘဲ ပင်လယ်ဓားပြတွေအဖြစ်နဲ့ သိနေကြတယ်"

ဤသို့ စကားပြောရင်း လျှောက်လာကြရာ လံချားများ ခြေလျင်ခရီးသွားများဖြင့် လမ်းမတစ်လျှောက်သည် လှုပ်လှုပ်ရှားရှား ရှိသော်လည်း ဖိနပ်သံ ကျယ်ကျယ်ကြီးများကိုကား မကြားရပေ။ ညချမ်းအခါ၏ ငြိမ်သက်ခြင်းနှင့် ပင်လယ်ဆီမှ တိုက်ခိုက်လာသော လေပြေကလေးသည် အဆင်ပြေပါပေသည်။

"ကဲ ဒီဘက်ချိုးတက်ပေတော့" ဟုပြောသဖြင့် တောင်ကုန်းကလေး၏ လူသွားလမ်းပေါ်သို့ တက်ခဲ့ကြရာ မကြာမီပင် အိမ်၏ ပန်းခြံဝသို့ ရောက်ကြလေ၏။ တောင်ခြေရင်းတွင် ဆိပ်ကမ်းသည် သင်္ဘောမှ မီးရောင်တို့ဖြင့် လှပစွာတည်ရှိလျက် လမ်းမီးများမှာလည်း တသီတတန်းကြီးရှိ၍ ကောင်းကင်အောက်ခြေရှိ ကြယ်ရောင်တို့ဖြင့် ရောနှော၍ သွားတော့သည်။ မြို့တွင်းမှ အသံများကား အရေးပိုင်၏ တောင်ကုန်းပေါ်မှ နားထောင်သော် ပိုမို၍ကျယ်လောင်သည်ဟု မှတ်ထင်ရပေသည်။

"တောင်ကုန်းက ပဲ့တင်သံကြောင့် ပိုကျယ်တာဗျ၊ တစ်ခါတလေများ စကားလုံးတောင် သဲသဲကွဲကွဲ ကြားရတယ်။ မနက်အရုဏ်တက်မှာ နားထောင်ကြည့်စမ်း" ဟု အရေးပိုင်က ရှင်းလင်းပြောပြသည်။

အိမ်တွင်းသို့ ဝင်မိသော် အစေခံတစ်ယောက်က ဆိုဒါနှင့် ဝီစကီများ လာရောက်ပေးသဖြင့် အောက်ထပ်တွင် စကားပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်စွာ နားနေပြီးနောက် အပေါ်ထပ် အိပ်ခန်းရှိရာသို့ ခေါ်၍ သွားရာ ဆင်ဝင်မှဆိပ်ကမ်းဆီသို့ ပန်းချီဆရာကလေးသည် မျှော်မှန်း၍ ရပ်ကြည့်နေမိတော့သည်။

"မင်းသားကြီးအိမ်က ဘယ်ဘက်ဆီမလဲခင်ဗျာ"

"ဒီကနေပြီး မမြင်ရဘူး၊ ကျုပ်တို့နဲ့တော့ တောင်ကုန်းကွယ်နေတယ်၊ ဟိုတောင်နားဆီမှာပဲ" ဟု ညွှန်၍ပြရာ–

"ပုံဆွဲဖို့တော့ သေချာပါတယ်နော်"

"ဟုတ်ကဲ့ နက်ဖြန် သူနဲ့တွေ့ရမှာပဲ"

ပန်းချီဆရာကလေးအား အရေးပိုင်က ပေးထားသည့် အိပ်ခန်းမှာ အတော်ကျယ်ဝန်း၍ သစ်သားနံရံတို့တွင် ဆေးဖြူသုတ်၍ ထားလေသည်။ ရေချိုးခန်းလည်း တစ်ဆက်တည်းပါရှိသဖြင့် ရေသံကြားရာသို့ လှမ်းကြည့်ရာ အစေခံတစ်ယောက်သည် ရေနွေးများကို ကရားမှ သွပ်စည်ပိုင်းကြီးထဲသို့ သွန်နေသည်ကို မြင်ရလေ၏။

"ကဲ ရေမိုးချိုးဗျာ၊ အင်္ဂလန်မှာလိုတော့ သားသားနားနား မဟုတ်ပေဘူး၊ ရေချိုးပြီးတော့သာ ခင်ဗျား အောက်ထပ်ကို ဆင်းခဲ့ပေတော့၊ ကျွန်တော် အရင်ရောက်နှင့်လည်းရောက်ပေါ့။ ခင်ဗျားရောက်နှင့်လည်း သဘောရှိ စားနှင့် သောက်နှင့်ပါ" ဤသို့ပြော၍ သူ့အခန်းဆီသို့ ထွက်သွားသည်။

ပန်းချီဆရာကလေးသည် ရေချိုးမသွားခင် ပြတင်းပေါက်မှ လှမ်းမျှော်၍ ကြည့်လိုက်သော် မြိတ်မြို့ တစ်မြို့လုံးကို အထက်မှစီး၍ ထင်ရှားစွာ မြင်ရသည်။ ဤသက်ငယ်မိုးအိမ်များအောက်ရှိ မြို့သူမြို့သားတို့သည် အဘယ်ကဲ့သို့ နေထိုင်ကြသနည်း။ မြန်မာပြည်သို့ လာ၍ စာချုပ်အတိုင်း ပန်းချီကားများကို ဆွဲပြီးလျှင် အင်္ဂလန်သို့ ပြန်ရန်သာ သူ့ကိစ္စရှိသလော။ သို့တည်းမဟုတ် ဤလူများနှင့် တစ်နည်းတစ်ဖုံ ရောနှောဆက်ဆံရန် အခွင့်အရေးရပါမည်လား။ ပန်းချီဆရာကလေးအဖို့တွင် ကွယ်ဝှက်လျက် ရှိနေသေးသော စိတ်အာရုံ စူးစိုက်စရာ အများအပြား ရှိနေသေးသည်ဟု အထင်ရှိ၍နေသည်။ လှုပ်လှုပ်ရွရွ သွားလာပြောဆိုနေကြသည့်အထဲတွင် အိပ်မက်တွင်း ပြတင်းပေါက်က မြင်ရသော သူငယ်မ၏ အသံလည်း ပါယောင်ယောင် အောက်မေ့မိရာသည်။



ရေချိုးရင်းလည်း ဆက်လက်တွေးတောနေမိလေရာ မြန်မာစကားမတတ်သည့်အတွက် မိမိကိုယ်ကိုမိမိ စိတ်ပျက်မိသည်။ ယခုအချိန်မှ သင်ရန်မှာလည်း မဖြစ်နိုင်။ မတတ်ပါကလည်း ဤ စိတ်ပါဝင်စားဖွယ်ကောင်းသော ဒေသရှိလူများနှင့် ဆက်ဆံရာတွင် နီးရင်းခြင်း မရှိနိုင်။ အရေးပိုင် တတ်သလောက်မျှ မိမိတတ်ပါစေတော့ဟု အောက်မေ့မိသေးသည်။ အရေးပိုင်ကား လူကောင်းတစ်ယောက်ဖြစ်၍ "ခင်မင်ဖွယ်ကောင်းသော လူတစ်ယောက်ပါပဲ" ဟု အောက်မေ့သည်။

အောက်ထပ်သို့ ဆင်းခဲ့သောအခါ အရေးပိုင်မှာ အခန်းထဲတွင် ရောက်နှင့်၍နေလေပြီ။

"ကဲ အချိန်တော့ စောသေးတယ်ဗျို့။ နောက် တစ်နာရီလောက်နဲ့ ထမင်းစားရဦးမယ် မဟုတ်သေးဘူး။ ကလပ်ကို သွားမလား ကလပ်ဆိုတာ လန်ဒန်မှာလိုတော့ မဟုတ်ဘူး။ နို့ပေမယ့် ဒီအရပ်က လူတွေနဲ့တော့ တွေ့ရမှာပေါ့"

"မင်းသားကြီးကော လာတတ်သလား"

"မြန်မာတွေ မလာရဘူး၊ ဒီမှာရှိတဲ့ ဗြိတိသျှ သတ္တုတွင်းစားတွေ ကော်ပတ်ခြံပိုင်ရှင်တွေနဲ့ တွေ့ရမှာပေါ့။ ထုံးစံကတော့ သဘော်ဆိုက်တဲ့ နေ့ညဆိုရင် လူစုံတတ်တာပေါ့ဗျာ" ပန်းချီဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ အလကားနေရသည်ထက် ယခုကဲ့သို့ တစ်နေရာရာ သွားရသည်က ကောင်းသေးသည်ဟု အောက်မေ့သဖြင့် မော်တော်ကားဖြင့် ကလပ်ရှိရာသို့ ထွက်ခွာခဲ့ကြလေ၏။

ဇလွန်မင်းသားကြီးက လန်ဒန်မှ ပန်းချီဆရာ မစ္စတာမန်ဂန်ကို ပုံတူရေးရန် ငှားရမ်းကြောင်းကို ပန်းချီဆရာကလေး မရောက်ခင်ကပင် အရေးပိုင်က ပြောပြ၍ထားနှင့်သဖြင့် အားလုံးလိုလိုပင် ဤအကြောင်းကို ပြောဆိုနေကြလေသည်။ ရှေးယခင်က ဤသို့ ငှားရမ်းဖူးသည်ဟူ၍လည်းမရှိ၊ ပန်းချီဆရာမှာလည်း ဘိလပ်မြို့တော်က ပန်းချီဆရာဖြစ်ရကား မြိတ်ကဲ့သို့ သေးငယ်၍ သတင်းဆန်းအရောက်အပေါက်နည်းသော ဒေသမျိုးတွင် ဤသတင်းမျိုးကို အကြောင်းကိစ္စကြီးတစ်ခုအဖြစ် ဆွေးနွေးကြသည်မှာ အံ့သြစရာမဟုတ်တော့ပြီ။ ထို့ပြင် အကယ်တိ ရန်ကုန်မြို့မှာသာ ဖြစ်ပါမူ ပန်းချီဆရာကလေးကိုပင် ရှုတ်ချချင် ရှုတ်ချကြပေမည်။ မြိတ်မြို့ကား ရန်ကုန်လောက် မဆိုးဝါးလှသေးသဖြင့်သာ ပန်းချီဆရာကို အပြစ်မတင် ရှိကြသည်။ ထို့ပြင်လည်း ဇလွန်မင်းသားမှာ လူသိများ၍ လူမုန်းမရှိသောမင်းသား အထက်တန်းစားကြီး မဟုတ်ပါလော...။ ဤကလပ်ရှိ လူအပေါင်းတို့သည်လည်း ပန်းချီပညာကို အထူးတလည် မြတ်နိုးသသူ ရှုတ်ချသသူဟူ၍ မရှိရကား ဇလွန်မင်းသားကြီးက အင်္ဂလန်မှ ပညာရပ်တစ်ခုကို အမြတ်တနိုးပြု၍ အင်္ဂလိပ်လူမျိုးတစ်ဦးအပေါ်တွင် ရက်ရောစွာ သုံးစွဲမည့်အကြောင်းကို မကျေနပ်ဖွယ် အကြောင်းမရှိချေ။ သို့ကြောင့်လည်း ပန်းချီဆရာကလေးအား အာဃာတမရှိဘဲ ကောင်းမွန်စွာ ဆီးကြိုလက်ခံရန် အသင့်ရှိကြတော့သည်။

ကလပ်၏ ဘယ်ဘက်တွင်ရှိသော အခန်းမှာ စာဖတ်အခန်းအဖြစ် အသုံးပြုသည့်အခန်း ဖြစ်သည်။ အရေးပိုင်တို့ နှစ်ဦးသား



ဝင်၍ သွားကြသောအချိန်တွင် လူရွယ်တစ်ယောက်သည် မဂ္ဂဇင်းဟောင်း တစ်အုပ်ကိုကြည့်လျက် မိန်းမတစ်ယောက်အား ဝတ္ထုစာအုပ်များကို ရှာဖွေ၍ပေးနေသည်။ အရေးပိုင် ဝင်လာကြောင်း သိသဖြင့် ၎င်းလူရွယ်က မတ်တပ်ရပ်ကာ ရိုရိုသေသေပင် နှုတ်ဆက်သည်။ ထိုမိန်းမလည်း လှည့်၍ကြည့်သဖြင့် အတော်ချောမောသော မိန်းမတစ်ယောက်ဖြစ်ကြောင်း သိရသည်။

"မစ္စစ်ပူးလ် ကျွန်တော် ပန်းချီဆရာ မစ္စတာမန်ဂန်နဲ့ မိတ်ဆက်ပေးပါတယ်" ဟု အရေးပိုင်က ပြောလိုက်ရာ ထိုမိန်းမမှာ ဝမ်းမြောက်ဝမ်းသာစွာ မိတ်ဆက်ခြင်းကို လက်ခံ၍ လေးဦးသား ထိုင်ကြပြီးသော် အရက်သောက်ရန် အရေးပိုင်က မှာယူလေ၏။

"ခင်ဗျားခင်ပွန်းကော ကလပ်ထဲမှာရှိသလား"

မစ္စတာပူးလ်မှာ သတ္တုတွင်းပိုင်ရှင်တစ်ဦးဖြစ်၍ သတ္တုတွင်းများရှိရာ အရပ်တွင် အိမ်တစ်လုံးဆောက်ထားလျက် ၎င်းအရပ်သို့ မကြာမကြာ သွားရောက်၍ နေလေ့ရှိသည်။

"ရှိပါတယ်" ဟု ပြန်၍ဖြေသောအသံသည် မိမိခင်ပွန်းနှင့် နှစ်နှစ်ကာကာ ချစ်ကြည်လျက်ရှိသော ဇနီးတစ်ဦး၏အသံမျိုး မဟုတ်ဘဲ မလွှဲမကင်းသာ၍ ဖွင့်ဟပြောဆိုရသံမျိုးဖြစ်သည်။ ပန်းချီဆရာ စိတ်တွင် အတော်ချောတဲ့ မိန်းမပဲဟု အောက်မေ့၍ ပြေပြစ်အချိုးကျသော ကိုယ်လုံးကိုယ်ထည်ကိုပါ ဂရုစိုက်မိ၏။

ထိုအချိန်အတွင်း ဂျင်အရက်များ ရောက်၍လာလေရာ မင်္ဂလာစကားများ ပြောဆိုလျက် သောက်ကြရင်း-

"အလုပ်အကိုင် နေရာကျပါရဲ့လားခင်ဗျာ"

"သတ္တုတွင်း အလုပ်ကတော့ရှင်... ထုံးစံအတိုင်းပါပဲ ကျွန်မခင်ပွန်းက အထင်ကြီးတာပဲ၊ ခုတစ်ခါလည်း နေရာကောင်းတွေ့ပြန်ပြီဆိုထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားတို့ နယ်ထဲမှာပဲလား”

“ထင်ပါရဲ့ ကျွန်မ မသိပါဘူး။ နို့ပေမယ့် ခပ်များများ ကော်မယ်လို့ ပြောတာပါပဲ၊ ဟဲဟဲ ...” မစ္စစ်ပူးလ်သည် ဤသို့ ရယ်မောရင်း ပန်းချီဆရာကလေးဘက်သို့ မျက်စချီ၍ ကြည့်လိုက်ပြီး...

“မြိတ်မြို့ကို သဘောကျရဲ့လားရှင့်” ဟု လှမ်း၍ မေးပြီး စားပွဲစွန်းသို့ တံတောင်တင်လိုက်ရာ၊ သူ၏လက်မောင်းရင်းအထိသာ အဝတ်ဖုံးထားသော ပြည့်ဖြိုးသည့် လက်မောင်းကလေးသည် တင်၍ ပြလိုက်သလို ဖြစ်သွားလေသည်။

“ကျွန်တော်တော့ သိပ်သဘောကျပါတယ်ခင်ဗျာ” ဟု ပန်းချီဆရာကလေးကပြောရင်း ပြေပြစ်သောခန္ဓာကိုယ်ကို ကျေနပ်စွာ ကြည့်ရှု၍နေလေ၏။

“အစတော့ ဒီလိုထင်တာပဲ၊ နောက်တော့သာ မကြာခင် ပျင်းပြီး ရိုးသွားတတ်တာပဲ”

“ကျွန်တော့်အဖို့တော့ ဟုတ်ကောင်း ဟုတ်မယ်၊ လုပ်ဖို့ စိတ်ကူးလာတဲ့ အစီအစဉ်တွေက အများသားကိုး”

“ပန်းချီဆရာဖြစ်ရတာ သိပ်ကောင်းတာပဲနော်၊ ကျွန်မဖြင့် ရှင်လိုဆွဲတတ်ချင်စမ်းပါဘိ။ ကျွန်မတို့အဖို့တော့ တစ်နေ့ပြီးတစ်နေ့ ပျင်းစရာနဲ့ ငြီးငွေ့စရာနဲ့ ကုန်ဆုံးရတော့တာပဲ” (သက်ပြင်းတစ်ချက် ရှူလိုက်သည်)

အရေးပိုင်ကဝင်၍ “ခင်ဗျားလည်း တစ်ခါတလေ ခင်ဗျား ခင်ပွန်းနဲ့ သတ္တုတွင်းကိုလိုက်မသွားဘူးလား၊ အဲဒီလိုဆိုရင် အပြောင်းအလဲ ရတာပေါ့ဗျာ”



“အမယ်လေး သတ္တုတွင်းရောက်တော့ သာဆိုးသေးတယ် အဲဒီမှာဆိုရင် မြိတ်ဟာ အတော်ပျင်းဖို့ကောင်းတယ်၊ ကျွန်မဖြင့် တစ်နေ့အခေါက်က နောက်ကိုဘယ်တော့မှ မလိုက်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဘယ့်နှယ့် မစ္စတာမန်ဂန်ရှင်ကော သိပ်အလုပ်တွေ များနေမလား ခုအတောအတွင်း...”

“ကျွန်တော်လား ရောက်တဲ့အခါ အလုပ်ကိစ္စတွေကို အများဆုံး ပြီးနိုင်သလောက်ပြီးအောင် လုပ်ရမှာပေါ့ခင်ဗျာ ပန်းချီဆရာဆိုတာ နေရှိတဲ့အချိန်သာ လုပ်နိုင်တာကိုး”

“ဒါပေမဲ့ ဒီမှာ ခပ်ကြာကြာကလေးနေမယ် မှတ်လားရှင့်”

“ဟုတ်ကဲ့ သုံးလလောက်နေမယ် အောက်မေ့တာပဲ”

“ဒါဖြင့် အင်မတန် လှမ်းစရာကောင်းတဲ့ နေရာကလေးတွေကို လိုက်ပြရသေးတာပေါ့ရှင်”

“ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ လည်လို့ပတ်လို့ ကောင်းမယ့် နေရာတွေတော့ အင်မတန် ပေါပုံရတာပဲ”

မစ္စစ်ပူးလ်သည် မျက်နှာထားကို ခပ်ချိုချိုထား၍ “ဒီက အရေးပိုင်ကြီးက ကျွန်မတို့လူစုကို အစိုးရသင်္ဘောနဲ့ တစ်နေရာရာ ပျော်ပွဲစားပို့ဖို့ ကောင်းတယ်ရှင်၊ မစ္စတာမန်ဂန်ရဲ့ ဒီအရပ်မှာ ပင်လယ်ထဲက ကျွန်းကလေးတွေဟာ ပျော်ပွဲစားထွက်ဖို့ အလွန်ကောင်းတယ်ရှင့်၊ သင်္ဘောနဲ့ သွားရော ကိုယ်ကြိုက်တဲ့ ကျွန်းတစ်ကျွန်းမှာ သင်္ဘောကပ်ပြီး ရေချိုးကြ၊ လက်ဖက်ရေသောက်ကြ၊ နောက်ပြီး ရှင်က အရိပ်ကောင်းကောင်းမှာ ပန်းချီဆွဲ”

“ဟာဗျာ အစိုးရကို သင်္ဘောယူပြီး ပျော်ပွဲစားထွက်ဖို့ ဘယ့်နှယ့်လုပ်အကြောင်းပြမလဲ” အရေးပိုင်သည် ရယ်ရင်း မောရင်း ပင် ပြန်၍ပြောရာ–

www.burmeseclassic.com

www.burmeseclassic.com



"ကောက်ပဲသီးနှံ တစ်ခုခုသွားကြည့်မယ်လို့ ပြောကော မဖြစ်ဘူးလားရှင့်"

"ကျွန်းတွေက အများအားဖြင့် လူမှုမနေကြဘဲဗျ"

"ဒါဖြင့် ငါးကြည့်တာပေါ့ရှင်၊ ငါးလည်းအခွန်စည်းကြပ်တာပဲ မဟုတ်လား"

"ငါးဖမ်းတဲ့ တံငါကိုသာ အခွန်စည်းကြပ်တာဗျ၊ ကျွန်တော့် အစီရင်ခံစာထဲမှာ "ငါးကြည့်" သွားပါတယ်လို့ ရေးထည့်ရင် ကော်မရှင်နာမင်းကြီးက ဘယ့်နှယ့်ပြောမလဲ"

"ဘာအရေးကြီးသလဲရှင် 'ကင်ပင်ဖွဲ့' ဆိုတာ လူပေါ်ကြီးပါ ရှင်တောင် အရင်တစ်ခါက ဒီအတိုင်းကျွန်မကို ပြောပြဖူးသေးတာပဲ"

ဤသို့ပြောနေစဉ် လူရွယ်ကလေးမှာ ငြိမ်သက်စွာ နားထောင်၍ နေရာမှ စကားပြတ်သဖြင့် အရက်များထပ်၍ တိုက်ပါရစေဟုပြောရာ မစ္စစ်ပူးလ်မှာ ယခုမှပင် ၎င်းလူရွယ်ကလေးလည်း စကားဝိုင်းထဲတွင် ရှိသေးသည်ကို အမှတ်ရသဖြင့် အံ့သြစွာ ကြည့်နေမိသည်။ အရေးပိုင်မှာ အသုံးအစွဲများသော လူငယ်ကလေးများ ကလပ်ကြွေးကို ပြေလည်အောင် မဆပ်နိုင်ကြောင်း သိပြီးဖြစ်သဖြင့် ငြင်းပယ်လိုက်သည်။

ထိုအတွင်း ဖဲကစား၍နေကြသော အသင်းသားလေးဦးမှာလည်း ဖဲဝိုင်းပြီးသဖြင့် ထ၍လာကြရာ ပန်းချီဆရာကလေးနှင့် အရေးပိုင်က မိတ်ဆက်၍ပေးပြန်လေသည်။ ထို့နောက် ဘိလိယက်ခန်းဘက်သို့ ခေါ်သွားရာ၊ လူနှစ်ယောက်မှာ ဘိလိယက်ကစားနေကြ၍ ကြည့်နေသူ ၄၊ ၅ ဦးအနက် မစ္စတာပူးလ်မှာ ရာဇဝတ်ဝန်အား လူတစ်ဦးတစ်ယောက်အကြောင်းကို ရေရွတ်တိုင်တန်း၍ နေလေသည်။ အရေးပိုင်မှာ ဤအသံများကို မကြားလိုသဖြင့် ပန်းချီဆရာကလေးအား ထမင်းစားချိန်တိုင်ပြီဟု ပြော၍ပြန်ခဲ့ကြရာ မစ္စစ်ပူးလ်က ကလပ်မှထွက်၍ အရေးပိုင်သို့ "နက်ဖြန်ည ၈ နာရီမှာ ပန်းချီ



ဆရာကလေးနဲ့အတူ ကျွန်မတို့အိမ် ညစာစားကြွကြပါ။ ရာဇဝတ်ဝန်ကြီးကိုလည်း ဖိတ်ထားပါတယ်။ ကျွန်မခင်ပွန်း မနက်ကို သတ္တုတွင်းသွားမှာမို့ ကျွန်မတစ်ယောက်တည်းပဲ အိမ်မှာရှိပါမယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ လာပါ့မယ်" ပန်းချီဆရာကလေး ပျင်းနေမည်စိုး၍ အရေးပိုင်သည် ထမင်းစားဖိတ်သည်ကို လက်ခံလိုက်လေသည်။

"ကဲ ဒါဖြင့် ၈ နာရီတိတိ" ဟုပြော၍ ပန်းချီဆရာကလေးကို ပြုံးရွှင်စွာ လှမ်း၍ကြည့်လိုက်ရာ "ကောင်းပါပြီ" ဟု ဆို၍ ကားပေါ်တက်ပြီး အိမ်ပြန်ခဲ့ကြသည်။

ထမင်းစားရင်း ပန်းချီဆရာကလေးက နက်ဖြန်အတွက် အစီအစဉ်များကို မေးရင်းက–

"နက်ဖြန်မှာ မင်းသားကြီး ဒီကိုလာမယ်ဆို၊ ကျွန်တော် လုပ်ရမယ့်အလုပ်က ဘာတဲ့လဲဗျာ"

"ဒီအကြောင်း မင်းသားကြီးနဲ့ သေသေချာချာ ပြောမကြည့်ရသေးပါဘူး၊ နို့ပေမယ့် ကိစ္စက ဒီလိုနဲ့တူတယ်ဗျ၊ သူ့မှာ သမီးတစ်ယောက်ရှိတယ်"

"ဩော် ဟုတ်လား"

"ကျွန်တော်လည်း တစ်ခါပဲမြင်ဖူးတာပဲ၊ တစ်နေ့ကမှ အင်္ဂလန်က ပြန်လာတာ"

"အင်္ဂလန်က"

"ဟုတ်တယ် ဘိလပ်သွား စာသင်ပြီး လန်ဒန်ယူနီဘာစီတီက ဒီဂရီရခဲ့တာပဲ"

"အို သိပ်ဆန်းတာကိုး၊ ဒါဖြင့်သူနဲ့ကျွန်တော် တစ်မြို့တည်း နေပြီး မသိကြဘဲ ဒီကိုကျွန်တော်ရောက်လာတာပေါ့၊ သူ့ကိုကော ပုံတူရေးရအုံးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း… သူလည်းပါမယ်ပေါ့ဗျာ"

"ဘယ်လိုမိန်းကလေးမျိုးလဲဗျ"

"သေသေချာချာတော့ မတွေ့ဖူးဘူး၊ အင်္ဂလိပ်စကား ရည်ရည်မွန်မွန် ပြောတတ်တယ်၊ နောက်ပြီး ပျော်ပျော်ပါးပါး နေတတ်ပုံရတယ်"

"သူ့ရုပ်က ဘယ်လိုနေသလဲ"

"မြန်မာ့မျက်စိနဲ့တော့ အတော်ချောတဲ့ မိန်းကလေးပေါ့ဗျာ"

"ဒါဖြင့်ဗျာ ကျွန်တော့် အိပ်မက်ထဲက မိန်းကလေးများ ဖြစ်နေရောမလား"

"ဟုတ်တယ်ဗျို့ ဒါပေမဲ့ ဒီတစ်ခါတော့ အကောင်အထည်နဲ့ တွေ့ရတော့မှာမို့ မျက်နှာကို ခင်ဗျားဘက် လှည့်စေချင်ရင်လည်း ရပြီ"

"သူ့နာမည်က ဘယ်သူတဲ့လဲဗျ"

"သူတို့လို အတန်းအစားတွေမှာ နာမည်တွေတော့ အများကြီးပေါ့ဗျာ၊ နို့ပေမယ့် တကယ့်နာမည်ရင်းကတော့ 'နတ်ရှင်မယ်' တဲ့ မင်းမျိုးမင်းနွယ်တွေ မှည့်တတ်တဲ့ နာမည်ပါပဲ"

"နာမည်လေး တယ်သဘောကျတယ်ဗျာ၊ နို့ပေမယ့် သူက အနောက်နိုင်ငံပြန်ဆိုတော့ သိပ်မိုလ်ဆန်နေမှာပဲ"

"ဒါအတွက် ကိစ္စမရှိပါဘူး"

"ကျွန်တော်က မြန်မာအမူအရာအစစ် မတွေ့ရမှာ စိုးတာကြောင့်ပါ"

"ရုပ်ပုံဆွဲလိုက်ရင်တော့ အတော်ချောမှာပါပဲ"

"တခြားဘယ်သူ့ပုံတွေ ဆွဲရဦးမှာတဲ့လဲဗျ"

"သူ့အမေရှိတယ်ဗျာ ပြီးတော့ နတ်ရှင်မယ်နဲ့ ကြောင်းလမ်းထားတဲ့လူကိုလည်း ဆွဲရလိမ့်မယ်ထင်တယ်"



"ဩော်… လက်ထပ်တော့မှာတဲ့လား"

"သူတို့ပြောဆိုထားကြပြီပဲ"

"ဒီမြိတ်က လူတစ်ယောက်နဲ့ပေါ့"

"မြိတ်ကတော့ မဟုတ်ဘူး၊ အစိုးရအမှုထမ်းပဲ အခုတော့ အထက်မြန်မာပြည်မှာ အလုပ်နဲ့နေတယ်၊ မကြာခင်ပဲ လာလိမ့်မယ်ထင်ပါရဲ့"

နတ်ရှင်မယ်မှာ ကြောင်းလမ်းပြီး ဖြစ်ကြောင်းကို ကြားရသဖြင့် ပန်းချီဆရာကလေးမှာ စိတ်ပျက်၍သွားသည်ဟု မဆိုနိုင်စေကာမူ များစွာ စိတ်ပါလက်ပါ မရှိတော့ပေ။ အကြောင်းသော်ကား ပန်းချီဆရာကလေး နားမလည်သော မြန်မာပြည်ကို နတ်ရှင်မယ်သည် ကူညီရှင်းလင်းပေးလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ယခုကဲ့သို့ဆိုသော် ပန်းချီဆရာလို လူတစ်ဦးကို အရေးတယူဂရုတစိုက် အပေါင်းအသင်းပြုလျက် ဖော်ရွေစွာ အရောဝင်တော့မည်မထင်ပေ။

"ခင်ဗျား ဒီလူကို တွေ့ဖူးပြီလား"

"ဟုတ်ကဲ့ ခင်ဗျားတို့လောက် ရှိသေးတာပဲ၊ နတ်ရှင်မယ် ဘိလပ်က ပြန်လာတုန်းက သူခွင့်ယူပြီး မြိတ်မှာ တစ်ရက်နေသွားတယ်၊ ရုံးကိုလာလို့ ကျုပ်လည်းတွေ့လိုက်တာပဲ"

"အနို့ ဘယ်လိုလူလဲဗျ"

"လူကောင်းကလေးပါပဲ၊ ဖျတ်လတ်ပါတယ်၊ ဝတ်တာစားတာလည်း သပ်သပ်ရပ်ရပ်ပဲ"

"ပုံဆွဲရရင်တော့ လှမယ့်လူပဲလား"

"တယ်မထင်ဘူး သင့်ရုံနေမှာပဲ"

ထို့နောက် ပန်းချီဆရာကလေးက ခေတ်မီသော မြန်မာများအကြောင်းကို ဆက်လက်မေးပြီးလျှင်–

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အနောက်နိုင်ငံစနစ်တွေ အတုခိုးနေကြရင် ဘာသာတရားတော့ကောဗျာ"

"ဒါလည်း အတော်ဆန်းတယ်ဗျ ဘာလို့လည်းဆိုတော့ ခုအနောက်နိုင်ငံက လောကဓာတ်ဆရာတွေရဲ့ အယူအဆတွေက ဗုဒ္ဓဘာသာတရားနဲ့ အဆင်ပြေနေကြတယ်၊ သူတို့အဘိဓမ္မာနဲ့ ကျွန်တော်တို့ လောကဓာတ်ပညာနဲ့ အင်မတန်ယှဉ်နေတာပဲ၊ ဥပမာ သူတို့ဗုဒ္ဓဘာသာတရားထဲက ရုပ်ဝတ္ထုတွေဟာလည်း အဖြစ်အမျိုးမျိုး ပြောင်းလဲနေတာပဲဆိုတာဟာ ကျွန်တော်တို့ လောကဓာတ်ပညာနဲ့ ထပ်တူလာကျတာပဲ၊ ဒါ့ကြောင့် ခေတ်ဆန်တဲ့လူတွေက ဗုဒ္ဓဘာသာကို တိုးပြီး ယုံကြည်ကြတယ်"

ထမင်းစားရင်း စကားပြောရာမှ အဆက်မပြတ်သဖြင့် ဧည့်ခန်းတွင်ထိုင်ရင်း စကားဆက်ကြပြန်ရာ ၁၀ နာရီထိုးတွင် အိပ်ချင်လွန်းသဖြင့် စကားစကို ဖြတ်လိုက်ရတော့သည်။

"ကဲ အပေါ်ထပ်တက်ဗျို့၊ အဲဒီအခန်းထဲမှာ ပြည့်စုံအောင် ပြင်ထားပါလိမ့်မယ်၊ လိုတာရှိသေးရင်လည်း ဘဏ္ဍာစိုးကို ခေါ်တောင်းပါ။ သူတော့ မူးနေလိမ့်မယ်၊ ဒါပေမဲ့ အင်္ဂလိပ်စကား တတ်ပါတယ်"

ပန်းချီဆရာကလေး အပေါ်ထပ်သို့ တက်သွားပြီးနောက် အရေးပိုင် ဒဲလားဟုသည် ရုံးအလုပ်များကို တစ်နာရီခန့် လုပ်ပြီးမှ အိပ်ရာဝင်တော့သည်။

❑

## အခန်း (၄)

# ပြိန်းမ

နံနက် ၆ နာရီတွင် ဘဏ္ဍာစိုးသည် လက်ဖက်ရည် လင်ပန်းနှင့် ဝင်၍လာရာ၌ ပန်းချီဆရာကလေးမှာ နိုးနှင့်လေပြီ။ အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းမှ ကုလားတက်ခေါက်သံနှင့် နံနက်ခင်း လေပြေလေညှင်းကြောင့် စေတီတော်တို့မှ လှုပ်ရှားနေသော ဆည်းလည်းသံတို့ကို အိပ်ရာထဲမှ နားစွင့်နေမိသော ပန်းချီဆရာကလေးမှာ ကြည်နူးနှစ်သိမ့်၍ နေတော့၏။ တဖြည်းဖြည်း လင်းသည် ထက်လင်း၍ လာသောအခါတွင်ကား ဈေးဖွင့်ပြီဖြစ်၍ မြို့ထဲမှ ဝယ်ကြ ရောင်းကြသော အသံများသည် အရေးပိုင်အိမ်ကုန်းသို့ ရောက်၍လာကြတော့၏။

လက်ဖက်ရည်တစ်ခွက်ကို သောက်ပြီးနောက် အိပ်ရာမှထပြီး လန်းလန်းဆန်းဆန်းပင် ပြတင်းပေါက်သို့ လျှောက်ခဲ့ရာ ရှေ့ဘက်မှ နေရောင်သည် အိမ်၏အနောက်ဘက်တွင်ပင် ရှိသေးသည်။ သို့သော် တောင်ရိပ်ကျသောမြို့မှာ ထိုးဖောက်လာသော အလင်းရောင်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခင်း၍ ပြထားသလို ရှိတော့၏။ မြိတ်မြို့မှာ သက်ငယ်မိုး၊ သွပ်မိုး၊ အုတ်ကြွတ်မိုးအိမ်တို့ဖြင့် မြောက်ဘက် တောင်ခါးပန်းအထိ ရှည်လျားသွား၍ ပန်းဥယျာဉ်တို့ဖြင့် လှပတင့်တယ်လှပေ၏။ သင်္ဘောဆိပ်မှာ အိမ်မှ ခဲတစ်ပစ်လောက်သာ ဝေးမည်ထင်ရ၍ ဒီရေတက်စဖြစ်သဖြင့် လှေ၊ သမ္ဗန်၊ ပိန်းကော စသည်တို့မှာ ကမ်းမှခွာရန် ရွက်တပြင်ပြင်နှင့် ရှိကြလေပြီ။ တစ်ဘက်ကမ်းရှိ ပထော်ကျွန်းတွင်လည်း အမွှာညီနောင် တောင်နှစ်လုံးမှာ ကနစိုး၊ ဒူးရင်း၊ မင်းဂွတ်ပင်များဖြင့် ဖုံးအုပ်လျက် တောင်ထိပ်တွင် စေတီတော်ဖွေးဖွေးသို့ တက်ရန် စောင်းတန်းကြီးကိုပါ မြင်ရသည်။ ပထော်ကျွန်းသာမက နောက်ဘက်ရှိ 'ဘုရင်' ကျွန်းမှာလည်း ပြာလဲ့လဲ့ မိုးကောင်းကင်တွင် ပေသုံးထောင် မြင့်သဖြင့် အထက်သို့ တိုးတက်၍နေလေသည်။ မိုးကုတ်စက်ဝိုင်းဆီရှိ သံကျွန်းကိုလည်း အရေးပိုင်အိမ်ကုန်းမှ မြင်ရသည်ဖြစ်ရာ တက်သစ်စ နေရောင်တွင် ရေမျက်နှာပြင်ကပါ အရောင်လက်နေပြန်သဖြင့် မြင်ရသောကျွန်းများမှာ အထက်သို့ ပျံတက်တော့မယောင် အောက်မေ့ရပေသည်။

ဤမျှလှပသာယာသော ရှုခင်းကို မြင်ရသော ပန်းချီဆရာ၏ စိတ်သည်ကား သြကာသလောက၏ သဘာဝမွေအတိုင်း သာယာပြေပြစ်သော အဆင်အပြင်ကို မိမိတတ်စွမ်းသည့် ပညာဖြင့် အဝတ်ကားပေါ်သို့ ပြောင်း၍ပစ်ချင်စိတ်များ ယိုဖိတ်၍လာတော့သည်။

အဝတ်အစား လဲပြီး၍ အိမ်အောက်ထပ်သို့ဆင်းလျက် အရေးပိုင်နေရာ အခန်းဆီသို့လာရာ ဧည့်သည်များ ရောက်နှင့်နေသည်ကို တွေ့ရပေ၏။ ဧည့်သည်တို့မှာ အများအားဖြင့် မှုခင်းကိစ္စရှိကြသော တောသူတောင်သားများဖြစ်၍ လက်ဆောင်အဖြစ် သစ်သီးပန်းမန်များကို တတ်အားသ၍ ယူဆောင်လာကြသည်ကို တွေ့ရ



ပေ၏။ အချို့မှာ ဖျာပေါ်မှာ ငြိမ်သက်စွာထိုင်လျက် အချို့လည်း ဆင်ဝင်တွင်ရပ်လျက် အရေးပိုင်နှင့် တွေ့ရန် စောင့်ဆိုင်းနေကြလေသည်။ အရေးပိုင်၏ လက်စွဲတော် မောင်စုကား ဧည့်သည်များကို အရေးပိုင်ရှေ့သို့ တစ်ယောက်ပြီးတစ်ယောက် ခေါ်ဆောင်၍သွားရသူဖြစ်လျက် ပန်းချီဆရာကလေး၏ရှေ့သို့ ဖြတ်တိုင်း ခေါင်းငုံ့ရသည်မှာ အမောပင်။

"မင်းသားကြီး ခုပဲ လာလိမ့်မယ်ထင်တယ်ဗျ။ လာထိုင်လှည့်ဦးလေ၊ ခင်ဗျား ဒီလူတွေကို တွေ့ရတာလည်း သဘောကျစရာကောင်းပါလိမ့်မယ်။ ဟောဒီလူကြီးဟာ ယိုးဒယား မြန်မာနယ်စပ်က သူကြီးတစ်ယောက်ပေါ့၊ သူ့နယ်မှာ ဒီနှစ် ဆင်ရိုင်းတွေဟာ အခင်းတကာ ဝင်ဝင်ပြီး ဖျက်ဆီးလွန်းလို့ အခွန်တော် လွတ်ငြိမ်းခွင့်ပေးဖို့ လာလျှောက်တာပဲ"

သူကြီးဆိုသူမှာ နောက်လိုက်တပည့်နှစ်ယောက်ဖြင့် ကြမ်းပေါ်တွင် ဒူးတုပ်၍ထိုင်နေရာ ပန်းချီဆရာကလေး၏မျက်စိတွင် ပါးရေတွန့်နေသော ပကတိရိုးသားသည့် အဘိုးကြီးမျက်နှာနှင့်တကွ အနေအထိုင်တို့ပါ တောဓလေ့စရိုက် ပေါ်လွန်းလှလေသည်ဟု အောက်မေ့မိသည်။ ယခုကဲ့သို့ အချိုးအစားမျိုး အင်္ဂလန်တွင်ကား မမြင်ရတော့ပြီ။ စူးစူးစိုက်စိုက် အကဲခတ်ရင်း သဘောကျ၍ နေမိစဉ် ဆင်ဝင်သို့ ကားတစ်စီး ဝင်၍လာသံ ကြားသဖြင့် အရေးပိုင်က သူကြီးအဖိုးကြီးအား သွားခွင့်ပြုလိုက်တော့သည်။

ကားနှင့်လာသူမှာ မင်းသားကြီးပင်ဖြစ်၍ အမိန့်ရပြီးဖြစ်သော မောင်စုက အခန်းအတွင်းသို့ ခေါ်ဆောင်၍လာခဲ့လေ၏။ အသက် ၆၅ နှစ်ခန့် ဆံပင်များဖြူ၍ အသားညိုညို မျက်လုံးကောင်းကောင်းနှင့် မင်းသားကြီး ဝင်၍လာတော့သည်။ ဝတ်စား၍ထားပုံမှာ ခေါင်းပေါင်းဖြူ ဖော့လုံးကိုပေါင်း၍ ပိတ်အင်္ကျီကိုဝတ်လျက် တောင်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးကြီးနှင့်ဖြစ်ရာ ရေးကအဝတ်အစားနှင့် မင်းသားကြီး၏ ပုံပန်းမှာ တည်ကြည်ခံ့ညားလှပေ၏။

မင်းသားကြီးက မြန်မာလိုပြောသဖြင့် အရေးပိုင်က ပန်းချီဆရာကလေးအား ဤသို့ ခရီးအဝေးကြီးမှ လာရောက်သဖြင့် များစွာကျေးဇူးတင်ကြောင်း ဘာသာပြန်၍ ပြောပြပြီးနောက် မည်သည့်အချိန်တွင် အလုပ်စ၍ လုပ်လိုကြောင်းကိုမေးရာ ပန်းချီဆရာကလေးမှာ ယနေ့အဖို့ မိမိပစ္စည်းများကို နေသားတကျ ပြင်ဆင်ရဦးမည်ဖြစ်၍ နက်ဖြန်နံနက်တွင်မှ စ၍ဆွဲလိုကြောင်းပြောရာ…

"ဒါဖြင့် နက်ဖြန် ဒီအချိန်လောက်လာပါ၊ ကျုပ်ပုံကို အရင်စဆွဲတာပေါ့၊ ပုံဆွဲခံရင်းကမှ မောင်နဲ့တခြားကားတွေအတွက်လည်း စကားပြောကြတာပေါ့၊ ကျုပ်သမီးက အင်္ဂလိပ်စကား ကောင်းကောင်းပြောနိုင်တာပဲ၊ သူစကားပြန် လုပ်ပါလိမ့်မယ်"

ထို့နောက် အခြားအလုပ်ကိစ္စများ ရှိနေသည်နှင့် စကားကိုကြာရှည်စွာ မပြောတော့ဘဲ မင်းသားကြီး ပြန်၍သွားလေ၏။ ပန်းချီဆရာကလေးမှာ မင်းသားကြီးကို ခဏပင် တွေ့လိုက်ရလင့်ကစားများစွာ အကဲခတ်မိလေသည်။

အသက်အရွယ် နှပျိုစဉ်ကမူ လူချောလူရည်သန့်ထဲမှ ဖြစ်ပုံရလျက် ယခုကဲ့သို့ ကြီးရင့်သော အရွယ်တွင်ကား မင်းသားကြီး၏ မျက်နှာသည် လှပချောမွေ့သည်ထက် မေတ္တာစိတ်ထားခြင်း၊ သူတစ်ပါးအပေါ်တွင် သနားကရုဏာရှိတတ်ခြင်းနှင့် ရက်ရောခြင်းများ အားကြီးသည့် ပုဂ္ဂိုလ်ဖြစ်ရမည်ဟု အောက်မေ့မိသည်။

နံနက် ၁၀ နာရီခန့်တွင် ထမင်းစားကြရင်း အရေးပိုင်က "ကျုပ်ရုံးကို ၁၁ နာရီလောက်မှာ သွားရမယ်။ ညနေတော့ ၄ နာရီမှ ပြန်ခဲ့ရမှာပဲ၊ နေ့ခင်းမှာ ခင်ဗျားဆာရင် ဘဏ္ဍာစိုးရှိပါတယ်။



အားမနာပါနဲ့၊ ခုလို ခင်ဗျားချည်း ပစ်ထားခဲ့ရတဲ့အတွက်တော့ စာထဲလည်း ပထမက ရေးခဲ့ပြီးမို့ ခွင့်လွှတ်ဗျာ"

"ဒီအတွက် စိတ်မကောင်းမရှိပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့လို စိတ်ကူးယဉ်တဲ့လူမျိုးဆိုတာ သူတို့ချည်း တိတ်တိတ်ဆိတ်ဆိတ်နေရ လေကြိုက်လေပေါ့"

ဤသို့ပြောဆိုကြပြီးနောက် ၁၁ နာရီလောက်တွင် အရေးပိုင်သည် သူ့ရုံးသို့ ထွက်သွားလေရာ၊ ပန်းချီဆရာကလေးမှာ အိမ်ပေါ်မှ မျက်စိတဆုံး ကြည့်၍နေရစ်လေ၏။ ရုံးမှာ အမှန်စင်စစ် အိမ်နှင့်ကိုက် ၂၀၀ ခန့်သာ ဝေးလေသည်။ ပိုးအင်္ကျီ၊ ပိုးဘောင်းဘီ နံ့သာရောင်နှင့် မို့မို့မားမားရှိသော အရေးပိုင်ကို တပည့်ကျော် မောင်စုက နောက်နားမှ တစ်လှမ်းခန့်ခွာ၍ ထီးမိုးပေးလျက် လိုက်ရသည်။ သူတို့၏နောက်တွင် အမှုတွဲဖိုင်များ ကြိမ်ခြင်းများကိုကိုင်လျက် တပည့်နှစ်ယောက်က လိုက်ကြသည်။ ပန်းဖြူပွင့်တွေ ဝေ၍နေသော ပန်းရုံအောက် ဝင်းတံခါးပေါက်မှထွက်၍ ရုံးသို့တက်သွားသောအခါ အမှုကိစ္စရှိသောသူများသည် ရုံးခန်းအတွင်းသို့ သူ့ထက်ငါ ဝင်ရောက်ကြလေတော့၏။ မြိတ်မြို့ကဲ့သို့ မြို့ငယ်ကလေးတစ်ခုတွင် တိုက်ရိုက်အုပ်စိုးသကဲ့သို့ မြို့သူမြို့သားနှင့်အစိုးရ ရင်းနှီးစွာ ဆက်ဆံနိုင်ကြသည်။ ယခုအရေးပိုင်ကဲ့သို့ သဘောကောင်းခြင်း၊ အရေးတယူပြုခြင်း၊ ဖော်ရွေခြင်းရှိသောသူကိုရလျှင် အစိုးရနှင့် တိုင်းသူပြည်သား ကျေနပ်အေးချမ်းစွာ ရှိလေတော့၏။

ထိုနေ့တစ်နေ့လုံးတွင် ပန်းချီဆရာကလေးသည် မိမိ၏ ပုံဆွဲကိရိယာ တန်ဆာပလာများကို အထုပ်မှဖြေ၍ အဆင်သင့်ဖြစ်စေရန် အဝတ်စကို ပုံဆွဲခုံပေါ်တွင် မှိုဖြင့်စွဲ၍ထားခြင်း၊ စုတ်များ၊ ဆေးများ၊ ခွက်များကို အားလုံးအဆင်သင့်ဖြစ်အောင် ဆေးကြောပြုပြင်၍

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြင့် ကျေနပ်နှစ်သိမ့်စွာ အလုပ်များ၍နေတော့သည်။ ထို့နောက် မင်းသားကြီး၏ သမီးတော် နတ်ရှင်မယ် မင်းသမီးလေးကို သတိရသဖြင့် တွေးမိရာ "အိပ်မက်ထဲက ငါ့မိန်းကလေးပုံဟာ ဒီ မင်းသမီး နတ်ရှင်မယ်ဆိုတာများ ဖြစ်ကရော့လား၊ အဲဒီလိုဆိုရင် သူ့ပုံကို ငါဆွဲဖူးပြီးသားပေါ့။ အင်းလေ မြင်ရတော့မှ မဟုတ်ဘူး, ဟုတ်တယ်ဆိုတာသိမှာပဲ၊ ဟာ... သိချင်မှသိမှာပါ၊ သူနဲ့ ရင်ဆိုင် တွေ့ရမှာဆိုတော့ စိတ်ထဲယှဉ်ကြည့်စရာကလည်း အိပ်မက်တုန်းက မျက်နှာမှမမြင်ရဘဲ၊ နို့ပေမယ့် အိပ်မက်တုန်းက အနေအထားမျိုးနဲ့ အထိုင်ခိုင်းကြည့်ရရင်တော့လည်း မှတ်မိနိုင်တာပဲ၊ ဒါကလည်း အခက် သားပဲလေ၊ ဟိုတုန်းက အရေးတယူ ဆွဲရတဲ့ပုံက ကိုယ်နေလက်ထား ထက် သူ့စိတ်နေစိတ်ထားကို ပေါ်လွင်အောင် ဆွဲမိတာပဲ၊ ငါအရင် တုန်းက မြင်ရတာက စိတ်ပျက်ညှိုးငယ်နေတဲ့ ဟန်အမူအရာမျိုးကို ဆွဲတာ၊ ဒီအိပ်မက်နှယ်နော် ဆန်းတော့အဆန်းသား ရိုးရိုးမက်တာမျိုး မဟုတ်ပါဘူး။ မြန်မာပြည်ဆိုတာ အမြီးနဲ့လား၊ အမောက်နဲ့လားလို့ ငါမသိခင် ငယ်ငယ်ကလေးက မြန်မာပြည်ကို ထင်ထင်ရှားရှား မြင်ရအောင် ပြပေတာပဲ၊ ဒီအိပ်မက်ကြောင့် ငါ မြန်မာပြည် ရောက်ရ တာပေါ့။ ဟယ်... တွေ့တွေ့ မတွေ့တွေ့ ငါ့အလုပ်က ပုံတူဆွဲခိုင်း တာတွေ ပြီးအောင်ဆွဲပြီး ကိုယ်လိုချင်တဲ့ ရှုမျှော်ခင်းကားကလေး ဆွဲဖို့ပဲ၊ ငါ့ဒီအလုပ်တွေပြီးရင် လန်ဒန်ကို ပြန်ရမှာ၊ ဟိုမှာမှ ငါ့ အနာဂတ်ဟာ ရှိနေတာ မဟုတ်လား" ဟု တစ်ယောက်တည်း အောက်မေ့လျက် ကိရိယာတန်ဆာပလာများကို စိတ်ပါလက်ပါ ပြင်ဆင်၍နေတော့၏။

လေးနာရီတွင် အရေးပိုင် ရုံးဆင်း၍လာသဖြင့် နှစ်ဦးသား လက်ဖက်ရည်များ သောက်ပြီးနောက် မြို့တွင်းသို့ လမ်းလျှောက် သွားရန် တောင်ဘက်တံခါးမှ လမ်းမကြီးထဲသို့ လာခဲ့ကြလေ၏။



"ဒီဟာ ပေါ်တူဂီတွေနေတဲ့အရပ်ပဲ" ဟု အရေးပိုင်က ပြော ပြ၏။ ဆက်လက်ပြီးနောက် "ထူးဆန်းတာက သူတို့တစ်တွေ မြန်မာ ပြည်ကိုရောက်တော့ အာမေးဒါး စစ်ပွဲမဖြစ်သေးဘူးဗျ။ နို့ပေမယ့် ခုရှိနေတဲ့ သူတို့အဆက်အနွယ်တွေဟာ မျက်နှာပုံပန်းလည်း မပျက် ဘူး၊ နောက်ပြီး ရှေးရှေးက ဘိုး၊ ဘေး၊ ဘီ၊ ဘင် ပေါ်တူဂီကြီးတွေရဲ့ နာမည်တွေနဲ့ပဲ ခုရှိကြသေးတယ်။ ဟောဟိုက မိန်းကလေးဟာ 'ဒါစုန်းနား' တဲ့ သူ့နာမည်၊ ရာသီဥတု ပြောင်းလဲပြီး တိုင်းရင်းသား သွေးတွေနဲ့ အထပ်ထပ် ရောခဲ့ဖူးပါရဲ့နဲ့ ခုထိ ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ပေါ်တူဂီပုံပန်း အသွင်အပြင် မပြောင်းသေးဘူး"

"ကျွန်တော်တို့သာ သူတို့လို အနှစ် ၄၀၀ လောက်က ရောက်နေရင် ဘယ်လိုရုပ်မျိုးတွေများ ဖြစ်ကုန်မှာပါလိမ့်နော်"

"ခပ်ဆန်းဆန်းနေမှာပေါ့ဗျာ"

"အင်္ဂလိပ်တွေနဲ့ မြန်မာတွေနဲ့ လက်ထပ်ကြရင် ကြည်ကြည် ဖြူဖြူပဲလား၊ လူမျိုးကွဲပဲဆိုပြီး ငြိုငြင်သေးသလား"

"အငြိုအငြင် ရှိတာပေါ့ဗျာ"

"ငြိုငြင်တဲ့ အဓိကအကြောင်းကကောဗျာ"

"ဒါကတော့ လူမျိုးခြားတယ်၊ မခြားဘူးဆိုတာ အယူသီးမှု မသီးမှု အဓိကပါပဲ"

"ကျွန်တော်ကတော့ လူမျိုးဆိုတဲ့ အစွဲမရှိပေါင်ဗျာ"

"ကျွန်တော်လည်း ခင်ဗျားလိုပဲ သူ့လူမျိုး ငါ့လူမျိုးဆိုတာ နိုင်ငံရေးတစ်မျိုးပဲလို့ကို ထင်မိတယ်"

ဤသို့ စကားတပြောပြောဖြင့် မြန်မာပြည်သို့ ရှေးဦးစွာ ရောက်သော ပေါ်တူဂီတို့ တည်ဆောက်ခဲ့သည့် ဘုရားရှိခိုး ဇရပ်ကို လွန်ခဲ့ပြီးနောက် ပင်လယ်ကမ်းဘက်ဆီသို့ လာခဲ့ကြရာ အရေးပိုင်က-

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ မြို့အယောင်းဆုံး အပိုင်းပေါ့ဗျာ၊ ဆင်မြူရယ်ဝို့က်ရဲ့အိမ်ဟာ ဒီအနီးအနားတစ်ဝိုက်နေမှာပဲ၊ အသတ်ခံရတာလည်း ဟောဒီ အနားဆီနေလိမ့်မယ်"

"ခု ခင်ဗျားပြောနေတဲ့လူဟာ ကျွန်တော် သင်္ဘောပေါ်ကဆင်း စကားပြောတဲ့လူလား၊ ဒီတောင်ကုန်းကြီးဟာလည်း တစ္ဆေခြောက်တယ်ဆိုတာလား၊ အင်္ဂလိပ်တွေဟာ တစ္ဆေဖြစ်ပြီး နှစ်ပေါင်းရာထောင် ရှိနေမယ်ဆိုတော့ ဆန်းတော့ အတော်ဆန်းတာပဲဗျာ"

"အင်္ဂလိပ်တစ္ဆေတွေဟာ အိမ်တော့ အတော်လွမ်းကြမှာပဲဗျို့" ဟု အရေးပိုင်က ရယ်မောရင်းပြောရာ–

"ခင်ဗျား တစ္ဆေရှိတယ်ဆိုတာ တကယ်ယုံသလား"

"ဟာဗျာ သူတို့တစ်တွေရှိနေတော့ အဖော်ရတာပေါ့ မြိတ်လိုနေရာမှာ သူတို့သာမရှိရင် ကျုပ်လည်း ပျင်းနေမှာပဲ တော်ပါစို့ဗျာ အလကားဟာတွေပါ"

"အနို့ ခင်ဗျားပြောတဲ့ လမ်းလျှောက်ပြတယ်ဆိုတာကကော"

"ကျွန်တော့်အိမ်ကိုက ခြောက်တယ်ဗျာ့"

"ခင်ဗျားကိုယ်တိုင် တွေ့ဖူးတာပေါ့"

"အသံကြားရတာပါ၊ မမြင်ရပါဘူး"

"ဘယ်လိုကြားရသလဲ ပြောစမ်းပါအုံး"

"ငိုသံ ညည်းသံပေါ့"

"ဒါပဲလား"

"ကျွန်တော့်အိမ်တည်းတဲ့ ဧည့်သည်တစ်ယောက်ကတော့ ကိုယ်တိုင်မြင်ရသတဲ့၊ တစ်ခါတလေ တစ်တောင်လုံး သိမ့်သိမ့်ခါတာကိုတော့ ကျွန်တော်လည်း တွေ့ဖူးပါရဲ့"



ဤသို့ ပြောနေကြသည့်အချိန်မှာ ရေစပ်နားတွင် ရပ်နေကြစဉ်ဖြစ်၍ နေမင်းသည် ကျွန်းကလေးများပေါ်တွင် ဝင်တော့မည်သို့ မေးတင်လျက် ရှိနေလေပြီ။

"မင်းသားကြီးအိမ်က ဟောဟိုဘက်ဆီမှာပဲဗျ။ ကျွန်တော်တို့ ခုချိန်မှသွားရင် မိုးချုပ်သွားလိမ့်မယ် နေလုံးလုံးမဝင်သေးခင် မြို့ကို နဲ့အောင် လျှောက်ကြည့်ရအောင်"

ညာဘက်သို့ ချိုးခဲ့ပြီး ကမ်းနားတစ်လျှောက်ကို လာခဲ့ရာ မြန်မာများ အများအပြားနှင့် တရုတ်၊ ကုလား၊ ပသျှူး အစရှိသော လူမျိုးစုံတို့ကိုလည်း တွေ့ရသည်။ ၎င်းတို့တွင် လမ်းသွားလမ်းလာများကို ရောင်းရန် ပစ္စည်းအမျိုးမျိုး ပါလေရာ ခရုအမျိုးမျိုး၊ ကနုကမာ အမျိုးမျိုး၊ ယောက်သွားများအပြင် ငါးကြီးအန်ဖတ်၊ ငှက်သိုက်၊ ပင်လယ်ပက်ကျိ၊ ပုလဲ အစရှိသဖြင့် လိုချင်စဖွယ်များကို ပြသ၍ နေကြသည်။

နှစ်ယောက်သားသည် ကနုကမာများကို ငွေဖြင့်ကွပ်၍ အသုံးအဆောင် အမျိုးမျိုးလုပ်သောဆိုင်များကို ကျော်လွန်၍ လျှောက်ခဲ့ရာ ကမ်းပါးမြင့်မြင့်ကြီးအနီးရှိ အိမ်ရှေ့ရေတွင်းနှင့် အိမ်တစ်အိမ်သို့ ရောက်လေ၏။ အရေးပိုင်သည် အိမ်ရှင်လူကြီးနှင့် စကားပြော၍နေသည်။ ထိုလူကြီး၏ သမီးကား ဈေးထဲတွင် ဆိုင်တစ်ဆိုင်ရှိသည်။ ပန်းချီဆရာကလေးသည် ရေတွင်းကို ငုံ့၍ကြည့်ရာ အုတ်ကြားတစ်လျှောက်၌ ဥရင်ကောက် သစ်ပင်ကလေးများပေါက်လျက် ရေတွင်းထဲတွင်ကား ငါးကြီးတစ်ကောင် သွား၍နေသည်ကို မြင်ရလေ၏။

"ဟာ ဒီထဲမှာ ငါးကြီးတစ်ကောင်ပါလား" ဟု ပန်းချီဆရာကလေးက အလန့်တကြားအော်၍ ပြောလိုက်ရာ အရေးပိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြည့်ရှုပြီးနောက် အိမ်ရှင်အား "ဘယ့်နှယ့်လုပ် ထည့်ထားသလဲ" ဟုမေးရာ–

"မောင်ဂျင်မီကို မွေးထားတာကြာပါပြီ" ဟုဖြေ၏။

ထိုအတွင်း အိမ်ရှင်၏သမီး ပါးစုံ့ကလေးနှစ်ဖက် ခပ်ဖောင်းဖောင်းရှိသော မိန်းကလေးတစ်ယောက်သည် ရေချိုးပြီးစ အင်္ကျီဒိုဘီချနှင့် ထွက်၍လာပြီး–

"မောင်ဂျင်မီက ရေကိုသန့်ရှင်းအောင် လုပ်ပေးတယ်ရှင့် ရေထဲရှိတဲ့ ပိုးလောက်လန်းတွေ ဘာတွေကို သူက စားပစ်တာပဲ"

"ခင်ဗျားတို့ သူ့ကို ချက်မစားတော့ဘူးလား"

"အို သနားပါတယ်၊ ချစ်လို့မွေးထားတာပဲ"

"ဒီငါးကို ဂျင်မီလို့ ဘာလို့ခေါ်တာလဲ"

ယောက်ျားကြီးမှာ အားတုံ့အားနာ ဘာပြောရမှန်း မသိသလိုနေစဉ် သမီးဖြစ်သူက "သိပ်သဘောကောင်းတယ်ရှင့် အရေးပိုင်ကြီးလိုပဲ" ဟု သွက်လက်စွာ ပြန်၍ပြောလိုက်ရာ အရေးပိုင်မှာ သူ့နာမည်ကိုယူ၍ ငါးကိုမှည့်ပုံကို သိရသဖြင့် ပန်းချီဆရာကလေးအား ပြောပြရင်း ရယ်မောပြီး ၎င်းနေရာမှ လျှောက်ခဲ့ကြလေ၏။

ဈေးပိုင်းသို့ရောက်သောအခါ ဈေးမှာ နံနက်ဈေးဖြစ်သဖြင့် ဆိုင်ရာများချည်း ခြောက်သွေ့၍နေ၏။ ဈေးမှ လျှောက်ခဲ့ပြီးနောက် ပန်းပုလက်ရာကောင်းများနှင့် ပြည့်နှက်လျက်ရှိသည့် ဘုန်းကြီးကျောင်းကြီးများအနီးတွင် မြတ်စွာဘုရား ဆင်းတုတော်ကြီးတစ်ဆူ တန်ဆောင်းအတွင်းတွင် ပူဇော်၍ထားသည်ကို တွေ့ရ၏။ ပန်းချီဆရာကလေးတို့ ရောက်၍သွားချိန်၌ သီလရှင်တစ်ပါးသည် ဘုရားရှိခိုး အာရုံပြုပြီးနောက် ကြေးစည်ကလေးတစ်ခုကို တီး၍နေ၏။ သီလရှင်ကလေးမှာ သူ့ပီတိနှင့်သူဖြစ်ရကား၊ ချာချာလည်နေသော



ကြေးစည်ကလေးနှင့်တကွ သာယာစည်းလုံးသော ကြေးစည်သံတို့သည် ရစ်ကာပတ်ကာ သူ့အာရုံနှင့်အတူ နှော၍နေတော့သည်။

ရုံးကိုလွန်၍သွားပြီး ခြံတွင်းသို့ ဝင်ကြသော် သဘော်ဆိပ်ကို လှမ်း၍မြင်ရသည်။

"ပင်လယ်ထဲ နေဝင်နေတာကလေးက သိပ်လှတာပဲဗျာ၊ ခင်ဗျားတော့ နေ့တိုင်း မြင်နေရလို့ ရိုးနေရောပေါ့"

"နေဝင်ပုံက နေ့တိုင်းနေ့တိုင်း ဒီလိုချည်းတော့ မဟုတ်ဘူးဗျ။ နွေခါဆိုရင်တစ်မျိုး၊ မိုးတွင်းများဆိုတော့ တိမ်တွေဟာ အရောင်စုံခြယ်ထားသလိုပဲ၊ နို့ပေမယ့် နေ့တိုင်းမြင်နေရတော့ မရိုးပေမယ့် ခုလို ကိုယ့်တိုင်းကိုယ့်ပြည်နဲ့ အဝေးကြီး လာနေရတဲ့ လူများအဖို့ လှမ်းစရာကောင်းတာပေါ့ဗျာ၊ ကျွန်တော်ဖြင့် ဒါတွေကို မြင်လိုက်ရရင် အင်္ဂလန်ပြန်ချင်စိတ် ပေါက်ပေါက်ပြီး လွမ်းသလိုလို ငြီးငွေ့သလိုလို ဖြစ်ဖြစ်လာတယ်"

ပန်းခြံထဲတွင် လမ်းလျှောက်ရင်း "ခင်ဗျား တစ်ခါ ကျွန်တော့် ပြောဖူးပါတယ် စာရေးချင်တဲ့စိတ် ရှိတယ်လို့"

"အင်း… လာဗျာ အိမ်ထဲဝင်မယ်၊ ဟိုရောက်မှ စကားဆက်သေးတာပေါ့"

ဤသို့ ပြောဆိုပြီးနောက် အိမ်ထဲတွင် ဘဏ္ဍာစိုးပေးလာသော ဝီစကီနှင့် ဆိုဒါကိုသောက်ရင်း အရေးပိုင်က–

"ခင်ဗျားကို ပြောဖူးတယ်၊ ကျုပ်စာရေးတဲ့အလုပ် ဝါသနာပါတယ်လို့၊ နို့ပေမယ့် ခုတော့ ဒီစိတ်တယ်မရှိတော့ဘူးဗျ"

"ဘာလို့လဲ ခင်ဗျာ၊ ဆိုပါဦး"

"မေးထိုက်တယ်လေ။ ဒီလိုဗျ အသက်ငယ်တုန်း၊ စိတ်နုတုန်းကတော့ တစ်နေ့ ငါဘာဖြစ်အောင် လုပ်လိုက်မယ်၊ ဘာကြံလိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်နဲ့ပေါ့ဗျာ။ ခုလို အသက်ကြီးပြီး အစိုးရအမှုထမ်းဘဝနဲ့ပဲ နေလာရတော့ ကြီးမြင့်ချင်တာတွေ အထက်တန်းကျချင်တာတွေဟာ ဘာမှ မဟုတ်ပါကလားလို့ အောက်မေ့လာတယ်။ ဒီလိုအရှေ့နိုင်ငံမှာ လာပြီး အလုပ်လုပ်နေရတာဟာလည်း မြန်မြန်ကုန်ဆုံးပါစေတော့လို့ပဲ ဆုတောင်းနေမိတယ်။ ခု ဘာလို့ အလုပ်က မထွက်သေးသလဲဆိုရင် ပင်စင်များများ မရမှာစိုးတာတစ်ခုတည်းကြောင့်ပဲ ခင်ဗျားနားထဲတော့ အကြားခက်မှာပေါ့၊ တခြားဘာမှ မျှော်လင့်စရာမရှိတော့တဲ့အခါ ဒါပဲရှိတော့တယ်ဗျ"

"အနို့ခင်ဗျာ ရနိုင်သလောက်ယူရောပေါ့"

"နောက် ၇ နှစ်တည်း အလုပ်လုပ်ရုံနဲ့ တစ်နှစ် ပေါင် ၃၅၀ ရမှာကိုလည်း မစွန့်နိုင်ဘူးဗျာ"

"ဒါတော့ခင်ဗျာ စာရေးဆရာစိတ်ပေါက်တဲ့ လူတစ်ယောက်အဖို့ ခုခင်ဗျားရမှာလောက်ဟာ လိုတာထက်တောင် ပိုနေပါပြီကော ခင်ဗျာ၊ ကျွန်တော်သာ ခင်ဗျားရဲ့ ဝင်ငွေမျိုး တစ်ဘက်တစ်လမ်းက သေချာနေရင် ဒီလောကမှာ ဘာမှကို မကြောက်ဘူး"

"ဒါကတော့ ဟုတ်တာပေါ့၊ ခင်ဗျားဟာ ခုအချိန်အခါမှာ ရှေ့မျှော်လင့်စရာတွေ အများကြီးရှိတဲ့ ပန်းချီဆရာတစ်ယောက်ပဲ ကျွန်တော့်အဖို့ ခုလိုခင်ဗျားနဲ့ စကားပြောချိန်မှာ လူကြားကောင်းတဲ့ စကားမျိုး ပြောနိုင်တယ်ထားပါဦး၊ ကျွန်တော့်ဘာသာ စာရေးဆရာ အဖြစ်နဲ့ လက်တဲ့စမ်းတဲ့အချိန် ဘီလူးထွက်မယ်၊ မျောက်ထွက်မယ်၊ ဘာရယ်လို့မှ မသိရသေးဘဲကိုး၊ ဖြစ်ဖြစ်မြောက်မြောက် ရှိရင်တော်ရဲ့၊ မဖြစ်မြောက်ရင် အလကား မျောက်သစ်ကိုင်းလွတ် ဖြစ်ရမှာ"

ပန်းချီဆရာကလေးသည် နောက်ထပ်ဘာမှ မပြောဘဲ တွေဝေ၍နေရာ–



"ကဲသောက်ပါဦးဗျာ ကျွန်တော်ပြီးတော့ ရေချိုးမယ်၊ အီဗာ ပူးလ်က ၈ နာရီခွဲမှာ ချိန်းထားတယ်ဟုတ်လား၊ အဝတ်အစား လဲရအောင်"

၈ နာရီ ၁၅ မိနစ်တွင် ကားဖြင့်ထွက်ခဲ့ရာ ၅ မိနစ်သာ မောင်းရသည်။ လမ်းတွင် အရေးပိုင်က စတီရာရင်ကိုကိုင်ရင်း–

"ခင်ဗျား ဒီမိန်းမကို သဘောကျသလား" ဟုမေးရာ

"လှတော့လှသားပဲ"

"မဟုတ်ဘူးလေ စိတ်သဘောပြောတာ"

"သြော်… သိပ်တော့ ဟန်ပုံမရပါဘူးဗျာ"

"သူက ဒီလိုဗျ သူ့ယောက်ျားနဲ့ ဒီမြန်မာပြည်မှာ နေရတာ မပျော်ဘူး၊ သူနဲ့အတူ ပေါင်းသင်းနေရတာကိုပဲ စိတ်ဆင်းရဲနေတယ်"

"မနေ့က ပြောပုံကလည်း သိပ်စိတ်ညစ်နေသလိုပဲခင်ဗျာ"

"မိန်းမက ရုပ်ချောချော အသက်ငယ်ငယ်ဆိုတော့ မြိတ်လို နေရာမျိုးမှာ မပျော်ပိုက်ဘူးပေါ့ဗျာ"

အရေးပိုင်သည် စတီရာရင်ကိုလှည့်ရင်း ခြံတွင်းသို့ ကွေ့ဝင်ပြီးနောက် ဆင်ဝင်အောက်တွင် ဆီးကြိုလျက်ရှိသော မစ္စစ်ပူးလ်၏ ရှေ့တွင် ကားကိုထိုးရပ်လိုက်၏။ မစ္စစ်ပူးလ်မှာ ယမန်ညက ကလပ်တွင် တွေ့သည်နှင့်မတူ၊ လှပသောအင်္ကျီ သပ်ရပ်လတ်ဆတ်စွာ ပြုပြင်၍ထားသော ဆံပင်တို့ကြောင့်ပင် ပိုမိုချောမွေ့လှ၏။

"ရာဇဝတ်ဝန်ကြီးကဖြင့် အဆန်းထွင်စပ်ပြီး ဝီစကီကို မြည်းနှင့်လေရဲ့ရှင်၊ ကဲကြွကြွပါအထဲကို" ဤသို့ပြောပြီး ခေါ်ဆောင်၍ သွားရာ၊ သင်းပျံ့သော ရေမွှေးနံ့သည် ဧည့်သည်တို့၏ နှာခေါင်းတွင် ဝင်၍ ချူတော့သည်။ မစ္စစ်ပူးလ်မှာ ကျောက်စိမ်းလက်ကောက်ကို လက်မောင်းတွင် ဝတ်ဆင်လျက် ကိုယ်နှင့်အသားကျ ချုပ်၍ထားသော ဂါဝန်ရှည်ကြီးမှာ အဆစ်အမြစ် ပေပြစ်၍ တိတိရိရိ ကြွကြွရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကို ထင်းခနဲ မြင်စေနိုင်၏။ ရာဇဝတ်ဝန်ကြီးမှာ လူအေး တစ်ယောက် ဖြစ်လေသည်။

ညစာစားပွဲတွင် ထိုင်ကြသောအခါ မစ္စစ်ပူးလ်၏ စီစဉ်ချက် အရ အရေးပိုင်နှင့် ပန်းချီဆရာကလေးတို့သည် မစ္စစ်ပူးလ်၏ လက်ဝဲ ဘက်နှင့် လက်ျာဘက်တွင် ထိုင်လျက် နေလင့်ကစား အရေးပိုင်နှင့် စကားမပြောဘဲ ပန်းချီဆရာကလေးနှင့်သာ မကြာမကြာ စကား ပြော၍နေသဖြင့် ရာဇဝတ်ဝန်နှင့် အရေးပိုင်တို့မှာ မိမိတို့ဘာသာ လဝါနေကြရ၏။

ကံအားလျော်စွာ အမှုတစ်ခုနှင့်ပတ်သက်၍ နှစ်ဦးသား ပြောဆို စရာရှိ၍သာ စကားပြောဖော် ရကြတော့သည်။

မစ္စစ်ပူးလ်က "အခုလို ပန်းချီဆရာကြီးတစ်ယောက် မြိတ်ကို ရောက်လာတယ်ဆိုတာ ကျွန်မတို့တော့ သိပ်ဝမ်းသာတာပဲ"

"အရင်က ဒီမြို့ကို ပန်းချီဆရာတွေ တစ်ယောက်မှ မလာဖူး ဘူးလားခင်ဗျာ။ ကျွန်တော်တို့လို လူမျိုးတွေအတွက် အင်မတန် သဘောကျစရာကောင်းတဲ့ ဒေသကလေးပဲ"

"ကြီးကြီးကျယ်ကျယ်ထဲကဖြင့် ရောက်ဖူးဟန် မတူပါဘူး၊ ရှင်တို့လို ဘိလပ်မြို့တော်ကြီးမှာ ပြပွဲတွေ ဘာတွေခင်းတဲ့ ပန်းချီ ဆရာကြီးမျိုး မရောက်လာဖူးပါဘူး"

"ဒီက ကျွန်တော့်အကြောင်း သိနှင့်နေမှကိုး"

"ဟောဒီ အရေးပိုင်ကြီးက ရှင်မလာခင်ကပဲ စုံအောင် ပြောပြ ထားနှင့်ပါတယ်၊ ဒီမယ် အရေးပိုင်ကြီး မစ္စတာမန်ဂန်က သူ့အကြောင်း သိနှင့်နေပလားတဲ့"

"ဟုတ်တယ် ကျွန်တော် ပြောထားနှင့်တယ်"

ပန်းချီဆရာကလေးမှာ ဝီစကီတန်ခိုးဖြင့် အတော်နှုတ်ရဲ၍ လာလေပြီ။



"ခင်ဗျား ပန်းချီပညာကို ဝါသနာပါတယ်ထင်တယ်"

"သြော်... ကျွန်မလား ... ပန်းချီပညာထက် ပန်းချီဆရာကို စိတ်ဝင်စားပါတယ်"

"ဘာပြုလို့လဲဗျာ၊ ပန်းချီဆရာဆိုတဲ့ လူစားတွေဟာ အများ သူတကာနဲ့ နီးနီးရင်းရင်းမရှိဆုံး၊ သူတို့ဘာသာ တစ်ယောက်တည်း စိတ်ကူးယဉ်နေတဲ့ လူစားမျိုးတွေ မဟုတ်လား၊ မိန်းမရယ် ဘာရယ်လို့ ဦးစားပေးပြီး အရေးတယူ နေတတ်ကြတာမှ မဟုတ်ဘဲ"

"ဒီလိုချည်း မဟုတ်ပါဘူး၊ ကျွန်မကြားဖူးတာဖြင့် ပန်းချီဆရာ များဟာ သူတို့လေးစားတဲ့ မိန်းမတစ်ဦးတစ်ယောက်ရဲ့ အကူအညီနဲ့ ထိပ်တန်းရောက်ကြတယ်၊ သူတို့ပုံတွေ နာမည်ကျော်ကြားတယ်ဆို မဟုတ်လား"

"ဒါမျိုးက နည်းပါတယ်ခင်ဗျာ၊ မိန်းမတွေဟာ အများအား ဖြင့် ပန်းချီဆွဲရာမှာ အကူအညီထက် အနှောင့်အယှက်က များတာ ပါပဲ"

"သြော်... မိန်းမတွေက အလုပ်ကို ဖျက်ဆီးသေးတယ်လား"

"ဖျက်ဆီးတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့၊ နို့ပေမယ့် မိန်းမ ဆိုတာ အလုပ်ပြီးစီးတဲ့အခါမှ စိတ်အေးချမ်းသာရှိအောင် ပင်ပန်း နွမ်းနယ်တာပျောက်အောင်..."

"ဒါပေမယ့် တစ်ခါတစ်ရံတော့လည်း ကူညီနိုင်သေးတယ်ဆို တာတော့ ခုနင်က ဝန်ခံပါပြီလေ"

"ကျွန်တော့်အဖို့တော့ ဒီလိုအကူအညီရတဲ့ မိန်းမမျိုးနဲ့ တွေ့ လောက်အောင် ကံမကောင်းသေးပါဘူးခင်ဗျာ"

"တွေ့ချင်သလား ရှင့်စိတ်က"

www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်း တောင့်တမိကြမှာပေါ့ခင်ဗျာ"

ပန်းချီဆရာကလေးသည် စကားအစတွင်သာ ခပ်ပေါ့ပေါ့ ပြောဆို၍နေသော်လည်း ယခုသော် တကယ်ပြော၍နေပြီကို ရိပ်မိသော မစ္စစ်ပူးလ်သည် လူအများရှေ့တွင် ယခုလိုစကားမျိုး တိုး၍မဆက်လိုသဖြင့် လှီးလွှဲ၍ ရယ်ရွှင်ဖွယ် ပုံတိုတစ်ခုကို ညှော်သည်သုံးယောက်အား ပြောပြပြီးနောက် ဘေးစောင်းမခို့တရို့ရှိသော သူ့ကိုယ်နေကိုယ်ထားကလေးကို ပန်းချီဆရာကလေးအား တမင်ပြ၍နေလေ၏။ ထို့နောက် စကားအနည်းငယ်ပြောပြီး ခွင့်တောင်းကာ အခန်းထဲဝင်၍ ပေါင်ဒါများ ထပ်မံခြယ်လှယ်ကာ အလှပြင်လိုက်သေး၏။

ပြန်၍ ထွက်လာသောအခါတွင် အရေးပိုင်၏အနီးသို့ သွား၍ "အရေးပိုင်ကြီးနဲ့ ဒီက ဝန်မင်းက ကျွန်မဟာ သိပ်ပြီး အခွင့်အရေးယူလွန်းတယ်လို့တော့ မအောက်မေ့ပါနဲ့နော်၊ ကိစ္စကလေးတစ်ခုကို အကူအညီပေးစမ်းပါဦး။ အိမ်မှာ ထမင်းခေါ်ကျွေးပြီး အလုပ်ပေးတယ် ထင်မှာလည်း စိုးရသေးတယ်။ ကိစ္စကတော့ဒီလိုပါ၊ မနေ့က ကျွန်မတို့လင်မယား ကလပ်ကပြန်လာကြတော့ အစေခံတွေ နေတဲ့ဆီမှာ သူခိုးခိုးသွားပါတယ်လို့ ဆီးတိုင်ကြတယ်။ ကျွန်မယောက်ျားကလည်း မူးနေတာမို့ (ပြုံးလျက်) ဘာမှ ဂရုမစိုက်နေပြီး၊ ဒီနံနက်တော့ တစ်ခါ အစောကြီး 'မိုင်း' ကိုသွားရပြန်တယ်။ သူ မရှိတုန်း ကျွန်မတစ်ယောက်တည်း နေရစ်ရမှာမို့ တဆိတ်လောက် ဘယ်လိုဖြစ်ပျက်တယ်ဆိုတာ စုံစမ်းပေးစေချင်တာပဲ"

ရာဇဝတ်ဝန်မှာ အရေးပိုင်နှင့် စကားပြောနေသည်မှာလည်း စကားကုန်နေပြီဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာပင် လက်ခံ၍ အစေခံများကို ခေါ်ယူစစ်ဆေးလေသည်။ အရေးပိုင်ကလည်း ငြင်းဆန်ရန် မသင့်သည့်အတွက် နားထောင်၍ နေလေသည်။



ဘဏ္ဍာစိုး ထွက်၍သွားလျှင်ပင် မစ္စစ်ပူးလ်သည် "ကဲ စစ်တုန်းဆေးတုန်း ကျွန်မနဲ့ မစ္စတာမန်ဂန်နဲ့ ပန်းခြံထဲ ခဏလမ်းလျှောက်ပါဦးမယ်"ဟု ပြော၍ ပန်းချီဆရာကလေးအား ခပ်ပြုံးပြုံးကြည့်ရင်း မျက်ရိပ်မျက်ခြည်ဖြင့် လူလွတ်ရာအပြင်သို့ ခေါ်ခဲ့လေ၏။

လိုက်ကာအကွယ်သို့ ရောက်လျှင်ပင် ချိုသာပျူငှာစွာဖြင့် "ပန်းခြံထဲသွားရအောင်နော်၊ အဲဒီကအေးတယ်" ဟုပြော၍ ရှေ့မှဆင်းလေ၏။ ပန်းခြံမှာ လမသာသဖြင့် ကြယ်ရောင်များသာရှိသည်။ သို့သော် တစ်ဦးကိုတစ်ဦး ကောင်းစွာ မြင်နိုင်ပေ၏။ မစ္စစ်ပူးလ်သည် လေးငါးလှမ်းမျှ သွားမိပြီးနောက် ပန်းချီဆရာကလေးဘက်သို့ အနည်းငယ် ယိုင်လာပြီး …

"အမယ်လေး ဖိနပ်ထဲ ခဲဝင်လိုက်တာ" ဟု ပြောလျက် ခြေတစ်ဘက်ကိုမပြီး လေဒီရှူးကို ချွတ်ရာ ယိုင်လဲမသွားအောင် ဟန်ထားရသော သဘောဖြင့် ပန်းချီဆရာကလေး၏ လက်မောင်းကို လှမ်း၍ ကိုင်လိုက်သည်။ ထို့နောက် မျက်နှာချင်းဆိုင်ရပ်၍ "မိန်းကလေးတွေက ပန်းချီဆရာရဲ့လက်စွမ်းကို ဘယ်လိုကူညီတာလဲ မစ္စတာမန်ဂန်ရဲ့"

"အင်မတန် လှပပြေပြစ်တဲ့ ရုပ်အဆင်းနဲ့ပေါ့"

(ပန်းချီဆရာကလေးမှာ ထမင်းစားစဉ်က မစ္စစ်ပူးလ်ကို လှသည်ဟု ပြောပြီးဖြစ်သည်။)

"ကျွန်မကော လှရဲ့လား ဆရာကလေးရယ်" မစ္စစ်ပူးလ်သည် မျက်နှာချင်းထိလုမတတ် ရှေ့သို့တိုး၍ မေးလိုက်ရာ အကယ်တိသာ ငယ်ရွယ်သူ အပျိုလူပျိုချင်းဖြစ်ပါမူ စိတ်ကိုမထိန်းနိုင် ယမ်းနိုင် ဖြစ်ကြလေတော့မည်။ ယခုသော်ကား မစ္စစ်ပူးလ်က…

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဖြင့်လေ ရှင့်ကို မြင်ကတည်းကပဲ သိပ်ခင်မိတယ်။ ကျွန်မနဲ့ ပျော်ပျော်ပါးပါး မနေချင်ဘူးလားဟင်၊ ဒီမှာနေရတာ ငရဲပြည်လိုပဲရှင် ကျွန်မယောက်ျားကို အင်္ဂလန် ပြန်ပါရစေလို့ ခွင့်တောင်းတာလည်း မရဘူး။ ခုဖြင့် ရှင်နဲ့တွေ့ရလို့" မစ္စစ်ပူးလ်သည် ပန်းချီဆရာကလေး၏လည်ပင်းကို ဖက်လိုက်ရာ ပန်းချီဆရာကလေးက ပြန်ဖက်၍ နမ်းလိုက်လေ၏။ သို့သော် ထူးဆန်းချက်ကား ဤသို့ပြုမူရပါလျက် စိတ်ထဲတွင် ထူးထူးခြားခြား ချောက်ချားမှု မဖြစ်ခြင်းပေတည်း။ အမှန်စင်စစ် ပန်းချီဆရာကလေးမှာ လူပျိုစစ် အရိုင်းကလေးပင်။

"ကျွန်တော်နဲ့ နက်ဖြန် ဘယ်အချိန်မှာ တွေ့နိုင်မလဲခင်ဗျာ"

"မနက်စောစော အရေးပိုင်ရုံးသွားတော့ လာခဲ့တာပေါ့"

ပန်းချီဆရာကလေးတွင် နက်ဖြန် မင်းသားကြီးနှင့် တွေ့ရန်ရှိသေးသည်။ အခြား စီစဉ်ပြင်ဆင်စရာများလည်း ရှိသေးသည်။ သို့သော် နာရီပြန်တစ်ချက်လောက်တွင် အအားယူမည်ဆိုက ယူနိုင်ပေ၏။

"နေ့ခင်း တစ်နာရီလောက်ဆိုရင်ကော"

"အရေးပိုင် ၁၁ နာရီ ရုံးသွားတာပဲရှင်၊ တစ်နာရီထက်စောမလာနိုင်ဘူးလား"

"ကျွန်တော့်အလုပ်တွေက ရှိနေသေးတယ်"

"ဒါဖြင့်လည်းလေ လာတာပေါ့၊ အဲဒီအချိန်ဆိုရင်တော့ လမ်းမှာလည်း တခြားလူတွေ မြင်နိုင်စရာ မရှိဘူး"

ပန်းချီဆရာကလေးသည် မစ္စစ်ပူးလ်၏ အင်္ကျီမဖုံးသော လက်မောင်းကလေးကို ဆင်းချေတက်ချေ လက်ဖြင့်ပွတ်သပ်၍ ငြိမ်သက်စွာပင်နေသည်။



အမှန်စင်စစ် ပန်းချီဆရာကလေးအဖို့၌ မစ္စစ်ပူးလ် စိတ်ဝင်စားမည့်စကားမျိုးကို မပြောနိုင်ပေ။ အရေးပိုင်နှင့် ပြောဆိုသကဲ့သို့သော အကြောင်းအရာများကိုလည်း မစ္စစ်ပူးလ် နားလည်မည်မဟုတ်၊ သူ့အား လူပျိုစကား ပြောရန်မှာလည်း ထည့်၍ပင် စဉ်းစားကောင်းသော အရာမဟုတ်ချေ။ သို့သော် မည်သို့ပင်ဖြစ်စေ မစ္စစ်ပူးလ်မှာ သူ့ရှေ့တွင် စိတ်ရှိလက်ရှိ ပြုရာကို ကျေနပ်မည့်သူ ဖြစ်၍နေပေပြီ။ တအောင့်လောက်ကြာလျှင် မစ္စစ်ပူးလ်ကပင် "ကဲ ကျွန်မတို့ အိမ်ထဲဝင်ကြဦးစို့ သိပ်ကြာနေရင် မကောင်းဘူး" ဟု ပြောသဖြင့် အိမ်တွင်းသို့ လာကြပြီး "ကိစ္စပြီးကြပလား ကျွန်မတို့ လာခဲ့တော့မယ်နော်"

"လာ လာ ကျွန်တော်လည်း ခုပဲထွက်ခေါ်မလို့ သူခိုးခိုးတာမဟုတ်ပါဘူးဗျာ၊ ဝင်းထဲ မသင်္ကာတဲ့လူတွေ တွေ့တာပါ။ အားလုံးဘာမှ မပျောက်ပါဘူးတဲ့" ဟု အရေးပိုင်ကပြောရာ –

"သြော် ကောင်းပါလေ့ရှင် ကျေးဇူးတင်ပါတယ်" မစ္စစ်ပူးလ်သည် ဤသို့ပြောပြီး အရက်များဖြင့် ထပ်မံဧည့်ခံပြန်၏။ ထို့နောက် မာတ်ပြားတစ်ပြားကိုဖွင့်၍ တစ်ပါးသွားအကကို ကပြပြီးနောက် ရယ်ရွှင်ဖွယ် ပုံတစ်ခုကိုလည်း ပြောပြသဖြင့် ထိုနေ့ည ထမင်းစားပွဲကလေးမှာ စိုစိုပြည်ပြည် ရှိလေတော့သည်။

အပြန်တွင် အရေးပိုင်က ပန်းချီဆရာကလေးအား "ဘယ့်နှယ်လဲဗျို့ ပျော်ရဲ့မဟုတ်လား အီဗာပူးလ်ဟာ သူ့ယောက်ျားနဲ့သာ စိတ်ဆိုးမနေရင် ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ မိန်းမတစ်ယောက်ပါပဲ၊ နို့ပေမယ့် ဒီညလောက် သူမြူးတာမျိုးတော့ ကျုပ် တစ်ခါမှ မတွေ့ဖူးသေးဘူး" ဟု ပန်းချီဆရာကလေးအား ပြောပြ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

# နတ်ရှင်မယ်နှင့် မစ္စစ်ပူးလ်

နောက်တစ်နေ့နံနက် နေထွက်လာလျှင်ပင် ပန်းချီဆရာကလေးသည် အိမ်ပေါ်မှနေ၍ သဘော်ဆိပ်ကို လှမ်းမျှော်၍ ကြည့်ရှုမိပြန်လေ၏။ ဤသာယာသော ရှုခင်းကား ကြည့်၍ မငြီးနိုင်ပြီ။ အရေးပိုင်၏ အစေခံတစ်ဦးသည် အလံတိုင်ပေါ်တွင် ဗြိတိသျှအစိုးရ၏ ယူနီယံဂျက်အလံကို လွှင့်တင်၍နေ၏။ လေငြိမ်သဖြင့် အလံသည် ငြိမ်သက်စွာ မားမားမတ်မတ် ရပ်တည်လျက်နေလေ၏။ ဤဒေသကား လွန်ခဲ့သည့် အနှစ် ၁၀၀ ခန့်ကစပြီး ဗြိတိသျှတို့လက်အောက်ရောက်ခဲ့သည်။ ထိုအလျှင်ကမူကား အလောင်းမင်းတရားကြီးသည် ထီးဖြူကိုမိုး၍ သားမြီးယပ် အစရှိသော ငါးပါးသောမင်းမြောက်တန်ဆာတို့ကို ဆောင်ယောင်လျက် မင်္ဂလာဆင်တော်ဖြင့် ဤဒေသို့ ရောက်ခဲ့လေသည်။ ဂိုက်ယိုးဒယား အစရှိသော သူများလည်း ရောက်ခဲ့လေပြီ။ ဒေသကား မပြောင်းလဲ၊ လူအများသာလျှင် ပြောင်းလဲခဲ့သည်။ ယခုလည်း မိမိသည် မြန်မာမင်းမျိုးမင်းနွယ် မိသားစုတို့ကို ပုံတူရေးဆွဲရန် လာရောက်ခဲ့သည်။



ဤသို့ စဉ်းစားပြီးနောက် အချိန်တန်ပြီဖြစ်သဖြင့် မုတ်ဆိတ်ရိတ် အဝတ်အစားလဲ၍ ပုံဆွဲကိရိယာများကို ပိုက်လျက် အောက်ထပ်သို့ ဆင်းခဲ့လေ၏။ အရေးပိုင်သည် အလုပ်ခန်းထဲတွင် ဖတ်၍ပြီးသော ဖိုင်တွဲတစ်ခုကို ခြင်းထဲသို့ လှမ်းထည့်ပြီး ကုလားထိုင်ကိုလှည့်၍...

"ခင်ဗျား သွားဖို့အချိန်တော်ပြီပဲ၊ မောင်စုကို ထည့်လိုက်မယ်" ဟုပြောပြီး "ဟေ့ မောင်စု" ဟုခေါ်လိုက်ရာ လက်စွဲတော်ကြီးသည် ပြုံးရွှင်စွာ ဝင်ခဲ့၍ ခေါင်းငုံ့အရိုအသေပေးပြီး ရပ်နေလေ၏။

"မင်း ပန်းချီဆရာကလေးကို မင်းသားကြီးအိမ် လိုက်ပြလိုက်ပါ၊ ကဲ သူ့လက်ပစ္စည်းတွေ ပေးလိုက်ဗျာ၊ သူကိုင်လိမ့်မယ်၊ လိုက်ပေတော့ သူ့နောက်ကိုသာ" ဟု ပြောလိုက်သဖြင့် နှစ်ဦးသား အိမ်မှ ထွက်ခဲ့ကြတော့၏။

မောင်စုမှာ လမ်းပြဟု ဆိုရလင့်ကစား ရှေ့က မသွားပေ။ ပန်းချီဆရာကလေးနောက်မှ တစ်လှမ်း နှစ်လှမ်းခွာ၍ လိုက်လေ၏။ သူ့ဆရာကို အရိုအသေပေးသည့်နည်းတူပေးပေသည်။ သို့သော် သာမန်ပန်းချီဆရာကိုမူ ရိုသေသမှုပြုသည်မဟုတ်။ အရေးပိုင်၏ ဧည့်သည်နှင့် ယုံကြည်ခင်မင်သော မိတ်ဆွေဖြစ်သဖြင့် မောင်စု၏ဆရာ့ကို ရိုသေသည့်နည်းတူ ရိုသေရခြင်းဖြစ်သည်။

သို့ကြောင့်ပင် ပန်းချီကိရိယာများကို ကိုင်သော်လည်း ထီးမိုးမပေးခြင်း ဖြစ်လေ၏။ မြိတ်မြို့၏ ပေါ်တူဂီပိုင်းကိုဖြတ်၍ လျှောက်ခဲ့ရာလမ်းတွင် ယခင်က အရေးပိုင်ပြဖူးသော ပေါ်တူဂီ ကပြားမကလေးသည် အိမ်ပြတင်းပေါက်မှ ချောင်းကြည့်သည်ဟု ထင်လိုက်၏။ တခြားတစ်အိမ်မှလည်း မျက်နှာချင်းဆင်ဆင် မိန်းကလေးတစ်ယောက် ချောင်း၍ ကြည့်နေသေး၏။ မြိတ်ကဲ့သို့ မြို့ငယ်ကလေးတစ်ခုတွင် အစိုးရအရာရှိလည်းမဟုတ်၊ မိုင်းပိုင်ရှင်၊ ခြံပိုင်ရှင်လည်းမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



စစ်သားလည်း မဟုတ်သည့် အနောက်နိုင်ငံကြီးမှ တိုက်ရိုက်ရောက်ရှိလာသော ပန်းချီဆရာလို လူစားမျိုးတစ်ဦးကို မြို့သူမြို့သားများသည် အထူးအဆန်း ဂရုပြုကြလေ၏။ မောင်စုမှာ ဤသို့ ဂရုစိုက်မှန်းသိသဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ရင်ကိုကော့၍ သွားလျက်ရှိပြီး ပန်းချီသေတ္တာကိုလည်း ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် အထက်သို့မြှောက်၍ ခပ်မောက်မောက် ကိုင်ဆောင်ခဲ့လေ၏။

မင်းသားကြီးအိမ်မှာ များစွာမဝေးကွာလှပေ။ မကြာမီ ဝါးဝင်းထရံအမြင့်ကြီးကို မြင်ရ၍ အတွင်းသို့ ဝင်မိလျှင်ပင် ရေပန်းကြီးတစ်ခု၊ ပန်းခင်းများနှင့်တကွ အုတ်နီတွေနှင့် ဆောက်လုပ်ထားသော ခေတ်ဆန်သည့်တိုက်ကြီးကို တွေ့ရလေ၏။ မောင်စုသည် ကုန်း၍ ပန်းချီဆရာရှေ့သို့ ကျော်တက်ပြီးနောက် ရောက်ကြောင်း အကြောင်းကြားရန် သွားရာ၊ အဆင်သင့် စောင့်ဆိုင်းနေသော မင်းသားကြီးသည် ဆင်ဝင်မှ ကြိုလင့်၍...

"ဝင်ပါ" ဟု မြန်မာစကားဖြင့် ဖိတ်ခေါ်လျက် ရှေ့မှ ဧည့်ခန်းဆီသို့ လျှောက်သွားလေ၏။

ပြတင်းပေါက်အနီးတွင် မိန်းကလေးတစ်ယောက်သည် ရပ်နေရာ "သမီး" ဟု မင်းသားကြီးက ခေါ်သဖြင့် ၎င်းမိန်းကလေးသည် ပန်းချီဆရာကလေးအား လာရောက် လက်ဆွဲနှုတ်ဆက်ပြီးနောက် "ကျွန်မ 'သမီး' ပါပဲကျွန်းမာပါစ" ဟု ပြုံးရွှင်ချိုသာစွာ မစ္စတာမန်ဂန်ကို နှုတ်ဆက်လေ၏။

ပန်းချီဆရာကလေးသည် အရေးပိုင်အား မင်းသားကြီး၏သမီးတော်အကြောင်းကို မေးကြည့်စဉ်က "ဖော်ဖော်ရွေရွေရှိတယ်" ဟု ပြောပြဖူးသည်ကို ချက်ချင်းပင် သတိရ၍ အရေးပိုင်ပြောသည့်အတိုင်း ကိုက်ညီပါပေသည်ဟု အောက်မေ့မိသည်။ ကြည်လင်ချိုမြ



သောအသံ၊ ရွှင်ပျသော မျက်နှာထားနှင့်တကွ ပြေပြစ်လှပသော မျက်နှာရှိသည့် ဤမိန်းကလေးမျိုးကို မည်သူမဆို မြင်လျှင်မြင်ချင်း ခင်မင်မိပေလိမ့်မည်ဟူ၍လည်း ဆုံးဖြတ်မိ၏။

"ကဲထိုင်ပါအုံးရှင်။ ဘဘဘုရားက (အဖေကြီးသို့ ပြုံးရွှင်စွာလှမ်းကြည့်ပြီးနောက်) ကျွန်မတို့တစ်တွေ အားလုံးကို ပုံတူရေးဆွဲချင်သတဲ့၊ နောက်ပြီး ဘဘဘုရားက ရှေးနန်းတော်ထဲက အဝတ်အစားအတိုင်း ဝတ်ပြီးဆွဲချင်တာတဲ့" စသည်ဖြင့် မိမိလုပ်ရမည့်အလုပ်အကြောင်းကို အကျယ်တဝင့် ပြောပြနေခိုက်၊ ပန်းချီဆရာကလေးသည် နတ်ရှင်မယ် မင်းသမီးကလေးအား သေချာစွာ အကဲခတ်၍နေလေရာ မင်းသမီးကလေးမှာ ကိုယ်လုံးကိုယ်ပေါက်အားဖြင့် ပြေပြစ်တောင့်တင်း အချိုးကျလှသည်။ သေးသွယ်နီထွေး၍ နူးညံ့လှသောလက်ဖဝါး၊ ဝါဝင်းသောအသားနှင့် ကြည်လင်တောက်ပြောင်၍ နက်မှောင်သော မျက်လုံးတို့သည် ရုတ်တရက် မြင်လိုက်သူကိုပင် ထင်းခနဲမြင်မိ၊ သတိပြုမိစေနိုင်သည်။ သူ၏နက်မှောင်သော ဆံပင်တို့မှာလည်း ရန်ကုန်တွင် တွေ့ရသည့် မြန်မာမိန်းမများကဲ့သို့ ထုံးမထားမူပဲ ရှေးခေတ် မြန်မာ့အမူအရာအတိုင်း ထုံးနှောင်၍ ထားလေသည်။ ခေါင်းရှိ သစ်ခွပန်းခိုင်အဝါကလေးသည် သူ့အသားနှင့်ပဏာစားလှပေ၏။ သေးသွယ်သော လည်တိုင်ကလေးတွင် ပုလဲပုတီးတစ်ကုံးကိုဆွဲလျက် နားကပ်မပန်ဘဲ လက်သူကြွယ်တွင် လက်စွပ်တစ်ကွင်းကို ဆင်မြန်းထားပေ၏။ အင်္ကျီတွင်းရှိ လက်မောင်းကလေးတွေ၏ အချိုးအစားကျပုံသည် မသဲမကွဲ နှင်းဝေဝေတွင် မြင်ရသည့်အလှနှင့် တူလှသည်။ လုံချည်နီကလေးကို ခပ်တင်းတင်း ဝတ်၍ထားသဖြင့် ခါးမှသည် အောက်ပိုင်းသို့ အချိုးအစားကျစွာ သူ့ကိုယ်လုံးကလေး ဆင်း၍သွားသည်မှာ ပန်းချီမျက်စိနှင့် ဂရုတစိုက် ကြည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်အောင် ရှိတော့၏။ ဤမျှလောက် ချောမောလှပ၍ နားထောင်ချင့်စဖွယ် ပြုံးတစ်ခါ ရယ်တစ်လှည့်နှင့် အနီးတွင် စကားပြော၍နေသော မိန်းကလေးကို အဘယ်မျက်စိသည် အပရိကနှင့် တင်းတိမ်နိုင်ပါအံ့နည်း။ လူ့အင်္ဂါရုပ်သည် အတွင်းသဘောနှင့်လည်း ဆက်သွယ်လျက်ရှိသေး၏။ မိမိ၏အနီးတွင် ရှိနေသူကား သာမန်အားဖြင့် ရုပ်လက္ခဏာ ချောမောလှပသူမဟုတ်ဘဲ အတွင်းစိတ်အားဖြင့် ဖြူစင်သူ၊ အသိအလိမ္မာနှင့် ဉာဏ်ပညာ ပြည့်စုံသူ ကလေးတစ်ဦး ဖြစ်ရမည်ဟု အတတ်တွေးမိတော့၏။

"ပန်းချီဆွဲတော့ ဘယ်နေရာဆွဲမလဲ၊ ဒီအခန်းဆိုရင် အလင်းများ နည်းနေမလား" ဟု ပီသပြတ်သားသော အင်္ဂလိပ်စကားကလေးများဖြင့် မေးသံကိုကြားရမှ အတွေးလွန်နေသော ပန်းချီဆရာကလေးမှာ...

"ခင်ဗျာ ဟုတ်ကဲ့ ကျွန်တော် သေသေချာချာ ကြည့်ပါဦးမယ်၊ တခြားနေရာများ ဒီထက်ကောင်းဦးမလားလို့"

"ကျွန်မလည်း ဒီလိုပဲ ကြည့်ပါဦးလို့ ပြောမလို့ပဲ" သူ့ခမည်းတော်ကို စကားပြန်၍ ပြောပြသည်။

ဧည့်ခန်းကြီးမှာ စားပွဲကုလားထိုင်များ ကော်ဇောကြီးများဖြင့် ခေတ်ဆန်စွာ ပြင်ဆင်၍ထားပေ၏။ အခန်းနံရံကြီးပေါ်တွင် ရှေးမြန်မာပန်းချီ ဇာတ်တော်ကားကြီးနှစ်ခုကိုလည်း ဆွဲချိတ်ထားပေ၏။ ဆေးရောင်သွင်းပုံ ကောင်းမွန်သော ၎င်းပန်းချီကားများကို ပန်းချီဆရာကလေးသည် သေချာစွာကြည့်၍နေသဖြင့် နတ်ရှင်မယ် မင်းသမီးကလေးက "အဲဒါ မြန်မာပန်းချီလက်ရာတွေပဲ၊ ဘဘဘုရားက ရှေးဟောင်းပစ္စည်းတွေကို အမြတ်တနိုး စုဆောင်းလေ့ရှိတယ်၊ မန္တလေး တစ်ခေါက်တစ်ခေါက်သွားရင် တစ်မျိုးမျိုး ပါလာတာပဲ" ထမင်း



စားခန်းဆီသို့ ဖြတ်၍လျှောက်ခဲ့ရာ လှပသောယွန်းထည်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ စီခြယ်ထားသည့် သန်လျက်များ၊ မှန်စီရွှေချ သေတ္တာကြီးများကိုလည်း တွေ့ရပေ၏။

ထမင်းစားခန်း၏ ဘေးတွင်ရှိသော အခန်းတစ်ခန်းမှာ မြောက်ဘက်သို့ မျက်နှာမူလျက်ရှိသည့်အပြင် ပြတင်းပေါက်များလည်း ကျယ်သဖြင့် အလင်းရောင်သည် ကျကျနန ဝင်လျက်ရှိလေ၏။

"ဟာ ဒီအခန်း သိပ်လင်းတာပဲဗျာ။ ပုံဆွဲဖို့တော့ အကောင်းဆုံးပဲ" ဟု ပန်းချီဆရာကလေးကပြောရာ...

"အဲဒါ ဘဘဘုရားရဲ့ ဘုရားဆောင်ခန်းပဲလေ"ဟု ပြောပြီး ပိုးလိုက်ကာကို ဆွဲ၍ပြလိုက်ရာ မြတ်စွာဘုရား၏ ဆင်းတုတော်သည် ဖန်တကောင်းအပြာများတွင် စိုက်ထိုးအပ်သော ပန်းများအလယ်၌ တင့်တယ်စွာ စံပယ်တော်မူနေသည်ကို တွေ့ရလေ၏။

"သြော်... ခွင့်ပြုပါခင်ဗျာ၊ ကျွန်တော်က မသိလို့ပါ"

"ကိစ္စမရှိပါဘူး၊ ဒီအခန်းထဲမှာပဲ ပုံဆွဲဖို့ သူ့စိတ်ကူးပါတယ်"

"သြော်... ဒီလိုဖြင့်လည်း တော်ပါသေးရဲ့" ဟုပြောပြီး ပန်းချီဆရာကလေးသည် အဘိုးကြီး၏ စိတ်ကူးကို ရိပ်မိလာသည်။ အခန်းမှာ များစွာ တိတ်ဆိတ်ငြိမ်သက်၍ ရွှေရောင်များဝင်းနေသော မျက်နှာကြက်မှာလည်း ကျန်အနေအထားများနှင့် အဆင်ပြေလှသည်။

"ကဲ... အခန်းတော့ရပြီ၊ ခုပဲ စဆွဲတော့မလား" ဟု နတ်ရှင်မယ်က မေးသဖြင့် "ဟုတ်ကဲ့ မင်းသားကြီးကို ပုံကြမ်းလောင်းနှင့်ချင်ပါတယ်" ဟု ပြောပြီး မင်းသားကြီးအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေလျက် ပန်းချီဆရာကလေးသည် ရေးဆွဲရန် ပြင်ဆင်လေတော့၏။ နတ်ရှင်မယ်မှာ ပန်းချီဆရာကလေး၏အနီးတွင် ထိုင်လျက်ရှိသည်။ မင်းသားကြီးမှာ ပန်းချီဆွဲခံရာတွင် [illegible]မတန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့သည်။ လက်မှုပုတီးကိုစိပ်ရင်း ပါးစပ်မှလည်း တရားတော်ကို မသိမသာ ရွတ်ဆိုလျက်ရှိပေ၏။

မိမိကိုယ်ကို ပုံတူဆွဲ၍နေလေသည်ဟု အမှတ်ရပုံမပေါ်။ သူ့အာရုံဖြစ်၍ တစ်ခါတစ်ရံ မင်းသားကြီး၏မျက်နှာမှာ လင်း၍လာသလိုလို မှုန်၍သွားသလိုလို ထင်ရလျက် ကျောင်းဆောင်တွင်းရှိ ဆင်းတုတော်မှာလည်း သပ္ပာယ်လှစွာ ပြုံးတော့မယောင်ထင်ရပေသည်။ နတ်ရှင်မယ်မှာလည်း စကားတစ်ခွန်းမှ မပြောဘဲ ပန်းချီဆရာကလေး၏အနီးတွင် ထိုင်၍နေရာ တစ်ခန်းလုံးမှာ ခဲတံနှင့်အဝတ် ထိသံ ခြစ်သံမှလွဲ၍ တိတ်ဆိတ်လျက်ရှိ၏။

တစ်နာရီလောက်အတွင်းတွင် ပုံကြမ်းနှစ်ခု ပြီး၍သွားလေ၏။ ထိုနေ့အဖို့တွင် ဤမျှဖြင့် တော်ပြီအောက်မေ့သဖြင့် ရပ်နားရင်း ပခုံးပေါ်မှကျော်ပြီး ကြည့်နေသော မင်းသမီးကလေးအား "ပန်းချီဆွဲရာမှာ ဒီပုံကြမ်းကို အခြေခံထားပြီး နောက်ထပ် ဆေးရောင်တင်ပေးရတာပဲ" ဟု ပန်းချီဆရာကလေးက ရှင်းလင်းပြောပြ၏။

"အရေးကြီးတာက ဒီနေရာပဲနော်၊ ဆေးရောင်တင်လိုက်လို့ တူသွားရင် သိပ်ကောင်းမှာပဲ" ဟု နတ်ရှင်မယ်က ထောက်၍ပြရာ-

"ဟုတ်တယ် အဲဒီနေရာဟာ အရေးကြီးဆုံးပဲ၊ တူပါစေ့မယ် ကံသေကံမ မပြောနိုင်တာ ဒါကြောင့်ပေါ့"

"ကြိုးစားပါရှင်နော် ဘဘဘုရားပုံဟာ တကယ်သာ တူသွားရင် အကောင်းဆုံးအနေအထား ဖြစ်သွားမှာပဲ"

"ဟုတ်တယ်ခင်ဗျာ၊ ဒီလိုမျက်နှာထားမျိုး ကျွန်တော်တို့ အင်္ဂလိပ်အရောင်းအဝယ်သမားကြီးတွေမှာ မရှိဘူး"

"သြော်... ဒါကတော့ သူ့အရောင်းအဝယ်က သူ့ဂုဏ်အတွက် လုပ်ရတာကိုးရှင့်"



"ဘယ်လိုပါလဲခင်ဗျာ၊ ကျွန်တော်ဖြင့် နားမလည်ဘူး"

"သူ့အယူအဆက မင်းဆက်ပြုတ်ပေမယ့် အမျိုးအရိုး မတိမ်ကောရဘူးဆိုတဲ့ မာန်ကြောင့်ပေါ့"

ပထမသော် ပန်းချီဆရာကလေးသည် နားမလည်၊ နောင်တဖြည်းဖြည်းတွင်မှ ရှင်းလင်းစွာ ဆိုလိုရင်းအဓိပ္ပာယ်ကို သိစေ၏။ ထိုနေ့အဖို့ အလုပ်ပြီးသဖြင့် နှုတ်ဆက်ပြီး ပြန်ခဲ့ရာ နတ်ရှင်မယ်သည် အပေါက်ဝဆင်ဝင်ထိအောင် လိုက်ပို့ပြီးနောက် "နက်ဖြန်လာမယ် မဟုတ်လား" ဟုပြော၍ နှုတ်ဆက်ရန် သူ၏လက်ကလေးကိုပေးရာ ပန်းချီဆရာကလေး၏စိတ်တွင် နတ်ရှင်မယ်၏ လက်ဖဝါးကလေးများမှာ ကတ္တီပါကဲ့သို့ နူးညံ့သည်ဟု အောက်မေ့မိသည်။

မောင်စုမှာ ဆင်ဝင်တွင် ထိုင်၍ စောင့်နေသည်ဖြစ်ရာ ပန်းချီဆရာကလေးထွက်လာလျှင် သောက်နေသော ဆေးလိပ်တိုကို ကပျာကသီပွတ်ချေ၍ ပုံတင်ဆွဲသည့်ခုံကိုထမ်းလျက် နောက်မှ လိုက်ပါသွားလေတော့၏။ တောင်နှာမောင်းကလေးကို ဖြတ်ကျော်၍ နေပူပူတွင် နှစ်ဦးသား ပြန်လာကြပြီးနောက် လမ်းတွင် ပန်းချီဆရာကလေးက မောင်စုအား မုန့်ဖိုးပေးပြီး ပြန်ခဲ့ကြရာ အိမ်သို့ရောက်လျှင် အထက်ထပ်သို့တက်၍ ရေမိုးချိုးတော့၏။ အရေးပိုင်၏အိမ်မှာ မင်းသားကြီးအိမ်နှင့်စာလိုက်သော် အလှအပ အမွှမ်းအမံမရှိသဖြင့် ခြောက်၍နေ၏။ အဝတ်လဲပြီး အောက်ထပ်သို့ ဆင်းခဲ့ရာ အရေးပိုင်က ထမင်းစားရန် ခေါ်သဖြင့် ထမင်းစားခန်းသို့ ဝင်ခဲ့ကြလေ၏။ အရေးပိုင်က "ဘယ်နယ့်လဲဗျို့ နေရာကျခဲ့ရဲ့လား" ဟုမေးရာ ပန်းချီဆရာကလေးသည် ဆွဲခဲ့သော ပုံနှစ်ခုကို ထုတ်ပြသဖြင့် "အင်း... တူသားပဲ၊ ဒါပေမဲ့ သိပ်မကြည့်တတ်ပါဘူးဗျာ" ဟုပြောရာ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတော့ မင်းသားကြီးနဲ့ မပြတ်တွေ့ဖူးနေတာပဲ၊ ဟန်ပန်ချင်း တူမတူသိမှာပေါ့" ဟုပြောလေ၏။ အရေးပိုင်က "လန်ဒန်တုန်းက ကျွန်တော့်အဖြစ် ခင်ဗျားမသိလို့ဗျာ သိပ်ရယ်စရာကောင်းတာ၊ ခင်ဗျားဆီ "ဘီလူးစဘဲရီး" ကို မရောက်ခင် လန်ဒန်က ပန်းချီဆရာကြီးတွေဆီကို နှံ့လို့ပေါ့၊ ကျုပ်မှာ ပန်းချီပေါက်စလေးကို ပန်းချီဆရာကြီး အော်ဂတ်စတတ်ဂျွန်မှတ်လို့ အော်ဂတ်စတတ်ဂျွန်နဲ့ တွေ့ပြန်တော့လည်း မြန်မာပြည်လိုက်မယ့် ပန်းချီဆရာပေါက်စပဲ ထင်ပြီး အလွဲလွဲတွေ လျှောက်ဖြစ်ကုန်လို့ပါကလား"

"သူတို့ကို ဒီအကြောင်းပြောပြရင်လည်း လိုက်မှာပါပဲ"

"ဘာလို့လဲဗျ"

"ခုကျွန်တော်တွေ့သလို တွေ့ရရင် ဘာငြင်းကြမှာလဲ"

"ဒါဖြင့် ခင်ဗျားတော့ အတော့်ကို ကျေနပ်နေတာပေါ့၊ ဘယ်သူတွေနဲ့ တွေ့ရပြီလဲ"

"မင်းသားကြီးရယ် သူ့သမီးရယ်"

"ဩော်... စန္ဒမာလာ မင်းသမီးကြီးနဲ့ မတွေ့ရသေးဘူးပေါ့။ တွေ့ပါလိမ့်မယ်ဗျာ၊ အတော်အံ့သြစရာကောင်းတဲ့ မိန်းမကြီးပါ"

"ဘယ်လို အံ့သြစရာကောင်းတာလဲခင်ဗျာ့"

"မိန်းမကြီးက လူတစ်မျိုးဆိုတာမျိုးဗျ ဟိုရှေးခေတ်ကြီးကတည်းကအတိုင်း သူ့ကိုယ်သူ နေတာထိုင်တာ၊ သူကိုယ်တိုင်က ရှမ်းမင်းသမီး။ မန္တလေးမြို့ အင်္ဂလိပ်လက်ပါတဲ့အချိန်ကစပြီး ဘယ်ကိုမှ တစ်ဖဝါးမရွှေ့ဘဲ မြိတ်မှာလာနေတာပဲ၊ ခင်ဗျားသွားတုန်းက သူ့အပြင်သွားနေတဲ့အချိန် နေလိမ့်မယ်။ လမ်းထွက်တယ်ဆိုရင် ဝေါစီးထွက်တာ၊ တကယ့် ရှေးဆန်တဲ့ မိန်းမကြီးပေါ့ဗျာ"



"ဒါဖြင့် သူ့ပုံဆွဲဖို့လည်း ဝေါပေါ်ထိုင်နေတဲ့ပုံ ဆွဲရမှာ ထင်တယ်နော်"

"ဒါတော့ သူ့အမိန့်ကျတဲ့အတိုင်း ခင်ဗျား လုပ်ရမှာပဲ"

"သူ့အကြောင်း ကြားရတာ တယ်ကြောက်စရာကောင်းတာကိုး၊ သူ့သမီးနဲ့မှ စိတ်ချင်းတိုက်မိပါ့မလား မသိဘူး၊ ဟိုက ဘီလပ်ပြန်ဆိုတော့"

"သူတို့ချင်း ရောရောနှောနှောလည်း နေတာမဟုတ်ဘူးဗျ မိန်းမကြီးက နည်းနည်း ရူးပေါပေါနိုင်တယ်၊ ခင်ဗျား သူ့ဆီသွားရင် ဖိနပ်ချွတ်ရလိမ့်မယ်"

"သူ့ပုံဆွဲတဲ့အခါမှာပေါ့"

"ဒါပေါ့ဗျာ"

"ရယ်စရာပဲ"

"ဒါထက် အစိုးရကတော့ ဆွေတော်မျိုးတော်တွေအပေါ် ဘယ်လိုသဘောထားသလဲ"

"အစိုးရက သူတို့ရှိတာ အလကားရှုပ်တယ် ထင်တာပေါ့ဗျာ"

"အနို့ သူတို့တစ်တွေမှာ တန်ခိုးအာဏာ ဘာမှမရှိကြတော့ဘူးလား"

"နိုင်ငံရေးဘက်မှာတော့ မရှိကြဘူး"

"ဒါဖြင့်ဗျာ ဗြိတိသျှအစိုးရက သူတို့တစ်တွေကို ဘာကြောင့် ညှာညှာတာတာ မစဉ်းစားသလဲ"

"ဟုတ်ကဲ့ ဒါလည်း ဆိုစရာပေပေါ့၊ ကျုပ်တို့စိတ်ထဲမှာ ဗြိတိသျှအစိုးရဟာ ဒီနေရာမှာ လိုနေသေးမှန်းတော့လည်း အသိသားဗျ။ နို့ပေမယ့် ခက်တာက လိုတာကို မပြုပြင်ချင်တဲ့အပြင် မင်းမျိုးမင်းနွယ်တွေကိုပဲ ရှိရကောင်းလားလို့ စိတ်ဆိုးသေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင် ဤသို့ပြောသည်ကို ပန်းချီဆရာကလေးသည် မည်သို့မျှ အထွေအထူး မထင်ပေ။ မထင်သည့်အကြောင်းကား အခြားအရာရှိများ၏ သဘောထားနှင့် အပြုအမူကို မသိသေးသဖြင့် ယခုအရေးပိုင်ကား အခြားသူများနှင့်မတူ အင်္ဂလိပ်တို့၏ မွန်မြတ်သောစိတ်ထားကို အတိအကျ ပြရှာပေသည်ဟု မအောက်မေ့ခြင်းကြောင့် ဖြစ်လေသည်။ ပန်းချီဆရာကလေးသည် မင်းသမီးကြီး စန္ဒမာလာအကြောင်းကို ဆက်လက်တွေးတောမိသဖြင့်…

"ကျွန်တော် မြန်မာစကား သင်ဦးမှထင်ပါရဲ့ဗျာ၊ ဒီနေ့ တစ်နံနက်လုံး မင်းသားကြီးနဲ့ဆိုရင် မြန်မာစကားမတတ်လို့ တစ်ခွန်းမှ မပြောခဲ့ရဘူး။ မင်းသမီးကြီးနဲ့ဆိုရင် သာဆိုးဦးမယ်။ သူနဲ့ ပုံမဆွဲခင် တစ်ခွန်း နှစ်ခွန်း မြန်မာလိုကလေး ပြောရရင် သိပ်ကောင်းသွားမယ်ထင်တယ်"

"ကျုပ်ဆီ ခတ်ပြားတချို့တော့ရှိတယ်။ မြန်မာစကား သင်သူများအတွက် မူလတန်း သင်ခန်းစာပေါ့လေ။ ဒါပေမဲ့ဗျာ အတော်ခက်တဲ့စကားပါ။ အသံဆင်တူသုံးမျိုးဟာ အနည်းဆုံး ၄၊ ၅၊ ၁၀ နှစ် အကျင့်ရမှ ပီအောင် ခေါ်နိုင်မှာပါ"

ဤသို့ ပြောဆိုပြီးနောက် ထမင်းစားပြီးကြလေရာ ဘဏ္ဍာစိုးသည် ပန်းချီဆရာကလေးအား အထက်ထပ် ဝရန်တာတွင် မြန်မာစကားသင် ခတ်ပြားများ ဖွင့်၍ပေးသဖြင့် အရေးပိုင်ရုံးသို့ သွားလျှင်သွားချင်း စကားသင်၍ နေလေတော့၏။ နာရီဝက်ခန့်ကြာသော် တစ်လုံးစ၊ နှစ်လုံးစ ပြောတတ်ပြီ ထင်သဖြင့် လက်တည့်စမ်းရန် အောက်ထပ်သို့ ဆင်းခဲ့ပြီး မြန်မာအစေခံတစ်ဦးအား မြန်မာစကားဖြင့် ရေတစ်ခွက်ပေးပါဟု တောင်းလိုက်ရာ အစေခံသည် ပထမသော် အံ့အားသင့်သွားပုံရ၏။ ၎င်းနောက် နားမလည်သည့် မျက်နှာထားဖြင့်



ကြည့်နေသဖြင့် ထပ်၍ပြောရာ ဆေးပေါ့လိပ်ကြီးတစ်လိပ်ကို ပြေးယူ၍ ပေးလာသဖြင့် "အင်း … အသံတစ်ခုခုတော့ လွဲနေပြီ" ဟု အောက်မေ့၍ စိတ်ပျက်စွာ ပြန်တက်ခဲ့လေတော့၏။

ထို့နောက် ပုံဆွဲစရာကိုပဲ ထပ်၍ဆွဲရမည်လား၊ စကားကိုပဲ သင်ရကောင်းမလားဟု စဉ်းစားနေစဉ် နတ်ရှင်မယ် မင်းသမီးလေးကို သတိရသဖြင့် မိမိအိပ်မက်ထဲက မိန်းကလေး မဟုတ်နိုင်ကြောင်း စဉ်းစားမိပြန်သည်။ မင်းသားကြီးအိမ်တွင် ပုံဆွဲနေစဉ် နတ်ရှင်မယ်နှင့် စကားပြောနေစဉ်က ဤအိပ်မက်အကြောင်းကို လုံးဝသတိမရခဲ့ပေ။ သို့ကြောင့်လည်း တူသည် မတူသည်ကို ဂရုစိုက်၍ နှိုင်းယှဉ်မကြည့်ခဲ့မိခြင်း ဖြစ်လေသည်။ ယခုသော် မှတ်မိသလောက် ဘာမှမတူဟူ၍ပင် အောက်မေ့၏။ အကယ်၍ တူနေပါကလည်း အဖြစ်အပျက်ထက် ဆန်းကြယ်သောအရာ လောကတွင် မရှိနိုင်တော့ပေ။ သို့သော် ဤအကြောင်းမှာ ဦးခေါင်းရှုပ်စရာဖြစ်သဖြင့် စိတ်တွင်းမှ ထုတ်ပစ်လိုက်ရတော့၏။

ပန်းချီဆရာကလေးသည် နာရီကို လှမ်း၍ကြည့်မိ၏။ မစ္စစ်ပူးလ်နှင့် ချိန်း၍ထားသေးသည်။ ဤကိစ္စမှာ နံနက် အိပ်ရာမှ နိုးလျှင် နိုးချင်း သတိရစဉ်က သွားရန်အတွက် ဝမ်းမြောက်ဝမ်းသာရှိမိသည်။ နတ်ရှင်မယ်၏အိမ်မှ နှုတ်ဆက်၍ပြန်ခဲ့သော အချိန်ကမူကား မင်းသားကြီးအိမ်က ပြန်လာရသည်ကိုပင် မကြိုက်ဘဲဖြစ်ခဲ့သည်။ မစ္စစ်ပူးလ်နှင့် ချိန်းမိသည်ကိုလည်း နောင်တရ၍နေသေး၏။ လှပသော မစ္စစ်ပူးလ်၏ မျက်နှာကလေးကို ပြန်၍မြင်မိသောအခါ သွားချင်ပြန်သည်။ သူ့စိတ်ထဲတွင် မည်သို့ဖြစ်နေသည်ကား မဆိုနိုင်။ မှားလို့ ချိန်းခဲ့မိတော့သည်ဟု အောက်မေ့သယောင်၊ သို့သော် လာမည်ပြောပြီးမှ မသွား၍ မကောင်းတော့ပေ။ အရေးပိုင်နှင့်လည်း မစ္စစ်ပူးလ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကျွမ်းဝင်သောမိတ်ဆွေဖြစ်သည်။ အိမ်ရှင်၏ မျက်နှာကိုလည်း ဖျက်လို့မကောင်း။ သို့သော်…

မစ္စတာမန်ဂန်သည် "ယခုတစ်ကြိမ်တော့ ငါသတိထားမှာပဲ စိတ်အလိုလိုက်လို့ သူများတိုင်းပါလို့ မကောင်းဘူး" ဟူ၍ အောက်မေ့မိလေသည်။ မစ္စတာမန်ဂန်သည် မင်းသားကြီးအိမ်တွင် အရှေ့နိုင်ငံ၏ သရုပ်ကို နှစ်ခြိုက်စွာလက်ခံသည်။ မိမိစွမ်းဆောင်နိုင်သမျှ ကြိုးစားခဲ့သည်။ များစွာလည်း နှစ်ထောင်းအားရရှိသည်။ အကယ်တိ ဤကိစ္စများထဲတွင် မစ္စစ်ပူးလ်ကို ထည့်၍ စဉ်းစားအံ့။ ထိုမိန်းမကား သူ့အလုပ်ကို မည်သို့မြင်လေမည်နည်း။ ပုံမဟုတ်၊ ပတ်မဟုတ် မြန်မာမကျသည့် ဘိလပ်ပြန်မိန်းမတစ်ဦး၊ ရုပ်ထုများရှေ့တွင် ငုတ်တုတ်ကြီးထိုင်၍နေသော တိုင်းရင်းသားအဘိုးကြီး၊ မယဉ်ကျေးသေးသော လူတစ်မျိုး၏ အသုံးအဆောင်များစသည်ဖြင့်သာ မြင်ပေလိမ့်မည်။ ပန်းချီဆရာကလေးကဲ့သို့ သဘောပေါက်ဖို့ ဝေးလှတော့သည်။ သို့ဖြစ်လျှင် အဘယ့်ကြောင့် ထိုမိန်းမနှင့် သွား၍ တွေ့လိုပါသေးသနည်း။ အကြောင်းကား အမျိုးမျိုးရှိသည်။ မိမိတို့ လူမျိုးချင်းဖြစ်၍လည်းကောင်း၊ တစ်ယောက်တည်း ပျင်းရိငြီးငွေ့၍နေရခြင်းကြောင့်လည်းကောင်း၊ မစ္စစ်ပူးလ်က များစွာ ခင်မင်ပုံရသဖြင့် အားနာခြင်းကြောင့်လည်းကောင်း ဖြစ်ရမည်။ ဤမျှဖြင့်လည်း မဟုတ်သေး၊ မစ္စစ်ပူးလ်သည် လှပချောမောသူဖြစ်သည်။ သူ့ရုပ်ပါရုံကို အဘယ်ယောက်ျားမှ သတ္တိကောင်း မလုပ်နိုင်။ ယမန်ညကလည်း ပန်းချီဆရာကလေးသည် ထိုမိန်းမချော၏ ရုပ်ပါရုံမှိုင်းတွင် ဒယီးဒယိုင်နှင့် မြော်ခဲ့သည်။ ယခုလည်း ဆက်ရန်ရှိသေးသည်။ တစ်ဦးက လိုလားကြောင်းပြပါလျက် နောက်တွန့်နေစရာမလို။



ဤသို့ စဉ်းစားကာ လည်စည်းကို ကျနစွာတပ်၍ ကုတ်အင်္ကျီဝတ်ပြီးသော် ဦးထုပ်ကိုဆောင်း၍ ထွက်ခဲ့လေတော့၏။ ဆောင်းနေပင် ဖြစ်သော်လည်း နာရီပြန်တစ်ချက်အချိန်မှာ ပူပြင်းလှသည်။ မစ္စစ်ပူးလ်၏အိမ်မှာ ဆယ့်ငါးမိနစ်ခန့်သွားရမည်။ ပန်းချီဆရာကလေးသည် ယမန်ညကလမ်းကို မှတ်မိခဲ့သဖြင့် မထစ်မငေါ့ ချောမောစွာပင်တွေ့ရာ မှာထားသည့်အတိုင်း ဧည့်ခန်းသို့ လျှောက်ဝင်၍ သွားမည်ပြုစဉ် မစ္စစ်ပူးလ်သည် အိမ်အထက်ထပ်မှနေ၍ အသံတိုးတိုးဖြင့်…

"အပေါ်ထပ်ကို တက်ခဲ့ပါ" ဟု ပြောသံကြား၍ တက်သွားရသည်။ ဆင်ဝင်ဧည့်ခန်းမှ မစ္စစ်ပူးလ်သည် ပိုးအင်္ကျီပွ အပြာရှည်ကြီးကိုဝတ်လျက် ပန်းချီဆရာကလေးကို လာ၍ကြိုပြီး ဆိုဖာရှိရာသို့ တွဲခေါ်သွားကာ…

"ကျွန်မ လာမှလာတတ်ပါ့မလားလို့ရှင့် စိတ်တပူပူနဲ့"

"ချိန်းတဲ့အချိန်ထက် ကျွန်တော် နောက်ကျသေးသလား"

"နည်းနည်းပါရှင် သိပ်အိုက်လာတယ်ထင်တယ်၊ ကဲ ဒီလည်စည်းကြီးတွေ ချွတ်ပစ်လိုက်ပါလေ၊ (သူကိုယ်တိုင် ဖြုတ်ပေးပြီးနောက်) ကုတ်အင်္ကျီ ချွတ်လိုက်ပါ။ ကဲ… အေးသွားရောပေါ့၊ နေပါဦးရှင် ခုဘာတွေလုပ်ခဲ့သလဲ"

"နံနက် ထမင်းမစားခင်က မင်းသားကြီးအိမ် သွားတယ်လေ"

"ဩော်… နို့ သူ့သမီးကော တွေ့ခဲ့သလား"

"တွေ့ခဲ့တယ်"

"ဘယ်လိုမိန်းမလဲရှင့် သူလက်ထပ်တော့မှာဆို"

"ခင်ဗျားမတွေ့ဖူးသေးဘူးလား"

"သူနဲ့ဘယ်သွားတွေ့နေမလဲ၊ တစ်ခါတော့ လမ်းပေါ်မှာ မြင်လိုက်ဖူးပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးနဲ့ တွေ့ဖို့ကောင်းပါတယ်ခင်ဗျာ၊ တစ်ခါလောက် လက်ဖက်ရည်သောက်ကလေး ဘာကလေး ဖိတ်ပါလား"

"ဟာ မဟုတ်တာပဲရှင် ဘာလို့ဖိတ်ရမလဲ"

"ဘာလို့လဲဗျာ၊ သူ့အင်္ဂလန်မှာ အကြာကြီး သွားနေခဲ့ဖူးတာပဲ"

"ရှင် သူ့ကို အတော်သဘောကျခဲ့ပြီထင်တယ်၊ အမယ် ရှင့်လက်စွပ်ကလေး သိပ်လှတာပဲ ကြည့်ရအောင်"

ပန်းချီဆရာကလေးသည် သူ့လက်ကိုထိုး၍ ပြလိုက်ရာ မစ္စစ်ပူးလ်၏ ဖြူဖွေးသွယ်ပျောင်းသော လက်ချောင်းကလေးနှင့် ထိတွေ့ရသဖြင့် လက်မှဆွဲ၍ ကိုယ်ကိုသိမ်းကျုံးဆွဲယူလိုက်ရာ ပါးလွှာနူးညံ့သော ပိုးအင်္ကျီပွမှာ အသားပေါ်တွင် တစ်ထပ်တည်း ဝတ်၍ထားသဖြင့် လက်ဖြင့် ပွတ်သပ်နေမိတော့သည်။ မစ္စစ်ပူးလ်၏ မွှေးကြိုင်သော ဆံပင်နုကလေးတို့မှာ ပန်းချီဆရာ၏နှာဝတွင် ကစား၍နေလေတော့ရာ တအားသိမ်း၍ မွှေးမိပြန်သည်။ ထို့နောက် ကလေးငယ်သဖွယ် လူပေါ်မှ အသာချီ၍ နံဘေးသို့ ချလိုက်ရာ မစ္စစ်ပူးလ်၏ အင်္ကျီမှာ ရှေ့မှ မစေ့တစေ့ ပေါ်သွားလေ၏။

"ဒီအင်္ကျီကြီး မပါရင် သာလှမှာပဲနော်"

"ရှင်တို့ ပန်းချီဆရာတွေကတော့ သိမှာပေါ့"

"ဟုတ်တယ်လေ ဒါမှတကယ့်အလှကို မြင်ရတာပဲ"

"ဒါဖြင့်လည်း ဖယ်ကြည့်တာပေါ့" ပြောပြောဆိုဆို လွယ်ကူစွာ ချွတ်လိုက်ရာ...

"အို... အဲဗာ မင်းသိပ်လှပါလား" ဟု အားမလို အားမရ အသံတုန်ကြီးဖြင့် ပြောလိုက်လေ၏။ မစ္စစ်ပူးလ်သည် ထိုင်ရာမှထ၍



ပန်းချီဆရာကလေး၏ရှေ့သို့ မတ်တပ်ရပ်လိုက်ပြီး ကလေးသဖွယ် ခေါင်းငုံ့ကာ အရိုအသေပေးသလို လုပ်လိုက်ရာ ခေါင်းပေါ်မှ ဆံပင်ကောက်ကလေးတို့သည် လှုပ်ရှားကစား၍ နေကြလေ၏။ ပြတင်းမှ ဝင်ရောက်နေသော အလင်းရောင်သည် မစ္စစ်ပူးလ်၏ သေးသွယ်သော ခါး၊ ပြည့်ဖြိုးသော တင်ပါးနှင့် ပြောင်ဝင်းသော ပေါင်တံတို့ကို အရှင်းသား၊ အလင်းသား၊ ဖော်ပြ၍နေပေရာ ပန်းချီဆရာကလေးသည် ထိုင်ရာမှထ၍ လှမ်းယူပွေ့ဖက်ပြီးနောက်...

"ကဲ... ဘယ်ကိုသွားရမှာလဲ" ဟု ဖျစ်ညှစ်ရင်း မေးသဖြင့် "လာ လာ ဒီကို" ဟု အခန်းတစ်ခန်းဆီသို့ ခေါ်ဆောင်၍ သွားလေရာ အခန်းဆီးနီနီကလေးသည် လှုပ်ရှား၍ ကျန်ရစ်ပေတော့၏။

အခန်းတွင်းမှ ပြန်၍ထွက်လာကြသောအခါ မစ္စစ်ပူးလ်က

"ရှင်ဒီလိုပဲ နေ့တိုင်း သူပြန်မလာမချင်း လာခဲ့နော်၊ ခုလည်း မပြန်ပါနဲ့ဦးလေ အရေးပိုင် ရုံးမဆင်းသေးပါဘူး၊ တစ်နာရီလောက်တော့ နေနိုင်ပါသေးတယ်။ အို... ပြန်မှ ပြန်မှ ခဏနေရင် အစေခံတွေ ပြန်လာကြတော့မယ်။ ကဲ တစ်မိနစ်လောက် ဆိုဖာပေါ် ထိုင်ကြပါဦးစို့နော်"

အင်္ကျီကို ကောက်၍ဝတ်ပြီး နှစ်ယောက်သား ထိုင်မိကြလျှင်...

"ကဲ ရှင်ဆွဲတဲ့ပုံတွေအကြောင်း ပြောပါဦး" ဟု ဆိုသဖြင့် ပန်းချီဆရာကလေးသည် မိမိယခုဆွဲနေသည့်ပုံသည် မည်မျှသဘာဝကျမည်၊ ဆေးရောင်သွင်းမိလျှင် မည်မျှအသက်ပါမည်၊ မြန်မာပြည်သည် မိမိအဖို့ များစွာစိတ်ဝင်စားဖွယ်ကောင်းသည် စသည်ဖြင့် စိတ်ပါလက်ပါ ပြောပြနေရာမှ မစ္စစ်ပူးလ်ကို လှမ်း၍ကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှ စိတ်ပါလေဟန် မနည်းကြိုးစား၍ နားထောင်နေရကြောင်းကို သိသဖြင့် စကားစ ဖြတ်လိုက်လေ၏။

“ကဲ… ပြောပါဦးရှင့် မြန်မာပြည်ဟာ ပျော်မွေ့စရာကောင်းတယ်လား၊ ကျွန်မဖြင့် ပျော်မွေ့စရာရယ်လို့ ဘာမှ မမြင်ပေါင်” ဟု ဆိုလေ၏။

ဤသို့ဆိုလျှင် ပန်းချီဆရာကလေးသည် မြန်မာပြည်ကား မိမိအဖို့ ငယ်စဉ်ကပင် အိပ်မက်ဖြင့် တမ်းတခဲ့ပုံ ရောက်သောအခါတွင်လည်း သာယာလှသော ရှုမျှော်ခင်းများ တောင်နှင့်တောနှင့် ပင်လယ်ပြင်နှင့် ပန်းရပုံ စသည်တို့ကို ဖွင့်၍မပြောတော့ပေ။ အကြောင်းကား ပြော၍လည်း ထူးမည်မဟုတ်သောကြောင့်တည်း။ မစ္စစ်ပူးလ်နှင့် မိမိမှာ ဓာတ်ချင်းမတူကြ၊ တူညီသည့်အချက် တစ်ခုသာရှိသည်။ ၎င်းကား မစ္စစ်ပူးလ်သည် ပန်းချီဆရာ၏ မေတ္တာနှင့် အချစ်ကို ခံယူလို၏။ ပန်းချီဆရာသည် မိန်းမချောတစ်ဦး၏ “စေတနာဗလဝသိနေဟ” ကို မလွန်ဆန်နိုင်ခြင်း ဖြစ်တော့သည်။ ထို့ကြောင့်သာလျှင် ဘာကိုမျှ အထွေအထူး မဖြေကြားဘဲ မစ္စစ်ပူးလ်ကို ယုယစွာဖက်လျက် “မြိတ်ဟာ ဘာလို့ပျင်းစရာကောင်းတယ်ဆိုတာ သိပါပြီ၊ နို့ပေမယ့် ရှေ့လျှောက်လို့တော့ ကျွန်တော်ရှိနေပြီပဲ ပျော်ရောပေါ့” ဟု ပြောလိုက်ရာ…

မေးယောင်ယောင် မပွင့်တပွင့် မျက်လုံးကလေးဖြင့် “ပထမအကြိမ် ဒီဒေသမှာ ပျော်ရွှင်တာဟာ ကနေ့ပဲအချစ်ရယ်” ဟု ဖြေကြားသံကို ကြားရပေ၏။

ဤအကြိမ်ကား နောက်ဆုံးနှင့် ပထမအကြိမ်ဟူ၍ကား မည်သူမျှ မသိကြပေ။



“ကဲ… ပြန်တော့နော်” ဟု ပြောရာ အချိန်ကျနေပြီဖြစ်၍ မစ္စစ်ပူးလ်အား နှုတ်ဆက်ကြည့် ကြည့်ခြင်းအနေဖြင့် ဝအောင်ကြည့်၍ တစ်ချက်မျှ ဖက်ကာနမ်းခဲ့ပြီးနောက် အောက်ထပ်သို့ အပြေးဆင်းခဲ့လေတော့၏။

မစ္စစ်ပူးလ်သည် ပန်းချီဆရာကလေး ဝင်းပေါက်မှ ထွက်သွားသည်အထိ မျှော်ကြည့်ပြီးနောက် သူ့စိတ်ထဲတွင် စိတ်ချလက်ချ မိမိလက်တွင်းက မလွတ်နိုင်ပြီဟု အောက်မေ့၍ ဝမ်းအမြောက်ကြီးမြောက်၍နေတော့သည်။ အကယ်၍သာ မိမိက မဦးပါက တခြားမိန်းမတွေနှင့် တွေ့ချင်တွေ့မည်။ ယခုသော်ကား မြိတ်မြို့သည် မိမိအဖို့ အတော်ကောင်းသော မြို့ကလေးဖြစ်၍နေပြီဟုလည်း အောက်မေ့လေသည်။

မိမိကိုယ်ကို တွန့်လိမ်ပြီးနောက် အညောင်းဆန့်ရင်း လက်ဖက်ရည်ဆာသဖြင့် သောက်ရန် စိတ်ကူးလျက် “အင်း … သူလည်း အချစ်ဆိုတာ နားလည်သားပဲ” ဟု တစ်ယောက်တည်း တိုးတိုး ပြောနေလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

# သူတော်ကောင်းတို့ ကိန်းအောင်းရာ

ပန်းချီဆရာကလေးသည် အရေးပိုင်မရောက်ခင် မိနစ်အနည်းငယ်သာစော၍ အိမ်ပြန်ရောက်သည်။ နှစ်ဦးဆုံမိလျှင်ပင် လက်ဖက်ရည်စားပွဲတွင် ထိုင်ကြလေ၏။ စားသောက်၍ပြီးကြသော် အရေးပိုင်က–

"ကျုပ်ခုအလုပ်ကိစ္စနဲ့ ပထစ်ကျွန်းကို သွားစရာရှိတယ်ဗျ၊ အဲဒီကျွန်းဟာ ပထော်ကျွန်းရဲ့တောင်ဘက်က အဆက်ပေါ့၊ ဘုရားစေတီတွေ မြင်ရတဲ့ကျွန်းလေ ခင်ဗျားလိုက်ခဲ့မလား"

"လိုက်တာပေါ့ခင်ဗျာ" ဟုဆိုသဖြင့် ငါးနာရီလောက်တွင် တောင်ကုန်းကလေးပေါ်က ဆင်းခဲ့ကြသည်။

အရေးပိုင်အတွက် မော်တော်ဘုတ်မှာ မောင်စုကို စေလွှတ်ပြီး အမိန့်ပေးနှင့်သဖြင့် ရေဆိပ်တွင် အဆင်သင့်စောင့်၍နေလေပြီ။ အရေးပိုင်လာသည်ကို မြင်သဖြင့် မောင်စုသည် သူ့ဆရာအတွက် ဆလင်လုပ်သူအား စက်ဖွင့်နှင့်ရန် အာဏာသံပြင်းပြင်းနှင့် အမိန့်ပေးလိုက်ရာ ပန်းချီဆရာကလေးတို့ မော်တော်ဘုတ်ထဲသို့ ဆင်းမိလျှင်ပင် မော်တော်သည် စတင်၍ ကမ်းမှ ထွက်ခွာတော့၏။



ပထစ်ကျွန်းတွင် သင်္ဘောဆိုက်မည့် တောင်ခြေရင်းနေရာ၌ ဇရပ်များ ဆောက်လုပ်၍ထားရာ ဧည့်သည်ဘုရားဖူးများ နားနေရန်နှင့် အစားအသောက်များ စားသောက်ရန်အတွက် ကောင်းမွန်လှပေသည်။ အရေးပိုင်တို့ မော်တော်ဘုတ်ကလေးဆိုက်ချိန်၌ ယောကျ်ား၊ မိန်းမအများပင် ၎င်းဇရပ်များ၌ ရောက်နှင့်နေကြ၍ မိန်းမများက ချက်ပြုတ်ပြင်ဆင်၍ ယောကျ်ားများမှာ မုန့်များစားသောက်၍ နေကြလေသည်။ ၎င်းတို့အနီးတွင် အဝါရောင်သင်္ကန်းဝတ်တစ်ဦးကိုလည်း မြင်ရသည်။ မောင်စု အရေးပိုင်အနီးသို့ တစ်စုံတစ်ခု တိုးတိုးပြောလိုက်ရာ အရေးပိုင်က–

"နေရာကျတာပဲဗျို့ ခင်ဗျားဖို့ ကြည့်စရာတစ်ခုတော့ တွေ့ပြန်ပြီ၊ တခြားကျွန်းက တန်ခိုးကြီး ရသေ့တစ်ပါး ဒီကျွန်းရောက်နေသတဲ့" ဟု ပြောပြီး အနီးသို့သွား၍ကြည့်ရာ သင်္ကန်းအဝါကိုဝတ်လျက် ရိတ်၍ထားအပ်သော ဦးပြည်းနှင့် မျက်လုံးပြူးပြူး ရသေ့တစ်ပါးသည် ဖျာတစ်ချပ်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရလေ၏။ လူများသည် စားဖွယ်သောက်ဖွယ်များကို ဆက်ကပ်နေကြသော်လည်း ရသေ့ကြီးမှာ စက္ခုန္ဒြေကိုချ၍ ထိုင်မြဲထိုင်နေသည်။

"သူဘာလို့ ရသေ့ဘောင် ဝင်လာတာလဲကွ" ဟု မောင်စုအားမေးရာ...

"အရှင်ဘုရားကို ကြည့်ရှုဖို့ပေါ့ဘုရား" ဟု မောင်စုက မြှောက်၍ပြောသဖြင့်...

"ဟေ့ကောင် မဟုတ်တာတွေ တော်ကွာ" ဟု ရယ်ရင်း ငေါက်လိုက်သည်။

"ရသေ့ကြီးနဲ့ စကားပြောမလားဘုရား" ဟု မေးပြန်ရာ–

www.burmeseclassic.com

www.burmeseclassic.com



"သူကပြောရင် ပြောတာပေါ့"ဟု ဖြေစဉ် ရုတ်ရုတ်ရက်ရက် သံကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ သမ္ဗန်ကြီးတစ်စင်း ဆိုက်ကပ်၍ လာပြီးနောက် အတွင်းတွင် အခြွေအရံတွေ၏အလယ်၌ မင်းသမီးကြီး ကို တွေ့ရလေ၏။

"အဲဒါ နတ်ရှင်မယ်ရဲ့မယ်တော် စန္ဒမာလာမင်းသမီးကြီးပဲ၊ ဒီမိန်းမကြီး ဘာလို့များ လာပါလိမ့်မလဲ၊ တစ်ခါမှ ဒီလို ရေကြောင်း ခရီး ထွက်တယ်လို့ မကြားဖူးပါဘူး"

"ရသေ့ကြီးကို အဖူးလာတာပဲ" ဟု မောင်စုက သတင်း ထောက်ကောင်းပီပီ ပြန်၍ပြောသည်။

မင်းသမီးကြီးသည် အခြွေအရံတွေက ဖေးမတွဲယူလျက်ဖြင့် သမ္ဗန်ပေါ်မှ ဆင်းခဲ့လေ၏။ သူ့အဝတ်အစားများဟာ ရှေးက ရှမ်း မင်းသမီးအတိုင်း ဝတ်စားထားသည်ဖြစ်ရကား၊ ခေါင်းတွင် ပိုးပဝါကို ခေါင်းပေါင်းလျက် အင်္ကျီမှာလည်း မိန်းမဝတ်လက်ကြပ် အနီတပ် ဖြစ်၍ ခါးတွင် ရွှေခါးပတ်ကြီးကို ပတ်၍ထားသည်။ ဘေးကွဲထဘီ တွင်လည်း ရွှေချည်များဖြင့် ကြာပန်းပွင့်ကြီးများ ထိုး၍ထားသည်။ သမ္ဗန်ပေါ်တွင် အသင့်ဆောင်ယူလာသော ဝေါကို အောက်သို့ ချလိုက်ရာ ဝေါမှာ အမိုးသာပါ၍ ဘေး၌အကာမရှိဘဲ အတွင်းတွင် ကော်ဇောများ မွေ့ရာများ ထားရှိရာ မင်းသမီးကြီး ဝေါအတွင်းသို့ ကျကျနနထိုင်မိမှ ဝေါထွက်ရလေသည်။

ရောက်နှင့်သောလူစုမှာ မင်းသမီးကြီးလာသည်ကို ဝိုင်းအုံ၍ ကြည့်ကြလေ၏။ ယခုကား ရှေးခေတ်မဟုတ်တော့ပြီ။ သို့ကြောင့် ကြောက်ရွံ့ရန်မရှိဘဲ မင်းသမီးကြီးအား ဝိုင်း၍ကြည့်နေကြခြင်း ဖြစ်ပေ သည်။ သူ့အဆောင်အယောင်ကား အခမ်းအနားသက်သက်ဖြစ်၍ နေတော့၏။ မင်းသမီးကြီး၏ နောက်လိုက်နောက်ပါ အခြွေအရံ



တို့သည် သူတို့အား တွန်းထိုးဖယ်ရှားမည် မဟုတ်ကြောင်းကိုလည်း ပရိသတ်တို့သည် ကောင်းစွာနားလည်ကြပေသောကြောင့် ဖယ်ရှား ခြင်း အလျှင်းမပြုကြပေ။ အလွန်ရင်းနှီးခင်မင်ရင်းရှိသူတို့ကဲ့သို့ နီးနီး ကပ်ကပ်မှ ကြည့်ရှု၍နေကြသော ထိုပရိသတ်၏ အလယ်မှာပင် မင်းသမီးကြီးကို ဝေါဖြင့် ထမ်းဆောင်၍ သွားကြတော့၏။

မင်းသမီးကြီးသည် ကုန်းမြင့်ကလေးပေါ်တွင် ရပ်နေသော အရေးပိုင်ကို တည့်တည့်တွင် မြင်ရသောအခါ ထီးသုံးနန်းသုံး မြန်မာ စကားမျိုးဖြင့် ခပ်နောက်နောက် လှမ်း၍ခေါ်လိုက်၏။

"အရေးပိုင်မင်းနဲ့ ခုလို ဒီမှာလာတွေ့ရတာ သိပ်ဝမ်းသာ ပါတယ်"

"ဩော်... ကျွန်တော် မင်းသမီးကြီးကိုယ်တော်တိုင် ရသေ့ကြီး ကို ချီးမြှင့်မယ်ဆိုတာကြားလို့ တမင်လာစောင့်နေပါတယ်"

"ဘယ့်နှယ့် အရေးပိုင်မင်းရဲ့ ကျွန်မက ရသေ့ကြီးကို ချီးမြှင့် မယ်ဟုတ်လား၊ ရတနာသုံးပါးအပါအဝင် တစ်ပါးကို ကျွန်မလို မိန်းမသားက ချီးမြှင့်တယ်ဆိုလို့ တော်ရိုးလား အရေးပိုင်မင်းရယ်"

"ကျွန်တော် စကားမတတ်လို့ပါခင်ဗျာ ရှိပါစေတော့"

မင်းသမီးကြီးသည် ဝေါထမ်းများအား ထွက်ခွာရန် အမိန့် ပေးလိုက်သဖြင့် ထွက်ခွာ၍သွားရာ အရေးပိုင်တို့ လူစုသည် ရယ်မော ရင်း ကျန်ရစ်ခဲ့လေ၏။ မောင်စုမှာလည်း အရေးပိုင်ကို ထီးမိုးရင်းပင် မင်းခမ်းမင်းနားကို ကြည့်၍နေရသဖြင့် မိမိဘဝ၏ ဆင်းရဲခြင်း၊ အသက်ကြီးရင့်ခြင်း စသည်တို့ကို မေ့ပျောက်လျက် ရှေးခေတ်ဟောင်း ကို မြိန်မြိန်ကြီး ခံစား၍နေတော့၏။

အရေးပိုင်သည် မောင်စုဘက်သို့ လှည့်၍ ...

"မင်းသမီးကြီးက ရသေ့ကြီးဆီ ဘာလုပ်လာတာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီး ထိမ်းမြားမင်္ဂလာအတွက် နေ့ကောင်းရက်သာ လာပြီး အရွေးခိုင်းတာပေါ့ဘုရား" ဟု သွက်လက်စွာ ပြောပြလေ၏။ မောင်စုမှာ အရေးပိုင်၏ မင်းနားတစ်ထောင်တွင် အကြီးအမှူး မဟုတ်ပါလော၊ သို့ကြောင့်လည်း လက်စွဲတော်အဖြစ်ဖြင့် ယုံကြည်ကိုးစားခြင်းကို ခံရသူဖြစ်ပေသည်။

"အဲဒါတော့ကွာ မြို့ထဲမှာ ဗေဒင်ဆရာတွေ အများကြီးရှိတာပဲဟာ"

"ရှိကြပေမယ့် ဒီရသေ့ကြီးက ပိုပြီး စွမ်းဆောင်နိုင်ပါတယ်။ အနှစ် ၂၀ လောက် ဟိုတောင်ဘက်က ကျွန်းဝိုင်းကလေးမှာ နေတာပဲ" အရေးပိုင်သည် ပန်းချီဆရာကလေးဘက်သို့ လှည့်၍ ...

"ကျုပ်သိပြီဗျို့ ဒါ ဦးစကြာပဲ၊ ကျွန်းဆွယ်တစ်လျှောက်တော့ အင်မတန် နာမည်ကြီးတဲ့ ရသေ့ကြီးပေါ့"

ထိုအတွင်း မင်းသမီးကြီး၏ အစေအပါးတစ်ဦးမှာ ရသေ့ကြီးအပါးသို့ကပ်၍ ပေရွက်ဇာတာနှစ်ခုကို ပေးအပ်ပြီးနောက် စန္ဒမာလာ မင်းသမီးကြီးက ဗေဒင်များ မေးလိုကြောင်း၊ ယခု ဇာတာနှစ်ခုကို တိုက်၍ကြည့်စေလိုကြောင်းများကို လျှောက်ထားပြီး ဇာတာနှစ်ခုကို ဆက်ကပ်လိုက်ရာ မင်းသမီးကြီးအနီးသို့ ကြွခဲ့ပါစေဟု ရသေ့ကြီးက အမိန့်ပေးလိုက်၏။ အခြွေအရံနှစ်ဦးသည် မင်းသမီးကြီးထိုင်ရန် ဖျာကို ရသေ့ကြီးရှေ့တွင် ချ၍ ခင်းပေးပြီးနောက် မင်းသမီးကြီးသည် ဝင်၍လာပြီး ရိုသေစွာ ရှိခိုးလေ၏။

မောင်စုသည် သူ့ဆရာနှစ်ယောက်ကို ဇရပ်ဘေးနားတွင် နေရာပေး၍ထားရာ ထိုနေရာမှာ မင်းသမီးကြီးနှင့် ရသေ့ကြီးနှစ်ဦးစလုံးတို့ကို ကောင်းစွာ မြင်နိုင် ကြားနိုင်သော နေရာဖြစ်ပေ၏။



မင်းသမီးကြီးက သူ့သမီးတော်နှင့် ကြင်ယာတော်လောင်း ဇာတာနှစ်ခုမှာ သင့်မြတ်၊ မသင့်မြတ်၊ သင့်မြတ်ခဲ့သော် ဘယ်နေ့ ဘယ်ရက်တွင် မင်္ဂလာအခါရသည်ကို မေးမြန်းသဖြင့် ရသေ့ကြီးက ဇာတာနှစ်ခုကို သေချာစွာယူ၍ ကြည့်လေ၏။ ရသေ့ကြီး ဦးစကြာမှာ ခပ်ပုပုပင်ဖြစ်သော်လည်း ချိုသာသော မျက်နှာထား ရှိလေသည်။ ခဲတံနှင့် ဂဏန်းတစ်လုံးစ နှစ်လုံးစကိုလည်း စက္ကူပေါ်တွင် ရေးခြစ်ပြီးနောက် ဇာတာနှစ်ခု ပြန်ပေးလျက်...

"မင်္ဂလာအတွက် အခါပေးဖို့ နေ့ကောင်းရက်သာ မမြင်ဘူး" ဟု ညင်သာစွာပြန်၍ ပြောလေ၏။

မင်းသမီးကြီးမှာ အံ့အားသင့်လျက်...

"ဘယ့်နှယ့်ကြောင့်ပါလဲဘုရား" ဟုမေးရာ...

"ဒီကလေးမနဲ့ ဒီသူငယ်နဲ့ ဖူးစာဖက် မဖြစ်ပေဘူး" ဟု ပြောရာ အားလုံးသေချာပြီးမှ မည်သည့်အတွက် လွဲရမည်ကို များစွာ စိတ်ရှုပ်သည့်ဟန်ဖြင့် "ဒီလိုဆို သူတို့ကို ထိမ်းမြားလက်ထပ်ရင် တစ်ဦးဦး အသက်တိုမယ်လို့ ဆိုလိုပါသလားဘုရား" ဟုမေးပြန်လေ၏။

"ကျုပ်မြင်သလောက်ဖြင့် ထိမ်းမြားဖြစ်ဖို့ကို မရှိဘူး၊ တစ်နည်းနည်းနဲ့ မထိမ်းမြားရအောင် ဖြစ်ရမှာပဲ" ဟု ပြောလိုက်ပြီးနောက် သမာပတ်ဝင်စားသလို ခေါင်းအောက်ချ၍ ငြိမ်သက်စွာ ထိုင်နေလေ၏။

မင်းသမီးကြီးမှာ မတွေးတတ်အောင် ဖြစ်ရာမှ ရသေ့ကြီး၏ အမူအရာကို မြင်သောအခါ နောက်ထပ် ဘာမှမေးရန် လျှောက်ရန် မိမိအတွက် မရှိတော့ပြီကိုသိ၍ ကန်တော့ပြီး နောက်ဆုတ်၍ ထွက်ခဲ့ပြီးလျှင် သူ့သမ္ဗန်ဆီသို့ ပြန်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်သည် ပန်းချီဆရာကလေးဘက်သို့လှည့်၍ "ကဲဗျို့ မဆန်းလား၊ အရှေ့နိုင်ငံဆိုတာ တော်တော်စိတ်ဝင်စားစရာ အကောင်းသားဗျ၊ ခု ဦးစကြာပြောတဲ့အတိုင်းသာ မှန်ခဲ့လို့ရှိရင် ခင်ဗျား ပုံဆွဲတဲ့အလုပ်တောင် တစ်မျိုးတစ်မည်များ လာဖြစ်ဦးမလား မသိဘူး။ နက်ဖြန် ခင်ဗျား သူတို့အိမ်သွားရင်တော့ တစ်စွန်းတစ်စ ကြားရဦးမှာပေါ့ဗျာ" ဟုပြောရာ ပန်းချီဆရာကလေးသည် ထူးဆန်းသည်ကိုကား သိ၏။ သို့သော် ဤသို့ ဗေဒင်ဟောချက်ကြောင့် မည်သို့ ဖြစ်ပျက်ပြောင်းလဲခြင်း ရှိလိမ့်မည်ကို မတွေးတတ်ပေ။ မင်းသမီးကြီး၏ အမူအရာသည် ပန်းချီမျက်စိဖြင့် စိတ်ဝင်စားဖွယ် ကောင်းလှသည်ကား မှန်၏၊ သို့သော် ရသေ့ကြီးနှင့် ဆွေးနွေးချက်ကိုကား ကျကျနန အဓိပ္ပာယ်ကောက်တတ်ရန်မှာ မိမိမကြုံဖူးသော ကိစ္စမျိုးဖြစ်၍ မတတ်နိုင်ဘဲ ရှိနေ၏။ ဤကိစ္စမျိုးသည် အိပ်မက်ကို အဓိပ္ပာယ်ကောက်ရသည်နှင့် တူသည်မဟုတ်လော။

"ကဲ ကျုပ်တို့ ကိစ္စရှိရာကို သွားကြဦးစို့ နေဝင်တော့မယ်၊ တောင်ပေါ်ကိုတက်ပြီး သီလရှင်ချောင်တစ်ခုက သူ့မြေ၊ ကိုယ့်မြေ အငြင်းအခုံ ဖြစ်နေတာကလေးကို ရှင်းပေးစရာ ရှိသေးတယ်" ဟု အရေးပိုင်က ပြောသဖြင့် စောင်းတန်း မတ်စောက်စောက်ကြီးကို တက်ခဲ့ကြလေ၏။ ထိုစောင်းတန်းကား ဘုရားဖူးများစွာတို့ တက်ရာ ဆင်းရာ၊ ၎င်းတောင်တွင်နေကြသော ဘုန်းကြီး၊ သီလရှင်တို့ တက်ရာ၊ ဆင်းရာဖြစ်တော့သည်။ မောင်စုကို အရေးပိုင်တို့ လာရောက်သည့်အကြောင်း သီလရှင်ကြီးအား ပြောကြားနှင့်ရန် အရင်သွားနှင့်စေ၏။

မကြာမြင့်မီပင် သီလရှင်ချောင်သို့ ရောက်ခဲ့ကြ၏။ သီလရှင်ချောင်မှာ မြိတ်မြို့တွင်းရှိ ဘုန်းကြီးကျောင်းများနှင့် ခပ်ဆင်ဆင်ပင်



ဖြစ်သည်။ မြေမှ ခြောက်ပေလောက် အမြင့်ထား၍ ကြမ်းခင်းပြီးလျှင် သစ်တိုင်ကြီးများ၊ ပန်းပုလက်ရာများဖြင့် ဆောက်လုပ်၍ ဓနိမိုးထားလေ၏။ ဝရန်တာမှနေ၍ တစ်ဘက်ကမ်းသို့ မျှော်ကြည့်လိုက်သော် မြိတ်ဆိပ်ကမ်းကိုသော်လည်းကောင်း၊ တောင်ကုန်းပေါ်ရှိ အရေးပိုင်အိမ်ကိုသော်လည်းကောင်း၊ တခြားဘက်ရှိ ဝင်းထရံဖြူဖြူ အမြင့်ကြီးတွေအတွင်းမှ ဇလွန်မင်းသားကြီး၏ အိမ်ကိုသော်လည်းကောင်း ကောင်းစွာမြင်ရပေ၏။ သီလရှင်ဆရာကြီးသည် အရေးပိုင်ကို လှေကားမှဆင်း၍ ဆီးကြိုလေသည်။ ကိုယ်ရုံအဝါ ကတုံးပြောင်ပြောင်နှင့် စိပ်ပုတီးကို လက်မှကိုင်လျက် ဆင်းလာသည့်သဏ္ဌာန်မှာ ထိုသီလရှင်၏ အသက်အရွယ်ကို ခန့်မှန်းဖို့ ခဲယဉ်း၍နေတော့၏။ အသက်သုံးဆယ်ထက်ပို၍ မခန့်မှန်းနိုင်ပေ။ အရေးပိုင်က တစ်ဘက်နှင့်တစ်ဘက် အငြင်းပွားနေသောနေရာကို လိုက်၍ပြရန်ပြောရာ ဇရပ်၏တောင်ဘက်ဆီသို့ ခေါ်၍သွားသဖြင့် မြေပုံတစ်လိပ်ကိုဖြန့်၍ စောင့်နေသော မောင်စုနှင့် အဆင်သင့် တွေ့ရလေ၏။ မြေကိုကြည့်လိုက်ရာ နာနတ်ခြံစိုက်သူတစ်ဦးက သီလရှင်ဆရာကြီး၏ မြေထဲသို့ ဝင်၍ စိုက်ပျိုးသည်မှာ သေချာနေသဖြင့် မကြာမီ အမှန်အတိုင်း ဖြစ်ပါစေမည်ဟု အရေးပိုင်က ဝန်ခံစကား ပြောလေ၏။

သီလရှင်ဆရာကြီးမှာလည်း ဤသို့ အရေးပိုင်ကြီးက ဂရုစိုက်၍ပေးသဖြင့် များစွာ ကျေးဇူးတင်ဟန်ပြလျက် ဇရပ်ရှိရာဆီသို့ ပြန်ခဲ့ကြလေ၏။

ထိုအချိန်တွင် နေလုံး လုံးလုံးကွယ်ပြီဖြစ်၍ ကြေးစည်သံများ ကြားရပြီးနောက် သီလရှင်များ ပါဠိဘာသာဖြင့် စာအံသံတို့မှာ သာယာသော ဆည်းဆာအချိန်ကလေးတွင် စေတီပုထိုးများမှ

www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်းသံကလေးများ ခေါင်းလောင်းသံများဖြင့် လေထဲတွင် ရောထွေးလျက် နားထောင်၍ ကောင်းလှတော့၏။

တောင်အောက်သို့အဆင်းတွင် ပန်းချီဆရာကလေးက "သီလရှင်တွေဟာ နဂိုရ်က ဘယ်လိုမိန်းမမှ ဝတ်ရတာလဲခင်ဗျာ" ဟု မေးရာ–

"ဘယ်လိုအတန်းအစားပဲဖြစ်ဖြစ် သီလရှင်ဝတ်နိုင်တာပဲဗျ။ နို့ပေမယ့် ကျုပ်ကြားဖူးတာတော့ အများအားဖြင့် အိမ်ထောင်ရေးနဲ့ အချစ်နဲ့ပတ်သက်ပြီး စိတ်ဒုက္ခရောက်သူတွေ သီလရှင်ဝတ်ကြတယ်လို့ဆိုတာပဲ။ ဗုဒ္ဓဘာသာတရားတော်ကလည်း ဘယ်တရားမှ မမြဲဘူး၊ အားလုံးအနိစ္စပဲလို့ ဟောထားတော့ လူ့ဘောင်မှာ စိတ်တိုင်းမကျလို့ ငြီးငွေ့ရင် လူဝတ်ကပြောင်းပြီး ဒီလိုသာယာတဲ့ တောင်ကလေးပေါ်မှာ သီလရှင်ဘဝကူး၊ ဗုဒ္ဓဘာသာတရားက စိတ်သက်သာရာသက်သာကြောင်း ဟောထားတော့ သူတို့စိတ်ချမ်းသာမှု ပြန်ပြီးရကြတာပေါ့"

ဤသို့ ပြောဆိုရင်းပင် မော်တော်ဘုတ်ကလေးဖြင့် မြိတ်ဘက်သို့ ပြန်၍ကူးခဲ့ကြလေ၏။

ထိုနေ့ည ညစာစားပွဲတွင် ပန်းချီဆရာကလေးသည် အရေးပိုင်အား "ဒါနဲ့များဗျာ ခင်ဗျားက အလုပ်လုပ်ရတာ စိတ်ပျက်တယ်လို့ ပြောသေးတယ်။ ဒီနေရာမျိုးမှာ ဒီလိုပဲ အေးအေးဆေးဆေးကလေးနဲ့ အုပ်ချုပ်သူတစ်ဦးလုပ်သွားရရင် ကျွန်တော်သာဖြင့် တခြားဘာကိုမှ တောင့်တမယ် မဟုတ်ဘူး။ ခင်ဗျားဘဝကို သိပ်သဘောကျတာပဲ" ဟု ပြောရာ အရေးပိုင်က "ခင်ဗျားက ဒီညနေကလေးသာ မြင်တာကိုးဗျ။ အလုပ်ဝတ္တရားက အစဉ် ဒီလိုချည်း ချောချောမွေ့မွေ့ ရှိတာမဟုတ်ဘူး။ ဥပမာဆိုပါတော့ ဒီကနေ့နံနက်ပဲ ရုံးမှာ



လျှောက်လွှာတစ်ခု ရောက်လာတယ်။ အဲဒီအမှုဟာ တော်တော်တော့ ဒုက္ခပေးဦးမယ့်အမှုပဲ ဦးနှောက်ရှုပ်ရမှာပေါ့လေ။ ခင်ဗျား မစ္စစ်ပူးလ်နဲ့ ပထမတွေ့တဲ့ညက သူပြောတာ မှတ်မိသေးလား၊ သူ့ယောက်ျားဟာ သတ္တုကြောတစ်နေရာ တွေ့ထားလို့ တော်တော်ပွတယ်လို့ ပြောတာလေ။ ဟော ခုနံနက်တော့ ဇလွန်မင်းသားကြီးရဲ့ မန်နေဂျာက အဲဒီ မစ္စတာပူးလ်တူးနေတဲ့ သတ္တုတွေဟာ မစ္စတာပူးလ်တို့ လိုင်စင်ခံတဲ့မြေထဲ မပါပါဘူးတဲ့။ မင်းသားကြီးရဲ့ မြေထဲပါနေတဲ့ သတ္တုကြောကို တူးနေတာမို့ တားပေးပါလို့ လာလျှောက်နေတယ်"

"ဒါဘာလို့ ဒုက္ခများရမှာလဲ"

"ဩော်… အခြေအနေက ခပ်ဆိုးဆိုးမို့ပေါ့။ ဖြစ်ပုံက ဒီလိုဗျ ဒီလို တစ်လောတုန်းက မစ္စတာပူးလ်က သူ့မြေနဲ့ဆက်ရက် မြေတစ်ခုကို သူ့လိုင်စင်ပေးဖို့ ကျွန်တော့်ရုံးမှာလာပြီး အမိန့်လာခံတယ်။ ကျွန်တော်ကလည်း လျှောက်တဲ့လူမရှိသေးတော့ တူးဖို့ လိုင်စင်ထုတ်ပေးလိုက်ကရော၊ သူကတော့ လိုင်စင်ရတဲ့အတွက် အတော်ကျေနပ်နေတာပေါ့လေ။ နောက် တယ်မကြာခင်ပဲ တစ်ခါ ဇလွန်မင်းသားကြီးရဲ့မန်နေဂျာက ပူးလ်ရဲ့မြေနဲ့ တစ်ဆက်တည်း မြေကို တစ်ခါတူးဖို့ လိုင်စင်လာတောင်းပြန်ရော။ မြေပုံတွေကို ယှဉ်ကြည့်ပြီး မြေပုံက တစ်ဦးတောင်းတဲ့မြေကွက်နဲ့ တစ်ဦးတောင်းတာနဲ့ မတူတော့ သူတို့ကိုလည်း ပေးလိုက်တယ်။ ခုမနက်ကျတော့ မင်းသားကြီးရဲ့ မန်နေဂျာက ပူးလ် အခုတူးနေတဲ့နေရာဟာ သူပိုင်ထဲမှာ မဟုတ်ပါဘူး။ မင်းသားကြီး လိုင်စင်လျှောက်ထားတဲ့ မြေထဲမှာ လာတူးနေပါသတဲ့။ ခင်ဗျားနားလည်ရဲ့လားမသိဘူး။ နည်းနည်းရှုပ်တယ်။ အခု ကျုပ်အထင်ကတော့ ပူးလ်ဟာ ခု သူတူးနေတဲ့နေရာကို သူ လိုင်စင်ရပြီး မြေထဲပါတယ်ထင်ပြီး တူးနေတာ။ သူ့မြေပုံဟာ မှားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ခု သူတူးရတဲ့ သတ္တုတွေဟာ တကယ်စင်စစ် မင်းသားကြီး လျှောက်ထားတဲ့မြေထဲက ဖြစ်ရမယ်လို့ ထင်တာပဲ။ ရုံးရောက်ရင် မြေပုံတွေကို သေသေချာချာ ကြည့်ရမှာပဲ။ ပူးလ်ရဲ့မြေပုံက မှားနေရင် သူ တူးရပြီးသားတွေကို မင်းသားကြီး ပြန်အလေးခိုင်းရမှာ။ နောက်ပြီး သာဆိုးတာက ပူးလ်က အင်္ဂလိပ်၊ မင်းသားကြီးက မြန်မာ၊ အဲဒီတော့ လူမျိုးခြားနေတာကလည်း တစ်မျောင့်၊ ဒါကြောင့် ခင်ဗျားကို ပြောတာပေါ့။ ချောချောမွေ့မွေ့ ရှိတဲ့အခါရှိတယ်။ ဒီလိုအမှုကိစ္စတွေ ပေါ်တဲ့ အခါလည်း ပေါ်သေးတယ်လို့ ပူးလ်ဟာသာ မှန်ပါစေလို့ ဆုတောင်း နေတာပဲ၊ တကယ်လို့ သူကမှားရင် မင်းသားကြီး အနိုင်ပေးရမှာ၊ အနိုင်ပေးရင် အင်္ဂလိပ်တွေက ဝိုင်းဆူကြဦးမှာ"

ပန်းချီဆရာကလေးမှာ မြေပုံတွေ လိုင်စင်တွေနှင့် ပတ်သက်၍ လည်းမသိ၊ မြန်မာနှင့် အင်္ဂလိပ်အမှုဖြစ်လျှင် တွေ့ကြုံတတ်သော အခက်အခဲကိုလည်း မသိရကား အရေးပိုင်သည် ကြံကြံဖန်ဖန် အတွေးခေါင်ပြီး စိတ်ပူတတ်လွန်းသည်ဟု အောက်မေ့၍ ဤကိစ္စမှ လှီးလွှဲလိုက်ရန် နေ့ခင်းက မိမိမြန်မာစကားသင်ရင်း လက်တည့် စမ်းရာတွင် ရေတောင်းသည်ကို ဆေးလိပ်ပေးလာကြောင်းပြောပြရာ၊ "ဟာ ဒါ ဘာဟုတ်သေးလည်းဗျာ ခက်တာက ကျွန်တော်တို့က အရှိအသေသဘောနဲ့ အမျိုးသမီးတွေ သွားပြောတဲ့အခါ ဆဲသလို ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်သွားတတ်တာတောင် ရှိသေးတယ်"

"ဒါဖြင့်ဗျာ စန္ဒမာလာမင်းသမီးကြီးရှေ့မှား ဒီလိုဖြစ်ရင်တော့ အခက်ပေါ့"

"အို ဒါတော့ ကိစ္စမရှိပါဘူး၊ ခင်ဗျားကို ရယ်မှာပါပဲ"

"ကျွန်တော်တော့ စိတ်ပျက်ပါပြီဗျာ၊ ခုအတောအတွင်းတော့ ဒီမြန်မာစကားကို သင်လို့ရမယ် မထင်ပါဘူး"



"မလိုပါဘူးဗျာ ဒီအိမ်မှာ ကျုပ်မရှိတုန်းဆိုရင် ဘဏ္ဍာစိုး ရှိသားပဲ သူနားလည်တယ်၊ မင်းသားကြီးအိမ်မှာဆိုရင်လည်း နတ်ရှင် မယ် ရှိသားပဲ။ သြော်... ဒါထက် နတ်ရှင်မယ်ကို ခင်ဗျား ဘယ့်နှယ့် သဘောရသလဲ"

"ဟာ အတော်တော်တဲ့ မိန်းကလေးပါခင်ဗျာ၊ လှလည်းလှ ပါသေတယ်။ နောက်ပြီး သူ့အဖေကိုလည်း အင်မတန် ရိုသေလေးစား သမှု ပြုပုံရတယ်"

"သူတို့ဟာ လူကောင်းတွေပဲဗျ။ ပူးလ်နဲ့ကိစ္စသာ ကျုပ်အဖို့ ကမောက်ကမတွေ မဖြစ်ပါစေနဲ့လို့ ဆုတောင်းမိတာပါပဲ"

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

# သတ္တုတွင်း

ပန်းချီဆရာကလေးမှာ မိမိဆွဲလက်စဖြစ်သော မင်းသားကြီး၏ပုံကို များစွာကျေနပ်၍နေသဖြင့် နောက်တစ်နေ့နံနက် ခပ်စောစောပင် ကားများကို အဆင်သင့်ပြင်၍ မင်းသားကြီးအိမ်သို့ ထွက်ခဲ့လေတော့၏။ ယခုအကြိမ်တွင် မိမိမှာ လမ်းသိပြီးဖြစ်၍ မောင်စုကို ခေါ်ရန် မလိုတော့ပေ။ သို့ကြောင့် ယူစရာငင်စရာများကို လက်တွင် မိမိဘာသာပိုက်၍ လာခဲ့လေ၏။

ယခုအကြိမ် ခြံတွင်းသို့ ဝင်မိလျှင် မနေ့က ရောက်ခဲ့ပြီးနေရာဖြစ်သဖြင့် ရှိုးတိုးရှန့်တန့်မနေဘဲ အိမ်ကြီးကို လျှောက်၍ကြည့်လိုက်ရာ မင်းသားကြီး၏အိမ်မှာ အိမ်ရှေ့မျက်နှာစာသာ ပိုလ်ဆန်ဆန်ဆောက်ထားလျက် နောက်ပိုင်းနှင့် ဘေးပိုင်းကား အဆောင်ဆောင်အခန်းခန်း ပြည့်နှက်လျက် များစွာကျယ်ဝန်းသော အိမ်ကြီးဖြစ်ကြောင်း တွေ့ရှိရလေသည်။ ယမန်နေ့က မိမိရောက်ခဲ့သည်တို့မှာ အခန်းမကြီးများသာဖြစ်၍ အခြားမရေတွက်နိုင်သော အခန်းကြီးအခန်းသေးများ ဤအိမ်ကြီး၏ အထက်ထပ် အောက်ထပ်တွင်



ရှိလိမ့်ဦးမည်မှာ ယုံမှားဖွယ် မရှိချေ။ 'စန္ဒမာလာ' မင်းသမီးကြီးသည် အခြားသူများနှင့် မရောယှက်ဘဲ သီးခြားအဆောင်နှင့် နေသည်ဆိုခြင်းမှာလည်း ဧကန်ဖြစ်ပေလိမ့်မည်။

ပန်းချီဆရာကလေးသည် အိမ်ဝသို့ ရောက်လာသည့်တိုင်အောင် အင်္ဂလန်မှာကဲ့သို့ ဧည့်လာကြောင်းနှိပ်ရန် ခေါင်းလောင်းကလေးကို ရှာသော်လည်း အိမ်ဝတွင်မတွေ့၍ မည်သို့ပြုရမည်ကို မသိသဖြင့် ပုံဆွဲကိရိယာများကိုချ၍ အစေခံတစ်ယောက်ယောက်ကို ရှာတော့မည်ဟု အောက်မေ့စဉ် ခြေသံကြားသဖြင့် လှမ်းကြည့်လိုက်ရာ နတ်ရှင်မယ်သည် ပန်းချီဆရာကလေးကို ကြိုဆိုရန် ထွက်၍လာသည်ကို တွေ့ရလေ၏။ နတ်ရှင်မယ်မှာ ဖဲပွင့်လုံချည် အစိမ်းရင့်ကြီးကို ဝတ်လျက် ခေါင်းမှာလည်း ပန်းပွင့်ဖြူကလေးတစ်ပွင့်ကို ပန်၍ထားရာ ပန်းချီဆရာကလေးမျက်စိ၌ ကျက်သရေရှိလှသည်ဟု အောက်မေ့၍ မိမိလာသည်ကိုလည်း ဝမ်းမြောက်နေသည်ဟု မှတ်ထင်မိတော့၏။

"အလို ပစ္စည်းတွေကိုများ ကိုယ်တိုင်သယ်လို့ကိုး ကျွန်မတို့မြန်မာပြည်မှာတော့ ရှင်တို့ ကျွန်မတို့လို အဆင့်အတန်းဆိုရင် သယ်စရာ ယူစရာပစ္စည်းကို ကိုယ်တိုင် ကိုင်လာရိုး ထုံးစံမရှိဘူး။ ကဲ ပေး ပေး ရှင်တော့ အတော်မောလာရှာမယ်"

နတ်ရှင်မယ်သည် လက်ခုပ်ကလေးတီး၍ အစေခံမလေးတစ်ယောက်ကိုခေါ်ကာ တစ်စုံတစ်ခု ပြောလိုက်ပြီးနောက်...

"သံပရာ၊ ရှာလ်ပတ်ရေ မှာလိုက်တယ် သောက်မယ်ဟုတ်လား"

"ကျွန်တော်တော့ နောက်တစ်ခါ အိမ်ရှေ့မှာ လူမတွေ့ရင် ဘယ်လိုလုပ်ရမယ်ဆိုတာသိပြီ"

"ဘယ်လိုလုပ်ရမှာလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခင်ဗျားလို လက်ခုပ်တီးခေါ်မှာပေါ့"

နတ်ရှင်မယ်သည် ရယ်လျက် "ဟုတ်တယ် ဟုတ်တယ် အင်္ဂလန်မှာဆိုရင် ဒီလိုမလုပ်ဘူး။ ကျွန်မလည်း မြန်မာပြည် ရောက်တယ်ဆိုရင်ပဲ ကိုယ့်ထုံးစံ ကိုယ်ပြန် ကျင့်သုံးမိတာပဲ"

"ကျွန်တော်တော့ ခင်ဗျား လက်ခုပ်တီးပုံကို သိပ်သဘောကျနေတယ်"

"ဩော်... ကျွန်မလက်ခုပ်တီးပုံက သူများလို ရိုးရိုးမဟုတ်ဘူးလား"

"ကျွန်တော့် ပန်းချီမျက်စိနဲ့တော့ ခင်ဗျားလက်ကလေးနှစ်ဖက်နဲ့ယှက်ပြီး တီးလိုက်ပုံဟာ အရှေ့နိုင်ငံတစ်ခုလုံးရဲ့ အမူအရာနဲ့ ရှေးမြန်မာမင်းတို့ရဲ့ ဟန်တွေအားလုံး ပါသွားတယ်ထင်တာပဲ။ ဒါကြောင့် အဲဒီလက်ခုပ်တီးပုံကလေးကို ပန်းချီကားပေါ် တစ်ခါတည်းတင်ဆွဲလိုက်ချင်တယ်"

"ဩော်... ဒါလောက်ပဲလားရှင်၊ ကျွန်မလက်ခုပ်ကလေးတစ်ခုတည်းမှာပဲ အားလုံးပါသွားကုန်ရောလား"

"တစ်စုံတစ်ခုကို သရုပ်ဖော်ရာမှာ လူ့အမူအရာလောက် သရုပ်ပေါ်တာ ဘယ်ရှိမလဲခင်ဗျာ"

ဤသို့ပြောစဉ် အစေခံမကလေးတစ်ယောက်သည် လင်ပန်းကလေးဖြင့် ဝင်၍လာရာ...

"ကဲ သုံးဆောင်ပါဦး ဖြည်းဖြည်းပေါ့ ရှင့်ကို ပြောပြစရာကလေး ရှိသေးတယ်"

နတ်ရှင်မယ်နှင့် ပန်းချီဆရာကလေးတို့သည် ဆင်ဝင်ခန်းရှိ စားပွဲကလေးတစ်ခုဆီသို့ ရွှေ့သွားကြပြီးနောက်...



"ကျွန်မ ခမည်းတော်ကို အမှုကိစ္စတစ်ခုရှိလို့ဆိုပြီး သူ့မန်နေဂျာက ခုပဲလာခေါ်သွားတယ်။ ဒါကြောင့် ပုံဆွဲခံဖို့ ထိုင်စရာအချိန် ခုမရပေမယ့် ဆယ့်နှစ်နာရီနဲ့ နာရီပြန်တစ်ချက်အကြားမှာ ရပါလိမ့်မယ်။ ဆွဲနိုင်ရဲ့ မဟုတ်လား၊ ခုလိုရွှေ့ရတာ စိတ်မရှိပါနဲ့နော်"

မန်ဂန်သည် ဤမမျှော်လင့်သော ပြဿနာနှင့် ရင်ဆိုင်လိုက်ရသောအခါ တော်တော်ခွကျသွားလေသည်။ သူ့အဖို့ အီဗာပူးလ်နှင့်တွေ့ရန်မရှိခဲ့လျှင် မင်းသားကြီးအား အချိန်မရွေး ပုံဆွဲပေးနိုင်ရမည်သာဖြစ်သည်။ ထို့ကြောင့် ထစ်ထစ်ငေါ့ငေါ့နှင့် "ကျွန် ကျွန်တော်အသေအချာ မပြောနိုင်ပါဘူးခင်ဗျာ၊ အရေးပိုင်က အဲဒီအချိန်မှာ ဘာလုပ်စရာရှိတယ်ဆိုလား"

"ဒီလိုဆိုလည်း ကိစ္စမရှိပါဘူး၊ အချိန်တွေ အများကြီး ရှိပါတယ်။ နက်ဖြန်မှ ဆွဲကြတာပေါ့"

"ဟုတ်ကဲ့ ဝန်မလေးဘူးဆိုရင်ပေါ့ခင်ဗျာ" ဟု ပြောရသော်လည်း ပန်းချီဆရာကလေးသည် သူ့ကိုယ်သူ မကျေမချမ်းကြီး ဖြစ်နေသည်။ ဤကားများကို ရေးဆွဲရန်အတွက် သက်သက် မိုင် ၅၀၀၀ ခရီးကြီးကို လာခဲ့ပြီးမှ ဘာမဟုတ်သည့် မိန်းမတစ်ယောက်နှင့် ချိန်းထားချက်ကြောင့် အလုပ်ကို ဖျက်ရသည်မှာ ဆိုးလှသည်။ ထို့ပြင် ဤလို မိန်းမမျိုးမှာ လန်ဒန်မြို့တွင်လည်း ဘယ်နေ့မဆို တွေ့နိုင်သည်။

"ကျွန်မ ခမည်းတော် မအားလို့ သူ့ပုံကို မဆွဲဖြစ်ရင်လည်း တစ်ချိန်တည်းမှာ နှစ်မျိုးဆွဲလို့ ဖြစ်တယ်ဆိုရင် ဒီကနေ့ ကျွန်မပုံကိုပါ ဆွဲချင်လည်း ဆွဲနိုင်ပါတယ်"

ပန်းချီဆရာကလေးမှာ ဤအကြောင်းကို မူလက မစဉ်းစားမိပေ။ ယခုမှ သိရ၍ ချက်ချင်း စိတ်အားတက်ကြွလာပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဖြင့်ခင်ဗျာ ခင်ဗျား လက်ခုပ်တီးတာကလေးကိုပဲ သေသေချာချာ ကြည့်စမ်းပါရစေဦး။ ခုနင်က ကျွန်တော်ပြောတာတွေဟာ မြှောက်ပင့်ပြောတာမဟုတ်ပါဘူး။ တကယ်ပါ၊ ဒီလက်ခုပ်ကလေးတီးလိုက်တာမှာ ခိုင်းတဲ့မိန်းကလေး ထွက်လာတယ်ဆိုတော့ ကျွန်တော့်စိတ်ထဲ အတော်မခံချိမခံသာ ဖြစ်သွားတယ်"

"ခိုင်းတဲ့မိန်းကလေး မလာရင် ဘာလာရမှာလဲရှင့်"

"ကျွန်တော် လာစေချင်တာလား"

"ဟုတ်ပါတယ် ဒီပြင် ဘာလာရဦးမှာလဲ"

"ဒီထက် နက်နဲတဲ့ အရာတစ်ခုခု လာစေချင်တာပေါ့"

"ရှင့်အတွေးတွေကလည်း တယ်များသကိုးရှင့်၊ လက်ခုပ်တီးရုံကလေးနဲ့"

"ဒါဖြင့် ဆက်တီးကြည့်လေ သူ့အလိုလို တစ်ခုခုတော့ ပေါ်လာရမယ်"

နတ်ရှင်မယ်သည် နားမလည်နိုင်သလို ရုတ်တရက် မျက်နှာပြင်၍ ပစ်လိုက်ပြီးမှ–

"အရင်က ကျွန်မ ပန်းချီဆရာဆိုတဲ့ လူမျိုးတွေကို တစ်ခါမှ မတွေ့ဖူးဘူး။ လန်ဒန်မှာတုန်းကလည်း အရွယ်က ငယ်ငယ်ဆိုတော့ ကိုယ့်ကိုယ်ကို အင်မတန်တော်လှပြီ၊ နေရာတကာ နားလည်ပြီလို့ အထင်ကြီးလာခဲ့တာပဲ။ အဲဒီဘဝနဲ့ ခုဘဝနဲ့ဟာ အချိန်အတော်ကွာခြားခဲ့ပြီလို့ ထင်မိတယ်"

"ခင်ဗျား ဒီကိုပြန်ရောက်တာ စင်စစ် ဘယ်နှလကြာပြီလဲ"

"သုံးလပဲရှိသေးတယ်"

"ဒါဖြင့် ကျွန်တော်တို့နှစ်ယောက် လန်ဒန်မှာ အတူနေခဲ့ကြဖူးတာပေါ့"



"ဟုတ်မှာပေါ့ လန်ဒန် ယူနီဘာစီတီမှာ သုံးနှစ်ကြာတာပဲ၊ ရှင်လည်း လန်ဒန်မှာ ထာဝစဉ်နေတာပဲလား"

"ကျွန်တော်လား နေတာပေါ့။ လန်ဒန်မှာပဲ ကျွန်တော့် အသက်မွေးမှုက ရှိတာကိုး။ ဒီနှစ် ကျွန်တော့်ကားတွေ ထုတ်ရောင်းဖို့ ပြပွဲလုပ်တာတော့ တွေ့ခဲ့မယ် မဟုတ်ဘူး။ မနှစ်ကလည်း ပြတော့ ပြသေးတယ်။ ခင်ဗျား တွေ့ဖူး ကြားဖူးမလား မသိဘူး"

"ဟာ မတွေ့ပါဘူး၊ ကျွန်မတို့ အနေအထိုင် အပေါင်းအသင်းက တစ်မျိုးပဲ၊ တစ်နေ့သော်လည်း စာပေ၊ ပညာရေး၊ နိုင်ငံရေး ဒါတွေနဲ့ပဲ အချိန်ကုန်ရတာပဲ"

"အခု ခုဒီပြန်ရောက်တော့ ခင်ဗျားအိမ်မှာ ဘာတွေလုပ်နေလဲ"

"ကျွန်မလား စာလေးဘာလေး အနည်းအကျဉ်းပဲ ဖတ်တယ်၊ မြန်မာပြည် ပြန်ရောက်တော့လည်း မြန်မာလိုပဲ ပြန်နေရတာပေါ့။ ကျွန်မ ခမည်းတော်က ကျွန်မဖို့ အစစအရာရာ စီမံပြီးသား ဖြစ်လေတော့ လိုက်နာနိုင်အောင် ကြိုးစားနေရတာပဲ၊ သူ့ကိုလည်း ချစ်ကြောက်ရိုသေဖြစ်နေလို့ အဖေတစ်ယောက်ဟာ သူ့သမီးကို ကမ္ဘာ့တစ်ဘက်စွန်းက တခြားဘက်စွန်းထိအောင် ပညာသင်လွှတ်ထားတယ်ဆိုတော့ သူ့အဖို့ အစီအစဉ်ရှိမှာပေါ့။ စဉ်းစားစရာကောင်းတာက သူခင်းတဲ့ဇာတ်ကို ကျွန်မက ကျကျနန ဝင်ကနိုင် မကနိုင်ဆိုတဲ့ အချက်ပဲ။ ခုဖြင့် ကိုယ့်ကိုယ်ကို စိုးရိမ်မိတယ်။ ကဲလေ ဒါတွေထားပါတော့ ပုံဆွဲကြစို့လား"

"ဆွဲတာပေါ့ခင်ဗျာ၊ ကဲ ကျွန်တော်က ပုံဆွဲ၊ ခင်ဗျားက စကားဆက်ပြော"

"ကောင်းပြီလေ သွားစို့"

ပုံဆွဲခံရန် အနေအထားကို မေးမြန်းရန် ပန်းချီဆရာကလေးက...

www.burmeseclassic.com

www.burmeseclassic.com



"ကဲဗျာ ခင်ဗျား လက်ခုပ်တီးနေပုံကလေးတော့ နေပါစေဦး၊ နောက်မှပဲ လက်အနေအထားကို စဉ်းစားကြသေးတာပေါ့၊ ခေါင်းနဲ့ ပခုံးကျပုံကို အရင်ဆွဲကြဦးစို့" ဟု ပြောပြီး သူကြိုက်သလို အထိုင်ခိုင်းလေ၏။ ပုံဆွဲရင်း ပန်းချီဆရာကလေးက...

"မနေ့က ခင်ဗျားအမေကို တွေ့ခဲ့တယ်"

"ဩော်"

"ပထစ်ကျွန်းက တောင်ပေါ်မှာပေါ့၊ ဝေါကြီးစီးလို့"

"ကျွန်မဖြင့် အဲဒီဘက် ကူးသွားမှန်းတောင် မသိလိုက်ဘူး။ ပြန်လာတာတော့ အတွေ့သား၊ နို့ပေမယ့် စကားမပြောလိုက်မိဘူး"

ပန်းချီဆရာကလေးသည် မိမိကြားသမျှကို ပြောပြလိုက်ချင်သည်။ သို့သော် ၎င်းတို့အိမ်တွင်းရေးကိစ္စ ဖြစ်နေသဖြင့် အသာနားထောင်၍ နေလေ၏။ အတွင်းရေးဟုပင် ဆိုရလင့်ကစား လူတိုင်းသိပြီးကိစ္စ ဖြစ်၍နေပြန်သည်။ သို့ကြောင့်သာ မောင်စုကမှစ၍ သေချာစွာ သိကြခြင်းဖြစ်ပေသည်။ ယခု မိမိသိသည်မှာကား အခြားသူများသိသည်ထက်ပို၍ ၎င်းတို့၏ အိမ်တွင်းရေးကို ရှေ့တွင် တစ်မျိုးတစ်မည် ပြောင်းလဲစေမည့်ကိစ္စ ဖြစ်သည်လည်းတစ်ကြောင်း၊ နတ်ရှင်မယ်၏ပါးစပ်မှ ကြောင်းလမ်းထားသည့်ကိစ္စကို မပြောမချင်း မိမိပြောခွင့်မရှိသည်လည်း တစ်ကြောင်းတို့ကြောင့် အသာနှုတ်ပိတ်၍ နေလိုက်ပြီး သာမန်ဖြင့်သာ...

"ခင်ဗျား မယ်တော်ဟာ အတော်အထက်တန်းကျတဲ့ မိန်းမကြီးတစ်ယောက်ပဲ" ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့ ကျွန်မ အင်္ဂလန်က ပြန်လာတုန်းကလည်း ရှင့်ပြောပြရဦးမယ်။ တစ်ပြည်တစ်မြေကို ငါးနှစ်လောက်သွားပြီး ပညာသင်ပြန်လာတဲ့ သမီးတစ်ယောက်ကို ပြန်လာလာချင်း နှုတ်ဆက်တာ



ဟာ ဇာတ်ပွဲထဲကနဲ့ သိပ်တူတာပဲ။ ပထမ ကျွန်မ သူ့အဆောင်ကို တက်သွားရတယ်၊ အဆောင်အပြင်ဘက်မှာ ထိုင်စောင့်နေပြီး သူ့အခြွေအရံတစ်ယောက်က ဝင်ခဲ့ပါတော့လို့ လာပြောတော့မှ သူ့ရှေ့ကို ဝင်သွားရတယ်။ သူက ညောင်စောင်းကြီးတစ်ခုပေါ်မှာ ထိုင်လို့ ကျွန်မက သူ့ခြေရင်းမှာ ရှိခိုးပြီး ခေါင်းငုံ့ ခစားနေတော့...

"သမီးတော် ကျန်းခန့်သာလို့ မာရဲ့နော်" တဲ့ သူပြောတဲ့အတိုင်း ရှင့်ကို အင်္ဂလိပ်လို ပြန်ပြောဖို့ သိပ်ခက်တယ်။ ရှေးက ထီးထဲနန်းထဲမှာပြောတဲ့အတိုင်း စကားပြေတွေနဲ့ပြောတာ"

"ပြည့်ရှင်မင်းကော ကျန်းခန့်သာလို့ မာပါစ၊ တောင်ညာဆဝီ မဟေသီ မိဖုရားကြီးကော ကျန်းခန့်သာလို့ မာပါစ၊ ကောက်ပဲသီးနှံ မိုးလေမှန်လို့ သန်ပါစ၊ ခိုးသားဓားပြ ငြိမ်းပါစတဲ့ရှင့်၊ လန်ဒန်ယူနီဘာစီတီက ပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို ဒါတွေဆီးမေးတော့ ဖြေရတာ အခဲယဉ်းသား၊ လန်ဒန်မှာ နေတုန်းကဆိုတာလည်း ကောက်ပဲသီးနှံအကြောင်း၊ ရာဇဝတ်မှုတွေအကြောင်း၊ တစ်ခါမှနားမှ လေသံမကြားခဲ့ဘူး၊ နားထောင်ခဲ့ဖူးတာ မဟုတ်ဘူး။ ဒါပေမဲ့ ကြိုးစားပြီး ဖြေပါတယ်။ ကျွန်မပြောတဲ့ ထီးသံ နန်းသံကလည်း မသုံးတာကြာလို့ ထီးသံ နန်းသံပါလှမယ် မဟုတ်ပါဘူး။ နို့ပေမယ့် ကျေနပ်ပုံတော့ ရပါရဲ့"

"'သမီးတော် ပြန်လာပြီလို့ မဘုရား ရွှေနားပန်ဆင်ရတာနဲ့ တန်ခိုးကြီးဘုရားများကိုသွားပြီး ပန်းကပ်လှွတ်တယ်။ သမုတိ သံဃာ အပါး ၁၅၀ ကိုလည်း ဆွမ်းများကပ်လှူတယ်' လို့ ပြောတယ်ရှင့်၊ နောက်ပြီး တစ်ခွန်းစ နှစ်ခွန်းစ ဆက်မေးပြီး သူနဲ့ ကျွန်မနဲ့ တွေ့တဲ့ကိစ္စ ပြီးသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆန်းတာပဲနော်" ဟု ပန်းချီဆရာကလေးက ပြန်ပြော၏။ ပန်းချီဆရာကလေးသည် စကားကို နားထောင်ရင်း သူ၏ သွက်လက်သော လက်ဖျားက အသက်ဝင်၍နေသော နတ်ရှင်မယ်၏ မျက်နှာကို ကားပေါ်တွင် ဆွဲ၍နေလေ၏။

နတ်ရှင်မယ်သည် မနေ့ကကဲ့သို့ ပုလဲလည်ကပ်ကိုဆွဲ၍ မထားတော့။ နားတွင် ပုလဲနားကပ်ကလေးကိုသာ ပန်၍ထားသည်။ ၎င်းနားကပ်ကလေးမှာလည်း စကားပြောတိုင်း မျက်လုံးကလေးများနှင့် အတူလှုပ်ရှား၍နေလေ၏။ တစ်ခါတစ်ရံ လက်ကလေးမြှောက်ကာ ပြုံးတစ်လှည့် ရယ်တစ်ခါနှင့် စကားပြော၍နေသည်မှာ နားထောင်၍ မငြီးဖွယ် ဖြစ်တော့သည်။

"ကဲ... ဆက်ပါအုံးခင်ဗျာ၊ ခင်ဗျားအမေက ခင်ဗျားကို ရင်းရင်းနှီးနှီး အဝင်အထွက် မခံဖူးဘူးလား"

"ဒီလိုလည်း တွေ့ရပါရဲ့။ ဟိုဟာကတော့ ကျွန်မပြန်လာလို့ အဖူးအမြော်ခံတဲ့ အခမ်းအနားလေ။ အဝေးကပြန်လာတဲ့သူ တစ်ယောက်ဆိုတော့ မေးချင်မြန်းချင်လို့ အခေါ်လွှတ်ပါရဲ့။ အဲဒီလို အခါတော့ မိန်းမဆောင်ထဲမှာ အတွေ့ခံတယ်။ သူကိုယ်တိုင်လည်း သင်ဖြူးပေါ်မှာ ထိုင်တာပဲ။ ကျွန်မကိုလည်း သူ့အနားမှာပဲ ထိုင်စေတယ်"

"ခင်ဗျားကို ဖက်ရမ်းနမ်းရှုတ် မလုပ်ဘူးလား"

"ကျွန်မတို့ဆီမှာ အရွယ်ရောက်ပြီး သမီးတစ်ယောက်ကို မိဘက နမ်းလား၊ ရှုတ်လား လုပ်လေ့မရှိဘူး။ အင်္ဂလန်အနောက်နိုင်ငံမှာသာ လုပ်ကြတာ၊ ရှင် သူနဲ့ စကားမပြောနိုင်တာ ဆိုးတယ်ရှင်၊ စကားပြောစေချင်တယ်"



ပန်းချီဆရာကလေးသည် ပုံဆွဲစက္ကူအသစ်တစ်ခုကို ယူပြီးနောက် မင်းသမီးကလေးအနီးသို့ တိုးလျက်...

"ကဲ ကျွန်တော် ခင်ဗျားဘယ်ဘက်လက်ကို ဆွဲတော့မယ်"

"ဒါဖြင့် လက်ကို ဘယ်လိုထားရမှာလဲ"

"ဟောဒီလို" ဟုပြော၍ သူကြိုက်သလိုကိုင်၍ ပြင်ပေးသည်။ ပန်းချီဆရာကလေးသည် နတ်ရှင်မယ်၏ လက်ကလေးများကို အခါများစွာ သေချာစွာ ကြည့်ဖူးလေပြီ။ အခြားသူများ၏ လက်တို့နှင့် လုံးဝမတူ။ နူးညံ့ပျော့ပျောင်းလှသည်ဟု အောက်မေ့မိသည်။ လက်ကလေးကို ဖြန့်၍ကော့လိုက်လျှင် လေးကိုင်းကလေးကို ဆွဲထားသကဲ့သို့ရှိ၍ ဆွဲ၍ကော့လိုက်လျှင် လက်ကောက်ဝတ်သို့ ထိမခန်း နတ်ရှင်မယ်၏ လက်ကလေးကလည်း ပျော့ပျောင်းလေသည်။ ပန်းချီဆရာကလေးသည် မူလကပင် နီမြန်းနူးညံ့သော လက်ဖဝါး၊ ပြေပြစ်သွယ်ဖြောင့်သော လက်ချောင်းကလေးများရှိသည့် ၎င်းလက်ကလေးကို မိမိ၏ ခဲတံဖြင့်ပင် ထပ်မံအသက်သွင်း၍ ဆွဲပေးလိုက်ပြန်လေ၏။

"လက်စွပ်ပါနေတဲ့အတွက် အရုပ်ဆိုးနေသလား" ဟု မေးရာ၊ မပါဘဲဆွဲရလျှင် သာ၍ လှမည်ထင်ကြောင်း ပြောပြလေ၏။

"ဒါဟာ ကြောင်းလမ်းထားတဲ့ အထိမ်းအမှတ် လက်စွပ်ပဲ" ဟု နတ်ရှင်မယ်က ပြောပြ၏။ ဤအကြောင်းကို နတ်ရှင်မယ် ဖွင့်မပြောဘဲ ဘာမှမပြောဟု အောက်မေ့ထားသဖြင့် ယခုစ၍ ပြောသော်လည်း စိတ်မပါလှသလို မစ္စတာမန်ဂန်က ပုံတူကိုသာ ဆွဲမြဲဆွဲ၍ နေလေရာ...

"ဒီအစီအမံလည်း တစ်ခုအပါအဝင်ပေါ့၊ လိုက်နာဖို့ကြိုးစားနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအစီအမံလဲ" ဟု မေးရင်း ပုံကိုသာ စိတ်ပါလက်ပါ ဆက်၍ ဆွဲမြဲဆွဲနေလေ၏။

"ကျွန်မလက်ထပ်ဖို့ကိစ္စလေ"

"ဩော်... ဩော်... တစ်ဆိတ် မလှုပ်လိုက်ပါနဲ့ဦးခင်ဗျာ၊ ငြိမ်ငြိမ်ကလေး"

"ဩော်... လှုပ်မိသလား မသိပါဘူးရှင်၊ ကျွန်မခမည်းတော်က အတော်တော့ ခေတ်မီပါတယ်၊ ဒါကြောင့် သူ့စာထဲမှာ..."

"ခင်ဗျား အခုပြောနေတာ ခင်ဗျား ကြောင်းလမ်းထားတဲ့ အကြောင်းလား"

"ဟုတ်တယ် ရှင့်အလုပ်ကိုများ နှောင့်ယှက်သလိုနေသလား ရှင်"

"ဩော်... မဟုတ်ပါဘူး၊ ကဲ ဆက်ပြောပါဦး ဘယ့်နှယ့် စာရေးသလဲ"

"ကျွန်မ အင်္ဂလန်မှာ နေတုန်းကပေါ့ လူများဟာ ကိုယ့်ရှေ့ ကောင်းစားရေးကိုသာ ကြည့်ရမယ်တဲ့၊ နောက်ပြန်ကြည့်နေဖို့ မလို ဘူးတဲ့၊ ရှေးက မင်းမျိုးမင်းနွယ်တွေ ခု ဘာမှ အားကိုးအားထား လုပ်စရာ မမြင်ဘူး။ ဒါကြောင့် ခေတ်လူငယ်တစ်ဦး ကိုယ်လိုပဲ အနောက်နိုင်ငံမှာ ပညာသင်ဖူးတဲ့ လူနဲ့ လက်ဆက်သင့်သတဲ့"

"အဲဒီအကြံအစည်ကို ခင်ဗျားအမေက သဘောတူရဲ့လား"

"မယ်တော်ဟာလည်း ဒီနေရာမှာတော့ အယူသီး ရှေးဆန်တာ မဟုတ်ဘူးရှင့်၊ ရှေးအမှုအရာတွေနဲ့ တကယ့်မြန်မာမင်းလက်ထက် တုန်းက နေရထိုင်ရတာမျိုးအတိုင်း သူအခုနေတာတော့ မှန်တယ်။ မင်းဆက်ပြုတ်လို့ အင်္ဂလိပ်လက်ထဲ ရောက်ရုံမကလို့ ဘာကြီးပဲ ဖြစ်နေနေ သူဟာတော့ 'စန္ဒမာလာ' မင်းသမီးကြီးပဲ၊ သူ့အဆောင်



အယောင်၊ သူ့အခမ်းအနားဟာ သူသေသည်အထိ နဂိုအတိုင်း ရှိသွား ရမယ်။ ခေတ်ပြောင်းပကောလို့ ဘဝတော့ မပြောင်းဘူး။ နို့ပေမယ့် ခု ခမည်းတော် အစီအစဉ်တော့လည်း သဘောကျတယ်၊ ပညာမရှိ ဘာမရှိနဲ့ အနုညာတလောကမှာ အထက်တန်း မရောက်နိုင်တော့တဲ့ လူတစ်ယောက်ကို မင်းမျိုးမင်းနွယ် မဟာဆီ မဟာသွေး စစ်တာနဲ့ပဲ ကြင်ယာတော်အဖြစ် ရွေးလိုက်ဖို့ကို သူတို့ သဘောမတူနိုင်ဘူး။ ဒါကြောင့် ကျွန်မ အင်္ဂလန်မှာနေတုန်း စာရေးတာပေါ့။ မြန်မာ လူငယ်ကလေးရှေ့မှာ တက်လမ်းအများကြီးရှိမယ့် အိုင်–စီ–အက် ကလေးတစ်ယောက်နဲ့ လက်ထပ်စေချင်လို့ စီစဉ်ပြီး ထားလိုက် တယ်လို့"

"အနို့ ခင်ဗျားသဘောကကော"

"ဩော်... ရှင်စဉ်းစားကြည့်ရင် နားလည်နိုင်သားပဲ ကျွန်မ လန်ဒန်မှာ နေခဲ့ဖူးတယ်မဟုတ်လား၊ အဲဒီမှာဆိုရင် မိတ်ဆွေတွေ အင်မတန်ပေါများတာပဲ၊ ဟိုကဖိတ်နဲ့ ဒီကဖိတ်နဲ့ ခမည်းတော် ကလည်း ငွေများများ တင်ပေးနိုင်သေးတော့ တခြားကျောင်းသား တွေနဲ့ ဘယ်တူမလဲ၊ ကောင်းကောင်းသုံးနိုင်တယ်၊ မျက်နှာကြီးတယ်၊ ပျော်ပျော်နေနိုင်တယ်ပေါ့၊ ဒီလို အတောအတွင်းမှာ ခမည်းတော်ဆီက အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ စာမျိုးကိုရတော့ ထိတ်လန့်စရာ ဖြစ်သွားတာပေါ့၊ ကျွန်မဘဝမှာ အပြောင်းအလဲတစ်ခုခုတွေ့ရတော့ မယ်ဆိုတာ စဉ်းစားမိတော့တာပေါ့၊ သူတို့စကားကို ပယ်ရှားမယ် ဆိုရင်လည်း အစဉ်အလာကို တော်လှန်သလိုမို့ သူတို့ကို ပုန်ကန်ရာ ရောက်မှာပဲ၊ ဒါကြောင့် စာကိုရတော့၊ အင်း... ငါဖြင့် ကိုယ်စိတ် မပါတဲ့ ဓာတ်ထဲဝင်ပြီး ကရတော့မှာပါကလားလို့ ရင်လေးမိတယ် လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်ဗျာ ဒီလူဟာ သာမညလူမှ မဟုတ်ပေပဲ၊ တစ်နေ့နေ့ သူလည်း အထက်တန်းရောက်မယ့်လူမို့ သူအထက်တန်းကို ရောက်လာတဲ့အခါ ခင်ဗျားလည်း ကြီးမြင့်လာရမှာပဲ"

"သြော်... ကျွန်မကိုယ်တိုင်က စိတ်ပါလက်ပါဆိုရင်တော့ အဟုတ်သားပေါ့ရှင်၊ အခုတော့ ကိုယ်သာပါရမယ် စိတ်ပါဖို့က အခက်သားပဲ"

ပန်းချီဆရာလေးသည် ပုံဆွဲနေသော လက်ကလေးကို အပြီးသတ်အောင် ဆွဲလိုက်ပြီးနောက် ထိုင်ရာမှ ထခဲ့လေ၏။ နတ်ရှင်မယ်၏ ပြောစကားများအရ ပန်းချီဆရာကလေးသည် များစွာ စိတ်ပါဝင်စား၍ လာသဖြင့် "ဒါဖြင့် ခင်ဗျားအဖေဆီကို ဘယ်လိုစာပြန်လိုက်သလဲ" ဟု မေးမိလေ၏။

"ကျွန်မစဉ်းစားကြည့်တယ်၊ နောက်တော့ ကျွန်မပြန်လာရင် ခမည်းတော်ဘုရားကြီး အကြံအစည်ကို တတ်နိုင်သလောက် လိုက်နာပါမယ်လို့ စာပြန်လိုက်တယ်။ သူတို့အစီအစဉ်ကိုလည်း ကိုယ်လိုက်နာနိုင်အောင် ကြိုးစားလိုက်နာမယ်လို့ ကျွန်မစိတ်ထဲ အစဉ်ရှိနေတာပဲ"

"ဒီရောက်တော့လည်း လိုက်နာနိုင်လောက်တယ်ဆိုပါတော့ ဟုတ်လား၊ ဒါကြောင့် ကြောင်းလမ်းလိုက်တာပေါ့"

"ဟုတ်တယ် ကျွန်မ ခုတော့ ကြောင်းလမ်းပြီးပြီ" ဤသို့ ပြောပြီးနောက် နတ်ရှင်မယ်သည် စားပွဲကလေးပေါ်ရှိ လက်စွပ်ကို လှပသော လက်ချောင်းကလေးတွင် ယူ၍ စွပ်လိုက်လေ၏။

ပန်းချီဆရာကလေးသည် မချင့်မရဲလှမ်း၍ကြည့်ပြီးနောက် တစ်ဘက်သို့ မျက်နှာလွှဲလိုက်လေတော့၏။

နှစ်ဦးသား စကားတစ်ခွန်းမှ မပြောကြသေးမီ အခန်းတံခါးသည် ပွင့်၍လာပြီးနောက် မင်းသားကြီး ဝင်၍လာလေ၏။ မင်းသားကြီးမှာ နူးညံ့၍ ချိုသာသော မျက်နှာထားရှိသူဖြစ်ရကား ပန်းချီဆရာကလေးနှင့် လက်ဆွဲနှုတ်ဆက်ရန် ပြုံး၍ရွှင်စွာပင် လာလေ၏။



"ကျုပ်သမီးက ကိစ္စရှိလို့ ပုံဆွဲမခံနိုင်တဲ့အကြောင်း မောင့်ကို ပြောရဲ့ မဟုတ်လား"ဟု ကြည်ရွှင်စွာပင် မေး၍ ပန်းချီဆရာကလေး ဆွဲထားသော ပုံများကို သေချာစွာ ရှုစားနေလေ၏။

"ကဲ ခုတော့ အတော်ကို နေမြင့်နေပါပြီ၊ မောင်လည်း ထမင်းစားချိန်တန်ပါရော့မယ်၊ နေ့လယ် မွန်းတည့်လောက် လာဆွဲနိုင်မလား"

သမီးတော် နတ်ရှင်မယ်က ပန်းချီဆရာကလေး၌ နေ့ခင်းတွင် အခြားအလုပ်ကိစ္စ ရှိနေသေးကြောင်း ပြောပြရာ...

"သြော်... သြော်... ဒါဖြင့်လည်း နက်ဖြန်မှ လာပါ" ဟု ကျေကျေနပ်နပ်ပင် ခွင့်ပြုလိုက်သည်။

ပန်းချီဆရာကလေး အပြန်တွင် နတ်ရှင်မယ် မင်းသမီးသည် အခါတိုင်းကဲ့သို့ပင် အိမ်ဝဆင်ဝင်အထိ လိုက်၍ပို့ရင်း...

"ကျွန်မတော့ ဒီနေ့ ရှင်က ပြောပါ ပြောပါဆိုတာနဲ့ ကိုယ့်အကြောင်းတွေ အများကြီး ပြောမိတယ်ထင်တယ်။ ခက်တာက ဒီမှာဆိုတော့ တိုင်ပင်စရာလည်း မရှိဘူး၊ လန်ဒန်မှာတုန်းက မိတ်ဆွေတွေကို အားကြီးသတိရတယ်"

"ခင်ဗျား ပြောပြတာတွေဟာ သိပ်နားထောင်ကောင်းတာပဲ၊ နောက်လည်း ပြောပြပါစေဦးလို့ ဆုတောင်းမိတယ်။ ခင်ဗျားနဲ့တွေ့ရတာဗျာ ကမ္ဘာသစ်ထဲမှာ နေရသလိုပါပဲ၊ ကျွန်တော့်စိတ်ထဲမှာ ဒီကို မရောက်ဖူးခင်က မြန်မာပြည်ဆိုတာ ဒီလိုနေလိမ့်မယ်လို့ မတွေးမိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုများ တွေးမိခဲ့သလဲ ဆိုစမ်းပါအုံး၊ မဂ္ဂဇင်းတွေ ဘာတွေထဲမှာ ရေးကြ၊ သားကြသလို ထူးထူးဆန်းဆန်း နားမလည် နိုင်တဲ့ လောကီပညာတွေ ဘာတွေ နင်းအယူသီးတဲ့ တိုင်းပြည်ပဲ လို့လား"ဟု ပြုံးရွှင်စွာမေးရာ…

"ဟုတ်ကဲ့ ခုဖြစ်နေတာတွေကလည်း ကျွန်တော့်အဖို့ ထူးဆန်း တယ်၊ နားမလည်နိုင်အောင်ပဲရှိပါတယ်၊ နို့ပေမယ့် အဲဒီလို ဖြစ်ရတဲ့ အကြောင်းတရားတွေကိုတော့ အခုကြုံတွေ့ရသလိုကြောင့်လို့ မထင်ခဲ့ မိဘူး။ ဒါကြောင့် ဒီလိုကိုးလို့ အံ့သြနေပါတယ်။ ကျွန်တော် တွေးတဲ့ အထဲ သူတို့မှမပါဘဲ"

ဤသို့ စကားတပြောပြောနှင့် လာခဲ့ရာ ဆင်ဝင်သို့ရောက် သော် မောင်စုလာရောက် စောင့်ဆိုင်းနေသည်ကို တွေ့ရလေ၏။

နတ်ရှင်မယ်မင်းသမီးလေးက "တပည့်ကျော် ရောက်နေပါ ပကော၊ သယ်စရာတွေကို သယ်ဖို့ထင်တယ်"

"ကျွန်တော် မနေ့က သူ့ကို မှန့်ဖိုးပေးလိုက်တယ်၊ ဒါကြောင့် ဒီနေ့လည်း လိုချင်သေးလို့ထင်တယ်"

"ဒီလိုကြောင့် မဟုတ်ပေဘူး၊ သူ့ဆရာရဲ့ဇည့်သည်ဟာ နောက် က အစေခံမပါ ဘာမပါနဲ့ဆိုရင် ဆရာ့ဂုဏ် ထိခိုက်မှာ စိုးလို့ပါ"

"ဒါဖြင့် ဆရာ့ဂုဏ် ထောက်ထားဖော်ရတဲ့အတွက် ထပ်ပြီး မုန့်ဖိုးပေးရဦးမှာပေါ့"

"ဟာ ဒီလိုလည်း မဟုတ်ဘူးရှင့်၊ သူ့ဆရာ အိမ်ရှင်ဝတ္တရား ပျက်ကွက်ရင် သူလည်းမျက်နှာပျက်တာပဲ၊ အားနာစရာကောင်း တာပဲ"

"ကဲ ဒါကြောင့် ကျွန်တော်ပြောတာ ဒီတိုင်းပြည်ဟာ ကျွန်တော်တို့ နားမလည်နိုင်တဲ့ တိုင်းပြည်ပါလို့"



"ဒါဖြင့် နက်ဖြန်တော့ ဆက်ကြသေးတာပေါ့ရှင်" နတ်ရှင် မယ် မင်းသမီးကလေးသည် ဤသို့ ရယ်မောကာ ပြောဆိုပြီး အိမ်တွင်းသို့ ဝင်၍သွားလေတော့၏။

ပန်းချီဆရာကလေးသည် နတ်ရှင်မယ်ထံမှ ထွက်ခဲ့ပြီးနောက် လမ်းတစ်လျှောက်လုံးတွင် နတ်ရှင်မယ် ပြောပြသော အကြောင်းအရာ များကို အထပ်ထပ် စဉ်းစားဆင်ခြင်၍ နေမိတော့၏။ အကယ်၍ သူ့မိဘစကားကို နားထောင်လိုက်သော် သူ့ဘဝမှာ တစ်မျိုးတစ်မည် ဖြစ်၍သွားတော့မည်ဟု ဆို၏။ ဤစကားကား မည်သို့အဓိပ္ပာယ်ဖြင့် ပြောလေသနည်း။ ယခု ကြောင်းလမ်းဆုံစပ်၍ ပြီးလေပြီ။ ၎င်းအတိုင်း လိုက်နာခဲ့သော် နတ်ရှင်မယ် အလိုရှိသောဘဝမျိုး၊ တကယ်စိတ်ချမ်း သာ ပျော်ရွှင်သောဘဝမျိုးကို ရနိုင်မည်လော၊ ဤအမေးကား နတ်ရှင် မယ်ကိုယ်တိုင်ပင် အတိအကျဖြေနိုင်ဟန် မရှိပေ။ ဤအမျိုးသမီးလေး ကား အသက် ၂၂ နှစ်သာ ရှိပါသေးလျက် အံ့သြချီးမွမ်းဖွယ် ကောင်းပါပေသည်။ ပန်းချီဆရာကလေးသည် မြန်မာပြည်သို့ ရောက် ကတည်းက မြန်မာများနှင့် ရောနှော၍ ၎င်းတို့၏ အတွင်းရေးကိစ္စ တို့ကို ရင်းနှီးစွာ သိချင်မိသည်။ မြိတ်သို့ရောက်သည့်ညကပင် အရေးပိုင်၏ အိမ်အပေါ်ထပ် ဝရန်တာမှနေ၍ မြိတ်မြို့ကို လှမ်း၍ ကြည့်လိုက်ပြီး တောင်ခြေတစ်လျှောက်ရှိ မြန်မာအိမ်ခေါင်မိုးများကို မြင်ရစဉ်က ၎င်းတို့အောက်တွင် ဘာတွေများဖြစ်နေသနည်းဟု သိချင်စိတ် ပေါက်ခဲ့မိ၏။ ယခုကားသိရပေပြီ။ သိရုံသာမက မိမိပင် တစ်စွန်းတစ်စ ၎င်းတို့နှင့် ရောနှောမိလေပြီ။ သို့သော် မည်သည့် အခြေစိုက်၍ မည်သည့်ကိစ္စများ ဖြစ်ပေါ်လာမည်ဟူ၍ကား တပ်အပ် မသိရာပေ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ဤသို့ စဉ်းစားရင်း မောင်စုနှင့်အတူ အိမ်သို့ ပြန်ခဲ့လေ၏။

ထမင်းစားပွဲသို့ရောက်သော် အရေးပိုင်က "ဘာတွေ လုပ်ခဲ့သလဲ" ဟု မေးရင်း ...

"ခင်ဗျား မင်းသားကြီးတော့ ပုံဆွဲရမှာ မဟုတ်ပါဘူး၊ တစ်မနက်လုံး ဒီမှာနေတာပဲ" ဟု ပြော၏။

ပန်းချီဆရာကလေးက မင်းသားကြီး မရှိသည့်အတွက် နတ်ရှင်မယ်ပုံကို ဆွဲရကြောင်း ပြောပြရာ...

"ခင်ဗျား ကျွန်တော်ပြောတဲ့ မစ္စတာပူးလ်ကိစ္စကို ကြားတယ် မဟုတ်လား။ ခု မစ္စတာပူးလ်က၊ မင်းသားကြီးက ရုံးလျှောက်မှန်းသိတော့ သူတူးပြီးသား သတ္တုရိုင်း ၂ တန်၊ ၃ တန်လောက်ကို အတင်းသယ်ယူပြီး သိမ်းထားတယ်။ ဒါနဲ့ မင်းသားကြီးက ရုံးမှာ ဒီကိစ္စအတွက် လျှောက်ထားဆဲမို့ တူးရသမျှကို ဘယ်ကိုမှ ရွှေ့ပြောင်းခွင့် မပြုပါစေနဲ့လို့ တားဝရန်း လာတောင်းလာတယ်"

"မစ္စတာပူးလ် ခုဘယ်မှာလဲခင်ဗျ" ဟု ပန်းချီဆရာကလေးက မစ္စစ်ပူးလ်နှင့် တွေ့ဆုံရန် ချိန်းထားချက်ကို သတိရသဖြင့်မေးရာ-

"ခုတော့ သတ္တုတွင်းမှာပဲ ရှိပါသေးတယ်။ ဒီအမှုကို နောက်အပတ်ထဲမှာ စစ်ဆေးမယ်လို့ ကျွန်တော်က ရက်ချိန်းပေးလိုက်တယ်။ အမှုဆိုင်ရမယ့်နေ့တော့ သူ မြိတ်ကို လာရမှာပေါ့ဗျာ။ ဒီအတောအတွင်းမှာ အစိုးရမြေတိုင်းဘက်က သူ့မြေပုံနဲ့ ဇလွန်မင်းသားကြီး မြေပုံ ဘယ်ဒင်းဟာ အမှန်လည်းလို့ စုံစမ်းပြီးသား ဖြစ်မှာပဲ။ ပူးလ်ကိုလည်း သတ္တုတူးတဲ့အလုပ် ခေတ္တရပ်ထားဖို့ တူးပြီးသား သတ္တုတွေလည်း ရွှေ့ပြီးရော၊ မရွှေ့သေးတာရော ဖမ်းထားရမယ်။ ခုတွေ့ပြီး တူးဖော်ပြီးကိုက ရွှေဒင်္ဂါးရာပေါင်းများစွာ အဖိုးတန်နေ



တယ်။ သူက ဒီလို ကတိုက်ကရိုက် ရွှေ့လားပြောင်းလား လုပ်တယ်ဆိုတော့ သူ့ဟာ နေရာမကျလို့သာ ရပြီးသား ရအောင်ကြံတာနဲ့ တူနေတာပေါ့"

"ပူးလ်က ဘယ်လိုလူစားလဲဗျာ့"

"ဒီလူက တစ်မျိုးပဲဗျာ၊ အတော်စိတ်ကြမ်းပါတယ်။ လူတစ်ဖက်သားလည်း အငြိုးထားတတ်တယ်။ နို့ပေမယ့် ကျုပ်ကတော့ အရေးမလုပ်ပါဘူး။ ကြောက်လည်း မကြောက်ပါဘူးလေ၊ ဒီဟာတွေက ကျုပ်အလုပ်မဟုတ်ပါဘူး။ ကျုပ်အလုပ်ကခုအမှုမှာ အမှန်အတိုင်း ဖြစ်ရအောင် ကြိုးစားရမှာပဲ၊ နို့ပေမယ့် တကယ်လို့သာ သူက အမှားလုပ်လို့ ရပြီးသားသတ္တုတွေကို မင်းသားကြီးတို့ကို အားလုံး ပေးလိုက်ရမယ်ဆိုရင် ကျုပ်တော့သူ့အတွက် မသနားပါဘူး၊ သူလည်း သိပါတယ်၊ သတ္တုတွင်း ဥပဒေကို ညက်ညက်ကြေလို့၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ဒီအလုပ် သူလုပ်လာတာပဲ"

အရေးပိုင်မှာ အတော်စိတ်ရှုပ်နေပုံရသည်။ အတွေ့အကြုံများခဲ့ခြင်းကြောင့် မြန်မာနှင့် တရားပြိုင်၍ဖြစ်ကြသည့် ယခုအမှုမျိုးတွင် အင်္ဂလိပ်လူမျိုး တရားရှုံးခဲ့သော် မည်သို့ဖြစ်တတ်သည်ကို ကြိုတင်၍ သိနှင့်လေ၏။ ယခုလည်း အင်္ဂလိပ်ကပင် မှားပုံရ၍ ရှုံးပုံပေါ်သည်။

မြိတ်ဆိုသည်မှာလည်း ရောမမြို့ကြီး ပြကြီး မဟုတ်ရကား သူ့ဘက်သား ငါ့ဘက်သားနှင့် တစ်ဦးနှင့်တစ်ဦး အတိုက်အခံ ဖြစ်ကြပေဦးတော့မည်ဟု တွေးမိလေ၏။

မြိတ်မြို့ရှိ ကလပ်ကလေးတွင်လည်း ထိုနည်းငှင်းပင် ဖြစ်လိမ့်မည်။ ယခင်က ကျေးနေကျ ညစာထမင်းစားပွဲကလေးများပင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်၍ ဖြစ်နိုင်တော့မည် မထင်။ ၎င်းပြင် အင်္ဂလိပ်လူမျိုးက လမ်းမှားသဖြင့် တရားအရှုံးပေးခဲ့လျှင် မျက်နှာဖြူ ကော်မရှင်နာမင်းကြီးက အသို့ယူဆလိမ့်မည်နည်း။ ကော်မရှင်နာမှာလည်း ကိုးစားလောက်သူ မဟုတ်၊ သူတစ်ထူး၏အပြစ်ကိုသာ ရှာကြံတတ်သောသူ ဖြစ်လေသည်။

"ကျုပ်ဖြင့်ဗျာ လူတွေဟာ ဘာကြောင့် ဒီလောက် အသုံးမကျရတာပါလိမ့်မလဲလို့ အောက်မေ့မိတယ်။ ပစ္စည်းရှာကြတာပဲ စည်းကမ်းနည်းလမ်းတကျ လုပ်ကြရောပေါ့" ဟု အရေးပိုင်က မကျေမချမ်းသံဖြင့် ပြောလေတော့၏။

ဤသို့ ညည်းညူနေသဖြင့် ပန်းချီဆရာကလေးမှာလည်း ဝင်ရောက်၍ ရောနှော စိတ်ညစ်ရလေသည်။ သူ့အိမ်ရှင်မှာ ယခု အမှုကိစ္စအတွက် များစွာဦးနှောက်ရှုပ်၍ နေပုံရသည်။ သူ့အဖို့ ဘာမှ မပတ်သက်သော်လည်း တစ်မျိုးအားဖြင့် ငြီးငွေ့ဖွယ်လာ၍ ဖြစ်လိမ့်ဦးမည်။ များများစားစား မနစ်နာဟု ထားဘိဦး မစ္စတာပူးလ် မြိတ်တွင်ရှိစဉ် မိမိအဖို့ ခြေကျိုးမည်ကား သေချာနေ၏။ ထို့ကြောင့် ယနေ့ အီဗာပူးလ်နှင့်တွေ့လျှင် ဤအကြောင်းကို မေးမြန်းကြည့်ဦးမည်ဟု အောက်မေ့ထားလိုက်လေ၏။

အရေးပိုင်မှာ မိမိဧည့်သည်အား စိတ်ညစ်ဖွယ်ကောင်းသော မိမိ၏ ရုံးအလုပ်များဖြင့် ဦးနှောက်ကြာရှည် မရှုပ်စေလိုသောကြောင့် ဧည့်ဝတ်ကျေစွာပင်...

"နေ့တိုင်း နေ့တိုင်း နံနက် ၁၁ နာရီက ညနေ ၄ နာရီထိ ခင်ဗျားကို ပစ်ထားရတာ အားနာပါရဲ့ဗျာ၊ ခင်ဗျား ဒီအိမ်မှာ အားနာစရာ ဘာမှမရှိဘူးနော်။ အခန်းတစ်ခန်းကို ပုံဆွဲခန်း စတူဒီယို



သတ်သတ်လုပ်ချင်ရင်လည်းလုပ် ဒါမှ ကိုယ့်ဘာသာ ပုံတွေဆွဲတော့ ကောင်းကောင်းဆွဲရမယ်"

"ကျေးဇူးပါပဲခင်ဗျာ၊ မင်းသားကြီးပုံတွေ ဆွဲနေရလို့ ဒီအကြောင်းတောင် ကျွန်တော်ဖြင့် မစဉ်းစားရသေးပါဘူး"

"အနို့ ကြည့်ဆွဲဖို့ စံပြရုပ်တွေ ဘာတွေကော လိုသေးသလား၊ ဒီအိမ်တစ်ခုလုံးကို ခင်ဗျား သဘောရှိသလိုသုံးပါ။ လူတွေကို ကြည့်ဆွဲချင်ရင်လည်း ဘယ်သူ့ပဲဖြစ်ဖြစ် အိမ်ထဲခေါ်နိုင်ပါတယ်"

"ကျေးဇူးပါပဲခင်ဗျာ ဒါလောက် ကျွန်တော့်အပေါ် ကောင်းအားကြီးတော့ အားတောင်နာချင်ပါပြီ" ဟု ပြောလေ၏။

အရေးပိုင်မှာ ထုံးစံအတိုင်းပင် ၁၁ နာရီထိုးသော် ထမင်းစားပြီးလျှင်ပြီးချင်း ရုံးသို့ ထွက်ခွာသွားလေတော့၏။ ထိုနေ့မှာ အခါတိုင်းထက် အလုပ်ကိစ္စများလေဟန်ဖြင့် နောက်မှ ရုံးဖိုင်တွဲခြင်းကြီးသည် ခါတိုင်းထက် စာရွက်စာတမ်းများ ပို၍များစွာဖြင့် ပါသွားလေ၏။ တပည့်နှစ်ယောက်နှင့်အတူ မောင်စုလည်း ထီးမိုး၍ လိုက်ပါသွားသည်။ ဝရန်တာမှ လှမ်းမျှော်ကြည့်ရှုရစ်ခဲ့သော ပန်းချီဆရာကလေးမှာ ရုံးသွားပုံ အခမ်းအနားကို များစွာသဘောကျသဖြင့် ကပျာကယာပင် ပုံကြမ်းဆွဲသော စာအုပ်ကလေးကို ဆွဲထုတ်ပြီးနောက် ဝင်းတံခါးပန်းရုံအမိုးဆီသို့ ထွက်ခွာ၍သွားသော အရေးပိုင်အား မောင်စုက ထီးမိုး၍လိုက်ပုံကို လက်ဝဲဘက်၌ ဝါးရုံပင်နှင့်တကွ ဆွဲခြစ်၍ယူပြီး ပုံချောဆွဲသည့် အဝတ်စပေါ်တွင် ၂ နာရီမျှ စိတ်ပါ လက်ပါ ဆွဲချနေလေတော့၏။

၂ နာရီကြာလျှင် ပုံမှာ အပြီးသတ်သွားသည်။ မိမိဆွဲပြီးပုံကို သေချာစွာကြည့်ရင်း အကျေနပ်ကြီး ကျေနပ်လျက် အင်း ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ပညာဆိုတာ ဒါပဲလေ၊ စိတ်မှာလာပြီးထိတဲ့ပုံကို ချက်ချင်း အဝတ်စပေါ်တင်ပြီး ပကတိထင်အောင် ဆွဲလိုက်ရင် အသက်ပါတဲ့ပုံကို ရတာပဲ'' ဟု တစ်ယောက်တည်း ရေရွတ်ရင်း များစွာ ဝမ်းသာ၍နေလေ၏။ ဆွဲထားသည့်ပုံမှာ အရေးကြီးသည့် ကားတစ်ချပ် မဟုတ်သော်လည်း သဘာဝကျ၍ များစွာ ကောင်းမွန်လေသည်။ မိမိလက်ရာကို သဘောကျနေမိသောကြောင့် အီဗာပူးလ်နှင့် ချိန်းခဲ့သည်ကို အချိန်နောက်ကျလှမှ သတိရတော့သည်။

ထို့ကြောင့် ကပျာကယာ ရေချိုး အဝတ်အစားလဲပြီးနောက် အိမ်ပေါ်မှ ဆင်း၍လာခဲ့တော့၏။ အချိန်မှာ အတော်ပင် နောက်ကျနေလေပြီ။ ခပ်စောစော ပုံဆွဲနေစဉ်ကလည်း အလုပ်ကို စိတ်ပါလှသဖြင့် လုံးဝသတိမရခဲ့။ ရောက်ခါမှ တောင်းပန်ရတော့မည်။ အကျိုးအကြောင်း ပြောပြလျှင် ကျေနပ်မှာပါပဲဟု အောက်မေ့၍ လာခဲ့လေသည်။

ယခုအကြိမ်တွင် အီဗာမှာ အိမ်ပေါက်မှ စောင့်မျှော်သည်ကို မမြင်ရတော့ပေ။ သို့ကြောင့် အိမ်ပေါ်သို့ အရောက်တက်၍သွားရာ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်၍ စီးကရက် သောက်နေသော အီဗာကို တွေ့ရလေ၏။

"လာမှလာသေးသကိုး'' ဟု အီဗာပူးလ်သည် စိတ်တိုနေသည့် ဟန်ဖြင့် ပါးစပ်မှ မီးခိုးများကို မှုတ်ထုတ်ရင်း ပြောရာ၊ ပန်းချီဆရာကလေးမှာ အီဗာ၏အနီးသို့ သွားရောက်ထိုင်ပြီး လက်တစ်ဖက်ကို ညင်သာစွာ ဆွဲယူပြီးနောက်...

"ကျွန်တော် ဒီလိုနောက်ကျတဲ့အတွက် သိပ်ဝမ်းနည်းပါတယ်၊ စိတ်မဆိုးပါနဲ့။ ပုံကလေးတစ်ခု ဆွဲနေလို့ပါ။ အဲဒီပုံကလေးဟာ သိပ်ကောင်းတာပဲ၊ အရေးပိုင်ရုံးသွားတဲ့ အခမ်းအနားကို ဆွဲထားတာ



ပေါ့။ တူလွန်းလို့ကောင်းလွန်းလို့ ခင်ဗျားကို ပြဖို့တောင် ယူခဲ့ဦးမယ် စိတ်ကူးသေးတယ်။ နောက်ခံကားကလည်း မြိတ်ဆိပ်ကမ်းနဲ့ ပင်လယ်ပြာကြီးထဲက ကျွန်းကလေးတွေပါ ထည့်ထားတာ ခင်ဗျားမြင်ရင်တော့ သိပ်သဘောကျမှာပဲ။ မောင်စုက နောက်က ထီးမိုးလို့ အို သိပ်ကောင်းတဲ့..."

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ'' ဟု အီဗာက ပြောရာ ပန်းချီဆရာကလေးမှာ မျက်နှာကို လှမ်း၍ကြည့်မိပြီး များစွာ အံ့အားသင့်၍ သွားတော့သည်။ မိမိသည် မိမိ၏လုပ်ငန်း အောင်မြင်မှုအတွက် ဝမ်းသာအားရ ပြောပြနေသည်ကို နားမထောင်နိုင်သော မိန်းမအား စိတ်ဆိုး၍သွားသည်။ သို့သော် ရုပါရုံကိုကား ရှန်းမထွက်နိုင်။ ပြုံး၍လာသော မျက်နှာကလေးကြောင့် ပျော့ရပြန်တော့သည်။ အီဗာပူးလ်မှာ ပန်းချီဆရာကလေး မျက်နှာပျက်၍သွားသည်ကို ဂရုစိုက်လိုက်မိသည်။ မိန်းမပါးဖြစ်သည့်အလျောက် သတိထား၍ ဆင်ခြင်ရန်ကိုလည်း သတိရသည်။ သို့အတွက် သူ့ကိုယ်သူ ချုံနိုင်သမျှချုံလိုက်ပြီး နောက်ပန်းချီဆရာကလေးအား ငုံ့၍ နမ်းရှုတ်လိုက်လေ၏။ လှပသောသွား၊ ပြေပြစ်သောအသား၊ ချစ်စရာကောင်းသော ရွှေရောင်ဆံပင်တို့သည် စုပြုံ၍ဆွဲလိုက်ဘိသည့်အလား ပြန်လှန်ကာ နမ်းမိလေတော့၏။

"ကျွန်မတို့ ဒီနေ့တွေ့ပြီးရင် နောက်အတော်ကြာ တွေ့ရဦးမယ် မဟုတ်ဘူး မောင်ရယ်။ သူ မနက်ဖြန်လာမယ်လို့ စာရတယ်။ ဒီစာရကတည်းက ကျွန်မဖြင့် စိတ်မကောင်းဘူး။ မတွေ့ရဘဲနေရဦးမှာမို့။ စိတ်ညစ်ရတဲ့အထဲ သူ့စာပါအကြောင်းတွေကလည်း တစ်စိတ်ညစ်စရာကောင်းလိုက်တာ၊ သတ္တုတွေ့တာနဲ့ ပတ်သက်ပြီး ရုံးကတားထားပြန်သတဲ့"

www.burmeseclassic.com



"ကျွန်တော်လည်း အိမ်မှာတုန်းက ခင်ဗျားနဲ့တွေ့ရင် ဒီအကြောင်း မေးကြည့်မလို့ပဲ၊ အရေးပိုင်က ပြောပြတယ်" ပန်းချီဆရာကလေးသည် အရေးပိုင်ပြောသည့်အတိုင်း ပြောမိလုလု ရောက်မှ မပြောမိရန် သတိထား၍ ရပ်နေရာ...

"အရေးပိုင်က မောင့်ကို ဘယ်နှယ့် ပြောပြသလဲဟင်"

"သြော်... အမှု ဒီလိုဒီလိုပဲ ဖြစ်နေတယ်။ မစ္စတာပူးလ်လည်း မြိတ်ကို ပြန်လာရလိမ့်မယ်လို့ ပြောတာပါပဲ"

"ဒီအမှု ဘယ်လိုစီရင်မယ်လို့တော့ ပြောမပြဘူးလား ဟုတ်လား"

"ဘာမှ မပြောပါဘူးခင်ဗျာ၊ အမှန်အကန်ကိုလည်း သူဘာမှ မဝေဖန်သေးဘူး ထင်ပါရဲ့"

"ဘယ့်နှယ့် ဘာဝေဖန်နေဖို့ လိုတော့လဲရှင်၊ ကျွန်မယောက်ျားက သတ္တုကို ပထမတွေ့တယ်၊ တွေ့လို့တူးတယ်။ မြေပုံမှာ မဖြစ်စလောက်ကလေး မှားနေတာနဲ့ မြန်မာကောင်တွေက သူတို့လိုချင်တိုင်း သူတို့ဆိုင်ပါတယ် ပြောတာပဲ။ ကျွန်မ အစက ဒီမင်းသားကြီးကို တခြားတိုင်းရင်းသားတွေလို အသုံးမကျတဲ့အစားထဲက မဟုတ်ဘူး ထင်မိတယ်။ ခုတော့ သူလည်း အတူတူနဲ့ အနူနူထဲကပါဘဲ။ ရှင်များဖြင့် သူတို့ကိုသွားပြီး လူတစ်စု အပ်တစ်စင်းအနေနဲ့ မယုံစားလေနဲ့နော်၊ ရှင်လည်း သိတဲ့အတိုင်းပဲလေ၊ ဒီသတ္တုတွင်းဟာ ကျွန်မတို့အဖို့ သိပ်အရေးကြီးတယ်၊ ဒါသာ လက်လွှတ်မယ်ဆိုရင်တော့ သွားရော ပြီးရောပဲ၊ အရေးပိုင်ကြီးလည်း သိမှာပါလေ၊ သက်ညာကောင်းပါရဲ့ ဘယ်နှယ့်လဲဟင်"

ပန်းချီဆရာကလေးမှာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။ ဤအမှုကိစ္စအကြောင်းတွင် အမှန်စင်စစ် မိမိ ဘာမှဝင်ပြောရန်



ဝတ္တရားမရှိသည်ကိုလည်း သိသည်။ ယခုပင် လိုသည်ထက် ပိုအောင် ပြောမိလေသလောဟူ၍လည်း စိုးရိမ်မိသည်။ ဤဒေသကား အင်္ဂလန် မဟုတ်ပေ၊ အပြောအဆိုတွင် အစစ သတိထားရမည်။ သို့ဖြစ်၍–

"ဥပဒေကို ကျွန်တော်က ဘာမှ နားလည်တဲ့အကောင် မဟုတ်ဘူး၊ နို့ပေမယ့် အားလုံး နေသားတကျ ဖြစ်မှာပါပဲ၊ အရေးပိုင်ဟာ တရားသဖြင့် လုပ်မှာပဲဟာ"

"ကျွန်မလည်း ဥပဒေတော့ နားမလည်ပါဘူး၊ နို့ပေမယ့် ရှင် တစ်ခုစဉ်းစားလေ၊ မင်းသားကြီးဘက်ကိုတော့ ဥပဒေက မလိုက်ထိုက်ဘူး"

"ဒါလည်း ကျွန်တော်မသိဘူး"

"ဒါဖြင့် ရှင်က ခုနင်ကတော့ အမှန်အမှားကို ဝေဖန်မှာပဲလို့ ဘာလို့ပြောသလဲ၊ ထူးဝေဖန်နေစရာ မလိုပါဘူးရှင့်"

"ကျွန်တော် နားမလည်ဘူးခင်ဗျာ၊ နှစ်ဖက်စလုံးက စကားကိုတော့ သူကြားနာဦးမှာပေါ့"

"ဒီလို အမှုမှာတော့ မလိုပါဘူးရှင် သူတတ်နိုင်ရမယ်ပေါ့၊ မင်းသားကြီး ဘာမှမပြောနဲ့ ဆိုနိုင်တာပဲ၊ ဒီလူကြီးက အင်မတန်ချမ်းသာနေပြီးသား၊ ကျွန်မတို့မှာသာ ထိုက်ထိုက်တန်တန်ဆိုလို့ ဒီသတ္တုတွင်းတစ်တွင်းပဲ ရှိတာ။ ဒီအမှုသာ ရှုံးရမယ်ဆိုရင်တော့ ကျွန်မတော့ ဟာစ်သက်လုံး ဒီမြိတ်မှာ ခေါင်းချရပြီသာ မှတ်တော့။ ဆင်းဆင်းရဲရဲနဲ့ အင်္ဂလန်မပြန်နိုင် ဘာမပြန်နိုင်နဲ့ ဒုက္ခပဲရှင့်၊ အရေးပိုင်ကို ကျွန်မတို့ကို အနိုင်ပေးအောင် ပြောပေးပါလား မောင်ရယ်။ မောင်နဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေချင်းပဲ၊ မောင့်ကိုတော့ အရေးသည်း ပေးပါတယ်။ မောင်လည်း သာမညလူမှမဟုတ်ဘဲ၊ လန်ဒန်မြို့တော်ကြီးက အထက်တန်းစားတစ်ယောက်ပဲဟာ၊ မောင့်စကားကို နာယူ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ မောင်စဉ်းစားကြည့်လေ ကျွန်မတို့က ဒီသတ္တုကို အရင်တွေ့တာ၊ လိုင်စင်လျှောက်တုန်းကလည်း အရင်လျှောက်တာ၊ တူးစရာရှိလို့ လျှောက်မှန်းသိရဲ့နဲ့ ဒီမင်းသားကြီးဟာ ဘာလို့ဝင်ပြီး ကဖျက်ယဖျက် လုပ်ရသလဲ၊ သိပ်ညစ်တဲ့ လူကြီးပဲရှင့်၊ ကျွန်မတို့ ပျက်စီးရာပျက်စီးကြောင်း လိုက်ကြံနေတာပဲ၊ သူတို့ကိုလည်း ရန်မူဖူးသည် မရှိစဖူးဘဲနဲ့"

အီဗာပူးလ်မှာ မျက်ရည်များလည်၍ တကယ်ထိခိုက်သည့်ဟန်ဖြင့် သနားစဖွယ် ပြောဍ်နေလေရာ ပန်းချီဆရာကလေးသည် စိတ်ချမ်းသာစေရန် တတ်အားသလောက် ချော့မော့နှစ်သိမ့်၍ မိမိထိုင်နေရာ ဆိုဖာပေါ်သို့ ပွေ့ယူလိုက်လေ၏။ မိမိတတ်နိုင်သလောက် အရေးပိုင်ကို ပြောပေးမည့်အကြောင်း အရေးပိုင်မှာလည်း ဤအမှုကို ကောင်းစွာ နားလည်ဟန်ရှိကြောင်းများကို ပြောပြလေ၏။ မိမိမြန်မာပြည်သို့ ရောက်စဉကပင် အရက်သောက်ရင်း စီးပွားဥစ္စာတိုးတက်စေကြောင်း ဆုမွန်ကောင်းကို တောင်းသေးသည်။ ယခုကား အသို့ဖြစ်လေပြီနည်း။ မိမိအကဲခတ်မိသလောက်၌ မင်းသားကြီးမှာလည်း သူတစ်ထူးကို ကျိုးယုတ်ပျက်စီး နစ်မှ နစ်နာစေတော့ဟူသော သဘောထား မရှိတန်ရာ…

"မောင် သိပ်ချစ်ဖို့ ကောင်းတာပဲနော်၊ ကျွန်မယောကျ်ားကြီး ဒီမှာ ၁၀ ရက်လောက်ကြာအောင် နေဦးမှာ၊ ဒီအတောအတွင်း မောင့်ကို မမြင်ရဘဲနေတော့မယ်။ သူဒီရောက်လာရင် ဝတ်လုံတစ်ယောက် ငှားမယ်တဲ့၊ ကျွန်မဖြင့် ဒီအမှုအကြောင်းများ ကြားကို မကြားချင်ဘူး။ ရှင်နဲ့လည်း အကြာကြီး မတွေ့ရဘဲနေရဦးတော့မယ်နော်။ ကလပ်မှာတော့ မြင်နိုင်သေးရဲ့၊ နို့ပေမယ့် မျက်စိတွေ တစ်လက်ခုပ်ကြီးထဲတော့လည်း အလကားပဲ"



"ကျွန်တော်တို့ တခြားနေရာမှာ မတွေ့နိုင်ဘူးလား"

"ခဲယဉ်းပါတယ်ရှင် သူသာဒီမှာရှိနေရင် ဘယ်မှ ထွက်လို့ရမှာ မဟုတ်ဘူး။ တခြားမှာသွားဖို့လည်း ဒီမြိတ်မြို့ကလေးမှာတော့ မဖြစ်နိုင်ဘူး။ ကဲရှင် တွေ့ရတုန်း အချိန်မဖြုန်းကြပါစို့နဲ့"

အီဗာပူးလ်သည် ပေါင်ပေါ်တွင် တက်၍ထိုင်ပြီးနောက် ပန်းချီဆရာကလေး၏ လည်ပင်းကို အားပါးတရ ဖက်၍ထားလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

# မြို့စားကလေး

နောက်တစ်နေ့တွင် ပန်းချီဆရာကလေးသည် မင်းသားကြီး အိမ်သို့ ပုံဆွဲသွားရာ အပေါက်ဝအိမ်ရှေ့တွင် မည်သူမျှ မမြင်သဖြင့် သူကိုယ်တိုင် လက်ခုပ်တီးရလေ၏။ လက်ခုပ်သံဆုံးလျှင်ဆုံးခြင်း အိမ်ရှေ့သို့ နတ်ရှင်မယ် ထွက်လာသည်ကို တွေ့ရပြီး…

"ကျွန်မ ရှင်လာတာမြင်တယ်၊ အိမ်ရှေ့ဘယ်သူမှမတွေ့ရင် သူလက်ခုပ်တီးတော့မှာပဲလို့လည်း သိတယ်။ ကဲ လက်ခုပ်တီးရတာ ကျေနပ်ပြီလား"

ပန်းချီဆရာကလေးသည် ပြုံးရယ်ကာ နားထောင်၍ နေသော်လည်း နတ်ရှင်မယ်ပြောသည့်စကား၏ အတွင်းအဓိပ္ပာယ်ကိုကား နားမလည်ပေ။

ယမန်နေ့ ပန်းချီဆရာကလေး ပြန်သွားကတည်းကပင် မင်းသားကြီးသည် ပုံတူဆွဲရာတွင် ရှေးက မိမိအဆောင်အယောင် အတိုင်း အဆွဲခိုင်းမည်ဟု စိတ်ကူးထားသဖြင့် ယနေ့အဖို့ ဘုရားခန်းထဲ၌ အဆင်သင့် ဝတ်စား၍ စောင့်နေနှင့်ပေ၏။ ပိုးအပြာ ဝတ်ရုံအင်္ကျီရှည်ကြီးမှာ လက်နှင့်ခါး ကလားနားသားတစ်လျှောက်တွင်



လက်တစ်ဝါးခန့် ရွှေခြည်များဖြင့် လှပစွာ ထိုး၍ထားပေ၏။ ပခုံးပေါ်နှင့် ရင်ပေါ်တွင်ကား ရွှေစလွယ်ကြီးကို လွယ်၍ထား၏။ ခေါင်းတွင် အပြာရောင် ကတ္တီပါဒေါင်းကြီးကို ဆောင်း၍ထားသည်။ လက်သန်းပေါ်မှ ပတ္တမြား ကျောက်နီလက်ဝတ်တော်ကြီးမှာလည်း ရဲရဲနီ၍ နေတော့သည်။

သမီးကို စကားပြန်ထား၍ မင်းသားကြီးက ပန်းချီဆရာကလေးအား "ဒါ ကျုပ်ငယ်ငယ်တုန်းက မင်းတရားကြီး ရှေ့တော်ခစားရတော့ ဝတ်ရတဲ့ အဝတ်အစားအတိုင်း ဝတ်ထားတာပဲ၊ တချို့ ဒီထက်လှတာတွေ ရှိသေးတယ်။ နို့ပေမယ့် ခုလို အသက်အရွယ်နဲ့ ဆိုတော့ ဒီလို ရိုးရိုးရှင်းရှင်း အဝတ်အစားနဲ့မှ လိုက်မယ်" ဟု ပြောပြလေ၏။

ဤအဝတ်အစားဖြင့် မင်းသားကြီးမှာ များစွာကျက်သရေရှိလှသဖြင့် ပန်းချီဆရာကလေးသည် နှစ်သက်လှသည်။ ပုံတူဆွဲရန်အတွက် နေရာတွင် ဝင်၍ထိုင်သည့်အခါ နတ်ရှင်မယ်မှာလည်း ပန်းချီဆရာကလေး၏အနီးတွင် ပထမနေ့ကကဲ့သို့ ဝင်၍ထိုင်လေ၏။

ဆွဲစတွင် တိတ်ဆိတ်စွာ နေကြသော်လည်း ပန်းချီဆရာကလေးက စကားစ၍ပေးသဖြင့် မင်းသားကြီးသည် ရှေးက မန္တလေး ရွှေနန်းတော်တွင်း အကြောင်းများကို တစိမ့်စိမ့်ပြန်ပြော၍ပြလေ၏။

"မောင်တို့အင်္ဂလိပ်တွေ မြို့တော်ထဲဝင်လာပြီဆိုတဲ့ သတင်းဟာ ကျုပ်တို့အဖို့ အဆိုးဝါးဆုံးပဲ" ဤသို့ပြောရင်း ရှေးက အဖြစ်အပျက်များကို ပြန်၍ထင်လာဟန်ဖြင့် များစွာ မျက်နှာမကောင်း ဖြစ်၍သွားသည်။

"မြန်မာနန်းတော်ကြီးဟာ သူ့ခေတ်နဲ့သူတုန်းကတော့ အင်မတန် ခမ်းနားတင့်တယ်ပါပေတယ်။ နောက်တော့သာ နန်းမြို့

www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးတစ်ခုလုံးဟာ တကယ့် အလုံကာထားတဲ့ ဥယျာဉ်ဗိမာန်ကြီးလို ဖြစ်သွားပြီး မြို့အပြင်က သတင်းဟာ မြို့တွင်းကို အင်မတန်ရောက်ခဲလာတော့တယ်။ တစ်ခုတလေ ရောက်လာပြန်ရင်လည်း ဒီသတင်းတွေဟာ ဟုတ်မှန်တာထက် ပိုကျယ်လောင်လာပြီး အားလုံးမျက်လုံးမျက်ဆံ ပြူးကုန်ရတာပဲ၊ အင်္ဂလိပ်အစိုးရသိမ်းတော့မယ်ဆိုတဲ့အချိန်အခါမှာ ဒီအဖြစ်မျိုးဖြစ်တာပဲ မောင်ရယ်၊ သတင်းပေါက်ပြီးတစ်ဆက်တည်း မုတ်ဆိတ်မွေးတွေနဲ့ စစ်သားတွေ အကျႌနီကြီးတွေဝတ်ပြီး စစ်တူရိယာနဲ့ ဘယ်ညာမှန်မှန်ကြီးနဲ့ ဘယ်ဆီက အတောင်ပေါက်ပြီး ဝင်လာလိုက်သလဲ မဆိုနိုင်ဘူး၊ မောင်တို့ကတော့ ကိုယ့်တိုင်းပြည်ကို သူများဝင်ရောက်သိမ်းပိုက်တာကို မခံဘူးလို့ ကျုပ်တို့စိတ်ထဲ ဘယ်လောက် မခံချိတယ်ဆိုတာကို သိမှာမဟုတ်ဘူး၊ နောက်ပြီး သီပေါမင်း နောက်ဆုံး အုပ်စိုးရရှာတဲ့အချိန်နဲ့ မောင်တို့ အစိုးရအုပ်စိုးတဲ့အချိန် နှစ်ခုကြားမှာ တွေ့ရတဲ့ အဖြစ်အပျက်ကဆိုလည်းအင်မတန် အသည်းထိတ်စရာကောင်းတယ်၊ မင်းပြောင်း မင်းလဲမှာတိုင်းပြည်ကလည်း မငြိမ်သက်၊ ကျုပ်တို့ သူတကာတွေလည်း ဘာလုပ်လို့ ဘာကိုင်ရမယ်ဆိုတာကို မသိနိုင်အောင်ဘဲ ပါးစပ်အဟောင်းသားနဲ့ နေရတယ်။ တစ်နေ့မှာ ကျုပ်တို့အားလုံးပဲ သေရမလား၊ ဒီအတိုင်းပဲ နေရမလားလည်း မသိဘူး။ အိပ်မက်ထဲ လန့်နိုးတဲ့လူလိုလို ကြောင်တက်တက် ငိုင်တိုင်တိုင်နဲ့၊ ကိုယ့်မှာ အရင်ကရှိတဲ့တန်ခိုးအာဏာကလည်း မရှိတော့ လူသာဆိုရတယ် ရုပ်သေးရုပ်တွေလိုလို ကိုယ်မသိ မမြင်ဖူးတဲ့ တိုင်းပြည်မှာ ကောင်းကင်ကပစ်ချလိုက်သလိုလိုနဲ့ ယောင်တောင်တောင်ကြီး ဖြစ်နေကြတယ်။ ကျုပ် အဲဒီတော့ အသက် ၂၃ နှစ်ပဲ ရှိသေးတယ်။ ဟို တောသူတောင်သားတွေကတော့ မိုးရာသီရောက်လာတယ်ဆိုရင်လည်း နဂို



အတိုင်း ထွန်စရာရှိတာထွန်လို့၊ ကြဲစရာရှိတာကို ကြဲလို့ ကိုယ့်လုပ်ငန်းကိုယ်ပြန်ဝင်လိုက်ကြရရင် နေသားတကျ ဖြစ်သွားကြတော့တယ်။ ကျုပ်တို့အဖို့သာ ထီးကျိုး စည်ပေါက်ဖြစ်တယ်ဆိုတာ လူမသေဘဲနဲ့ ဘဝရဲ့ တကယ့်အဆုံးသတ် အပြီးသတ်နဲ့ ကြုံရတာကလား"

မင်းသားကြီးသည် အထက်ပါအတိုင်း ရှေးယခင်က အဖြစ်အပျက်များကို ပြန်လှန်ပြောနေလေရာ၊ သမီးတော် နတ်ရှင်မယ်က စကားပြန်၍ ပန်းချီဆရာကလေးအား ပြောပြရလေ၏။ နတ်ရှင်မယ်မှာ ဤသို့ ပြောပြစဉ်အတွင်း သူ့ကိုယ်တိုင် ရှေးက ပါတော်မူစဉ်ကစင့်ကရဲဖြစ်ခဲ့ရပုံတို့ကို ထင်ယောင်မြင်ယောင် ဖြစ်၍လာပုံရလေ၏။ သားအဖ ပြောပြသော အသံများအကြားတွင် စိတ်ပါလက်ပါ ပန်းချီဆရာကလေးသည် ပုံတူကို ရေးဆွဲ၍နေရာ မင်းသားကြီး၏ ဝမ်းနည်းညှိုးငယ်သော မျက်နှာထားကို ပုံတူတွင် မိအောင်ဆွဲ၍ ထည့်လေ၏။

ခဏကြာသော် အနားယူပြီးနောက် နတ်ရှင်မယ်အား "ခင်ဗျားခမည်းတော်ကတော့ ဒီလို ထီးကျိုးစည်ပေါက် ကစဉ့်ကရဲထဲကဘယ့်နှယ်လွတ်အောင်လုပ်ပြီး ထွက်ခဲ့သလဲ" ဟု မေးသဖြင့် နတ်ရှင်မယ်က မင်းသားကြီးအား ပြန်၍မေးရာ မင်းသားကြီးမှာ ဤအမေးကိုကြားလျှင်ပင် ယခင်ညှိုးနွမ်းသောအသွင်သည် ပျောက်၍ ရုတ်ခြည်းတင်းမာတက်ကြွသော မျက်နှာထားများ ဖြစ်ပေါ်လာပြီးနောက်–

"ဒီလို တိုင်းပြည် သူများလက်ရောက်တဲ့အချိန်မှာ ကျုပ်ဟာ စန္ဒမာလာမင်းသမီးနဲ့ ထိမ်းမြားပြီးလို့ သုံးနှစ်ကြာပြီ။ စန္ဒမာလာက ရှမ်းစော်ဘွားတစ်ပါးရဲ့ သမီးပဲ၊ အဲဒီလို လက်ထပ်ပြီးစ ခပ်ငယ်ငယ်ကိုကပဲ အင်မတန်စိတ်ထက်တဲ့ မိန်းကလေးတစ်ယောက်ပဲ သူဘာလုပ်မယ်လို့ ပိုင်းဖြတ်ထားရင် ဖြစ်အောင်လုပ်လေ့ရှိတာပဲ။ နောက်တက်တဲ့ လူမျိုးခြားအစိုးရကို ပုန်စားပုန်ကန်လုပ်ဖို့ဆိုတာ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ အထမမြောက်ဘဲနဲ့ တောပုန်းအဖြစ်နဲ့ သေနတ်စာ ဖြစ်သွားမှာပဲတဲ့၊ သူက ကျုပ်ထက် အမြင်ကျယ်တယ်မောင်ရဲ့၊ အဲတော့ နမတော်လည်း ရှိသမျှ ကျောက်သံပတ္တမြားတွေကို ထုခွဲရောင်းချမယ်၊ မောင်တော်လည်း ဆင်တွေ မြင်းတွေအားလုံးကို ရောင်းပစ်ပါ။ စုမိသမျှငွေနဲ့ အောက်ပြည် အောက်ရွာကို သွားကြမယ်။ ဟိုရောက်တော့မှ ဒင်းတို့လူမျိုးကို မျက်နှာချင်းဆိုင်ပြီး အနိုင်ယူမယ်၊ သူတို့ဆီမှာတော့ ငွေဟာ အုပ်စိုးတာပဲ၊ ငွေရှိရင် ဘာမဆို အရာရောက်တာပဲတဲ့၊ ကျုပ်လည်း သူ့စကား နားသာထောင်ရတယ် အလုပ်အကိုင် အရောင်းအဝယ် လုပ်ချင်စိတ် အဲဒီအခါက ရှိသေးတာမဟုတ်ဘူး။ ပထမ ရန်ကုန်မှာ ကျုပ်တို့ ဆန်စက်တည်ကြတယ်၊ နောက် သူ့အကြံဉာဏ်အတိုင်း ဆန်စက်လုပ်ရာက မြတ်စွန်းသမျှ ဒီတနင်္သာရီနယ်မှာ လာမြှုပ်တော့ ကြက်ပေါင်ခြံ သတ္တုတွင်းတွေပါ ပွားမှန်းမသိ ပွားလာတာပေါ့"

ပန်းချီဆရာကလေးသည် တတ်နိုင်သလောက် ဆွဲပြီးသော် ယနေ့အဖို့ တော်လောက်ပြီဟု အောက်မေ့သဖြင့် သုံးဦးသား ဧည့်ခန်းဆီသို့ ထွက်ခဲ့ကြလေ၏။ ဧည့်ခန်းရောက်သော် အခိုင်းအစေ မိန်းကလေးတစ်ဦးသည် ပန်းချီဆရာကလေးအား သစ်သီးဖျော်ရည် တစ်ဖန်ခွက်ကို လင်ပန်းကလေးဖြင့် ဒူးတုပ်၍ လာပေးလေ၏။ မင်းသားကြီးလည်း ပန်းချီဆရာကလေးအားပြရန် စားပွဲပေါ်တွင် မိမိပင်လယ်ထဲရှိ ကျွန်းတကာကို လှည့်စဉ်က ကောက်ခဲ့သော ပစ္စည်းအမျိုးမျိုးကို ဖြန့်ခင်းလိုက်သည်။ ယောက်သွားပုံဆန်း အသွေးဆန်း အမျိုးမျိုး၊ ဟိန္ဒူဘုရားကျောင်းများတွင် မှုတ်လေ့ရှိသော ခရုသင်းပုံ အမျိုးမျိုးနှင့် အခြား ခရု-ကနုကမာအသွေးစုံ အဆင်စုံပုံ အမျိုးမျိုးတို့မှာ များစွာ လှပဆန်းကြယ်လေ၏။



"မောင်တို့ဆီမှာတော့ သက္ကရာဇ် ၁၈၀၀ မတိုင်ခင်ကဆိုရင် ခရုခွံတွေနဲ့ အမွှမ်းအမံ လုပ်လေ့ရှိကြတယ် မဟုတ်လား။ ကျုပ်တို့ဆီမှာတော့ နဂါးကို အလှအပ အမွှမ်းမံရာမှာ အားကြီးသုံးတာပဲ၊ နဂါးဆိုရာ အမောက်အတက်ပါတဲ့ မြွေကြီးတစ်မျိုးပေါ့မောင်"

"နဂါးလည်း ပင်လယ်ထဲကပဲ၊ ခရုလည်း ပင်လယ်ထဲကပဲ" ဟု နတ်ရှင်မယ်က ဝင်၍ ထောက်လိုက်၏။

"ကျွန်တော် မြိတ်ကိုလာဖို့ သင်္ဘောစီးလာတော့ ကျွန်းကလေးတွေ မြင်ရတဲ့အခါ နဂါးတွေများ ဒီကျွန်းတွေမှာ ရှိလေမလားလို့ အောက်မေ့မိတယ်" ဟု ပန်းချီဆရာကလေးက ပြောရာ၊ နတ်ရှင်မယ်သည် ကျီစားချေပသည့်သဘောဖြင့် "ရှင့်အတွေးလည်း မခေလှဘူး၊ တစ်နေ့နေ့တော့ ကျွန်းကလေးတွေကို လျှောက်လည်ရအောင်လေ၊ နဂါးရှိရင် ကမ်းစပ်မှာ ခြေရာတော့ တွေ့ရမှာပဲ"

"မောင် ဒီနေ့ ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား၊ ပထစ်ကျွန်းကို ပျော်ပွဲစားသွားကြမယ်။ မောင့်ကို ကျွန်းကလေးတွေ လှမ်းပြရသေးတာပေါ့။ ပထစ်တောင်ပေါ်ရောက်ရင် ထိပ်ကသာနေကြည့် ပင်လယ်ထဲမှာ ကျွန်းကလေးပေါင်း မြောက်မြားစွာ မျက်စိတဆုံး မြင်ရတာပဲ"

"အမယ် သူ မနေ့က အရေးပိုင်နဲ့ ပထစ်ကျွန်းရောက်ခဲ့ပြီးသားဘုရာ့"

"ဒါပေမဲ့ ကျွန်တော်တို့ တောင်ထိပ် မတက်ခဲ့ရပါဘူး။ သီလရှင်ကျောင်းအထိပဲ ရောက်ပါတယ်" ဟု ပြောသဖြင့် ညနေလေးနာရီတွင် မင်းသားကြီးပိုင် မော်တော်ဘုတ်နှင့် သွားကြမည်ဖြစ်၍ ပန်းချီဆရာကလေးလည်း လိုက်ပါရန် သဘောတူညီကြလေ၏။

"ကျွန်တော် ပုံကြမ်းဆွဲတဲ့စာအုပ်ကလေးပါ ယူခဲ့မယ်။ ကျွန်တော့်ဝါသနာက ဆွဲဖို့ကောင်းတဲ့ အချက်ကလေးတွေ့ရင် စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကပျာကယာ အကြမ်းခြစ်ယူလိုက်တာပဲ၊ ပြီးတော့မှ အေးအေးဆေးဆေး စိမ်ပြေနပြေ ထိုင်ဆွဲတယ်၊ မျက်စိနဲ့ မြင်ထားတဲ့ အရာတစ်ခုကိုလည်း သေသေချာချာ စိတ်ထဲမှာ မှတ်မိထားနိုင်တယ်"

"မောင် ဒီလိုဆွဲချင်မယ်ဆိုတာလည်း သိပါရဲ့။ ပထစ်တောင်ပေါ်ကသာဆွဲရင်တော့ အဲဒီကားတွေကို ကျုပ် ဝယ်ပါရစေမောင်ရယ်"

ဤသို့ ကြားရလျှင်ပင် ပန်းချီဆရာကလေးမှာ မင်းသားကြီးအား ပို၍ ခင်မင်စိတ်ဖြစ်မိတော့သည်။ နတ်ရှင်မယ်ကိုကား မိမိစိတ်တွင် မည်သို့ အောက်မေ့မိသည်ကို မိမိကိုယ်တိုင်မသိအောင်ရှိတော့သည်။

နတ်ရှင်မယ်သည် ပန်းချီဆရာကလေးအပြန်တွင် တံခါးပေါက်သို့လိုက်၍ ပို့ရာ၊ ပန်းချီဆရာကလေးက "ခင်ဗျားနာမည် နတ်ရှင်မယ်ဆိုတာ အဓိပ္ပာယ်ပြန်တော့ ဘယ်လိုတဲ့လဲ" ဟု မေးရာ–

"မိုးပေါ်က နတ်ဒေဝီကလေး ဆိုပါစို့ရှင်" ဟု ပြောပြလိုက်လေ၏။

လမ်းတစ်လျှောက်လုံးတွင် ပန်းချီဆရာကလေးမှာ "အင်း သူ့နာမည်က မိုးနတ်ဒေဝီကလေးတဲ့၊ သူ့ရည်းစားလုပ်သူများဖြင့် ဘယ်လောက် သဘောကျမလဲ။ သူ့နာမည်နဲ့ သူနဲ့ အသင့်တော်ဆုံးပဲမို့ ပါးစပ်က ဒီနာမည်ကလေးချည်း ခေါ်နေတော့မှာပဲ" ဟု တွေး၍ လာခဲ့လေ၏။

ထမင်းစားပွဲတွင် ပန်းချီဆရာကလေးက အရေးပိုင်အား "ကျွန်တော် ပထစ်ကျွန်းကို ထပ်သွားဦးမယ်၊ မင်းသားကြီးတို့နဲ့ အတူတူ၊ ခင်ဗျားကော လိုက်ခဲ့ပါဦးလား" ဟု ခေါ်ရာ–

"ကောင်းသားပဲဗျို့၊ ကျွန်တော်လည်း ညနေ ကလပ်ကို တင်းနစ်သွားရိုက်မယ် အောက်မေ့တာ ခုပုံဖြင့် မသွားချင်တော့ဘူး။



ပူးလ်လည်း ဒီကိုရောက်လာပြီ၊ သတ္တုတွေ တားဝရန်း မထုတ်ရသေးခင် ဒီကောင်နဲ့ မျက်နှာချင်း မဆိုင်ချင်သေးဘူးဗျာ။ လူ့ရှေ့သူ့ရှေ့ပကောလို့ ဆင်ခြင်မှာ မဟုတ်ဘူး။ စကားပြောရင် ဒီကောင့်ဉာဉ်က မိုက်ကန်းကန်း အင်မတန်ပြောတတ်တယ်။ ဒီအမှုရှိနေတဲ့အတွင်း မင်းသားကြီးတို့နဲ့ ပျော်ပွဲစားလိုက်ဖို့တော့ မကောင်းဘူး။ ဒါပေမဲ့ မင်းသားကြီးဟာ သဘောထားကြီးပါတယ်။ ကျွန်တော့်ကို အခွင့်အရေးယူပြီး တွေ့တဲ့အခါ အမှုအကြောင်းကို ပြောလား ဆိုလားတော့ လုပ်မှာမဟုတ်ပါဘူး"

"ကျွန်တော် ညနေ လေးနာရီမှာ ကမ်းနားဆင်းခဲ့မယ်လို့ ချိန်းခဲ့တယ်"

"ကောင်းပြီလေ၊ ရုံးက လေးနာရီမထိုးခင် ခပ်စောစော ဆင်းခဲ့တာပေါ့၊ အမယ် ဒါနဲ့ စကားမစပ် ဟို ရသေ့ကြီး ဗေဒင်ဟောတာနဲ့ ပတ်သက်ပြီး သူတို့အိမ်မှာ တစ်မျိုးတစ်မည် ပြောင်းလဲတာ မတွေ့ဘူးလား"

"ဘာမှ မတွေ့ဘူးခင်ဗျာ့။ သဏ္ဌာန်တော့ မင်းသမီးကြီးက ဒီအကျိုးအကြောင်းကို ဘာမှပြောထားပုံမရဘူး"

ထမင်းစား၍ပြီးကြသော် ပန်းချီဆရာကလေးက မိမိ မနေ့က ဆွဲထားသည့် ဘောင်သွင်းပြီး အရေးပိုင်ရုံးသွားပုံ ပုံတူကို ပြရာ–

"ဟာ သိပ်ကောင်းတာပဲဗျို့၊ ကျွန်တော်တော့ သိပ်ကြိုက်တယ်။ မောင်စုကိုလည်း အသားပေး ဆွဲထားသကိုး၊ ကောင်းတယ် ကောင်းတယ်။ ကဲဗျာ ဒီပုံကို ကျွန်တော်ဝယ်ပါရစေ။ ကျွန်တော့်တစ်သက်မှာ ဒီကားဟာ ပထမဆုံးဝယ်တဲ့ ပန်းချီကားပါပဲ၊ အိမ်မှာ ဆွဲထားစမ်းပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လက်ဆောင်အဖြစ်နဲ့ ပေးပါရစေခင်ဗျာ၊ မငြင်းပါနဲ့"

"အို အလကားတော့ မယူချင်ဘူးဗျာ"

"ယူရမှာပေါ့ဗျာ၊ မဟုတ်တာဘဲ၊ ခင်ဗျားအိမ်မှာ အကြာကြီး နေနေဦးမှာ"

"ကျွန်တော့်မှာ ခင်ဗျားအတွက် ဝန်မလေးတဲ့ပြင် ကိုယ့်သွေးချင်း ကိုယ့်သားချင်း တိုးတိုးဖော်ရနေတာကိုပဲ ကျေးဇူးတင် ဝမ်းသာနေသေးတာပါ"

"ဒါပေမဲ့ခင်ဗျာ ငွေကိုတော့ မယူပါဘူး။ မယူပါရစေနဲ့"

"မဟုတ်တာဘဲဗျာ ခင်ဗျားက ဒီအလုပ်နဲ့ အသက်မွေးတဲ့လူကပဲ"

ဤသို့ ကြာရှည်စွာ အချီအချပြောဆိုကြပြီးနောက် အရေးပိုင်သည် ပန်းချီကားကို သဘောကျလွန်းသဖြင့် ပုံဆွဲချိတ်ရန် နေရာရှာနေသောကြောင့် ရုံးချိန်ပင် နာရီဝက်ခန့် နောက်ကျ၍ သွားလေသည်။ ဟိုရွှေ့ချိတ် ဒီရွှေ့ချိတ်နှင့် အတန်ကြာ စမ်းသပ်ပြီးမှ ထရံတစ်နေရာတွင် ချိတ်လိုက်ရာ၊ အနားအပါးရှိ ဓာတ်ပုံတို့နှင့် ယှဉ်၍ ကြည့်မရအောင် ဖြစ်၍သွားလေ၏။

"ကဲဗျာ ဒီဓာတ်ပုံတွေကို ဖြုတ်ချမှ ဖြစ်တော့မှာပါ၊ ယှဉ်ပဲ ကြည့်လို့ကို မဖြစ်တော့ပါဘူး။ ဒီလိုပဲဗျို့ ကားကောင်းရောက်ရင် ကားဟောင်း နေရာရွှေ့ပေးရတာပဲ"

အရေးပိုင်မှာ များစွာ ပျော်ရွှင်၍နေပုံရသည်။

"နောက်တစ်ခါ ဘိလပ်ပြန်ရင်တော့ဗျာ၊ ခင်ဗျားတို့ ပန်းချီဆရာတွေရှိတဲ့လမ်းထဲ ကျုပ် ရဲရဲဝင့်ဝံ့ပြီ၊ ကဲ ပြေးဦးမှဗျို့၊ အချိန်ကို အတော်နောက်ကျနေပြီ"



အရေးပိုင်ထွက်၍သွားသော် ပန်းချီဆရာကလေးသည် အလုပ်ကိုသာ တွင်တွင်ကြီး တကုတ်ကုတ်နှင့်လုပ်လျက် နေလေ၏။ နာရီပြန်တစ်ချက်ထိုးသော် အီဗာထံသို့သွားရန် မလိုကြောင်းကို သတိရသဖြင့်လည်း များစွာ စိတ်သက်သာရာရ၍ သွားလေသည်။ မိမိအလုပ်ကို စိတ်ပါ, လက်ပါ လုပ်၍နေရလျှင် ပျော်၍နေ၏။ သို့သော် အီဗာနှင့်တွေ့ပြန်လျှင် တပ်မက်သောစိတ်များ ဖြစ်ပေါ်လာတတ်လျက် သူ့ကွယ်ရာတွင်ကား သတိရခဲလှသည်။ ယုတ်ညံ့သော မိန်းမ၏ အစွမ်းမှာ မျက်မှောက်ရှုပါရုံသာရှိ၍ သူ့အိမ်ပေါက်မှ ထွက်ခဲ့သော် သူ့အကြောင်းမှာလည်း ခေါင်းထဲတွင် ပျောက်ကွယ်၍သွားလေ၏။ အဘယ်မျှ မေ့၍နေသနည်းဟူမူ အရေးပိုင်အား သတ္တုတွင်း အမှုအကြောင်းနှင့်ပတ်သက်၍ မေးရန်ကိုပင် မမေးမိပေ။ အမှန်စင်စစ် ဤအမှုကိစ္စတွင် မိမိတတ်အားသလောက် ကူညီ၍ပေးထိုက်သည်။ သို့သော် မိမိတို့ အဆက်အသွယ်ကိုပင် လူသိမခံဝံ့ဘဲလျက် အဘယ်မှာ သူတစ်ထူးအား ကူညီရန် တောင်းခံဝံ့ပါအံ့နည်း။ အမှုကို မသိလိုက်မသိဖာသာထားရသည်က ကောင်းသေးသည်။ အရေးပိုင်ကိုယ်တိုင်မှာလည်း တရားသဖြင့် မှန်ရာကိုဖြစ်အောင် စီရင်မည်မှာ ယုံမှားစရာမရှိပေ။ မိမိ ဘာမှဝင်မစွက်ဘဲ စောင့်၍ ပွဲကြည့်အဖြစ်မျိုးနှင့်နေခြင်းက အကောင်းဆုံး ဖြစ်သည်။ အမှုပြီးမှ အီဗာနှင့် သွား၍တွေ့တော့မည်ဟု အောက်မေ့လိုက်လေ၏။

(၃) နာရီခွဲသော် လက်တွင် စွန်းပေ၍နေသော ဆေးများကို ဆေးကြော၍ အဝတ်အစား သပ်ရပ်စွာ ထိုက်သင့်သလိုဝတ်ပြီးနောက် သဘော်ဆိပ်သို့ ဆင်းခဲ့လေ၏။ ပန်းချီဆရာကလေးမှာ မည်သူမျှ မရောက်ခင် ရောက်နှင့်သဖြင့် ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်ရာ၊ နေမင်းသည် အနောက်သို့ ခပ်ယွန်းယွန်းရောက်နေပြီဖြစ်၍ ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲရှိ ကျွန်းစုများသည် ရွှေရောင်ဖြင့် ပက်ဖျန်း၍ထားသကဲ့သို့ ရှိကြတော့သည်။ ကမ်းစပ်တိုင်ငုတ်များတွင် ချည်နှောင်၍ ထားသော လှေကလေးများသည် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ သွားလာ စုန်ဆန်နေရာမှ အနားယူ၍နေသလို ရှိတော့သည်။ မိန်းမများမှာ လှေပေါ်တွင် အလုပ်ကိုယ်စီနှင့် ရှိနေကြ၍ ကလေးများမှာ ရေကူး သူကကူး၊ ငါးမျှားတံကလေးများဖြင့် ငါးဖမ်းသူက ဖမ်း၍နေကြ၏။ ဤသို့ ကလေးများ တပျော်တပါးကြီး ကစားမြူးတူး၍ နေကြသဖြင့် သူတို့ဘ၀ကို အားကျမိသည်။ လုံချည်နီကလေးနှင့် အသက် ၁၀ နှစ် ခန့်သာရှိသေးသော ကလေးမကလေးတစ်ဦးမှာမူ ငါးမျှားတံတစ်စုနှင့် တကယ်ငါးမျှားသူကြီးကဲ့သို့ ဟန်ဟန်ပန်ပန် မျှား၍နေသည်ကို မြင်ရာ ပန်းချီဆရာကလေးသည် ကလေးမ၏အမူအရာကို သဘော ကျလွန်းသဖြင့် ပုံကြမ်းဆွဲသည့် စာအုပ်ကလေးကို ကပျာကယာယူ၍ နတ်ရှင်မယ်တို့မရောက်မီကလေးတွင် ထိုငါးမျှားသူ ကလေးမ၏ပုံကို ဆွဲ၍နေလေ၏။

"အို ရှင်ရောက်နေတာ ကြာပြီလား" နတ်ရှင်မယ်သည် အနီးမှကပ်မေးပြီး ပုံကြမ်းကို မြင်သဖြင့်-

"အလုပ်ရနေတာကိုး၊ ကောင်းတယ် ကောင်းတယ်။ ကျွန်မတို့ နောက်ကျတာ အကျိုးရှိသွားပဲ၊ ဘဘဘုရား ကြည့်ပါဦး" ဟု ပုံကြမ်းကို မင်းသားကြီးအား ယူ၍ပြလေ၏။

"အရေးပိုင်လည်း ကျွန်တော်တို့နဲ့ လိုက်လိမ့်မယ်၊ကျွန်တော် သူ့ကိုပါ ဖိတ်ခဲ့တယ်" ဟု ပန်းချီဆရာလေးက ပြောပြရာ နှစ်ဦးစလုံး များစွာ ဝမ်းသာကြ၍ တစ်ခေါ်မျှသာ ဝေးသော အရေးပိုင်ရုံးဆီသို့ လှမ်းမျှော်ကြည့်ကြရာ၊ ခြေလှမ်းကျဲကြီးဖြင့် ကမ်းနားဘက်ဆီသို့ လာ၍နေသော အရေးပိုင်ကို မြင်ရလေ၏။ မေတော်ဘုတ်ကလေး



ပေါ်သို့ တက်မည်အပြုတွင် လမ်းပေါ်မှ ကားတစ်စီးဖြတ်၍သွားရာ ပန်းချီဆရာကလေးက "ကားထဲပါသွားတာ ပူးလ်နဲ့ တူတယ်" ဟု ပြောလိုက်၏။

"အစစ်ပဲ" ဟု အရေးပိုင်က စိတ်တိုတိုနှင့် ပြန်၍ဖြေလိုက်၏။ ပူးလ်သည် ဤသို့ မင်းသားကြီးသားအဖနှင့် ပျော်ပွဲစားသွားကြသည်ကို ကလပ်တွင် ဇကန်ပြောပြတော့မည်၊ အမူအတွင်း တရားလို တစ်ဦးနှင့် ပျော်ပွဲစားမသွားရဟု ဥပဒေမရှိသော်လည်း မြိတ်မြို့၏ ကလပ်တွင် အတင်းစကားအဖြစ်နှင့် ပြောသော အကြောင်းအရာ တစ်ခုသည် အရေးပါ အရာရောက်တတ်သဖြင့် ပူးလ် တွေ့သွားသည့် အတွက် အရေးပိုင်မှာ စိတ်မကောင်းလှပေ။

မော်တော်ဘုတ်ကလေးထဲတွင် နတ်ရှင်မယ်နှင့် ပန်းချီဆရာ ကလေးတို့သည် တစ်ဘက်တစ်ချက်ထိုင်လျက် ရှိကြလေ၏။ မော်တော်ဘုတ်သည် ပထစ်တောင်ဆီသို့ ခုတ်မောင်းလျက် ရှိသည့် အတိုင်း နီး၍လာသည့်အခါ ဘုရားစေတီစောင်းတန်းကျောင်းကန် တို့သည် အနီးတွင် မားမားမတ်မတ် ရပ်နေသယောင် ထင်ရတော့ သည်။ ၎င်းတို့ကို ကြည့်ရှုရင်း ငြိမ်သက်စွာ လိုက်ပါလာသော နတ်ရှင်မယ်က -

"ကျွန်မတို့က ဒီတောင်ကို 'အာရုံတောင်' လို့ ခေါ်တယ်"

"ဘာပြုလို့လဲ ခင်ဗျာ၊ အင်မတန် တင့်တယ်လို့လား"

"ဟုတ်ကဲ့ ဒီတောင်ပေါ်မှာ နေကြတဲ့ ရဟန်းတွေ သီလရှင် တွေဟာ သူတို့ တပ်မက်တဲ့ အာရုံတစ်ခုကို အမြဲစိတ်ထဲထားနေ ကြလို့ပဲ၊ နေ့စဉ်နဲ့အမျှ တရားပေစာတွေကို အားထုတ်ပြီး လောကရဲ့ ဖြစ်စဉ်ကို ဆင်ခြင်နေကြတာပဲ"

"ဒါဖြင့် ဒီဘက်ကမ်းကိုကော 'အာရုံမြို့' မခေါ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်နိုင်ပါရဲ့၊ နို့ပေမယ့် ဒီဘက်ကတော့ လောကီအာရုံပေါ့။"

"ဒါဖြင့် သူတို့လည်း အာရုံရှိတယ်။ ကျွန်တော်တို့လည်း အာရုံရှိတယ်၊ ဒီလိုလား"

"ရှင် ပန်းချီဆရာပဲလေ သိမှာပေါ့၊ ရှင်ရော သူတို့ရော ကိုယ်တပ်မက်တဲ့အာရုံ ကိုယ်စီရှိကြမှာပဲ"

ပန်းချီဆရာကလေးသည် စကားပြန် မပေးနိုင်သေးဘဲ မိမိနှင့် အီဗာပူးလ်တို့၏ အဖြစ်အပျက်ကို စဉ်းစားမိသည်။ အီဗာပူးလ်၏ ရုပါရုံသည် သူ့အား ဆွဲဆောင်၍နေသည်။ သူသည် ၎င်းအာရုံကို အာသာငမ်းမေ်း ချင်ခြင်းဖြစ်ခဲ့မိသည်။

"လောကမှာ လူတိုင်း လူတိုင်း ကိုယ့်အာရုံနဲ့ကိုယ် ရှိကြတာ ချည်းပေါ့၊ နို့ပေမယ့် အပြင်းထန်ဆုံး အာရုံဆိုတာကတော့ မသိ မိုက်များတဲ့ ကာမဂုဏ်အာရုံဟာ အင်မတန်ပြင်းပြတယ်။ ရှင်တို့ ကျွန်မတို့လို ငယ်ရွယ်သူ ပုထုဇဉ်ကလေးတွေမှာ အများအပြား ဖြစ်ပေါ်ကြတာပဲ"

ပန်းချီဆရာကလေးသည် သေချာစွာ စူးစိုက်၍ နားထောင်၏။ တော်တော်နှင့် သဘောမပေါက်၊ နောက်တွင်မှ နတ်ရှင်မယ် ပြောသည့်အဓိပ္ပာယ်မှာ မိမိချစ်၍နေသော မိန်းကလေးကို ရည်ရွယ်၍ ပြောမှန်းသိသော်လည်း မော်တော်ဘုတ်မှာ ကမ်းသို့ ကပ်နေပြီဖြစ်သဖြင့် ဘာမှပြန်မပြောဘဲ နေလိုက်တော့၏။

တောင်ပေါ်သို့ အားလုံးတက်ကြသော် အစေခံမိန်းကလေး တစ်ဦးသည် လက်ဖက်ရည်ဆွဲခြင်းကိုဆွဲ၍ နောက်မှ လိုက်ပါလာခဲ့လေ၏။ တောင်ကလေးမှာ ပေငါးရာသာမြင့်သော်လည်း ညနေခင်း နေရောင်တွင် အတော်ဖားဖားတက်ကြရသဖြင့် တောင်နှာမောင်းပေါ်ရှိ မြက်ခင်းကလေးသို့ ရောက်ကြသော် အားပါးတရထိုင်၍ နားကြလေ



တော့၏။ ၎င်းနေရာမှ မျှော်ကြည့်လျှင် အနီးတစ်ဝိုက်ရှိ ကျွန်းများကို မျက်စိတစ်ဆုံး မြင်နိုင်ပေသည်။

ထိုနေရာတွင်ပင် ပါလာသည့် မိန်းကလေးသည် အဝတ်ကို ဖြန့်ခင်း၍ စားသောက်စရာများကို ပြင်ဆင်နေရာ ပန်းချီဆရာကလေးကိုကား အရေးပိုင်သည် လှမ်းမျှော်၍ မြင်ရသော ကျွန်းများအကြောင်းကို ပြောဆိုပြသလျက်ရှိပေ၏။ တောင်ထိပ်မှနေ၍ကြည့်သော် အရေးပိုင်၏အိမ်ပေါ်မှ မမြင်နိုင်သောကျွန်းများကိုပါ မြင်ရသည်။

အရေးပိုင်က "ခင်ဗျား အခုမြင်ရတာ အကုန်မဟုတ်သေးဘူး၊ နည်းနည်းကလေးပဲ ရှိသေးတယ်။ ဘုရင်ကျွန်းရဲ့ ဟိုဘက်မှာ တစ်ကျွန်းပြီးတစ်ကျွန်း အဆက်မပြတ် တွေ့နိုင်သေးတယ်။ ရှေ့လျှောက်ပြီး မိုင် ၂၀၀ လောက်သာသွားရင် အမျိုးစုံ တွေ့ရမှာပေါ့ဗျာ။ ကျောက်ဆောင်ဖြူဖြူကြီးတွေ၊ တောင်တန်းပြာနက်နက်ကြီးတွေ၊ ရေတံခွန်တွေ၊ ထုံးအိုင်တွေ၊ လမုတောတွေ၊ သစ်တောတွေ၊ ကျောက်တောင်တွေ၊ လိုဏ်ဂူကြီးတွေ တစ်ကျွန်းတစ်မျိုးစီပဲ။ နောက်ပြီး ရေပြင်ကလည်း ကြည်လိုက်တာဆိုတော့အောက်အတောင်၂၀အစိတ် အထိ ပကတိအတိုင်း မြင်ရတယ်။ ပင်လယ်ကရတဲ့ ဝေလငါးကအစ ပင်လယ်ပက်ကျိအထိ၊ ငါးကြီးအန်ဖတ်၊ ခရု၊ ပုလဲ၊ ငါးမန်းစွယ် အစရှိတဲ့ဟာတွေလည်း ရတာပဲဗျ။ ကျွန်းပေါ် တက်ဦးမယ်ဆိုရင် ကျောက်ဆောင်တွေကြားထဲမှာ ငှက်သိုက်တွေ၊ စန္ဒကူးတွေ၊ သံဖြူနဲ့ ခဲမဖြူသတ္တုတွေလည်း ရှိတယ်။ နို့ပေမယ့် လူနေရယ်လို့တော့ တစ်ကျွန်းမှ မရှိဘူး"

ဤသို့ ပြောဆိုနေစဉ် နတ်ရှင်မယ်၏အသံကို ကြားသဖြင့် လှည့်ကြည့်ကြရာ အဝတ်ပေါ်တွင် လက်ဖက်ရည် အသင့်ပြင်ဆင်ပြီး ဖြစ်၍—

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရှင် ဒီမှာပဲ စားရင်းသောက်ရင်း ဆက်ပြောပါတော့ ကျွန်မတော့ ဒီနေရာဆီ မရောက်တာကြာလို့ ဘယ်နေရာ ဘာရှိတယ် ဆိုတာတွေတောင် မေ့နေပါပြီ။ ကဲ ကျွန်မကိုလည်း ပြောပြပါဦး။ ဒီကျွန်းတွေမှာ နဂါးတွေများ ရှိသလားလို့ မစ္စတာမန်ဂန်က ကျွန်မကို မေးနေတယ်"

"နဂါး မရှိပါဘူးခင်ဗျာ"

"ကဲ ကြားပလား၊ မစ္စတာမန်ဂန် မရှိဘူးတဲ့ရှင့်။ အနို့ ပင်လယ်ဓားပြတွေများ ရှိသလား"

"တစ်ယောက်မှ မကျန်တော့ဘူးခင်ဗျာ့"

"ဒါဖြင့် ပစ္စည်းဥစ္စာရတနာတွေ သိုက်တွေ ဘာတွေကော ရှိသလား"

"တစ်ရွေးသားမှ ရှိမယ်မထင်ပါဘူး"

"အနို့ ကုန်ခိုးသွင်းတဲ့ လူ၊ ဘိန်းကူးတဲ့လူ၊ လက်နက်သွင်းတဲ့ လူတွေများကော"

"အင်မတန် နည်းပါးလိမ့်မယ်ခင်ဗျာ"

"ကဲ ရှင်ကြားတဲ့အတိုင်းပဲလေ၊ ကျွန်မတို့ကျွန်းစုတွေဟာ ကောင်းကောင်းမွန်မွန်တွေပါရှင်၊ အပေါစားဝတ္ထုရေးဆရာတွေက စိတ်ကူးနဲ့ မှန်းဆပြီး ကြံဖန်ပြောကြတာပါ"

"ကျွန်တော်တော့ ဒီရောက်တဲ့အခါ အလကား အချိန်ကုန် မခံနိုင်ဘူး။ ပန်းချီဆွဲဖို့ သိပ်ကိုကောင်းတဲ့နေရာကလေးမို့ ရောက်တဲ့ အခါ ဆွဲသွားဦးမယ်"

"ကျွန်မလိုက်ပြပါ့မယ်၊ ပုံဆွဲကောင်းမယ့်နေရာကလေးတွေ ပြည့်လို့ ရှိပါတယ်။ ခမည်းတော်က သူ့ကော်ပတ်ခြံတွေ လိုက်ကြည့် လိမ့်ဦးမယ်၊ သူက ရှင့်လိုပဲရှင့်၊ အလယ်သက်သက်မဟုတ်ဘူး၊



သွားလေရာ အလုပ်အမြဲပါတာပဲ" နတ်ရှင်မယ်သည် ဤသို့ပြောရင်း လက်ဖက်ရည်များကို ပန်းကန်ထဲသို့ ငှဲ့ထည့်ပေးလျက်ရှိ၏။ အစေခံ မလေးကမူ တစ်ပန်းကန်စီ လိုက်ချပေးလေ၏။

"ကျုပ်လည်း တစ်နေ့နေ့တော့ ဒီတောင်ပေါ် ရောက်လာ မှာပဲ" ဟု မင်းသားကြီးက ပြောပြီးနောက်၊ "ဒီတောင်ပေါ်မှာ ကျုပ်နေဖို့ အဆောက်အဦတစ်ခုကို ဆောက်မယ်၊ ဒီအဆောက်အဦ ပေါ်ကနေပြီး တစ်ဘက်ကို မျှော်ကြည့်လိုက်ရင် မြိတ်မြို့ကို မြင်နိုင် ရမယ်။ တခြားတစ်ဘက်ကို ကြည့်ပြန်ရင် အဆုံးအစမရှိတဲ့ ကျွန်းတွေ ကို မြင်နိုင်ရမယ်။ ဒီလို အဆက်အသွယ်ထားပေမယ့် ဘယ်နေ့မှာ လောကီဘက်ကို လုံးလုံးလက်လွှတ်ပြီး လောကုတ္တရာဘက် ကူးသွား မယ်ဆိုတာကို သူများမသိနိုင်ဘူး။ အဲဒီအချိန်အခါမှာ ကျုပ်သမီးဟာ လောကကြီးအလယ် တင့်တောင်းတင့်တယ် ဖြစ်နေရမှာပေါ့၊ တစ်ခါ တစ်ရံ သူ့ခမည်းတော်ကို အဖူးအမြော် ရန်ကုန်က ဆင်းဆင်းလာရ မှာပဲ၊ ဒီလိုလာတဲ့အခါ ကျုပ်ဟာ စည်းစိမ်တွေစွန့်ပြီး ဖျာတစ်ချပ် ပေါ်မှာ အဘိဓမ္မာစာအုပ်တစ်အုပ်နဲ့ မွေ့လျော်နေတာကို တွေ့သွားရ မှာပဲ၊ သူ ဒီလိုလာလာနေရာက နောက်ဆုံးတစ်နေ့မှာ ကျုပ်ကို လုံးလုံးမတွေ့ရတော့ဘဲ ပြန်သွားရတဲ့ရက်လည်း ရောက်လိမ့်မယ်" ဟု ဖြည်းညှင်းစွာ ပြောပြလေရာ၊ နားထောင်နေကြသည့်အထဲမှ အရေးပိုင်က–

"ကျွန်တော့်အဖို့ကောခင်ဗျာ၊ ရှေ့ရေးရှေ့တာ တွေးမိရင် သူများနဲ့မတူပေဘူး။ အားလုံး လူတွေမှာ အနာဂတ်အတွက် အစီ အစဉ် အသီးသီးရှိကြတယ်။ ခု နတ်ရှင်မယ်မင်းသမီးကလေးဟုတ် လား၊ တစ်နေ့ လောကကြီးအလယ်မှာ မြန်မာလူမျိုး မဟာဆန်မဟာ သွေး မင်းသမီးကလေးတစ်ဦးအနေနဲ့ သူစွမ်းဆောင်နိုင်သလောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖာတ်ခင်းပြီး အထက်တန်းကျကျ က,ပြသွားမှာပဲ၊ ခု ကျွန်တော့် မိတ်ဆွေ ပန်းချီဆရာကလေးကကော၊ တစ်နေ့မှာ သူ့ပညာဟာ တိုးသည်ထက်တိုး၊ ထင်ပေါ်သည်ထက် ထင်ပေါ်ပြီး လန်ဒန်မြို့ကြီး တစ်ခုလုံး သူ့ခြေဖဝါးအောက် ရောက်လာအောင် ဆွဲယူသွားမှာပါပဲ၊ မင်းသားကြီးကလည်း လူမှုကိစ္စတွေ အေးနိုင်သမျှ အေးအောင်လုပ်ပြီး တရားသံဝေဂ ယူနိုင်တယ်။ ကျွန်တော်တစ်ယောက်သာ အလုပ် သက်တမ်းစေ့တဲ့အခါ ဒီတိုင်းပြည်က တိတ်တဆိတ် အင်္ဂလန်ပြန် ပြေးရမယ်။ ဒီမှာရှိတဲ့ တိုင်းသူပြည်သားတွေကလည်း ကျွန်တော်လို လူမျိုးခြားတစ်ယောက် လျော့သွားတယ်ဆိုရင် ဝမ်းနည်းမယ့်လူ မရှိဘူး။ အားလုံး ဝမ်းပန်းတသာနေကြမှာ။ ကျွန်တော့်လက်အောက် မှာရှိတဲ့ အမှုထမ်းတွေဆိုတာကတော့ အထက်လူကြီး တစ်နေရာ လျော့တယ်ဆိုရင် သူတို့အဖို့ အထက်တန်းရာထူးတစ်ခု လစ်လပ်တဲ့ အတွက် ရာထူးတိုးမြင့်ကြရမှာမို့ သာပြီးဝမ်းသာကြဦးမယ်။ ကျွန်တော့် အဖို့တော့ ဒီပြည်ကသာ အချိန်တန်လို့ ပြန်ခဲ့ရတယ်။ ကြီးကြီးကျယ် ကျယ် ဘာများလုပ်ခဲ့သလဲ။ ဘာမှမရှိဘူး။ အင်္ဂလန်ပြန်ရောက်ပြန် တော့လည်း ကျွန်တော်လိုလူတစ်ယောက်ဟာ အသုံးချစရာ မမြင်ပါ ဘူး။ အရင်က ပေါင်းဟောင်းသင်းဟောင်း မိတ်ဆွေတွေကလည်း အကြာကြီး အခုလိုခွဲနေရတော့ မေ့ကြရောပေါ့။ ဆွေမျိုးတွေနဲ့လည်း သဟဇာတ တယ်မဖြစ်နိုင်ဘူး။ ဒါဖြင့် မျောက် သစ်ကိုင်းလွတ် ရှိနေပကိုးရယ်လို့ အရပ်တကာလှည့်ပြီး ခရီးသွားပြန်တော့လည်း ယီးတီးယောင်တောင်ပဲ နေလိမ့်မယ်။ ဘယ်မှာပဲသွားလို့ ဘာပဲလုပ် နေနေ တကယ့်လောကကြီးမှာ လူပိုတစ်ယောက်သက်သက် ဖြစ်နေ တော့မှာပဲ။ ဒါကြောင့် ကျွန်တော့်ဘဝဟာ မြိတ်တောင်ရိုးတွေပေါ်မှာ လှည့်လည်နေတဲ့ အင်္ဂလိပ်တစ္ဆေတွေနဲ့ ဘာမှ ထူးလှမယ်မဟုတ်ဘူး"



"ဒါကတော့ဗျာ တစ်ဖက်သတ် စိတ်ညစ်စရာတွေကို တွေး ပြောတာပါ။ ခင်ဗျားတို့ အင်္ဂလိပ်တွေဟာ ငယ်ငယ်ရွယ်ရွယ် စိတ် ထက်မြက်တုန်းမှာ ကမ္ဘာမှာ လှည့်လည်နေကြရော၊ အချိန်တန်လို့ အင်္ဂလန်ပြန်၊ ပြန်တော့လည်း သူ့ဟာနဲ့သူ နေသားတကျပါပဲ။ ကျွန်တော် ဒီတောင်ပေါ်မှာ အေးချမ်းစွာ တရားအားထုတ်နေသလို ခင်ဗျားလည်း ကလပ်ခန်းထဲမှာ အေးအေးချမ်းချမ်း ရှိမှာပါ" ဟု မင်းသားကြီးက ဝင်၍ ပြောလေ၏။

"ကျွန်တော် အင်္ဂလန်ပြန်ရောက်ရင် ခု မင်းသားကြီးပြော တာကို အမှတ်ရမှာပဲ။ အဲဒီတော့ ဟိုကနေပြီး သံကြိုးရိုက်လိုက် ပါမယ်"

"ခင်ဗျားက သံကြိုးရိုက်ပေမယ့် ကျွန်တော်က ပြန်နိုင်တော့ မှာ မဟုတ်ဘူး။ အဲဒီအချိန်အခါမယ် ပစ္စည်းဥစ္စာရှိသမျှကို ကျွန်တော့် သမီး လုံးဝလွှဲထားခဲ့မှာ၊ ကျွန်တော့်လက်နဲ့ ကိုင်သုံးစရာရယ်လို့ ချန်မထားပေဘူး"

ဤသို့ ပြောနေကြသည်မှာ မြန်မာလိုပင်ဖြစ်သော်လည်း နတ်ရှင်မယ်က စကားပြန်၍ ပန်းချီဆရာကလေးအား ပြောပြသဖြင့် ပန်းချီဆရာကလေးက "ဪ– ခင်ဗျားအဖေကြီးဟာ ဘာမဆို ခင်ဗျားကို အခြေပြုပြီး စဉ်းစားစီစဉ်ထားရှာတာကိုး၊ သူ တရား အားထုတ်မှာတောင် ခင်ဗျား လူ့ဘောင်မှာ တင့်တင့်တယ်တယ် ရှိမှတဲ့"

"ဟုတ်တယ် (အရေးပိုင် မကြားစေရန် အသံတိုးတိုးဖြင့်) ဒါကြောင့် ကျွန်မလည်း သူ့စိတ်ကူးကို တတ်နိုင်ရင် တတ်နိုင်သမျှ လိုက်နာချင်တာပေါ့၊ အဘိုးကြီးကို စိတ်မဆင်းရဲစေချင်ဘူး။ သနား ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုဖြင့် ဒီလိုချည်းပြောပြတာပဲ၊ စိတ်မဆင်းရဲစေချင်ဘူး၊ လိုက်နာချင်ပါတယ်နဲ့၊ ဒီလို ခင်ဗျားစိတ်ထဲ ဘယ်တုန်းက စဖြစ်လာလို့လဲ"

"ရှင်နဲ့ ဒုတိယအကြိမ် တွေ့ကတည်းကပဲ" ဟု ပြော၍ မျက်နှာတစ်ဘက်သို့ လွှဲလိုက်လေ၏။

လက်ဖက်ရည်သောက်၍ ပြီးကြသော်၊ မင်းသားကြီးသည် အရေးပိုင်အား သူ့ကော်ပတ်ခြံ ပြလို၍ ခေါ်သွားလေရာ၊ ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ်တို့လည်း အတူလိုက်၍ သွားကြလေ၏။ လမ်းတွင် ဘုန်းကြီးကျောင်းတစ်ခုသို့ ရောက်ကြသော် သစ်ပင်ကြီးတွေအောက်တွင် ခေါင်းလောင်းကြီးကို ဆွဲ၍ထားသည်မှာ အနောက်မှ ဝင်လုဆဲဆဲနေရောင်နှင့် များစွာ ပနံရသဖြင့် ပန်းချီမျက်စိတွင် လှပ၍ နေသောကြောင့် ပန်းချီဆရာကလေးက ပုံဆွဲ၍ ယူလိုသေးကြောင်း ပြောပြရာ၊ မင်းသားကြီးက "ကဲ ဒါဖြင့် ကျုပ်တို့သွားနှင့်မယ်၊ မောင့်ကို ကျုပ်သမီးက လိုက်ပြလိမ့်မပေါ့" ဟု ပြော၍ ထွက်ခွာသွားကြလေ၏။

ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ် နှစ်ဦးတည်း ကျန်ရစ်သောအခါ နတ်ရှင်မယ်က –

"ကျွန်မအကြောင်းတွေ ကြားရတာ စိတ်ညစ်လှပြီလား"

"ဟာ မညစ်ပါဘူးခင်ဗျာ၊ ခင်ဗျားယုံကြည်လို့ ပြောပြမယ်ဆိုရင် ကျွန်တော်ကူညီနိုင်တာရှိသမျှ အားကြိုးမာန်တက် ကူညီပါ့မယ်"

"ဒါဖြင့် ကျွန်မ ရှင့်ကို တစ်ခုတိုင်ပင်ချင်တယ်" ဟု ပြော၍ ပန်းချီဆရာကလေးအနီးတွင် ဝင်၍ထိုင်ရာ၊ ပန်းချီဆရာကလေးသည် သူ့စာအုပ်ကို ဘေးသို့ချ၍ ဝမ်းမြောက်စွာပင် ပြုံးပြီး နားထောင်မည့်ဟန် ပြင်လေရာ၊ မင်းသမီးကလေးက–



"ဘိုးတင် အကြောင်း ပြောချင်တာပဲ"

"ဘိုးတင် ဆိုတာ ဘယ်သူလဲခင်ဗျာ"

"ကျွန်မနဲ့ လက်ထပ်ရမယ့်လူပေါ့၊ ကျွန်မ အင်္ဂလန်က ပြန်လာတော့ သူ့ကိုလည်း အိမ်က လှမ်းခေါ်တာနဲ့ မြိတ်ကို သူရောက်လာတယ်။ ရှင့်ကိုပြောဖူးတယ်ထင်တယ်။ သူနဲ့ ဒီအရင်က တစ်ခါမှ မတွေ့ဖူးဘူးလို့၊ ဒါနဲ့ လာတော့ တွေ့ကြရော၊ သူ့ကြည့်ရတာ ဝတ်ပုံစားပုံကလည်း သပ်သပ်ရပ်ရပ်နဲ့ တကယ့်လူကြီးလူကောင်းကလေးလိုပါပဲ။ နောက်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ သူ့ကိုယ်သူလည်း အတော်အထင်ရောက်ပုံရပါတယ်"

"ကျွန်တော့်ကို အရေးပိုင်က ပြောတာလည်း ဒီလိုပါပဲ၊ ကဲ ဆက်ပါဦး၊ တွေ့ကြတော့ မေတ္တာစိတ် ဝင်ကြရောလား"

"ဘယ်ဝင်မလဲ"

"အနို့ သူက ဘာတွေပြောပြီး ဘာတွေလုပ်သလဲ"

"ဒီလိုရှင့် ဖြစ်ရတာက သူဟာ အင်္ဂလန်တော့ ရောက်ဖူးပါရဲ့၊ နို့ပေမယ့်လည်း သိပ်ကြီး နေရာကျပုံမရပါဘူး။ လူကဲခတ်ညံ့ပါလိမ့်မယ်။ ကျွန်မလို မိန်းကလေးကို ဘယ်လိုပါအောင် လုပ်ရမယ်ဆိုတာ နားလည်တယ်မထင်ပါဘူး။ ညစာ စားကြပြီးတော့ သူက ဂီတာတစ်လက်နဲ့ အင်္ဂလိပ်သီချင်းတွေကို တီးပြတယ်။ ကျွန်မ စိတ်ပါလက်ပါ မရှိပုံကို သူမြင်ရတော့ ဂီတာကိုချပြီး တစ်ခါ စကားတွေပြောပြန်တယ်၊ သူပြောတဲ့စကားတွေကို ကျွန်မ နားထောင်လို့မရဘူး။ ဒါနဲ့ သိပ်စိတ်ပျက်ပြီး ခမည်းတော်ဘုရားကို "ဘဘဘုရားရယ် ဒီလူပဲလား ဘဘဘုရားတို့ ရှာထားတာ၊ သူဟာ ဘယ်လိုအဆင့်အတန်းလောက်ရှိတာပဲ" လို့ ကျွန်မကပြောပြတော့ အဘိုးကြီးက သနားစရာရှင် "မြန်မာ အိုင်စီအက်ကလေးတွေရှိ ကြပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သမီးရယ် သူတစ်ယောက်ပဲ မစပ်ဟပ်ရသေးတာရှိတယ်၊ နောက်ပြီး ဒီသူငယ် ဟာ ရိုးပါတယ်၊ သမီးကြိုးဆွဲရာ သူက,မှာပါ၊ သမီးအလို ဘာမဆို သူလိုက်မယ့်သူငယ်ကလေးတစ်ယောက်ပဲ၊ ဆိုးဝါးတဲ့အချက် အလက်လည်း သူ့မှာ ကြီးကြီးကျယ်ကျယ်မရှိတဲ့ အတူတူ၊ ငါ့သမီး ဘာဘ ဘုရားတို့ အစီအမံကို လိုက်နာနိုင်ရင်လိုက်နာပါတဲ့" ဒါနဲ့ ကျွန်မလည်း ကြောင်းလမ်းတာကို လက်ခံလိုက်တာ၊ ကဲ ရှင့်ကို ဒါလောက်ပြောပြရင် ကျွန်မ တစ်ခါခါ စိတ်ညစ်တယ်၊ သူတို့စီမံ သလိုမှ လိုက်နာနိုင်ပါ့မလားလို့ တွေးမိတယ်ဆိုတာတွေဟာ ဘာ ကြောင့်ရယ်လို့ ရိပ်မိရောပေါ့"

"အတော်တော့ စိတ်အလုပ်ပေးမယ့်ကိစ္စမျိုးပဲနော်"

"ဒါပေါ့"နတ်ရှင်မယ်သည် နောက်ထပ်စကားမပြောတော့ဘဲ ငြိမ်သက်စွာ တွေးတော၍နေလေရာ၊ ပန်းချီဆရာကလေးမှာ ဤနေရာ တွင် ထိုင်၍နေရသည်ထက် တခြားသို့ ရွှေ့ပြောင်းရလျှင် စိတ်ကြည် လင်မည်ဟု သဘောရ၍–

"လာ ကျွန်တော်တို့ လျှောက်ကြည့်ကြဦးစို့၊ ပင်လယ်ထဲကို ကြည့်ရတာက လှဦးမယ်" ဟု ပြောသဖြင့် တစ်ကွေ့မျှ လျှောက်ခဲ့ ကြရာ၊ တောင်ထိပ်နားက ဂူဝတွင် လူအများစု၍ ပုဆစ်ဒူးတုပ် ထိုင်နေကြသည်ကို မြင်သဖြင့်–

"ဒါ ဘာလဲဗျ" ဟု မေးရာ၊ နတ်ရှင်မယ်က–

"မသိဘူး ဟိုနားက မိန်းမတစ်ယောက်ကို ခေါ်မေးဦးမယ်" ဟု ပြော၍ လက်ယပ်ခေါ်လိုက်လေ၏။

ထိုမိန်းမ ပြောစကားအရ "ရသေ့ကြီးတဲ့၊ လာ သွားဖူး ရအောင် ပထစ်တောင်ပေါ်မှာ ရသေ့ကြီး ရှိသကိုးနော်" ဟု ပြော၍ နတ်ရှင်မယ်က ဂူဝဆီသို့ ခေါ်သွားသဖြင့် ပန်းချီဆရာကလေးလည်း



နောက်မှ လိုက်ပါသွားလေ၏။ ရသေ့ကြီးမှာ ဖျာတစ်ချပ်ပေါ်တွင် ထိုင်လျက် လူတစ်ယောက်၏အမေးကို ဖြေကြားနေပုံရသည်။ ထို ရသေ့ကြီးကို ပန်းချီဆရာကလေးသည် အရေးပိုင်နှင့်လာစဉ်က တွေ့ ဖူးပြီး ဖြစ်လေသည်။ စန္ဒမာလာမင်းသမီးကြီးသည် ရသေ့ကြီးအား ဗေဒင်မေးသည့်အကြောင်းကို သူ့သမီးတော်အားလည်း ဘာမျှပြောပြ ထားသေးဟန် လက္ခဏာမရှိချေ။ သို့ကြောင့် ပန်းချီဆရာကလေးက–

"ကျွန်တော် ဟိုနေ့က ဒီရသေ့ကြီးကို တွေ့တယ်၊ ခင်ဗျား အမေက ဗေဒင်မေးတော့ ခင်ဗျားနဲ့ဟိုလူနဲ့ ဘယ်နည်းနဲ့မှ လက်ထပ် ဖြစ်မှာ မဟုတ်ဘူးလို့ ဟောလိုက်တယ်" ဟု ပြောပြရာ၊ နတ်ရှင်မယ် မှာ အံ့အားသင့်သလို ဖြစ်၍သွားလေ၏။

"ကျွန်တော် ဒီအကြောင်းကို ပြောမလို့ပဲ၊ စန္ဒမာလာမင်းသမီး ကြီးက ခင်ဗျားတို့ကို ပြောပြပြီးသားလို့ ထင်တာလည်းတစ်ကြောင်း၊ သူများအတွင်းရေးတွေကိုလည်း ဝင်ပြီး ကိုယ်နဲ့မဆိုင်ဘဲ မပြောသင့် တာတစ်ကြောင်းကြောင့် မပြောတာပဲ"

နတ်ရှင်မယ်သည် ရသေ့ကြီးဆီသို့ သူ့မယ်တော်လာသည့် အကြောင်းများကို ပန်းချီဆရာကလေး ပြောသမျှ စူးစိုက်စွာ နား ထောင်၍ နေလေ၏။ ပန်းချီဆရာကလေးက "ခုလို ဗေဒင်ဟောတာ တွေဟာ ဘယ့်နှယ်လဲခင်ဗျာ" ဟု မေးရာ–

"မပြောတတ်ဘူးရှင့်၊ နို့ပေမယ့် တစ်ခါခါကျတော့ သူတို့ ပြောသမျှတွေဟာ တပ်အပ်သေချာ သိပ်မှန်တတ်တယ်။ ဆန်းတော့ အင်မတန်ဆန်းကြယ်တာပေါ့။ ဒါပေမဲ့ သူတို့ပြောတာတွေဟာ အင်မတန်မှန်တာ တွေ့ဖူးတယ်"

"ခင်ဗျားအမေကြီးတော့ စိတ်ရှုပ်သွားပုံရတာပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲလား၊ မဘုရားဟာ အင်မတန် စိတ်ရှုပ်ခဲ့တယ်။ ရှင် တကယ်ပဲ ဒီလိုထင်လိုက်သလား"

"မျက်နှာပျက်သွားတာပဲခင်ဗျာ၊ ဒီအကြောင်းကို သူ ဘာလို့ ပြောမပြပါလိမ့်မလဲနော်"

"သူ့ကို အကဲခတ်ဖို့ သိပ်ခက်တယ်ရှင့်"

"ရသေ့ကြီးပြောတာ သူယုံသလားမသိဘူး"

"မပြောတတ်ဘူး"

"ဒါဖြင့် သူ ဘယ်လိုစီစဉ်မလဲဗျာ"

"ဒါလည်း ရသေ့ကြီးတောင် ဟောနိုင်မယ် မထင်ဘူး"

"ဒါနဲ့ဗျာ ဘိုးတင်ကိုတော့ သူသဘောကျသတဲ့လား"

"ဘိုးတင်လာစဉ်ကတော့ အတွေ့မခံဘူးရှင့်၊ သူ တယ်ပြီး နေမကောင်းလို့ ဆိုတဲ့ စာကလေးတစ်စောင်ကို အပေးလွှတ်လိုက်တယ်"

"ဒါဖြင့်ခင်ဗျာ သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်လို့လေလား"

"ဒါလည်း မပြောနိုင်ဘူး။ နို့ပေမယ့် သူ့စိတ်ထဲမှာ ဒီလို တစ်ယောက်ယောက်နဲ့လည်း ထိမ်းမြားပြီးဖြစ်စေချင်တယ်။ ဘိုးတင်ဟာ ကျွန်မအဖို့ အသင့်တော်ဆုံးလူမှ ဟုတ်ပါ့မလားလို့လည်း အောက်မေ့ဟန်တူပါရဲ့၊ သူက တစ်မျိုးပဲရှင့်။ ကျွန်မခမည်းတော်ထက် ဆယ်ဆလောက် ဉာဏ်သာတယ်။ အရေးကြီးတဲ့ကိစ္စဟူသမျှ သူနဲ့ တိုင်ပင်ပြီးမှ သူ့အကြံဉာဏ်နဲ့ လုပ်ရတာ"

"ဒါဖြင့် စိတ်ထဲ သံသယရှိနေတုန်း ရသေ့ကြီး ဟောလိုက်တာကြောင့် သာပြီးများ ခိုင်မာသွားလေမလား"

"သူက သိပ်ထူးဆန်းတာ ကျွန်မတော့ မပြောတတ်အောင် ဖြစ်နေတာပဲ"



"ကျွန်တော် သူနဲ့ ဘယ်တော့တွေ့ရမှာတဲ့လဲ၊ သူ့ပုံပါ ဆွဲဦးမယ်ဆိုရင်တော့ တွေ့ရဦးမှာပေါ့"

"ကျွန်မတို့ကို အကြောင်းမကြားသေးဘူး။ ကျွန်မ စိတ်အထင်တော့ သူ ရှင့်ကို တွေ့ချင်ပုံရတယ်"

"တွေ့ချင်ရင် တွေ့နိုင်တာပေါ့ဗျာ၊ ဘာလို့ မတွေ့သေးတာတဲ့လဲ"

"သူ့မှာ ခက်တာက အစဉ်အလာနဲ့ မင်းခမ်းမင်းနားဆိုတာတွေက ရှိနေသေးတယ်။ ရှင်တို့လို အင်္ဂလိပ်တစ်ယောက်ကို တွေ့ချင်ပေမယ့် ရှေးက ထီးမူနန်းရာတွေကိုလည်း တတ်တာမဟုတ်တော့ သူ ရုတ်တရက် လက်မခံနိုင်ပေဘူး။ ရှင်နဲ့လည်း တွေ့ချင်ပုံရတယ်။ သူ့ပုံကလည်း ဆွဲဖို့က ရှိနေသေးတယ်ဆိုတော့ တစ်နေ့နေ့တော့ သူစီမံမှာပေါ့၊ ဘယ်လိုစီမံမလဲဆိုတာသာ မပြောနိုင်တော့တယ်"

"ဖိနပ်ချွတ်ဖို့အတွက်က အခက်အခဲတွေ့နေတယ်ဆိုရင်တော့ ကျွန်တော်က ဘာမှဝန်မလေးပါဘူး။ အဲဒီအတွက်ကြောင့်တော့ မဖြစ်ပါစေနဲ့"

"ဖိနပ်ချွတ်တာ မချွတ်တာကြောင့်ချည်းလည်း မဟုတ်ဘူး။ ရှင်နဲ့ အပြန်အလှန်မရနိုင်တာတွေကလည်း ရှိသေးတယ်။ ဥပမာ– ရှင်က မြန်မာစကားဆိုလို့ တစ်ခွန်းမှမတတ်ဘူး။ လေးငါးခွန်း တတ်တယ်ပဲထားဦး၊ အဲဒီအသံနေ အသံထားမျိုးကို သူ့နားက လက်ခံမှာ မဟုတ်ဘူး။ နို့ပေမယ့် ဒီလိုဖြင့် အတွေ့မခံတော့ဘူးလား ဆိုတော့လည်း မဟုတ်ဘူး။ နည်းလမ်းရှာလိမ့်မယ်။ အဲဒီနည်းဟာ အားလုံးနဲ့လည်း သင့်တော်လိမ့်မယ်"

"အရေးပိုင်နဲ့ ဟိုနေ့က စကားပြောတာ တွေ့လိုက်တာဖြင့် အတော်ထူးဆန်းတဲ့ မိန်းမကြီးတစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲရှင် ဝေါပေါ်က မင်းသမီးကြီးတစ်ယောက်ဟာ သူ့ရန်သူ အစိုးရအရာရှိတစ်ယောက်နဲ့ စကားပြောတာမို့လား" ဟု နတ်ရှင်မယ်က ရယ်ရင်းမေးလေ၏။

ဤသို့ နှစ်ဦးသား စကားပြောရှ်လာကြသည်မှာ နေဝင်ပြီဖြစ်၍ မူလစတည်းချသည့်နေရာသို့ပြန်ရန် လမ်းလျှောက်လာစဉ်ဖြစ်လေသည်။ သီလရှင်ဇရပ်အနီးသို့ရောက်သော် ပန်းချီဆရာကလေးက အရေးပိုင်နှင့် သူတို့ ဤဇရပ်သို့ ရောက်ခဲ့သေးကြောင်းများ ပြောပြ၍–

"ဒီသီလရှင်ဆရာကြီးဟာ သီလရှင်မဝတ်ခင်က ဘယ်သူလဲ" ဟု မေးရာ–

"ကျွန်မသိသလောက်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က လန်ဒန်မြို့ အက်ဒဘာရီလမ်းမှာ ဂျော့မိုးရဲ့ ညည့်ခံပွဲတစ်ခုမှာ တွေ့ဖူးတာပဲ"

"ဘယ့်နှယ်ခင်ဗျာ"

"ဂျော့မိုးအိမ်မှာ တွေ့ဖူးတယ်"

"ကျွန်တော်သွားတုန်းကတော့ အင်္ဂလိပ်စကား လုံးဝမတတ်သလိုပဲကိုး"

"ကောင်းကောင်းတတ်တာပေါ့ရှင်"

"ခင်ဗျားတွေ့တော့ ဒီသီလရှင်အဝတ်နဲ့ပဲလား"

"မဟုတ်ပါဘူး၊ မဟုတ်ရုံမကဘူး၊ ဆံပင်ဗိုလ်ဆံတောက်ဖြတ်ပြီး မြင်းစီးဘောင်းဘီနဲ့ ယောကျ်ားလို ဝတ်ထားတယ်"

"ဟင် ဆန်းပါပေ့၊ အဲဒီတုန်းကတော့ သူ ဂျော့မိုးရဲ့မိတ်ဆွေပဲနော်"

"ဟုတ်ပါတယ်၊ အရက်တောင် ငှဲ့ပေးတာ မြင်ပါသေးတယ်"



"သိပ်ဆန်းပါလားခင်ဗျာ၊ ဒါဖြင့် ဘာလို့ သီလရှင်ဝတ်နေတာတဲ့လဲ"

"ဘယ်သူမှ မသိကြဘူး၊ တစ်ခါက သူ ဆန်အလှူခံထွက်တုန်း ကျွန်မနဲ့ လမ်းမှာတွေ့ကြတယ်။ ကျွန်မက မှတ်မိလို့ အင်္ဂလိပ်လိုမေးတော့၊ ကိုယ်နဲ့မဆိုင်တာ မသိချင်နဲ့လို့ မျက်နှာထားကြီးနဲ့ ပြန်ဆိုသွားတယ်"

"ဒီလို စွန့်လွှတ်နိုင်ကြဖို့လည်း အခဲယဉ်းကြီးပဲလေ"

"ဟုတ်တယ် နောက်ပြီး စိတ်မှာ ထိခိုက်တဲ့ရောဂါမှန်ရင် ဒီနည်းနဲ့မှ ကုစားလို့ရတယ်။ ဒီမှာရှိတဲ့ဟာတွေကလည်း အနာဟောင်းဆွပေးတတ်တဲ့ အတိတ်ရာဇဝင်ကို ဘယ်တော့မှ မေးလေ့မရှိဘူး။ သူ့ကို အားလုံးက ကြည်ကြည်ညိုညိုပါပဲ။ သူ့စိတ်ထဲ ဂျော့မိုးကိုလည်း ငါနဲ့ ဘဝခြားပြီးရယ်လို့ ကတ္တားခြားထားမှာပေါ့ရှင်"

ဤသို့ စကားပြောရင်းနှင့်ပင် မင်းသားကြီးနှင့် အရေးပိုင်တို့ ကော်ပတ်ခြံအကြောင်း စကားဆက်မပြတ်သေးသည့်နေရာသို့ ရောက်၍သွားကြလေ၏။

နာရီဝက်ခန့်ကြာသော် အားလုံး အသီးအသီး ကိုယ့်အိမ်သို့ ကိုယ်ပြန်ရောက်ကြပြီးဖြစ်၍ အရေးပိုင်က ပန်းချီဆရာကလေးအား–

"ကျုပ်တို့ ဒီညတော့ ကလပ်သွားကြဦးစို့ဗျာ၊ ကျုပ်တို့သွားပြီး မျက်နှာပြဦးမှပါ။ ခင်ဗျားလည်း လိုက်တာပေါ့၊ အကြာကြီးနေဖို့ မလိုပါဘူး။ ညနေက ကျုပ်တို့သွားတာ ပုံးလ်တွေ့သွားလို့သာ ကျုပ်တို့က သူအတင်း မပြောခင်များ သွားပြီး အုပ်နိုင်မလားလို့၊ ခင်ဗျားလည်းလိုက်ပြီး ဖာထေးဦးမှပဲ။ အတော်တော့ စက်ဆုပ်စရာကောင်းတဲ့ အလုပ်ပဲလေ။ နို့ပေမယ့် အေးအေးချမ်းချမ်းရှိတန်သလောက် ရှိပါစေတော့လို့ ကြိုးစားရတာပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်တာပေါ့ ကိစ္စမရှိပါဘူး"

နှစ်ယောက်သား အိမ်ပေါ်တက် အဝတ်အစားလဲ၍ ခုနစ်နာရီခွဲတွင် ကလပ်သို့ ရောက်ကြလေ၏။ အသင်းသားအများအပြား အရက်ခန်း၌ စုဝေး၍ စကားပြောနေကြသည်။ သို့သော် အရေးပိုင်တို့နှစ်ယောက် ဝင်ရောက်လာသည်ကို မြင်ရသောအခါ ပြောလက်စစကားများကိုရပ်၍ ကြည့်နေကြလေ၏။ အချို့မှာ မျက်နှာပျက်နေသလို၊ အားတုံ့အားနာဖြစ်နေသလိုလို ထင်ရသည်။ အရေးပိုင်ကမူ မသိလေဟန်ဖြင့် အရက်နှစ်ခွက်ကို မှာယူပြီး စားပွဲတွင်ဝင်၍ ထိုင်လေ၏။ ထုံးစံအတိုင်းဆိုသော် ဧည့်သည်အသစ်လာလျှင် တစ်စားပွဲတည်းရှိ လူကပါ ဝင်ရောက် သောက်စားရင်း ဧည့်ခံရသည်။ ယခုသော် အရက်ခန်း အစေခံက မျက်နှာချင်းဆိုင် ထိုင်နေသောပူးလ်အား ဘာသောက်ဦးမလဲဟု မေးသည်ကိုပင် 'တော်ပြီ' ဟုပြော၍ ကျောဘက်ရှိ စားပွဲသို့ မျက်နှာလှည့်၍နေရကား အရေးပိုင်အနီးတွင် ရှိသူများက ဤသို့ ရိုင်းပျစွာ ပြုမူသည့်အတွက် အရေးပိုင်မည်သို့ရှိလေသည်ကို အကဲခတ်လျက် ရှိကြလေ၏။ အရေးပိုင်မှာ မျက်နှာထားကို ဟန်လုပ်နိုင်သမျှလုပ်၍ စကားရှာကာ ပြောနေသော်လည်း ဘေးက လူများမှာ ကြာရှည်စွာ ဟန်မလုပ်ကြတော့ဘဲ တစ်ဘက်မှ စကားပြောနေသော ပူးလ်ဘက်ဆီသို့ နားစွင့်၍ နေကြလေ၏။ အခြား မင်းဘားနှစ်ဦးမှာ စားပွဲမှ ထသွားကြပြီး အခန်းတစ်ခန်းကိုဖြတ်၍ ပူးလ်၏ စားပွဲတစ်ဘက်စွန်းတွင် ဝင်ရောက်ထိုင်ကြသည်ကိုလည်း မြင်လိုက်ရလေ၏။ အရေးပိုင်တို့ ဤသို့ဖြစ်ပျက်နေသည့်အထဲတွင် ပူးလ်က အရက်တစ်ခွက်ကို ကျယ်လောင်စွာ မှာယူပြန်သည့်အတွက် အရေးပိုင် စိတ်များစွာတိုလာသဖြင့် ပိဋကတ်ခန်းမှ စာအုပ်တစ်အုပ် ယူလိုသေးသည်ဟု ပြောလျက်



နှစ်ဦးသား ထိုင်နေရာမှထခဲ့ကြလေ၏။ အခန်းထဲတွင်ကား မစ္စစ်ပူးလ်သည် ရုပ်စုံမဂ္ဂဇင်းအဟောင်းကြီးတစ်ခုကို ကြည့်၍နေသည်ကို တွေ့ရလေ၏။

မစ္စစ်ပူးလ်အဖို့မှာ များစွာ အနေခက်ဖွယ်ကောင်းတော့သည်။ ယခင်ကမူကား အရေးပိုင်ကို အတော်ပင် ခင်မင်ရှာသည်။ သို့သော် ယခုအမှုကိစ္စမှာ မိမိတို့အတွက် သေရေးရှင်ရေးတမျှ ဖြစ်နေလေသည်။ ပန်းချီဆရာကလေးနှင့် တွေ့ရသည့်အတွက်လည်း လူရှေ့သူရှေ့တွင် အနေကြံ့စဖွယ်။ အရေးပိုင်၏ သတ္တုများကို တားဝရမ်းထုတ်သည့်ကိစ္စမှာပင် တူးပြီးသတ္တုများမှာ ရွှေဒင်္ဂါး ၃-၄ ရာတန်ထက်မနည်းရှိပြီး ရောင်းမည့်ဆဲဆဲဖြစ်သဖြင့် အခံခက်ဖွယ်ပင်။

သို့သော်လည်း သူ့တွင်အသိဉာဏ်ကလေးများလည်း ရှိတန်သလောက်ရှိသေးသဖြင့် မိမိအမှုကို စစ်ဆေးမည့်အရာရှိတစ်ဦးအား မိမိနှင့် ကလပ်တစ်ခုလုံးက ဝိုင်းပယ်သည့်အနေမျိုးသို့ရောက်အောင် မခိုးမခန့်လုပ်သော သူ့ယောက်ျား၏ အပြုအမူသည် မတော်လျော်ကြောင်း သိသည်။ ၎င်းပြင် တစ်နေ့လုံးလုံး ပန်းချီဆရာကလေးနှင့် မတွေ့ရသဖြင့် တစ်ရက်ကို တစ်သက်လောက်မှတ်ကာ စိတ်ညစ်နေသည့်အချိန်တွင် ပန်းချီဆရာလေးကို တွေ့ရသဖြင့် ဝမ်းသာလှသည်ဖြစ်၍ အရေးပိုင်တို့နှစ်ဦးအား ပြုံးရယ်ချိုသာစွာ "ထိုင်ပါဦး" ဟုခေါ်ငင်လေ၏။ အရေးပိုင်မှာ လုံးဝနေလိုစိတ်မရှိတော့သဖြင့် "ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ မထိုင်အားသေးလို့ပါ၊ လိုချင်တဲ့စာအုပ်ကလေးတစ်အုပ်ရှိလို့ လာယူပါတယ်" ဟု ပြောရာ-

"ကဲ ဒါဖြင့်လည်း ကျွန်မပါ ကူရှာပေးပါမယ်ရှင်" ဟုပြော၍ ဗီရိုရှေ့တွင် ရပ်နေသော အရေးပိုင်နောက်မှရပ်လျက် ပန်းချီဆရာကလေး၏လက်ကို ဖမ်းဆွဲရင်း ဆုပ်နယ်၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီစာအုပ်ပါပဲ" ဟု အရေးပိုင်သည် တွေ့ရာစာအုပ်တစ်အုပ်ကို ဆွဲယူ၍ လှည့်မှ လက်ကို လွှတ်လိုက်လေ၏။

"ခင်ဗျားကော မယူဘူးလား၊ တော်ပြီလား၊ ကဲ ဒါဖြင့်လည်း သွားကြစို့ဗျာ" ဟု ပြောကာ မစ္စပူးလ်က သောက်ပါဦး ဆိုသည်ကိုပင် ငြင်းပယ်၍ ကလပ်တွင်းမှ ကပျာကယာထွက်ခဲ့ပြီး ပြန်ခဲ့ကြလေ၏။

"ကဲဗျာ ကြည့်တော့ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲဆိုတာ၊ ကျုပ်က တစ်ခုခုတော့ ဖြစ်မယ်လို့ သိပါရဲ့၊ ဒါပေမဲ့ ဒီလောက်ဆိုးမယ်လို့ မထင်မိဘူး။ တားဝရမ်းထုတ်တဲ့အတွက်ပဲဗျာ၊ ကျုပ်လည်း ဒီပြင် ဘာမှမတတ်နိုင်ဘူး။ သူတို့က ကျုပ်ကို ဘယ်လိုများ လုပ်စေချင်ကြတယ် မသိပါဘူး"

အတန်ကြာ စကားမပြောဘဲ ကားကို မောင်းနှင်၍ လာခဲ့ကြလေ၏။ အရေးပိုင်မှာ မခံချိစရာကို ဖုံးကွယ်၍ မထားနိုင်တော့ပေ။ "ရှုပ်တယ်ဗျာ ရက်အကြာကြီး ဦးနှောက်ရှုပ်မခံဘူး၊ နက်ဖြန် မြေတိုင်းဘက်ကမြေပုံကို တောင်းကြည့်မယ်။ သူတူးတဲ့တွင်းဟာ သူ့မြေထဲမပါတာ အမှန်ဖြစ်ရင် အမိန့်တစ်ခုပဲရှိတာပဲ။ အရေးပိုင်လုပ်ရတာ မလွယ်ဘူးဆိုတာ ခင်ဗျားလည်း သိရောပေါ့လေ"

ပန်းချီဆရာကလေးမှာ အီဗာပူးလ်နှင့် တွေ့ခဲ့ရသည်ကို တွေးလျက်ရှိသဖြင့် အရေးပိုင်ပြောသမျှကို အကုန်မကြားမိပေ။ ကြားသလောက်မှာလည်း အရေးပိုင်မှာ တွေးတွေးခေါင်ခေါင် ပူတတ်လွန်းလှသည်ဟု အောက်မေ့မိလေ၏။ ဆက်၍တွေးမိသည်မှာ အီဗာပူးလ်၏ခင်ပွန်းနှင့် အပေါင်းအသင်းတို့မှာ များစွာ အထက်တန်းကျသောလူစားများမဟုတ်ကြောင်းကို ယနေ့သိခဲ့သည်။ အီဗာပူးလ်မှာ ၎င်းတို့ထက် အဆင့်အတန်းမြင့်ပါ၏လောဟု မေးလျှင် ထူးမခြားနား ဖြစ်ပေလိမ့်မည်။ သာမန်မိတ်ဆွေအဖြစ်နှင့် ပေါင်းသင်း၍နေလျှင်ကား စိုးရိမ်



ဖွယ်မရှိ၊ ယခု မိမိနှင့် ဆက်သွယ်သကဲ့သို့သော အဖြစ်မျိုးကား အန္တရာယ်ကြီးလှပေ၏။ နောက်တွင် သတိထား၍ ဆက်သွယ်လေမှပဲဟု အောက်မေ့မိသည်။ ဤမိန်းမမျိုးကား အဖိုးတန် အမျိုးအစားမဟုတ်ပေ။

ဤသို့ စဉ်းစားရင်းပင် အိမ်သို့ရောက်ကြလေ၏။ ထမင်းစားပွဲတွင် ထမင်းစားနေစဉ်အတွင်း ဘဏ္ဍာစိုးက ကြေးနန်းတစ်စောင် အရေးပိုင်သို့ လာ၍ပေးသဖြင့် "ကဲဗျာ ဖတ်လိုက်ဦးမယ်" ဟု ဆိုကာ ဖတ်လေ၏။ ဖတ်ပြီးသော် အံ့ဩသော အမူအရာဖြင့် "ဟာ ဒီကြေးနန်း ကျွန်တော့်ဖို့ မဟုတ်ဘူးထင်တယ်။ နားထောင်စမ်း 'ချီစယ်မြို့စားကြီးနှင့် လော့ဒ်ဂလတ်စမိုးတို့ ၂၀ ရက်နေ့က မော်တော်ကားမှောက်၍ သေဆုံးပါကြောင်း။ မည်သည့်နေ့အရောက် ပြန်လာမည်ကို သိပါရစေ' တဲ့ လက်မှတ်ထိုးတာက ဝတ်လုံဗျ။ ဒီနာမည်တွေ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး။

ဩော်... ကြေးနန်းက ကျွန်တော့်ဆီရိုက်တာမဟုတ်ဘူးဗျို့။ ကျွန်တော်က ကျေးဇူးပြု၍ ချီစယ်မြို့စားမင်းတဲ့။ ဆိုလိုတာက နောက်ဆက်ခံတဲ့ မြို့စားသစ်ဆီကိုပဲ၊ မြိတ်ကို နောက်သင်္ဘောပတ်မှာ ရောက်လာမယ်ထင်ပါရဲ့။ ကမ္ဘာလှည့်ရင်း လာလိမ့်မယ်ထင်တယ်။ ခက်တာက ကျွန်တော်က ဗြိတိသျှ မင်းမျိုးစိုးမျိုးတွေကို ဂရုမစိုက်မိလို့ ရောက်လာရင် ဘယ်ဒင်းမြို့စားကြီးရယ်လို့ သိမှာမဟုတ်ဘူး။"

"ပေးစမ်းပါခင်ဗျာ၊ ကျွန်တော်များ သိမလား"

"ကဲ ဖတ်ပါဦးဗျာ"

ပန်းချီဆရာကလေးသည် သေချာစွာ ဖတ်ပြီးနောက်–

"ဩော် ဆုံးရှာပကိုးနော်။ အမှန်ကတော့ ချီစယ်မြို့စားကြီးဟာ ကျွန်တော့်အစ်ကိုတစ်ဝမ်းကွဲပါပဲ။ လော့ဒ်ဂလတ်စမိုးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့သားလေး ၁၀ နှစ်သားပဲ ရှိရှာသေးတယ်။ ဆက်ခံမယ့် အနီးဆုံး ဆွေမျိုးဆိုရင် ကျွန်တော်ပဲရှိတာပဲ။ မမျှော်လင့်ဘဲ လာဖြစ်ရတာပဲလေ။ ကျွန်တော့်အစ်ကိုဟာ လူကောင်းကြီးပါ။ သနားပါဘိတော့။ သူတို့ ကံနှယ် နှစ်ဦးစလုံးပဲ ကံတူအကျိုးပေး ဖြစ်ရပါပေရဲ့"

"ဒါဖြင့် ခင်ဗျား ချက်ချင်းပြန်ရတော့မှာပေါ့" ဟု အရေးပိုင်က အံ့အားသင့်စွာ နားထောင်ရင်း ပြောလိုက်ရာ–

"ပြန်ဖို့ မလိုပါဘူးခင်ဗျာ၊ ခင်ဗျား လက်ခံထားသ၍ နေဦးမှာပါ"

"ဟာဗျာ ခင်ဗျားကလည်း"

"ကျွန်တော်ပြန်ဖို့ မလိုဘူးခင်ဗျာ၊ ပြန်လည်း မပြန်နိုင်ပါဘူး။ မြို့စားမျိုးရိုးဆိုပေမယ့် နာမည်လောက်ပဲ ရှိပါတော့တယ်။ ခု သွားလေသူ မြို့စားကြီးတောင် သတင်းစာဆရာ လုပ်စားနေရတာ၊ ခုလို သေဆုံးသွားပြန်လည်း ပစ္စည်းပစ္စယကျန်လှ အနည်းအပါးပေါ့။ ရာထူးလောက်ရှိတော့တာပါ"

"ဒါဖြင့် မြို့စားပန်းချီဆရာဆိုရင် ပုံတော့ ပိုရောင်းရမှာပဲ ထင်တယ်"

"ရောင်းချင်ရောင်းရပါလိမ့်မယ်၊ ဒီမှာလည်း မင်းသားကြီးနဲ့ အလုပ်လုပ်ဖို့ကို ဖျက်ဖို့ ခဲယဉ်းသားပဲ၊ ခုလို မြို့စားဖြစ်လာရလို့ ကျွန်တော့်အဖို့ ဘာမှ မပြောင်းလဲပါဘူး။ ဒီမှာ ခင်ဗျားလက်ခံထားသ၍ နေမှာပါပဲ။ ကျွန်တော်စီစဉ်ထားသမျှတွေလည်း ပြီးအောင် လုပ်မှာပါပဲ။ ကျွန်တော့်အလုပ်တွေအားလုံး ပြီးစီးလို့ အားပြီဆိုတော့မှ ဝတ်လုံများကို သွားတွေ့ပြီး ရသင့်ရထိုက်တာကလေးတွေကို ယူရမှာပါပဲ"



တစ်ညလုံးတွင် နှစ်ယောက်သား ဤအကြောင်းကိုသာ ပြောလျက်နေကြသည်။ အိုင်းရစ်မြို့စားမှာ ယခုအခါတွင် အရေးပါ အရာရောက်ခြင်း မရှိတော့ပေ။ သို့ရာတွင် လူအများ၏စိတ်၌ မြို့စားမှာ လူတစ်မျိုးဖြစ်၍ ဂုဏ်ရှိမြင့်ရှိလေတော့သည်။ ယခင်ကမူ ပန်းချီဆရာကလေး မန်ဂန်ပင် ဖြစ်သည်။ ယခုသော် မြို့စားကြီး ချီစယ်ဖြစ်၍နေပြီ၊ လူတွေသည် ပို၍ အရေးစိုက်ကြရတော့အံ့။ ရိုသေကြတော့အံ့။ အကယ်တိ မြို့စားကြီး ချီစယ်သည် လူချစ်လူခင်ပေါများ၍ မျက်နှာကြီးအံ့၊ ရုပ်ချော သဘောကောင်း ဖော်ရွေတတ်သောကြောင့်မဟုတ်။ မြို့စားကြီးဖြစ်သောကြောင့် ဖြစ်ပေတော့မည်။

ညအိပ်ရာဝင်ချိန်တွင်မှ နှစ်ဦးသား ဝရန်တာမှ ထခဲ့၍ "ကဲဗျာ အိပ်ပေတော့၊ ဒီမြိတ်မြို့ကလေးမှာ မြို့စားကြီးတစ်ယောက် ရောက်လာတယ်ရယ်လို့ အထူးအဆန်းဖြစ်ဦးတော့မှာပဲ။ ကဲ အိပ်တော့ အိပ်တော့ မြို့စားကြီးရယ်"

"ကျွန်တော့်ကို မြို့စားကြီးလို့ မခေါ်ပါနဲ့ဗျာ။ ကျွန်တော် နဂိုအတိုင်းပဲ ကြိုက်ပါတယ်။ မြိတ်ကလပ်က အင်္ဂလိပ်တွေရဲ့ ပါးလျက် နားလျက်လုပ်တာလည်း မခံပါရစေနဲ့၊ အရင်အတိုင်း ပန်းချီဆရာမန်ဂန်ပဲ ထားကြပါစို့။ ကျွန်တော်ပြန်သွားတော့မှ ဖွင့်ပြောချင် ပြောရစ်တာပေါ့"

"ကောင်းပါပြီလေ၊ ခင်ဗျားကြိုက်သလိုပါပဲ။ နို့ပေမယ့် ခင်ဗျား ဘွဲ့ထူးသစ်နဲ့ စာတွေလာရင် သိမှာပါပဲဗျာ။ ဖုံးထားရင် သာပေါ်တတ်ပါသေးတယ်။ ဒီလိုမြို့ငယ်ကလေးဆိုတော့ သာဆိုးသေးတယ်။ မြန်မာတွေက အင်္ဂလိပ်တွေထက် စောစောသိချင်သိနိုင်ဦးမယ်။ ကဲလေ ကျုပ်ဆီကတော့ မပေါ်စေရပါဘူး။ အိပ်တော့ အိပ်တော့"

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

# မင်းသမီးကြီး၏ ဧည့်ခံပွဲ

နောက်တစ်နေ့တွင် ပန်းချီဆရာကလေးသည် ပုံဆွဲရန် မင်းသားကြီးအိမ်သို့ ထွက်ခဲ့ရာ၊ တွေ့နေကျ နတ်ရှင်မယ် မင်းသမီးကလေးကို မတွေ့ရဘဲ၊ ယမန်နေ့က ပထစ်တောင်သို့ လိုက်ပါလာသော အစေခံမိန်းကလေးကိုသာ ဆင်ဝင်တွင်တွေ့ရလေသည်။ မိန်းကလေးသည် ပန်းချီဆရာကလေးအား ဧည့်ခန်းထဲရှိ ကုလားထိုင်ပေါ်တွင်ထိုင်ရန် အမူအရာဖြင့်ပြ၍ ပြောလေ၏။ ပန်းချီဆရာကလေးမှာ တစ်အိမ်လုံး မည်သူ့ကိုမျှ မတွေ့ရသဖြင့် "ဘယ်သွားလို့ ဘာဖြစ်ကုန်ပါလိမ့်" ဟု တွေးတောနေဆဲ ပိုးလုံချည်သံကြားရပြီး နတ်ရှင်မယ်သည် အခန်းတွင်းမှ ရုတ်တရက် ထွက်ခဲ့၍—

"စောင့်နေရတဲ့အတွက် ဝမ်းနည်းပါတယ်ရှင်" ဟု ထုံးစံအတိုင်း ဖော်ရွေစွာပြောလျက် "မ,ဘုရားက ခုနင်ကပဲ ဒီကနေ့ သူ့ပုံ အဆွဲခံမယ်။ စီစဉ်ရမယ်ဆိုပြီး ကျွန်မကို ခေါ်တာနဲ့ သူနဲ့ သွားတွေ့နေရတယ်။ နောက်ပြီး သူစီစဉ်တာတွေကို လိုက်လုပ်ပေးနေရတယ်" ဟု ရယ်မောကာပြောပြီး ဆိုဖာပေါ်တွင်ဝင်၍ ထိုင်လေ၏။



"ကဲ ကျွန်မ မပြောဘူးလား။ ပုံဆွဲခံဖို့ကိစ္စကို သူတစ်မျိုးတစ်မည် စီစဉ်ပါလိမ့်မယ်လို့၊ ခုမှန်ထဲကအရိပ်ကိုကြည့်ပြီး ရှင်က ဆွဲရမှာတဲ့"

"မှန်ထဲက ပုံကိုဆွဲတာကတော့ ကိစ္စမရှိဘူး၊ တချို့လည်း ဆွဲကြသားပဲ။ နို့ပေမယ့် ကျွန်တော့်ကို သူ့အဆောင်မှာ လက်မခံလို့တော့ ဘယ်ဆွဲလို့ဖြစ်မလဲ"

"ဒီလိုလေ မှန်ကို အခန်းထရံတစ်ခုမှာ ထောင်ထားမယ်၊ ပြီးတော့ သူက အခန်းတစ်ဘက်စွန်းမှာ ထိုင်နေမယ်။ အလယ်က အခန်းကိုဖြတ်ပြီး လိုက်ကာကြီးတစ်ခု ချထားမှာပေါ့။ အဲတော့ သူ့ရုပ်ပုံကို ကြည့်ဆွဲနေတဲ့ ရှင့်ကိုယ်ဟာ အခန်းဆီးကပ်ပြီး သူ့ကို ကျောပေးလျက်ပေါ့၊ မှန်ထဲမှာ သူမြင်ရမယ့် ရှင့်ပုံကတော့ ကိစ္စမရှိဘူး။ သူက အသိအမှတ်မပြုဘဲနေမှာပဲ"

"သြော်- သြော် ဒီလိုလား၊ ဒါဖြင့် တကယ်လို့ ကျွန်တော်က သူ့ကို အနေအထားပြောင်းချင်တယ် ဆိုပါတော့ ..."

"အဲတာတော့ ကျွန်မ သူ့အနားမှာ အစဉ်ရှိနေတာပဲ၊ ရှင် အလိုရှိသလို ကျွန်မကိုတော့ ဘာမဆို ပြောနိုင်ပါတယ်။ ကျွန်မက ကြားက ရှင့်အတွက်လည်း သံတမန်၊ သူ့အတွက်လည်း သံတမန်ပေါ့ရှင့်၊ ရှင့်စိတ်ထဲမှာ ရှိရမှာကတော့၊ ရှင်ဟာ သူ့ဧည့်သည်လည်း မဟုတ်ဘူး၊ သူနဲ့တစ်ခန်းထဲလည်း မဟုတ်ဘူး၊ သို့ပေမယ့် အဆက်အသွယ်တော့လည်း ရှိတယ်" နတ်ရှင်မယ်သည် ရယ်စရာပြောသည့် အနေမျိုးဖြင့် ဆက်၍—

"ကဲ ရှင့်စိတ်ထဲ ဒီလိုအောက်မေ့ထားပါရှင် ဟုတ်လား၊ စန္ဒမာလာဆိုတဲ့ မင်းသမီးကလေးတစ်ပါးဟာ သူ့အဆောင်ထဲမှာ ထိုင်နေတယ်။ နို့ပေမယ့် တန်ခိုးဣဒ္ဓိပတ်တစ်မျိုးနဲ့ သူ့ရဲ့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



လှပတဲ့ အရိပ်ကလေးကို ဟိုတောကြီးထဲက အနောတတ်ရေအိုင်နဲ့ ကြည်လင်လှတဲ့ ရေပြင်မှာ သွားပြီး ပေါ်နေစေပါသတဲ့။ အဲဒီအခါမယ် လူသားပန်းချီဆရာကလေးတစ်ဦးက ဒီရေကန်ကြီးနား ဖြတ်သွားတော့ စန္ဒမာလာရဲ့ အရိပ်ကလေးကို မြင်တာနဲ့ အင်မတန် ချစ်နှစ်သက်ပြီး ဒီအရိပ်ကလေးကိုပဲ ပန်းချီထိုင်ဆွဲပါရောတဲ့၊ ပန်းချီဆွဲနေရင်းက မင်းသမီးလေးရဲ့ အသံကိုပါ နားထဲ ကြားယောင်လာတော့ သူကိုယ်တိုင်ဒွိက ဒီမင်းသမီးကလေးနဲ့ စကားပြောနေရတယ်လို့ ယုံလာတယ်ထင်လာသတဲ့။ ဒါနဲ့ မင်းသမီးလေးကို လှမ်းဆွဲလိုက်ပါသော်ကောလို့ လက်တန်းလိုက်တော့မှ ကန်ရေအေးအေးကြီးကို နိုက်မိပြီး အရုပ်ပျောက်သွားရော ဆိုပါတော့” ဟု ပြောလေသည်။ နတ်ရှင်မယ်သည် ထိုသို့ ပြောရင်းလည်း မျက်လုံးကလေးများကပါ ရယ်၍နေသလို ရွှင်ရွှင်မြူးမြူးနှင့် ရယ်တစ်လှည့် မောတစ်ခါ ပန်းချီဆရာကလေးကို ပြောပြနေသည်။ “မြန်မာမင်းသမီးတစ်ပါးကို ပန်းချီဆွဲလိုရင် ဘယ်လိုလုပ်ရတာဆိုတာ သိပလား ဆရာကြီးရဲ့” ဟု မေးရင်း ပန်းချီဆရာကလေးဘက်သို့ ခေါင်းကိုငဲ့၍ ပြုံးပြောလေရာ၊ နတ်ရှင်မယ်၏ဆံပင်မှ မွှေးပျံ့ပျံ့ရနံ့သည် ပန်းချီဆရာကလေး၏ နှာဝသို့ ဝင်၍လာသည်။ သူ၏အပြုံးတွင်းမှ ဝင်းလက်သောသွားကလေးများကြောင့်လည်း သူ့အပြုံးမှာ ပို၍ ချိုနေပေသည်။

ပန်းချီဆရာကလေးသည် မင်းသမီးကလေးအနီးတွင် ထိုင်၍နေသော်လည်း စိတ်မှာ နရီးနယားကြီး ဖြစ်နေလေသည်။ ထိုအခိုက် အလင်းရောင်တစ်ခု လက်ခနဲ ဦးနှောက်ထဲတွင် ပေါ်လာသဖြင့် နတ်ရှင်မယ်အား လှမ်း၍ကြည့်ပြီး “ကျွန်တော် ဘာဖြစ်သလဲလို့ စဉ်းစားနေတာ ခုမှသိတယ်၊ ခင်ဗျားကို ကျွန်တော် မေတ္တာရှိနေပြီ” ဟု ပြောလိုက်ရာ၊ နတ်ရှင်မယ်သည် ရွှင်လန်းအားရစွာ ပြန်၍



ကြည့်လိုက်ပြီးနောက် “ကဲ မ,ဘုရား စောင့်နေရောမယ်” ဟု ဆိုကာ ရှေ့မှ အခန်းတစ်ခန်းကို ဖြတ်၍ ခေါ်သွားလေတော့သည်။ ပန်းချီဆရာကလေးလည်း နောက်မှထပ်ကြပ်မကွာ မရောက်ဖူးသော အခန်းဆီသို့ လိုက်၍သွားလေ၏။ ခိုင်းစေသည့်မိန်းကလေးမှာ ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ်အခန်းထဲမှ ထွက်၍သွားလျှင်ပင် သူလည်း ပျောက်ကွယ်၍ သွားတော့၏။ ပန်းချီဆရာကလေးမှာ ရင်များဖိုလျက် အပျော်ကြီးပျော်ကာ မြေကိုပင် ခြေချရမှန်းမသိ၊ မည်သည့်အခါကမျှ မဖြစ်ဖူးသော အချစ်မေတ္တာ၏ အရသာကို ခံစား၍ နေရလေ၏။ နတ်ရှင်မယ်က “အဲဒီအခန်းတွေဟာ ကျွန်မ နေဖို့အခန်းတွေပဲ။ ကျွန်မ အင်္ဂလန်ကပြန်လာတော့ ဒီအခန်းတွေကို ခေတ်ဆန်တဲ့ အိမ်ထောင်မှုတွေ အစုံအလင်နဲ့ စီစဉ်ပြီးသား တွေ့ရတာပဲ။ ခမည်းတော် အကြံဉာဏ်ပဲလား၊ မဘုရားအကြံဉာဏ်ပဲလားဆိုတာတော့ မသိဘူး။ ကျွန်မကို သိပ်ဂရုစိုက်ကြရှာတာ။ ဒါကြောင့် ကျွန်မစိတ်ထဲ မရက်စက်နိုင်ဘဲ မဝေခွဲနိုင်အောင် ဖြစ်နေရတာ”

လှေကားမှတက်၍သွားကြသော် အခန်းလွတ်ကြီးတစ်ခုကို ရှေးဦးစွာတွေ့၍၊ ၎င်းအခန်းကြီး၏ တစ်ဘက်အဆုံးတွင် တံခါးတစ်ခုရှိလေ၏။

“အဲဒီတံခါးကနေပြီး မဘုရားအဆောင်ကို ဝင်ရတယ်” တံခါးကို ဝင်မိလျှင်ပင် အဆောင်စောင့်ဟု ထင်ရသော အစေခံယောကျ်ားတစ်ဦးကို တွေ့ရလေ၏။ ထိုသူအား နတ်ရှင်မယ်က “အားလုံး အဆင်သင့်ဖြစ်ပြီလား” ဟု မေးရာ “မှန်ပါဘုရား” ဟု ဖြေ၏။ “ကဲ ဒါဖြင့် တို့ဝင်မယ်” ဟု ပြော၍ ပန်းချီဆရာကလေးဘက်သို့လှည့်ပြီး “ကဲ လိုက်ခဲ့ပေတော့ ကျွန်မနောက်က”

www.burmeseclassic.com

www.burmeseclassic.com



အစေခံ တံခါးဖွင့်ပေးသော အခန်းဆောင်ကြီးတစ်ခု တွင်းသို့ ဝင်မိကြလျှင်ပင် အခန်းကြီးသည် ၈ ပေ၊ ၉ ပေ ရှည်သည့် ပိုးလိုက်ကာကြီးဖြင့် ၂ ပိုင်းကန့်၍ ထားသည်ကို တွေ့ကြရသည်။

"မဘုရားက အခန်းဆီးရဲ့ ဟိုဘက်မှာ ရှိတယ်လေ" ဟု နတ်ရှင်မယ်က ပြောပြ၍ "သြော် ဒီထဲမှာကိုး" ဟု ခြေဖျားထောက်၍ လိုက်လာသော ပန်းချီဆရာကလေးက လေသံဖြင့် ပြန်ပြောသဖြင့်–

"ကိစ္စမရှိပါဘူးရှင် ကျယ်ကျယ်သာပြောပါ။ ခြေထောက်လည်း ရဲရဲနင်းပါ။ သူမှ ရှင့်ကိုမမြင်ရဘဲ၊ ရှင့်အသံလည်း သူမကြားနိုင်ဘူးလို့ အောက်မေ့ထားလိုက်တာပေါ့"

"သူ အင်္ဂလိပ်စကားတော့ မတတ်ပါဘူးနော်၊ အသေအချာပဲ"

"မပြောတတ်ဘူးရှင့်၊ တစ်ခါမှတော့ သိတဲ့လက္ခဏာ မပြဖူးဘူး။ နို့ပေမယ့် လောကမှာ သူမသိတာ မတတ်တာ ခပ်ရှားရှားမို့ တတ်ချင်လည်း တတ်မယ်"

"ဟာဗျာ ခင်ဗျားကလည်း လန့်ပါတယ်ဆိုမှ လန့်စရာတွေ ပြောပြန်ပါပြီ"

"ကဲပါ လာပါ ကိစ္စမရှိပါဘူး"

ပန်းချီဆရာကလေးမှာ ခြေဖျားထောက်မြဲထောက်၍ လိုက်ပါသွားသည်။

"ဟောဟို ကန့်လန့်ကာကို မြင်တယ်မဟုတ်လား။ အဲဒီနောက်မှာ မှန်ရှိတာပဲ၊ အကုန်လုံး အဆင်သင့်ဖြစ်လို့ ဒီကန့်လန့်ကာကို ဖယ်လိုက်ရင် မ,ဘုရားအရိပ်ကို ရှင် မှန်ထဲမှာ မြင်ရမှာပဲ"

ထိုအတွင်း အခိုင်းအစေခံ မိန်းကလေးတစ်ယောက်သည် ပုံဆွဲရန် ခုံများကို အမိန့်အတိုင်း နေသားတကျ ထားပေးခဲ့ပြီးနောက်၊



အခန်းထဲသို့ဝင်၍သွားရာ၊ ယခင်အဆောင်စောင့်က တံခါးဆွဲ၍ ပိတ်လိုက်လေ၏။

ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ်နှစ်ဦးသာ ကန့်လန့်ကာကာထားသည့် အခန်းထဲတွင် ကျန်ရစ်လေ၏။ နတ်ရှင်မယ်က တစ်ဘက်သို့ ဝင်တော့မည့်ဟန်ဖြင့်–

"ကဲ ပြင်ဆင်လို့ပြီးပြီ မဟုတ်လား"

"ကျွန်တော့်ကို ဒီလိုပဲ ထားပစ်ခဲ့တော့မလို့လား"

"ကိစ္စမရှိပါဘူး မကြောက်ပါနဲ့။ အဝေးကြီးမဟုတ်ပါဘူး။ ကျွန်မလည်း ဒီဘက်ထဲတင်နေမှာပါ၊ မှန်ထဲမှာ ကျွန်မကိုပါ မြင်ရမှာပေါ့"

"အခါတိုင်းလိုပဲ အောက်မေ့ပြီး ရယ်စရာ ပျော်စရာလိုသဘောထားပါရှင့်။ ဘာမှမဖြစ်စေရပါဘူး"

"အမယ်လေး ဘယ်က ရယ်စရာရမလဲ။ ကျွန်တော်တော့ ဒီအထဲနေရတာကို ဓာတ်လိုက်သလိုလို၊ ဘုရားသခင်ရှေ့တော်မှောက်ရောက်ရသလိုလိုနဲ့ ဘယ့်နှယ်ကြီးနေမှန်းကို မသိဘူး"

"သြော် ... ဖြစ်မှဖြစ်ရလေ။ ကဲပါ နေရစ်ပါတော့"

နတ်ရှင်မယ်သည် ကန့်လန့်ကာကို မ,၍ဝင်သွားလေ၏။ အတွင်းသို့ရောက်လျှင်ပင် ကန့်လန့်ကာဆွဲသံကို ကြားရပြီးနောက် မှန်ကြီးတစ်ချပ် ပေါ်၍လာလျက် နတ်ရှင်မယ်ကို မှန်ထဲ၌ မြင်ရလေ၏။ နတ်ရှင်မယ်၏နောက်တွင် အခန်း၏ တစ်စိတ်တစ်ဒေသကိုပါ မြင်ရလျက် အခန်းအလယ်တွင် ညောင်စောင်းပေါ်၌ ကော်ဇောခင်း၍ ထိုင်နေသော ပထစ်တောင်တွင် တွေ့ခဲ့သည့် စန္ဒမာလာမင်းသမီးကြီးကို မြင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကြီး၏ အဝတ်အစားမှာ ခေါင်းတွင် ပိုးပဝါအရှည်ကြီးကို ရှမ်းမလေးအတိုင်း ကြီးစွာပေါင်း၍ ထားသည်။ အင်္ကျီမှာ မိန်းမဝတ် အနို့တပ်လက်ကြပ်အင်္ကျီဖြစ်၍ ကတ္တီပါရင်စည်း ခံ၍ထားသည်။ ထဘီမှာ မန္တလေးနန်းတွင်းသူများ၏ ထဘီအတိုင်း ရွှေခြည်ငွေခြည်များဖြင့် လှပစွာ ထိုး၍ထားသော ထဘီ ဖြစ်လေသည်။ ဒူးတုပ်၍ထိုင်ပြီးနောက် လက်တစ်ဖက်ကို ပေါင်ပေါ်တင်၍ လက်ဝါးမှာ ဖြန့်၍ထားသည်။ အခြားတစ်ဘက်မှာ နောက်သို့ ခပ်လဲလဲမှီထောက် ထောက်၍ထား၏။ လက်ဝတ်လက်စားတို့မှာ ကျောက်နီနှင့် မြ၊ ဘယက်လည်ဆွဲများ၊ လက်စွပ် လက်ကောက်များ၊ နားကပ်များ ဖြစ်ပေ၏။ မှန်ဘက်သို့ မျက်နှာမမူဘဲ အရှေ့ဘက် ပြတင်းဆီသို့ မျက်နှာမူ၍နေသဖြင့် မှန်ထဲတွင် ဘေးစောင်းသာ မြင်ရသည်။ အကယ်၍ တည့်တည့်သာ ကြည့်နေပါမူ ပန်းချီဆရာကလေးကိုလည်း မင်းသမီးကြီးက မြင်နိုင်ဖွယ်ရှိသည်။ သို့သော် အနည်းငယ်မျှ ကြည့်လိုဟန် မရှိပေ။

နတ်ရှင်မယ်သည် မင်းသမီးကြီးအနီးသို့ ရွှေ့၍ ညောင်စောင်းအနီးတွင် ကြို့ကြို့ကလေးထိုင်နေရာ–

“သူ ငါ့ကို ကောင်းကောင်းမြင်ရရဲ့လား” ဟု မင်းသမီးကြီးက မေးရာ၊ နတ်ရှင်မယ်က အသံခပ်ကျယ်ကျယ်ပြုလျက် ပန်းချီဆရာကလေးအား ထိုအမေးကို ထပ်၍မေးလေ၏။

“ကျွန်တော် ကောင်းကောင်းမြင်ရပါတယ်။ ထိုင်နေပုံကလည်း အင်မတန်အနေတည့်ပါတယ်။ ဒါကြောင့် ခုချက်ချင်းပဲ ဆွဲပါတော့မယ်”

ပန်းချီဆရာကလေးသည် မျက်နှာကို သေချာစွာ မှတ်သား၏။ ပါးလွှာသော နှုတ်ခမ်း၊ ချွန်၍နေသော နှာခေါင်းနှင့် မေးရိုး၊ ပါးရေ



များတွန့်သဖြင့် အစင်းအစင်းနေသော အကြောင်းငယ်ကလေးများကို မြင်ရ၍ တစ်မျက်နှာလုံး ခြုံ၍ကြည့်လိုက်သော် မျက်နှာပေါက်မှာ အတော်ပင် အချိုးအစားကျပြီး ပန်းချီမျက်စိဖြင့် ဆွဲစချင့်ဖွယ် ရှိလှသည်။ အကယ်တိ အတိအကျ တူအောင်ဆွဲနိုင်ခဲ့သော် ဤပုံကား ပထမတန်းပုံတစ်ပုံဖြစ်ရန် ရှိကြောင်းကိုလည်း သိလေ၏။ ဤမိန်းမကြီးမျက်နှာသည် ကြင်နာတတ်ပုံရသည်ဟူ၍လည်း တွေးမိသည်။ ထို့ကြောင့် အစွမ်းကုန်ကြိုး၍ ဆွဲတော့မည်ဟု ဆေးခဲတံကို ကိုင်လေတော့၏။

ပုံဆွဲနေစဉ်အတောအတွင်းတွင် သားအမိနှစ်ယောက်ကား စကားပြောလျက် ရှိကြ၏။

“ဒီအင်္ဂလိပ်ဟာ မိန်းမနဲ့လား၊ လူပျိုလား”

“သူ အင်္ဂလိပ်မဟုတ်ဘူး၊ အိုင်းရစ်လူမျိုးပါ”

“အလကားပါ ဘယ်က အိုင်းရစ်ရမလဲ၊ အဘွားအေက အိုင်းရစ်၊ သူက လန်ဒန်သားဆိုတာမျိုးလား၊ သမီးတော် အကြာကြီး သွားနေခဲ့ပြီး ဒါလောက်မှ မသိဘဲကိုး။ မဘုရားက အိမ်ထဲက မထွက်ရပေမယ့် သိပါသေးတယ်” သူ့သမီးအား ပြုံးရယ်၍ ကြည့်ပြီး တစ်ဖန်–

“လူပျိုတဲ့လား ဒီလူက”

“ဟုတ်ပါတယ်၊ ဒီလိုပြောတာပဲ”

“တစ်နေ့နေ့တော့ သူနဲ့ အတွေ့ခံရဦးမယ်၊ ခုသာ မစီစဉ်နိုင်သေးလို့”

“မဘုရားကို အတော်ရိုသေပါတယ်။ သမီးတော်ကိုကောင်းပြောနေပါသေးတယ်။ မဘုရားနဲ့တွေ့ဖို့ဆိုရင် ဖိနပ်လည်းချွတ်ပါမယ်။ ဒီပြင်လည်း ဘယ်လိုလုပ်ရ လုပ်ရလို့ ဆိုပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သမီးရဲ့ မဘုရား အရူးမှမဟုတ်ဘဲ၊ သူ့ခြေထောက်နီနီကို မဘုရား မကြည့်ချင်ပါဘူး။ မပီတပီပြောနေမယ့် ဌာန်ကရိုဏ်းမကျတဲ့ မြန်မာစကားလည်း နားမထောင်ချင်ပါဘူး။ မဘုရား တခမ်းတနားလုပ်နေတာကတော့ ရပ်သူရွာသားတွေ အရိုအသေတန်မှာစိုးလို့ကွဲ့။ တစ်ခါတလေ အကြောင်းကိစ္စရှိတဲ့အခါလည်း ရှိသလိုပဲ စီမံရတာပေါ့"

နတ်ရှင်မယ်သည် မင်းသမီးကြီးပြောသည်ကို ခေတ္တမျှ နားထောင်ပြီးနောက် "သူဆွဲတာ ဘယ်လိုနေသလဲဆိုတာ သွားကြည့်ပါရစေဦး" ဟု ပြော၍ အခန်းထဲမှ ပန်းချီဆရာကလေးရှိရာသို့ ထွက်ခဲ့လေ၏။ ပုံဆွဲနေသည်ကို ကြည့်လိုက်ရာ ချောချောမောမောပင် ဆွဲနေသည်ကို တွေ့ရပေ၏။

"ထိုင်ပုံ နေပုံ တစ်ခုခုပြောင်းစေချင်ရင် ကျွန်မကို ပြောနော်၊ သူ့စိတ် ဒီနေ့ အင်မတန် လိုက်လျောနေပါတယ်"

"ဒါဖြင့် ဒီဘက်တည့်တည့် မလှည့်ပေဘူးလား"

ဤသို့ နှစ်ဦးသား အချီအချစကားပြောနေစဉ်အတွင်း စန္ဒမာလာမင်းသမီးကြီးက ဖျတ်ခနဲ မှန်ထဲမှနေ၍ ပန်းချီဆရာကလေးအား လှမ်း၍ကြည့်လိုက်သည်။ မစ္စတာမန်ဂန်ကမူ အလျှင်းမသိလိုက်ပေ။ ပထစ်ကျွန်းတွင် အရေးပိုင်နှင့် တစ်ခါမြင်လိုက်ဖူးသော်လည်း နီးနီးကပ်ကပ်ကား မမြင်ရသေးသောကြောင့် ဤသို့ကြည့်ခြင်းဖြစ်လေ၏။

"အင်း သူ့နှာခေါင်းက ကြီးတော့ကြီးတယ်။ နို့ပေမယ့် ဒီမှာရှိကြတဲ့ဟာတွေထက်တော့ လှပါသေးရဲ့" အသံခပ်တိုးတိုးဖြင့် "ဟိုဟာသာ မှန်ပါစေတော့" အသံကြားသဖြင့် နှစ်ဦးသား ဖတ်ခနဲ မှန်ထဲသို့ လှည့်ကြည့်လိုက်သော်လည်း မင်းသမီးကြီးမှာ နဂိုရှိအတိုင်း



ပင် ပြတင်းဘက်သို့ တစောင်းလှည့်လျက် လက်တွင် စိပ်ပုတီးတစ်ကုံး စိပ်၍ နေသည်ကိုသာ တွေ့ရလေ၏။

"မဘုရား ဘယ်ဒင်းမှန်ရမှာလဲ" ဟု နတ်ရှင်မယ်က အလန့်တကြား လှမ်း၍မေးလိုက်ရာ–

"ဘာမှ မဟုတ်ပါဘူး၊ သူဘာလိုချင်သလဲ ပြောသာပြော၊ ပုံဆွဲခံရင်လည်း အကောင်းဆုံးပုံဖြစ်မှ ကောင်းတယ်။ ဒါမှ နောင်ဘဝ ပြောင်းသွားတဲ့အခါ ကျန်ရစ်တဲ့လူတွေ အမှတ်တရကြည့်ရစ်ရအောင်"

နတ်ရှင်မယ်သည် သူ့မယ်တော်ဆီသို့ ဝင်သွား၍–

"မှန်ဘက်ကို တည့်တည့်လှည့်နိုင်ရင်လှည့်ပါတဲ့ဘုရား"

"လှည့်တာပေါ့"

ပန်းချီဆရာကလေးသည် လှမ်း၍ကြည့်နေသဖြင့် ပြင်၍ထိုင်သည်ကို မြင်ရလေ၏။ မင်းသမီးကြီးသည် ကျကျနန ဒူးတုပ်၍ ထိုင်ပြီးနောက်၊ လက်နှစ်ဖက်ကို ပေါင်ပေါ်တင်၍ ဖြန့်ထားလေ၏။ မျက်နှာပင် လှည့်၍ထားသော်လည်း မှန်ကိုကြည့်နေသည်မဟုတ်ဘဲ မျက်လွှာကိုချ၍ ထိုင်နေရကား သမာဓိအလုပ်ကို လုပ်နေသူတစ်ဦး စက္ခုဣန္ဒြေကို ချထားသည်နှင့် တူလှပေ၏။ အတန်ကြာသော် မင်းသမီးကြီး၏ မျက်နှာထားသည် အကယ်ပင် သမာဓိအလုပ်လုပ်ရာမှ အတိအကျရသဖြင့် ဝမ်းမြောက်ပီတိဝေသလို ကြည်လင်၍လာသော မျက်နှာထား ပေါ်၍လာပြန်လေ၏။ သမာဓိရလျှင်ပင် အာရုံပြန့်လွင့်ခြင်းမရှိတော့ဘဲ၊ မိမိအလိုရှိရာကိုသာ စူးစိုက်နေဟန်ဖြင့် ပကတိ ငြိမ်သက်လျက် ယခင်ကမြင်ရသော တွန့်လိပ်သည့် ပါးရေများပင် ကွယ်ပျောက်သယောင်ယောင် ပီတိလွှမ်းသော မျက်နှာ၏ အနေအထားကို ဖော်ပြရန် ခက်ခဲသော်လည်း ပန်းချီဆရာကလေးမှာ အဝတ်ပေါ်တွင် မပေါ်ပေါ်အောင် ဆွဲမည်ဟု အားခဲလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကြီးကား အချိန်အတော်ကြာကြီးပင် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်၍နေပေ၏။

ပန်းချီဆရာကလေးမှာ ကြည့်ရင်း ကြည့်ရင်းပင် ကြက်သီးထလာသလိုလို၊ ကြောက်ရွံ့ရိုကျိုးလာသလိုလိုနှင့် မဆေွခွဲနိုင်ဘဲ ဖြစ်၍နေလေ၏။ မင်းသမီးကြီးသည် ပုံဆွဲခံရန်အလို့ငှာ တမင်လုပ်၍နေခြင်းလော၊ သို့တည်းမဟုတ် အကယ်ပင် သမာဓိပေါက်၍ ဈာန်ဝင်စားသလို ဖြစ်၍သွားပြီလော စသည်ဖြင့်လည်း တွေးလေ၏။

မင်းသမီးကြီး၏ တည်ကြည်ငြိမ်သက်လှသော အမူအရာသည် ပန်းချီဆရာကလေးအဖို့ တစ်ခါမှ မတွေ့ဖူးသော အမူအရာမျိုး ဖြစ်လေသည်။ လူစင်စစ်မှသည် အကောင်းဆုံးလက်ရာဖြင့် အသက်ပါအောင် ထုလုပ်ထားသည့်အရုပ် ဖြစ်လေရော့သလားဟူ၍ပင် တွေးမိလေတော့၏။ မိမိတတ်စွမ်းသလောက် ကြိုးစားဆွဲယူပြီးနောက် လိုသမျှကလေးတွေကို ဖြည့်စွက်နေစဉ်မှာပင် မင်းသမီးကြီးလည်း နေရာကိုပြင်၍ ယခင်က တင်ထားသော လက်များကို နောက်သို့ လှမ်း၍ ထောက်လိုက်ပြီးနောက်–

"သူ့အသက် ဘယ်လောက်ရှိပတဲ့လဲ"

"မစ္စတာမန်ဂန် မဘုရားက အသက်ဘယ်လောက်ရှိပြီလဲတဲ့ မေးနေပါတယ်"

"၂၈ နှစ်ပါ ခင်ဗျာ"

"သူ့မွေးတဲ့ အချိန်၊ နာရီ၊ ခုနှစ်၊ သက္ကရာဇ်ကော"

ပန်းချီဆရာကလေးသည် မှတ်မိသမျှ အနီးကပ်ဆုံး အမှန်ကန်ဆုံးဖြစ်အောင် ပြောပြလေ၏။

မင်းသမီးကြီးသည် ခေတ္တမျှ တွေဝေစဉ်းစားပြီးနောက်–



"ကဲ သူသွားနိုင်ပြီ၊ နောက်တစ်ခါ ပုံဆွဲဖို့တော့ ရက်ချိန်းပေးမယ်"

နတ်ရှင်မယ်သည် မင်းသမီးကြီးရှေ့တော်မှထွက်ခဲ့၍ ပန်းချီဆရာကလေးရှိရာသို့လာစဉ် နောက်မှ–

"အိုင်းရစ်မင်းမျိုးမင်းနွယ်ဟာ အင်္ဂလိပ်မင်းမျိုးမင်းနွယ်ကနေ ဆက်တာတဲ့လား" ဟု မေးသဖြင့် နတ်ရှင်မယ်က စကားပြန်၍ ပြောရာ၊ ပန်းချီဆရာကလေးမှာ သိပြီးဖြစ်၍များ မေးလေသလောဟု အံ့အားသင့်၍သွားလေ၏။ ပြီးမှ–

"မင်းပျိုမင်းလွင်တုန်းက"

"သြော်... မြန်မာပြည်မှာတော့ မယားငယ်ခေါ်တာပဲ"

ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ်သည် အတန်ကြာမျှ စောင့်စား နားထောင်နေကြစဉ် မှန်ရိပ်ထဲမှ သွားနိုင်ပြီဟူသော လက်ပြသည့် အထိမ်းအမှတ်ကို မြင်သဖြင့် အဆောင်ကြီးထဲမှ ထွက်ခဲ့ကြလေ၏။ တံခါးမျှူးရှိသော အပေါက်ကို လွန်ခဲ့ကြသော် နတ်ရှင်မယ်က စ၍ "မဘုရားနဲ့တွေ့ရတာ ဘယ့်နှယ်သဘောရသလဲ"

"အတော်ဆန်းကြယ်သားပဲ"

"သူ့ရုပ်ပုံကော ကောင်းပါ့မလား"

"ကျွန်တော်တော့ အစွမ်းရှိသမျှ ကြိုးစားတာပဲ"

"အတော် အသိခက်တဲ့မိန်းမကြီးလို့ ရှင့်စိတ်ထဲ မထင်ဘူးလား"

"ကျွန်တော့်မွေးနေ့ ခုနှစ် သက္ကရာဇ်တွေကို ဘာလို့မေးတာတဲ့လဲခင်ဗျား"

"ဗေဒင်တို့ ဘာတို့ မေးချင်လို့ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်မေးဖို့ ဘာလိုသေးလဲခင်ဗျာ"

"သူ့ပုံကိုဆွဲတဲ့လူဟာ သူ့နေ့နံနဲ့ သင့် မသင့်ရယ်လို့ ရှိသေးတာကိုးရှင့်၊ ခိုက်တယ်၊ မခိုက်ဘူး၊ အကျိုးစီးပွားရှိတယ် မရှိဘူးဆိုတာတွေက ရှိသေးတာကိုး"

"အနို့ ခင်ဗျား မင်းမျိုးမင်းနွယ်နဲ့ ပတ်သက်တာတွေ မေးတာကကော"

"သူက အင်္ဂလိပ်မင်းဆွေမင်းမျိုးတွေအကြောင်း လေ့လာတယ်။ သူနားမလည်တဲ့အချက်ရှိလို့ မေးတာထင်ပါရဲ့ရှင်၊ သူ့ဆီမှာ ဘတ်(က) ရေးတဲ့စာအုပ် ရှိတယ်"

"ဟင် ဒါဖြင့် သူ အင်္ဂလိပ်စာတတ်တာပေါ့"

"သမီးလုပ်တဲ့လူက ပြောပြမှာဆိုတော့ ဆန်းတာပေါ့ရှင်၊ နို့ပေမယ့် ကျွန်မ မသိတာတော့ အမှန်ပဲ၊ သူ့မှာ သူပိုင်အစေခံ၊ စုံထောက်သတင်းပေး၊ ဘာသာပြန် အစုံရှိတယ်၊ ကျွန်မတို့နဲ့မဆိုင်ဘဲ ဒီဟာတွေကို သူ သပ်သပ်အသုံးပြုတာပဲ။ ဘယ်လိုနေလို့ ဘာတွေဖြစ်နေကြတယ်ဆိုတာ ကျွန်မတို့သားအဖ ဘာမှ မသိရဘူး။ ကျွန်မတို့သိတာကတော့ လောကမှာ သူမသိတာ ဘာမှမရှိသလောက်ဘဲလို့ သိတာပဲ။ ရှင်ကြားမှာပေါ့၊ မစ္စတာပူးလ်နဲ့ ကျွန်မတို့နဲ့ အမှုဖြစ်နေတဲ့ကိစ္စ၊ အဲဒါဟာလည်း သူက သိတာ၊ ပူးလ်တူးနေတာ သူ့မြေထဲပါတာ မဟုတ်ဘူး။ ကျွန်မတို့မြေထဲမှာ ရှိတာလို့"

"ဒါဖြင့် ခင်ဗျားအဖေကိုတော့ သူ ဘယ်လိုသဘောထားသလဲခင်ဗျာ"

"အဲဒါလည်း ကျွန်မ မပြောနိုင်ဘူးရှင့်၊ အလုပ်ကိစ္စဟူသမျှတော့ ခမည်းတော်ဘုရားက စီမံခန့်ခွဲတာချည်းပဲ။ အတွင်းကသာ



သူ့ကို မဘုရားက ကြိုးဆွဲ, မဆွဲမသိရတယ်။ မဘုရားက တိုက်ရိုက်စီမံပြန်တယ်ဆိုရင်လည်း ဘဘုရား မျက်နှာပျက်စရာ ဖြစ်မယ်ဆိုတာကို သိတယ်ထင်ပါရဲ့။ ဥပမာ ကျွန်မကို အင်္ဂလန် စာသင်လွှတ်တဲ့ကိစ္စ မယ်တော်ဘုရားဆန္ဒလား၊ ခမည်းတော်ဘုရားဆန္ဒလားဆိုတာ မသိဘူး။ ခု ပန်းချီဆွဲဖို့ကိစ္စလည်း ခမည်းတော်ဘုရားကပဲ ဝါသနာပါလို့ မြတ်နိုးလို့ ဆွဲစေတာလား၊ မယ်တော်ဘုရားကပဲ ဝါသနာပါလို့ ဆွဲစေတာလားဆိုတာ ကျွန်မ မသိဘူး။ ခမည်းတော်ဘုရားလည်း ဝါသနာပါလို့ဆိုရင်လည်း ဝါသနာပါအောင် သူပဲ မသိမသာ စိတ်ထဲသွင်းချင်သွင်းပေးနှင့်မယ်။ ဘာလို့လဲဆိုတော့ မန္တလေးပျက်လို့ မင်းမျိုးမင်းနွယ်တွေ ဒုက္ခရောက်တဲ့အခါ အရောင်းအဝယ်ဘက် ဝါသနာပါလာအောင် မယ်တော်ဘုရား ကြံဆောင်ချက်ပဲလို့ ကြားရဖူးတယ်။

နှစ်ဦးသား အလယ်ဆောင်သို့ ရောက်ကြသော်-

"ကဲ ကျွန်မဧည့်ခန်းကို ခဏဝင်ထိုင်ပါဦးလား" ဟုခေါ်သဖြင့် ပန်းချီဆရာကလေးက ဝင်လိုက်ခဲ့လေ၏။ အခန်းမှာ ခေတ်ဆန်သော အိမ်ထောင်မှုများဖြင့် သပ်ရပ်စွာပင် ပြင်ဆင်၍ထားပေ၏။ ပန်းစိုက်စရာကလေးများ၊ စာအုပ်စင်ကလေးများမှာလည်း သူ့နေရာနှင့်သူ ရှိကြသည်။ ဓာတ်ပုံအချို့တို့လည်း ချိတ်ဆွဲ၍ ထားလေရာ၊ နတ်ရှင်မယ်က ပုံတစ်ပုံကို ဖြုတ်ယူခဲ့ပြီးနောက်-

"ဘိုးတင် ဆိုတာ ဒါပဲ (သက်ပြင်းကလေးချလျက်) ဒီနေ့ပဲ သူ့ဆီက စာရတယ်၊ ၄-၅ ရက် အခွင့်ရလို့ မြိတ်ကို နောက်အပတ်ထဲမှာ လာမယ်တဲ့"

ပန်းချီဆရာကလေးသည် ဘာမျှမပြောဘဲ ငေး၍နေစဉ် ပုံဆွဲကိရိယာများကိုယူ၍ အစေခံမကလေး ဝင်လာသဖြင့် ပန်းချီဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးက "ဘယ့်နှယ်လဲ သူရှိနေတယ်" ဟူသောသဘောဖြင့် မေးငေါ့ပြရာ "ကိစ္စမရှိပါဘူး၊ ပြောသာပြောပါ" ဟု ပြောလိုက်လေ၏။

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ရှင့်သဘောပေါ့၊ ကျွန်မတော့ အားလုံးရှင့်ကို ပုံထားမှာပဲ"

ပန်းချီဆရာကလေးသည် အနီးသို့သွားပြီး "သူတို့ကို ဖွင့်ပြောလိုက်ရင်ကော" ဟု မေးရာ–

"နေပါဦး၊ ဒီလိုမလောပါနဲ့ဦး၊ စဉ်းစားကြပါဦးစို့။ ကျွန်မဖြင့် မတွေးဝံ့ဘူး။ ကျွန်မတို့ အကြံအစည်ကိုသာ ဖွင့်ပြောမယ်ဆိုရင် သူတို့မျက်နှာ တံတွေးနဲ့ ပြန်ထွေးသလိုနေတော့မှာပဲ။ အားလုံး ဒုက္ခများကုန်ကြတော့မယ်။ ကျွန်မဟာ တစ်ဦးတည်းသောသမီးဖြစ်တော့ သိပ်ခဲယဉ်းနေတာပဲ"

"ကဲ ဒါဖြင့်လည်း အချစ်ရယ် ခု ဘာမှမပြောဘဲ စဉ်းစားထားပြီး စောင့်ကြည့်သေးတာပေါ့။ မေတ္တာပန်းပွင့်ပုံများ တယ်ဆန်းတယ်နော်"

"ဟုတ်တယ်နော်၊ ကျွန်မဖြင့် ရှင့်ကိုမြင်တဲ့နေ့ကစပြီး စိတ်ပြောင်းသွားမိတယ်"

"ကျွန်တော်တော့ ရေကန်ထဲက မင်းသမီးကလေး အရိပ်အကြောင်းကို ပြောပါလေကော၊ အဲဒီပုံလည်းကြားရော ကျွန်တော့်စိတ်ထဲလည်း ဒီအတိုင်း ဖြစ်နေပါပြီကောလို့ ဘွားခနဲ အသိဉာဏ်ဝင်လာတာပဲ။ အစက ကိုယ့်ကိုယ်ကို လှည့်စားနေသေးတယ်။ ခင်ဗျားနဲ့ တွေ့ချင်နေတယ်။ အမြဲကြည့်နေရရင် သဘောကျတယ်။ နီးနီးကပ်ကပ် ပထစ်တောင်ပေါ်တုန်းကလို၊ ဒီအိမ်မှာလိုနေရရင် လောကကို မေ့နေတော့တယ်။ နို့ပေမယ့် ဒီလိုဖြစ်နေပါပြီကောလို့ ကိုယ်ကိုယ်



တိုင် မရိပ်မိဘူး။ ငါ တစ်မျိုးဖြစ်နေပါတယ်လို့သာ သိတယ်။ ဒီနေ့တော့မှပဲ ပန်းချီဆရာဟာ ကန်ထဲက အရိပ်ကလေးကိုမြင်တော့ဆိုတော့မှ ဘွားခနဲ အင်း ငါ့စိတ်ထဲဖြစ်တာတွေဟာ ဒီအတိုင်းပါလားလို့ တစ်ခါတည်း ထပ်ခနဲသဘောပေါက်သွားတယ်"

"ကဲလာ အပြင်သွားကြဦးစို့၊ ခမည်းတော် စောင့်နေလိမ့်မယ်" ဟု ပြော၍ ထမည်ပြုစဉ် မင်းသမီးအဆောင်တော်မှ တံခါးမှူးသည် အခန်းတွင်းသို့ ဝင်လာပြီး နတ်ရှင်မယ်ရှေ့တွင် ဒူးတုပ်လျက် "မဘုရားက ပန်းချီဆရာကလေးရဲ့ လက်စွပ်ပုံစံကို အလိုရှိပါသတဲ့" ဟု ချိပ်တောင့်တစ်ခုနှင့် ပြောပြရာ၊ နတ်ရှင်မယ်သည် ဖယောင်းတိုင်နှင့် စက္ကူတစ်ရွက်ကို ယူခဲ့၍ လက်စွပ်ပုံစံကို ချိပ်ဖြင့် နှိပ်ယူပေးလိုက်လေ၏။ ပန်းချီဆရာကလေးမှာ အဆန်းတကြယ်များကို တစ်ခုပြီးတစ်ခု တွေ့ရလွန်းသဖြင့် ရိုးနေသော်လည်း ယခုတစ်ကြိမ်၌ လက်စွပ်ပါမှန်း ဘယ်တုန်းက ကြည့်လိုက်ပါလိမ့်မလဲဟု မတွေးဘဲ မနေနိုင်အောင် ဖြစ်ရပြန်သည်။

"ကဲ ဒီမှာ ကြာကြာနေလို့မကောင်းဘူး။ အပြင်သွားကြစို့။ ကျွန်မတောင် လက်စွပ်ပါမှန်း သတိမထားမိဘူး။ မယ်တော်ဘုရား အတော်မျက်စိရှူးတာပဲ။ ကျွန်မတို့မသိအောင် အသာကြည့်ထားတယ် ထင်တယ်" ဟု ပြော၍ နတ်ရှင်မယ်သည် ပန်းချီဆရာကလေး၏ လက်စွပ်ကို သူ၏လှပသော လက်ချောင်းကလေးမှ ဘိုးတင်နှင့်ကြောင်းလမ်းထားသည့် လက်စွပ်ကို ဖြုတ်၍ ဝတ်လိုက်ပြီး လက်ကလေးကို ကော့ကာပြလေ၏။ ဤလက်ကလေးကိုပင် ပန်းချီဆရာကလေး စွဲခဲ့သည်။ ယခုလည်း သူ့လက်စွပ်ကလေးနှင့် နတ်ရှင်မယ်၏ လက်ကလေး မည်မျှ ချစ်စဖွယ်ကောင်းသည်ကို ပြောမပြနိုင်အောင် ရှိတော့၏။ အပြင်သို့ ထွက်ခဲ့စဉ် နတ်ရှင်မယ်က–

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လည်း ပြန်ချိန်တိုင်ပြီထင်တယ်။ အရေးပိုင်က ထမင်းစားဖို့ မျှော်နေရော့ပေါ့"

"အရေးပိုင်ဟာ မြိတ်မြို့ထဲမှာ ဘယ်သူတွေ ဘာဖြစ်နေသလဲဆိုတာ သိရဲ့လားခင်ဗျာ"

"အင်္ဂလိပ်လူမျိုးတစ်ယောက် သိသင့်တာထက်တော့ အများကြီး ပိုသိပါလိမ့်မယ်။ ဘာပြုလို့လဲ"

"သူ့အလုပ်က နေ့တိုင်း အစီရင်ခံစာတွေကို ဖတ်ပြီး သတင်းပေးမယ့်လူတွေ ရှိတယ်ထားပါဦးတော့၊ အမှန်အကန် သတင်းကို ရပါ့မလား"

"သူကတော့ သူများလာပြောသမျှ ကြားရမှာပေါ့၊ မြိတ်မှာ ဘာပဲဖြစ်ဖြစ် အမှန်ကို အသိဆုံးဟာတော့ ကျွန်မ မယ်တော်ဘုရားပဲ ရှိပါမယ်"

"သူက ဘာလို့ ဒီလိုသိအောင် စုံစမ်းရတာတဲ့လဲ"

"သူ့အလုပ်အတွက် အကျိုးရှိရာရှိကြောင်းဖြစ်မယ်၊ သူ့အိမ်ထောင်အတွက် အကျိုးရှိရာရှိကြောင်း ဖြစ်မယ်ဆိုပြီး သူက အသုံးချတတ်လို့ပေါ့။ သူ့အကြံအစည် သူ့စိတ်ကူးဟာ အထူးသဖြင့် ကျွန်မအဖို့ချည်း များတာပဲဆိုတာတော့ သိတယ်။ ခု ဘာတွေကြံစည်စိတ်ကူးနေတယ်။ နောက်ကို ဘာလုပ်မယ်ဆိုတာတော့ဖြင့် ကျွန်မလည်း မသိဘူး။ တခြားသိတဲ့သူလည်း မရှိဘူး"

"ဒါပေမဲ့ခင်ဗျာ သနားကြင်နာတတ်ပုံတော့လည်း ရပါတယ်"

"ဟာ ဒါကတော့ ရှိပါတယ်။ သူများအပေါ် အလွန်သက်ညှာပါတယ်"



ဆင်ဝင်သို့ရောက်လျှင်ပင် မောင်စုသည် ယခင်နေ့များက ကဲ့သို့ စောင့်နေပြီး ပစ္စည်းများကို အဆင်သင့် ဆီးကြို ယူငင်လေ၏။ မောင်စုကိုကြည့်၍ ပန်းချီဆရာက–

"သူလည်း ခင်ဗျားအမေလိုအစားထဲကပဲ၊ သူမသိတာ ခပ်ရှားရှားရယ်"

"ဪ... ပြီးတော့ အရေးပိုင်ကို ပြန်ပြောတာပဲ ထင်တယ်"

"နည်းနည်းပါးပါးတော့ ပြောမှာပေါ့၊ အကုန်တော့ ပြောဟန်မတူဘူး"

"ဒါဖြင့် ဒီပြင် ဘယ်သူ့ပြောရတာလဲ"

"ကျွန်မအထင်ဖြင့် မယ်တော်ဘုရားရဲ့ စုံထောက်ထဲ သူလည်း ပါတယ်ထင်တာပဲ။ ကဲ ရှုပ်ထွေးမနေဘူးလား၊ သွားပေတော့လေ နက်ဖြန်ခါမှ"

ထိုနေ့ညနေတွင် အရေးပိုင်သည် မြိတ်သို့ ဆိုက်ကပ်လျက်ရှိသော သင်္ဘောမှ ကပ္ပတိန်နှင့် အကြီးအမှူးကို ညစာဖိတ်၍ ကျွေးမွေးသည်ဖြစ်ရာ၊ ၎င်းတို့ ထမင်းစားအပြီးတွင် သင်္ဘောဆိပ်သို့ရောက်အောင် လိုက်၍ ပို့ကြလေ၏။

ထိုနေ့ညမှာ ကြယ်ရောင်ကလေးများဖြင့် ဝင်းလက်လျက်ရှိသည့်အပြင် ဆန်းသစ်စ လကလေးသည် တောင်ကုန်းပေါ်မှဆင်း၍ လာသူ လေးဦးအား လမ်းပြနေသလို ရှိတော့သည်။ ဒီရေမှာ ပြန်၍ ကျခါနီးဖြစ်သဖြင့် သင်္ဘောသည် ထွက်တော့မည်ဟု ကပ္ပတိန်တို့ အလာကို စောင့်မျှော်လျက်ရှိလေ၏။ ကပ္ပတိန်က လမ်းတွင်–

"ဒါနဲ့ခင်ဗျာ စကားမစပ် ဟိုအပတ်က မော်လမြိုင်မှာ သင်္ဘောဆိုက်တော့ ကော်မရှင်နာမင်းကြီးနဲ့ ထမင်းစားရင်း တွေ့ခဲ့

www.burmeseclassic.com



တယ်။ သူလည်း မြိတ်ကို မကြာခင်ဘဲ လာမယ်ဆိုပါလား၊ ကျွန်တော် သူ့ကို တစ်ခါမှ ဒီအရင်က မတွေ့ဖူးဘူး"

"ကျွန်တော့်ဆီတော့ စာမရေးသေးပါဘူး။ သူလာဖို့ကိစ္စ ရှေ့လထဲမှာ ရှိတယ်ဆိုတာတော့ သိပါရဲ့"

"သူဟာ ဘယ်လိုလူလည်းခင်ဗျာ"

"လူတစ်မျိုးပဲဗျာ၊ အတော်ကြည့်ပေါင်းရပါတယ်"

"ဩော် ဒါလောက်ပဲကိုးနော်"

"ခင်ဗျားတော့ တွေ့တုန်းက ဘယ်နှယ်ထင်ခဲ့သလဲ"

"သူမျက်စိဖောင်းနေပုံကို တယ်သဘောမကျခဲ့ဘူး"

"အဲဒါက ဘာဟုတ်သေးသလဲဗျာ"

ကပ္ပတိန်တို့နှစ်ယောက်သည် သင်္ဘောစောင့်နေပြီ ဖြစ်သဖြင့် နောက်ထပ် စကားမဆက်တော့ဘဲ သမ္ဗန်ကလေးတစ်ခုဖြင့် သင်္ဘောဆီသို့ ကူး၍သွားကြလေ၏။ အရေးပိုင်တို့နှစ်ယောက်လည်း အိမ်ဘက်ဆီသို့ လှည့်၍ ပြန်ခဲ့ကြသည်။ အိမ်သို့ရောက်သော် ပန်းခြံထဲမှ တစ်ဖန် ဆိပ်ကမ်းဘက်သို့ ပြန်၍ကြည့်ကြရာ၊ သင်္ဘောပေါ်မှ ကျောက်ဆူးကြိုးများကို ရစ်တင်နေသည့်အသံတွေကို အတိုင်းသား ကြားရလေ၏။ စောင့်၍ကြည့်စဉ်ပင် မီးများ ထိန်ထိန်လင်းအောင် ထွန်း၍ထားပြီး ရေပြင်တွင် တဖြည်းဖြည်း ရွေ့လျား၍သွားသည်မှာ တစ်ပြည်တစ်ရွာတွင် လာရောက်နေထိုင်ရသူနှစ်ဦးအဖို့ အင်္ဂလန်ပြည် မိမိချက်မြှုပ်ရာဒေသကို မလွမ်းဘဲမနေနိုင်ကြအောင် ရှိတော့သည်။ သင်္ဘောမှာ ကမ်းမှခွာစပြုလျှင်ပင် ဆလင်၊ မာလိန်၊ သင်္ဘောသားတို့၏ စည်းကျ ဝါးကျအော်သံတို့သည် လေနှင့်အတူ ရောနှော၍ အရေးပိုင်အိမ်ရှိရာ တောင်ကုန်းကလေးသို့ ရောက်၍လာလေ၏။ လေကြောင်းသင့်သည့်အတိုင်း သင်္ဘောသည် ဦးပြောင်း၍ တစ်ဘက်



သို့ ချိုးသွားလျက် အလွန်သေးငယ်စွာ မြင်ရသည့်တိုင်အောင် အော်သံများကား ဆက်လက်ကြား၍ နေရသေးသည်။ နောက်ဆုံးတွင်မူ အသံတိမ်သည်ထက်တိမ်၍ လုံးဝမကြားရတော့ဘဲ မြုပ်ကွယ်သွားလေတော့သည်။

"သိပ်စိတ်ပျက်စရာကောင်းတဲ့အသံပဲဗျာ၊ တစ်ခါတလေများ ကျုပ်ဖြင့် အော်ငိုချင်စိတ်တောင် ပေါက်တယ်။ ဒီအသံကို မကြားချင်ဘူး လုံးလုံး၊ ကျုပ်တစ်ယောက်တည်းနေတုန်းက ခုလို သင်္ဘောထွက်တာကို ဘယ်တော့မှ စောင့်မကြည့်ဘူး။ ဝမ်းခေါင်ဟင်းလင်းရှိလွန်းလို့ အင်္ဂလန်ကို သိပ်သတိရတာပဲ။ တစ်ကျွန်းပို့ခံနေရသလိုလို၊ တောင်အောက်က မြို့ထဲလှမ်းကြည့်လိုက်ပြန်တော့လည်း လူတွေဟာ အားလုံး အေးအေးချမ်းချမ်းနဲ့ စိတ်ချလက်ချ အိပ်နေကြတယ်၊ သူတို့စိတ်ထဲ ဘာတွေရှိတယ်၊ ဘာတွေအိပ်မက်ပြီး နှစ်ခြိုက်နေကြမယ် ဆိုတာ ကျုပ်တို့ လုံးဝမသိဘူး။ ဒီအိပ်မက်တွေထဲ ကျုပ်တို့ကိုလည်း ထည့်မက်မှာ မဟုတ်ဘူး။ ဒီတိုင်းရင်းသားတွေဟာ သူတို့ရှိသမျှ သုခတွေကို ကျုပ်တို့ကို ဝေပုံကျ ပေးတာမဟုတ်ဘူး။ ကျုပ်တို့ဟာ သူတို့လောကရဲ့ အပြင်ဘက်မှာပဲ။ ဘယ်လိုပဲ ကိုယ်က မေတ္တာထားဦး သူတို့ကတော့ ကျေးဇူးလည်းတင်မယ် မဟုတ်ပါဘူးဗျာ"

အရေးပိုင်သည် ဤသို့ ဝမ်းနည်းကြေကွဲဖွယ်ရာ စကားများကို အနီးတွင်ပြော၍နေသော်လည်း ပန်းချီဆရာကလေးအဖို့မူ ထိုအတွေးအခေါ်များက အလျဉ်မထိခိုက်တော့ပေ။ အကြောင်းသော်ကား ပန်းချီဆရာကလေး ယနေ့ တွေ့ကြုံခဲ့သော အဖြစ်အပျက်တို့သည် မြိတ်ကမ်းခြေကိုပင် နတ်ဘုံတမျှ ကြည်နူးညွှတ်ပျောင်းစရာ ဖြစ်အောင် ဖန်တီး၍ထားသလိုနေတော့သောကြောင့် ဖြစ်လေသည်။ အရေးပိုင်နှင့် စာလိုက်သော် ပန်းချီဆရာကလေးမှာ သုခချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



များစွာရှိသူဖြစ်သည်။ အင်္ဂလန်သို့လည်း အရေးတကြီး ပြန်လိုစိတ်မရှိ။ အရေးပိုင် မတွေ့မကြုံဖူးသော စိတ္တသုခကိုလည်း ပန်းချီဆရာကလေးမှာ တွေ့ကြုံခံစားနေရလေပြီ။ ယခင့်ယခင်က ဘာမျှ စိတ်ပါဝင်စားစရာ မကောင်းသော အရာဝတ္ထု ဟူသမျှတို့မှာလည်း ယခုအချိန်တွင်ပြကတော့ ကြည်နူးပျော်ရွှင်ဖွယ်အတိပြည့်လျက် ရှိတော့၏။ မြင်မြင်ကရာ လောကကြီးတစ်ခုလုံးသည် မကြုံစဖူး အထူးသာယာ၍နေယောင်တကား။

❑

## အခန်း (၁၀)

# မဘုရား

အမှုဆိုင်မည့်နေ့မှာ ဆိုက်ရောက်လာခဲ့ပြီ၊ ပန်းချီဆရာကလေးသည် ရုံးကိုလည်း မရောက်ဘူးသေးသဖြင့်–

"ကျွန်တော် လိုက်ခဲ့နိုင်သလားဗျို့"

"ဘယ်သူမဆို လာနိုင်တာပဲဗျ၊ ခင်ဗျားလည်း လိုက်ခဲ့ပါလေ၊ ကိုယ့်လူတစ်ယောက် ပါတယ်ဆိုတော့ ကျုပ်လည်း အားရှိတာပေါ့"

"ဒါဖြင့် ဒီအမှုဟာ တယ်မပေါ့ဘူးပေါ့နော်"

"ခေါင်းကြီးရတဲ့အမှုမျိုး ဆိုပါတို့ဗျာ"

ထမင်းစားပြီးလျှင် ရုံးသို့ နှစ်ယောက်သား ထွက်ခဲ့ကြသည်။ ရောက်သော် စာရေးတစ်ယောက်အား ပန်းချီဆရာကလေးဖို့ နေရာပေးခိုင်းပြီးနောက်–

"ခင်ဗျား ဒီမှာပဲထိုင်နှင့်နော်၊ ကျုပ်မကြာခင် ပြန်ထွက်လာမှာပဲ၊ နို့ပေမယ့် ဒီအမှုမခေါ်ခင် တခြားကြည့်စရာရှိတဲ့ မျောက်လွှာကလေးတွေကို ကြည့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



စာရေးသည် ကုလားထိုင်တစ်လုံးကို ဝရန်တာဘက်ဖွင့်သည့် ပြတင်းအနီးတွင် ခင်း၍ပေးသဖြင့် လှမ်းမျှော်ကြည့်လိုက်ရာ၊ ကျွန်းဆွယ်တစ်ခုလုံးနှင့် ပြာလဲ့လဲ့ကောင်းကင်ပြင်ကို မြင်ရလေသည်။ အရေးပိုင်ရုံးကား ပျင်းရိငြီးငွေ့ဖွယ်ဖြစ်သည်။ တရားသူကြီးထိုင်ရာ ကုလားထိုင်ဟောင်းတစ်ခု၏ အပေါ်တည့်တည့်တွင် တိုင်းပြည်ရှင်ဘုရင်မင်းမြတ်၏ ရုပ်ပုံမှာလည်း ဟောင်းနွမ်းလျက်၊ တစ်ဘက်တွင် သက်သေရပ်ရာ ကြက်တူရွေးတန်းနှင့် တစ်ဘက်တွင် ဝတ်လုံများနေရန် နေရာရှိကြလေသည်။ ထိုနေရာ၌ တရားခံ မစ္စတာပူးလ်သည် သူ့ရှေ့နေနှင့် တိုင်ပင်စကား ပြောကြားနေသည်ကိုလည်း မြင်ရ၏။ စားပွဲနားတွင်ကား တရုတ်တစ်ယောက်သည် ပိုးအင်္ကျီ ဘောင်းဘီနှင့် သားနားစွာ ဝတ်ဆင်လျက် စာရွက်အချို့နှင့် စက္ကူပြာပေါ်ရှိ မြေပုံတစ်ခုကို ကြည့်ရှုလျက်ရှိလေသည်။ ရုံးခန်းတစ်ခုလုံးမှာ နားထောင်သူများဖြင့် ပြည့်လျက်ရှိရာ၊ ထိုအထဲတွင်လည်း ကလပ်မှ အင်္ဂလိပ်အချို့ပါကြသည်။ မင်းသားကြီးမှာ ကိုယ်တိုင်မလာရောက်ဘဲ ယခင်တရုတ်ကိုပင် ကိုယ်စားလှယ်သဘောလွှဲ၍ စေလွှတ်လိုက်၏။ ထိုသူမှာကား သူ၏ သတ္တုတွင်း မန်နေဂျာ ဖြစ်တန်ရာ၏။

ပန်းချီဆရာကလေးမှာ ဤသို့ ကြည့်ရှုရင်း ခြေသံကြားသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ၊ အီဗာပူးလ်ကို တွေ့ရသဖြင့် လန့်သွားမိသည်။ သူနှင့်မတွေ့ရသည်မှာ အတော်ကြာပေပြီ၊ သူ့ကို ဤရုံးခန်းတွင် တွေ့ရသည့်အတွက် လန့်ခြင်းမဟုတ်၊ တွေ့လျှင် ဘာပြောရမည်ကို မသိသဖြင့် လန့်ခြင်းဖြစ်ရာ ယခုသော်ကား မတတ်နိုင်တော့ပြီ၊ မစ္စစ်ပူးလ်မှာကား ဝရန်တာမှ ပြုံးလျက် ကြည့်နေပြီး–

"ကျွန်မဖို့ နေရာမပေးနိုင်ဘူးလား"



"လာပါ လာပါ" နေရာထ၍ ပေးလိုက်ရာ ဝင်၍ထိုင်သည်။ ပန်းချီဆရာကလေးမှာလည်း နေရာတခြားရနိုင်ရန် မမြင်သဖြင့် မစ္စစ်ပူးလ်၏အနီးတွင်ပင် ရပ်၍နေသည်။

"မတွေ့ရတာကို တစ်ကမ္ဘာလောက်ရှိပြီ ဘာတွေလုပ်နေသလဲ၊ ဒီအချိန်တွေအတွင်း" အသံတိုးတိုးကလေးဖြင့် ခပ်မူမူမေးရာ–

"ပုံဆွဲနေရတာပေါ့" မစ္စတာမန်ဂန်သည် ပုံပေါင်း မြောက်မြားစွာကိုရေး၍ အလွန်ပျော်ရွှင်စွာဖြင့် မစ္စစ်ပူးလ်ကို အမှတ်မရသည်မှာ အမှန်ပင် ဖြစ်သည်။

"တစ်နေ့လုံးချည်းပဲလား"

"ဆိုပါတော့ တစ်နေ့လုံးလိုချည်းပါပဲ"

"ဒီအတောအတွင်း တစ်ခါမှ သတိမရဘူးပေါ့"

"ခင်ဗျားအသိသားနဲ့ဗျာ" ဤအချိန်အခါတွင် အမှန်ကို ဖွင့်ပြော၍မသင့်သေးဟု အောက်မေ့မိသည်။

"ဒီမယ် (လူကို ဆွဲ၍ ငုံ့ပေးစေပြီး နားနားသို့ကပ်လျက်) ကျွန်မယောကျ်ား နက်ဖြန်မနက်ကို သတ္တုတွင်းသွားလိမ့်မယ်၊ နေ့လယ်နှာရီပြန်တစ်ချက်ကျတော့ လာခဲ့မလား" မစ္စစ်ပူးလ် အမေးသည် တိုက်ရိုက်ကြီးနိုင်လှသဖြင့် ခွကျသည်။

"ကြည့်သေးတာပေါ့လေ၊ နက်ဖြန်ဘာနေ့လဲ? ကြာသပတေး၊ ကျွန်တော် ပုံ ၂ ခုဆွဲဖို့ စီစဉ်ထားတယ်၊ နောက်ကားခံပြီး တစ်ခါတည်း ဆွဲချရမှာ"

"ဒါဖြင့် သောကြာနေ့ကော"

"ကျွန်တော့်အထင်က ဒီလို သူ့သတ္တုကွင်း ရက်တရက် မသွားဘူးအောက်မေ့လို့၊ တစ်ရက်ပြီးတစ်ရက်လုပ်ဖို့ အလုပ်တွေ စီစဉ်ထားမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမကောင်းလှဘဲ လီဆယ်ကြောင်း ထင်ရှားသဖြင့် အားနာသလိုရှိစဉ် စာရေးတစ်ယောက်က ကုလားထိုင်လာ၍ ပေးသဖြင့် သက်သာရာရမလိုလိုရှိခိုက်၊ မစ္စစ်ပူးလ် အနီး၌ပင် ကပ်၍ ထိုင်ရပြန်သဖြင့်–

“ဒီအပတ်အတွင်း တစ်ရက်ရက်တော့ တွေ့ချင်တာပဲရှင်၊ ရှင်သိတဲ့အတိုင်းပဲ၊ ကျွန်မယောကျ်ားကြီးနဲ့နေရတာ သိပ်စိတ်မချမ်းသာစရာကောင်းတာ၊ တကယ်လို့များ ဒီအမှုများရှုံးသွားရင်တော့ ကျွန်မဖြင့် မတွေးဝံ့ဘူး၊ သိပ်ကြက်သီးထတာပဲ”

ပန်းချီဆရာကလေးမှာ မိမိစိတ်တွင်ရှိသည့်အတိုင်း ယခု ဖွင့်ပြောခဲ့သော် ရုံးကြီးပေါ်၌ ကိုးရိုးကားရားဖြစ်မည်ကို စိုးသည်။ ဤကိစ္စမျိုးမှာ အကယ်တိမရှောင်မလွှဲသာ ရှိခဲ့သော် သူ့အိမ်မှာ လူမသိ ရှင်မကြား ဖြစ်ရမှ သက်သာမည်။ သို့ဖြစ်၍–

“ကောင်းပြီလေ သောကြာနေ့ လာခဲ့မယ်”

ထိုအတွင်း အရေးပိုင်မင်း ရုံးအတွင်းသို့ ဝင်လာသဖြင့် အားလုံးမတ်တပ်ရပ်ကြပြီးနောက် အရေးပိုင်ထိုင်သောအခါ စာရေးသည် အမှုတွဲကို တင်ပြသဖြင့် အရေးပိုင်က မင်းသားကြီး၏ မန်နေဂျာသို့–

“မောင်မင်းလျှောက်လွှာကို တွေ့ရပါပြီ၊ လျှောက်လွှာထဲမှာ မစ္စတာပူးလ်က မောင်မင်းပိုင်နက်ထဲမှာ သတ္တုများကို တူးပါတယ်။ တူးပြီး သံဖြူရိုင်းတချို့ကိုလည်း ထုတ်ရောင်းချပါတယ်။ အဲဒါကို နောင်လည်း ဆက်မတူးရန် တားမြစ်ပေးဖို့ တူးပြီးကိုလည်း ရောင်းမစားရအောင် တားပေးဖို့ လျှောက်တယ် မဟုတ်လား”

“မှန်ပါတယ် ဒီအတိုင်းပါပဲဘုရား”



“ကဲ ဒါဖြင့် ဒီအမှုနဲ့ပတ်သက်ပြီး ဒိပြင် ဘာများ လျှောက်ထားချင်သေးသလဲ”

“ကျွန်တော်မျိုး လျှောက်ထားချင်တာကတော့ လွန်ခဲ့တဲ့လလောက်က ကျွန်တော်မျိုးတို့ တပည့်တစ်ယောက်က သံဖြူတချို့ ကျွန်တော်မျိုးတို့ပိုင် နယ်ထဲမှာ တွေ့တယ်လို့ ပြောလာပါတယ်။ ဒါနဲ့ ကျွန်တော်မျိုးကိုယ်တိုင် လိုက်ကြည့်ပြီးတော့ သေသေချာချာ ထပ်မံပြီး စုံစမ်းမယ်ဆိုပြီး ကျွန်တော်မျိုး သူဌေး ဇလွန်မင်းသားကြီးကို ဒီမြေကွက်အတွက် တူးခွင့်လိုင်စင်ရအောင် လျှောက်ထားနှင့်ဖို့ ပြောပြပါတယ်။ ပြောတော့ သူလည်း ချက်ချင်းလျှောက်တဲ့အတွက် အရှင်ဘုရား ရုံးက အမိန့်ချပေးပါတယ်။ ဒီနောက် မစ္စတာပူးလ်က ဒီမြေထဲမှာ ဝင်တူးတဲ့အတွက် လျှောက်ထားရခြင်း ဖြစ်ပါတယ်”

“ကောင်းပြီလေ” တစ်ဘက်သို့လှည့်၍ “ရှေ့သီ ဒီမှာ ရှိသလား”

“မင်းကို မြေပုံမှန်ကူးခဲ့ဖို့ ခိုင်းထားတယ်၊ ဘယ်ဟာမှန်သလဲ၊ ဒီမှာက မင်းသားကြီးရဲ့ မြေပုံ”

“အဲဒါ အမှန်ပါပဲဘုရား”

“အခု သူပိုင် ငါပိုင် ငြင်းနေကြတဲ့နေရာဟာ မင်းသားကြီး မြေကြီးထဲ အသေအချာပေါ့”

“မှန်ပါတယ်ဘုရား”

အရေးပိုင်သည် မစ္စတာပူးလ်နှင့် သူ့ကုလားရှေ့နေဘက်သို့ လှည့်၍–

“ကဲ ဒီအတိုင်းပဲ မစ္စတာပူးလ်၊ ဇလွန်မင်းသားကို ခင်ဗျား သတ္တုတူးယူတဲ့နေရာကို ကျုပ်ရုံးကပဲ လိုင်စင်ထုတ်ပေးခဲ့တယ်၊ ဘာပြောလိုသေးသလဲ”

www.burmeseclassic.com

www.burmeseclassic.com



ပူးလ်၏ရှေ့နေ မစ္စတာရှားက နေရာမှထ၍–

"ကျွန်တော်မျိုးအမှုသည်ဟာ သတ္တုရိုင်းအချို့ကို နေရာ တစ်နေရာက တူးဖော်ယူတာတော့ အမှန်ပါပဲ။ မငြင်းလိုပါဘူး။ နို့ပေမယ့် ယခု တရားလိုက စွပ်စွဲသလို မဟုတ်ပါဘူး။ အရှင်ဘုရား ခွင့်ပြုလျှင် မစ္စတာခူးကို တစ်ခု နှစ်ခု ကျွန်တော်မျိုး မရှင်းမလင်းတာ မေးပါရစေ"

"မေးနိုင်ပါတယ်"

"မစ္စတာခူး ခင်ဗျား၊ အခု ခင်ဗျားတို့ပြောတဲ့ သံဖြူတွေ့ တယ်ဆိုတာ ကျွန်တော့်အမှုသည်က တူးမှပဲသိတာ မဟုတ်ပါလား"

"မဟုတ်ပါဘူး ကျွန်တော်ခုနင်ကပြောခဲ့ပြီးကော၊ ကျွန်တော် တို့ တပည့်တစ်ယောက်က လာပြီး သတင်းပေးလာလို့ ကျွန်တော် ကိုယ်တိုင် စုံစမ်းတဲ့အခါ ဟုတ်နေတာတွေ့ရလို့"

"နို့ပေမယ့်ဗျာ မစ္စတာပူးလ် အမြောက်အမြားတူးဖော်ပြီးမှ အားလုံး လူတွေသိကုန်ကြတာပါ"

"ဒါဖြင့် ခင်ဗျားတို့က ကျုပ်တို့ထက် အရင် ဒီနေရာမှာ သတ္တုရှိမှန်းသိရိုးမှန်ရင်၊ ဒီနေရာကို ဦးအောင် ခင်ဗျားတို့က ဘာလို့ လိုင်စင်မလျှောက်သလဲ"

"ကျွန်တော်မျိုး လျှောက်ထားပါရစေဘုရား၊ အမှန်ကတော့ လွန်ခဲ့တဲ့ ၃ လလောက်က ကျွန်တော်မျိုး အမှုသည်က တစ်နေရာမှာ သံဖြူတွေ့ပါတယ်။ တွေ့တော့ ထုံးစံအတိုင်း ရုံးကို တူးခွင့်ပြုဖို့ လျှောက်ထားပါတယ်။ သူတင်ပြတဲ့မြေပုံအတိုင်း ဒီရုံးတော်ကပဲ တူးခွင့်ကိုပေးလိုက်ပါတယ်။ သို့အတွက် ရိုးရိုးသားသားပဲ စိတ်အေး လက်အေး သူလျှောက်ထားတဲ့နယ်ထဲက သံဖြူကို သူတူးနေရင်းက တစ်လလောက်ကြာတော့ ယခု တူးဖော်နေခြင်းသည် ဇလွန်မင်းသား



ကြီး ပိုင်မြေဖြစ်၍ ဆက်လက်တူးဖော်ခြင်းကို ရပ်စဲရမည်ဆိုတဲ့ နို့တစ်စာကို ရသည့်အတွက် အင်မတန်အံ့သြခြင်း ဖြစ်ရပါတယ်"

"ဒါနဲ့ ချက်ချင်းပဲ သက်ဆိုင်ရာမှာ မေးမြန်းစုံစမ်းတော့၊ သူ့နယ်ထဲ သူ့မြေပုံထဲပါတယ်လို့ အသေအချာထင်ပြီး လုပ်နေတာ ပေမယ့် လျှောက်ထားစဉ်က မြေပုံဟာ တစ်ခုခု ချို့ယွင်းလို့သာ ဖြစ်ရမယ်လို့ အောက်မေ့ရပါတယ်။ ဒီနောက်ဘာဖြစ်သလဲဆိုတော့ ဇလွန်မင်းသားကြီးကိုတော့ အပြစ်မဆိုလိုတဲ့အပြင် ကျွန်တော်မျိုး သူ့ကို များစွာလေးစားပါတယ်။ ခု တူးဖော်ရတဲ့နေရာဟာ နေရာ ကောင်း၊ တူးပြီးသားကလည်း အဖိုးအင်မတန် တန်နေတယ်ဆိုတာ ကို မစ္စတာခူး သို့မဟုတ် တစ်ဦးတစ်ယောက်က သတင်းရတာနဲ့ မစ္စတာပူးလ် မရအောင် တမင် ကဖျက်ယဖျက် လုပ်ကြခြင်းပါ"

မစ္စတာခူးသည် နေရာမှ ရုတ်တရက်ထကာ–

"အရှင်ဘုရား ဒီလို မတော်မတရား စွပ်စွဲတာကို နားထောင် နေတော့မလား" ဟု မေးရာ–

"ကဲ ကဲ ဆက်ပြောစမ်းပါဦး" ဟု အရေးပိုင်က ထောက် သဖြင့်–

"မစ္စတာခူးဟာ ကျွန်တော့်အမှုသည် မသိအောင် ဒီမြေရာကို လာကြည့်ပါတယ်။ ကြည့်ပြီးတော့ တစ်ဦးတစ်ယောက်ကသော် လည်းကောင်း၊ မစ္စတာပူးလ်မြေထဲမပါဘူးဆိုတာကို ပြောပါလိမ့်မယ်။ ဒါကို သတင်းရတာနဲ့ အရှင်ဘုရားရုံးတော်မှာ ထပ်ပြီး လိုင်စင်အသစ် လျှောက်ထားပါတယ်။ အရှင်ဘုရားကလည်း မသိတဲ့အတွက် လိုင်စင် ပေးလိုက်ပါလိမ့်မယ်။ ကျွန်တော်မျိုး အမှုသည်က သတ္တုကို တွေ့ တယ်။ သူ့ဧရိယာထဲ သေသေချာချာပါတယ်လို့ ယုံကြည်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသား တူးနေပါတယ်။ ဒီမြေပုံက မှားတဲ့အတွက်သာ ဒီလို ဖြစ်ရခြင်းပါ။ အရှင်ဘုရားအများလည်း ဒီအမှုထဲ ပါပါလိမ့်မယ်"

"မြေပုံကို ဘယ်သူဆွဲတာလဲ" အရေးပိုင်က မေးရာ–

မစ္စတာရှူးက "ကျွန်တော်ကြားတာတော့ မစ္စတာပူးလ်ရဲ့ တပည့် မြေတိုင်းစာရေးတစ်ယောက် ဆွဲတယ်လို့ ကြားပါတယ်"

"ဒီအတိုင်း မှန်သလား"

မစ္စတာရှူးသည် သူ့အမှုသည်ကို တိုးတိုးမေးမြန်းပြီးနောက် "ဟုတ်ပါလိမ့်မယ်" ဟု ဖြေလေ၏။

"ဒါဖြင့် ဒီရုံးတော်ကို အပြစ်တင်စရာ ဘာရှိသလဲဗျ၊ ခင်ဗျားလူက မြေပုံပြပြီး လိုင်စင်လျှောက်တယ်၊ ကျုပ်က ထုတ်ပေးလိုက်တယ်၊ ဒီလိုင်စင်ထဲမှာ ခင်ဗျားလူ အင်မတန်လိုချင်တဲ့ သတ္တုမြေ ပါတယ် မပါဘူးဆိုတာ ကျုပ် ဘယ်သိနိုင်မလဲ"

"ကျွန်တော်မျိုးကလည်း အရှင်ဘုရားရုံးတော်ကို အပြစ်မတင်ပါဘူး။ အထင်မှားလို့ဖြစ်ရတဲ့ကိစ္စမို့ မှန်အောင် ပြုပြင်ပေးပါလို့ လျှောက်ထားရခြင်းပါ"

"ကျုပ် ဘယ်နှယ် ပြုပြင်ပေးရမလဲ"

"ဇလွန်မင်းသားကြီးရဲ့ လိုင်စင်ကို ဖျက်လိုက်ရုံပေါ့ဘုရား"

"ဘယ်လို အကြောင်းပြချက်နဲ့ဖျက်မလဲ၊ သူလည်း ထုံးစံအတိုင်း တူးခွင့်လိုင်စင် တောင်းတယ်၊ ဒီတောင်းတဲ့မြေဟာ ဘယ်သူပိုင်မှ မဟုတ်ဘူး။ ဒီတော့ ရုံးက တူးစေလို့ အမိန့်ချပေးတယ်"

"ကျွန်တော်မျိုး ခုတင်ကလျှောက်တဲ့အတိုင်းပါပဲ။ကျွန်တော်မျိုးအမှုသည်က အရင်တွေ့တဲ့လူမို့ သူသာရထိုက်ပါတယ်"



"ဟာ ကျုပ်က သတ္တုတူးတဲ့ဥပဒေအရ ပြောနေတာ၊ ဒီဥပဒေအရ ခင်ဗျားအမှုသည်က ပစ္စည်းလိုရနေပေမယ့် အမိန့်အခွင့်လိုမှ မရဘဲ၊ ဒီလိုဆိုရင်ဖြင့် ကျုပ်တို့ရုံးဟာ လူတစ်ယောက်ကို လိုင်စင်ပေးထား၊ နောက်လူတစ်ယောက်က ဒီအထဲ သူလိုချင်တာ ရှိတာနဲ့ အရင်လူကို ဖျက်ပစ်ရမှာလား"

မစ္စတာရှူးသည် အခြားပြောစရာမရှိတော့သည်နှင့် ထိုင်လိုက်သည်တွင် အရေးပိုင်က မစ္စတာရှူးဘက်သို့ လှည့်၍ "ဘာများ ပြောချင်သေးသလဲ" ဟု မေးရာ–

"အရှင်ဘုရားပဲ အခုပြောသမျှတွေကို ချိန်ဆပြီး ကြည့်တော်မူပါတော့၊ မစ္စတာရှူးကတော့ စကားပြောကောင်းကောင်းနဲ့ သူ့အမှုသည်အတွက် ဝေ့လည်ကြောင်ပတ် လျှောက်ပြောသွားလို့ အထင်မှားစရာကောင်းပေမယ့် အရှင်ဘုရားသိတဲ့အတိုင်းပဲ၊ မှားယွင်းတာထက် ညစ်ပတ်တာက ပိုထင်ရှားနေပါတယ်။ သူတို့ ဖွင့်ဝန်ခံပြီးပါပြီ။ ဒီတူးပြီးပစ္စည်းဟာ အဖိုးထိုက် အဖိုးတန်ပဲလို့၊ အဲတော့ အရှင်ဘုရားပဲ တရားသဖြင့် မှန်ရာကန်ရာကိုဖြစ်အောင် ရသင့်ရထိုက်တဲ့ လူဆီကို ဒီပစ္စည်း ပြန်ရောက်အောင် ဆောင်ရွက်ပေးတော်မူပါ။ ကျွန်တော်မျိုးများကတော့ မစ္စတာပူးလ်ကိုလည်း နစ်နာစေလိုတဲ့စိတ် မရှိရိုးအမှန်ပါ။ တခြားပြောစရာတော့ မရှိပါဘူး။ အားလုံး မှန်ကန်တဲ့ အတိုင်းဖြစ်ဖို့ရာ အရှင်ဘုရားလက်ကို အပ်ပါတယ်"

"တယ်... ဒီတိရစ္ဆာန်က လူဝါးဝလိုက်တာ" မစ္စတာပူးလ်သည် ပန်းချီဆရာကလေးအနားသို့ ကပ်၍ တစ်ဘက်ရှေ့နေကို ဆဲလိုက်သည်။

"ဒါပေမဲ့လေ မစ္စတာဒဲလားဟုက ကျွန်မတို့နစ်နာအောင်တော့ လုပ်မယ်မထင်ပါဘူးနော်။ တစ်ဝက်ကို မင်းသားကြီး ပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းရင်လည်းပေး၊ ဒါမှမဟုတ်လည်း တစ်နှစ်လောက် သူ့ကို လိုင်စင်ပေးပြီး၊ နောက်တစ်နှစ် ကျွန်မတို့ကို ပြန်ပေးမှာပါပဲနော်"

"ဥပဒေကို ကျွန်တော်ဖြင့် လုံးဝ နားမလည်ပါဘူးခင်ဗျာ" ဟု ပန်းချီဆရာကလေးက ပြန်ပြော၏။

"ကျွန်မလည်း နားတော့မလည်ပါဘူး။ ဒါပေမဲ့ ဒီအမှုကတော့ ရှင်းသားပဲ။ ကျွန်မယောကျ်ားက သံဖြူကို အရင်တွေ့တာဆိုတော့ တွေ့တဲ့လူ ပိုင်ရုံပေါ့။ ဒီတရုတ်နဲ့ မင်းသားဆိုတဲ့လူတွေကို ရှုပ်ပါတယ်။ ကျွန်မဖြင့် တိုင်းရင်းသားတွေကို သိပ်မုန်းတာပဲ။ ဒီအရေးပိုင်ကလည်း မြန်မာဘက် လိုက်လွန်းတာပဲ။ တခြားလူဆိုရင် ဘယ်အရေးပိုင်မှ ဒီလို ကျွန်မတို့ထိုက်လို့ရပြီးကို ပြန်ပေးလား၊ ဘာလားလုပ်မယ် မဟုတ်ဘူး။ ဘယ်လိုအမိန့်ချမယ် ထင်သလဲဟင်"

ပန်းချီဆရာကလေးက မဖြေရမီပင် အရေးပိုင်က "မစ္စတာခူးအနိုင်ရပေးလိုက်တယ်။ မကြာမီ ရုံးက တားမိန့်များ ထွက်လာမယ်၊ တူးပြီးတွေကိုလည်း ယခု တရားလိုကိုပဲ ပြန်ပေးစေ" ဟု အမိန့်ချလိုက်လေ၏။ ထို့နောက် မစ္စတာပူးလ် သက်သာရာရစေခြင်းငှာ ချိုချိုသာသာဖြင့် လှည့်၍–

"မစ္စတာပူးလ် ကျွန်တော်လည်း ဘာမှ မတတ်နိုင်တော့ဘူး။ ခင်ဗျား အမှုအခြေအနေကိုလည်း သိမှာပေါ့။ ဥပဒေနဲ့က မလွတ်ဘဲကိုး။ ခင်ဗျား လိုင်စင်ရတာက တစ်နေရာ၊ တူးတာက တစ်နေရာဆိုတော့ အခက်သားပဲဗျာ"

ဤသို့ပြောလိုက်လျှင်ပင် သက်သာမည့်အစား မစ္စတာပူးလ်မှာ ပိုမိုစိတ်ဆိုးပုံရ၍ ဘာမှ ပြန်မပြောနိုင်ဘဲရှိရာ၊ သူ့အမှားကိုသိသော အရေးပိုင်သည် အခန်းတွင်းသို့ဝင်၍ သွားလေ၏။



အရေးပိုင်မရှိလျှင်ပင် ပူးလ်၏ ဘက်တော်သားများဖြစ်သည့် ကလပ်အသင်းသား မျက်နှာဖြူများသည် ပူးလ်အနီး ဝိုင်းအုံလာကြ၍ တစ်ယောက်တစ်ခွန်း စကားပြောကြလေတော့၏။

ပူးလ်က "ကော်မရှင်နာဆီ ကျုပ်တော့ အယူခံမှာပဲ"

"ဟာ ကော်မရှင်နာ ကင်ပင်ဖွဲလ်ဟာ လူကောင်းပဲ လုပ်သာလုပ်" ဟု တစ်ယောက်က ဆို၏။

"ခင်ဗျားဘက်ကလိုက်မှာ အသေအချာပဲဗျို့" ဟု တစ်ဦးက ပြောပြန်၏။

နောက်တစ်ယောက်က "ဒီလောက် မတရားသဖြင့်ကျတဲ့ စီရင်ချက်မျိုးတော့ မရှိဘူးဗျာ"

"ကျုပ် မခံပါဘူး" ပူးလ်က ပြန်ပြောသည်။

"ကျုပ်တို့ ရှိပါသေးတယ်ဗျာ၊ လုပ်သာလုပ်ပါ" ဟု အားလုံးက အားပေးကြ၏။

"ကျုပ်တော့ ဒီအတိုင်း ခံမနေပါဘူး"

"လူတိုင်းက ဝိုင်းပြီး သရော်စရာဖြစ်အောင် မြန်မာတွေရှေ့မှာ အရှုံးလုပ်တာပဲ၊ ဒီလိုပဲ ခံနေမှာလား။ မြန်မာပြည်မှာ ကျုပ်တို့လူမျိုးလာအုပ်စိုးရပြီး ဒီလိုအဖြစ်ခံရမှာတဲ့လား။ ဒီဒဲလားဟုဆိုတဲ့ အကောင်ဟာ ဗြိတိသျှအစိုးရ အရာရှိအလုပ်နဲ့တော်တဲ့အကောင် မဟုတ်ဘူး။ မြန်မာတွေ ဘေးရန်က ကာကွယ်ပေးဖော်မရတဲ့ပြင်၊ ခုလို နှိမ်မယ်ဆိုရင် ဒီကောင်ရှိနေတာ ဘာလုပ်ဖို့လဲဗျာ။ ဒီကောင်ကို ဒီနေရာမှာ မရှိမှတော်မှာပါ"

"ကျုပ်တို့ ကော်မရှင်နာကို ပြောရအောင် ဒီကောင် နယ်ရွှေ့ပေးဖို့တော့ တတ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းသိရမှာပေါ့ဗျာ" ဟု ပူးလ်က ရွှံ့ရှာသော မျက်နှာထားဖြင့် ပြောပြန်၏။

"သူက ကျုပ်တို့လူစုကို မျက်မုန်းကျိုးနေတာဗျ၊ သူ့ကိုယ်သူများ တန်ခိုးတော်အနန္တရှင် ဘုရားသခင်များ အောက်မေ့နေသလားဘဲ" ဟု လူပုပုက ဝင်ရောက်ပြောပြန်၏။

"ပြီးတော့ ဟိုကောင် ရှိသေးတယ် ပန်းချီဆရာ အစုတ်ကလေး၊ သူလည်း ဒီသောက်မင်းသားကို ပုံဆွဲမလို့တဲ့၊ သူတို့အချင်းချင်း အင်မတန် ချစ်ကျွမ်းဝင်နေကြတယ်"

"ဟေ့ကောင်တွေ တိုးတိုးကွ၊ ငါ ဒီအနားမှာ ပန်းချီဆရာကောင်ကို မြင်မိတယ်"

"ကြားလည်း အရေးလုပ်လို့ကွာ"

"လာပါဗျာ ပူးလ်၊ ကျုပ်တို့ အိမ်ပြန်ကြပါစို့၊ ဒီရုံးထဲမှာ မနေနဲ့တော့"

"ကျုပ်မိန်းမ ဘယ်မှာလဲဗျ၊ မိန်းမရေ ..."

အီဗာပူးလ်မှာ အရေးပိုင်က စီရင်ချက်ချလိုက်ကတည်းကပင် စိတ်ဆိုးမာန်ဆိုးနှင့် ဝရန်တာသို့ ထွက်ခွာ၍ သွားသည်။ ပန်းချီဆရာကလေးမှာ အားနာစရာကောင်းသဖြင့် နောက်မှ လိုက်သွားပြီး၊ "ဒါဟာ ကံမကောင်းလို့ ဖြစ်ရတာပဲဗျာ၊ ခင်ဗျားယောကျ်ားကလည်း ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် လုပ်တာမှ မဟုတ်ဘဲကိုး"

"လုပ်သားပဲရှင့် တူးခွင့်တောင်းတယ်မဟုတ်လား၊ ဒါဆိုပြီးရောပေါ့"

"အနို့ အရေးပိုင်ကတော့ မတောင်းဘူးဆို၊ သူတောင်းတာက တခြားနေရာအတွက်သာ ဆိုပါကလားဗျ"



"ရှင်လည်း အရေးပိုင်ဘက်တော်သားပေါ့ ဟုတ်လား"

(မျက်လုံးပြူးပြူး မျက်ဆံပြူးပြူး ဒေါသတကြီးဖြင့် မေးသည်။)

"မဟုတ်ပါဘူး၊ ကျွန်တော် နားမလည်ပါဘူး။ နို့ပေမယ့် အကုသိုလ်ဝင်တဲ့အခါမို့ ..."

"ရှင်ကတော့ ဒီမင်းသားဆီမှာပဲ ပန်းချီထပ်ဆွဲဦးမှာပေါ့လေ ဟုတ်လား"

(သရော်ရွတ်ချလိုသော အမူအရာဖြင့် မေးရာ)

"ဟာ ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲဗျာ၊ ကျွန်တော် ဒီမြန်မာပြည် ထွက်လာခဲ့တာကိုက ဒီကိစ္စအတွက် သက်သက်ပဲ ဖြစ်နေတော့ အခက်သားပဲ"

"သိပ်အောက်ကျ နောက်ကျနိုင်တာပဲရှင်၊ ခုလိုအင်္ဂလိပ်လူမျိုးတစ်ယောက် မြန်မာခိုင်းတာလုပ်ရမယ်ဆိုတာ"

ပန်းချီဆရာကလေးမှာ ဘာမှမပြောဘဲ မျိုသိပ်နိုင်သလောက် မျိုသိပ်ပြီးနောက်၊ စကားစပြတ်ချင်သည့်သဘောဖြင့် "ခင်ဗျားယောကျ်ားက လိုက်ရှာနေလိမ့်မယ်" ဟုသာ စကားဖြတ်ကာ အေးစက်စက်ကြီး ပြောလိုက်လေ၏။

ပန်းချီဆရာကလေး၏ အသံ မူပြောင်းပုံ ကြားရသော်၊ အီဗာမှာ လန့်သွားလျက် ဤယောကျ်ား၏ ကျောခိုင်းမှုကို မခံနိုင်ရကား "ဟုတ်ပါတယ်လေ၊ ရှင်နဲ့တော့ ဘာမှမဆိုင်ပါဘူး။ ကျွန်မ အတော်ကံဆိုးတယ်နော်၊ ခုလို အမှုသာရှုံးသွားရင် အိမ်မှာ ကျွန်မ နေလို့ဖြစ်စရာမရှိတော့ဘူး။ ကျွန်မယောကျ်ားဟာ ဘယ်အထိ စိတ်မချရသောစရာကောင်းအောင် လုပ်တတ်တယ်ဆိုတာ ရှင်မသိဘူး သိလား၊ ခုလိုအခါ ရှင့်ကို ပိုပြီး တောင့်တမိတာပဲ။ သောက်ကြာနေ့တော့

www.burmeseclassic.com



ဆက်ဆက်လာပါလား အချစ်ရယ်၊ ခါတိုင်းလာချိန် နာရီပြန်တစ်ချက် ထက် စောစောလာပါနော်"

ပန်းချီဆရာကလေးမှာ ဤသို့ ချော့သော်လည်း မပျော့ပြီ။ "ငါ အရူးလား၊ ဒီမိန်းမရှုပါရုံကျော့ကွင်းမှာ နှစ်ခါအမိမခံတော့ဘူး။ သောကြာနေ့ဟာ နောက်ဆုံးနေ့ပေါ့ကွာ။ အဲဒီနေ့တော့ ငါ အကုန် ဖွင့်ပြောလိုက်တော့မယ်၊ ပြီးတာပဲ" ဟု အောက်မေ့နေစဉ် မျက်နှာ ထား ပြောင်းသွားသည်ကို မြင်သော မစ္စစ်ပူးလ်သည် ကျော့ကွင်းကို တစ်ပတ်တင်းလိုသောသဘောဖြင့် ပန်းချီဆရာကလေး၏ လက်မောင်း ကို ညင်သာစွာ ကိုင်၍ –

"စိတ်ဆိုးသွားသလားဟင်၊ ကျွန်မ ဘာတွေပြောမိတယ်ဆိုတာ တောင် မသိတတ်တော့ဘူး" ဤသို့ ပြောသည့်အတွက် ပန်းချီ ဆရာကလေးမှာ ပျော့ဖို့ဝေးစွ၊ သူ့မာယာကိုပင် တိုး၍ ကြောက်လန့် သဖြင့် "ဟယ် ဘာပဲဖြစ်ဖြစ် သောကြာနေ့ထိအောင် မဆိုင်းတော့ဘူး၊ ခုပဲ ဖွင့်လိုက်မယ်၊ ဒီကောင်မနဲ့ တစ်ခါတည်းပြတ်သွားတာ အေးပါ တယ်" ဟု စဉ်းစားစဉ်ပင် စာရေးတစ်ယောက်က "မစ္စတာပူးလ် လိုက်ရှာနေပါတယ်ခင်ဗျာ" ဟု လာ၍ပြောသဖြင့်–

"ကဲ သွားတော့မယ်နော်" ခပ်တိုးတိုးလေသံဖြင့် အီဗာက ပြောပြီး၊ "သောကြာနေ့ ဆက်ဆက်နော်" ဟု ပြောရင်း ရုံးခန်းထဲသို့ ဝင်သွားလေ၏။

ပန်းချီဆရာကလေးသည် အိမ်သို့မပြန်ခင် အရေးပိုင်နှင့် တွေ့လိုသေးသဖြင့် မစ္စစ်ပူး၏နောက်သို့ မကြာမတင်ပင် လိုက်သွားပြီး နောက် ရုံးခန်းကိုဖြတ်၍သွားရာ၊ မစ္စတာပူးလ်တို့လူစုမှာ တစ်ယောက် တစ်ခွန်းပြောလျက်ပင် ရှိကြပေသေးသည်။ မစ္စတာပူးလ်သည် သူ့ မိန်းမ၏ အကြံဉာဏ်ကို တောင်းသဖြင့် ပြောမည့်ဆဲဆဲ ပန်းချီဆရာ



ကလေး အနီးမှဖြတ်သွားသဖြင့် ၎င်းတို့လူစုသည် စကားပြော ရပ်ပစ် လိုက်ကြလေသည်။ သို့သော် တစ်ဦးတစ်ယောက်က လှမ်း၍ ဆဲရေး လိုက်သဖြင့် ပန်းချီဆရာကလေးသည် လှည့်မကြည့်ဘဲ အရေးပိုင်၏ အခန်းကိုသာ လက်ဖြင့်ခေါက်၍ "ကျွန်တော် ဝင်ခဲ့တော့မယ်နော်" ဟု ပြောရာ၊ "လာဗျို့ လာ လာ" ဟု အရေးပိုင်က ခေါ်လိုက်၏။ ထိုအချိန်တွင် အရေးပိုင်မှာ ခြေကုန်လက်ပန်းကျနေသည့် အသွင်ဖြင့် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှိလေသည်။

"ဘယ့်နှယ်လဲဗျို့၊ ခင်ဗျားကြားမှာပေါ့၊ ဘယ့်နှယ်သဘော ရသလဲ"

"ပူးလ်က အတော်ဒေါပွနေတာပဲ"

"ဒါပေါ့ဗျာ ကျုပ်တို့ သူ့နေရာရောက်နေရင်လည်း ဒေါပွမှာပဲ။ နို့ပေမယ့် သူ့အပြစ်ကိုးဗျ"

"သူတို့က အယူခံရင်ကောခင်ဗျာ"

"အယူခံရင် ကျုပ်တော့ သဘောကျတာပဲ။ အမှုအတွက် ကတော့ မျှော်လင့်စရာမရှိပါဘူး"

"မင်းသားကြီးနဲ့ မစ္စတာရူးတို့ကတော့ မတော်မတရား မလုပ် ပါဘူး ထင်ပါရဲ့"

"မလုပ်ပါဘူး။ ကျုပ်သိသလောက်ကတော့ ပူးလ်ကို သူ့ တပည့်တစ်ယောက်ယောက်က ဒီအရင်က သတိအပေးသားတဲ့၊ အဲဒါ ကို သူက သတိပေးတဲ့အကောင်ကိုပဲ မာန်မဲပြီး မင်းနဲ့မဆိုင်ဘူး အသာနေ၊ ဘာညာနဲ့ပေါ့လေ... ဒီလိုသတ္တဝါမျိုးဆိုတာဗျာ ကိုယ့် တွင်းကိုယ်တူးကြတာချည်းပါပဲ။ နောက်ပြီး ပူးလ်တို့လုပ်ပုံက နည်းမှန် လမ်းမှန်မကျတာဗျ။ ဒီလိုမဟုတ်ဘဲနဲ့ အရင်တွေ့တိုင်း အပိုင်ဖြစ်ရ မယ်ဆိုရင် သတ္တုထွက်တဲ့နေရာတွေမှာ အကြီးအကျယ် ပုံကွမျှားကုန် မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လူစုကဖြင့်ခင်ဗျာ အတော်သောင်းကျန်းပုံရပါတယ်။ ကျွန်တော့်တောင် မျက်စောင်းထိုးလိုက်သေးတယ်။ ဒုက္ခများပေးကြဦးမလားဘဲ"

"တယ်မထင်ပါဘူးဗျာ၊ သူတို့စကား ဘယ်သူက နားထောင်နေမတဲ့လဲ။ ပြောနိုင်လှ (၇) ရက်ပေါ့။ နောက်တော့ မေ့သွားကြမှာပါပဲ။ ကဲဗျာ... ဒါတွေ တော်ကြစို့၊ ကျုပ်တို့ ဦးနှောက်ဆေးရအောင် နက်ဖြန် သင်္ဘောနဲ့ မြစ်လမ်းခရီးထွက်မယ်။ ခင်ဗျားလိုက်မယ် ဟုတ်လား၊ အဲဒီရွာတွေ ကျုပ်ကြည့်စရာ အလုပ်နည်းနည်းရှိနေတယ်။ ခင်ဗျားလိုက်ရင် ရှေးက တနင်္သာရီမြို့တော်ဟောင်းကိုလည်း ပြရတာပေါ့"

"စိတ်မရှိပါနဲ့ခင်ဗျာ၊ နောက်တစ်ခေါက်မှပဲ လိုက်ပါတော့မယ်။ ခု သုံးယောက်စလုံးကို ပုံဆွဲရင်းတန်းလန်း ဖြစ်နေလို့ပါ"

"အားလုံး နေသားတကျပဲပေါ့"

"ဟုတ်ကဲ့"

"ဒါဖြင့် နေရစ်တာပေါ့ဗျာ၊ ကျုပ်စားပွဲထိုး ရှိရစ်မှာပဲ၊ ခင်ဗျားပြောတယ်ဟုတ်လား၊ ခင်ဗျားကိုပါ မျက်စောင်းထိုးတယ်လို့၊ သူတို့ဟာတွေ အလကားပါဗျာ၊ ခင်ဗျားနဲ့ဘာဆိုင်တာမှတ်လို့ပဲ။ ကျုပ်မရှိပေမယ့် ကလပ်သွားမြဲသွားပါ။ တင်းနစ်ကစားချင်ကစား၊ ကျုပ်ဂေါ့ဖ်ကို ယူရိုက်ချင်လည်း မစ္စစ်ပူးလ်နဲ့ ရိုက်တာပေါ့"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ နို့ပေမယ့် ကျွန်တော်လည်း အလုပ်တွေ စီစဉ်ပြီးသားက အများကြီးပဲ၊ နောက်ပြီး ဇလွန်မင်းသားကြီးတို့တစ်တွေကလည်း ကျွန်တော့်အပေါ် အင်မတန် ကောင်းရှာကြတယ်။ အမှန်ပြောရမှာဖြင့် အလုပ်အားနေလို့ ကလပ်သွားမယ့်အစား သူတို့အိမ်ပဲ သွားလည်ချင်သေးတယ်။ ကျွန်တော့်အလုပ်ကလည်း မြန်မာပြည်နဲ့ မြန်မာလူမျိုးတွေကို ပန်းချီဆွဲဖို့ဆိုတော့ သူတို့နဲ့ မကစားချင်တော့ပါဘူး"



"အဲဒါလည်း မှန်တယ်၊ ကျုပ်သာ ခင်ဗျားလို ဆွဲတတ်ချင်တာပဲဗျာ၊ နို့ပေမယ့် ကျုပ်အလုပ်ကတော့လည်း သူတို့နဲ့ ကင်းလို့မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ဗျာ ဒီကောင်တွေဟာ ခင်ဗျားဘယ်သူလဲလို့သာသိရင် လာဒူးတုပ်မယ့်ကောင်တွေပါ။ ဘယ့်နှယ်လဲ ဖုံးထားရဦးမလား"

"ဖွင့်တော့ မပြောပါနဲ့ဦးခင်ဗျာ၊ မသိကြသေးရင်။ ဘာလို့လဲဆိုတော့ ဒီဂုဏ် ဒီဘွဲ့ထူးရှိမှ လူတစ်ယောက်ဟာ အရာရောက်ရတော့မလား၊ ပင်ကိုယ်အရည်အချင်းမရှိသလိုဘဲ"

"ကဲ ဒါဖြင့် ကောင်းပါပြီ အရှင်ဘုရား၊ နောက်ထပ်မပြောတော့ပါဘူး။ (အရေးပိုင်သည် အားရပါးရရယ်ပြီးနောက်) ခင်ဗျားကို မြို့စားကြီးလို့ ကျုပ်ကဖြင့် အရေးမပေးတဲ့အကြောင်းကို သိရအောင် ခင်ဗျားကို နှင်ရတော့မယ်ဗျို့။ ကျုပ် အလုပ်တွေရှိသေးတယ်"

ဤသို့ပြောလိုက်သဖြင့် ပန်းချီဆရာကလေးလည်း ရယ်မော၍ အခန်းထဲမှ ထွက်ခဲ့လေ၏။ မစ္စစ်ပူးလ်နှင့် ယတိပြတ် အဆက်အသွယ်မရှိခဲ့သော် ပန်းချီဆရာကလေးအဖို့ အနှောင့်အယှက်ဟူ၍ ဘာမျှမရှိတော့ပြီ။ ရုံးမှ အိမ်သို့ စိတ်ပေါ့ လက်ပေါ့ဖြင့် ပြန်ခဲ့ရာ၊ ပင်လယ်ဆီမှ လေပြည်လေညင်းကလေးသည် ဝါးရုံပင်နှင့် အခြားသစ်ပင်များအကြားက ကလူကျီစယ်၍ နေလေရာ၊ ပန်းရနံ့ကလေးများနှင့် အေးမြသောလေပြေ၏ အတွေ့တို့ကြောင့် ဒုက္ခအပေါင်းကိုပင် မေ့ပျောက်၍နေလေ၏။

အိမ်ဆင်ဝင်သို့ရောက်လျှင်ပင် နတ်ရှင်မယ်၏ အစေခံမိန်းကလေးတစ်ယောက်သည် လက်တွင် စာတစ်စောင်ကိုကိုင်လျက် စောင့်နေနှင့်သည်။ စာပါကား...

www.burmeseclassic.com



"အချစ်ရေ ...

ရုံးကပြန်လာရင် အိမ်ကိုလာပါလားကွယ်၊ ဘ,ဘုရားက ဒီနေ့ ၃ နာရီမှာ ပုံဆွဲခံမယ်တဲ့၊ အဲတော့ စောစောလာနိုင်ရင်တော့ နှစ်ယောက်တွေ့ပြီး စကားတွေ များများပြောနိုင်တာပေါ့။"

နတ်ရှင်မယ်

ပန်းချီဆရာကလေးသည် အထက်ပါစာကိုဖတ်ပြီးနောက် အစေခံမိန်းကလေးအား စောင့်နေရန် လက်ဖြင့် ပြခဲ့ပြီး ပုံဆွဲကိရိယာများယူရန် အိမ်ပေါ်သို့ အပြေးကလေးတက်၍ သွားလေတော့၏။ မကြာမီပင် နှစ်ဦးသား လမ်းပေါ်တွင် တစ်ယောက်စကားတစ်ယောက် နားမလည်သဖြင့် တိတ်ဆိတ်စွာ လျှောက်၍လာကြလေ၏။ နတ်ရှင်မယ်မှာ အပေါက်ဝမှ မျှော်၍နေသူဖြစ်ရကား၊ ပန်းချီဆရာကလေး လာလျှင်လာချင်း အိမ်ဦးခန်းထဲသို့ခေါ်၍သွားလေ၏။ တံခါးကို ပိတ်လိုက်လျှင်ပင် ပန်းချီဆရာကလေးသည် ချစ်မဝနိုင်သော မျက်လုံးတို့ဖြင့် နတ်ရှင်မယ်အား ပြုံးရွှင်စွာ စိုက်ကြည့်ပြီး "စာရတော့ သိပ်ဝမ်းသာတာပဲ အချစ်ရယ်" ဟု ပြောလိုက်လေ၏။

မကြာခင် အမှုအကြောင်းစကား စပ်မိရာ...

"ဘ,ဘုရားက မှန်တယ်ထင်တာဘဲ"

"မှန်ပါတယ်၊ ပူးလ်ဟာ သူ့လည်ပင်း သူကြိုးကွင်းတပ်တဲ့လူပဲ၊ ခုလည်း နောက်ထပ် သူတို့ အယူခံကြလိမ့်ဦးမယ်ထင်တယ်"

"ဒါတော့ သူတို့တတ်နိုင်သလောက်ပေါ့၊ မျက်နှာဖြူတွေဟာ ဒီလိုချည်းပါပဲ၊ ရှင်တစ်ယောက်သာ သူတို့စိတ်မျိုးမရှိတာ တွေ့ရဖူးတယ်"



"ကျွန်တော်လို ပန်းချီဆရာတစ်ယောက်မှာ ဒီစိတ်မျိုး ဘယ်ရှိမလဲ"

"ပန်းချီဆရာ ဖြစ်တာကြောင့်ချည်း မဟုတ်ဘူးရှင့်၊ ရှားကို ရှားပါတယ်"

"အင်္ဂလန်မှာတော့ ကျွန်တော့်လိုလူမျိုးတွေ များပါတယ်"

"ဟာ အင်္ဂလန်တော့ ဟုတ်တာပေါ့၊ ပြီးတော့ ကျွန်မတို့လို ဟိုမှာ ရောက်ဖူး နေဖူးလို့ အကြောင်းစုံသိပြီးသားလူများက မြန်မာနိုင်ငံရောက် အင်္ဂလိပ်တွေရဲ့ စိတ်သဘောထားသေးသိမ်တာ တွေ့ရတော့ သာပြီး မခံချိသေးတယ်"

"နို့ပေမယ့် ဒဲလားဟု ကတော့ ..."

"အင်း– သူတော့ အစိုးရအရာရှိ လုပ်ရာမှာ တရားပါတယ်။ ပေါင်းသင်းဆက်ဆံရာမှာလည်း တော်ပါသေးရဲ့။ နို့ပေမယ့်လည်း သိပ်တော့ မဟုတ်လှပါဘူး။ နောက်ပြီး ဘောကင်းရန်ကင်းကိုသာ ရွေးပြီး သူများနဲ့ဆန့်ကျင်ရမှာကို အင်မတန်ကြောက်တတ်တယ်။ တခြားဟာမကြည့်နဲ့၊ မပြောပလောက်တဲ့ကိစ္စကလေးတစ်ခု ပြောပြမယ်။ ကျွန်မ အင်္ဂလန်ကပြန်လာတယ်ဆို၊ တစ်ခါမှ သူ့အိမ် လာလည်ဖို့ မဖိတ်ဖူးဘူး။ ဒါဟာ ဘာကြောင့်လဲသိလား၊ မြန်မာတွေနဲ့ ရောတယ်။ မြန်မာဘက်လိုက်တယ်လို့ သူ့ကို အပြောခံရမှာ ကြောက်လို့"

"သြော်– ဒီလိုကိုး၊ အတော်ရယ်စရာကောင်းတယ်နော်၊ ဒါဖြင့် မြန်မာပြည်ကို အုပ်စိုးတဲ့လူမျိုးဟာဗျာ မြန်မာ့အကြိုက် မြန်မာဘက်မလိုက်ရင် ဘယ်သူဘက် လိုက်ရဦးမှာတဲ့လဲ"

"အင်္ဂလိပ်ဘက် လိုက်ရမှာပေါ့၊ အင်း– ရှင်ပြောတဲ့စကားတွေဟာလည်း ပန်းချီဆရာအဖြစ်နဲ့ ပြောတာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီဆရာအနေ မဟုတ်ပါဘူး။ အင်္ဂလိပ်တစ်ယောက် အနေနဲ့ပါ"

"ကဲ- ဒါဖြင့် အင်္ဂလိပ်လူမျိုးကြီးရယ် (နတ်ရှင်မယ်ကလေးသည် ကိုယ်ကလေးကို ရှေ့သို့ငိုက်၍ ပြုံးကြည့်လိုက်ရာ)

"ကျွန်တော် အိုင်းရစ်လူမျိုးပါ"

"ကဲ ဒါဖြင့် အိုင်းရစ်လူမျိုးကြီးရယ်။ ဒါနဲ့ မဘုရား ဒီအကြောင်းနဲ့ပတ်သက်ပြောတာ မှတ်မိသေးသလား"

ပန်းချီဆရာကလေးသည် ကျေနပ်စွာ မွေးလိုက်ပြီးနောက် အစေခံမိန်းကလေးကို လှည့်ကြည့်ရာ၊ မတုန်မလှုပ် ကျောပေး၍ နေသည်ကိုသာ တွေ့ရလေ၏။

မင်းသမီးလေးက "ဒီကောင်မလေးက ကိစ္စမရှိပါဘူး၊ နားမကြား စကားမပြောနိုင်တဲ့ ကလေးမပါ"

"အဲဒါ သာကြောက်ရတယ်"

"မဘုရားက တမင်ရွေးပေးထားတာပဲလေ၊ ကျွန်မဖို့တဲ့၊ ဘာရယ်လို့တော့မသိဘူး။ အ-သာ, အ-တာ အင်မတန် သစ္စာရှိတယ် ကျွန်မကိုလည်း သိပ်ချစ်ပုံရတယ်"

နတ်ရှင်မယ်နှင့် ပန်းချီဆရာကလေးသည် ခုံကလေးတစ်ခုပေါ်တွင် နှစ်ဦးသား ထိုင်ကြပြီးနောက် ပန်းချီဆရာကလေးက-

"နက်ဖြန်ကာ အရေးပိုင် တောသွားမလို့တဲ့"

"သူ့အလုပ်ရှိရင် သွားရမှာပေါ့"

"နားထောင်ပါဦးလေ၊ အရေးပိုင်က သူ့အိမ်ကို တစ်ခါမှ မဖိတ်ဖူးဘူးလို့ ပြောတယ်မဟုတ်လား။ သူ တောသွားတော့ ကျွန်တော့်ကို အိမ်ပါအပ်ထားခဲ့တယ်။ ဒါကြောင့် ကျွန်တော်က



အိမ်ရှင်လုပ်ပြီး ဖိတ်ချင်လို့ပါ။ လာမယ်မဟုတ်လား။ ပန်းချီဆွဲဖို့ အခန်းကလေး ပြင်ထားတာကိုလည်း ပြချင်လို့"

နတ်ရှင်မယ်သည် ခဏမျှ စဉ်းစားပြီးနောက် "ကျွန်မလာဖို့ မလွယ်ဘူးထင်ပါရဲ့ရှင်" ဟု ပြောလေ၏။

"ခိုင်းတဲ့မိန်းကလေးတစ်ယောက်နဲ့ အမှတ်တမဲ့ ထွက်ခဲ့လို့ မဖြစ်ဘူးလား"

"စဉ်းစားဦးမယ်လေ၊ ဘိုးတင်လည်း သန်ဘက်ခါလောက် ဒီကိုလာလိမ့်မယ်"

"သူလာရင် ဘာပြောမယ်လို့ စဉ်းစားပြီးပလား"

"အို- ဒီအကြောင်း ခု မမေးပါနဲ့ဦး၊ ကျွန်မ ဘာမှမစဉ်းစားရသေးဘူး။ စိတ်ညစ်လွန်းလို့ ဘယ်လိုပြောရမယ်ကို မသိဘူး"

"ဒါဖြင့်လည်းဗျာ အရေးပိုင်အိမ်မှာ နှစ်ယောက်ဒီအကြောင်း တိုင်ပင်သေးတာပေါ့၊ လာသာလာပါ"

"လာရင် ဘယ်အချိန်လောက် လာရပါမလဲ ဟင်"

"တစ်ချက်လောက် လာခဲ့ပါလား၊ ထွက်ဖို့လွယ်တဲ့အချိန်ပေါ့"

"ကဲရှင် ကောင်းပြီ ဘာဖြစ်ဖြစ် လာခဲ့မယ်"

"ကြောက်စရာမရှိပါဘူး၊ ဟုတ်လား အချစ်ရယ်"

"တိုင်ပင်စရာက ရှိနေသေးတော့ လာရတော့မှာပေါ့"

"ခမည်းတော်ကြီးတော့ ဒီအကြောင်းတွေ ရိပ်မိမယ် မထင်ပါဘူး"

"ဒီနေ့လာခဲ့ဖို့ သူက အမိန့်ရှိတာပဲ"

"ဒါဖြင့် မယ်တော်ကြီးကော"

www.burmeseclassic.com

www.burmeseclassic.com



"သူတော့ မပြောတတ်ဘူး။ သူ့အတွက် အတော်အတွေးရခက်တာ"

"တကယ်လို့များ သိသွားရင် ဘယ်လိုများ စီမံလိုက်မလဲ မသိဘူးနော်"

"သိသွားရင် ရှင်ရော ကျွန်မရော မတွေးနိုင်တဲ့ အဆန်းတစ်ခုကို စီမံလိုက်မှာပဲထင်တယ်"

"ကျွန်တော့်ကို မုန်းဖြင့်မုန်းမယ် မထင်ပါဘူးနော်"

ပုံဆွဲခြင်းအလုပ်မှာ ချောချောမောမောပင် သွားလျက်ရှိသည်။ မင်းသမီးကြီးသည် ပထမနေ့ကသာ သူ့သမီးနှင့် ပန်းချီဆွဲစဉ် အချိန်အတွင်း စကားလှမ်း၍ပြောသည်။ နောက်နေ့များတွင်ကား ငြိမ်သက်စွာပင် မျက်လွှာကိုချ၍ ထိုင်လျက် အချိန်တန်သောအခါ ပြန်လွှတ်လိုက်သည်။ ထိုအတောအတွင်းပင် ပန်းချီဆရာကလေးနှင့် တွေ့လိုသည့်အကြောင်းကိုလည်း တစ်ခါမျှ စကားမစပ်ဘဲနေလေ၏။

နတ်ရှင်မယ်က ပန်းချီဆရာကလေးအား...

"တွေ့ရင် သတိထားနော်... မဘုရားက ရှေးတုန်းက ဇာတ်ထဲ ဝင်က,ဖူးတယ်။ ခု ပုံဆွဲခံတဲ့အမူအရာတောင် ဝိပဿနာအလုပ်ကို တကယ် လုပ်တာမှဟုတ်ရဲ့လား။ အဲဒီဟန်မျိုး တမင်လုပ်နေတာလားလို့ တွေးမိတယ်။ သူ အစုံလုပ်တတ်တယ်။ ယောကျ်ားယောင်ဆောင်နိုင်တယ်။ တစ္ဆေယောင်ဆောင်နိုင်တယ်။ အို... အင်္ဂလိပ်မ,လိုတောင် တူအောင်လုပ်တတ်တယ်။ အသံဆိုရင်လည်း ဘာမဆို တူအောင်လိုက်ဆိုနိုင်တယ်၊ အဲတော့ ရိပ်မိမယ်-မရိပ်မိဘူးဆိုတာ တွေးဖို့က အခက်သားပဲ" ဟု သတိပေးနေစဉ်ပင် အစေခံမိန်းကလေးတစ်ယောက်သည် အခန်းထဲသို့ ရုတ်တရက်ဝင်လာပြီး



နောက် နတ်ရှင်မယ်၏ရှေ့တွင် ဒူးတုပ်လျက် "မ,ဘုရားက သခင်မလေးကို တွေ့လိုလို့ပါတဲ့" ဟု ပြောလာရာ၊ နတ်ရှင်မယ်မှာ လန့်သွားလျက် ပန်းချီဆရာကလေးဘက်သို့လှည့်၍ "ကျွန်မကို လာခေါ်နေတယ်၊ ဘာများလုပ်မလို့ပါလိမ့်၊ ကဲ ခဏနေရစ်ဦးနော်၊ ချက်ချင်းပြန်လာခဲ့မယ်" ဟု ပြော၍ လိုက်ပါသွားလေတော့၏။

ပန်းချီဆရာကလေးမှာ အခန်းထဲတွင် ထွေရာလေးပါးကို စိတ်ကူးရင်း ထိုင်နေရာ၊ အနီးရှိ ဆွံ့အ,သောမိန်းကလေးကိုပင် သတိမရအောင် ရှိတော့၏။ အတန်ကြာသည့်တိုင်အောင် နတ်ရှင်မယ် ပြန်မလာမှ အစေခံမိန်းကလေးကို သတိထားမိသဖြင့် သေချာစွာ ကြည့်လိုက်ရာ မိမိကိုကျောပေး၍ မတုန်မလှုပ် ငြိမ်သက်စွာထိုင်၍ နေသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ပုံဆွဲခဲတံကိုထုတ်၍ ၎င်းမိန်းကလေး ကျောပေး၍ ထိုင်နေပုံကို တိတ်ဆိတ်စွာ ပုံတူရေးဆွဲ၍ နေလေ၏။ မိမိပုံဆွဲအလုပ်တွင် မည်မျှ စိတ်ပါဝင်စား၍သွားသည်မသိ၊ နတ်ရှင်မယ် ပြန်လာသံကိုပင် မကြားမိဘဲ အနီးတွင်လာ၍ရပ်တော့မှပင်...

"ဟင် ပြန်လာပြီလား" ဟု မေးမိလေ၏။

"ဆယ့်ငါးမိနစ်လောက်ကြာတယ်" ဟု ပြုံးရွှင်စွာပင် ပြန်၍ ပြောသဖြင့် ပန်းချီဆရာကလေးမှာ အားတက်သရော "ဘာတွေ ပြောလိုက်သလဲ" ဟု မေးလေ၏။

"ကျွန်မ သူ့အခန်းထဲဝင်သွားတော့ မ,ဘုရားက ပြုံးပြုံးရွှင်ရွှင်နဲ့ ဆီးနှုတ်ဆက်တယ်၊ သမီးတော်ကို အခေါ်လွှတ်လိုက်တဲ့ အကြောင်းက ပန်းချီဆရာ အင်္ဂလိပ်လေးကို မ,ဘုရား အတွေ့ခံမယ်လို့ စိတ်စဉ်ပြီးတဲ့အကြောင်း ပြောဖို့ပဲတဲ့။ ကျွန်မဖြင့် အခုလို မမျှော်လင့်ဘဲ ကြားရတော့ အံ့အားကို သင့်သွားတာပဲ။ ပြီးတော့ 'ခု သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲတဲ့’ ရှင် ဒီအိမ်ထဲမှာ ရှိနေတာကို သူသိတယ်ထင်တယ်။ အိမ်ဦးခန်းထဲမှာ ဘာဘာ,ဘုရားကို ပုံဆွဲဖို့ စောင့်နေပါတယ်လို့ ပြောလိုက်တော့ ‘အဟင်း’ လို့ ရယ်လိုက်သေးတယ်။ ကဲ ဒါဖြင့် ခေါ်ခဲ့၊ အင်္ဂလိပ်လို ညှော်ခံမယ်တဲ့၊ ကဲ မဆန်းဘူးလား”

“ဟုတ်ပါရဲ့ခင်ဗျာ၊ အတော်တော့ အံ့သြဖို့ကောင်းတာပဲ”

“သူ စောင့်နေလိမ့်မယ်၊ ကျွန်မတို့ သွားကြစို့” ဟု နတ်ရှင်မယ်က ဆိုသဖြင့် အစေခံမကလေးပါ သုံးဦးသား အခန်းမှ ထွက်ခဲ့ကြလေ၏။ ယခင်က ပန်းချီဆွဲပေးရသည့်အခန်းဆီသို့ သုံးဦးသား သွားကြ၍ မှန်ထားရာအခန်းသို့ ရောက်ကြသော်၊ နတ်ရှင်မယ်က “ဟိုဘက်ခန်းမှာ ညှော်ခံမှာတဲ့” ဟု ညွှန်ပြသဖြင့် ပန်းချီဆရာကလေးသည် အတွင်းသို့အရောက် ဝင်၍မသွားခင် မိမိကိုယ်ကို သပ်သပ်ရပ်ရပ်ရှိစေခြင်းငှာ လည်စည်းကို ဆွဲ၍တင်းပြီး ဗိုလ်ဆံတောက်ကို ဖိ၍သပ်လျက်–

“ကဲဗျာ ကြည့်စမ်းပါဦး သပ်ရပ်ရဲ့လားလို့ မရှိမသေရှိတယ် ရယ်လို့ စိတ်ဆိုးများနေပါဦးမယ်”

“ဘာမှ မကြောက်ပါနဲ့ရှင် စိတ်တင်းထားပါ”

“မကြောက်ပါနဲ့ ဆိုပေမယ့် ဒူးတွေတော့ တုန်နေတာပဲ”

“ရှင်ကလည်း ဆရာ့အခန်း အရိုက်ခံဖို့ ဝင်တဲ့ကလေးကျနေပြီ၊ ကဲပါ မကြောက်ပါနဲ့”

“ကျွန်တော်တော့ မြန်မာစကားသာ ပြောတတ်ချင်တာပါပဲဗျာ”

“အမယ်လေး ထီးမှုနန်းရာနဲ့ ပြောတတ်ဖို့က ၅ နှစ်လောက် သင်ရလိမ့်ဦးမယ်။ ဒီ ငါးနှစ်လည်း စောင့်မနေနိုင်ဘူး။ ခုလည်း အင်္ဂလိပ်လို ညှော်ခံမှာပါတဲ့ရှင်”



“အင်္ဂလိပ်လိုဆိုတာ ဘယ်လိုလုပ်မှာကို ပြောတာပါလိမ့်ဗျာ”

“မသိဘူးလေ– နို့ပေမယ့် ထီးမှုနန်းရာတွေ မပါတော့တာ တော့ သေချာတာပဲ”

“ခင်ဗျား သူ့အဆောင်ဝင်ရမှာ မကြောက်ဘူးလား”

“ကျွန်မတော့ မကြောက်ပါဘူး။ ဒီနေ့ ပြုံးပြုံးရွှင်ရွှင်နဲ့ သူ့မျက်နှာ ကြည်ကြည်သာသာ တွေ့ခဲ့ရတာပဲဟာ”

“ကဲ ဒါဖြင့်လည်း သူ့အခန်းထဲမဝင်ခင် အပြင်မှာ ကျွန်တော်နဲ့ ခင်ဗျားနဲ့ တစ်ခါလောက် မွေးကြပါဦးစို့ဗျာ”

“ရှင်... အဲဒီလိုသာ အချိန်ဆွဲနေရင် မွေးတော့ မမွေးဘူး၊ ဘေားတစ်ချက်လောက် တွယ်လိုက်ရလိမ့်မယ်”

နှစ်ဦးသား တံခါးကိုဖွင့်၍ ဝင်လိုက်ကြသော်လည်း စန္ဒမာလာ မင်းသမီးကြီးသည် ကိတ်မုန့်များ၊ ထောပတ်များ၊ ယိုများဖြင့် ခင်းကျင်းပြင်ဆင်၍ ထားအပ်သော စားပွဲကြီးထိပ်တွင် လက်ဖက်ရည် ကရားကို ကိုင်၍ ထိုင်နေနှင့်သည်ကို တွေ့ကြရလေ၏။

မင်းသမီးကြီးကပင် စတင်၍ “ကဲ... မစောင့်နိုင်လို့ ကျုပ် တောင် သောက်နှင့်ပြီ၊ ထိုင်ထိုင်၊ မာရဲနော် မစွတာမန်ဂန်” ဟု ပီသ သွက်လက်လှသော အင်္ဂလိပ်စကားဖြင့် ဆီး၍ နှုတ်ဆက်လေရာ၊ နှစ်ဦးစလုံးပင် အံ့အားသင့်၍နေကြလေ၏။

“လက်ဖက်ရည်က ခပ်ဖန်ဖန် ကြိုက်သလား၊ ကျုပ်တော့ ဖန်မှ သောက်တတ်တယ်။ မောင်တို့ အင်္ဂလိပ်တွေက လက်ဖက်ရည် သောက်တဲ့အကျင့် မြန်မာပြည်ကို စ,ပေးတာတော့ တယ်ကျေးဇူးတင် စရာကောင်းကွယ်။ နို့ပေမယ့် မောင်တို့ အင်္ဂလိပ် အမယ်ကြီးတွေ တချို့ကတော့ ဖန်ရင် မသောက်တတ်ပြန်ဘူးတဲ့။ အစားကြေမှာ စိုးလို့ဆိုပဲ၊ ကဲ– သောက်ပါဦး။ ထောပတ်နဲ့ ပေါင်မုန့်ကိုကော

www.burmeseclassic.com

www.burmeseclassic.com



သုံးဆောင်ပါ။ ဘာမှ အားနာစရာမရှိပါဘူး။ ခုနင်ကပြောတာ ဘာတဲ့။ အစာမကြေမှာစိုးတာ၊ ဒီအစာမကြေဘူးဆိုတဲ့ ရောဂါမျိုးများ ကျုပ်ဖြင့် တစ်ခါမှ မခံစားရဖူးပါဘူး မောင်ရယ်။ သွားဆိုရင်လည်း တစ်ချောင်းတည်းပဲ ကျိုးဖူးသေးတယ်။ ဒီအသက် ဒီအရွယ်သာ တိုင်ပါရော၊ အဲဒီတစ်ချောင်းတောင်မှ ဆင်ဗိုလ်ကြီးဆိုရာ ကြားဖူးရဲ့လား၊ မောင်ကြားဖူးမယ် မထင်ပါဘူးလေ။ အမိပ္ပာယ်ကတော့ ဆင်တပ်မှာ အကြီးအကဲတစ်ယောက်လို့ ဆိုကြပါစို့၊ အဲ ခုပြောမယ့် အကြောင်းဟာ သက္ကရာဇ် ၁၈၈၀ လောက်က အကြောင်းပေါ့မောင်ရယ်။ ကျုပ် ဦးရီးတော် ထီးနန်းစိုးစံတော်မူစဉ်အခါက အဖြစ်အပျက်ပဲ၊ မောင့်နားထဲ ရှင်းနှင့်အောင်လို့ စောစောက ပြောထားရတာကိုး။ မဟုတ်ဘူးလား။ အဲဒီဆင်ဗိုလ်ကြီးက ဒီလိုမောင်ရဲ့၊ နှစ်သစ်ကူးတော့ နှစ်ဦး, လဦးမှာ ဘုရင့်တပ်တော်များ စစ်ရေးပြ ခင်းကျင်းရတဲ့မလေ့ ရှိတယ်။ ကျုပ်တို့ နှစ်သစ်ကူးက မောင်တို့လို ဒီဇင်ဘာ၊ ဇန်နဝါရီမှာ မဟုတ်ဘူးနော်။ ဧပြီလထဲမှာ။ အဲဒီတော့ အင်္ဂလန်လို ဆီးနှင်းတွေ ဘာတွေကျတဲ့ ရာသီမျိုးလို့ စိတ်ကူးမကြည့်နဲ့ဦး။ အဲဒီအခါတုန်းက ကျုပ်ကလည်း တကယ့် ကလေးအရွယ်ကလေးပဲရှိသေးတယ်။ ခေါင်းပေါ်မှာ ပိတောက်ရွှေဝါတွေ ဝေနေအောင် ပန်ထားတယ်။ ပြောမယ့် စကား ပြန်ဆက်ကြပါဦးစို့လေနော်။ စစ်ရေးပြခါနီးမှာ ဆင်တွေက မုန်ယိုနေကြတယ်။ ကျုပ်ဦးရီးတော်ကလည်း ရှုစားတော်မူလျက်ပဲ။ အဲဒီ ဦးရီးတော် ဘုရင်မင်းမြတ်ဟာ မောင်တို့အစိုးရက တစ်တိုင်းတစ်ပြည်ကိုပို့တာ ခံသွားရတဲ့ဘုရင်ပေါ့။ မောင်တို့အစိုးရဟာ ကျုပ်တို့ နန်းကျဘုရင်ကိုတော့ မသတ်ပေဘူး။ ဒိပြင်မောင်တို့ နိုင်တဲ့ ဘုရင်တစ်ပါးကိုတော့ သတ်ပစ်တယ်။ အဲဒီဘုရင်ဟာ ဘယ်သူတဲ့ လေ နှုတ်ခမ်းမွေးကြီးနဲ့ပါ။ အဲ အဲ ဝီလယံဆို မဟုတ်လား။ အင်္ဂလိပ်–



မြန်မာ စစ်ပွဲတုန်းက ကျုပ်တို့ဘက်ကတော့ အဲကျအဆုံးတွေ များ လိုက်တာ၊ မောင်တို့ဘက်ကတော့ သုံးယောက်ပဲသေတယ်ဆို မဟုတ် လား။ ဒါတောင် တစ်ယောက်က အရက်တွေ သိပ်မူးနေတာနဲ့ သူ့ကိုယ်သူ သေနတ်နဲ့ပစ်သေးတယ်ဆို ထင်ပါရဲ့။ နှုတ်ခမ်းမွေး ဆိုတော့ သတိရသေးတယ်။ ကျုပ်တို့ဘုရင်လည်း နှုတ်ခမ်းမွေးတော့ ရှိတာပဲ။ နို့ပေမယ့် လေထဲတော့ ကော့ထောင်မနေဘူး။ ကဲ ကိတ်မုန့် တစ်ခု စားပါဦး၊ လက်ဖက်ရည်ပန်းကန်လည်း ဒီဘက်ပေးလိုက်ဦး၊ ထပ်ထည့်ကြပါဦးစို့၊ ကျုပ်တို့ဘုရင်ရဲ့ နှုတ်ခမ်းမွေးဟာ လေထဲ ကော့ထောင်မနေတဲ့အပြင် အောက်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကျပြီး ပါးစပ်ပေါ်တောင် ဝဲနေသေးတယ်။ သူက သူ့နှုတ်ခမ်းမွေးတော့ အင်မတန်စုံမက်တာလား မောင်ရယ်၊ ခုနင်ကပြောနေတာ ဆင်တွေ မုန်ယိုတဲ့အကြောင်း မဟုတ်လား… ဟုတ်တယ်… ဘုရင်မင်းမြတ်က ဆင်တွေကို ကင်းမြီးကောက် ထောင်ခိုင်းတာကိုး၊ ဘာ့ကြောင့် ဒီလို ခိုင်းတယ်ဆိုတာ မောင်တော့ နားလည်မယ်မဟုတ်ဘူး။ ကျုပ်တို့ လောကီပညာဖြစ်တဲ့ ဗေဒင်ထဲမှာ ကင်းပုစ္ဆန်နက္ခတ်တစ်လုံး ရှိတယ်။ အဲဒီနက္ခတ်ဟာ ကင်းမြီးကောက်သဏ္ဍာန်ရှိတယ်။ ဒီနက္ခတ်နဲ့ စန်းနဲ့ ယှဉ်ပြိုင်တဲ့ အခိုက်အတန့်မှ ဆင်တွေကို ကင်းမြီးကောက် ထောင်ခိုင်း တာပဲ။ ဆင်တွေက မုန်ယိုနေတဲ့အချိန်ဆိုတော့ ခိုင်းတိုင်းမလုပ်ရုံမက ဘူး၊ မြေပြင်မှာ ခြေက,ကနေကြတော့တယ်။ ဘုရင်မင်းမြတ်က ဒီဟာမြင်တော့ ရာဇမာန်တော်ရှပြီး ဆင်ဗိုလ်ကြီးကို ခေါ်တာပေါ့၊ ကျုပ်စိတ်ထဲ ဒီအကြောင်းတွေဟာ မနေ့တစ်နေ့ကမှ ဖြစ်သလိုပဲ၊ အားလုံး ပြန်မြင်နေတယ်။ မှတ်မိသေးတယ်။ အဲဒီအချိန်မှာ ဆင်ဗိုလ် ကြီးဟာ အကျီရှည် အနီကြီးကိုဝတ်လို့ပေါ့။ မောင်တို့ အင်္ဂလိပ်တွေ ကျုပ်တို့ တိုင်းပြည်မှာလာပြီး အနိုင်ကျင့်ကြတော့ စစ်ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ မြန်မာအရာရှိတွေဝတ်တဲ့ ဝတ်လုံကို အတုခိုးပြီး မောင်တို့ အခု "ဂေါင်း" ခေါ်တဲ့ အင်္ကျီကို ထွင်ဝတ်တော့ မိန်းမတွေက တယ်ပြီး သဘောကျကြဆိုပဲ ကြားရတယ်။ ကျုပ်ကလည်း မောင်ရယ် စကားပြောမိမှဖြင့် စပ်မိစပ်ရာတွေ ပါတတ်ပါဘိသနဲ့။ မူလပြောရင်း အကြောင်းက ချော် ချော် ထွက်တတ်တယ်။ ကဲ- ဆင်အကြောင်း မရောက်ခင် လက်ဖက်ရည်သောက်ပါဦး။ အို- တော်ပြီလား၊ ဒါဖြင့် ကိတ်မုန့်တစ်ခုတော့ စားဦး၊ လုပ်ပါ- စားစမ်းပါဦးလေ။ အဲဒီ ဆင်ဗိုလ်ကြီးက သူ့ခေါင်းမှာ မောင်တို့ နားလည်တဲ့ ကိုင်ဇာဘုရင်ရဲ့ ခမောက်ကြီးမျိုးကို ဆောင်းထားတယ်။ နို့ပေမယ့် သူ့ခမောက်ရဲ့အချွန်က ကိုင်ဇာ့ဟာထက် ချွန်သေးတယ်။ ဘုရင်မင်းမြတ်က ခေါ်တော်မူလိုက်တော့၊ ရှေ့တော်မှာလာပြီး မြေကြီးပေါ် ပြားပြားဝပ် ခ,စားလာတာကိုး ...

"တယ်... ဒီအဝီစိသွားမယ့်အကောင်၊ ဆင်တွေကို ဘာတိုက်ထားသလဲ" လို့ မေးလိုက်တယ်...

"အဝီစိ ဆိုတာ ငရဲကိုပြောတာမောင်၊ ဗုဒ္ဓဘာသာ တရားတော်ကို ဖတ်ဖူးရင်တော့ နားလည်မှာပေါ့။ နို့ပေမယ့် ဖတ်ဖူးမယ် မဟုတ်ပါဘူး။ ဒါဟာလည်း မောင့်အပြစ်ရယ်လို့တော့ မဆိုနိုင်ဘူးလေ။ ခုမှရောက်ခါရှိသေးတာကိုး။ ကဲ- ခုပြောနေတာ ဘယ်ရောက်ပါလိမ့်၊ သြော်... ဘုရင်မင်းမြတ်က သူ့ဆင်ဗိုလ်ကြီးကို ငေါက်နေတယ်၊ ဆင်ဗိုလ်ကြီးဟာ ရှေ့တော်မှာ ပြားပြားဝပ်လာပြီး ခ,စားနေတယ်။ ဆင်တွေကလည်း တလင်းထဲမှာ အမိန့်တော်ကို နားမထောင်ရုံမက ခြေက,ကတဲ့ဆင်က, က၊ ခုန်ပေါက်နေတာကနေနဲ့၊ မုန်ယိုပြီး တစ်ကောင့်တစ်ကောင် တိုးလား ထိုးလား ဖြစ်နေကြတယ်။ အဲဒီနေ့ဟာ စစ်ရေးပြတဲ့နေ့ဆိုတော့ အင်မတန့်အရေးတကြီးပွဲကြီးပေါ့



လေ။ နောက်ပြီး ကျုပ်တို့မြန်မာစစ်တပ်မှာ ဆင်တပ်ဆိုတာ မောင်တို့ သံချပ်ကာကားတပ်လိုပဲ အရေးပါ အရာရောက်တဲ့တပ်ကလား မောင်ရဲ့။ အဲတော့ ဘုရင်မင်းမြတ်က အင်မတန် စိတ်ဆိုးပြီးတော့ "ငါ မေးတာပြောပါ၊ မောင်မင်း ဆင်တွေကို ဘာတိုက်ထားသလဲ" လို့ ဆိုတော့ "မှန်လှပါ အရှင်ဘုရား အခါတိုင်းတိုက်နေကျ အစာများပါပဲ" လို့ ပြန်ပြီး လျှောက်တယ်။ "အရှင်ဘုရား" ဆိုတဲ့စကားဟာ သူတို့တစ်တွေမှာ အပြစ်ရှိနေတဲ့အခါ သာပြီး အသံကျယ်ကျယ်နဲ့ လျှောက်တတ်သေးတယ်။ အဲတော့ ဘုရင်မင်းမြတ်က ထပ်ပြီးတော့ ဘယ့်နှယ် အခါတိုင်း အစာလဲ၊ မင်း အရက်တွေ တိုက်ထားသလား လို့ မေးတော့ "မှန်ပါတယ် တိုက်ထားပါတယ်" လို့ ပြန်လျှောက်တာကိုး၊ ဆင်တွေကတော့ ထိန်းမနိုင် သိမ်းမနိုင် ဖြစ်နေကြတာဘဲ။ နို့ပေမယ့် သူကလည်း ကြောက်တော့ "များလည်း မများပါဘူး။ အရက် တစ်အင်စီ တိုက်ပါတယ်။ သူတို့အားလုံး ဖျတ်ဖျတ်လတ်လတ်ရှိရုံ သွက်လက်ရုံတိုက်ရကြောင်းပါ" လို့ လျှောက်တင်တယ်။ "မောင်မင်း ဘာအရက်တွေတိုက်သလဲ" လို့ မေးပြန်တော့၊ အခါတိုင်းတော့ ထန်းရည်ပဲ တိုက်ပါတယ်။ ဒီကနေ့တော့ ဆင်ဖြူတော်ကို တိုက်တဲ့ အရက်ထဲက ယူပြီး တိုက်ပါတယ်လို့ ပြန်လျှောက်တယ်။ အဲဒီတွင် ဘုရင်မင်းမြတ်လည်း များစွာစိတ်ဆိုးတော်မူပြီး၊ "မိုက်ပါဘိဟယ်-ဆင်ဖြူတော်တိုက်တဲ့အရက်က ဘရန်ဒီပါတယ်။ နင့် ဘယ်သူက အမိန့်ပေးလို့ ဒီအရက် ယူတိုက်ရသလဲ။ ကဲ ဆင်ဖြူတော်ကို စောင့်ရှောက်ရတဲ့ဝန် ခေါ်စမ်း၊ သူ ဘယ်သူ့အမိန့်နဲ့ ဒီအရက်တွေ ထုတ်ပေးသလဲ၊ ခု အားလုံး ကမောက်ကမတွေ ဖြစ်ကုန်ကြပြီ၊ အင်မတန် ပွဲကြီးလမ်းကြီးနေ့မှပဲ အရက်တွေ အလွန်အကျွံအောင် တိုက်ထားနှင့်ကြသတဲ့။ နိုင်ငံခြားသားတွေလည်း ဒီပွဲတော်ကို

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်နေကြတာပဲ။ အားလုံး အရှက်ကွဲကုန်တော့မယ်” လို့ ပြောပြီး အင်မတန် စိတ်ဆိုးတော်မူတာနဲ့ “ကဲ ဒီကောင်တွေအားလုံးကို ထောင်သွင်းအကျဉ်းထားလိုက်စမ်း။ ဒီလောက်မိုက်လှတဲ့ သတ္တဝါတွေ” လို့ အမိန့်ပေးလိုက်တယ်။

ဒီအချိန်အခါမှာ စုဘုရားလတ်ကလည်း အနီးအပါးမှာပဲ ရှိနေတာမို့ သူ့မောင်တော်အနားသွားပြီး ရာဇဝတ်သင့်မယ့်လူဆိုရင် သူကယ်ဆယ်နိုင်တဲ့အကြောင်း သိပြီးဖြစ်လေတော့ “ဘယ့်နှယ် မောင်တော် ဒီဆင်တွေအားလုံးဟာ အရက်မူးနေတာမဟုတ်ပါဘဲကလား။ အရှင့်နှတ်ခမ်းမွေးကိုမြင်လို့ သဘောကျကြလွန်းလို့ ခုန်ပေါက် မြူးတူးနေကြတာပါ။ ဆင်တွေမပြောနဲ့ နှမတော်တောင် အရင်ကဖြင့် မောင်တော့်နှုတ်ခမ်းမွေးကို မြင်လိုက်ရရင် အင်မတန် ရယ်ချင်တယ်။ အဲဒီတုန်းကများ ဆင်ဖြူတွေကိုတိုက်တဲ့အရက် နှမတော် ယူသောက်တယ်လို့များ ထင်မိပါသေးသလား” လို့ မေးလိုက်တော့ “မထင်မိပါဘူး နှမတော်ရယ်” လို့ ဖြေတယ်။

“လူတိုင်း လူတိုင်းကိုပဲ မောင်တော်မေးကြည့်ပါ။ မောင်တော့်နှုတ်ခမ်းမွေးကိုမြင်ရင် မှုးကြီးမတ်ရာ သေနာပတိမှစပြီး အပျိုတော်တော်မကျန် အားလုံးရယ်မိ ပြုံးမိရုံမက အူမြူးလာသည်အထိ ဖြစ်ကြရတာပါပဲ။ ခုလည်း ဒီဆင်တွေဟာ နှမတော်တို့ ဖြစ်ဖူးသလို ဖြစ်ကြတာပါ”၊ “ကဲ ဆင်ဗိုလ်ကြီး မောင်မင်းတို့ကို ချမ်းသာပေးတော်မူတယ်” လို့ ဆိုလိုက်တော့၊ ဆင်ဗိုလ်ကြီးဟာလည်း ပြားပြားဝပ်နေရာ ရှေ့တော်က နောက်ဆုတ်ပြီး ထွက်ခဲ့ရတာကိုး။ နောက်ဆင်ဗိုလ်ကြီးလည်း သူ့အသက်ချမ်းသာရာရတာနဲ့ အားရဝမ်းသာ ဆင်တွေကို အမိန့်ပေးလိုက်တာ မောင့်နှယ်လေ မြေပြင်ကြီး ပတ်ပတ်လည်မှာ အမြီးတွေထောင်ပြီး ဆင်တွေ လှည့်ပတ်သွားကြတာဟာ



သိပ်ကြည့်ကောင်းတာ၊ ကျုပ်တို့တစ်တွေလည်း အံ့အားလည်းသင့်၊ ဝမ်းသာအားရလည်းဖြစ်နဲ့ ဘယ်လောက် စိတ်ပါလက်ပါ ကြည့်မိသလဲတော့ မသိဘူး။ ပွဲပြီးခါနီးတော့မှပဲ ကျုပ် သွားတစ်ချောင်း ဘယ်အချိန်က ဘယ်လိုလုပ်မိတယ်မသိဘူး။ ကျိုးသွားပြီး မျိုချလိုက်မိတာကို သိတော့တယ်။ ကဲ ဒီအကြောင်း ပြောမလို့ဟာ စကားကစပ်မိရင် အမျှင်မပြတ်နိုင်ဘူး။ နားထောင်ရတဲ့သူလည်း ငြီးငွေ့လှရော့မယ်။ ကျုပ်တော့ဖြင့် သွားရယ်လို့ ကျိုးဖူးတာ ဒီတစ်ကြိမ်ပါပဲ။ သြော်... စုဖုရားလတ် စုဖုရားလတ် တော်လည်းတော်ပါပေတယ်။ တချို့က ကျုပ်ကို စုဖုရားလတ်ရဲ့ခြေရာကို နင်းနိုင်သတဲ့လေ”

ထိုသို့ပြော၍ အပြီးတွင် ချက်ခနဲ အသံတစ်ခုကြားလိုက်ရပြီးနောက် ပိုးကားလိပ်ကြီးတစ်ခု အထက်က ကျလာပြီး စန္ဒမာလာမင်းသမီးကြီးအား ဖုံးကွယ်၍ပစ်လိုက်တော့သည်။ နတ်ရှင်မယ်က လေသံဖြင့် “ကဲ ဒါ့ပြည့်ခံပွဲပြီးတာပဲ။ ကျွန်မတို့ သွားကြစို့” ဟု ပြောရာ အခန်းတွင်းမှ နှစ်ယောက်သား ခြေဖျားထောက်၍ ထွက်ခဲ့ကြလေ၏။

အခန်း (၃) ခန်းမှ ကျော်လွန်မိမှ ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ် မင်းသမီးကလေးတို့သည် ရပ်တန့်၍ တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင် ကြည့်ကြတော့သည်။ ပန်းချီဆရာကလေးမှာ မင်းသမီးကြီးနှင့် တွေ့စဉ်ကမူကား အင်္ဂလိပ်စကားပြောနေခြင်း၊ ရည်မွန်စွာ အဆက်မပြတ် တခမ်းတနား ပြောနေခြင်းတို့ကြောင့် အံ့သြစွာပင် နားထောင်၍နေမိသည်။ သို့နားထောင်၍နေရာမှ ရယ်စရာကလေးများပါသဖြင့် ပျော်ရွှင်စွာ ရယ်မိပြန်သည်။ ထို့နောက် ရာဇဝင်ကြောင်းများကို စိတ်ပါလက်ပါ နားထောင်မိပြန်သည်။ စန္ဒမာလာမင်းသမီးကြီးကား ရှေးခေတ်ကို ပြန်၍ ဆွဲခေါ်သွားရုံမက

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ပါ မျက်စိတွင်မြင်၍လာအောင် အသက်သွင်း၍ ပေးပြန်သည်။ ထို့နောက် သူ့ကိုယ်ကိုပင် စုဖုရားလတ်နှင့် နှိုင်း၍ ပြောသွားပြန်သေးသည်။ ကားလိပ်တွေ ဘာတွေနှင့်လည်း အကယ်လိုလို ဇာတ်ပွဲလိုလို စီမံ၍ထားသေးသည်။

"ခင်ဗျားမယ်တော်ဟာ အတော့်ကို အံ့ဩဖို့ကောင်းတဲ့ အမျိုးသမီးကြီးတစ်ယောက်ပဲ။ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဒီလိုဟာမျိုး ကြုံကိုမကြုံဖူးဘူး။ ဒါတွေ ဘာအဓိပ္ပာယ်နဲ့ ဒီလိုစီမံထားပါလိမ့်မလဲလို့ တွေးမရအောင် ဖြစ်နေပြီ"

"သူ့စိတ်ထဲမှာ တစ်ခုခုရှိလို့ပေါ့"

"ပြောပုံ ဆိုပုံကလည်းဗျာ ရယ်လိုက်မောလိုက်နဲ့ ကျွန်တော်တော့ တွေးကိုမတွေးတတ်ပါဘူး"

"ရှင်တစ်ယောက်တည်းမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ သူ့ခြေလှမ်းကို အရင်မြင်နှင့်မယ့်လူ အရှားသားပဲ" ဟု နတ်ရှင်မယ်က ပြောပြီး နှစ်ယောက်သား အိမ်အောက်သို့ ရယ်မောရင်း ဆင်းခဲ့ကြလေ၏။

"သမီးတစ်ယောက်လုံး လုပ်နေပြီး ကိုယ့်အမေ အင်္ဂလိပ်စာ တတ်မှန်း မသိတာလည်း အတော်အံ့ဩစရာပဲနော်"

"ဒါတွင်မကသေးဘူး၊ ကျွန်မ မသိတာတွေ ဒီပြင်လည်း အများကြီးရှိဦးမှာမို့ ကျွန်မအဖို့တော့ မဆန်းတော့ဘူး"

"ခုလို ကျွန်တော့်ကို အတွေ့ခံပုံဟာ အင်္ဂလိပ်လို ဧည့်ခံတယ်လို့လည်း မဆိုနိုင်ပါဘူး"

"ပွဲထဲမှာ ဧည့်ခံရင်တော့ ဒီလိုဧည့်ခံမှာပါပဲ"

"ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့်ကိုတော့ ကြည်ဖြူပုံ ခင်မင်ပုံ ရပါတယ်"



"ကျွန်မ တွေ့ဖူးသမျှဖြင့် ရှင့်အပေါ် အပိုဆုံးပါပဲ"

"ကျွန်တော့်ကိုခေါ်ပြီး သရော်တာတော့ ဟုတ်မယ်မထင်ပါဘူးနော်"

"ဒါတော့ မဆိုနိုင်ဘူးရှင့်၊ သူက တစ်လောကလုံးကို သရော်နေတဲ့လူ"

"ကျွန်တော့်ကိုတော့ ဘယ်လိုရည်ရွယ်သလဲ မဆိုနိုင်ဘူး"

"ဒါတော့ ပျော်လို့ ကျီစားတဲ့သဘောမျိုးထင်ပါရဲ့"

"ဘာပဲဖြစ်ဖြစ်ခင်ဗျာ သူကတော့ နိုင်လိုက်ပါတယ်၊ ခုလို ဧည့်ခံတဲ့သဘောဟာ နောင်ကို ဘယ်လိုစခန်းသွားဖို့ လမ်းခင်းပေးတယ်ဆိုတာသာ မသိရတယ်"

"အဲဒါတော့ ကျွန်မလည်း မပြောတတ်အောင် ရှိတာပဲ"

ဤသို့ စကားပြောရင်း ဆင်းလာခဲ့ကြရာ... အခန်းထဲတွင် ဧလွှန်မင်းသားကြီးသည် ပုံဆွဲရန် ငြိမ်သက်စွာ စောင့်ဆိုင်း၍ နေသည်ကို တွေ့ကြရလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

# တောင်စောင့်တစ္ဆေများ

ထို နေ့ည ထမင်းစားပြီးကြသည့်နောက်တွင် ပန်းချီဆရာကလေးမှာ ထူးဆန်းလှသော နေ့ခင်းက အဖြစ်အပျက်များကို စဉ်းစားရင်း အရေးပိုင်နှင့်လည်း အမှုအကြောင်းနှင့် စန္ဒမာလာမင်းသမီးကြီးအကြောင်းများကိုသာ ထပ်တလဲလဲပြော၍ နေမိတော့၏။

"ခင်ဗျားကို ကျွန်တော် အစကလည်း ပြောသားပဲဗျ။ ဒီမိန်းမကြီးဟာ အဓိကရဝါသနာတစ်မျိုးထူးတဲ့ မိန်းမကြီးပဲလို့၊ နို့ပေမယ့် ဒီနေ့ ခင်ဗျားတွေ့ခဲ့ရပုံတွေကြားရတော့ အရင် ကျုပ်ကြားဖူးတာထက်တောင် ပိုပြီး ထူးခြားနေသေးတယ်။ သူနဲ့ ကျွန်တော်နဲ့ ရုံးကိစ္စအလုပ်ကိစ္စနဲ့ဆိုရင် စာချင်းဆက်ဆံဖူးတယ်။ လမ်းမှာတစ်ယောက်နဲ့တစ်ယောက် တွေ့ကြရင် နှုတ်ဆက်ကြတယ်။ နို့ပေမယ့် သူ့အိမ်ထဲမှာဖြင့် သူနဲ့ တစ်ခါမှ မတွေ့ရဖူးပါဘူး။ ကျုပ်သာ မဟုတ်ဘူး၊ တခြားလူတွေလည်း ခု ခင်ဗျားကိုခေါ်ပြီး ဧည့်ခံတာလို ဘယ်သူ့ကိုမှ ဧည့်ခံတယ်ရယ်လို့ မကြားဖူးပါဘူးဗျာ"



"ဒါဖြင့်ခင်ဗျာ ကျွန်တော့်ကိုမှ ဘာလို့ ထူးထူးခြားခြား အရေးစိုက်ရပါလိမ့်မလဲ"

"ခင်ဗျားက ဒီလိုခေါ်ဧည့်ခံတာကို အရေးပေးတယ်လို့ ထင်သလား"

"ဒါပဲရှိမှာပဲခင်ဗျာ၊ ဘာလို့လဲဆိုတော့ သူ့အမူအရာ စကားတွေပြောပုံ ဖော်ရွေပုံဟာက ကျွန်တော့်ကို သိပ်ဂရုစိုက်ပုံ ရတယ်"

"ဒါဖြင့် ခင်ဗျားဟာ မြို့စားကလေးဆိုတာ သိလို့နေမှာပေါ့"

"ကျွန်တော်တို့ ဖုံးထားတာပဲဟာ"

"အရှေ့နိုင်ငံမှာ သူတို့လို အထက်တန်းစားတစ်ယောက်မသိလိုက်တဲ့ကိစ္စရယ်လို့ ဘာမှမရှိဘူးဗျ၊ သတင်းပေးတွေ စုံထောက်တွေ မှိုလိုပေါက်နေတာပဲ"

"မြို့စားမို့ ဂရုတစိုက် ဧည့်ခံရင်လည်းခင်ဗျာ ဘာပြုလို့ပွဲထဲကစကားပြင်ကြသလို ဆင်အကြောင်းတွေ လျှောက်ပြောပြီး ကားလိပ်ချပစ်လိုက်ရသလဲ"

"ဒါကတော့ ဒီလိုထင်တယ်ဗျ၊ မိန်းမကြီး ဝါသနာက သူများထက် ထူးဆန်းတဲ့ ဝါသနာရှိတော့ သူ အင်္ဂလိပ်စကားတတ်တယ်ဆိုတာကို ခင်ဗျားတို့လူစု အထိတ်တလန့်သိစေချင်လို့၊ နောက်ပြီး သူ့အပေါ် ပိုအထင်ကြီးအောင် တမင်လုပ်တာလို့ ကျုပ်တော့ ထင်တာပဲ"

"နတ်ရှင်မယ်ကလည်း ကျွန်တော့် ဒီလိုပြောပြတယ်ခင်ဗျာ၊ ဒါဖြင့် ဒီပြင်ဘာမှ အဓိပ္ပာယ်အထွေအထူး မရှိဘူးပေါ့"

"အို… ဒါကတော့ ဒီလိုဗျ၊ ခင်ဗျားက အရှေ့နိုင်ငံမှာ ကြာကြာနေဖူးသေးတာမဟုတ်ဘူး။ ခင်ဗျားမပြောနဲ့၊ ကျုပ်တို့လို နှစ်ပရိစ္ဆေဒ အကြာကြီးနေတဲ့ လူတွေတောင်မှ အမြင် အထင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်မှာ ဘာအဓိပ္ပာယ်ရှိတယ်၊ ဘာဆိုလိုတယ်ဆိုတာကို နားမလည်နိုင်ဘူး။ ကျုပ်တို့ မျက်စိနဲ့မြင်တာကတစ်မျိုး၊ သူတို့သဘောကတစ်မျိုးပဲ၊ တိုင်းရင်းသားတွေကလည်း မှန်တဲ့အတိုင်း ဘယ်သူမှ ဖွင့်ပြောကြတာ မဟုတ်ဘူး။ သူတို့စိတ်ထဲ ဒီလိုဖွင့်ပြောရမှာကိုပဲ အားနာစရာလိုလို ဘာလိုလို ထင်နေကြတာ။ ဒါကြောင့် တကယ့်အဓိပ္ပာယ်တော့ ရှိမှာပဲ။ ဘာရယ်တော့ဖြင့် ခင်ဗျားတို့ ကျုပ်တို့ နားမလည်နိုင်ဘူး"

ဤသို့ ပြောပြီးနောက် အရေးပိုင်သည် လက်မှနာရီကို မြှောက်ကြည့်၍ "ဟာ ၁၁ နာရီတောင် ထိုးပြီဗျို့၊ ခင်ဗျားတော့ မပြောတတ်ဘူး၊ ကျုပ်တော့ အိပ်မှပဲ၊ မနက်လည်း အစောကြီး ထရဦးမှာ၊ ခင်ဗျားပါ လိုက်ခဲ့နိုင်ရင်တော့ ကျုပ်အဖို့ သိပ်ကောင်းပေ့ဗျာ၊ ဒါပေမဲ့ တစ်ကိုယ်ကောင်းကြံရာကျလှတယ်"

"အားနာပါတယ်ခင်ဗျာ"

"ခင်ဗျား မြန်မာပြည်ကိုလာရင် ကျုပ်အိမ်မှာတည်းဖို့ စာရေးလိုက်တုန်းက ခင်ဗျား ဒီရောက်လာရင် ကျုပ်အဖို့ ဘယ်လိုနေမယ်ရယ်လို့ မသိဘူး။ ခုဖြင့် ခင်ဗျားနဲ့ အဖော်ရနေတာမို့ ပြန်များသွားရင်တောင် တစ်ယောက်တည်း မနေတတ်တော့ဘဲ ဖြစ်နေဦးမှာတွေ မြင်ယောင်သေးတယ်"

"ကျွန်တော်မပြန်မချင်း ဒီလိုပဲ သဒ္ဓါကြည်ဖြူရှိပါစေ၊ စိတ်ပြောင်းစရာအကြောင်း မပေါ်ပါစေနဲ့လို့ ဆုတောင်းပါတယ်ခင်ဗျား"

"ဟာ မဖြစ်ပါဘူးဗျာ။ စိတ်သာချ၊ ကဲ- အိပ်ချေဦးမယ်နော်"

"ကျွန်တော်လည်း အိပ်ပါတော့မယ်"



ဤသို့ပြော၍ နှစ်ဦးသား ထိုင်ရာမှ ထခဲ့ပြီးလျှင် အသီးသီး ကိုယ့်အိပ်ခန်းသို့ ကိုယ်ဝင်ခဲ့ကြလေ၏။

ညမှာ လူခြေတိတ်၍ ဆိတ်ငြိမ်လှပေ၏။ ပန်းရနံ့များဖြင့် တကြုကြုသင်းနေသောလေအေးကလည်းအခန်းတစ်ခုလုံးကိုဖုံးလွှမ်း၍ ထားသဖြင့် ကြည်နူးစရာပင်။ ပြည့်ခါနီးသောလမင်းသည် ကြယ်အပေါင်းခြံရံလျက် ပန်းခြံကိုငုံ့၍ ကြည့်နေသလို မှတ်ထင်ရပေ၏။ ဝါးရုံပင်များမှာ လရောင်တွင် အခန့်သား ပျော်မြူး၍ နေကြသဖြင့် သစ်ပင်ရိပ်ကြီးများမှာ အတိုင်းမသိ နက်မှောင်၍နေတော့သည်။ အိပ်ရာပေါ်တွင် ငြိမ်သက်စွာ လဲလျောင်း၍နေသော ပန်းချီဆရာကလေးမှာ ပတ်ဝန်းကျင်၏ ချော့သိပ်သလိုနေမှုကြောင့် မကြာမီ အိပ်၍ ပျော်လေတော့မည်။ အရေးပိုင်အိမ်ကြီးမှာ မှေးမှေးရှိစဉ် ချိုးချိုးချွတ်ချွတ် မြည်၍နေသည်။ သို့သော် သစ်သားဖြင့် ဆောက်လုပ်သော အဆောက်အဦဟောင်းတိုင်းပင် ညချမ်းအချိန်၌ လေအေးတိုက်လျှင် သစ်သားများ ကျုံ့ဝင်ခြင်းကြောင့် မြည်တတ်ခြင်းဖြစ်သဖြင့် အမှုမထား ဂရုမပြုပေ။ မြည်သံများကား တဖြည်းဖြည်းနှင့် အိမ်အနံ့နေရာတကာမှ ထွက်ပေါ်၍လာသည်ဟု ထင်ရ၏။ အတန်ကြာသော် ကြမ်းပြင်နှင့် ထရံတွေလည်း မြည်လာသလို၊ အမိုးနှင့် မျက်နှာကျက်ကလည်း မြည်လာသလို၊ အိမ်ထောင့်မှုတွေကပင် မြည်လာသလို မှတ်ထင်၍ လာရ၏။ အိပ်ချင်လှပြီဖြစ်၍ အမှုမထားတော့ဘဲ "ကဲကွာ- မြည်ချင်သလိုမြည်နေစမ်း၊ ငါလည်း အိပ်တော့မယ်" ဟု အောက်မေ့လိုက်၏။ တစ်နေ့ပတ်လုံး လှုပ်ရှား၍နေသော ခန္ဓာကိုယ်ကြီးသည် ညအချိန်တွင် မလှုပ်မယှက် ငြိမ်သက်စွာဖြင့် အိပ်သည်ဟု ခေါ်သော မသေမရှင်အဖြစ်သို့ ဝင်၍ အနားယူ၏။ မှေးသည်မှစ၍ ယခုတိုင် ညပေါင်းမြောက်မြားအောင် အိပ်ခဲ့ပြီ၊ မိုးလင်းသော်

www.burmeseclassic.com

www.burmeseclassic.com



အသက်ဝင်သော လူကောင်အဖြစ်နှင့် အန္တရာယ်ကင်းစွာ တစ်ဖန်ပြန်၍ ထိုအိပ်နေရာမှ ထခဲ့၏။ ထို့ကြောင့် ယနေ့ညလည်း မျက်စိကို စုံမှိတ်၍ စိတ်ကို လျှော့ချလိုက်မည်ကဲ့သို့ရှိစဉ် နတ်ရှင်မယ်၏မျက်နှာကလေးသည် တရေးရေးနှင့် မှိတ်ထားသော မျက်လုံးအိမ်အတွင်းသို့ ပင်ဝင်လျက် သူငယ်အိမ်နှင့်ကပ်နေသလို မြင်၍နေတော့၏။ နတ်ရှင်မယ်၏ ကြည်၍ ရီနေသော မျက်လုံးကလေးအစုံသည်လည်းကောင်း၊ မေ့မရသော ချစ်စဖွယ် အပြုံးကလေးသည်လည်းကောင်း၊ နက်မှောင်သော ဆံပင်များသည် ပိုးပန်းပွားကဲ့သို့ ဝဲ၍ကျနေပုံသည်လည်းကောင်း၊ သူငယ်အိမ်ထဲမှ မထွက်ဘဲရှိနေစဉ် ရေချိုးခန်းတံခါးကို လက်ဖြင့် ပုတ်သလို အသံကို ကြားရလေ၏။ သို့သော် မနီးတနီးဖြစ်၍နေသဖြင့် ထ,မကြည့်ဘဲနေရာ နောက်တစ်ကြိမ် အဝတ်ဗီရိုကြီးပေါ်မှာ ထိုအသံမျိုးကို ကြားရပြန်လေ၏။ ပန်းချီဆရာကလေးကား မိမိအိပ်မက်လို နတ်ရှင်မယ်ကို မြင်နေသည့် အာရုံကိုသာ ပီတိဖြစ်၍နေသဖြင့် ဘာမှ ထွေထွေထူးထူး စဉ်းစား၍မနေတော့ဘဲ စိတ်ကူးယဉ်မြဲယဉ်၍နေတော့သည်။

လောကဓာတ်တစ်ခုလုံးကား ပြကတေ့ သာယာကြည်နူးဖွယ်ပင် ဖြစ်ပေသည်။ ကြည်လင်အေးမြသော လရောင်၊ မွှေးကြိုင်သော ပန်းရနံ့တို့၏အလယ်တွင် ပန်းချီဆရာကလေး၏ ဝိညာဉ်သည် ကိုယ်မှ ထွက်ခွာကာ လက်ယပ်၍ခေါ်သလိုနေသော လမင်းဆီသို့ ထွက်ခွာ၍သွားလေ၏။ နတ်တို့စံရာ ဝတီသာသို့ရောက်သော် မိမိချစ်သူ နတ်ရှင်မယ်ကလေးနှင့် တွေ့ရပြန်သဖြင့် ပင်လယ်ပြင်ဆီသို့ နှစ်ယောက်သား ထွက်ခဲ့ကြလေ၏။ လ,ရောင်အောက်တွင် လှေကလေးနှင့် ချစ်သူနှစ်ဦးတို့သည် တစ်ကျွန်းဝင် တစ်ကျွန်းထွက်နှင့် ညင်သာစွာ ခရီးဆက်၍နေလေ၏။ ကျွန်းကလေးများမှာ ခရီးသည်



ချစ်သူနှစ်ဦးကလွဲပြီး သက်ရှိသတ္တဝါဟူ၍ ကင်းမဲ့ရကား ငြိမ်သက်လှပေ၏။ အချို့ကျွန်းများတွင် ကျောက်ဂူကြီးများရှိ၍ ဝေလငါးကြီးများ လာရောက်အိပ်စက်နေတတ်သည်။ တောအုပ်ကလေးများတွေ့လျှင် ချစ်သူနှစ်ဦးသည် အရိပ်သဖွယ် ပေါ့ပါးလျင်မြန်စွာ ဝင်ထွက်သွားလာနေကြသော်လည်း၊ မောသည် ပန်းသည်ဟု မရှိ၊ ပျော်မွေ့၍သာ နေကြလေ၏။ ပင်လယ်ရေမှာ ကြည်လင်လှ၍ ရေအောက်ရှိ ပုလဲသန္တာကလေးများကိုပင် အတိုင်းသား မြင်ရလျက် နတ်ရှင်မယ်မင်းသမီးကလေးသည် ရေထဲတွင် ဆင်း၍ ငါးကလေးများသဖွယ် ကူးကာခတ်ကာ ပျော်မြူး၍နေပြန်သောကြောင့် ငါးရံ့ကိုယ်ကလေး၏ ပြေပြစ်ပုံမှာလည်း ကြည်လင်သောရေ၊ လှပသော အောက်ခံပင်လယ်မြေပြင်နှင့် ဝင်းထိန်သော လ,ရောင်တို့၏ အကူအညီဖြင့် ကြည့်မငြီးအောင် ရှိတော့၏။ ချစ်သူနှစ်ဦး ဤသို့သာ ပျော်မွေ့၍ မပြန်တမ်းနေရသော်...

ဤသို့ အိပ်မက်တွင် ကြည်နူး၍နေစဉ် ပျဉ်ကိုပုတ်သံ ပြင်းပြင်းကြီး ကြားရပြန်၍ လန့်နိုးလာ၏။ အသံမှာ ပုတ်သံမှ တစ်ဖန်လူနှစ်ယောက် လုံးထွေး၍ သတ်ပုတ်နေသလို ကြားရပြန်၏။ သို့သော် တစ်နေရာတည်းမှမဟုတ်ဘဲ တစ်ခါတစ်ရံ ကြမ်းပြင်ပေါ်မှ တစ်ခါတစ်ရံ အမိုးပေါ်မှ စသည်ဖြင့် နေရာအမျိုးမျိုးမှ ပြောင်းရွှေ့၍ ထွက်ပေါ်လာသောအသံ ဖြစ်ပေသည်။ ထို့နောက် လူအမြောက်အမြား အိမ်တွင်းသို့ ဝင်လိုသဖြင့် တိုးဝှေ့ကြသလို တွန်းထိုးကြသလို အသံများကို ကြားရပြန်၏။ ပန်းချီဆရာကလေးမှာ နိုးသည်ဟု ဆိုရသော်လည်း ကြည်ကြည်လင်လင်မဟုတ်သေးသဖြင့် ကြားသမျှကို ကြောက်ဖို့လည်း သတိမရ၊ လန့်ဖို့လည်း သတိမရနိုင်ဘဲ ခပ်ဝေဝေ စဉ်းစား၍နေလေ၏။ သို့သော် မကြာမီပင် အိပ်ရာမှ ခုန်၍ထလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



သူအိပ်နေသော ခုတင်ကို သွက်သွက်ခါအောင်ကိုင်၍ လှုပ်လိုက်မှ ဖုတ်ခနဲထ၍ ထိုင်ပြီး ခြင်ထောင်တွင်းမှ လှည့်ကြည့်လိုက်ရာ၊ လမ်းမှ မီးရောင်နှင့် လရောင်တို့ကြောင့် မြင်ပင်မြင်ရသော်လည်း ခြင်ထောင်သည် မြူများသဖွယ် ရှေ့မှဆိုင်း၍နေလေ၏။ အသံများမှာ ငြိမ်သက်၍သွားသော်လည်း တွန်းထိုးတိုးဝှေ့နေခြင်းများ ရှိသေးသည်ဟု အောက်မေ့နေစဉ် ခြေသံကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ၊ လူကြီးတစ်ယောက်သည် ဦးထုပ်ကြီးကြီးကိုဆောင်းလျက် အင်္ကျီရှည်ကြီးကိုဝတ်ကာ အိပ်ရာအနီးတွင် ရပ်နေသည်ကို တွေ့ရသဖြင့် လန့်၍သွားပြီး "လာကြပါဦးဗျို့-လာကြပါဦး" ဟု မျက်နှာကိုအုပ်၍ တအားအော်လိုက်မိတော့သည်။ မြင်ရသူမှာ ပန်းချီဆရာကလေး ရှိရာသို့လာ၍ ခြင်ထောင်အနီးတွင် ရပ်လျက်နေ၏။ သူ့မျက်နှာထားမှာ စိတ်ပျက်ဝမ်းနည်းစွာဖြင့် တစ်စုံတစ်ခုကို ပြောကြားလိုဟန် ရှိပေ၏။ ထိုသို့ပြောကြားရန် ကြိုးစားပေါင်းများလှသော်လည်း တစ်ခါမှ မအောင်မြင်ဘူးသဖြင့် ယခုတစ်ခါလည်း စိတ်ပျက်သည့် အသွင်ဖြင့် အားလျှော့ပုံရ၍နေပေ၏။ သူ့မျက်နှာမှာ အင်္ဂလိပ်ပင် ဖြစ်လင့်ကစား အိုမင်းရင့်ရော်၍ များစွာ အသက်ကြီးလှပြီဟု ထင်ရသည်။ ပန်းချီဆရာကလေးမှာ လက်ဝါးကိုဖွင့်၍ လှမ်းကြည့်လိုက်ရာ၊ လူကြီးမှာ ရှိမြဲရှိနေသေးသဖြင့် "ဒဲလားဟ-လာပါဦး-ကယ်တော်မူပါဦး" ဟု အော်လိုက်ရာ၊ ယခင်လူကြီးသည် ပန်းချီဆရာကလေး အနီးမှ ထွက်ခွာ၍ ဝရန်တာဘက်ဆီသို့ ထွက်သွားသည်ကို မြင်လိုက်ရပြီးနောက်၊ ပန်းချီဆရာကလေးလည်း အိပ်ရာပေါ်တွင် လဲ၍သွားလေ၏။

ထို့နောက် အရေးပိုင်၏ "ကျွန်တော့်ကို ခေါ်သလား" ဟူသော အသံကို ကြားရသဖြင့်...



"လာပါဦး၊ ကျွန်တော်ဖြင့် သိပ်ကြောက်တာပဲ မျက်စိနဲ့ကို မြင်ရပါတယ်" ဟု လှမ်း၍ ပြောလိုက်ရာ၊ အရေးပိုင် အပြေးအလွှား တက်လာသောခြေသံကိုကြားရသဖြင့် ဝရန်တာဆီသို့ ပန်းချီဆရာကလေးလည်း အိပ်ရာမှ ထခါလာခဲ့လေ၏။

"ခင်ဗျား လှေကားမှာ ဘာမှ မတွေ့ခဲ့ဘူးလား"

"မတွေ့ပါဘူး။ ခုကော ကြောက်နေသေးသလား"

"ကျွန်တော့်အိပ်ရာနားကိုလာရပ်တာပဲ၊ ကျွန်တော်လည်း ခုတင် သွက်သွက်ခါအောင်လှုပ်တာနဲ့ လန့်နိုးလို့ကြည့်လိုက်တော့ ဦးထုပ်ကြီးဆောင်းလို့ စုံကြီးရပ်နေလိုက်တာ"

ပန်းချီဆရာကလေးမှာ ပြောရင်းပင် တစ်ကိုယ်လုံး တုန်လှုပ်၍ နေပေသေးရာ၊ အရေးပိုင်က-

"ဒီအိမ်က တစ္ဆေခြောက်တယ်လို့ ကျွန်တော်ပြောဖူးသားပဲ၊ တစ္ဆေက တစ်ယောက်တည်းလား"

"မြင်ရတာတော့ တစ်ယောက်တည်းပဲ၊ ဒါပေမဲ့ ဒီပြင်တစ္ဆေတွေ အသံတွေလည်း ကြားရသေးတယ်"

"ဟုတ်လိမ့်မယ် တခြားဟာတွေက အိမ်ကို ဝိုင်းထားမယ်၊ ဝင်ဖို့ ကြိုးစားကြမယ်။ ဦးထုပ်နဲ့ လူတစ်ယောက်တည်းပဲ နီးနီးနားနား လာပြီး ခင်ဗျားကို ကြည့်နေမှာပဲ"

"ကဲ... ခင်ဗျာ ဘရန်ဒီကလေးတစ်ခွက်လောက် သောက်စမ်းပါရစေ"

"လာ သွားကြစို့ အောက်ထပ်ကို"

နှစ်ယောက်သားဆင်းခဲ့၍ ဘရန်ဒီရှိရာ အခန်းတွင်းသို့ လာကြပြီးလျှင် ပန်းချီဆရာကလေးသည် ဖန်ခွက်တစ်ခွက်အပြည့်ကြီး ကိုသောက်ပြီး ကုလားထိုင်တစ်ခုပေါ်တွင် ဝင်၍ထိုင်လျက်-

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကတစ္ဆေတွေလဲဗျ"

"ဟိုအရင်က ပင်လယ်ဓားပြတွေပေါ့၊ မစ္စတာဝိုက်နဲ့ အသတ်ခံရတဲ့ဟာတွေလေ၊ လက်စလီတို့ ဘာနဘီတို့နဲ့အတူ လူ ၅၀ လောက် အသတ်ခံရတာပဲ"

"ခုလောက်ရှိ အိမ်အပြင်ရောက်ကုန်ကြပလားဗျာ"

"လာလေ ထွက်ကြည့်တာပေါ့"

"ကျွန်တော်တော့ မလိုက်ချင်ဘူးဗျာ" ဟု ပြောသဖြင့် အရေးပိုင်သည် အိမ်ရှေ့သို့ ထွက်သွားရာ၊ မလိုက်ချင်သောသူလည်း မနေရစ်ဝံ့သဖြင့် အရေးပိုင်နှင့်ကပ်လျက် ပါလာလေ၏။

ဆိပ်ကမ်းဆီသို့ လရောင်တွင် လှမ်းမျှော်၍ ကြည့်လိုက်ရာ ဝမ်းနည်းပန်းတောင်း ငိုယိုနေကြသံများကို ခပ်လှမ်းလှမ်းမှ ကြားရပြန်သဖြင့်...

"ဒါ ဘာသံတွေလဲဗျာ" ဟု ပန်းချီဆရာကလေးက မေးလေ၏။

"အဲဒါ သူတို့နေရာကို ပြန်သွားရမှာမို့ ငိုကြတာလို့ ပြောတာပဲ။ ကျွန်တော်လည်း ဒီအသံတွေကို အိပ်ရာထဲက တစ်ခါ ကြားဖူးတယ်"

"ဒါဖြင့် သူတို့မရှိကြတော့ဘူးပေါ့၊ မရှိရင်လည်း အိမ်ထဲသွားကြပါစို့ဗျာ" ဟု ခေါ်သဖြင့် အိမ်ထဲဝင်ခဲ့ပြန်ရာ၊ တံခါးတွေ ပိတ်ထားသောကြောင့် စိတ်အိုက်လှသဖြင့် အပေါ်ထပ်ဆင်ဝင်ဆီသို့ တက်ခဲ့ကြလေ၏။ အရေးပိုင်မှာ ပန်းချီဆရာကလေးအား အိပ်ခိုင်း၍ မရနိုင်သေးသည်ကို သိသဖြင့် ဘရန်ဒီပုလင်းကိုဆွဲ၍ လာခဲ့လေ၏။

"ဒီတစ္ဆေတွေဟာ ဘာလို့ ဒီလိုနေရာက မရွှေ့မပြောင်းဘဲ နေကြတာလဲခင်ဗျာ" ဟု ပန်းချီဆရာကလေးက နားမလည်နိုင်သလို



အမူအရာဖြင့်မေးရင်း ဆက်လက်၍ "ကျွန်တော် မေးတာဟာ ခပ်ဆန်းဆန်းဖြစ်ချင်ဖြစ်မပေါ့၊ နို့ပေမယ့် ကျွန်တော် ဘာကို ဆိုလိုတယ်ဆိုတာ နားလည်မှာပေါ့၊ အသတ်ခံရတယ်၊ ပြီးတော့ တစ္ဆေဖြစ်နေကြတယ်။ ကိုယ်သွားချင်ရာကို လွတ်လွတ်လပ်လပ် မသွားကြရဘဲ၊ အင်မတန် ဆင်းရဲပန်းတောင်းကြီးနဲ့ ဒီမှာ တွယ်ကပ်နေကြတယ်။ ကျွန်တော့်အိပ်ရာဘေးမှာ တွေ့ရတဲ့ တစ္ဆေမျက်နှာကြီးဟာ သာပြီး ဆိုးဝါးသေးတယ်၊ သိပ်ကို စိတ်ညစ်နေပုံ၊ အတိဒုက္ခ ရောက်နေပုံရတာပဲ"

"ခင်ဗျားလည်း သူတို့လို အသတ်ခံရပြီးတဲ့နောက် ဒီတောင်က မခွာရဘူးလို့ စတေးစဉ်က အမိန့်ရထားတာနဲ့ မခွာဘဲနေရရင် သူတို့လို စိတ်ညစ်မှာပဲဗျ"

"ဩော် ဒီတောင်က မခွာရဘူးတဲ့လား"

"ဟုတ်တယ်၊ မြန်မာတွေက ဒီလိုပြောပြတာပဲ၊ တောင်မှာ အစောင့်အရှောက်အဖြစ်နဲ့ မကျွတ်တမ်းနေရမှာတဲ့၊ ဆေးနဲ့ စီရင်ထားသတဲ့"

"ကဲ... ခင်ဗျား မြန်မာတွေပြောတာ ပြောပြစမ်းပါဦး၊ ကျွန်တော့်ကို"

"ဒီလိုဗျ ပထမတော့ ရာဇဝင်ကြောင်း ပါလိမ့်မယ်၊ နားထောင်၊ မြိတ်မြို့ဟာ ဟိုစဉ်အခါတုန်းက ယိုးဒယားက ပိုင်တယ်။ ဝိုက်နဲ့ သူ့လူစုဟာ မြိတ်မှာနေရင်း သူတို့အင်္ဂလိပ်ဘုရင်လက်ကို မြိတ်ကိုအပ်လိမ့်မယ်။ ယိုးဒယားကို သစ္စာဖောက်ပြီး ပုန်ကန်လိမ့်မယ်လို့ အထင်ရကြပါလေရော၊ သူတို့မှာ လက်နက်တွေ ဘာတွေ လဲစုဆောင်းပြီး အသင့်ရှိတယ်ဆိုပြီး ၁၆၈၇ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့မှာ ဒီကောင်တွေအားလုံးကို သတ်ပစ်မှပဲလို့ ဆုံးဖြတ်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



သတ်တာပါပဲ။ အားလုံး သေကုန်တယ်။ ပွဲကြီးတစ်ယောက်တည်းပဲ ချမ်းသာရာရတယ်။ အဲဒါ ရာဇဝင်ကြောင်းပဲ။ မြန်မာတွေကတော့ ရှေ့ဆက်ပြီး ပြောစကားရှိသေးတယ်။ ခင်ဗျား လူစတေးတယ်ဆိုတာ ကြားဖူးမလားမသိဘူး။ အရှေ့နိုင်ငံတွေမှာတော့ အလေ့အထတစ်ခု ပေါ့၊ လူတစ်ဦးတစ်ယောက်ကိုသတ်ရော၊ ဒီအသတ်ခံရတဲ့လူ့ဝိညာဉ် ကို အစောင့်အရှောက်အဖြစ်နဲ့ ဘယ်မှာ ဘယ်မှာနေရမယ်လို့ အမိန့် တော်ပြန်ထားရင် ဒီတစ္ဆေဖြစ်နေတဲ့လူဟာ အခွင့်မပြုမချင်း ဘယ်ကိုမှ မထွက်ခွာနိုင်ဘူး။ အရှေ့နိုင်ငံတခ်ိုမှာဖြင့် ဒီလိုချည်း အယူရှိကြတာပဲ။ တခြားဟာမပြောနဲ့ဗျာ၊ မန္တလေးမြို့ဟာ သက္ကရာဇ် ၁၈၀၀ ကျော် မှာ တည်တာတောင် မြို့တံခါးတွေမှာ လူတွေကို စတေးပြီး ဆေးဝါး မန္တရား အစီအရင်နဲ့ မြို့စောင့်အဖြစ် ထားသေးတယ်။ သူတို့အယူက ဒီအစောင့်အရှောက်ထားတဲ့ နာနာဘာဝတွေဟာ ဘေးအန္တရာယ် တစ်ခုခုဖြစ်တော့မယ်ဆိုရင် ကြိုတင်ပြီး သတိပေးတယ်။ အထိမ်း အမှတ်ပြတယ်လို့ အယူရှိတာပဲ။ နောက်ပြီး လူမျိုးကွဲတဲ့တစ္ဆေများဟာ သာပြီး အစောင့်အရှောက်ထားလို့ ကောင်းသေးတယ်လို့ ယူဆကြ တယ်။ ဒါကြောင့် ပွဲကြီးတို့လူစုသတ်စဉ်အခါက ရည်ရွယ်ချက်နှစ်မျိုးနဲ့ သတ်တာတဲ့၊ ပထမကတော့ ယိုးဒယားအစိုးရကို သစ္စာမဖောက်နိုင် အောင်၊ ဒုတိယက တောင်စောင့်များအဖြစ် အသုံးချရအောင်ဆိုပြီး စီရင်တာတဲ့၊ သူတို့အလောင်းတွေကို ဒီတောင်ခြေမှာ ကျကျနနစီပြီး မြှုပ်ထားတယ်၊ အဲဒါ ယိုးဒယားဘုရင်ရဲ့ ကျေးတော်မျိုး ကျွန်တော် မျိုးအဖြစ်နဲ့ မကျွတ်တမ်းနေကြရတာပဲ။ နို့ပေမယ့် သတ်ပြီးလို့ အနှစ် ၇၀ ကြာတော့ မြိတ်ကို မြန်မာရှင်ဘုရင်က တိုက်ခိုက်သိမ်းယူ လိုက်ကရော၊ ဒီနောက်တစ်ခါ ၁၈၂၅ ခုနှစ်မှာ အင်္ဂလိပ်အစိုးရက



မြန်မာရှင်ဘုရင်လက်က တစ်ခါသိမ်းပြန်ရော၊ ဒီတစ္ဆေတွေမှာတော့ မကျွတ်သေးဘဲနဲ့ မင်းဆက်သာပြောင်းနေတယ်။ ခုတော့ ကိုယ့်လူမျိုး ဘုရင်လက်အောက်မှာ တစ်ခါအမှုတော်ဆက်ထမ်းရပြန်တာပေါ့၊ ဒါပါဘဲ။ ကဲ ကျွန်တော်ပြောပြတာ ခင်ဗျား နားလည်ရဲ့လား"

"ကောင်းကောင်း နားမလည်ပါဘူးခင်ဗျာ"

"ခု ဒီတစ္ဆေတွေ လာချောက်တာဟာ သတိပေးဖို့ ဖြစ်မှာပဲ၊ ဒီတောင်ကုန်းဟာ အစိုးရများနေလေ့ရှိတဲ့နေရာ၊ ဘယ်လူမျိုးပဲ အစိုးရ ဖြစ်ဖြစ် ဘေးအန္တရာယ်မြင်တယ်ဆိုရင် အဲဒီအစိုးရကို သူတို့လာပြီး သတိပေးတဲ့အနေနဲ့ စောင့်ရှောက်တာ ချောက်ပြတာတဲ့ဗျား"

"ဩော်- ဒီလိုလား၊ နို့ပေမယ့် ခင်ဗျားတော့ ဒါတွေ မယုံဘူးဟုတ်လား၊ ယုံသလား–ခင်ဗျားမှာ အန္တရာယ်တစ်ခုခု ရှိလိမ့် မလား"

"ကျွန်တော်တော့ ခုပြောပြတာ မြန်မာတွေ အယူရှိတဲ့အတိုင်း ပြောပြတာပဲ။ နို့ပေမယ့် ခင်ဗျားမြင်ရပုံထောက်တော့ ဘာဖြစ်လိမ့် မယ်ရယ်လို့ မပြောတတ်ပါဘူးဗျာ။ အခက်သားပဲ"

အရေးပိုင်နှင့် ပန်းချီဆရာကလေးတို့သည် ဤသို့ အတန်ကြာ အောင် ပြောဆိုနေကြပြီးနောက် တီးသံ မှုတ်သံတစ်ခု အိမ်နောက် ဖေးဆီမှ ကြားရသဖြင့် နားစွင့်၍နေကြကာ၊ အရေးပိုင်က "ဩော်– ကျွန်တော့်ဘဏ္ဍာစိုးဆီက အသံပါဗျာ၊ ဓာတ်ပြားဖွင့်နေတာပါ" ဟု ပြော၍ သေချာအောင် အိမ်နောက်ဖေး ဝရန်တာမှ နှစ်ယောက်သား သွား၍ကြည့်ကြရာ၊ ဘဏ္ဍာစိုးမှာ ဒိုတီကလေးကိုဝတ်၍ သူ့မိန်းမအား ဆဲရေးကာ၊ သီချင်းစက်ကို သော့ပေးခိုင်းနေသည်ကို မြင်ရလေ၏။ ဘဏ္ဍာစိုးမှာ များစွာ မူးယစ်၍နေပုံရသည်။

❑

www.burmeseclassic.com

## အခန်း (၁၂)

# နှစ်ယောက်တွေ့ဆုံခြင်း

နောက်တစ်နေ့၌ အရေးပိုင်မှာ နံနက်စောစော ၇ နာရီတွင် ခရီးထွက်မည်ဖြစ်သဖြင့် ပန်းချီဆရာကလေးလည်း သင်္ဘောဆိပ်သို့ လိုက်၍ပို့ရာ၊ အတော်ကောင်းမွန်သော သင်္ဘောကလေးတစ်စင်း အဆင်သင့် စောင့်ဆိုင်းဆိုက်ကပ်နေသည်ကို တွေ့ရ၍ မိမိမလိုက် အားသည်ကိုပင် ဝမ်းနည်းနေလေ၏။ သင်္ဘောကလေးမှာ "ကာတာနား" အမည်ရှိသော သင်္ဘောကလေးဖြစ်၍၊ ၎င်းအမည်မှာ အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်များ ဘိသိက်တော် အခမ်းအနားတွင် အသုံးပြုသော သန်လျက်တစ်မျိုးအမည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်းမဟုတ်ဘဲ၊ ဒုတိယမြောက် ဂျိမ်းဘုရင်လက်ထက်က ပိုက်တို့လူစုထံ စေလွှတ်လိုက်သော တိုက်သင်္ဘောကလေး၏အမည်ကိုယူ၍ မှည့်ထားခြင်း ဖြစ်ပေ၏။ ဤအကြောင်းကို ပန်းချီဆရာကလေးအား ပြောပြသောအခါ ...

"ဒီအရပ်ကဖြင့် ခင်ဗျာ ပိုက်နဲ့ပဲ မလွတ်ကင်းနိုင်အောင် ဖြစ်နေပါပကော" ဟု ဆိုလေ၏။



ယမန်နေ့က တချွေချောက်သော တောင်ကုန်းကလေးကို ကြည့်လိုက်ရာ၊ နေရောင်ခြည်တွင် ကြည်နူးဖွယ် အထင်းသားတွေ့မြင်ရသဖြင့် ဤတောင်ကုန်း၌ တချွေများရှိသည်ဟု ယုံကြည်ဖွယ် မရှိအောင်ပင် ဖြစ်နေလေ၏။

သင်္ဘောပေါ်သို့တက်၍ ကြည့်ကြရာ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်းတစ်ခုပါသောကြောင့် ခရီးထွက်စချင့်ဖွယ် တွေ့မြင်ရ၍ တချွေမချောက်မီက အိပ်မက်အတိုင်း မိမိချစ်သူ နတ်ရှင်မယ်နှင့်အတူ ဤသင်္ဘောကလေးဖြင့် မပြန်တမ်း ခရီးသွား၍နေရလျှင် မည်မျှကောင်းလေမည်နည်းဟု ပင့်သက်ရှူရှင်း အောက်မေ့မိ၏။

အရေးပိုင်က "ကဲ– သင်္ဘောထွက်တော့မယ်ဗျာ" ဟု နှုတ်ဆက်၍ "အိမ်မှာ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ နေရစ်ပေတော့ အလုပ်အကိုင်လည်း နေရာကြပါစေဗျာ ကျွန်တော်တော့ စနေနေ့မှ ဒီကို ပြန်ရောက်မယ်" ဟု ပြော၍၊ ဆလင်အား သင်္ဘောထွက်ခွာရန် အမိန့်ပေးသဖြင့် ပန်းချီဆရာကလေးလည်း သင်္ဘောမှ ဆင်းခဲ့လေ၏။ သင်္ဘောကလေးမှာ ဒီရေအတက်နှင့် စက်သံများ၊ ရေလှိုင်းများအကြားမှ ကတ္တူကြီးများ သမ္ဗန်များကို ရှောင်ကွင်း၍ ကမ်းမှထွက်ခွာ၍ သွားရာ၊ မကြာမီပင် လမုတောရှိသည့် ကွေ့ကလေးတစ်ခုနောက်၌ ကွယ်ပျောက်၍သွားလေတော့၏။

ထိုနေ့နံနက်တွင် မင်းသားကြီး၏အိမ်၌ မည်သူမျှ မအားမလပ်ကြသဖြင့် ပုံဆွဲမခံနိုင်သောကြောင့် ပန်းချီဆရာကလေးမှာ အိမ်တွင်ပင် စိတ်ချလက်ချ မိမိပုံဆွဲခန်းကလေးအတွင်း၌ အလုပ်လုပ်လျက် ရှိပေ၏။ နေ့ခင်းတစ်ချက်တီးအချိန်တွင် မိမိဆွဲလက်စဖြစ်သော *နတ်ရှင်မယ်၏ပုံကလေးကို ပုံဆွဲခုံပေါ်တွင် တင်၍ အပြီးသတ်ခါနီး*

www.burmeseclassic.com

www.burmeseclassic.com



လက်စသတ် စုတ်ချက်ကလေးများကို ဖြည့်စွက်ရင်း ရုပ်ပုံကို ကျေနပ်စွာ ပြုံးပြုံးပြင်၍နေလေ၏။

"ဩော်– သူ့မျက်နှာကလေးနှယ် ချစ်စရာကောင်းပါဘိတယ်၊ မျက်နှာထားကလေးကလည်း ကြည်ကြည်လင်လင်နဲ့ ဣန္ဒြေလည်း ရတယ်။ လူတစ်ဘက်သားကို သနားပုံလည်းပေါ်လွင်နေတယ်။ သူ့လက်ကလေးတွေ ပြေပြစ်နူးညံ့ပုံကလည်း အတူရှိဖို့ ရှားပါဘိတော့၊ ပြုံးနေတဲ့ သူ့နှုတ်ခမ်းကလေးဟာကလည်း ကြည့်လို့မငြီးစရာ" စသည်ဖြင့် ကြည့်ရင်းကြည့်ရင်း အကျေနပ်ကြီး ကျေနပ်၍နေပေတော့၏။ ဆွဲထားသောပုံကို နတ်ရှင်မယ်အား မပြရသေးပေ။ ယနေ့ လာလျှင် ပြမည်ဟု အားခဲ၍ထား၏။ အကယ်၍ နတ်ရှင်မယ် နှစ်သက်ခဲ့သော် လောကတွင် အကြီးဆုံး ဆုလာဘ်ကိုရသူ ဖြစ်လိမ့်မည်ဟုလည်း အောက်မေ့မိပေ၏။

ပုံဆွဲရင်း နတ်ရှင်မယ်လာမည့်ခြေသံကို စောင့်၍ နားထောင်နေရာ ကြားလျှင်ကြားချင်းပင် အောက်ထပ်သို့ အပြေးဆင်း၍ သွားလေ၏။ နတ်ရှင်မယ်သည် အစေခံမကလေးနှင့် အတူဝင်၍လာကြသည်။ နေပူထဲမှလာကြခြင်း ဖြစ်သော်လည်း လတ်ဆတ်ကြည်လင်လှသော သူ့မျက်နှာထားကလေးသည် နေဒဏ်ကြောင့် အလှမပျက်ပေ။ ပိုးလုံချည်သံကြောင့် ရှဲခနဲမြည်လျက် အိမ်တွင်းသို့ဝင်၍လာစဉ် မန်ဂန်က နတ်ရှင်မယ်အား စူးစိုက်သေချာစွာ တစ်ချက်မျှကြည့်ပြီးနောက်၊ အဝတ်ပေါ်ဆွဲ၍ထားသော ပုံနှင့် တူ– မတူ စိတ်ထဲတွင် နှိုင်းယှဉ်၍ ကြည့်လိုက်မိသေး၏။ ပြီးနောက် ဝမ်းသာအားရဖြင့် "တူတယ်– တူတယ်၊ ကဲ–သေသေချာချာ လာကြည့်စမ်းပါဦး ခင်ဗျားဘာသာ" ဟု ဆို၍ အိမ်အပေါ်ထပ်ပုံ ဆွဲခန်းရှိရာသို့ခေါ်၍ သွားလေ၏။



နတ်ရှင်မယ်က "အလုပ်လုပ်နေတာကိုလာပြီး သိပ်ကြည့်ချင်တာပဲ၊ အို– ဒီအခန်းလား၊ တယ်ပြင်ဆင်ထားလိုက်တာကိုး၊ အတော့်ကို ခမ်းနားနေတယ်၊ ဟင်– ကျွန်မပုံလား"

နတ်ရှင်မယ်နှင့် ပန်းချီဆရာကလေးသည် ရုပ်ပုံကို နှစ်ယောက်သား သေချာစွာ ရပ်ကြည့်ကြပြီး၊ ပန်းချီဆရာကလေးကပင်–

"ဘယ့်နှယ်လဲ တူရဲ့လား" ဟု မေးရာ၊ နတ်ရှင်မယ်က "ပထမဆုံးဆွဲတဲ့ မြန်မာမိန်းကလေးပုံဆိုတော့ မဆိုးပါဘူးလို့ ဆိုရမှာပေါ့" ဟု ပြုံး၍ ကျီစားလိုက်လေ၏။

"ဒီပုံဟာ ပထမဆုံး မြန်မာမိန်းကလေးပုံ မဟုတ်ဘူး။ ကျွန်တော် လန်ဒန်မှာတုန်းက တစ်ပုံဆွဲသေးတယ်" ဟု ပြော၍ မိမိအိပ်မက်နှင့်တကွ အဖြစ်အပျက်တို့ကို ပြောပြပြီးနောက်–

"အရင် ခင်ဗျားကို မတွေ့ခင်ကတော့ အိပ်မက်ထဲက မိန်းကလေးဟာ ကျွန်တော်ချစ်တဲ့မိန်းကလေးပဲ ဖြစ်ရမယ်လို့ အောက်မေ့မိတာပေါ့။ နောက်တော့ ခင်ဗျားနဲ့လည်း တူတာ ရှာမတွေ့ဘူး။ နို့ပေမယ့် ဆန်းတော့ သိပ်ဆန်းတာပဲ မြန်မာမိန်းကလေး တစ်ယောက်ကို ငယ်ငယ်က အိပ်မက်ထဲ မကြာမကြာ မြင်ရတယ်။ နောက် နှစ်ပေါင်းအတော်ကြာတော့မှ ကိုယ့်ချစ်သူအဖြစ်နဲ့ မြန်မာမိန်းကလေးတစ်ယောက်နဲ့ လာဆုံစည်းရတယ်ဆိုတော့"

"ရှင့်ဟာ ဆန်းတော့ အဆန်းသားပဲ၊ အဲဒီပုံကလေး ရှိသေးသလား"

"ဟာ ရှိတာပေါ့ဗျာ၊ ကျွန်တော် သေသေချာချာ ယူခဲ့တာပဲ" ဟုပြော၍၊ ရုပ်ပုံများအထဲတွင် လှန်လှော ရှာဖွေပြီးနောက် ပုံဆွဲခုံပေါ်တွင် တင်၍ပြရာ–

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံကတော့ တိုင်းပြည်တစ်ပြည်က မိန်းမတစ်ယောက်ယောက် ဖြစ်ချင်ဖြစ်နိုင်တာပေါ့၊ အဝတ်အစားကလည်း ပီပီသသ မဟုတ်လှဘူး။ ကိုယ်ရုံတစ်ခုခုကို ခြုံထားသလိုပဲ၊ ခေါင်းကလည်း ဘယ်လိုဟာမှန်းမှ မသိတာဘဲ"

"သူ့ခေါင်းက အရိပ်ထဲကျနေလို့ ထင်ထင်ရှားရှား မမြင်ရဘူး။ ဒါကြောင့် သူ့ခေါင်း ဘယ်လိုဖီးလိမ်းထားတယ်ဆိုတာ မသဲကွဲတာဘဲ"

"ဒါဖြင့် ရှင့်အိပ်မက်ထဲက မိန်းကလေးဟာ တစ်ယောက်ယောက်ဖြစ်မှာပေါ့။ မတွေ့ရသေးလို့သာကိုး။ တွေ့ရရင်တော့ ထူးထူးဆန်းဆန်း စိတ်ပါဝင်စားစရာ ဖြစ်ချင်ဖြစ်မှာပဲ" ဟု နတ်ရှင်မယ်က ကျီစား၍ပြောစဉ်၊ လှုပ်ရှားသံတစ်ခုကို ကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ၊ ဆွဲ့အ,၍နေသော အစေခံမကလေးသည် အရုပ်ကားကိုပင် ပါးစပ်အဟောင်းသားနှင့် အံ့သြစွာ ငေးစိုက်ကြည့်ရှုနေသည်ကို မြင်ရ၍ ပန်းချီဆရာကလေးက–

"ဟိုကောင်မကလေး ဘာဖြစ်သွားတာလဲ မသိဘူး။ ဒီပုံကို ကြည့်ပြီး လန့်သွားသလိုဘဲ" ဟု ပြောရာ၊ နတ်ရှင်မယ်သည် လှမ်း၍ ကြည့်လိုက်သော်လည်း အခြေမပျက်ပြန်၍ ဟန်လုပ်ကာ ထိုင်နေသည်ကိုသာ တွေ့ရလေ၏။

"ဒီကောင်မလေးဟာ အတော်ဆန်းတယ်၊ စကားသာ မပြောနိုင်တာ သူ့မျက်စိက သူများမမြင်တာကို မြင်ရဲ့လားမြင်ရဲ့၊ ခုလည်း မပြောတတ်ပါဘူး" ဟု ပြောသဖြင့် ပန်းချီဆရာကလေးက ရယ်မောရင်း "ဒါဖြင့် မနေ့ညက ဒီအိမ်လာတဲ့အထဲ သူများပါလေရော့သလားကွယ်" ဟု ဆို၍၊ တစ္ဆေချောက်ပုံကို နတ်ရှင်မယ်အား



ပြောပြလေရာ၊ နတ်ရှင်မယ်မှာ ကြောက်ရွံ့ပုံရလျက် "ရှေးလူကြီးတွေကစပြီး ဒီလိုပဲ ပြောနေကြတာပဲရှင်"

"အရေးပိုင်ကတော့ အန္တရာယ်တစ်ခုခုမြင်လို့ သတိပေးလာတာတဲ့"

"ဩော်... ဒီလိုတဲ့လား၊ ကျွန်မဖြင့် မကြားမိဖူးပါဘူး၊ ရှင့်အတွက်တော့ ဘာမှ မဖြစ်နိုင်ပါဘူး ထင်ပါရဲ့နော်"

နတ်ရှင်မယ်မှာ များစွာ စိုးရိမ်ပုံဖြင့် ပြောလေ၏။

"အိမ်ရှင်က အရေးပိုင်ပဲခင်ဗျာ၊ သူ့အတွက် ဖြစ်မှာပေါ့၊ ကျွန်တော်နဲ့တော့ ဆိုင်မယ်မထင်ပါဘူး"

"ကဲလေ– ဒါတွေ တော်ကြပါစို့၊ မပြောပါစို့နဲ့၊ ဒိပြင်ကိစ္စတွေ အများကြီးပြောစရာရှိသေးတယ်"

"ကဲ ဒါဖြင့် ဘိုးတင်နဲ့ ကိစ္စကို ဘယ်လိုလုပ်မယ်လို့ စိတ်ကူးသလဲ အချစ်ရယ်"

"ဘာမှ မဆုံးဖြတ်ရသေးလို့ ခက်တာပေါ့"

"နက်ဖြန်ခါဆို ရောက်တော့မှာပဲ ဟုတ်လား"

"ဟုတ်တယ်"

"အိမ်မှာလည်း လက်ထပ်ဖို့ကိစ္စအတွက် ဘာမှ မပြောကြဘူးပေါ့"

"ခုဖြင့် ဘာမှ မကြားဘူး။ ဒါပေမဲ့ ဘိုးတင်လာရင် ဘာဘာညာညာ ပြောမှာပေါ့"

"မယ်တော်ကြီးကကော ရသေ့ကြီး ဟောလိုက်တဲ့အကြောင်း ဘာမှ မပြောပြဘူးလား"

"ဘာမှ မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ငြိမ်သက်စွာ တွေဝေ၍နေကြပြီးနောက်၊ ပန်းချီဆရာကလေးက နတ်ရှင်မယ်၏လက်ကလေးကို ညင်သာစွာ ဆွဲပြီး "ကျွန်တော်ကတော့ အချစ်ကလွဲလို့ ဘာမှ မပေးနိုင်တဲ့ မျက်နှာငယ်မို့ ခက်တာပဲ" ဟု အေးဆေးစွာ ပြောလိုက်ရာ–

"ကျွန်မချစ်တဲ့သူဆီကလည်း အချစ်ကလွဲလို့ ဘာကိုမှ မမက်မောတော့ပါဘူး"

"နို့ပေမယ့် ကျွန်တော်တို့နှစ်ယောက် လက်ထပ်ကြရင် ဆင်းဆင်းရဲရဲနေရမှာကလည်း ရှိသေးတယ်"

"ကျွန်မအတွက် ပိုပြီး ဝန်လေးလာဦးမှာကိုး"

"အို ဒီလိုမဟုတ်ပါဘူး။ ကျွန်တော် ဒီအဓိပ္ပာယ်နဲ့ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောတာက မိဘစိတ်တူတာနဲ့ယူရင် လောကမှာ တင့်တောင့်တင့်တယ်နဲ့ ချမ်းချမ်းသာသာနေရမယ်၊ ကျွန်တော့်ကိုချစ်ရင် အဲဒီစည်းစိမ်တွေ စွန့်လွှတ်ရမယ်လို့ ပြောတာပါ"

"စည်းစိမ်ဆိုတာတော့ ရှင့်ကိုချစ်တဲ့နေ့ကစပြီး စွန့်လွှတ်ပြီးသားပါ။ ဒီဟာတစ်ခုထဲအတွက် ကျွန်မ ဆင်းတောင့်ဆင်းရဲနေရမှာ တစ်ခုပဲ စိုးရိမ်စရာရှိတယ်ဆိုရင် အစောကြီးကတည်းက ဒီကိစ္စတွေ ပြီးပြီးသားပေါ့။ ရှင်နဲ့ တစ်ခါတည်းတောင် လိုက်လာခဲ့နိုင်တယ်။ ခုတော့ ခက်တာက ဘဘဘုရားကြောင့်ပါ။ ဒီအကြောင်းကို ဘယ့်နှယ်လုပ်ပြီး ဖွင့်ပြောရမလဲဆိုတာကို မစဉ်းစားရဲအောင် ဖြစ်နေတယ်"

"ကျွန်တော်လည်း သူ့ကို အားနာတာ သနားတာပဲ။ ကျွန်တော်တို့အပေါ် အင်မတန် စိတ်စေတနာထားရှာတဲ့ သူတော်ကောင်းကြီးမို့"

"အဲ ရှင်လည်း နားလည်သားပဲ၊ ခက်တာက သူတို့နှစ်ယောက်စလုံးက ကျွန်မအတွက် အားလုံးစီစဉ်ထားပြီးသားကို



အမြစ်ကနေပြီး ဖြိုဖျက်ပစ်ရမှာဆိုတော့ သူတို့စိတ်မချမ်းသာအောင် တမင်ရက်ရက်စက်စက် လုပ်ရာကျတော့မှာမို့ မပြုရက်အောင် ဖြစ်နေတာပဲ"

"နို့ပေမယ့် ဘိုးတင်နဲ့ အတင်းအကြပ် ပေးစားမယ်တော့လည်း မဟုတ်ပါဘူးနော်"

"ဟာ ဒီလိုတော့ မဟုတ်ရှာပါဘူး။ ကျွန်မစိတ်ဆင်းရဲအောင် သူတို့မပြုပါဘူး။ ဘဘဘုရားကို အရင် ဘိုးတင်လာစဉ်က ဒီလူနဲ့တော့ ဖြစ်မယ်မထင်ပါဘူးလို့ ပြောတုန်းက 'သမီးရယ် ဖြစ်နိုင်လည်း ဖြစ်လိုက်ပါ' လို့သာ ပြောရှာပါတယ်။ ခုတော့ တောင်းပန်ရတော့မှာပေါ့"

"ဒါ့ပြင် အချစ်က ဆုံးဖြတ်ပြီးသားပေါ့"

"ဆုံးဖြတ်ပြီးပါပြီ၊ ဒါပေမဲ့ ကျွန်မတို့အတွက် မယူတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ခရီးအစပဲ ရှိပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ဘိုးတင်ကို မယူနိုင်ဘူးဆိုရင် တခြားသင့်တော်တဲ့လူ တစ်ယောက်ကို ဘဘဘုရားတို့က ရှာဦးမှာပဲ။ ရှာရင်တွေ့မှာပဲ။ တွေ့ပြန်ရင် လက်ထပ်ဖို့ ပြန်ပြီး စီစဉ်မှာပဲ"

"ကျွန်တော့်ကိုတော့ သဘောတူနိုင်မယ် မဟုတ်ဘူးပေါ့နော်"

"တူဖို့ခဲယဉ်းတာပေါ့၊ ဖွင့်ပြောလို့တောင် မဖြစ်နိုင်သလိုပဲ"

နတ်ရှင်မယ်သည် သက်ပြင်းတစ်ချက်ရှူ၍ ငေးမောနေရှာတော့၏။

"အင်္ဂလိပ်လူမျိုးတစ်ယောက်အပေါ် ဘာကြောင့် ဒီလောက် ဖြစ်ရတာလဲခင်ဗျာ၊ လူမျိုးခြားလို့လား၊ ဘာသာခြားလို့လား"

"ဘာသာရော အမျိုးရော မတူတဲ့အတွက်ပေါ့၊ ဗုဒ္ဓဘာသာဟာ အင်မတန် သည်းခံနိုင်တဲ့ ဘာသာဆိုဦးတော့ အမျိုးခြားတာက

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ မြန်မာလူမျိုးတင်မကသေးဘဲ၊ မဟာဆီ မဟာသွေး ဖြစ်နေတာကလည်း ရှိသေးတာကိုး”

“နို့ပေမယ့် ဘိုးတင်လည်း ဆင်းရဲသားပဲ မဟုတ်လား”

“အဲဒါတော့ ဟုတ်တယ်၊ ဟုတ်ပေမယ့် သူတို့တွက်ပုံက ဒီလိုလေ ကျွန်မ ပစ္စည်းအင်အားနဲ့ဆိုရင် ထိပ်တန်းရောက်နိုင်တယ် မဟုတ်လား၊ တစ်နှစ်ကို ငွေတစ်သောင်း ဘဘဘုရားက ကျွန်မ အတွက် ပေးဦးမှာတဲ့”

“ဩော်... ဒီလောက်တောင်ကိုးနော်၊ ကျွန်တော်ဖြင့် ဒါလောက် ချမ်းသာလိမ့်မယ် မထင်မိဘူး”

“သူ အရင်တစ်ခါတုန်းက ဒီအတိုင်း ပြောပြဖူးတာပဲ။ သူတို့ စိတ်က ဒီလိုလေ ကျွန်မမှာ ပစ္စည်းရှိတယ်။ ဒီဓနအင်အားနဲ့ ဘိုးတင် ကို တစ်နေ့ ထိပ်ဆုံးတန်းရောက်အောင် မြှင့်တင်ပေးလိုက်နိုင်တယ် ပေါ့။ မြန်မာပြည်မှာ ဘယ်သူနဲ့မှ မယှဉ်သာဘူး၊ ကြီးမြင့်ကြမယ်။ ရှိရှိသမျှ မိန်းကလေးတွေမှာ ဗိုလ်ပညာနဲ့ နှစ်စဉ် ငွေတစ်သောင်း ဆိုတာ အရှားကြီးပဲ။ ကျွန်မအရည်အချင်းနဲ့ အရာရာမှာ တွင်ကျယ် နိုင်တယ်။ ဒီလိုဆိုရင် ဘိုးတင်ဟာ လူတန်းစေ့ရဲ့ အစွမ်းအစနဲ့ကို အထက်ကိုတက်သွားနိုင်တယ်”

“အဲဒီအတိုင်း တွက်ကိန်းရှိပြီးသားပဲ။ သူတို့တွက်ကိန်းလည်း မဖြစ်နိုင်ဘူးရယ်လို့ မပြောနိုင်ဘူးလေ၊ ဖြစ်လောက်စရာပေပဲ။ ရှင်နဲ့ မတွေ့ခင်ကအထိ သူတို့ခင်းမယ့်ဇာတ်မှာ ဝင်ကဖို့ စဉ်းစားထားတယ်။ ခုတွေ့တော့ ဒီဇာတ်ကို မက,နိုင်ဘူး ဖြစ်ရတယ်။ လွတ်အောင် ကျွတ်အောင် ထွက်နိုင်မလားဆိုတော့ ဒီလိုလည်း မထွက်နိုင်လို့ အခက်ကြီးခက်နေတာပဲ”



ပန်းချီဆရာကလေးမှာ ငြိမ်သက်စွာ နားထောင်နေရာမှ ကျွန်တော်လည်း သာမန်ထဲကတော့ မဟုတ်ပါဘူးဗျာ။ ချီစယ်မြို့စား ကလေးပါပဲဟု ဖွင့်၍ ပြောလိုက်ချင်လှ၏။ အကယ်၍ နတ်ရှင်မယ်က တစ်နှစ် ငွေတစ်သောင်း သူ့အတွက်ပေးမည်ဟူသော စကားကို မပြောဘဲထားက အသေအချာပင် စိတ်ထဲ ကြံစည်သလောက် ဖွင့်၍ ပြောမိပေမည်။ သို့သော် ယခုကား ပစ္စည်းမပါသည့် မြို့စားဘွဲ့နှင့် ဓနအင်အား ကြီးမားစွာကို အဘယ်မှာလျှင် အလေးတင်း၍ ပြောဝံ့ ပါအံ့နည်း။ “ကျွန်တော့်မှာ ဥစ္စာအင်အားဆိုလို့ တစ်ပြားမှ မရှိပေမယ့် ဆင်းရဲသား အမျိုးထဲကတော့လည်း မဟုတ်ပါဘူးဗျာ” ဟု မင်းသား ကြီးအား ပြော၍မဖြစ်၊ ဖြစ်သည်ထားဦး။ သူတို့စိတ်ကူးကား မြန်မာ ပြည်တွင်သာ တင့်တောင်းတင့်တယ် ဖြစ်စေချင်ပေလိမ့်မည်။ သို့အတွက်–

“ကဲ– လေ ဒီလိုလုပ်ကြပါစို့၊ ဘိုးတင်ကို မယူပါရစေနဲ့ ဆိုတာပဲ ပြောနှင့်တာပေါ့။ ဒီလိုငြင်းရင် သူတို့ နောက်တစ်ထစ် ဘယ်လိုစီစဉ်မယ်ဆိုတာ စောင့်ကြည့်နိုင်တာပဲ။ ဒီအတွင်းလည်း ကြံသာဖန်သာပါသေးတယ်။ အရေးတကြီးမဟုတ်ဘဲ ခပ်ဖြည်းဖြည်း စီမံကြတာပေါ့။ ကျွန်တော်လည်း နောက်ကို အနည်းဆုံး နှစ်လတော့ နေနိုင်ပါသေးတယ်။ အိမ်ရှင် အရေးပိုင်ကလည်း ကျေကျေနပ်နပ် လက်ခံထားတာပဲ။ ခမည်းတော်ကြီး အလုပ်တွေအားလုံး ပြီးကုန် တောင် မပြန်ဘဲနေမယ်ဆိုရင် နေနိုင်ပါသေးတယ်။ အရေးပိုင်က ခင်ဗျားသဘောရှိ နေချင်သလောက်နေပါလို့ ဖိတ်ကြားထားပါတယ်။ ဒီနည်းဟာ အကောင်းဆုံးထင်တာပဲ။ ဒီအတွင်းမှာ ကျွန်တော်တို့ မျှော်လင့်တာထက်ပိုပြီး ချောမောရင်လည်း ချောမောပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အင်္ဂလန်ကို ပြန်ခါနီး "အချစ်ရေ ဒါနောက်ဆုံး နှုတ်ဆက်ခြင်းပဲ။ နောင်ဘဝမှ ပေါင်းရအောင် ဆုတောင်းကြစို့ဆိုတဲ့ အဖြစ်မျိုးကို မတွေးဝံ့ဘူး" ဟု ကြေကွဲ လှိုက်လှဲစွာ ပြောလိုက်ရာ နတ်ရှင်မယ်ကလေးက "နောက်ဆုံး နှုတ်ဆက်ခြင်းပဲ၊ နောက်ဘဝမှ တွေ့ကြစို့ဆိုတဲ့ အသံမျိုး မကြားပါရစေနဲ့ အချစ်ရယ်၊ အချစ်မရှိရင် ဘယ့်နှယ်လုပ်ပြီး နေရစ်ခဲ့ရမလဲ၊ အင်္ဂလန်မှာ ရှိမှန်းသိရက်နဲ့ ရေမြေခြားပြီး မတွေ့နိုင်တဲ့ အဖြစ်မျိုးကိုဖြင့် မစဉ်းစားဝံ့ပါဘူး" ဟု ပြောပြီး မျက်ရည်များ တလိမ့်လိမ့်ကျဆင်း၍ ငိုလေရာ ပန်းချီဆရာကလေးမှာ မကြည့်ရက်နိုင်အောင် ပျာပျာသလဲဖြစ်၍ ယုယစွာ ပွေ့ဖက်နမ်းရှုံ့ပြီးနောက်–

"ကဲ– ကဲ တိတ်ပါ၊ မငိုပါနဲ့။ ဒီလိုလည်း မဖြစ်နိုင်ပါဘူး။ ကျွန်တော်လည်း အချစ်တစ်ယောက်ထဲ ခွဲထားခဲ့ပြီး အင်္ဂလန်ပြည်ကို မပြန်နိုင်ပါဘူး။ ကြံစည်ဖို့လည်း ရက်တွေရှိပါသေးတယ်။ ဒီအဖြစ်အထိမဖြစ်အောင် ကြံကြတာပေါ့။ စစ်မရောက်ခင် မြားကုန်ပြီး ဝမ်းနည်းမနေပါစို့နဲ့။ ကဲ– တိတ်တော့နော်။ ဒီပုံကိုလည်း ပြီးအောင် ဆွဲလိုက်ကြဦးစို့။ နာရီဝက်လောက်ပုံဆွဲခံပါဦးလား" ဟု ပြောရာ–

"ခု အချိန်ဖြင့် ပုံဆွဲခံလို့ မဖြစ်တော့ပါဘူး" ဟု ပြော၍ မျက်ရည်များကိုသုတ်ပြီး ဆက်လက်ကာ "ဒီမှာ အချိန်ဖြုန်းနေမယ့်အစား အိမ်ကိုပြန်မှပဲထင်ပါရဲ့။ အတော်လည်း ကြာသွားပြီ၊ နောက်ကိုလာခွင့်မရဘဲနေမှာလဲ စိုးရသေးတယ်။ ပြန်တော့မယ်နော်" ဟု ပြော၍ ပန်းချီဆရာကလေးအား ပြန်လှန်ကာဖက်ရင်း မျက်နှာကလေးကို မော့၍ပေးရာ၊ ပန်းချီဆရာကလေးသည် ကျေနပ်စွာ အားရပါးရမွှေးလိုက်ပြီးနောက် ထိုင်ရာမှ ဖေးမ၍ ထူပေးလိုက်ရာ၊



"သြော်… အချစ် အချစ် ဘယ်လိုရေစက်ပါလိမ့်မလဲနော်" ဟု ပြောရင်း ထိုင်ရာမှ ထ,လိုက်တော့၏။

ပန်းချီဆရာကလေးသည် နတ်ရှင်မယ်ကို ဆင်ဝင်ရောက်အောင် လိုက်၍ပို့ရင်း "မယ်တော်ကြီးအကြောင်းတော့ မစဉ်းစားမိကြသေးဘူးနော်" ဟု ပြောရာ၊ "ဘဘဘုရားနဲ့ လက်ပွန်းတတီး နေရတာမို့ သူ့စိတ်ထိခိုက်အောင်လုပ်ဖို့က ပိုဝန်လေးနေပါတယ်။ မ,ဘုရားအတွက်ကတော့ ဒါလောက်ဝန်မလေးပါဘူး၊ သူနေတတ်မှာပါပဲ" ဟု ပြော၍ အစေခံမကလေးက နောက်မှ ထီးမိုးလျက် အိမ်ကုန်းပေါ်မှ ဆင်းသွားကြသည်ကို ပန်းချီဆရာကလေးသည် မျက်စိတဆုံး ကြည့်ရင်း ကျန်ရစ်လေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

# မမျှော်လင့်သော သူ့ဒေါသ

ပန်းချီဆရာကလေးသည် သောကြာနေ့တစ်နေ့လုံး ကြိုးကြိုးစားစား ပုံဆွဲနေလေ၏။ အီဗာနှင့် သွား၍တွေ့ရဦးမည့်အရေးကို ခေါင်းထဲမသွင်းဘဲ အလုပ်ကိုသာ အတွင်သား လုပ်၍နေလေရာ၊ နာရီပြန်တစ်ချက်ထိုးသံကြားမှ လန့်သွားပြီး "အင်း– မသွားလည်း မဖြစ်သေးဘူးလေ၊ တစ်ခါတည်း ကိစ္စပြီးအောင် ဒီမိန်းမနဲ့တော့ စာရင်းရှင်းဦးမှပါပဲ" ဟု အလုပ်ခွင်မှထ၍ လက်များ စုတ်တံများ ဆေးကာ သွားရန် ပြင်ဆင်လေတော့၏။

အောက်သို့ ဆင်းခဲ့ရာတွင် မောင်စုစောင့်၍နေသည်ကို တွေ့ရလေ၏။ အရေးပိုင်သည် မိမိနယ်ထွက်စဉ် သူ့တပည့်ကျော်အား ပန်းချီဆရာကလေးကို ဂရုစိုက်ရစ်ရန် မှာကြားထားခဲ့သဖြင့် စောင့်နေခြင်းဖြစ်သော်လည်း၊ ပန်းချီဆရာကလေးမှာ ယခုသွားမည့်ကိစ္စ၌ မောင်စုကို လုံးဝ အသိမပေးလိုသဖြင့် မြင်သွားမည်ကိုပင်စိုးလျက် ရှိပေ၏။ သို့သော် တွေ့နေပြီဖြစ်သဖြင့် လိုက်ခဲ့ရန်မလိုတော့ကြောင်း ခေါင်းခါ၍ ပြခဲ့လေ၏။



ပန်းချီဆရာကလေးမှာ မောင်စုအကြောင်းကို ကြာရှည်လေးမြင့်စွာ မတွေးအားပေ။ အီဗာပူးလ်နှင့်တွေ့လျှင် ဘာပြောရမလဲ ဟုသာ စဉ်းစားရင်း လာခဲ့လေ၏။ စောစောကလည်းတွေ့လျှင် စကားလုအောင် မည်သို့မည်ပုံ ပြောမှတော်မည်ဟု ကြိုတင်စဉ်းစားခဲ့ခြင်းမရှိဘဲ တွေ့မှပဲ အလိုက်အထိုက် ကြည့်ပြောမည်ဟု အောက်မေ့ထားမိသဖြင့် ယခုကဲ့သို့ တွေ့ရတော့မည့်ဆဲဆဲအချိန်တွင် စဉ်းစားမရအောင် ခေါင်းရှုပ်မိလေ၏။ အကျိုးအကြောင်း ရေလည်အောင် ပြောပြလျှင်လည်း ဖြစ်နိုင်လိမ့်မည်ဟု မှတ်ထင်မိ၏။ သို့သော် ပြောပြမည့် အကျိုးအကြောင်းများတွင် နတ်ရှင်မယ်နှင့် ပတ်သက်သည့် အကြောင်းများကိုကား မည်သည့်အခါမှ ထည့်၍မပြောဟုလည်း ပိုင်းဖြတ်ထားပေ၏။ အကယ်၍ နတ်ရှင်မယ်နှင့် ချစ်ကြိုက်နေသဖြင့် သူ့ကို စွန့်ပယ်ရပါသည်ဟု ဆိုလျှင်လည်း အမှန်စင်စစ် အကြောင်းမကောင်းပေ။ မစ္စစ်ပူးလ်အား မိမိသည် ချစ်ကြိုက်သောစိတ်ဖြင့် ဆက်ဆံခဲ့သည်လည်းမဟုတ်။ ကာမဂုဏ်ကျော့ကွင်းတွင် အဖမ်းကောင်း၍ မိခဲ့ခြင်းမျှသာ ဖြစ်ပေသည်။ တစ်ကြောင်းလည်း မိမိနှင့် နတ်ရှင်မယ်တို့၏ အဆက်အသွယ်မှာ လူသိရှင်ကြား အသိခံဝံ့သော ကိစ္စမဟုတ်သေး။ အကယ်၍ သက်ဆိုင်ရာသို့ ပေါက်ကြားသွားခဲ့လျှင် မိုးမီးလောင်မတတ် ဖြစ်ရမည့်ကိစ္စမျိုး ဖြစ်ရကား မိမိတို့၏ လျှို့ဝှက်ချက်ကို မထိန်ချန်သည့်ပြင် မောင်းတီးသလိုပြုမည့် မိန်းမမျိုးအား အဘယ်မှာ ပါးစပ်ဟဝံ့ပါအံ့နည်း။

ပန်းချီဆရာကလေးသည် အမျိုးမျိုး ဉာဏ်ထုတ်၍ကြံပြီးနောက် သတ္တုတွင်းကိစ္စနှင့် ပြောပြရလျှင် သင့်တော်မည်ဟု အောက်မေ့သဖြင့် မိမိအိမ်ရှင်နှင့် တစ်ဖက်တစ်လမ်း ဖြစ်၍နေသော သူ၏

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ အဝင်အထွက်လုပ်လျှင် မသင့်တော်သောကြောင့် လမ်းစဖြတ်ရပါသည်ဟုပြောရန် စီစဉ်မိလေ၏။ မစွစ်ပူးလ်မှာ မိမိအပေါ်တွင် အတော်ပင် တန်းတန်းစွဲ ဖြစ်နေသည်ကိုလည်း သိ၏။ တော်ရုံသဖြင့်နှင့် ခွာ၍မရမည်ကိုလည်း သိ၏။ သို့သော် ကြည့်၍ လှည့်ပတ်ကာ စခန်းသွားနိုင်သည်ဟု အောက်မေ့သဖြင့် အိမ်ပေါက်သို့ဝင်၍ အီဗာအား လှမ်းခေါ်လိုက်သည်။ ပြန်၍ထူးသံကြားပြီးနောက် အီဗာ ပူးလ်သည် လှေကားထိပ်တွင် ပေါ်၍လာတော့၏။ ပန်းချီဆရာကလေး တက်၍သွားသောအခါ လည်ပင်းကို ဆီး၍ဖက်လိုက်သဖြင့် မစ္စတာမန်ဂန်မှာ ကြောင်စီစီဖြစ်၍ ရပ်နေမိလေ၏။ နောက်မှ "တစ်နေရာရာမှာ ထိုင်ကြပါစို့လား" ဟု ကြိုးစား၍ အသံကို ညှစ်ထုတ်ရင်း ပြောလိုက်ရာ–

"မမွေးတော့ဘူးလား မောင်ရယ်" ဟု မျက်စောင်းဖြင့် ချိတ်လိုက်ပြန်သဖြင့် အားနာပါးနာပြန်၍ နမ်းလိုက်ရလေ၏။ သို့သော် မစွစ်ပူးလ်မှာ ဤမျှဖြင့် မကျေနပ်နိုင်သေးဘဲ ပန်းချီဆရာ၏ ပါးနှစ်ဖက်ကို သူ့လက်ဖြင့် ဆွဲယူ၍ ပါးစပ်ချင်း စုပ်ယူလိုက်သဖြင့် ပန်းချီဆရာကလေးမှာ ရင်ထဲတွင် ဖို၍ သွားလေ၏။ ရင်ဖိုရခြင်းမှာ မူလက ယခုကဲ့သို့ဖြစ်ရန် စီစဉ်ခဲ့သည်မဟုတ်သောကြောင့် ဖြစ်ပေ၏။

"မောင် ဒီကနေ့ ဘာဖြစ်နေသလဲဟင်... မတွေ့ရတာကြာလို့ ရှက်နေပြန်တာလား" မစွစ်ပူးလ်မှာ အခါတိုင်းကဲ့သို့ပင် ကျကျနန လှပစွာ ဖီးလိမ်း၍ထားလေသည်။ နှုတ်ခမ်းကလေးမှာ တွတ်တွတ်နီအောင် ဆိုး၍ထားသည်။ ရွှေရောင်ဆံပင်ဟု ခေါ်လေ့ရှိသော ဆံပင်မှ အကောက်ကလေးများမှာလည်း ဝဲ၍နေသည်။ မျက်လုံးကလေးကား မိုးပြာရောင်ပင် ဖြစ်တော့သည်။



"ရှက်လို့မဟုတ်ပါဘူး။ ကဲ ထိုင်ပါဦးစို့လေ၊ ခင်ဗျားကို ပြောစရာတစ်ခုရှိနေလို့ပါ"

မစွစ်ပူးလ်မှာ ပန်းချီဆရာကလေး၏ အမူအရာကို နားမလည်နိုင်အောင်ရှိသဖြင့် ကြောင်တောင်တောင်နှင့် ကြည့်နေမိတော့သည်။ နောက်မှ နှစ်ယောက်ထိုင်ဆိုဖာရှိရာသို့ သွားရာ ပန်းချီဆရာကလေးသည် ဆိုဖာတွင်ဝင်၍ ယှဉ်မထိုင်ဘဲ မျက်နှာချင်းဆိုင် ကုလားထိုင်တစ်ချပ်ကိုဆွဲ၍ ထိုင်လိုက်ရာ၊ မစ္စစ်ပူးလ်က သူ့လက်ကိုကိုင်၍–

"လာပါ ကျွန်မနဲ့ အတူမထိုင်တော့ဘူးလား"

"ဒီမှာပဲ ထိုင်ပါရစေတော့ ခင်ဗျာ" ဟု ပန်းချီဆရာကလေးက လေသံကို ပျော့နိုင်သလောက် ပျော့အောင်ထား၍ ပြောလိုက်လေ၏။

"ကဲ– ဒါဖြင့်လည်း သဘောပါပဲ။ ရှင် ဘာဖြစ်လာသလဲ ဒီကနေ့"

"အီဗာ– ကျွန်တော် အမှုပြီးကတည်းက စဉ်းစားမိတယ်၊ ခုလို ဝင်ထွက်သွားလာလုပ်နေလို့ မတော်ဘူးထင်တယ်ခင်ဗျာ"

"အမှုနဲ့ ဘာဆိုင်သလဲရှင့်" အသံပြောင်းလာလျက်–

"ဩော်– ကျွန်တော်က အရေးပိုင်အိမ်မှာ တည်းခိုနေရတဲ့ သူ့မိတ်ဆွေ၊ ကျွန်တော့်ကို အင်မတန် ဧည့်ဝတ်စောင်ဝတ်ကျေပွန်ရှာတယ်။ သူ့ကျေးဇူးတွေက များနေလေတော့၊ သူ့စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်တော် မလုပ်ချင်လို့ပါ။ ခင်ဗျားတို့နဲ့ အရေးပိုင်နဲ့လည်း မသင့်မမြတ်ဖြစ်နေတော့ ကျွန်တော်က ဝင်မြဲ ထွက်မြဲ လုပ်နေရင် မကောင်းဘူးထင်တာနဲ့"

"ရှင်ပြောတာ ကျွန်မ နားမလည်ပါဘူးရှင်၊ ခုလို အဆက်အသွယ်ရှိတယ်ဆိုတာ အရေးပိုင်ကို ရှင်ကပြောပြထားလို့ သူသိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောမပြပါဘူး"

"ဒါဖြင့်လည်း ပြီးတာပဲ ဘာအားနာစရာရှိသလဲ၊ ရှင် မပြောရင် ဘယ်သူမှမသိဘူး။ မသိရင် ဒီကိစ္စအတွက် အားနာစရာ မျက်နှာပူစရာ ဘာမှမရှိဘူး"

ပန်းချီဆရာကလေးမှာ မူလကတည်းက လေယူလွဲ၍ သွားလေပြီ။ သူ့အကြောင်းပြချက် မခိုင်လုံသည်ကိုလည်း ရိပ်မိ၍ ကြံရာမရ ရှိနေစဉ် မစ္စစ်ပူးလ်သည် သူထိုင်ရာမှထ၍ ပန်းချီဆရာကလေး ထိုင်နေသော ကုလားထိုင်လက်တင်ပေါ်တွင် ဝင်ရောက် ထိုင်လိုက်လေ၏။ ပြီးမှ–

"အိမ်ရှင် မကျေနပ်အောင်တော့ ပြုလို့ဘယ်တော်ပါ့မလဲ မောင်ရယ်၊ ဟုတ်တာပေါ့၊ နို့ပေမယ့် မောင်လုံအောင်ဖုံးထားလို့ သူမသိဘူးဆိုရင်လည်း ပြီးတာပါပဲ။ ဒီကရှေ့လျှောက်လို့တော့ ပိပိရိရိ ဝင်ကြ ထွက်ကြတာပေါ့။ နောက်ကို မောင်လူမမြင်အောင် ဝင်နိုင် ထွက်နိုင်တဲ့လမ်းကိုလည်း ပြထားပါ့မယ်။ ဒီအတွက်တော့ စိတ်မပူပါနဲ့။ ကဲ– ဒီအကြောင်း ရပ်ကြစို့နော်၊ ဒိပြင်စကား ပြောရအောင်၊ မတွေ့ရတဲ့ အတောအတွင်း မောင် ဘာတွေလုပ်နေသလဲဟင်၊ ကျွန်မဖြင့် လွမ်းလိုက်တာလေ မပြောပါနဲ့တော့" ပြောပြောဆိုဆိုပင် ကုလားထိုင်လက်တင်ပေါ်မှ ပေါင်ပေါ်သို့ ပြောင်းထိုင်မည်ဟု ဟန်ပြင်လိုက်သဖြင့် ပန်းချီဆရာကလေးသည် ထိုင်နေရာမှ မတ်တပ်ရပ်လိုက်ပြီးနောက်–

"အီဗာ ခု ကျွန်တော်လာတဲ့ကိစ္စက နောက်ကို ကျွန်တော်တို့ ထပ်ပြီးတွေ့ဖို့ မဖြစ်နိုင်တော့တဲ့အကြောင်း လာပြောတာပဲ၊ ကျွန်တော့်မှာ အလုပ်တွေ အင်မတန်များတယ်။ မြန်မာပြည်မှာလည်း ကြာရှည်



လေးမြင့် မနေနိုင်ဘူး။ အဲတော့ တစ်မိနစ်ဆိုရင်ပဲ အင်မတန် အဖိုးတန်ပါတယ်"

ထိုစကားများကို ကြားရလျှင်ပင် မစ္စစ်ပူးလ်မှာ မူလရပ်နေရာမှ ၂ လှမ်း ၃ လှမ်းခန့်ခွာ၍ ရပ်လိုက်ပြီးနောက်၊ ပန်းချီဆရာကလေးအား သေချာစွာကြည့်လိုက်ရာ၊ လေယူလေသိမ်း မျက်နှာထားမှစ၍ အစစပြောင်းလဲလျက် အကယ်ပင် နက်နက်နဲနဲပြောဆိုနေကြောင်းကို သိသဖြင့် အဖြစ်အပျက် မှန်ဖြစ်သော "အင်း–သူတော့ ငါ့ကို တစ်ခါတည်း စွန့်ချင်ပြီကိုး" ဟု အတပ်တွေးပြီး များစွာ စိတ်မချမ်းမသာ ဖြစ်၍သွားလေ၏။ အီဗာသည် သူ့ခင်ပွန်းနှင့် ငြိမ့်ငွေ့သည်။ မြိတ်တွင် ပျော်ရွှင်ခြင်းအတွက် မျှော်လင့်စရာ ကင်းမဲ့သည်။ ဤယောကျ်ားကို လက်လွှတ်ခံ၍ မဖြစ်ပြီဟု ထွက်လာသောဒေါသကို ပြန်၍ မျိုသိပ်ပြီးနောက်–

"ကျွန်မကို ဒီလို ပြစ်ပြစ်ခါခါ မလုပ်ခဲ့ပါနဲ့မောင်ရယ်" ပန်းချီဆရာကလေးအနီးသို့ ပြန်၍ကပ်ပြီးနောက် ပခုံးပေါ်တွင် သူ့လက်နှစ်ဖက်ကို အသာတင်၍–

"ကျွန်မ အကြောင်းစုံကို ရိပ်မိပါပြီ၊ ရုံးမှာတုန်းက စိတ်အရောက်မာန်အရောက် ကျွန်မ ပြောမှား ဆိုမှား ပြုမိတာတွေအတွက် မောင် ကျွန်မအပေါ် စိတ်ဆိုးသွားတာပဲ မှုတ်လား၊ ကျွန်မဟာမောင့်အတွက် အသုံးချလို့ရမယ့်မိန်းမ မဟုတ်ဘူး။ ပန်းချီပညာရဲ့ အရသာမှ ခံစားတတ်တာမဟုတ်ဘူးလို့လည်း ထင်တယ်မဟုတ်လား၊ ကျွန်မ မခံစားတတ်ပေမယ့် ပန်းချီဆရာကိုတော့ မြတ်နိုးပါတယ်၊ ဂုဏ်ယူပါတယ်။ မောင်လိုလူတစ်ယောက်ဟာ မြိတ်မှာရှိကြတဲ့ အခြားအင်္ဂလိပ်ဆယ်ယောက်နဲ့ မလဲနိုင်ပါဘူး။ ပထမဦးဆုံး တွေ့ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ညကလေးကို မှတ်မိသေးတယ်ဟုတ်လား၊ အခန်းထဲမှာ အဖော်မရှိ အပေါင်းမရှိနဲ့ ငြီးငွေ့လွန်းလို့ ကောင်ကလေးတစ်ယောက်နဲ့ စကားပြောလည်း လေစပ်မတည့်လို့လေ၊ စာအုပ်ဗီရိုထဲမှာ ရှေးပဝေသဏီက ဝတ္ထုဟောင်းတွေ ဆွဲဖတ်မလို့ရှာတုန်း မောင်တို့ ဝင်လာကြတာ၊ အို– မောင့်ကိုမြင်လိုက်ရတော့လေ သိပ်ကို ဝမ်းသာသွားတာပဲ။ မောင့်စိတ်ထဲ ခုလိုပြောနေတော့ အောက်မေ့လိမ့်မယ်၊ ဒီမိန်းမဟာ ငါ့ကို အမိဖမ်းနေတယ်လို့၊ ဒီလိုလည်း မဟုတ်ပါဘူးမောင်ရယ်၊ မောင်လို လူမျိုးကို ကျွန်မနဲ့မတွေ့ရင်လည်း တခြားမိန်းမတစ်ယောက်ဟာ ခုလိုပဲ လိုက်လိုက်လှဲလှဲ ချစ်မိမှာပါပဲ။ ကျွန်မဟာ မုယာမာယာတွေနဲ့လည်း မဖမ်းတတ်ပါဘူး။ ရိုးရိုးချစ်မိတာပါပဲ။ နို့ပေမယ့် ချစ်လွန်းအားကြီးလို့ ကျွန်မပိုင်သမျှ ဆိုင်သမျှကို မောင့်ပုံအပ်ပါတယ်။ မောင်က ကြည်ကြည်ဖြူဖြူ လက်ခံတော့ ကျွန်မစိတ်ထဲ သိပ်ဝမ်းသာတယ်။ အတိုင်းမသိဘဲ မောင်ဟာ မိန်းမတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ပြီးမှ စိမ်းကားသွားမယ့်လူစားမျိုးလို့လည်း မထင်နိုင်ပါဘူး။ မောင်လိုလူဟာ ယောကျ်ားပီသတဲ့ လူစားပါ။ မြိတ်မှာဆိုရင် ကျွန်မအဖို့ ငရဲပြည်ပါပဲ။ ဒါထဲ အမှုက လာဖြစ်ရပြန်သေးတယ်။ ကျွန်မကံ အင်မတန် ဆိုးပါကလားနော်။ ကျွန်မယောကျ်ားကိုလည်း ပြောပါတယ်။ အရေးပိုင်အပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်းမလုပ်ပါနဲ့၊ ရှင့်မှာ ကျေးဇူး မများတဲ့အပြင် အကျိုးယုတ်ပါလိမ့်ဦးမယ်လို့၊ ခုတော့ အရေးပိုင်ကလည်း ကျွန်မအကြောင်းတွေ မောင့်ကိုပြောပြမှာပေါ့လေ။ အရင်က အင်မတန် စိတ်မချမ်းမသာနေရတယ်ဆိုရင် ခုလို မောင် စိမ်းကားသွားမယ့်ဘဝမှာ ကျွန်မအဖို့ မတွေးဝံ့လောက်အောင် ဖြစ်ရတော့မှာပဲ။ အယူခံမှုကများ ရှုံးရင်တော့ အကြီးအကျယ် ဒုက္ခပဲ မောင်ရဲ့။ အမယ်လေး ကျွန်မဖြင့် မောင်က စိမ်းကားသွားလို့ နေရစ်



ရမယ့်အဖြစ်ကို မတွေးဝံ့တော့ဘူး” မစ္စစ်ပူးလ်သည် ပန်းချီဆရာကလေး၏အနီးသို့တိုး၍ တစ်ချက်နမ်းလိုက်လေ၏။ သူ့မျက်လုံးများမှာ မျက်ရည်တွေ ဝဲ၍နေသည်။ ပန်းချီဆရာကလေးမှာ များစွာစိတ်အိုက်၍ အနေရ အထိုင်ရကြပ်လှပေ၏။ မစ္စစ်ပူးလ် ပြောသကဲ့သို့ပင် လူယုတ်မာတစ်ယောက်လို ပြုကျင့်မိပြီလောဟူ၍လည်း တွေးမိလေ၏။ သို့သော် မိမိနှင့် မစ္စစ်ပူးလ်မှာ ကျူးကျူးလွန်လွန်ဖြစ်ကြသည်ကား မှန်၏။ ဖြစ်လင့်ကစား၊ ထိုမိန်းမထောင်သော ကျော့ကွင်းတွင် မနှုးမနပ်မို့ ယောင်မှား၍ ကျခဲ့မိသည်။ ဤသို့သော မိန်းမမျိုးနှင့် မှားယွင်းသည့်အတွက် တစ်သက်ပတ်လုံး မိမိဘဝကို အဆုံးခံ၍ တွယ်ကပ်နေရန် ကိစ္စကား မဖြစ်နိုင်။ အမှားသည် အမှားသာဖြစ်၍ အစဉ်မမှားဘဲ ပြုပြင်သင့်သည်မဟုတ်ပါလော။ သို့သော် ချိုချိုပြောလည်းစကားပင်၊ ကြမ်းတမ်းစွာ ပြောလည်း စကားပင် ဖြစ်သဖြင့်–

“အမှုအတွက် ကျွန်တော် အများကြီး စိတ်မကောင်းဖြစ်မိပါတယ်။ ဒါလိုပေါ့ ကံမကောင်း အကြောင်းမသင့်တဲ့အခါမို့လည်း ဖြစ်ရတာပါ။ အရေးပိုင်ကိုယ်တိုင်ကလည်း ဒီလိုပဲပြောရှာပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်းအကြောင်းလည်း ဘာမှ မပြောရှာပါဘူး။ စိတ်ဆိုးစကားလည်း မပြောရှာပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဟိုနေ့က ပြောလိုက် ဆိုလိုက်တာတွေအတွက် လုံးဝ စိတ်မဆိုးပါဘူး။ ခင်ဗျား အင်မတန်စိတ်ညစ်နေတယ်ဆိုတာလည်း ဟုတ်ရှာမှာပဲလို့ အောက်မေ့မိပါတယ်။ ကျွန်တော့်အပေါ် ပြုစုတာတွေကိုလည်း ကျေးဇူးတင်နေတာပါပဲ။ နို့ပေမယ့် ကျွန်တော်နဲ့ ခင်ဗျားကတော့ ထာဝစဉ်ဖြစ်နိုင်ကြမယ့်ကိစ္စလည်း မဟုတ်လို့ပါ။ အမှုဆိုတာကတော့ ကျွန်တော် ဒီကိုမလာရင်လည်း ဖြစ်ချင်ဖြစ်မှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



“ဒါတွေကတော့ ဟုတ်ပါတယ်။ နို့ပေမယ့် ရှင် ဘာလို့ ကျွန်မနဲ့ အဆက်အသွယ်တစ်ခါတည်း ဖြတ်ချင်တယ်ဆိုတာကို ခုထိ မသိရသေးပါကလား။ ရှင့်စကားတွေကလည်း ဘယ်လိုက်ဖမ်းရမယ်ကို မသိနိုင်အောင် ဖြစ်နေပြီ။ ပထမတော့ အရေးပိုင်သိသွားရင် အားနာစရာကောင်းလို့တဲ့၊ ပြီးတော့တစ်ခါ အလုပ်တွေက များလွန်းအားကြီးလို့ အချိန်မရှိလို့တဲ့၊ ကျွန်မဆီ ခဏတဖြုတ်-ဝင်ထွက်သွားလာလုပ်တာနဲ့ ရှင့်မှာ အကြီးအကျယ် ထိခိုက်စရာလည်း မရှိပါကလား၊ အမှန်အတိုင်း သိပါရစေ၊ ဘာပြုလို့လဲ၊ အကြောဉာဏ်နဲ့ ကြံပြီး အစာဝတော့ ဌာနပြန်ချင်တဲ့ လူငယ်များလေလားရှင်”

ပထမက မျိုသိပ်၍ ထားသောဒေါသများသည် ချော့၍ ရမည်ထင်စဉ်က ဖုံးကွယ်နိုင်သေးသော်လည်း၊ မိမိမည်မျှ မျှားမျှားပါပုံ မရတော့သောအခါ ဖုံးဖိရာမှတစ်ဖန် ထွက်ပေါ်၍လာပြန်လေ၏။

“ကျွန်မ ရှင့်အပေါ် ဘာများဆိုးတာရှိသလဲ၊ ကဲ- ပြောစမ်းပါဦး၊ ရှင့်စိတ် ဘာလို့ပြောင်းလာသလဲ၊ ကျွန်မကို ပြောမပြနိုင်တဲ့ အကြောင်းတစ်ခုခုတော့ ရှိပြီထင်တယ်။ ဖုံးမထားပါနဲ့လေ ပြောသာပြောပါ။ ခုမှတော့ မထူးပါဘူး”

“ကျွန်တော် ဘာမှ ဖုံးနေစရာမလိုပါဘူးခင်ဗျာ၊ သိပ်လည်း ဒေါသမကြီးပါနဲ့၊ ခေတ်ပညာတတ် ချင့်ချိန်ဝေဖန်နိုင်တဲ့ လူငယ်တွေပဲ၊ အေးအေးဆေးဆေးနဲ့ ကိစ္စပြီးအောင် လုပ်ပါစို့ခင်ဗျား၊ ဒီမှာ အင်မတန်ပျင်းရိငြီးငွေ့နေတုန်း ကျွန်တော်ရောက်လာတယ်၊ ငယ်ရွယ်သူတို့ဘာဝ မှားကြတယ်။ အဲဒီအချိန် ခင်ဗျားလည်း သဘောတူတယ်၊ ကျွန်တော်လည်း အလိုပါတယ်။ နို့ပေမယ့် တစ်သက်လုံး ဒီလိုနေရမယ်ဆိုတဲ့ ကိစ္စကတော့ မဖြစ်နိုင်တာပဲဗျာ”



“ရှင့်စိတ်ထဲ ကျွန်မဟာ အပျော်လိုက်တယ်လို့ ထင်တယ်ပေါ့”

မစ္စစ်ပူးလ်သည် များစွာဒေါသထွက်၍ မျက်လုံးများပင် အရောင်ထွက်၍ လာပေ၏။

“ကဲ- ခင်ဗျာ, ကျွန်တော်တို့ ရန်မဖြစ်ကြဘဲ ပြောကြပါစို့၊ မိတ်ဆွေဆိုတာ ချစ်စရှည်စေ၊ မုန်းစတိုစေတဲ့၊ ခုဟာလည်း ဟိုလို မဆက်ဆံချင်လို့သာ ပြောရတာပါ။ ခင်ဗျားလည်း ကျွန်တော့်အပေါ် ဆိုးတာ ဘာမှမရှိဘူး။ မုန်းလည်း မမုန်းပါဘူး”

“အဲ ဟုတ်ပြီ၊ ဆိုးလည်း မဆိုးဘူး၊ တခြားအကြောင်းလည်း မရှိဘူးဆိုတာ မဟုတ်နိုင်သေးဘူး။ တစ်ခုခုအကြောင်း ရှိရမယ်။ အဲဒါကို ဖွင့်ပြောပါ။ မပြောရင် မသွားရဘူးရှင်”

မစ္စစ်ပူးလ်သည် အခြားမိန်းမတစ်ယောက်နှင့် ချစ်ကြိုက်နေသည့်အတွက်ကြောင့်ဟု အနည်းငယ်မျှ မတွေးမိပေ။ အကြောင်းသော်ကား၊ မြိတ်တွင် ရှိသမျှ အင်္ဂလိပ်မတစ်ဦးတလေနှင့်မှ စကားပြောခွင့်မရသည်ကို မိမိအသိပင် ဖြစ်ခဲ့သည်။ မင်းသားကြီး သမီးတော်နှင့်များ ချစ်ကြိုက်လေ၍လောဟုလည်း လုံးဝမစဉ်းစားမိပေ။ နတ်ရှင်မယ်မှာ လူသိရှင်ကြား လက်ထပ်တော့မည့်ဆဲဆဲ ဖြစ်လေသည်။ ထို့ပြင်လည်း ဗိလပ်မှ အင်္ဂလိပ်လူမျိုးတစ်ယောက်သည် မြန်မာတစ်ဦးနှင့် တကယ့်မေတ္တာစစ်ဖြင့် ချစ်ခင်ကြသည်ဟု လူကြား၍ မလျော်လောက်အောင် ဖြစ်မည် မထင်ပေ။

“ကျွန်တော် ပြောပြီးပါပကော စိတ်ပါစဉ်အခါက ပါတယ်၊ နောက်မဖြစ်နိုင်တဲ့ကိစ္စကို ဖြတ်ချင်စိတ်ပေါ်တဲ့အခါ ဖြတ်ရမှာပေါ့။ ခင်ဗျားလည်း သိတတ်တဲ့မိန်းမတစ်ယောက်ပဲခင်ဗျာ။ ကျွန်တော် စိတ်မပါဘဲ ဇွတ်အတင်း မတိုက်တွန်းပါနဲ့။ ကဲ- သွားခွင့်ပြုပါတော့”

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာကလေးသည် စိတ်မရှည်နိုင်တော့သဖြင့် ယခုတစ်ကြိမ် ခပ်မာမာပင် ပြောမိလေရာ–

"အမယ်လေး– ရှင့်ကိုလည်း ဖွတ်အတင်း ဆွဲမထားလိုပါဘူး၊ ကြွတော်မူပါ။ ဂျင်းစိမ်းနဲ့ မိတ်သလင်ပေါ့၊ ရှင့်ကိုယ်ရှင် အင်မတန်လည်း အထင်ကြီးမနေလိုက်ပါနဲ့ဦး၊ ဒီကိုလာပြီး မတော်မတဲ့တွေ ဖြီးနေမယ့်အစား ရှင့်ဘာသာ အိမ်မှာ ပုံဆွဲနေပါတော့လား၊ ရှင့်ကို အင်မတန် ပါန်းတန်းစွဲဖြစ်တယ်ထင်နေရော့မယ်။ သွား– သွား–ခုသွား–ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ခုဆင်းသွား"

ပန်းချီဆရာကလေးသည် မစ္စစ်ပူးလ်ပြောသမျှစကားတို့ကို အကုန်မကြားတော့ပေ။ ပထမတစ်ခွန်း ကြွတော်မူပါဆိုစဉ်ကပင် ဦးထုပ်ရှိရာသို့ လာခဲ့၍ ကောက်ယူပြီးနောက် ဆင်းခဲ့ပြီ။ မစ္စစ်ပူးလ်သာလျှင် တစ်ယောက်တည်း ဒေါသတကြီးဖြင့် အော်၍ ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။ ပန်းချီဆရာကလေးမှာ "အင်း ငါတွေးခဲ့တာ ထက်တောင် ဆိုးနေပါပြီကော" ဟု အောက်မေ့မိလေ၏။ နောက်နောင်တွင် ထိုမိန်းမစားမျိုးကိုကြည့်၍ ရှောင်တော့မည်ဟု အောက်မေ့မိလေ၏။ အမှန်လည်း သူ့ပိုက်ကွန်တွင်းသို့ လူရိုးလူအပီပီ ဆင်းခဲ့သည်။ ယခုကဲ့သို့ ယဉ်ယဉ်ကျေးကျေးနှင့် အရေးတယူမလုပ်ဘဲ အိမ်မှနေ၍ စာတစ်ကြောင်းနှင့် လမ်းဖြတ်လျှင်လည်း ကိစ္စပြီးတော့သည်။ မျက်ကွယ်တွင်ဖြစ်ရက ဤမျှ အရုပ်ဆိုးလှမည်မဟုတ်၊ ယခုသော် ယဉ်ယဉ်ကျေးကျေး လာရောက်၍ တောင်းပန်ပါမှ ဖွပ်သည်ထက် ညစ်ရတော့၏။ အိမ်သို့ရောက်လျှင် တစ်ကိုယ်လုံး ပူထူရုံမက ရေငတ်လွန်းလှသဖြင့် အနီးတွင် အဆင်သင့်ချ၍ထားသော သံပရာ ရှာလဘတ်ရည်တစ်ခွက်ကို မော့၍ သောက်လိုက်လေတော့၏။



စားပွဲပေါ်ရှိ သစ်သီးလင်ပန်းကြီးတွင်ကား ရှွေငှက်ပျောသီးဝဝကြီးများ၊ လိမ္မော်သီးများ၊ ဖရဲသီးများ၊ သစ်တော်သီးများ စားစချင့်ဖွယ် ပြင်ဆင်ထားရာ နှိုက်ယူ၍ စားသောက်ရင်းပင် သစ်သီးဗန်းမှာ ပြတင်းပေါက်နေရောင်နှင့် လွန်စွာ ပဏာရသဖြင့် ငေး၍ ကြည့်နေမိတော့သည်။ စားပွဲပေါ်ရှိ ထိုသစ်သီးပွဲကြီးမှာ အရောင်စုံ၍ လတ်ဆတ်တောင့်တင်းသော သစ်သီးများ ထည့်ထားသည်။ နံဘေးတွင် ပန်းကန်ပြား အပြာတစ်ချပ်ရှိ၍ ၎င်း၏ တစ်ဖက်တစ်ချက်၌ ခရင်းနှင့် ဓားကလေးမှာလည်း အရောင်တလက်လက် ထွက်၍နေသည်။ ရှာလဘတ်ရည် ဖန်ခွက်ကလေးမှာလည်း မနီးမဝေးတွင် မှိုးမှိုးမတ်မတ်ရပ်၍နေသည်။ ပန်းချီမျက်စိဖြင့် အဆင်ပြေသော အခင်းအကျင်းသည်ပင် မစ္စတာမန်ဂန်အား လောကကြီးမှာ အသက်နှင့် သွေးနှင့် သာယာသေးသည်ဟု သတိပေးသလိုရှိသဖြင့် မိမိပုံဆွဲခန်းကလေးသို့ ပြေးတက်ပြီး ထိုမြင်ကွင်းကလေးကိုပင် ပုံဆွဲယူကာ နေမိပြန်တော့၏။

တစ်နာရီခန့်ကြာသော် ဘဏ္ဍာစိုးသည် အခန်းဝမှ ချောင်း၍ ကြည့်၏။ ဤမျှကြာသော်လည်း သတိရပုံမပေါ်သဖြင့် ဆက်စောင့်ရကောင်းနိုးနိုး၊ ကြည့်နေရကောင်းနိုးနိုးနှင့်၊ သစ်သီးများစားစဉ်က တောက်လျှောက်ကျွေးမွေးမည်ဟု မိမိပြုပြင်ထားသော လက်ဖက်ရည်ကို လှမ်း၍ကြည့်ပြီးနောက် "သခင် လက်ဖက်ရည်သောက်တော့မလား" ဟု အသံပြုလိုက်ရာ "အေး အေး" ဟုသာ ပြန်ပြော၏။ လှည့်၍ကား မကြည့်ပေ။ ဘဏ္ဍာစိုး မုန့်များယူလာသောအချိန်တွင် ပန်းချီဆရာကလေးမှာ စောစောက 'အေး' ကိုပင် သတိမရတော့ဘဲ နေဝင်၍ မှောင်သည့်တိုင်အောင် ပုံဆွဲခုံတွင် မထတမ်းဆွဲ၍ နေတော့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မရတော့မှ စုတ်တန်ကို လက်မှချလိုက်၍ ဝမ်းပူလောက်အောင် ဆာလောင်နေသည်ကိုလည်း သတိရသဖြင့် 'ဟေး... ဘဏ္ဍာစိုး လက်ဖက်ရည်အသစ် ယူခဲ့ပါတော့ ကြက်ဥ, ပေါင်မုန့်, ထောပတ်, ယို, ဘီစကွတ်, ကိတ်မုန့် ရှိတာတွ အကုန်ယူခဲ့ကွာ... ဆာလို့ သေတော့မယ်" ဟု လှမ်း၍ အော်လေတော့၏။

ဘဏ္ဍာစိုး ယူလာသောအခါ အားရပါးရ စားသောက်ပြီးနောက် ၆ နာရီထိုးလုပြီဖြစ်သဖြင့် စာတစ်အုပ်ကိုဆွဲ၍ အနည်းအကျဉ်းဖတ်ပြီး အိပ်ရာသို့ စောစောပင်ဝင်လေရာ၊ မိုးလင်းသည်အထိ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်၍ သွားတော့သည်။

❑

## အခန်း (၁၄)

# သွားပုပ်လေလွင့် သတင်းများ

မစ္စစ်ပူးလ်နှင့် တွေ့ဆုံပြီးနောက် တနင်္ဂနွေတစ်ပတ်ခန့် ကြာခဲ့လေပြီ။ အခြေအနေတို့မှာ အေးချမ်း ငြိမ်သက်သယောင်ယောင်ဟု မှတ်ထင်ရသော်လည်း၊ အမှန်စင်စစ် ခြေလှမ်းပြင်နေသောသူသည် အရှိန်ရအောင် နောက်သို့ ဆုတ်သကဲ့သို့ အားယူရန် ငြိမ်သက်ခြင်းသာ ဖြစ်လေတော့၏။

အရေးပိုင်လည်း စနေနေ့တွင် နယ်ထွက်ရာမှ ပြန်၍လာခဲ့ရာ၊ အိမ်တွင် စောင့်နေနှင့်သောစာအရ မြိတ်မြို့သို့ ကော်မရှင်နာ မင်းကြီး နောက်ကြာသပတေးနေ့တွင် ဆိုက်ရောက်မည့်ကြောင်း သိရပေ၏။ ထိုစာနှင့်အတူ ရုံးအလုပ်စာဖြစ်သော ပူးလ်၏ အယူခံမှုကို ကြားနာစစ်ဆေးမည့် ရက်ချိန်းစာတစ်စောင်လည်း ရောက်ရှိနှင့်ပေ၏။

အရေးပိုင်မှာ မိမိတွေးထင်သည့်အတိုင်း အယူခံဝင်ကြောင်း သိရသည့်အတွက် အံ့သြခြင်းမဖြစ်သော်လည်း၊ "အင်း..." ဟု သက်ပြင်းရှည်ကြီးတစ်ချက်ကား ချမိ၏။ ထို့ပြင်လည်း ကော်မရှင်နာ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး ကင်ပင်ဖွဲ့ လာရောက်မည့်သတင်းမျိုးမှာ ကြားကောင်းနာပျော် သတင်းအဖြစ် လက်ခံရန် ခဲယဉ်းလှသောသတင်းမျိုး ဖြစ်လေသည်။

အကြောင်းသော်ကား၊ ဤကော်မရှင်နာမှာ သူများနှင့်မတူ အစစ်အဆေး အကြည့်အရှုဟု ခေါ်လင့်ကစား၊ အပြစ်ကိုသာ ဇွဲဇွဲ ပေါက်ပေါက်ရှာတတ်သောကြောင့် ဖြစ်သည်။

ပန်းချီဆရာကလေးက–

"သူ့အပြစ်ရှာပေမယ့် ခင်ဗျာ၊ အားလုံး နေသားတကျ ရှိသားပဲ မဟုတ်လား"

"ဘယ်အရာမဆို သေသေချာချာ မတွေ့တွေ့အောင် ရှာပြန် ရင်လည်း အပြစ်ဆိုတာ ဘယ်လွတ်နိုင်မလဲဗျာ" ဟု အရေးပိုင်က စိတ်ရှုပ်စွာ ပြန်၍ ပြောလိုက်၏။ အရေးပိုင်မှာ အထက်မြန်မာပြည် တွင် တစ်ကြိမ် ဤကော်မရှင်နာနှင့် အလုပ်လုပ်ခဲ့ဖူးသောကြောင့် အစင်းသိဖြစ်၍နေလေပြီ။ မြိတ်တွင်ကား လူချင်း တစ်ခါမှ မဆက်ဆံ ဖူးသေးပေ။ သို့သော်လည်း စာဖြင့် ဆက်ဆံရသလောက်ပင် ငြီးငွေ့ လောက်ပေသော ကော်မရှင်နာတစ်ယောက်ဖြစ်၏။ တစ်ခါတစ်ရံ ကလေးကလားနိုင်လှသော စာများကိုလည်း ရေးတတ်သေးသည်။ "ကဲ– ခင်ဗျာ ရွှင်ရွှင်ပျပျနေစမ်းပါ၊ မဖြစ်ခင် ကြိုတင်ပူနေလို့ အလကားပေါ့"

ဤသို့ အချေအတင်ပြော၍နေကြသည်မှာ သင်္ဘောဆိပ်မှ အိမ်သို့အလာတွင် ဖြစ်သည်။ အရေးပိုင်ပြန်မည့်နေ့တွင် ပန်းချီဆရာ ကလေးမှာ သင်္ဘောဆိပ်သို့ ဆင်း၍ ကြိုဆိုပြီးနောက် ခြေကျင် လျှောက်၍ အိမ်သို့ပြန်ခဲ့ရာ၊ လမ်း၌ ဇလွန်မင်းသားကြီး သားအဖနှင့် ဘိုးတင်တို့ သုံးယောက် ကမ်းနားတွင် လမ်းလျှောက်၍ လာကြသည် ကို မြင်ရလေ၏။ အရေးပိုင်က မြင်လျှင်မြင်ချင်း–



"အလို… ကိုဘိုးတင် အလည်လာသလား၊ ခင်ဗျားတို့ လက်ထပ်ပွဲ ဘယ်တော့တုံး" ဟု နှုတ်ဆက်ရင်း မေးလိုက်ရာ၊ ဘိုးတင်သည် ဇလွန်မင်းသားကြီးအား လှမ်း၍ကြည့်လိုက်လေ၏။ လူကြီးလုပ်သူမှာ ဘာစကားမှ ပြန်၍မပြောသဖြင့် "ရှေ့ မေလ လောက်နေပါလိမ့်မယ်" ဟု ကိုဘိုးတင်က မရဲတရဲပင် ပြန်ပြောလေ သည်။

နတ်ရှင်မယ်ကလေးကား ဘာမှလည်းမပြော လှမ်း၍မျှ မကြည့်ဘဲ မျက်နှာကို အောက်ချ၍ ရပ်နေလေ၏။

ထိုနေ့နံနက်တွင် ပန်းချီဆရာကလေးသည် ဘိုးတင်၏ပုံကို ဆွဲရန် မင်းသားကြီးအိမ်သို့ ရောက်ခဲ့ပြီးဖြစ်သော်လည်း၊ နတ်ရှင်မယ် နှင့် နှစ်ယောက်ချင်း စကားတစ်ခွန်းမှ မပြောခဲ့ရပေ။ တစ်ယောက်နှင့် တစ်ယောက် နီးနီးနားနား နေရပါလျက် လှမ်း၍မှ မျက်စိချင်းဆုံ အောင် မကြည့်ရဲ။ စကားစမြည်ပြောရပြန်ပါလည်း သူစိမ်းကဲ့သို့ ဟန်လုပ်၍ ပြောကြရသဖြင့် များစွာ စိတ်ဆင်းရဲရလေတော့သည်။ ဘိုးတင်မှာကား လူကြွားတစ်ယောက်ဖြစ်သည့်အလျောက် မျက်နှာဖြူ ပန်းချီဆရာအား မိမိပုံတူ ဆွဲခိုင်းရသည်ကိုပင် အကျေနပ်ကြီး ကျေနပ် လျက်နေပေ၏။

သို့အတွက် ဗိုလပ်သားဝတ်စုံတစ်စုံကို ကျနစွာဝတ်၍ စတိုင် ပါပါနှင့် ထိုင်ပြီးသော်၊ ပါးစပ်မှလည်း ဗိုလပ်တွင် နေခဲ့စဉ်က မိမိတို့ပျော်ခဲ့ပုံ၊ နှစ်ခဲ့ပုံများကို လေထမတတ်ပြောလျက်ရှိ၏။ ပြန်ခါ နီးတွင် နတ်ရှင်မယ်ကလေးက ပန်းချီဆရာကလေးအား လိုက်၍ပို့ရာ အထတွင်သော်မှ လေမပြတ်သေးဘဲ သူပါလိုက်၍ စကားပြောနေ သဖြင့် ချစ်သူချင်းချင်း တစ်ခွန်းမှ မဟရဘဲ ပြန်ခဲ့ရလေသည်။ အခြေအနေ မည်သို့ရှိသည်၊ လူကြီးတွေကို ဖွင့်ပြောပြီ၊ မပြောသေး

www.burmeseclassic.com

www.burmeseclassic.com



စသည်များကို ဘာမျှမသိခဲ့ရရုံမျှမက ယခုလိုလမ်း၌ တွေ့ပါလျက်နှင့်မှ လှမ်း၍ကြည့်ဖော်မရသော ချစ်သူမျက်နှာကလေးကို မြင်ရသောအခါ မန်ဂန်မှာ များစွာ စိတ်ညစ်မိတော့သည်။

အရေးပိုင်မှာ ဘိုးတင်နှင့် နှုတ်ဆက်ပြီး မင်းသားကြီးနှင့်လည်း တစ်ခွန်း နှစ်ခွန်းသာ ပြော၍ နတ်ရှင်မယ်အား လက်ထပ်ပွဲတွင် မိမိပါ ဖိတ်ကြားရန်ပြောပြီး အိမ်ဆီသို့ ပြန်ခဲ့လေ၏။ နတ်ရှင်မယ်တို့လူစုနှင့် အတန်ဝေးခဲ့သော် အရေးပိုင်က "ကျွန်တော့်အထင်ဖြင့် ဘိုးတင်ဟာ နတ်ရှင်မယ်နဲ့ မတန်ဘူးထင်တာပဲ" ဟု ပြောလိုက်ရာ၊ ထိုသူ၏ထင်မြင်ချက်ကို စောင့်တနေသော ပန်းချီဆရာကလေးမှာ စိတ်အားထက်သန်စွာနှင့်–

"ဘာလို့လဲခင်ဗျာ" ဟု ဝမ်းသာပုံကို မဖုံးဖိလိုက်မိဘဲ မေးလိုက်လေ၏။

"ဩော်... သူ့ကြည့်ရတာ စာမေးပွဲတွေ အောင်အောင်ဖြေနိုင်ပါရဲ့၊ ရုပ်ရည်လည်း အသင့်အတင့်ရှိပါရဲ့၊ နို့ပေမယ့် နတ်ရှင်မယ်နဲ့ ထိုက်တန်လောက်အောင် အရည်အချင်း မရှိဘူးလို့ ထင်မိလို့ပါပဲ"

"သူတို့လက်ထပ်မှာက သူ့အကျိုး ကိုယ့်အကျိုးအတွက်ဆိုတော့ ဘာကိစ္စရှိသလဲခင်ဗျာ"

"သူတို့အိမ် ခင်ဗျားရောက်တဲ့အခါ လက်ထပ်ရေးကိစ္စ ထွေထွေထူးထူး မကြားရဖူးဘူးလား"

"မကြားရပါဘူး"

"ကျွန်တော်တော့ ရသေ့ကြီးဟောတာ မှန်လိမ့်မယ် ထင်နေတယ်။ ဘာလို့လဲဆိုတော့ ဒီလူနဲ့ရပေမယ့် နတ်ရှင်မယ်ဟာ တစ်သက်



လုံး ပျော်ရွှင်မှာမဟုတ်ဘူး။ ခုတောင် မျက်နှာဟာ မရွှင်ပျဘူး။ ကိုယ့်ခင်ပွန်းလောင်းနဲ့ အတူတူလမ်းလျှောက်ရတာကိုပဲ ရှက်နေသလိုလို ထင်ရတယ်။ ဒီတိုင်းပြည်မှာ ထုံးစံက လူရှေ့သူရှေ့ ချစ်ခင်တဲ့ အမူအရာပြလေ့မရှိဘူးဆိုပေမယ့် ခုလောက်တော့ မျက်နှာပျက်မနေကြပါဘူး"

အရေးပိုင်၏စကားတို့ကို ပန်းချီဆရာကလေးကြားရသောအခါ မိမိတို့ အဖြစ်အပျက်အလုံးစုံကို ယုံယုံကြည်ကြည်ဖွင့်၍ ပြောပြလိုက်ချင်လှပေ၏။ မည်မျှ ရင်းနှီးချစ်ခင်နေသည်ကို ပြော၍ တိုင်ပင်သည့်သဘောဖြင့်လည်း အကြံဉာဏ်တောင်းလိုလှပေ၏။ သို့သော် ပြော၍ ဖြစ်ပါမည်လောဟု စဉ်းစားသောအခါ၊ အကယ်၍ နှုတ်မလုံသဖြင့် ပေါက်ကြားသွားလေလျှင် အကြီးအကျယ် အခက်ကျတော့မည်ဟု တွေးမိသဖြင့် အသာမြို၍နေလိုက်ရလေ၏။ အရေးပိုင်မှာ ကိုယ်ဖိရင်ဖိ စဉ်းစားချင်မှ စဉ်းစားပေမည်။ စဉ်းစားသည်ထားဘိဦး၊ ဤအရှုပ်အယှက်ထဲတွင် ပါဝင်ဝံ့မည်မထင်ပေ။ သို့အတွက် အခြားစကားသို့ရောက်အောင် လှီးလွှဲ၍ပစ်လိုက်ရတော့၏။

အင်္ဂါနေ့တွင် ဘိုးတင်မှာ ခွင့်ရက်စေ့သဖြင့် အလုပ်ရှိရာသို့ ပြန်သွားရလေ၏။ နောက်တစ်နေ့ ပန်းချီဆရာကလေး မင်းသားကြီးအိမ်သို့ ရောက်သွားသောအခါတွင် လူလစ်သဖြင့် နှစ်ယောက်သားစကားအနည်းငယ် ပြောကြရသည်။ ထိုအချိန်မှာလည်း မင်းသားကြီးသည် သူ့ကော်ပတ်ခြံ မန်နေဂျာနှင့် အလုပ်ကိစ္စအတွက် စကားပြောနေသည်ကို စောင့်ဆိုင်းနေရင်းသာ ပြောကြရသဖြင့် စကားကုန်အောင် မပြောရပေ။ နတ်ရှင်မယ်ကလေးမှာ များစွာ စိတ်ညှိုးငယ်ညှိုးနေပုံရပေ၏။ တွေ့ရစဉ်အချိန်ကလေးအတွင်းတွင်ကား နတ်ရှင်မယ်က–

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာတွေတော့ သိပ်အကြောင်းမထူးလှသေးဘူး၊ မနေ့ညက ဘိုးတင် ပြန်သွားတော့ ဘဘ,ဘုရားကို နည်းနည်းပြောပြလိုက်တယ်။ ဘိုးတင်ကိုဖြင့် ယူဖို့ စဉ်းစားလို့ မရတော့ဘူးလို့… ဘဘဘုရားဟာ ဒီစကားကြားရတော့ စိတ်ဆိုးပုံတော့ မရပါဘူး။ ဒါပေမဲ့ ဘယ်လိုစီမံမလဲဆိုတာလဲ မေးလို့မရပါဘူး။ ဘဘဘုရားရယ် သူ့ဆီကို စာရေးလိုက်ပါ လက်ထပ်ပွဲကို ရက်ဆိုင်းထားချင်သေးတယ်လို့ ဆိုပြီး ကျွန်မက တိုက်တွန်းတာကိုလည်း အင်းအဲ မလိုက်ဘူး။ ကျွန်မပြောတဲ့အတွက် သူစိတ်ထိခိုက်– မထိခိုက်ဆိုတာကို မတွေးနိုင်အောင် ရှိနေတော့တာပဲ။ နို့ပေမယ့် မ,ဘုရားနဲ့တော့ တိုင်ပင်ရဦးမှာပဲ ထင်တယ်။ ကျွန်မကိုယ်တိုင် မ,ဘုရားဆီ မသွားရတာပေါ့လေ။ သူများတွေတော့ ဒီလိုကိစ္စဆိုတာ အမေနဲ့သမီးနဲ့သာ ပြောကြတိုင်ပင်ကြရတယ်။ ကျွန်မတို့တော့ အမေနဲ့သမီးဆိုပေမယ့် သူ့ဆီကို လာချင်ပါတယ်လို့ ခွင့်တောင်းရင်တော့ လာခဲ့ခေါ်ချင်ခေါ်မှာပါပဲ။ နို့ပေမယ့် ဟိုရောက်ရင် ကြည်ကြည်သာသာ လက်ခံစကားပြောချင်လည်းပြောမယ်၊ မပြောဘဲ သွားတော့လို့ ဆိုချင်လည်းဆိုမှာ။ မ,ဘုရားစိတ်က တစ်မျိုးပဲ။ လျှပ်လက်သလို အင်မတန် မြန်ထက်တယ်။ ခု ဟုတ်ပေမယ့် တော်ကြာ ဟုတ်ချင်မှဟုတ်တာ၊ သူ့အခန်းထဲမှာ သူထိုင်နေပြီး အရေးအကြောင်းရှိမှ သူ့အသံကြားရတာပဲ"

"အနို့ ခင်ဗျားအပေါ်တော့ အစဉ်ချစ်ချစ်ခင်ခင်နဲ့ သက်ညှာတာပဲ ဟုတ်လား"

"မညှာမတာတော့ မပြုဖူးရှာပါဘူး။ နို့ပေမယ့် သူလုပ်သမျှဟာ မှန်တဲ့ဘက်ကချည်းပဲ။ ခု ကျွန်မတို့ကိစ္စမှာ စဉ်းစားကြည့်စမ်း၊ ရှင်နဲ့ ကျွန်မနဲ့ ချစ်မိကြတာ အမှားကိုလုပ်မိကြတာ ဖြစ်ချင်ဖြစ်မယ်။



မမှားဘူး မှားတယ်ဆိုတာကို ရှင့်ဘက်ကနေပြီး စဉ်းစားစမ်းပါလား။ လူမျိုးချင်းမတူတဲ့ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ဘက်ပြုရတယ်ဆိုတာဟာ တစ်ဘက်ဆွေမျိုးနဲ့ တစ်ဘက်ဆွေမျိုးပေမယ့် အစေးမကပ်နိုင်တော့ဘူး၊ ရှင့်မိတ်ဆွေတွေကလည်း ရှင့်ကို ခပ်ခွာခွာနေကြတော့မယ်။ တကယ်လို့ ရှင်ဟာ အရင်က အသက်မွေးဝမ်းကြောင်း ခဲခဲယဉ်းယဉ်း လုပ်ရတယ်ဆိုရင် ကျွန်မကို ယူလိုက်တဲ့အတွက် ပိုပြီး ခဲယဉ်းသွားမှာပဲ။ ကျွန်မဘက်ကနေကြည့်ပြန်တော့လည်း မဟာဆီ မဟာသွေး ပစ္စည်းဥစ္စာကလည်း ပြည့်စုံတဲ့မိန်းကလေး။ အဲဒီလိုဖြစ်ပါရက်ကနဲ့ ဥစ္စာကြေးငွေ တစ်ပြားတစ်ချပ်မှမရှိတဲ့ လူမျိုးကွဲပန်းချီဆရာတစ်ယောက်ကို ယူမိလို့ အားလုံးက ပစ်ထားကြပြီး ဆင်းဆင်းရဲရဲ ဖြစ်နေရတယ်။ အဲဒီလို အသေအချာဖြစ်မှာပဲ။ ကျွန်မဒီလိုပြောနေတာဟာ ဘေးလူရဲ့အမြင်ကို ပြောတာနော်။ ကျွန်မကိုယ်တိုင်တော့ဖြင့် သူတကာပြောမယ့် စကားတွေကို ကျောပေးပြီး ဖြစ်သမျှအကြောင်းကို ကောင်းကောင်းရင်ဆိုင်တော့မှာပါပဲ။ ချစ်မိတဲ့အချစ်ကို ဘယ်နည်းနဲ့မှ မဖျက်တော့ဘူး။ ချစ်မှာပဲ… စဉ်းစားစရာက ကျွန်မစိတ်လို မ,ဘုရားစိတ်မှာ ဖြစ်နိုင် မဖြစ်နိုင်ကို စဉ်းစားစရာရှိတာပဲ"

ပန်းချီဆရာကလေးနှင့် နတ်ရှင်မယ်သည် အထက်ပါအကြောင်းများအပြင် အခြားချစ်သူတို့ဘာဝ စကားများကိုလည်း အချိန်ရသမျှကလေးတွင် ပြောကြားခဲ့သေး၏။ နတ်ရှင်မယ် မင်းသမီးကလေးပြောသကဲ့သို့ ပန်းချီဆရာကလေးစိတ်တွင်လည်း မိမိတို့နောင်ရေးကို တွေးမိသည်၊ အကယ်၍ ပန်းချီဆရာကလေးကသာ "အချစ်ရယ် ဘယ်သူတွေဘာပြောပြော ဘယ်ကလောက်ပဲ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲ အချစ်ကို အမွန်မြတ်ဆုံးထားပြီး လိုက်ခဲ့ပါတော့” ဟု ဆိုလျှင် နတ်ရှင်မယ်မှာ ငြင်းဆို၍နေမည်မဟုတ်ပေ။ လွယ်လင့်တကူပင် များများမစဉ်းစားဘဲ နားထောင်ပေမည်။ သို့သော် ပန်းချီဆရာကလေးသည် သူ့ကိုယ်သူ “ငါ ဒီမျှအထိ တိုက်တွန်းထိုက်ပါ၏လော” ဟု မေးမိ၏။ ဤကိစ္စကို လောလောဆယ် ဆုံးဖြတ်သည်ထက် စောင့်ဆိုင်း၍နေသေးလျှင် အခါအခွင့်သင့်ချင်လည်း သင့်ပေမည်။ အချိန်ယူသေးလျှင် ကောင်းမည်မှာ မလွဲဟုတွက်၍ ပြန်ခဲ့လေတော့သည်။

သို့သော် အချိန်ဆွဲလိုသောသူများအဖို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲချက်ပေါ်၍လာတော့သည်။ လာပုံမှာလည်း ရက်ကြာကြာ မဆိုင်းရဘဲ ၎င်းနေ့ညမှာပင် မည်သူမျှ မမျှော်လင့်သည့်ဘက်မှ ထွက်၍လာခြင်း ဖြစ်တော့၏။

ဖြစ်ပုံမှာ လွန်ခဲ့သည့် သောကြာနေ့ကပင် မစ္စစ်ပူးလ်နှင့် အဆက်အသွယ် ဖြတ်ခဲ့ပြီဖြစ်၍ ပန်းချီဆရာကလေးသည် ထိုမိန်းမကို လုံးဝ သတိမရတော့ဘဲနေလေ၏။ မစ္စစ်ပူးလ်ကဲ့သို့သော မိန်းမစားမျိုးကား ကျားမြီးဆွဲရသည်နှင့် တူလှသည်။ တန်းလန်းလိုက်လျှင်ကား လိုက်၊ လွှတ်သည့်တစ်နေ့၌ ပြန်၍ လှည့်ကိုက်တတ်သည်။ မစ္စစ်ပူးလ်သည် နေသေးသပခြုံထဲကဟူ၍ ကြိမ်းဝါးကာ မစ္စတာမန်ဂန်အား ကလဲ့စားချေရန် အခွင့်ကောင်းကိုသာ ချောင်းလျက်ရှိနေသည်။ မစ္စစ်ပူးလ်အဖို့ ပထမဆုံးဖြစ်သည့်အကွက်မှာ အယူခံမှု ဖြစ်သည်။ အကယ်၍ အယူခံတွင် မင်းသားကြီးများရှုံး၍ ၎င်းတို့ နိုင်ခဲ့သော် အရေးပိုင်ပါ မြိတ်မှ ခွေးပြေး ဝက်ပြေးပြေးရတော့မည်။ အရေးပိုင်မရှိလျှင် ပန်းချီဆရာလည်း အပ်သွားရာ အပ်ချည်ပါသကဲ့သို့ ပုံဆွဲရန်



သော ဘာသော နားမလည်၊ မြိတ်မှထွက်ခွာရပေတော့မည်။ သို့သော် အယူခံကိစ္စမှာ စိတ်မချရမှုမက မျှော်လင့်ချက် နည်းပါးကြောင်း အခြေမခိုင်လုံကြောင်းကို ကြားသိရပေ၏။ သို့ဖြစ်၍ ပန်းချီဆရာကို နှိပ်စက်ရန် အခြားအကြောင်းများကို ရှာကြံရမည်ဖြစ်သဖြင့် “ဒင်း ငါ့ကို ဘာလို့ စွန့်ပြေးသလဲ” ဟူသော အမေးကို တလည်လည်မေး၍ ဉာဏ်ထုတ်လေတော့၏။ မစ္စစ်ပူးလ်မှာ အဖြေကို မရနိုင်အောင် ဖြစ်၍နေသည်။ အကြောင်းသော်ကား မစ္စတာမန်ဂန်လိုလူတစ်ယောက်သည် မိန်းမနှင့် ကြုံလျှင် ခဏနှင့် စွန့်၍ပြေးသည့်အစားလည်းမဟုတ်၊ အခြား မိမိထက်သာသည့်မိန်းမနှင့်တွေ့၍ ခွာခြင်းလည်းမဟုတ်နိုင်ဟု တွက်ကိန်း ရသောကြောင့် ဖြစ်ပေ၏။ မစ္စစ်ပူးလ်သည် လူကဲခတ်ညံ့သည့်အစားထဲက မဟုတ်ပေ။ ပန်းချီဆရာကလေးအား မျက်လုံးနှင့် ထောင်၍ ကြည့်လိုက်ကတည်းကပင် မိန်းမတကာ လည်၍ ဖျက်ဆီးနေသော ကြာသမားမျိုး မဟုတ်ကြောင်း ကောင်းစွာသိ၏။ မိမိနှင့် တွေ့စဉ်ကလည်း မစ္စတာမန်ဂန်က စသည်မဟုတ်၊ မိမိက ကျော့ကွင်းရှိရာ လက်ယပ်ခေါ်ခြင်းသာ ဖြစ်ပေသည်။ မိမိထက်သာသော မိန်းမနှင့် တွေ့၍ဟူသော အကြောင်းမဖြစ်နိုင်သည်မှာလည်း ပန်းချီဆရာကလေးသည် မိမိနှင့်တွေ့စဉ်က ရုပ်ပါရုံကျော့ကွင်းတွင် ကောင်းကောင်းမိလေသည်။ နောက် အတန်ကြာမှ မိမိအား အထင်အမြင်သေး၍ သွားချင်သွားပေမည်။ သို့သော် စိတ်ပျက်သွားလောက်အောင် အချိန်ရသည်ဟူ၍ကား မပြောနိုင်။ ပထမနှစ်ခေါက် လာစဉ်ကလည်း စိတ်ပါလက်ပါပင် ဖြစ်သည်။ နောက်လည်း ငြီးငွေ့လောက်အောင် အခါများစွာ မတွေ့ရသေးပေ။ မတွေ့သည်မှာလည်း သူ့ကိုယ်တိုင်က တစ်နေ့မှ တစ်နာရီလောက်သာ တွေ့ရန်ခေါ်ငင်ခြင်း၊ ပန်းချီဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုယ်တိုင်က မအားလပ်ခြင်းတို့ကြောင့်ပင် ဖြစ်လေရာ၊ သူ့ရေချိန်နှင့်သူ အကိုက်ပင် စီစဉ်ထားခဲ့သည် မဟုတ်ပါလော။ သို့ပါလျက် ယခုကဲ့သို့ ပစ်၍ထားခဲ့သည်မှာ အခြားမိမိထက် သာသူ တစ်ယောက်ယောက်နှင့်တွေ့၍သာ ဖြစ်ရပေမည်။ ထိုမိန်းမကို ဘယ်နည်းနှင့် တွေ့အောင် ငါရှာရပါ့မလဲဟု အဖန်ဖန် စဉ်းစားမိလေ၏။ အင်္ဂလိပ်မများမှာ ပန်းချီဆရာကလေးအပေါ် မျက်စိကျမိကြလိမ့်မည်ကား မလွဲပေ။ သို့သော် ၎င်းတို့နှင့် တွေ့ခွင့်မရ၍ ဖမ်းခွင့်မရနိုင်၊ သို့ဖြစ်လျှင် မည်သူမည်ဝါ ဖြစ်ပေမည်နည်းဟု တနင်္ဂနွေတစ်ပတ်လုံးလုံး စိတ်ဆင်းရဲစွာ တွေးတောပြီးနောက် ဗုဒ္ဓဟူးနေ့တွင် မစ္စစ်ပူးလ်မှာ အလင်းရောင်ကို ရခဲ့လေ၏။

ရပုံကား ဤသို့တည်း။ ထိုနေ့ညနေတွင် မစ္စစ်ပူးလ်သည် စိတ်ရှုပ်ရှုပ်ရှိလှသည်နှင့် ကလပ်သို့ တင်းနစ်ကစားရန် သွားရာကွင်းထဲတွင် မစ္စတာနှင့် မစ္စစ်မာလင်ဆိုသူ လင်မယားနှစ်ယောက်သာ ရောက်နှင့်၍ မိမိပါနှင့် သုံးယောက်သာ ကစားမည့်သူရှိသောကြောင့် နောက်တစ်ယောက် စောင့်မျှော်၍ နေကြရာ၊မည်သူတစ်ဦးတစ်ယောက်မျှ မလာဘဲနေစဉ်–

မစ္စတာမာလင်က "ပန်းချီဆရာကလေး ကစားမလာဘဲကိုးနော်" ဟု ပြောလိုက်ရာ–

သူ့မိန်းမက "ပန်းချီဆရာကလေးက ခုနေအခါတော့ အလုပ်သိပ်များနေတာ ဘယ်လာတော့မလဲ" ဟု ရယ်ရင်းပြောလိုက်ပြီးနောက် မစ္စစ်ပူးလ်ဘက်သို့ လှည့်ကာ–

"ကျွန်မ ဒီပန်းချီဆရာကလေးအကြောင်း ဘာကြားသလဲ သိရဲ့လား၊ ရာဇဝတ်ဝန်ထောက်က ပြောသွားလို့ အကုန်သိတာပေါ့၊



ဒီလိုရှင့် တစ်နေ့က သူ အရေးပိုင်အိမ်ရှေ့ လျှောက်သွားတော့ ဟိုမင်းသားကြီးရဲ့သမီးဟာ အရေးပိုင်အိမ်ထဲက ခပ်သုတ်သုတ်ထွက်လာတာ တွေ့လိုက်သတဲ့။ အဲဒီနေ့က အရေးပိုင် တောသွားနေတာ ပန်းချီဆရာတစ်ယောက်တည်း အိမ်မှာရှိတာပဲ။ သူ ဘာလုပ်လာရသတဲ့လဲ၊ အဲဒါ တွေးစရာပေါ့။ ကျွန်မတို့တစ်တွေ နောင်ကို သူ့ကို ကလပ်မှာတွေ့ဖို့ မမျှော်လင့်ကြနဲ့တော့"

"အနို့ ဒီမိန်းကလေးပုံဆွဲနေတာပဲ ဟုတ်လားကွ" ဟု မစ္စတာမာလင်က ပြောရာ–

"ပုံလည်းဆွဲတာပေါ့လေ ပြီးတော့လည်း ... အဟဲဟဲ ..." ဟု သူ့မိန်းမက ကဲသေကဲမ သိဟန် ရယ်လိုက်လေ၏။

မစ္စစ်မာလင်၏ သတင်းမှာ မစ္စစ်ပူးလ်အား မခံချိ မခံသာ ဖြစ်အောင် တမင်ပြောသည် မပြောသည်ကို မသိရသော်လည်း ဤသတင်းကို ကြားလိုက်ရသော မစ္စစ်ပူးလ်မှာ တနင်္ဂနွေတစ်ပတ်လုံးလုံး အကြောင်းရှာ၍မတွေ့သည်မှာ ယခုမှ တွေ့ရသဖြင့် ထိခိုက်၍သွားပေ၏။ "ကဲရှင် လာပါ၊ ဘယ်သူ့မှ မစောင့်ကြပါစို့နဲ့၊ ရှိသလောက်နဲ့ ကစားတာပေါ့" ဟု ပြောလိုက်ရသော်လည်း မျက်နှာပျက်၍သွားသည်ကိုကား ဂရုပြုမိသူတိုင်း မြင်နိုင်ပေ၏။ မှုမမှန်သောအသံနှင့် မျက်နှာနေ မျက်နှာထားတို့မှာလည်း မနာလို၍နေသော မစ္စစ်မာလင်၏ မျက်လုံးတို့မှ မလွတ်နိုင်ပေ။

တစ်ယောက်ချင်း တစ်ပွဲမျှ ဟန်လုပ်ကာ ကစားပြီးနောက် မစ္စစ်ပူးလ်သည် "ဘယ်သူ့မှလဲ လာတော့မှာ မဟုတ်ပါဘူး၊ ပြန်ပါတော့မယ်" ဟု နှုတ်ဆက်ခဲ့ပြီး "အချက်ပေါ်ပြီကောဖြင့် ကျေရိုးလား" ဟူသော စိတ်ထားဖြင့် တင်းနစ်ကွင်းမှ ပြန်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ– ဒီတစ်ခါ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြရောပေါ့ဟယ်" ဟု စိတ်ထဲမှ ကြိမ်းဝါးရင်း အိမ်သို့ ပြန်ခဲ့လေ၏။ ပန်းချီဆရာကလေးသည် မြန်မာမတစ်ယောက်အတွက် မိမိကို စွန့်၍သွားသည်၊ မယုံကြည်နိုင်လောက်အောင် ဆန်းပြားလှပေ၏။ မိမိကို ဘာမှမဟုတ်သည့် တိုင်းရင်းသူမတစ်ယောက်နှင့်လဲ၍ စွန့်ခဲ့သည်၊ အရှုံးလုပ်ခဲ့သည်၊ စော်ကားခဲ့သည်၊ ရက်စက်လှသည်၊ ယခင်က ကလဲ့စားချေရန် နည်းရှာခဲ့၏။ ယခု ကြားရသော သတင်းအရ တွေ့ပြီဖြစ်၍ ကျကျနန ချေရတော့မည်။ "ခင်းကို မြိတ်က ကန်ထုတ်ပြမယ်၊ ငါပါတဲ့ဟာယ်" ဟု ကြိမ်းဝါးရင်း စိတ်ကူးထုတ်လိုက်ရာ များစွာ ကျေနပ်လွန်းသဖြင့် ဖုံတထောင်းထောင်းနေသော အိမ်ပြန်လမ်းမှာပင် သီချင်းဆိုမိသေး၏။ ယခင်က မြိတ်တွင် နေချင်စိတ်မရှိ၊ အကြီးအကျယ် စိတ်ပျက်ခဲ့လေသမျှတို့လည်း ယခုအခါတွင် ပန်းချီဆရာကလေးအား နှိပ်စက်ရတော့မည်ဟု စိတ်ကူးတည့်လှသဖြင့် မြိတ်သည် နေစချင့်ဖွယ်ဒေသ ပြန်၍ဖြစ်နေလေတော့၏။

မိမိယောက်ျားမှာ နက်ဖြန်ဆိုလျှင် အယူခံမှုအတွက် ကော်မရှင်နာနှင့်တွေ့ရန် သတ္တုတွင်းမှ ပြန်၍လာမည်။ လာလျှင် သူ့ပါ အသုံးချရတော့မည်။ အမှုကို အဆုံးစီရင်သော အရေးပိုင်ကိုလည်း ဆုံးမ၍ပေးရမည်။ မိမိအပေါ် လူလည်လုပ်သွားသော ပန်းချီဆရာကိုလည်း ဆုံးမရတော့မည်ဟု အောက်မေ့၍ များစွာ ဝမ်းသာတော့သည်။ သူ့စိတ်ကူးမှာ အယူခံမှု ရှုံးသည်ထားဦး၊ အရေးပိုင်နှင့်ပန်းချီဆရာနှစ်ယောက်စလုံးအား ဒုက္ခလှလှပေးနိုင်မည့်စိတ်ကူး ဖြစ်လေသည်။

❑

## အခန်း (၁၅)

# ကော်မရှင်နာ ဆိုက်ရောက်လာခြင်း

ကော်မရှင်နာ ကင်ပင်ဖွဲ့လ်မှာ နောက်တစ်နေ့တွင် ဆိုက်ရောက်၍လာလေ၏။ သူ့သင်္ဘောမှာ (၆) နာရီတွင် ဆိုက်ကပ်မည့်အကြောင်း အရေးပိုင်ထံ သံကြိုးရသဖြင့် ကြိုဆိုရန် စီစဉ်ထားနှင့်ရပေ၏။ ထုံးစံမှာ ကော်မရှင်နာမင်းကြီးလာလျှင် ၎င်းနယ်ရှိ အစိုးရအမှုထမ်းအရာရှိများ၊ သမာဓိမြို့ဝန်၊ မြူနီစီပယ်ဥက္ကဋ္ဌနှင့် ရာဇဝတ်ဝန်၏ ပုလိပ်အဖွဲ့တို့က သွားရောက်ကြိုဆိုရသည်။ အရေးပိုင်လည်း ထုံးစံရှိသည့်အတိုင်း စီစဉ်၍ထားလေ၏။

ထိုနေ့နံနက်တွင် သွားခါနီး၌ ပန်းချီဆရာကလေးက အရေးပိုင်အား "ကျွန်တော်လည်း လိုက်ခဲ့ဦးမယ်နော်၊ ဟိုရောက်တော့ ပုံဆွဲချင်လို့ပါ၊ ဒီမှာ ထုံးစံအတိုင်း မင်းကြီးတစ်ပါးကို ကြိုဆိုတဲ့ အခမ်းအနားလေးကို ပန်းချီဆွဲယူထားရရင် သိပ်ကောင်းမှာဗျ။ ဒါနဲ့ စကားမစပ် ကော်မရှင်နာဟာ ဘယ်လိုရုပ်မျိုးလဲခင်ဗျ" ဟု မေးလေ၏။ အရေးပိုင်မှာ အကောင်းဆုံး ဝတ်စုံတစ်စုံကို ထုတ်၍ဝတ်ပြီး သွားခါနီးတွင်–

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဝဝတုတ်တုတ် အသားနီနီနဲ့ နှုတ်ခမ်းမွေး ခပ်ဖွားဖွား နဲ့ပါပဲဗျာ။ ခင်ဗျားတို့ ကာတွန်းဆရာ မစ္စတာလိုးများရှိရင် သိပ်ကြည့်ကောင်းမယ့်ရုပ်မျိုးပေါ့။ ခင်ဗျားကို ပြောမိသလားမသိဘူး။ သူက ကျုပ်တို့လို ပဋိညာဉ်ခံဝန်ထမ်းအဖွဲ့ဝင်ထဲက မဟုတ်ဘူးဗျာ။ ဟိုရှေးက ပုလိပ်ကလေးပေါ့။ အဲဒီကနေပြီး တစ်ဆင့်တစ်ဆင့် ရာထူးတိုးလာတဲ့လူ၊ ကျုပ်တို့လို ပဋိညာဉ်ခံ ဝန်ထမ်းသမားတွေကိုများတော့ အင်မတန် မျက်မုန်းကျိုးပြီး နှံချင်တာကလား၊ မင်းတို့လို စာမေးပွဲမအောင်ပေမယ့် ငါတို့လိုကောင်တွေလည်း ဒီရာထူးရပါတယ်ဆိုတဲ့ သဘောနဲ့ အတော်လည်း ဆောင်းကျန်းတဲ့ သတ္တဝါကြီးပဲဗျ"

"ကျွန်တော်တို့တော့ သာမည ပန်းချီဆရာကလေးဖြစ်ရတာ ဒါဖြင့် ဝမ်းသာရဦးမှာပေါ့" ဟု ရယ်မောရင်း ပန်းချီဆရာကလေးက ပြောလေ၏။ အရေးပိုင်က "သာတော့ခင်ဗျာ သာတော့၊ ကျုပ်တို့လို အကောင်တွေတော့ ကိုယ့်အထက်လူကြီးကို ကြောက်နေရတာပဲ၊ ခင်ဗျားတို့တော့ ဘယ်နေရာမဆို ငါအရှင် ငါသခင်ပဲ လုပ်ချင်တာ လုပ်နိုင်တယ်၊ ဆဲချင်တဲ့လူ ဆဲနိုင်တယ်၊ ကျွန်တော်တို့သာ ဒုက္ခများတာ"

ဤသို့ပြောပြီး ဆိပ်ကမ်းဆီသို့ လှမ်းကြည့်ရင်း အရေးပိုင်က "ပုံဆွဲလို့လည်း အတော်လှလိမ့်မယ်ဗျို့" ဟု ပြောလိုက်လေ၏။

"ကဲခင်ဗျာ ဒါဖြင့် အေးအေး အလုပ်ထွက်လိုက်ပြီး ရသမျှ ပင်စင်ကလေးနဲ့ပဲ အေးအေးသက်သာနေပါတော့၊ ဒီအလုပ်က မထွက်မချင်းတော့ အထက်လူကြီးတွေကို ကြောက်ရ၊ မျက်နှာလုပ်ရနဲ့ နေမှာပဲ၊ ခင်ဗျားတို့ဟာ တယ်မဟန်သေးပါဘူး၊ လူဆိုးနဲ့ ဆက်ဆံရ၊ လူကောင်းနဲ့ဆက်ဆံရနဲ့ တယ်စိတ်ပျက်စရာကောင်းတယ်"



"ကဲဗျာ– နောက်တော့ ရှင်းပြမယ်" ဟု ဆိပ်ကမ်းတွင် သင်္ဘောဝင်တော့မည်ကို လှမ်း၍မြင်သဖြင့် ခြေလှမ်းပြင်နေသော အရေးပိုင်က ပြောလိုက်လေ၏။

"မပြောပါနဲ့တော့ ခင်ဗျာ၊ သိပါပြီ၊ ပင်စင်ပေါင် တစ်ထောင် ရမှာကြောင့် (၇) နှစ် အလုပ်သက်ပိုလုပ်ရတာ ပြောမှာပါပဲ" ဟု ပန်းချီဆရာကလေးကပြောရင်း နောက်မှလိုက်ခဲ့လေ၏။ ပန်းချီဆရာကလေးသည် တစ်လမ်းလုံး အရေးပိုင်ကိုစ၍ လိုက်လာတော့သည်။ "လုပ်ပါခင်ဗျာ၊ ထွက်စာတင်လိုက်ပါတော့၊ အဲဒီလိုဆိုရင် ကော်မရှင်နာကို ခုအချိန်မျိုး ကြောက်နေဖို့ဝေးလို့ ပြန်ပြီးတောင် ကော်ဆဲနိုင်ပါသေးတယ်။ ကဲ– ထွက်စာသာတင်ပါ။ နောက်ပြီး ကျွန်တော်နဲ့အတူ အင်္ဂလန်ပြန်ကြတာပေါ့။ ဟိုကျတော့ ခင်ဗျားက စာရေးဆရာလုပ်၊ ကျွန်တော်ကလည်း ပန်းချီပညာနဲ့ အသက်မွေး၊ ဥရောပတိုက်ကို နှစ်ယောက်အတူတူ လျှောက်လည်၊ ဟိုရောက်တော့ ဒီပညာတွေ ဘက်မှာချွန်တဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ လျှောက်တွေ့ရအောင်၊ အဲဒီလိုသာဆိုရင် ခင်ဗျားသိပ်စိတ်ချမ်းသာမယ်"

အရေးပိုင်မှာ ပန်းချီဆရာကလေးအား စကားပြန်မပေးနိုင်၊ သင်္ဘောကမ်းသို့ကပ်တော့မည်ဖြစ်သဖြင့် ခြေကုန်သုတ်၍ တောင်အောက်သို့ လျှောက်လျက် ရှိလေ၏။ ပြီးမှ သတိရသဖြင့် ပန်းချီဆရာကလေးအား လှမ်း၍ကြည့်လိုက်ရာ ဘောင်းဘီတိုနှင့် ရှပ်လက်တိုကလေးကို ဝတ်၍ထားသည်ကို မြင်သဖြင့် "ဟာ ခင်ဗျား [illegible] ကျတဲ့လူကိုးဗျ၊ ဒီအဝတ်နဲ့ ကော်မရှင်နာကြိုလို့ မဖြစ်ပါဘူး။ မရှိမသေလုပ်တယ်လို့ ရှိချင်ရှိဦးမှာ" ဟု ပြောရာ–

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြိုတဲ့အထဲ မလိုက်ပါဘူး။ တစ်နေရာက ပုံဆွဲနေမှာပါ။ ဟန်ကြီးပန်ကြီး ဇာတ်ပွဲထဲက အခမ်းအနားမျိုး ကြိုဆိုကြတာကို ပုံဆွဲယူမလို့ပါ။ ခင်ဗျား ကျွန်တော့်ကို မသိချင်ယောင်ဆောင်နေ၊ ဆိပ်ကမ်းမှာ ကျွန်တော့်ဘာသာ တခြားပုံဆွဲနေတဲ့လူလို သဘောထားလိုက်တာပေါ့"

"ဒါပေမဲ့ ကနေ့ည ကျွန်တော်က သူ့ကို ညစာကျွေးရဦးမှာဗျ– အဲတော့ ခင်ဗျားလည်း ပါရဦးမှာ"

"ကိစ္စမရှိပါဘူးဗျာ၊ အဲဒီညစာစားပွဲကျတော့ ကျွန်တော်က သားသားနားနား ဝတ်စားထားမှာပေါ့၊ သူ့စိတ်ထဲ နံနက်က မြင်ခဲ့တဲ့ကောင်ဟာ ကျွန်တော်မဟုတ်ပါဘူးလို့ ထင်မှာပေါ့။ မကြောက်ပါနဲ့ သူ့ကို စကားပြောတဲ့အခါလည်း ရိုရိုသေသေ "ဆာ" တွေ ဘာတွေနဲ့ ပြောမှာပေါ့။ ထမင်းစားပွဲမှာ သူပြောသမျှတွေကိုလည်း အင်မတန်စိတ်ပါဝင်စားသလို နားထောင်တာပေါ့။ ဥပဒေအကြောင်းတွေ ပြောရင်လည်း မှန်ပါဘုရားလိုက်လိုက်ရင် ခင်ဗျားလူ ကျေနပ်သွားမှာပါဗျာ၊ စိတ်ချ၊ ကျွန်တော့်အတွက် မျက်နှာမပျက်စေရပါဘူး။ ဒီလူဟာ မျက်နှာကြီး သိပ်ကြိုက်သလား"

"ကြိုက်တာမှ ကြောက်စရာ လန့်စရာကောင်းအောင်ကို ကြိုက်ပါတယ်"

"ဒါဖြင့် ကျွန်တော် မြို့စားဖြစ်တဲ့အကြောင်း ဖွင့်ပြောလိုက်မလေ"

"ခင်ဗျား တကယ်ပြောနေတာလား၊ ပြောမှာဖြင့် ပြောစမ်းပါဗျာ၊ ဒီလိုဆို ခင်ဗျားကောင် တစ်ခါတည်း ပျော့ကျသွားမယ့်အပြင် ရှိတောင်ခိုးဦးမယ်။ ခင်ဗျားရှိတဲ့အတွက် ကျွန်တော့်ကိုပါ ယဉ်ယဉ်ကျေးကျေးလုပ်လာပါလိမ့်ဦးမယ်"



"ဒီလိုဆို နေပေစေဗျာ၊ ဖွင့်မပြောဘူး။ ဒါလောက်ရှိလှတဲ့အကောင် အသာဖိန်းထားလိုက်ဦးမယ်။ အမှားတော်တော်များပြီဆိုမှ 'ငါကိုယ်တော်မြတ်' ဆိုတဲ့ အပေါက်မျိုး ဖွင့်ချလိုက်မယ်၊ သူ့ကိုတော့ သရော်ရဦးတော့မှာပေါ့"

"ဟော့လူ ဒီကနေ့ ဘာဖြစ်နေသလဲဟင်၊ ခင်ဗျား အတော်အူမြူးနေတယ်ထင်တယ်၊ သတိထားဗျာ၊ ဒီကောင်ဟာ ခင်ဗျားထင်သလောက် ဆက်ဆံလို့လွယ်တဲ့ကောင် မဟုတ်ဘူး။ အလကားဒုက္ခများနေဦးမယ်၊ ပေါင်းရသင်းရ အင်မတန်ကြပ်တဲ့လူမျိုးဗျ"

ဤသို့ပြောရင်း ဆိပ်ကမ်းသို့ရောက်ကြလေရာ၊ ရောက်နှင့်ပြီးအရာရှိများက အရေးပိုင်အား ဆီး၍ အရိုအသေပြုကြသည်။ အရေးပိုင်ကလည်း ပြန်လှန်၍ အရိုအသေပြုရင်း အနီးရှိ လူကြီးလူကောင်းအချို့နှင့် နှုတ်ဆက်စကား ပြော၍နေလေ၏။ ကြိုဆိုသည့်အထဲတွင် ထိပ်တင်ရန်နိုင် ဇလွန်မင်းသားကြီးလည်း ပါလေသည်။ သမာဓိမြို့ဝန်လည်းဖြစ်ပြန်၊ လူကြီးလူကောင်း မြို့မိမြို့ဖလည်းဖြစ်ပြန်သဖြင့် လာရောက်ကြိုဆိုခြင်း ဖြစ်ပေ၏။ ကော်မရှင်နာ၏ သင်္ဘောမှာ ဆိုက်တော့မည်ဟု ကမ်းသို့ကပ်လျှင်ပင် ပန်းချီဆရာကလေးမှအပ ကြိုဆိုလာကြသောသူအပေါင်းတို့သည် ကော်မရှင်နာအား အရိုအသေပြုရန် အဆင်သင့် မတ်တပ်ရပ်ပြီး ဖြစ်ကြလေ၏။ ပန်းချီဆရာကလေးမှာ အနီးရှိ သစ်ပင်ရိပ်တစ်ခုတွင် ကျကျနနထိုင်၍ နောက်ခံကားကို ပင်လယ်ပြင် ပထစ်ကျွန်းနှင့် ဝင်မည့်နေရောင်များကိုပါ ထည့်သွင်း ဆွဲခြစ်၍ နေလေ၏။

သင်္ဘောဆိုက်လျှင်ပင် အရေးပိုင်ပြောထားသည့် မျက်နှာပေါက်မျိုးရှိသော အင်္ဂလိပ်တစ်ယောက်သည် ခွေးသုံးကောင်ကို နောက်မှ တစ်ပါတည်းခေါ်ခဲ့၍ ကုန်းသို့ တက်ခဲ့လေ၏။ အရေးပိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲနှုတ်ဆက်ပြီးနောက် ရာဇဝတ်ဝန်၏ ဆလံကိုလည်း ပြန်လှန်ပေး၏။ အခြားကြိုဆိုကြသောသူများကလည်း ကိုယ့်ထုံးစံအတိုင်း ကိုယ် အရိုအသေပြုကြရာ၊ အင်္ဂလိပ်မျက်နှာဖြူလူမျိုးမှန်သမျှ ဦးထုပ်ချွတ်၍ နှုတ်ဆက်ကြလေ၏။ ကော်မရှင်နာကား ကြိုဆိုသော ပရိသတ် နှုတ်ဆက်ခြင်းကို အနည်းငယ်မျှ ဂရုစိုက်ပုံ မရဘဲ "ဒီလူတွေက ဘယ်သူတွေလဲ" ဟုသာ အရေးပိုင်အား မေးသဖြင့်–

"ကျွန်တော်နဲ့အတူ အလုပ်လုပ်ရတဲ့ ရုံးက အရာရှိ လုပ်ဖော်ကိုင်ဖက်တွေနဲ့ မြို့ပေါ်က လူကြီးလူကောင်းတွေပါ၊ သူတို့နဲ့ မိတ်ဆက်ပေးပါရစေလားခင်ဗျာ"

"လုပ်ဖော်ကိုင်ဖက်ဆိုတာ ဘာလဲဗျ၊ အရေးပိုင်တစ်ယောက်ဟာ သူ့လက်အောက်က အမှုထမ်းကို လုပ်ဖော်ကိုင်ဖက်လို့ ခေါ်တာ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါကလား၊ မိတ်လည်း ဆက်မနေပါနဲ့တော့ နေပါစေ"

"မြို့ပေါ်က လူကြီးလူကောင်းတွေလည်း ပါပါသေးတယ်။ လက်ဆွဲနှုတ်ဆက်ပါဦး၊ ဇလွန်မင်းသားကြီးပါ ပါပါသေးတယ်"

"ကျုပ် မြန်မာတွေနဲ့ ဘယ်တော့မှ လက်ဆွဲနှုတ်မဆက်ဘူး။ ဪ– မင်းသားဆိုတာကော ပါသလား၊ ဘယ်ဒင်းလဲ ပြစမ်းပါဦး၊ ဪ– အင်း– သူကိုး မာရဲ့နော်၊ အင်္ဂလိပ်စကား မတတ်ဘူးထင်တယ်" ဟု သရော်သလို ခေါင်းတစ်ချက် ဆတ်၍ပြလိုက်ရာ၊ အရေးပိုင်မှာ မျက်နှာပျက်၍ နီမြန်းသွားလေ၏။ သို့သော် အနီးရှိ လူကြီးများကို အားနာသဖြင့် မသိလိုက်မသိဖာသာ ပြုံးဟန်ဆောင်လိုက်ရလေ၏။ ခွေးသုံးကောင်မှာ ဟိုလူလိုက်နမ်း သည်လူလိုက်နမ်းနှင့် ဣန္ဒြေမရ လုပ်နေကြစဉ် အရေးပိုင်မှာ စကားမှ ဖာရဖာရဟု



သဘောထား၍ "ကော်မရှင်နာမင်းကြီးက အရေးကြီးတဲ့ကိစ္စရှိနေလို့ ဇေ့အောင် နှုတ်မဆက်နိုင်ဘူး။ ခုလိုကြွလာကြတာ ကျေးဇူးတင်ပါတယ်တဲ့"

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ မရှိပါဘူး။ အမယ်– ဟိုအနားက လူဟာ ဘာလုပ်တာတုန်းဟင်" ဟု ပန်းချီဆရာကလေးရှိရာသို့ လက်ညှိုးထိုး၍ မေးရာ–

"ဪ– မစ္စတာမန်ဂန်ပါခင်ဗျာ၊ ကျွန်တော့်အိမ်မှာ တည်းနေတဲ့ဧည့်သည်ပါ"

"သူ ဘာလုပ်နေတာတဲ့တုန်း"

"သင်္ဘောဆိပ်ကို ပုံဆွဲနေပါတယ်၊ ပန်းချီဆရာကလေးပါ"

ကော်မရှင်နာသည် ရှုံ့မှုန်းဖွယ်ကောင်းသောအသံဖြင့် ရယ်ချင်ပြုပြီးနောက် "အံမယ် တယ်ဟုတ်ပါကလားဟင်၊ အနုပညာတွေဘာတွေကိုလည်း အရေးပိုင်လုပ်တဲ့လူက လိုက်စားလို့ပါကလား၊ ကျုပ်တို့တုန်းကများဖြင့် ဒါတွေလုပ်ဖို့ အချိန်မရခဲ့ဖူးပါဘူး။ အထူးသဖြင့် အထက်အရာရှိ လာတော့မယ်ဆိုမှဖြင့် ပန်းချီ သတိရ၊ မရထားလို့ လူ့ကို ပျာလောင်ခတ်နေတော့တာပဲ"

"သူက ပုံဆွဲပါရစေ၊ ဒီနေရာမှာလို့ ခွင့်တောင်းတော့ ကိစ္စမရှိဘူးထင်တာနဲ့ ဆွဲတာပေါ့လို့ ပြောလိုက်မိပါတယ်။ ခုလို မင်းကြီးက မကြိုက်မှန်းသိရင်တော့–"

"ဟာ ကိစ္စတော့ မရှိပါဘူး။ နို့ပေမယ့် ကြည့်ရတာ ခပ်ဆန်းဆန်းနေလို့ပါ။ သူပန်းချီဆွဲချင်တာကလည်း ကျုပ်လာတဲ့ အချိန်မှပဲ ဆုံ့ဆုံ့စည်းလွန်းလှတယ်။ ကျုပ် အစီရင်ခံစာထဲမှာ ဒါပါ ထည့်ရေးလိုက်ရင် အထက်လူကြီးတွေလည်း ဒီလို သဘောရှာပဲ ထင်တယ်"

www.burmeseclassic.com



ဤသို့ သူ့အကြောင်းကို ပြောဆို၍နေကြသော်လည်း ပန်းချီဆရာကလေးမှာ ပုံကိုသာ အပတ်တကုတ် ရေးဆွဲ၍နေလေ၏။ သူ့လက်များမှာ မလွဲတမ်းဆွဲနိုင်သည့်ပြင် မျက်လုံးဖြင့် မြင်သမျှကိုလည်း တစ်စနစ်တည်း၊ တစ်ပုံတည်းရအောင် မှတ်ဉာဏ်ကောင်းလှသူဖြစ်ရကား ခပ်သွက်သွက် အချက်ပိုင်ပိုင် ဂရုတစိုက် ဆွဲလေ၏။ ပြီးလျှင် ပုံဆွဲစာအုပ်ကိုပိတ်၍ မြန်မာအရာရှိများရှိရာသို့ လျှောက်၍လာခဲ့ရာ၊ မြန်မာအရာရှိများမှာ သူ့အကြောင်းကို ကော်မရှင်နာမင်းကြီးနှင့် အရေးပိုင်တို့ အချီအချ ပြောကြသည်ကို တစ်လုံးမကျန်ကြားပြီးဖြစ်၍ မင်းကြီးက မျက်မှန်းကျိုးနေသော ပန်းချီဆရာကိုနှုတ်ဆက်မိလျှင် အမျက်တော်ရှမည်ကို ကြောက်သဖြင့် မမြင်ချင်ဟန်ဆောင်သည့်သူကဆောင်၍ တစ်ဖက်သို့ လှည့်နေကြလေ၏။ အရေးပိုင်မှာ များစွာ နေမထိ ထိုင်မသာ ရှိလှသဖြင့် ခေါ်၍ မိတ်ဆက်ပေးရလျှင် တော်လေမည်လား စဉ်းစားမိ၏။ "ဘာဖြစ်ဖြစ် သူလည်းမြို့စားတစ်ယောက်ပဲ မိတ်ဖွဲ့ပေးသင့်တယ်" ဟု အောက်မေ့ကာ–

"မန်ဂန်" ဟု ခပ်အုပ်အုပ်လှမ်း၍ ခေါ်ပြီး လက်ယပ်လိုက်လေ၏။ ပန်းချီဆရာကလေးမှာ ခပ်မြူးမြူးပင်–

"ခင်ဗျာ" ဟု ထူး၍ လှည့်လာခဲ့ရာ–

"ကျွန်တော် မင်းကြီးနဲ့ မိတ်ဆက်ပေးပါရစေလားခင်ဗျာ" ဟု မရဲတရဲမေးလိုက်၏။

ပန်းချီဆရာကလေးမှာ အရေးပိုင်ကဲ့သို့ အောက်စဖို့တက္ကသိုလ်ထွက် အိုင်–စီ–အက်တစ်ယောက်က ပုလိပ်ကလေးဘဝမှတက်လာသူ ကော်မရှင်နာကို ခယနှိမ့်ချစွာ ပြောရသည်ကို ရှက်မိလေ၏။ သို့သော် 'ဘာမှ ကလန်ကဆန်မလုပ်ပါဘူး။ သူ့အလိုက်သင့် ကြည့်



နေပါ့မယ်" ဟု ဝန်ခံမိပြီးဖြစ်သဖြင့် မသိလိုက် မသိဖာသာ ခပ်ပြုံးပြုံးပင် အရူးလုပ်လိုစိတ်ဖြင့် အနားသို့ လာခဲ့လေ၏။

ကော်မရှင်နာမှာ အရေးပိုင်ရော ပန်းချီဆရာကိုပါ၊ နှစ်ယောက်စလုံးကို ခပ်လန့်လန့်ပင် ဖြစ်သည်။ အရည်အချင်းညံ့သူမှာ ကိုယ့်ထက်သာသူရှေ့တွင် လန့်စမြဲမဟုတ်ပါလော။ သို့သော် အရေးပိုင်ကိုမူကား ရာထူးအားဖြင့် မိမိလက်အောက်က ဖြစ်သဖြင့်တစ်ကြောင်း၊ မိမိထောက်ခံပါမှ ရာထူးတိုးမည်ကို သိသဖြင့်လည်းကောင်း၊ အနိုင်ကျင့်၍ ခြေထောက်နှင့် နင်းထားချင်ပေ၏။ သို့သော်လည်း မိမိအရည်အချင်း မပြည့်စုံသည်ကို အသိမခံဝံ့ပေ။ အကြောင်းကား အရေးပိုင်က မထေမဲ့မြင်ပြုခဲ့သော် သာ၍ အကျိုးယုတ်လေတော့မည်။ သို့အတွက် အနိုင်ကျင့်ချင်သည်က တစ်မျိုး၊ ရိုသေ အထင်ကြီးစေချင်သည်က တစ်မျိုးဖြင့် ရှုပ်ထွေးလျက်ရှိပေ၏။ အရေးပိုင်မှာ မိမိမည်မျှနိုင်ရာကိုကိုင်စေဦး၊ မတတ်သာ၍ ငုံ့ခံမည့်သူအား ကြည်ညိုစိတ်ကား အလျဉ်းရှိမည့်သူ မဟုတ်ပေ။ သို့အတွက် "မကြည်ညိုသည့်အတူတူ နိုင်သလောက် ညှဉ်းတာကောင်းပါတယ်" ဟု အောက်မေ့လေ၏။ ပန်းချီဆရာကလေးအတွက်ကား အရေးပိုင်၏မိတ်ဆွေဟု သိရသည့်အကြောင်းတစ်ခုပင်လျှင် မုန်းထားရန် လုံလောက်၍ နေပေ၏။ သို့သော် ရိုင်းစိုင်းစွာကား မပြုဝံ့ပေ။ လက်ဆွဲနှုတ်ဆက်ပြီး–

"ပုံဆွဲလို့တော့ အတော်ကောင်းမယ့်နေရာပဲနော်"

"ဟုတ်ကဲ့ သိပ်လှပါတယ်"

"ဒီမှာ ကြာကြာနေဦးမလား"

"အသင့်အတင့်တော့ နေဖြစ်ပါလိမ့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြောရလျှင်ပင် ကော်မရှင်နာအဖို့ ရှေ့ဆက်ရန်စကား ကုန်၍နေသဖြင့် အရေးပိုင်ဘက်လှည့်ပြီး မိမိတည်းမည်ဖြစ်သော မင်းတဲအိမ်သို့ သွားတော့မည်ဟု ပြော၍–

"ခင်ဗျားလည်း ကျုပ်နဲ့ တစ်ပါတည်းလိုက်ခဲ့ပါ။ ပြောစရာ အလုပ်ကိစ္စတွေ ပြောရအောင်" ဟု ခေါ်ပြီး အခြားအရာရှိများကိုမှ နှုတ်ဆက်ဖော်မရဘဲ ခွေးရောလူပါ အရေးပိုင်မော်တော်ကားပေါ်သို့ တက်၍ အရေးပိုင်ပါခေါ်ပြီး မောင်းနှင်ထွက်ခွာသွားလေ၏။ ကျန်ရစ်သော ကြိုဆိုကြသည့် ပရိသတ်များကား ကြည့်တိကြောင်တိနှင့် ရပ်၍ ကျန်ရစ်ခဲ့လေတော့၏။

ထိုနေ့တစ်နေ့လုံး အရေးပိုင်မှာ ကော်မရှင်နာနှင့်အတူ စိတ်ပျက်စွာနှင့် အလုပ်ကိစ္စများကို ပြောဆို၍နေလေ၏။ ညနေတွင် မြိတ်မြို့ကလပ်ရှိ အသင်းသား အများအပြားကိုပါ ဖိတ်ခေါ်၍ ဖျော်ဖြေသောအငြိမ့်နှင့်တကွ အရေးပိုင်က ညစာ ကောင်းစွာတည်ခင်း ကျွေးမွေးရသည်။ ပန်းချီဆရာကလေးမှာ ဤကဲ့သို့သော အခမ်းအနားမျိုးကို အင်္ဂလန်တွင်လည်း အလယ်အလတ်တန်းစား လူမျိုးများ၌ ပြုလုပ်သည်ကို တွေ့နေကျဖြစ်သဖြင့် မထူးဆန်းသော်လည်း မိမိကိုယ်တိုင် ဤအခမ်းအနားမျိုးတွင် ပါဝင်၍ နေရသည့်အတွက် ကား များစွာ ရယ်ချင်လေ၏။ သူ့အဖို့မှာ ဝါသနာပါသော သူ့အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်နိုင်သည်။ ဤလိုလူစားမျိုးနှင့် ထွေးရောယှက်တင်ပြုရန် ဝတ္တရားမရှိပေ။ သို့ကြောင့်လည်း အရေးပိုင်အား သနားမိလေတော့၏။ သို့သော် အိမ်ရှင်ဖြစ်သူကို ငဲ့ညှာသည့် သဘောဖြင့်လည်းကောင်း၊ မိမိအတွက် အနှောင့်အယှက်မဖြစ်ရပါဘူးဟု ကတိပေးပြီးဖြစ်သဖြင့်လည်းကောင်း၊ ထမင်းစားပွဲ၌ ကော်မရှင်နာကို အရူးလုပ်၍ မြှောက်ပြောနေရာ ကော်မရှင်နာမှာ သူ့ကို



အရူးလုပ်၍မှုလည်း အရူးဖြစ်မှန်းမသိရှာသဖြင့် ပျော်ရွှင်ဖွယ်တစ်ခုကဲ့သို့ ဖြစ်၍နေလေ၏။ တစ်ကြိမ်တွင်ကား အရေးပိုင်မှာ အသည်းတယားယားနှင့် နားထောင်နေရာမှ လွန်လွန်းအားကြီးသဖြင့် ပန်းချီဆရာကလေးအား လှမ်း၍ကြည့်လိုက်မိသည်။ ပန်းချီဆရာကလေးကား မဖြုန် ဣန္ဒြေမပျက်ပင် ရှုခပ်တည်တည်နှင့် ကော်မရှင်နာအား "ခုလိုပြောသံကြားရတော့ခင်ဗျာ မင်းကြီးဟာ အရုပ်ကားတွေရဲ့ အကောင်းအဆိုးကို ကျကျနနကြီး ခွဲခြားနိုင်တာမို့ ပန်းချီပညာနဲ့ ပတ်သက်ပြီး ပဋိသန္ဓေကပါလာတဲ့ ပါရမီရှိကြောင်း သိရတာပေါ့။ လူများဟာ တချို့တော့လည်း ပညာတစ်ခုကို ကြိုးကြိုးပမ်းပမ်း လိုက်စားရှာကြရတယ်။ နို့ပေမယ့် မွေးကတည်းက အထုံပါလာတဲ့သူများကတော့ လုံးဝ မလိုက်စားပေမယ့် သူ့ပါရမီနဲ့သူ သိပြီးတတ်ပြီး ဖြစ်နေလို့ ပစ္စုပ္ပန်ဆည်းပူးတဲ့လူတွေထက်ပဲ သာပါသေးတယ်။ ကျွန်တော့်ကားကို အကောင်းအဆိုး ရွေးပြလိုက်ပုံများ တကယ် အံ့သြလောက်ပါပေတယ်။ ချီးမွမ်းဖို့ကောင်းပါတယ်"

အရေးပိုင်မှာ ပန်းချီဆရာကလေး ပြောသမျှကို အသက်မရှူဘဲ နားထောင်နေရှာသည်။ ကော်မရှင်နာမှာ မြှောက်ပြောသည်ကို အဟုတ်မှတ်ပြီး သဘောကျစွာ ပြုံးနေသည်ကိုမြင်မှ သက်ပြင်းချ၍ အသက်ရှဲရှဲရှူဝံ့တော့သည်။ ပန်းချီဆရာကလေးနှင့် ကော်မရှင်နာမှာ ဘုန်းကြီးရူးနှင့် လေလူး တွေ့သကဲ့သို့ပင်။ မြန်မာပြည်က ပုံဆွဲဆရာတစ်ယောက် ရေဆေးဖြင့် ဆွဲထားသော ခပ်ညံ့ညံ့ပုံတစ်ခုကို ကော်မရှင်နာက မစ္စတာမန်ဂန်၏ ဆီဆေးကားထင်၍ ချီးမွမ်းသည်ကို ပန်းချီဆရာက အထက်ပါအတိုင်း ပြန်၍ပြောခြင်းဖြစ်ပေ၏။ အဘယ်သူသည် နှလုံးမတုန် ရင်မခုန်ဘဲ နားထောင်ရဲပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခု စဉ်းစားရန်ရှိသည်ကား၊ ကော်မရှင်နာကဲ့သို့သော အရည်အချင်းနှင့် လူတစ်ယောက်အား အပျော်ဖြစ်စေ၊ တကယ်ဖြစ်စေ၊ မြှောက်ပင့်ပြောခြင်းဖြင့် အကျိုးကျေးဇူးရှိပါသလောဟူသော အမေးပင် ဖြစ်လေသည်။ ဤသို့ မြှောက်ပင့်၍ပေးသဖြင့် ကော်မရှင်နာမှာ သူ့ကိုယ်သူ ပို၍ အထင်ကြီးလာပြီးလျှင် ပန်းချီဆရာကလေးတို့နှစ်ယောက်အား ရဲရဲတင်းတင်း နှိပ်စက်ချင်စိတ်ပေါက်လေ၏။ ဤသို့ ချော့သဖြင့် ပျော့ရမည်မှာ သူ့အတွက် ဝန်လေး၏။ ကော်မရှင်နာကား 'ချော့လေ ကဲလေ၊ မန်းလေ ပြဲလေ' ဆိုသည့် လူစားမျိုး ဖြစ်လေသည်။ အရေးပိုင်အား နှုတ်ဆက်၍ ထွက်ခဲ့ပြီးနောက် ဤသို့ ညွှန့်ခံသဖြင့် ဝမ်းမြောက်သလိုလိုရှိသော်လည်း ညာညာတာတာ စစ်ဆေးအစီရင်ခံရန်ကား လုံးဝစိတ်မကူးပေ။ မူလစိတ်အတိုင်းပင် ဖြစ်သည်။ အရေးပိုင်မှာသာ အနည်းငယ် မျက်နှာသာရပြီလောဟု အထင်လွဲခြင်း ဖြစ်ရစ်လေ၏။

"သိပ်တော့လည်း မဆိုးလှပါဘူးနော်" ဟု အရေးပိုင်က အိပ်ရာဝင်ခါနီးတွင် ပန်းချီဆရာကလေးအား ပြောလိုက်ရာ–

"အင်း– အရည်အချင်းတော့ ဘာမှမရှိတဲ့လူပါခင်ဗျာ၊ ညံ့ပါတယ်။ ရေဆေးမှန်း ဆီဆေးမှန်းတောင် မသိတဲ့လူဘဲ" ဟု ပန်းချီဆရာကလေးကပြောရာ–

"ပန်းချီသာ ဝါသနာမပါလို့ပါဗျာ၊ ခွေးတော့ ဝါသနာပါသားပဲ"

"အေးလေ– ရှိစေတော့ပေါ့။ ခင်ဗျားကိုလည်း သူ့ခွေးကို ကြင်နာသလောက်သာ ကြင်နာပါစေလို့ အောက်မေ့ရတာပဲ" တစ်ယောက်နှင့်တစ်ယောက် စကားနိုင်လု၍ ပြောရင်း "ကဲဗျာ–



ဘာပဲဖြစ်ဖြစ် ဒီကနေ့ည မောင်မင်းကြီးသား ကျေနပ်သွားပါရဲ့၊ ထင်ပါရဲ့။ အသင့်အတင့်တော့ဖြင့် –" ဟု အရေးပိုင်ကပြောသဖြင့်–

"ဒီနေ့ည သူ့ကို တရိုတသေလုပ်လိုက်တဲ့အတွက်ကြောင့်လား"

"ဒါပေါ့ဗျာ၊ ကိုယ်က မေတ္တာထားပြန်တော့လည်း မနက်ဖြန်မှာဆိုရင် ညနေက သဘောဆိပ်တုန်းကလိုဖြင့် ထော်လော်ကန့်လန့် မဖြစ်တန်ရာပါဘူး"

"တကယ်လို့ မေတ္တာတရားဟာ လူတိုင်းကို ယဉ်ကျေးစေနိုင်တယ်ဆိုရင်တော့ ဟုတ်မှာပေါ့။ နို့ပေမယ့် ဒီသတ္တဝါက လူတိုင်းထဲ မပါမှာစိုးရတယ်" ဟု ပန်းချီဆရာကလေးက ထိုတစ်နေ့လုံးအဖို့ တည်တည်ကြည်ကြည် စကားတစ်ခွန်းကို ပြောလိုက်ပြီး အိပ်ရာသို့ ဝင်ကြလေ၏။

နောက်တစ်နေ့တွင် နံနက် ၁၀ နာရီ၌ ထမင်းစားရင်း တွေ့ဆုံကြရာ၊ အရေးပိုင်မှာ မျက်စိမျက်နှာပျက်၍ နေရှာလေ၏။

"ဒီနေ့နံနက်များဗျာ၊ ကျုပ်ဖြင့် ပြောတောင်မပြောချင်တော့ပါဘူးဗျာ၊ ခင်ဗျား မောင်ဂျင်မီကို မှတ်မိသေးလား"

"မောင်ဂျင်မီ နေပါဦးဗျာ၊ သြော်– မှတ်မိပြီဗျို့၊ ဟိုငါးကြီးမှတ်လား၊ ခင်ဗျားနာမည် ယူမှည့်ထားတယ်ဆိုတာလေ"

"အစစ်ပေါ့ဗျာ၊ ဟိုအဘိုးကြီးသားအဖ အမြတ်တနိုးမွေးထားကြတဲ့ငါးကြီး၊ နှစ်ပရိစ္ဆေဒ ကြာလှပါရော့မယ်"

"အဲဒါ ဘာပြုလို့လဲဗျာ၊ အိမ်ရှင်မိန်းကလေးက ယုံကလှသနဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်– ဟုတ်တယ် သူတို့ပါပဲ။ အဲဒါကို ကော်မရှင်နာ မျက်စိက သွားပြီး စူးရောက်တော်မူလို့ မောင်ဂျင်မီနေတဲ့ ရေတွင်းဟာ လမ်းမြေပေါ်မှာ ထိုးထွက်နေသတဲ့၊ အဲဒါကို ဖယ်ပေးရမတဲ့။ မြေပုံထဲ သေသေချာချာကြည့်ပြီး ရေတွင်းဖို့ခိုင်းဖို့ အမိန့်ထုတ်ရမတဲ့။ အဲတော့ ကျွန်တော်က တစ်ဆယ့်ငါးနှစ်တောင် ရှိနေပါပြီခင်ဗျာ၊ ဒီရေတွင်းရှိနေတာလို့ ပြောတော့၊ ဘယ်တုန်းက တူးတူး ဥပဒေနဲ့မှမလွတ်ဘဲ အစိုးရမြေပေါ် ကျူးလွန်နေတာ ဖို့ခိုင်းပါတဲ့။ ရေတွင်းဟာ လူနေခြံထဲ တစ်ဝက်သာရှိသတဲ့။ ရှိပါစေတော့ လမ်းလည်း အကျယ်ကြီးပဲလို့ ပြောတာကို တစ်ခါ မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနဲ့ မင်း ကျုပ်ပြောတာကို ဘာလို့ ဆင်ခြေများနေသလဲ။ တွင်းရှင်ဟာ အစိုးရမြေပေါ်မှာ ၁၈ လက်မ ကျူးလွန်နေတာ မမြင်ဘူးလားတဲ့–

ကျွန်တော်က ထပ်ပြီး တောင်းပန်ပါသေးတယ်။ ဒီအရင် အရာရှိတွေလည်း ဒါကိုသိပါတယ်ခင်ဗျာ၊ နို့ပေမယ့် ဘယ်သူမှ အဖို့မခိုင်းခဲ့ပါဘူး။ ဒီ၁၈လက်မလောက်တော့ ကိစ္စရှိတာန်မယ် မထင်ပါဘူး။ လမ်းပေါ် ကျူးကျော်ပေမယ်လို့ ဘယ်သူကမှလည်း မညည်းညူကြဘဲဟာလို့ ပြောတော့၊ ဟာ ဒီကအရာရှိတွေ လူပျင်းတွေချည်းပဲ၊ သူတို့ထည့်ပြောလို့ ဘယ်ဖြစ်မလဲတဲ့၊ မြူနီစီပယ် မြေတိုင်းစာရေးက ဒီကိစ္စကို ခင်ဗျားဆီ ချက်ချင်းအစီရင်ခံရမယ်ပေါ့၊ ကျုပ်သာ ဒီလို– ဒီလို တစ်ပေခွဲလုံးလုံး လွန်နေတယ်ဆိုတာ သိရရင်တော့ ဒီကောင့်ကို ခုမှ လာပြောရမလားလို့ ပိတ်ဆော်မှာပေါ့။ ကျုပ် ဒီကိုလာတာ ဘာလုပ်ဖို့လာတာလဲ။ ဒီလိုအထွေထွေကိစ္စတွေ လျှောက်စစ်ဆေးဖို့ လာတာပဲဟာ။ ကဲဗျာ– ဖို့ဖို့ အမိန့်အမြန်ဆုံးထုတ်လိုက်ပါတဲ့။ ကျုပ်စိတ်ထဲ အတော်ကို ခံပြင်းသွားတာပဲ။ နို့ပေမယ့် ဒင်းတော့ ချော့မှပဲလေလို့ အောက်မေ့ပြီး သူခွေးချစ်တာလည်း သတိရလို့



တိရစ္ဆာန် ခင်မင်တတ်သားပဲလေ၊ ငါးကြီးအကြောင်း ပြောပြရင်တော့ ရကောင်းပါရဲ့ဆိုပြီး၊ ဒီတွင်းထဲမှာ ငါးကြီးတစ်ကောင် သူတို့ မွေးထားကြပါတယ်။ ရေတွင်းကို ဖို့မိန့်ထုတ်လိုက်ရင်တော့ သူတို့ အင်မတန် မြတ်နိုးတဲ့ ငါးကြီး သေရှာမှာမို့ အားလုံးလူတွေ စိတ်ထိခိုက်ကုန်ပါလိမ့်မယ်လို့ဆိုတော့–

ဘယ့်နှယ် ငါးကြီးရှိတယ်ဟုတ်လား။ ဒါဖြင့် ချက်စားလိုက်ကြပေါ့။ ဘာခက်သလဲလို့ ပြောတော့ အဲဒီအိမ်ထဲက ခင်ဗျားပြောတဲ့ မိန်းကလေးပါပဲ ထွက်လာပြီး အမယ်လေး မောင်ဂျင်မီတော့ သတ်မစားရက်ပါဘူးရှင်လို့ ပြောလိုက်တော့၊ ဘာတဲ့ မောင်– ဘာတဲ့လို့ ကော်မရှင်နာက မေးတယ်ဗျ။ မိန်းကလေးက ဂျင်မီပါတဲ့ ကျွန်မတို့ ဒီနာမည်ကို ဒီလိုပြောတုန်း ကျွန်တော့်စိတ်ထဲတော့ တထိတ်ထိတ်ပေါ့လေ။ ငါ့ကို အကြောင်းပြုမှည့်တာလို့တော့ ပြောတော့မှာပါပဲနဲ့ ရင်ဖိုတုန်း တော်,တော်ပေသေးတယ်–

အင်္ဂလိပ်ရှင်ဘုရင်တစ်ပါးရဲ့နာမည်ကို မှည့်ထားတာပါ။ ဒီအရပ် စစ်သဘော်လွှတ်ဖူးတဲ့ ဘုရင်ပါတဲ့။ ဒီမိန်းကလေးလည်း ပြောပုံကတော့ မခေလှဘူးဗျ။ ရယ်စရာဖြစ်အောင် သနားအောင်တော့ ပြောရှာတာပါပဲ။ နို့ပေမယ့် ခက်လိုက်တဲ့အကောင် ဒီလို တိရစ္ဆာန် ငါးကို အင်္ဂလိပ်ဘုရင်နာမည် မရှိမသေ ဘာလို့မှည့်ရမှာလဲ" တဲ့ဗျ။ ဒါနဲ့ ကျွန်တော်လည်း သက်သာရာသက်သာကြောင်း ရလိုရငြားဆိုပြီး ဂျိန်းဘုရင်ဟာ ဘုရင်ဂျိ ဘာသာဝင်ပါလို့ ဝင်ပြောတော့၊ ဟာ ရေဖျန်းဖြစ်ဖြစ်၊ ရေရှူးဖြစ်ဖြစ် တို့ဘုရင်ဟာ ဘုရင်ပေါ့၊ ငါးကို ဒီလိုနာမည်မမှည့်စေနဲ့လို့ ပြောပြောဆိုဆိုဗျာ ဘယ်လောက်မိုက်သလဲ ဆိုတာကြည့်တော့၊ အုတ်ခဲကြီးတစ်ချပ် ရေတွင်းထဲ ပေါက်ချလိုက်တယ်။ "အမလေး" လို့ ဝိုင်းအော်ကြပြီး ငုံ့ကြည့်ကြတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသေးတယ်ဗျာ၊ ငါးကြီး ဘာမှမဖြစ်ရှာဘူး။ ခင်ဗျားက မရယ်နဲ့ဗျာ၊ သူတို့ အင်မတန်မြတ်နိုးလို့ မွေးထားတာ ၁၅ နှစ်တောင် ရှိပြီဆိုတော့ ချစ်နေကြ၊ သံယောဇဉ်ဖြစ်နေကြမှာပေါ့။ ဟိုကောင်က သာ မိုက်ကန်းကန်း အရမ်းလုပ်တာ” ဟု အရေးပိုင်က ပန်းချီဆရာ ကလေးအား မချင့်မရဲ ပြောပြလေ၏။

ထိုနေ့တွင် ပူးလ်၏ အယူခံမှုကို ကြားနာစစ်ဆေးပြန်ရာ နှစ်ဖက်သော ရှေ့နေတို့သည် ပထမအမှုစစ်စဉ်ကကဲ့သို့ပင် မိမိတို့ ပြောခွင့်ရှိသည်တို့ကို ပြောဆိုလျှောက်လဲကြလေ၏။ ကော်မရှင်နာက ပြန်လှန်မေးခွန်းထုတ်သည့်အချက်များနှင့် မျက်နှာထားမှာ လူပြိန်းပင် နားလည်နိုင်လောက်အောင် အရေးပိုင်၏ အဆုံးအဖြတ်ကို အပြစ် ရှာကြောင်း ထင်ရှားစွာ သိမြင်နိုင်ပေ၏။ အရေးပိုင်၏ စီရင်ချက်၌ အကယ်၍ တစ်ချက်တလေမျှ အပြစ်တွေ့ရှိခဲ့လျှင်လည်း ရတ်ခြည်း အယူခံကို ပူးလ်တို့အား အနိုင်ပေးမည်မှာ ယုံမှားစရာ မရှိပေ။ သို့သော် အမှုမှာ သန့်သန့်ရှင်းရှင်းပင် ထင်ရှားစွာ မှန်ကန်နေသဖြင့် ကော်မရှင်နာ ဘာမှမတတ်နိုင်ဘဲ၊ အောက်ရုံးအတိုင်း အတည်ပြု လိုက်ရလေ၏။

အားလုံး ရုံးမှ ထွက်ခွာသွားသောအခါ ကော်မရှင်နာက အရေးပိုင်အား–

“ဥပဒေအရတော့ ခင်ဗျားစီရင်တဲ့အတိုင်းပဲ အတည်ပြုလိုက် ရတာပေါ့။ နို့ပေမယ့် ဒီအမှုမျိုးဆိုရင် ရုံးကိုအရောက်မခံရဘူး”

“မင်းသားကြီးက ထုံးစံအတိုင်း ကျကျနန စာနဲ့ရေးပြီး လျှောက်လွှာတင်တာခင်ဗျ၊ သူ့မြေပေါ်ကို ကျူးကျော်ပြီး သတ္တုတူးနေ ပါတယ်။ ရုံးတော်က တားပေးပါတဲ့။ အဲဒီတော့ ကျွန်တော်လည်း နှစ်ဦးနှစ်ဖက် ခေါ်စစ်ရတော့တာပေါ့”



“ဒါကတော့ ဟုတ်ပါတယ်လေ၊ နို့ပေမယ့် စစ်ဆေးကြည့်တဲ့ အခါ ကိုယ့်လူမျိုးဘက်က တယ်ဟန်ပုံမရရင် ကျေအေးဖို့ တရားလိုကို ပြောရတယ်။ ကျုပ်သာ ခင်ဗျားနေရာဆိုရင် ကြားဖြန်ပေးလိုက် မှာပေါ့”

“အဲဒီလိုမဖြစ်နိုင်ပါဘူးခင်ဗျာ၊ မင်းသားကြီးက လျှော့ပေးချင် တဲ့ အရိပ်အရောင်မှ မမြင်ရဘဲနဲ့ ကျွန်တော်က ဖြန်ဖြေနေလို့ အလကားနေမှာပေါ့။ ကျွန်တော်က ကျေအေးကြပါဗျာလို့ပြောရော၊ မင်းသားကြီးက မကျေအေးနိုင်ပါဘူးဆိုရင် မခက်ပါလား၊ နောက်ပြီး တရားသူကြီးတစ်ဦးက တရားခံဘက် ရှေ့နေလိုက်သလိုနဲ့ ဝင်ပြောနေ ရင်လည်း မကောင်းတော့ဘူး”

“ခင်ဗျားကို ဒီလိုလုပ်ရမယ်လို့ မဆိုပါဘူးလေ၊ ဒါပေမဲ့ ဗျာ၊ ကျုပ်လည်း ရာထူးငယ်ရာက တက်ခဲ့တာပဲ။ ခင်ဗျားလည်း ဝါရင့်ပြီး အမှုထမ်းတစ်ယောက်ပဲ၊ ဘာဘယ်လို စီမံနိုင်မယ်ဆိုတာ သိတာပေါ့၊ ခင်ဗျားကသာ မကျေအေးရင် မဖြစ်ဘူးဆိုတဲ့ အရိပ် အရောင်မျိုးပြလိုက်ရင် ဘယ်သူနေဝံ့မတဲ့လဲ၊ ခင်ဗျားမင်းသား လိုက်နာ ရမှာပေါ့”

“ဒီလိုတော့လည်း မကောင်းပါဘူးခင်ဗျာ၊ ကျွန်တော့်ဝတ္တရား ဟာ ဘယ်ဘက်မှ မငဲ့ကွက်ဘဲ သမာသမတ်ရှိရမယ် မဟုတ်ပါလား၊ ခုလည်း ကျွန်တော့်စိတ်ထဲတော့ တရားသဖြင့် ဆောင်ရွက်ပြုမူ လိုက်တယ်ဆိုပြီး နှစ်ထောင်းအားရ ဖြစ်နေပါတယ်”

“တော်ဗျာ ခင်ဗျားပြောတာတွေ ကြီးကျယ်လွန်းနေပြီ၊ ကိုယ့် ကိုယ်ကို ဘယ်အခြေရောက်နေတယ်ဆိုတာခင်ဗျားသိရဲ့လား၊ ကိုယ့်လို လူမျိုးချင်း အမှုသည်တရားခံ ရောက်လာတယ်ဆိုရင် ရှုပ်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစင်တာပဲဗျ။ နောက်ပြီး မြန်မာတွင်းပိုင်ရှင်တွေက ကျုပ်တို့ အင်္ဂလိပ်တွင်းပိုင်ရှင်ကို အနိုင်ရသွားတယ်ဆိုရင် အရှေ့နိုင်ငံ လာအုပ်စိုးရတဲ့ ကျုပ်တို့လူမျိုး ခွေးဖြစ်တာပဲမဟုတ်လား။ ခင်ဗျားက ကြီးကြီးကျယ်ကျယ် မျက်နှာမလိုက်ရဘူးတွေ ဘာတွေနဲ့ ရုံးရောက်ရင်တော့ တရားသူကြီးကိုးဗျ၊ ဘယ်ဒီလိုလုပ်လို့ ဖြစ်တော့မလဲ။ မရောက်ဘဲ ကိစ္စပြီးအောင် ကြည့်စီမံဖို့ပြောတာ။ ဒီအရပ်မယ် ခင်ဗျား ဘယ်လိုလုပ်နေတယ်ဆိုတာ ကျုပ် အကုန်ကြားပြီးပါပြီ။ အရေးရှိ မြန်မာတွေဘက် ပင်းကာ ပင်းကာနဲ့ ခင်ဗျား ဒီလိုသာကြပ်ကြပ်လုပ် ကိစ္စများကုန်မယ်။ ခင်ဗျားက မကြာမီ ကော်မရှင်နာဖြစ်နိုင်မယ့် အရည်အချင်းရှိပေမယ့် ဒီလိုသာဆိုရင် ခက်လိမ့်မယ်။ ကျုပ်ကတော့ အစီရင်ခံစာထဲ ဘယ်လိုမှ မရေးလိုပါဘူး။ ခင်ဗျား ရာထူးတိုးမှုကိုလည်း မနှောင့်ယှက်လိုပါဘူး။ သတိထားဖို့ ပြောတာပါ”

အရေးပိုင်မှာ ဤသို့ကြားရလျှင်ပင် များစွာ ထိတ်လန့်တုန်လှုပ်၍သွားမိပေ၏။ မိမိစီရင်ချက်ကို မပြောင်းလဲဟု ဆိုသော်လည်း၊ ယခု သူပြောသကဲ့သို့ မြန်မာဘက်ကိုများ ပင်းမိလေသလောဟု မိမိကိုယ်မိမိ မေးမိပေ၏။ အတန်ကြာ စစ်ဆေးမိမှ မဟုတ်မမှန်ကြောင်း သိလေတော့သည်။ သို့သော် ဤကော်မရှင်နာကား သူ့စိတ်ထဲထင်သလို စီရင်ခံစာတွင် ရေးကောင်းရေးမည်။ ရေးခဲ့သော် အစိုးရသည် အကယ်ပင် မှတ်ထင်ယုံကြည်မည်လော၊ ယုံကြည်ခဲ့သော် မိမိအဖို့ များစွာအကြပ်အတည်းတွေ့လေတော့မည်။ ယခု ကော်မရှင်နာပြောဆိုသည့်အကြောင်းများမှာ မတရားသဖြင့် ပြောဆိုသည်ဖြစ်သော်လည်း သူ့လက်ခုပ်ထဲကရေသဖွယ် ဖြစ်၍နေသေးသဖြင့်–

“ကျွန်တော် သိပ်ဝမ်းနည်းပါတယ်ခင်ဗျာ၊ နောက်တော့ အပြင်မှာပဲ မင်းကြီးပြောသလို စီမံနိုင်အောင် ကြိုးစားပါမယ်”



ကော်မရှင်နာမင်းကြီးမှာ အိုင်စီအက်တစ်ယောက်က မိမိအပေါ်တွင် တောင်းပန်တိုးလျှိုးသောအသံ၊ အောက်ကျို့သောစကားများကို ကြားရသဖြင့် အကျေနပ်ကြီးကျေနပ်မိလေ၏။ ယခုတစ်ကြိမ်တွင် မိမိက အရေးသာခဲ့ပြီ။ ပိုင်စိုးပိုင်နင်းရှိခဲ့၏။ နောက်တစ်ကြိမ်တစ်နည်းအားဖြင့် အနိုင်ကျင့်ချင်သေး၏။ ကော်မရှင်နာ၏စိတ်တွင် အရေးပိုင် ရာထူးတိုးမှုအတွက် မိမိအောက်သို့ ဝပ်တွားစေလို၏။ အကယ်၍ တတ်နိုင်ခဲ့သော် တိုးမှုအတွက် ဝပ်တွားရုံမက လုံးဝမတိုးဘဲ ညှဉ်း၍ထားချင်သေး၏။ ညှဉ်းမည်ဆိုက ညှဉ်းနိုင်သောတန်ခိုးလည်း ရှိသည်။ ဘာပဲဖြစ်ဖြစ် ယခုအခြေအနေတွင် အရေးပိုင်မှာ သူ့ကို ကြောက်နေရလေပြီ၊ ကြောက်သည်ကိုပင် ကျေနပ်လှပြီဖြစ်ရကား၊ မီးကုန်ယမ်းကုန် တတ်နိုင်သမျှ နှိပ်စက်ချင်စိတ်တို့မှာ တားမနိုင် ဆီးမရ ဖြစ်၍နေလေတော့၏။ ထို့ကြောင့် အထက်သံပါပါကလေးဖြင့်–

“ကျုပ်က ဒီပြည်ရောက်နေတာ ခင်ဗျားတို့အရင် ကမ္ဘာကမ္ဘာကဖြစ်တော့ အကြောင်းမျိုးစုံ သိနေတာပဲ။ ခင်ဗျားတို့ တက္ကသိုလ်က တတ်တဲ့ပညာတွေကတခြား၊ လက်တွေ့ ဗဟုသုတက တခြားပဲ။ အဲတော့ ကိုယ့်ထက်အကြားအမြင်များတဲ့လူ အသက်ကြီးတဲ့ ကိုယ့်အထက်လူပြောစကားလည်း နည်းနည်းပါးပါး ဂရုစိုက်ပါဦးမှပေါ့။ မျက်နှာမလိုက်ဘူး မလိုက်ဘူးနဲ့ ဒီလိုလုပ်တိုင်းလည်း ဟုတ်လှတာမဟုတ်ဘူး။ ပြီးတော့ မြန်မာတွေဆိုတာ ဘာမှ နားလည်တာမဟုတ်ဘူး။ ဒီလူတည့်တည့်မတ်မတ်လုပ်သကောလို့ တန်ဖိုးထားရကောင်းမှန်းမသိတဲ့အပြင် အလကား လူအူလူအပဲ အောက်မေ့ပြီး တိုးအခွင့်အရေးယူတတ်တဲ့လူမျိုးဗျ။ နှ ဒီအမှုပြီးရင် ခင်ဗျားတော့ ဒီနယ်ထဲမှာ ကိစ္စများဦးမှာ မြင်ယောင်သေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ခု မျက်နှာသာပေးလိုက်တော့ ရောင့်တက်ပြီး သူတို့စိတ်ထဲ တို့ဘာမဆို လုပ်နိုင်တယ်လို့ အထင်ရောက်လာကြလိမ့်မယ်၊ ဇလွန် မင်းသားဆိုတာ သီပေါအဆက်အနွယ်ပဲ မဟုတ်လား၊ အပြင်ပန်းသာ ငြိမ်နေတာ ဝမ်းထဲကတော့ သူပုန်စိတ်တွေနဲ့ပေါ့။ မနေ့က သူနဲ့ လက်ဆွဲနှုတ်မဆက်ခဲ့မိတာ တော်သေးတယ်။ ခင်ဗျား ဘာလို့ မနေ့က နှုတ်ဆက်ဖို့နိုင်းပါလိမ့်မလဲလို့ ကျုပ် အံ့သြနေတယ်။ ခုလို အယူခံမှု တစ်မှုတည်းပါတဲ့ လူတစ်ယောက်ကို ဘာမိတ်ဖွဲ့ပေးစရာလိုသေး သလဲ။ အသာ မသိလိုက်မသိဖာသာနေရတယ်ဗျ။ နောက်ပြီး ဒီလိုမဖြစ်စလောက်ကိစ္စကလေးတွေက နောက်တော့ ကိုယ့်ကို ဒုက္ခ ပေးတတ်တာ။ ခင်ဗျားမိတ်ဆွေ မနေ့ညက ပြောသလိုပဲ။ တချို့လူမှာ မွေးကတည်းက သူ့ပါရမီနဲ့သူ ပါခဲ့ကြတာ၊ ကျုပ်က ကြွားချင်လို့ မဟုတ်ပါဘူး။ ပြောရမယ့်လူမို့ပြောတာပါ။ အတွေ့အကြုံများတာ ကလည်းတစ်မျိုး၊ ဝမ်းတွင်းသန္ဓေကလည်းပါဆိုတော့ ကျုပ်တို့တော့ ဒါတွေ ကောင်းကောင်းသိတာပေါ့။ ခင်ဗျားစိတ်ထဲ ဘယ်အခါမဆို မရှင်းမလင်းဖြစ်နေရင် ကျုပ်ဆီသာ လှမ်းတိုင်ပင်လိုက်၊ ကဲ ဒီပြင် တော့ တခြားပြောစရာ ဘာမှမရှိတော့ပါဘူး။ ခင်ဗျား အလုပ်အများ အယှင်းလည်း နောက်ထပ်မတွေ့ပါစေနဲ့တော့လို့ ဆုတောင်းပါတယ်"

ဤသို့ပြောပြီး အရေးပိုင်အား ပြန်ခွင့်ပြုလိုက်လေ၏။

အရေးပိုင်မှာ မိမိအဖြစ်အပျက်ကို ပြန်လှန်စဉ်းစားမိလေ၏။ မိမိအဖို့တွင် အင်္ဂလိပ်တို့နှင့်ပတ်သက်လာလျှင် ရှေ့အဖို့ရာ၌ ဘယ် အခါမှ တရားရှိသည့်အတိုင်း မစီရင်ရ၊ သက်ညှာနိုင်သလောက် သက်ညှာရတော့မည်ကဲ့သို့ ဖြစ်၍နေပေ၏။ အလုပ်သက် (၁၈)နှစ် ရှိကာမှ အမှုအကြောင်းတစ်ခု ပေါ်ခဲ့သော် အထက်လူကြီးနှင့်တိုင်ပင်၍ မျက်နှာအမျိုးမျိုး ထောက်ထားကာ ပြုမူရမည်ဟူသော ဆုံးမစကား



များကို ကြားနာနေရပေသည်။ ယခင်ကမူ အထက်လူကြီးများ၏ အကြိမ်းအဝါးကို မခံရဘူးပေ။ သဘောကွဲလွဲချက်များကား တစ်ခါ တစ်ရံ တွေ့ရပေ၏။ သို့သော် အကျိုးသင့် အကြောင်းသင့် ရေလည် အောင် ပြောပြလျှင် မိမိအား ကျေနပ်လေ့ရှိပေ၏။ ယခု မင်းကြီးကား အကျိုးအကြောင်းကိုမှ လက်မခံနိုင်။ မိမိအား မလိုမုန်းထားသလို တမင်အပြစ်ရှာခြင်းနှင့် တူလှတော့သည်။ အရေးပိုင်မှာ စိတ်ထဲတွင် ဤသို့ အနိုင်ကျင့်၍သွားခြင်းကို များစွာ အခံရခက်လှတော့၏။ ခံပြင်းလွန်းသဖြင့် မည်သို့ ကြံရပါမည်နည်းဟု စဉ်းစားမိ၏။ အထက် အစိုးရအား တိုင်ကြားရလေမည်လောဟုလည်း စဉ်းစားမိပေ၏။ မိမိအား မတရားခြိမ်းခြောက်သည်၊ ကြမ်းတမ်းစွာ ပြုမူပြောဆိုပါ သည်။ မတရားအပြစ်ပြောပါသည်ဟု တိုင်ရလေမည်လောဟုလည်း စဉ်းစားမိ၏။ သို့သော် ပါးစပ်ဖြင့် ပြော၍သွားသောကိစ္စမှာ အဖြူပေါ် အနက်ထင်နေသည့်စာမျိုး မဟုတ်ရကား ခိုင်ခိုင်လုံလုံလည်း မရှိပေ။ ထို့ပြင် ဤသို့ မခိုင်မလုံဘဲလျက် တိုင်တန်းချေသော် အစိုးရပိုင်းတွင် များစွာ လှုပ်လှုပ်ရှားရှားဖြစ်၍ ဆူပွက်သွားပေဦးတော့မည်။ ရာထူး အားဖြင့် ငယ်သော အရေးပိုင်က မိမိအထက် ကော်မရှင်နာကို စွပ်စွဲတိုင်တန်းသည်ဟုဆိုလျှင် သာ၍ ဆူပူဦးတော့မည်။ သို့ဖြစ်ရကား ခိုင်မာသောအခြေခံ မရှိခဲ့လျှင် စ၍ဖြစ်သောအလုပ် မဟုတ်ပေ။ အမှုကိစ္စဆိုသည်မှာ စ,မိလျှင် ဆုံးအောင်လိုက်နိုင်မှ ကောင်းမည်ဖြစ်၍ မမိလျှင် မဖမ်းဘဲထားသည်က တော်သေးသည်။ အကယ်၍ ရမ်းမိ သော် အစိုးရက မိမိအပေါ်တွင် အကြောင်းမလှသဖြင့် ယုန်ထင် ကြောင်ထင်ဖြစ်၍ နယ်ပြောင်းလိုလျှင် ပြောင်းလိုက်မည်။ သို့ဖြစ် ခဲ့သော် ငြိမ်ငြိမ်နေခြင်းက ကောင်းသေးသည်ဟု အောက်မေ့၍ ကော်မရှင်နာကို အောင့်သက်သက်နှင့်ပင် ခံလိုက်ပါတော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးမိရှာလေ၏။ "ကော်မရှင်နာလည်း ဒီမှာ ကြာကြာနေမှာမှ မဟုတ်ဘဲလေ၊ အလိုက်သင့် အောင့်ခံချော့ပေါင်းတာက ရန်အေးပါ သေးတယ်" ဟု စဉ်းစားမိတော့သည်။

သို့သော် အရေးပိုင်၏ အယူအဆမှာ တက်တက်စင်အောင် လွဲတော့သည်။ ရန်ကား မအေးသေး။ တစ်နည်းတစ်ဖုံအားဖြင့် လှည့်လာပြန်သေး၏။

❑

အခန်း (၁၆)

# သူတို့အကြံ

အယူခံမှုမှာ ရှုံးမှပယ်၍ချလိုက်လေပြီ။ ထိုနေ့ညနေအဖို့ မစ္စတာ ပူးလ်သည် ကလပ်အရက်ခန်းမှ စိတ်ညစ်ညစ်နှင့် အရက်တွေ သောက်ခဲ့ပြီးနောက် အိမ်အပြန် တစ်လမ်းလုံး၌ အရေးပိုင်နှင့် မိမိကံကို တစ်လှည့်စီ ဆဲရေး၍ပြန်ခဲ့လေ၏။ အယူခံမှုရှုံးသည်ဟု ကြားရလျှင် ပင် မစ္စစ်ပူးလ်မှာ တစ်စခန်းထတော့၏။ ဆဲရေးတိုင်းထွာနေသော လင်တော်မောင်အနီးသို့ကပ်ပြီး–

"အလကား ဆဲနေမယ့်အတူတူရှင် ဒီအရေးပိုင်ကို ပြန်ညှဉ်း ပါတော့လား"

"ညှဉ်းချင်ပြီလား မိန်းမရယ်"

"ဒါဖြင့် ကျွန်မမှာ နည်းရှိတယ်"

ဤသို့ ကြားရသော်လည်း ပူးလ်ကား စိတ်မပါလှပေ။ "နည်းမရှိပါဘူးကွာ၊ တော်ပါတော့၊ ကော်မရှင်နာမှ မတော်နိုင်လို့ လွှတ်လိုက်ရတာ မင်း ဘာတတ်နိုင်ဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမှုဟာ ပြီးသွားပြီပဲ အသာဖယ်ထားလိုက်ပါတော့၊ တခြားနည်းနဲ့ ဒီအရေးပိုင်ကို ဆုံးမရအောင် ပြောတာပါ။ နောင်ကို ကျွန်မတို့အပေါ် မညှဉ်းဝံ့အောင် ခပ်စပ်စပ်ကလေး နှိပ်ပေးလိုက်ရင်တော့ ဒီကောင်ကြီး လိမ္မာယဉ်ကျေးလာမှာပါပဲ" ပူးလ်သည် သူ့မိန်းမ ပြောသည်ကို သဘောကျ၍လာသဖြင့် စူးစိုက်စွာ နားထောင်ပြီးနောက် "ဒီလိုများ နည်းရှိရင်တော့ကွာ လုပ်စမ်းချင်လှတယ်"

"ကဲ ဒါဖြင့် နားထောင် ကျွန်မပြောပြမယ်။ ကျွန်မသတင်း တစ်ခုရထားတယ်၊ အရေးပိုင်နဲ့ ပတ်သက်ပြီးတော့။ အဲဒီသတင်းသာ ကော်မရှင်နာ နားကို ရောက်သွားရင် ဒီကောင်တော့ ဒုက္ခကောင်းကောင်း တွေ့ရောပေါ့ရှင်၊ ကျွန်မတို့ ညှဉ်းချင်တိုင်းညှဉ်းရရောပေါ့"

"အင်း– ဆိုစမ်းပါဦး၊ မင်းပြောသလိုတော့ တယ်နေရာကျပါကလား၊ သူဘာတွေများလုပ်တာ မင်းကြားထားလို့လဲ"

"ပန်းချီဆရာကလေးဟာ မင်းသားကြီးသမီးနဲ့ ငြိနေကြသတဲ့"

"အလို မြတ်စွာဘုရား၊ တကယ်ပဲလားဟ"

"ဩော် ခက်ပါဘိ၊ ငြိတာမှ တော်ရုံမကဘူး။ အရေးပိုင်အိမ်ထဲမှာကို ထင်တိုင်းတဲ့"

"ဟ တကယ်လား မိန်းမရ"

မစ္စစ်ပူးလ်သည် ရာဇဝတ်ဝန် မြင်ခဲ့သမျှကို အကုန်အစင် ပြောပြ၏။ "ရှင်က ဒီအမှုအကြောင်းချည်း စိတ်စိုက်နေတာကိုး၊ မဟုတ်ရင် သူလိုငါလိုပဲ ကြားမှာပေါ့၊ ကဲ စဉ်းစားကြည့်စမ်း၊ ဒီအကြောင်းကို ကော်မရှင်နာများ ကြားသွားရင်တော့ ဒီလိုလူ ပြောစရာဖြစ်အောင်လုပ်ရမလားဆိုပြီး တစ်ခါတည်း အရေးပိုင်ကို နယ်ပြောင်းပစ်လိုက်မှာ၊ ဒီလိုဆို ရှင့်ကောင် ဒုက္ခတွေ့တာပေါ့။ ကျွန်မတို့ စက်ကွင်း ကောင်းကောင်းကြီးမိပြီး မရှုမလှ ခံရမှာပဲ"



ပူးလ်မှာ များစွာ သဘောပေါက်၍သွားပြီးနောက် သူ့မိန်းမအား အကြောင်းမျိုးစုံကို မေးမြန်းလျက် ရှိလေ၏။

"ကျွန်မတို့ကြံနိုင်တာ နှစ်လမ်းရှိတယ်ရှင့်၊ တစ်လမ်းက ကော်မရှင်နာကို ဒီအကြောင်းပြောပြ၊ သူ့ဧည့်သည် မိတ်ဆွေနဲ့ တရားလိုသမီးနဲ့ ချစ်ကြိုက်နေကြတာမို့ ခု သူစီရင်တဲ့အမှုဟာ အမှန်ဖြစ်ချင်မှဖြစ်မယ်၊ မျက်နှာလိုက်ပြီးလုပ်တာ ဖြစ်တယ်လို့ စွပ်စွဲနိုင်တယ်။ ဒါမှမဟုတ်လို့ရှိရင် တခြားတစ်နည်းက မင်းသားကြီးကိုသူ့သမီးဟာ ဒီလို, ဒီလိုပဲ အရေးပိုင်အိမ်က ပန်းချီဆရာနဲ့ လူကွယ်ရာမှာ ထင်တိုင်း ဖြစ်ပျက်နေကြတယ်လို့၊ အဲလိုဆိုရင် မင်းသားကြီးက သိပ်စိတ်ဆိုးမှာ၊ သူ့သမီးကို အိုင်စီအက်တစ်ယောက်နဲ့ ထိပ်ထိပ်ကြဲဖြစ်အောင် လက်ထပ်ဖို့ စီစဉ်ထားတာ၊ ကော်မရှင်နာကို ဒီလိုလုပ်ကြတာ ဘာကောင်းသလဲလို့ မင်းသားကြီးက တိုင်မှာ အသေအချာပဲ"

"မင့်ဟာ နေရာမကျသေးပါဘူး၊ မင်းသားကြီးက ဘယ်ကော်မရှင်နာကို တိုင်ပါ့မလဲ၊ သူ့အရေးပိုင်ဆီကပ်ပြီး ဒီသတင်းကို အသာအုပ်ထားလိုက်မှာပေါ့"

"ကဲရှင် ဒါဖြင့် ကော်မရှင်နာကို ကျွန်မတို့ကိုယ်တိုင် သွားပြောကြရင်ကော"

"သွားပြောတာကနေပါဦး၊ ကြံစည်နိုင်ပါတယ်၊ ဒီပြင်နည်းတွေလည်း အများကြီး ရှိသေးတာပဲဟာ၊ ပြောလောက်အောင် သက်သေခိုင်လုံပြီလား၊ ရာဇဝတ်ဝန်ဟာ ကောင်မလေး အရေးပိုင်အိမ်က မသင်္ကာစရာအခြေအနေနဲ့ ထွက်လာတာကို မြင်သတဲ့လား"

"အဲဒီလိုတော့ ပြောလို့မဖြစ်ဘူးပေါ့။ နို့ပေမယ့် ဒါရောက်တာပါပဲ၊ ပန်းချီဆရာက အရေးပိုင် တောသွားတုန်း အိမ်မှာ သူချည်းနေရစ်တယ်၊ ညနေ သုံးနာရီလောက်ဆိုတာ အစေခံတွေလည်း အိပ်

www.burmeseclassic.com

www.burmeseclassic.com



နေသေးတဲ့အချိန်၊ လမ်းသွားလမ်းလာလည်း အင်မတန်ရှင်းတဲ့အချိန်မှာ တွေ့လိုက်ရတယ်ဆိုကတည်းက အကြောင်းလှရောပေါ့ရှင့်။ ဒီပြင် သူတို့ ဘာကိစ္စရှိကြတာမှတ်လို့ပဲ။ ဒါမျိုးဆိုတာ ဘယ့်နှယ်လုပ်လက်ဆုပ်လက်ကိုင်ကြီးတော့ ဘယ်မိနိုင်ပါ့မလဲ။ ပန်းချီဆရာဆိုတာကကော ကလပ်ကို လုံးဝမလာနိုင်လောက်အောင် ဘာတွေ အလုပ်ရှုပ်နေသတဲ့လဲ။ ဒီလိုကိစ္စမျိုးတွေတော့ရှင်၊ ကျွန်မတို့မိန်းမတွေက ရှင်တို့ထက် အသိဉာဏ်ပိုပါတယ်။ ကျွန်မတို့ထင်လိုက်ရင် မလွဲတော့ဘူး"

"မင်းထင်တာ ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ အလုပ်လုပ်ဖို့ကလည်း ရှိသေးတာကိုးကွ။ ဘယ်လိုပြောရင် ခြေမြစ်မယ်ဆိုတာလည်း စဉ်းစားရသေးတာကွ။ တော်နေကြာ ကော်မရှင်နာက အရေးမယူတဲ့အပြင် သူ့အမှုရှုံးအောင် စီရင်လို့ အရေးပိုင်အပေါ် မတရားစွပ်စွဲတယ် အပြစ်ရှာတယ်ဆိုပြီး ကိုယ့်လုံ့ကိုယ့်ပြန်စူးနေမှဖြင့် ဆေးအတွက် လေးနေဦးမယ်, မယ်မင်းကြီးမရဲ့။ ဒီကောင်တွေကပေမယ့် အကြပ်ကြီးကွ၊ သူတို့အရာရှိအချင်းချင်းကျတော့ အင်မတန်ရိုင်းပင်းတာ၊ ခုကြည့်လေ ငါ့အမှုကို အောက်ရုံးစီရင်ချက်အတိုင်း တည်စေတဲ့ချီး"

"ဟာ ဒါကတော့ ရှင့်အမှုလည်း ရှင်ပြန်စဉ်းစားဦးမှပေါ့ရှင့်။ ကော်မရှင်နာဟာ အရေးပိုင်ကို ဒါလောက်ညှာမယ့်လူစား မဟုတ်ပါဘူး။ ဒီလူလည်း လူညစ်ထဲကပါ။ လက်အောက်ငယ်သားအပေါ်တော့ အင်မတန်ညှဉ်းဆဲပါသတဲ့"

"မင့်ဟာက မသေချာပါဘူးကွာ။ ခုပဲ ပြောရင်းဆိုရင်း ငါတော့ အကြံသစ်တစ်ခု ရလာတယ်။ အရေးပိုင်ကို သူ့အချစ်တော် ပန်းချီ



ဆရာ ဖွတ်နှင်ထုတ်ခိုင်းရရင်တော့ ကောင်းတာပဲ။ မနှင်မဖြစ်အောင်လည်း ငါကြံနိုင်တယ်"

"အမယ် တယ်ဟုတ်ပါလား၊ ဆိုစမ်းပါဦး" မစ္စစ်ပူးလ်မှာ မိမိလိုရင်းအချက်ကို ကြားရသဖြင့် များစွာ ဝမ်းသာအားရ ဖြစ်၍ သွားလေ၏။

"ဒီလိုကွ အရေးပိုင်ကို ခြိမ်းခြောက်ရအောင် ဘယ်လိုလဲဆိုတော့ ပစ်စာတစ်စောင် သူ့ဆီပို့လိုက်။ စာထဲမှာတော့ သူမရှိတုန်းသူ့အိမ်မှာ ပန်းချီဆရာဟာ ထင်တိုင်းအရမ်းကျဲနေရစ်တယ်။ အဲဒါကို လူတိုင်းသိနေကြလို့ တစ်မြို့လုံး ကျွက်စီကျွက်စီနဲ့ ပြောနေကြပြီ။ ကလပ်မှာလည်း ဒီအကြောင်းချည်းပဲ၊ အဲဒါ လူမျိုးတစ်မျိုးလုံးရဲ့ အရှက်ကိုခွဲတဲ့ ပန်းချီဆရာကို ခင်ဗျားအိမ်က မြန်မြန်နှင်ထုတ်ရင်ထုတ်ပါ၊ မထုတ်ရင် ကျုပ်တို့ ကော်မရှင်နာလည်း တိုင်ရပါလိမ့်မယ်။ မင်းသားကြီးကိုလည်း တိုင်ရပါလိမ့်မယ်လို့ ရေးလိုက်မယ်။ ဒီလိုဆိုရင် မင်းသမီးနဲ့ ပန်းချီဆရာ ဘယ်ထိအောင် ဘာလုပ်နေကြသလဲ၊ သူများတွေ ဘာတွေကြားလို့ ဘာပြောနေသလဲနဲ့ ဟုတ်တာထက် ပိုတွေးတော့မှာ အမှန်ပဲ။ နောက်ပြီး ကော်မရှင်နာကလည်း မြိတ်မှာ ရှိတုန်းဆိုတော့ မင့်ကောင် အတင့်မရဲဝံ့ပါဘူးကွာ။ တို့ ဒီလို ခြောက်လိုက်တယ်ဆိုရင်ပဲ သေးဖျန်းဖျန်းပါအောင် ကြောက်မှာပါ။ ပန်းချီဆရာကို တစ်ခါတည်းတောင် ကန်ထုတ်ရဲ့။ ထုတ်လည်းပြီးရော ဒီကောင်လည်း ခေါင်းမဖော်ဝံ့တော့ဘူး၊ တစ်ခါတည်း ငြိမ်ကျသွားမယ်။ လုပ်ရဲရင်လုပ်လေ၊ တို့လက်ထဲ နဖားကြိုးက ရှိနေတာ။ ဒီနေ့လုပ်ရင် ဒီနေ့ပြုတ်အောင်အထိ ဆော်နိုင်တာပဲ။ ကလပ်ကလူတွေ ရှေ့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အရှုံးလုံးလုံးဖြစ်တော့မှာပေါ့။ အဲဒီတော့မှ ဒင်းလည်း ငါ့အကြောင်း မြွေပွေးလား၊ ရေမြွေလား သိသွားမယ်”

“ရှင်ကတော့ တကယ်ညစ်ရမယ့်အချက်ကျရင် သိပ်ဉာဏ်ထွက်တဲ့လူပဲ။ ကဲ ကျွန်မတို့ နိုင်ရရောပေါ့။ ဒီအကြံဉာဏ်လောက်ကောင်းတာ ရှိကိုမရှိဘူး။ ပျော်ပျော်ရွှင်ရွှင်နေပါတော့ရှင်၊ ဒီလောက်ဉာဏ်ကောင်းတဲ့လူ ကံကလည်း ကောင်းရမှာပေါ့။ သံဖြူလည်း ထပ်တွေ့ပါလိမ့်ဦးမယ်။ တွေ့တော့သာ ကိုယ်ပိုင်မြေထဲပါအောင် ကိုယ်က ဦးနှင့်ပါ”

❑

## အခန်း (၁၇)

# ရင်ဆိုင်ရပြီ

နောက်နှစ်ရက်လောက်အကြာတွင် အရေးပိုင်သည် စာတိုက်မှ စာတစ်စောင်ကိုရသဖြင့် ဖောက်၍ ဖတ်ကြည့်လိုက်ရာ သူ့မျက်နှာမှာ ဖတ်ရင်းဖတ်ရင်း မျက်လုံးမျက်ဆံများ ပြူး၍လာပြီး မျက်နှာတွင် သွေးမရှိအောင် ဖြစ်၍သွားလေတော့၏။ ထိုအတွင်း ဆင်ဝင်ဘက်ဆီမှ ပန်းချီဆရာကလေး ခြေသံကို ကြားသဖြင့် လှမ်း၍ ခေါ်လိုက်လေ၏။

ပန်းချီဆရာကလေးမှာ ထိုနေ့အဖို့ ဇလွန်မင်းသားကြီးအိမ်မှ မိမိအလုပ်ဖြစ်သော ပုံဆွဲအလုပ်ကို လုပ်၍ပြန်လာပြီးနောက် ရေချိုးရန် အထက်ထပ်သို့ တက်မည့်ဆဲဆဲတွင် သူ့ကို အရေးပိုင် ခေါ်သံကြားသဖြင့် ဧည့်ခန်းဆီသို့ လှည့်၍ဝင်ခဲ့ရာ၊ အရေးပိုင်က လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာရွက်ကို လှမ်း၍ပေးပြီး “အဲဒါ ဖတ်စမ်းပါဦး” ဟု မျက်စိမျက်နှာပျက်ပျက်နှင့် ပြောလေ၏။

ပန်းချီဆရာကလေးသည် လှမ်းပေးသော စာကို ဆွဲယူ ဖတ်ကြည့်လိုက်ရာ စာ ၄–၅ ကြောင်းဖတ်မိရုံနှင့်ပင် မျက်နှာနီမြန်း၍ ချွေးပြန်လာလေ၏။ စာပါကား–

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ အရေးပိုင် –

ကျွန်ုပ်တို့သည် မိတ်ဆွေအား သတိပေးလိုသည့်သဘောဖြင့် မိတ်ဆွေအိမ်တွင်မရှိခိုက် ဖြစ်ပျက်ရစ်သော အဖြစ်အပျက်တို့ကို ဤစာအားဖြင့် အကြောင်းကြားရခြင်း ဖြစ်ပါသည်။ ပန်းချီဆရာ ဆိုသော မစ္စတာမန်ဂန်ဆိုသည့် မိတ်ဆွေ၏ဧည့်သည်သည် မိတ်ဆွေ တောသွားနေစဉ်ရက်များက မင်းသားကြီး၏သမီးကို အိမ်သို့ခေါ်၍ လူမြင်မတော် သူမြင်မတော် ဓာတ်ရုပ်ကြပါသည်။ ဤအကြောင်းကို ကြားသိ တွေ့မြင်ရသော ကျွန်ုပ်တို့တစ်တွေမှာ အရောင်းအဝယ် အားဖြင့် ဆက်ဆံလျက်ရှိသော မင်းသားကြီးကို မိတ်ဆွေတို့ဝတ္တရား အလျောက် သွား၍ပြောကြားမည်ဟုပင် အောက်မေ့မိပါသည်။ သို့သော် မိတ်ဆွေအရေးပိုင်မှာ ဤအဖြစ်အပျက်ကို ဘာမျှသိသူ မဟုတ်သဖြင့် အကယ်၍ မင်းသားကြီးအား တိုက်ရိုက်သွား၍ ပြောခဲ့ချေသော် သူ့သမီးအား ဤသို့ စော်ကားမော်ကား ပြုရမည် လောဟု များစွာစိတ်ဆိုး၍ ကော်မရှင်နာသို့ တိုင်ကြားမည်ဖြစ် သဖြင့် မိတ်ဆွေမှာကြားမှ များစွာ ဒုက္ခများပေတော့မည်။ သို့အတွက် မိတ်ဆွေအား အရင်ပြောလျှင် သင့်တော်မည်ဟု ပိုင်းဖြတ်၍ မိတ်ဆွေအား အကြောင်းကြားရခြင်းပါ။ ဤကိစ္စအတွက် မိတ်ဆွေ လည်း ဦးနှောက်မရှုပ်စေရန် အကောင်းဆုံး အကြံဉာဏ်မှာ မစ္စတာ မန်ဂန်ကို မြို့တ်မှ အမြန်ဆုံးထွက်ခွာစေက သင့်ပါမည်။ ဤမျှ မြို့ထဲတွင် ပြောဆိုနေသည့် မကောင်းသတင်းများကို တစ်နေ့နေ့ တွင် မင်းသားကြီး ကြားပါလိမ့်မည်။ ကြားလျှင် မိတ်ဆွေလည်း မကောင်း၊ ကျွန်ုပ်တို့လည်း မကောင်းပါ။ မင်းသားကြီးမှာ ကော်မရှင်နာသို့သွား၍ မတိုင်ဟုလည်း မပြောနိုင်။ သို့ပါ၍ ပန်းချီ ဆရာအား အမြန်ဆုံး ထွက်သွားစေခြင်းသည် မိတ်ဆွေအဖို့ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

*ကလပ်မှ မင်းဘားအချို့*



ပန်းချီဆရာကလေးသည် စာဖတ်၍ဆုံးသည်နှင့် တစ်ပြိုင်နက် အလုံးစုံကို သိမြင်သည့်အသွင်ပြောင်း၍သွားပေ၏။ ထို့နောက်မှ သူ့တွင် ခင်မင်ဖွယ်အကောင်းဆုံးအမူအရာဖြစ်သည့် ရင်နှီးပွင့်လင်း လှသော အသွင်ဖြင့် “ကျွန်တော့်ကို အပြစ်လွှတ်ဖို့ စိတ်မဆိုးဖို့ ကျွန်တော် တောင်းပန်ပါတယ်။ တောင်းပန်တာက ဒီစာထဲပါတဲ့ အတိုင်း ဟုတ်မှန်နေလို့တော့ မဟုတ်ပါဘူး။ နို့ပေမယ့် ကျွန်တော့် ကိစ္စကို ခင်ဗျား ဖွင့်ဟပြီး မတိုင်ပင်ဘဲထားမိလို့ပါ။ ခုလို ခင်ဗျား ကျေးဇူး အလွန်များနေတဲ့ကျွန်တော်ဟာ ခင်ဗျားကို အစစအရာရာ တိုင်ပင်သင့်ပါတယ်။ သို့ပေမယ့် ကျွန်တော်ဖုံးထားခဲ့မိတယ်။ ကျွန်တော်နဲ့ နတ်ရှင်မယ်ဟာ တစ်ယောက်နဲ့တစ်ယောက် မြင်မြင် ချင်းပဲ ဆိုကြပါစို့ မေတ္တာရှိမိကြပါတယ်။ နို့ပေမယ့် ချစ်တာသာရှိတာ ကြံရေး ဖန်ရေး အင်မတန် ခက်နေပြီး ကျွန်တော်တို့နှစ်ယောက် ဘယ်လိုလုပ်ရမလဲ မသိအောင် ဖြစ်နေပါတယ်။ နို့ ဒီလိုခဲယဉ်းပကော လို့လည်း အလွဲမခံနိုင် အလွှတ်မခံနိုင်နဲ့ ဖြစ်နေပြီး နတ်ရှင်မယ် ဆိုတာကလည်း ဘိုးတင်ကို ဘယ်နည်းနဲ့မှ မယူနိုင်ပါဘူးလို့ ပြောပါ တယ်။ အခက်ဆုံးက သူ့မိဘတွေပဲခင်ဗျာ။ ခု စာထဲပါတဲ့ ဒီအိမ်လာ တယ်ဆိုတာကတော့ ခင်ဗျား တောသွားနေတဲ့ ရက်တစ်ရက်မှာ သူ ဒီအိမ်ကို လာပါတယ်။ လာတဲ့ကိစ္စက ကျွန်တော်တို့နှစ်ယောက် တည်း တိုင်ပင်ချင်တဲ့ကိစ္စကလေးတွေကများ၊ နှစ်ယောက်ချင်း တွေ့ဖို့ က ခဲယဉ်းတာနဲ့ ဒီအိမ်ကိုလာဖို့ ကျွန်တော်ပဲ ခေါ်မိပါတယ်။ တွေ့ကြ တော့လည်း ကိုယ့်ကိစ္စကိုယ် တိုင်ပင်စကားပြောရတာနဲ့တောင် အချိန် မလောက်ပါဘူး။ သူလာတာလည်း သူ့ချည်းမဟုတ်ဘဲ အစေခံမ ကလေးတစ်ယောက် ပါပါသေးတယ်။ တစ်နာရီခွဲလောက်ကြာ သွားပြီး သူလည်း ပြန်သွားရှာတာပါပဲ။ အဲဒီအကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စောစောကြီးကတည်းက ဖွင့်မပြောမိတာကို ခွင့်လွှတ်ပါလို့ တောင်းပန်ချင်တာပါပဲ"

"ဒီလိုဖွင့်ပြောပြတာ ကျေးဇူးတင်ပါတယ်" ဟု အရေးပိုင်က အနည်းငယ် စိတ်သက်သာသလိုပြော၍ စာကို ထပ်မံတောင်းယူပြီး ဖတ်ပြန်လေ၏။

ဖတ်၍ဆုံးသော် ပန်းချီဆရာကလေးအား လှမ်း၍ကြည့်ပြီးနောက် "ကျုပ်အဖို့ ဒီကိစ္စနဲ့ပတ်သက်ပြီး အန္တရာယ်တစ်ခုခုတော့ တွေ့တော့မှာပဲ၊ ဒီစာဟာ ဧကန္တ ပူးလ်ရဲ့ လက်ချက်နေမှာပဲ။ ကျွန်တော့်ကို ခြိမ်းခြောက်တဲ့စာပေါ့ဗျာ။ 'ကော်မရှင်နာနား ကြားမယ်" ဆိုတဲ့ စကားဟာ ကျွန်တော့်ချိန်တဲ့မြားပဲ၊ ခင်ဗျား ဒီက တကယ်လို့မရှေ့ဘူးဆိုရင် ခုကိစ္စကို မကြား,ကြားအောင် ချောက်တွန်းကြတော့မှပဲ သေချာတယ်။ ညစ်တဲ့လူတွေပဲဗျာ"

"ခင်ဗျားမှာ ဘယ့်နှယ်အန္တရာယ်တွေ့ရမလဲ၊ ကော်မရှင်နာကြားကော ဘာဖြစ်သလဲခင်ဗျာ၊ ခုဟာက ကျွန်တော်နဲ့သာ သက်ဆိုင်တဲ့ ကျွန်တော့်အတွင်းရေးကိစ္စကပဲ၊ ဒုက္ခရောက်စရာရှိရင် ကျွန်တော်ပေါ့။ နို့ပေမယ့် ကျွန်တော်လည်း သူ့လိုကောင်ကို အရေးလုပ်ပြီး ထုချေလွှာသွင်းနေမှာ မဟုတ်ပါဘူး"

"ခင်ဗျား မထုချေရပါဘူး။ ကျွန်တော် ထုချေရမှာ၊ ဒီကော်မရှင်နာကို ခင်ဗျားတွေ့ဖူးပေမယ့် သူ့ရဲ့ မိုက်ကန်းမှု အတိမ်အနက်ကို ခင်ဗျား မထောက်မိနိုင်ဘူး။ အတော်မိုက်ကန်းကန်းနိုင်တဲ့ကောင်ဗျ။ ဒီအကြောင်းကို သူ့နားပေါက်ကြားသွားတယ်ဆိုပါတော့ သူ ဘာပြောမယ်ဆိုတာတွေ ကျုပ်နားထဲ ကြားယောင်နေပါပြီ။ ပထမ ကျုပ်က အကျိုးအကြောင်းရှင်းပြတယ်ထားဦး၊ နတ်ရှင်မယ် ဒီအိမ်လာတာဟာ ခင်ဗျားပြောတဲ့အတိုင်းကလွဲလို့ ဘာမှ မပိုပါဘူး



ဆိုတာ ယုံမှာမဟုတ်ဘူး၊ မယုံတဲ့ပြင် ပြောလိမ့်ဦးမယ်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တစ်နာရီခွဲလောက် အိမ်ထဲမှာ တွေ့နေကြတယ်ဆိုတာ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် ဘာမှ မလွန်ကျူးပါဘူးဆိုလို့ ယုံမလားလို့ မေးမှာဗျ။ ပြီးတော့ အရေးပိုင်နေဖို့ ပေးထားတဲ့ အစိုးရအိမ်ကို မြန်မာမတစ်ယောက်နဲ့ အင်္ဂလိပ်တစ်ယောက် ထင်တိုင်း ကျင့်ကြံဖို့ လွှတ်ပေးတာ တော်သလားလို့၊ ပြီးတော့လည်း အဲဒီမိန်းမဆိုတာက တယ့်အရေးပါ အရာရောက်တဲ့ လူကြီးလူကောင်း မြို့မျက်နှာဖုံးတစ်ဦးရဲ့သမီး ဖြစ်နေတဲ့အပြင် အရေးကြီးတဲ့ အမှုကြီးတစ်ခုက တရားလိုလည်းဖြစ်ပြန်တော့ ကျွန်တော်ဟာ အမှတ်တမဲ့ ပေါ့ပေါ့ဆဆလုပ်တယ်။ သားလူအများ ကဲ့ရဲ့စရာဖြစ်အောင် အကြည်ညိုပျက်အောင် လုပ်တယ်ဆိုပြီး အစိုးရဆီ အစီရင်ခံမှာ၊ သူကတောင်ပဲ ခုလိုသတိလစ်ဟင်းမှု၊ ပေါ့ရောမှုတွေကြောင့် ကျွန်တော့်ကို သတိပေးခဲ့ပါသေးတယ်။ ဒီလူဟာ မြန်မာတွေနဲ့ ကင်းကင်းရှင်းရှင်း မနေတတ်တဲ့ပြင် ထွေးရောယှက်တင် သူတကာအကဲ့ရဲ့ခံရအောင် လုပ်ပါတယ်။ ဒါကြောင့် မြိတ်ကို သူ့လက် လုံးဝအပ်ပြီး မအုပ်ချုပ်စေသင့်ပါဘူး။ ရှေ့အဖို့ ကော်မရှင်နာရာထူးပေးပြီး တာဝန်တိုး ထမ်းရွက်စေဖို့ကိုလည်း စဉ်းစားစရာဖြစ်နေပါတယ်။ အကြောင်းကတော့ ဘာ့ကြောင့်ပါ ညာကြောင့်ပါနဲ့ ထင်ရာရမ်းလုပ်ချင်လုပ်မယ့် လူဗျ။ အစိုးရဆိုတာလည်း တခြားအစိုးရတွေလိုပါပဲ။ နယ်သူနယ်သား မကျေနပ်မယ့် အရာရှိကို မထားဝံ့ဘူးဆိုပြီး သူ့အစီရင်ခံစာကို ကောင်းကောင်းလက်ခံပြီး စဉ်းစားမှာပဲ။ ဒီလိုဖြစ်ပျက်စဉ် ကျွန်တော် လုံးဝ မသိရတဲ့ပြင် အိမ်မှာတောင် မရှိပါဘူးလို့ ပြောပေမယ်လည်း ခင်ဗျားကို ဒီမြန်မာပြည်ခေါ်လာတာ၊ မင်းသားကြီးနဲ့ ဆက်သွယ်ပေးတာဟာ ကျွန်တော်ပဲဆိုတော့ ဘာပြောနေနေ ယုံမယ်မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖို့တော့ တော်တော် အကြပ်တွေ့နေပြီလေ၊ ခုတော့ဖြင့် မင်းသားကြီးနဲ့ ခင်ဗျားအပေါ် ကျွန်တော် လောကဝတ်သိမှုဟူသမျှ ဟာ နောက်ပိတ်ဆုံး ဒီလို တွေ့ကြုံနေရတော့ ခင်ဗျားတို့ ကျေးဇူးတင် စရာမရှိတော့သလို ဖြစ်နေတာပေါ့။ ကျွန်တော် စိတ်မကောင်းဘူးဗျာ”

ပန်းချီဆရာကလေးမှာ ဘာမျှပြန်မပြောနိုင်၊ ကြောင်တောင် ငေး၍သာ ကြည့်နေတော့သည်။ သူ့စိတ်တွင် မိမိနှင့် နတ်ရှင်မယ် ကလေး၏ အချစ်လမ်းသည် တစ်နည်းတစ်ဖုံအားဖြင့် အနှောင့် အယှက်တွေ့ရလိမ့်မည်ဟု မှန်းဆ၏။ ဘယ်နည်းဘယ်ပုံဟူ၍ကား မစဉ်းစားတတ်ခဲ့ပေ။ ယခု တွေ့ကြုံရသော အနှောင့်အယှက်ကဲ့သို့ မိမိအား ကျေးဇူးပြု၍ ထားပေသော အရေးပိုင်ကို ထိခိုက်လိမ့်မည် ဟူ၍ကား မတွေးခဲ့မိ။ အရေးပိုင်ခမျာမှာ မိမိအတွက်ကြောင့် ဘေး အန္တရာယ်များနှင့် တကယ့်အကျဉ်းအကြပ်သို့ ရောက်ရပေလိမ့်မည်ဟု စိတ်ကူးတွင်ပင် မထည့်မိပေ။ ယခုလည်း မိမိအချစ်ကိစ္စအတွက် ဘာမဆိုင်သည့် အရေးပိုင်ကို ဘယ်ကဲ့သို့ ဒုက္ခများစေသည်ကို မစဉ်းစားတတ်အောင် ဖြစ်၍နေတော့၏။

“ကျွန်တော်တော့ သိပ်စိတ်မကောင်းသွားတာပဲခင်ဗျာ။ ဒီကော်မရှင်နာဟာ လူတစ်ယောက်က အခြားလူတစ်ယောက်အပေါ် မလိုမုန်းထားလို့ သေးသေးနုပ်နုပ် ကြံစည်တဲ့ကလေးကလားအလုပ် ထဲကို သူဝင်စွက်မတဲ့လား။ နောက်ပြီး ကျွန်တော်တို့ ခုဖြစ်ပျက်တဲ့ ကိစ္စဟာလည်း တကယ့်ကို ဘာမှမဟုတ်တဲ့ကိစ္စ တခြားလူတွေနဲ့ လုံးဝမပတ်သက်တဲ့ကိစ္စပါ။ ကျွန်တော်တို့ သမီးရည်းစား တိုင်ပင်စရာ ရှိတာကို ခဏတဖြုတ် တိုင်ပင်မိတာနဲ့ တခြားလူအပေါ်သွားပြီး စနက်တံကျရမယ်ဆိုတာ ဆန်းလှပါတယ်။ တကယ်လို့ နတ်ရှင်မယ် ကလေးဟာ ကျွန်တော်နဲ့ လက်ထပ်သွားမယ်ဆိုပါတော့ ဘေးကပြော



ကြတဲ့ စကားတွေဟာ ဘာများ အရေးရောက်တော့သလဲ။ ခုတော့ မကြံနိုင် မစည်နိုင်ဖြစ်နေသေးတဲ့ မျက်နှာမွဲသမီးရည်းစားကလေးမို့သာ ဘေးလူတွေ ဒီလောက် မျက်မုန်းကျိုးနေကြရော့သလား၊ လွန်လွန်း လှပါတယ်”

“ရယ်စရာလည်း ကောင်းတယ်၊ ရှုးရာလည်းရောက်တယ်။ အမှန်ပဲဗျာ၊ တကယ်လို့သာ အင်္ဂလန်မှာဖြစ်မယ် ဆက်ဆံရမယ့် လူတွေဟာ လူကြီးလူကောင်းစိတ်ထားရှိတဲ့ လူကြီးတွေဖြစ်မယ် ကျုပ် ကိုယ်တိုင်က အစိုးရအရာရှိမဟုတ်ဘူး။ ကျုပ်အထက်ကလူက ခု ကော်မရှင်နာလို လူနုတ်မဟုတ်ဘူးဆိုရင်တော့ ဒါတွေဟာ လုံးဝ ဖြစ်ပေါ်စရာကို မရှိပါဘူး။ ခုတော့ ခက်တာက နေရတာက မြန်မာ ပြည်၊ အမှုဖြစ်တာက ပူးလ်လို ညစ်ပတ်စုတ်ပဲ့တဲ့ ယုတ်ကန်းကန်း အကောင်၊ ကော်မရှင်နာက လူညံ့၊ အဲတော့ ခုနင်က ခင်ဗျားပြောတဲ့ လွန်လွန်းတယ်ဆိုတာ အင်္ဂလန်နဲ့ ကျွန်တော်ပြောတဲ့အခြေအနေနဲ့ တော့ မှန်တယ်။ ကျွန်တော့်စိုးရိမ်ချက်တွေဟာလည်း မြန်မာပြည်နဲ့ ခုပြောခဲ့တဲ့ အခြေအနေနဲ့တော့ မှန်တာပဲ။ ခင်ဗျား မယုံရင်စောင့်ကြည့် ပါ။ တစ်ခုခုတော့ ဒုက္ခဖြစ်တော့မှာပဲ။ ကော်မရှင်နာဟာ ဒီစာထဲပါတဲ့ အတိုင်းသာ သိရရင် ကျွန်တော့်အပေါ် ‘ဒင်းတော့ နိုင်ချက်တစ်ပေါက် တွေ့ပြန်ပြီ’ ဆိုပြီး ညှဉ်းမှာ အသေအချာပဲ။ နောက်ပြီး ခင်ဗျားသာ ဒီက မပြန်ရင် ဟိုခွေးမသားတွေဟာ တကယ်သွားပြောကြမှာ”

‘ပြန်ရမယ်’ ဟူသော စကားမှာ အရေးပိုင် ဘာကိုဆိုလိုလေ သနည်း။ အလုပ်တစ်ဝက်တစ်ပျက်နှင့် နတ်ရှင်မယ်ပါ စွန့်ခွာ၍ အင်္ဂလန်ကို ပြန်ခိုင်းသည်ကား မဟုတ်တန်ရာ။ အဘယ်ကြောင့် ‘ပြန်’ ဟူသော စကားကို သုံးလေသနည်း။ အရေးပိုင်အား နားရှင်း အောင် ပြောမှပဲဟု အောက်မေ့၍ “ကဲ ခင်ဗျား ခုတော့မှ မထူးတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ခင်ဗျား ကုန်စင်အောင် သိရင်တော့ ဒီအကြံ ဘာ့ကြောင့် ဆိုတာ သိမှာပါ။ ခုစာဟာ ပူးလ်က ခင်ဗျားကိုမုန်းလို့ လက်စားချေ တာမဟုတ်ပါဘူး။ သူ့မိန်းမလက်ချက် ကျွန်တော့်ကို ချိန်ပစ်တဲ့ မြားပါ။ ကျွန်တော် မိုက်မှားမိတာကို အပြစ်တင်ရင်လည်း ခံရပါတော့ မယ်။ ခုစာဟာ ပူးလ်ရဲ့မယားလက်ချက် သေသေချာချာပါ။ ဟို တစ်နေ့က သူဟာ ကျွန်တော့်အပေါ် သေတောင် မကျေနိုင်အောင် မျက်သွားခဲ့ပါတယ်။ အတိတ်ပြန်ဆောင်မှ ခင်ဗျား နားလည်ပါလိမ့် မယ်။ ပထမဦးဆုံး သူ့အိမ်မှာ ကျွန်တော်တို့ ညစာသွားစားကြတော့ သူနဲ့ ကျွန်တော် နှစ်ယောက်တည်း ပန်းခြံထဲဆင်းတဲ့အခါ ကျွန်တော့် ကို အင်မတန်ချစ်နေတဲ့အကြောင်းပြောပြီး၊ သူ့ယောကျ်ားမရှိတဲ့ အခါတိုင်း သူ့အိမ်လာဖို့ မှာတယ်။ ကျွန်တော်လည်း နှစ်ခေါက်သွားမိ ပါတယ်။ နောက်တော့မှ မှားမှန်းသိပြီး နုတ်ရှင်မယ်နဲ့လည်း တကယ် ချစ်လာကြတော့ အီဗာပူးလ်ကို လှမ်းဖြတ်ရတာပေါ့။ အီဗာကို ကျွန်တော် နောက်မဆက်သွယ်နိုင်တဲ့အကြောင်း ဖွင့်ပြောတဲ့နေ့က ဆိုရင် အဖြစ်ကသိပ်ဆိုးတာပေါ့။ ဒီမိန်းမဟာ အင်မတန်ကြောက်စရာ ကောင်းတာကို တွေ့ရတာပဲ။ ကျွန်တော် သူ့ကို နုတ်ရှင်မယ်နဲ့ ချစ်တဲ့အကြောင်းကိုတော့ လုံးလုံးဖွင့်မပြောခဲ့ပါဘူး။ ခုသာ သူဘယ် နည်းနဲ့သိသလဲဆိုတာ မပြောတတ်တယ်၊ သိသွားတာတော့ အမှန်နေ လိမ့်မယ်၊ နောက်ပြီး သိပ်ဒေါပွနေမှာပေါ့။ ကျွန်တော့်ကိုလည်း သူ့လက်က လွတ်သွားလောက်အောင်ချစ်တဲ့မိန်းကလေးနဲ့ ကွဲအောင် လို့ တမင် သူ့ယောကျ်ားကို ဉာဏ်ဆင်ပြီးတော့ ခင်ဗျားအပေါ် ချောက်တွန်းခိုင်းတာ၊ ဒီလိုစီစဉ်ရင် ကျွန်တော်ပြေးရမယ်လို့တွက်ပြီး ဆင်တဲ့ကိန်းပါ၊ ဒါကြောင့် ကျွန်တော့်ရည်စူးတဲ့မြားဟာ ခင်ဗျားကို ဘာမှ ဝင်ထိစရာ ကျွန်တော်ဖြင့် မမြင်အောင်ဖြစ်နေပြီ"



"ခင်ဗျားကလည်း ဒီရောက်တာမှ ဘာမှမကြာသေးဘဲနဲ့ ဒီလောက်တောင် ဖြစ်ရတယ်ဗျာ၊ အံ့ပါရဲ့။ နို့ပေမယ့် ကျွန်တော့်ကို ခုလိုဖွင့်ပြောနေလို့လည်း ဘာမှ အကြောင်းမထူးတော့ဘူး။ ကျွန်တော့် ဘေးကတော့ ရှိမြဲတိုင်းပဲ"

"ဘာကြောင့်ရှိရမှာလဲခင်ဗျာ၊ ဒီစာက ကျွန်တော့်ကို မနာလိုတဲ့ မိန်းမတစ်ယောက်ရဲ့ ခြိမ်းခြောက်စာပါလို့ ရှင်းပြနေမင့်ဟာ"

"စာရေးတဲ့လူဟာ ပူးလ်ဖြစ်ဖြစ်၊ သူ့မိန်းမပဲဖြစ်ဖြစ်၊ ဒါမှ မဟုတ် လင်မယားနှစ်ယောက်လုံးပဲဖြစ်ဖြစ်၊ ကလပ်တစ်ခုလုံးပဲဖြစ်ဖြစ် ဘာမှအရေးမကြီးဘူး။ ကော်မရှင်နာက ကျုပ်ဇက်ကြိုးကိုင်မိတာသာ အရေးကြီးတာ။ ခုဖြစ်နေတာဟာ ဒီအတိုင်းပဲ။ ခု ခင်ဗျားထပ်ပြီး ဖွင့်ပြောမှ ကျုပ်ဖြင့် သာတောင်ဆိုးသွားသေးတယ်ထင်တယ်။ ဘာ ကြောင့်လဲဆိုတော့ ပူးလ်တစ်ယောက်တည်းဆိုရင် ခေါ်ပြီး အကျိုး အကြောင်းရှင်းပြမယ်ဆိုရင် ပြီးနိုင်သေးတယ်၊ ခု ခင်ဗျားပြောတဲ့ အတိုင်း သူ့မိန်းမဉာဏ် သူပဲမနာလိုလို့ လုပ်တယ်ဆိုရင် ကျုပ်ဘယ်လို ပြောလို့မှ ရတော့မှာမဟုတ်ဘူး"

"ကျွန်တော့်အထင်တော့ ခင်ဗျားက ကော်မရှင်နာဆီ အရင် ဦးအောင်သွားရင် ကောင်းတယ်ထင်တာပဲ။ ဒီစာကိုပြပြီး အကျိုး အကြောင်း ကိုယ်ကဦးအောင် ရှင်းပြနှင့်တာပေါ့။ အဲဒီလိုဆိုရင် သူ့လက်အောက် အရေးပိုင်တစ်ယောက်ကို အပြင်လူဝင်ရှုပ်တာ သူ ကြည့်မနေဘူးထင်ပါတယ်"

အရေးပိုင်သည် ထိုင်ရာမှထ၍ ပန်းချီဆရာကလေးပခုံးကို လက်နှင့်ပုတ်ကာ တည်ကြည်စွာ–

"ကျုပ်သာ ကော်မရှင်နာဆီသွားလိုက်ရင် သူ ဘာပြန်ပြော မလဲသိလား၊ တစ်ခါတည်း ခင်ဗျားကို နှင်ထုတ်ဖို့ ပြောချင်ပြောမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးချင်ပေးမယ်။ နောက်ပြီး အစိုးရဆီကိုလည်း တိတ်တဆိတ် ကျွန်တော်ဟာ မြိတ်မှာ ထင်တိုင်းစိုင်းနေတယ်လို့ စာရေးချင်ရေးမယ်။ သူ့ဆီသွားရင် ဒီအဖြစ်မျိုးကလွဲလို့ ဘာအကျိုးကျေးဇူးမှ ကျုပ်ခံစားရမှာမဟုတ်ဘူး။ စိတ်သာချ”

“မင်းကို ငါ အစကမပြောဘူးလား၊ ဒီမြန်မာနဲ့ တို့အင်္ဂလိပ်နဲ့ တရားဖြစ်ရရင် ကိစ္စများပါလိမ့်မယ်၊ ဒီအမှုမျိုး ရုံးကို အရောက်မခံရဘူးလို့ အသားယူပြီး ကြိမ်းဝါးလိုက်လိမ့်မယ်။ ဒီကောင်ကြီးက အင်မတန်ရှော်တဲ့ အကောင်ကြီးဗျ။ သို့ပေမယ့် သူလည်း မှန်သလောက်တော့ မှန်လိမ့်မယ်။ ဘာလို့လဲဆိုတော့ အမှုသာမဖြစ်ရင် အီဗာပူးလ်လည်း ဒီစာမျိုး ပို့ဝံ့မှာတော့ မဟုတ်ဘူး”

နှစ်ယောက်သားမှာ တစ်ယောက်ကိုတစ်ယောက် စဉ်းစားသလို အတန်ကြာ စိုက်၍ကြည့်နေကြလေ၏။ အရေးပိုင်ကား သူပြောလေသမျှ အမှန်ဖြစ်၍၊ ပန်းချီဆရာကလေး၏ အဖြေကိုသာ စောင့်စားလျက်နေသည်။ ပန်းချီဆရာကလေးမှာ အမှုသွားကို တဖြည်းဖြည်း စဉ်းစားရင်း ဤမျှအထိမဖြစ်ဟု မပြောနိုင်ကြောင်း ယုံကြည်၍ လာလေ၏။ အရေးပိုင်သည် မိမိစကားကို စောင့်နေမှန်းသိသဖြင့် ဘာပြောရမည်မသိရကား–

“ဒီအရှေ့နိုင်ငံမှာက တယ်ရှုပ်တာကိုးခင်ဗျာ” ဟု ပြောလိုက်လေ၏။

“ရှုပ်တာဟာ ကျုပ်က အစိုးရအရာရှိဖြစ်နေလို့ သာဆိုးတာပေါ့။ ခင်ဗျားကို အပြစ်တင်နေတယ်တော့ မထင်နဲ့နော်”

“ဟုတ်ပါတယ်၊ ခင်ဗျားအတွက် အတော်ခွကျနေတယ်ဆိုတာလည်း ခုတော့ တွေးမိပါပြီ။ ကျွန်တော် ဒီအိမ်မှာနေလို့လည်း မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် မြို့ထဲမှာ ကျွန်တော်ဖို့ အိမ်ကလေးတစ်ခုခု ငှားသာပေးပါတော့။ကျွန်တော် အဲဒီအိမ်ကိုပဲ ပြောင်းနေပါ့မယ်”



အရေးပိုင်မှာ များစွာ စိတ်ရှုပ်ထွေးဟန်နှင့် “သူတို့စိတ်ထဲ အဲဒီလိုနဲ့ ကျေနပ်ဦးမှာ မဟုတ်ဘူး။ ခင်ဗျား တစ်ခါတည်း မြိတ်က ထွက်သွားမှ ကျေနပ်တော့မှာ”

“နို့ပေမယ့်ခင်ဗျာ ကျွန်တော့်မှာ မင်းသားကြီးနဲ့အလုပ်က တန်းလန်းရှိသေးတာ၊ ဘယ့်နှယ်လုပ် တစ်ခါတည်း မြိတ်က ခွာသွားလို့ ဖြစ်မလဲ။ သူမကျေနပ်ဘဲ ကျွန်တော်မသွားဝံ့ဘူး” ပန်းချီဆရာကလေးမှာ ဤသို့ မြို့မှ အသွားခိုင်းသည့်အတွက် တုန်လှုပ်၍ သွားရှာ၏။

“ခင်ဗျားဟာ ပြီးဖို့ ဘယ်လောက်လိုနေသေးသလဲ”

“လူပုံတူတွေကတော့ ပြီးပြီဆိုပါတော့၊ နို့ပေမယ့် ရှုမျှော်ခင်းကားတွေလည်း ဝယ်ဦးမယ်ဆိုလို့ ပုံကြမ်းခြစ်ထားတာတွေပဲ ရှိသေးတယ်။ ဒီပြင် ဘာမှမလုပ်ရသေးဘူး”

“အဲဒါတွေကို တစ်နေရာရာမှာ ပြီးအောင်လုပ်ပြီး ပို့ပေးလိုက်ရင် ဖြစ်သားပဲဗျ”

ပန်းချီဆရာကလေးသည် အံ့သြစွာ ငေးစိုက်ကြည့်နေပြီးနောက် “ခင်ဗျား ကျွန်တော်ပြောတဲ့စကား ဘယ်ရောက်တယ်ဆိုတာ သတိထားမိရဲ့လား၊ ကျွန်တော်သာ မြိတ်က ခွာသွားရင် မင်းသားကြီးက ကျွန်တော့်ကိုစိတ်ဆိုးပြီး ကျွန်တော့်ပုံတွေ တစ်ခုမှ ဝယ်တော့မှာ မဟုတ်ဘူး။ နောက်ပြီး ကျွန်တော့်ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာပြည် ပုံဆွဲလာတဲ့ကိစ္စဟာလည်း ပျက်သွားတော့မှာပေါ့။ ဒါတွေ ထားပါဦးလေ၊ ကျွန်တော် နတ်ရှင်မယ်ကလေးကို ဘယ်နည်းနဲ့မှ ထားပစ်ခဲ့ပြီး မသွားနိုင်ဘူး၊ သွေးနဲ့သားနဲ့ ပုထုဇဉ်မှန်သမျှ ဘယ်သူမှ ဒီလိုလုပ်နိုင်မှာ မဟုတ်ပါဘူးခင်ဗျာ”

“ခင်ဗျားလည်း တစ်ခုစဉ်းစားပါဦး၊ ဒီကခွာမသွားဘူးဆိုရင် ခင်ဗျားရန်သူတော်ဟာ တစ်ချက်ပြီးတစ်ချက် အပြစ်ရှာနေဦးမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲတော့ ကျွန်တော် အကြံပေးချင်တာကတော့ ဆေးကင်းရန်ကင်း ပြန်သွားဖို့ တောင်းပန်ချင်တာပါပဲခင်ဗျာ။ မဟုတ်ရင် ခင်ဗျားအပေါ်က ဒဏ်တွေ ကျုပ်က အားလုံးကုန်းခံရလိမ့်မယ်။ နောက်ပြီး စဉ်းလည်းစဉ်းစားပါဦးဗျာ။ ခင်ဗျားနဲ့ နတ်ရှင်မယ်နဲ့ ချစ်ကြတယ်ဆိုတဲ့ အရေးဟာ မလွယ်လှပါဘူး။ အလကား နှစ်ဦးစလုံး ဒုက္ခများမှာပါ။ လူတကာကလည်း ကဲ့ရဲ့ကြဦးမယ်။ ခင်ဗျားက ယောက်ျားပဲ မတော်မှန်းသိရင် နောက်ဆုတ်ပါမှပေါ့။ မဟုတ်ရင် ဟိုကလေးမလည်း ဒုက္ခဖြစ်မှာပဲ။ ခု အရှေ့နိုင်ငံကို သူများစရိတ်နဲ့ အလကား လာရတယ်။ ပုံတူသုံးခု ဆွဲရောင်းရတယ်၊ ဒီပြင်ပုံဆွဲစရာ ပုံကြမ်းတွေ ရသွားတယ်ဆိုရင် ခင်ဗျားအဖို့ အတော်နေရာကျပါပြီ။ ကလေးမကလေးနဲ့ ချစ်တာကတော့ တစ်နေ့ကျရင် ခင်ဗျားတို့ နှစ်ဦးစလုံး နောင်တရလိမ့်မယ်၊ သူလည်းဆင်းရဲ ကိုယ်လည်းဆင်းရဲ ဖြစ်ကြရမှာပဲ၊ ကျွန်တော် ဝင်ပြောခွင့်ပြောထိုက် မရှိပေမယ့် မိတ်ဆွေအဖြစ်နဲ့ ဆုံးမတာကို နားထောင်စမ်းပါ။ သူ့ကို အင်္ဂလန်ခေါ်သွားရင် ခင်ဗျားကို အင်္ဂလိပ်တွေက ဝိုင်းပယ်မှာပဲ၊ အဲတော့ စိတ်ချမ်းသာချင်လို့ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတာ၊ မချမ်းသာဘဲ ဆင်းရဲနေကြလိမ့်မယ်”

ပန်းချီဆရာကလေးမှာ အရေးပိုင်၏ ပြောစကားများကို နားထောင်ရသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားကာနေလေ၏။ သူ့စိတ်တွင် တစ်ခါတစ်ခါ မိမိနင်း၍ထားသောကြမ်းပင် ကျွံ၍သွားသည်ဟု မှတ်ထင်လိုက်မိရှာသည်။

“ကျွန်တော်တော့ သူ့ကို အလုံးစုံ ပြောပြီးသားပဲခင်ဗျာ၊ ခုအခြေရောက်မှတော့ သူ့အသိမပေးဘဲ တိတ်တဆိတ် ဘယ်နည်းနဲ့မှ ပြန်မသွားရက်ပါဘူး”



“ဟာ– သူဟာ အကျိုးအကြောင်း ဝေဖန်တတ်တဲ့မိန်းကလေးပဲဗျာ၊ ခင်ဗျားက အကျိုးအကြောင်းရှင်းပြရင် နားလည်မှာပေါ့”

“သူလား– နားလည်မှာမဟုတ်ဘူး၊ သူ့ကိုယ်တိုင်ကို ဘာလုပ်ရပ့်မလဲ မသိနိုင်အောင် ဖြစ်နေရှာတာပဲ၊ သူ့အတွက် ဝန်အလေးဆုံးကိစ္စက သူ့အဖေကြီးကို စိတ်ဆင်းရဲအောင် မလုပ်ရက်တဲ့ဟာပဲ၊ ကျွန်တော်ကပဲ သူ့ကို သိပ်ပြီး ပူမနေဖို့ အချိန်ယူပြီး စောင့်ကြည့်ဖို့ အားပေးခဲ့သေးတယ်။ တဖြည်းဖြည်းဆိုရင် ကျွန်တော်တို့အဖို့ အခွင့်အခါသာမှာပဲဆိုပြီး၊ ကဲ– ဘာမှမဆုံးဖြတ်နဲ့ဦးလို့ မှာထားခဲ့တယ်။ ခု ဒီသတင်းကို သူ့သွားပြောရမယ်ဆိုရင် သူလည်း ဘာဖြစ်ဖြစ် တစ်ခုခုတော့ ပိုင်းဖြတ်ရတော့မှာပေါ့။ တကယ်လို့ သူကသာ ဘာပဲဖြစ်ဖြစ် ကျွန်တော့်နောက်ကိုပဲ လိုက်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ နှစ်ယောက် ပျော်ပျော်ကြီး အင်္ဂလန်ပြေးကြမှာပဲ။ ဘယ်တော့မှလည်း တို့ယူမိတာ မှားလေခြင်းလို့ နောင်တ,မရပါဘူး။ ဒါတော့ အာမခံရဲပါတယ်”

ပန်းချီဆရာကလေးမှာ စကားပြောရင်း ပြောရင်းပင် စိတ်ဆိုးအနည်းငယ် ပြေပျောက်လာသဖြင့် ပူပူထူထူဖြစ်၍နေခြင်းတစ်ခုသာ ကျန်တော့၏။ အခြေအနေမှန်ကိုလည်း မြင်၍လာ၏။ ယခုကိစ္စတွင် အရေးပိုင် နှင်သည်ဖြစ်စေ၊ တောင်းပန်သည်ဖြစ်စေ၊ ကော်မရှင်နာသည် မိမိအိမ့်ရှင်အား နှိပ်စက်သည်ဖြစ်စေ၊ ချမ်းသာပေးသည်ဖြစ်စေ မိမိအဖို့ကား မြိတ်တွင် ဆက်လက်၍ နေထိုင်ရန် လုံးဝမဖြစ်တော့ပြီကို သိပေ၏။ သို့သော် နတ်ရှင်မယ်ကိုချစ်လျက်နှင့် ခွဲခွာ၍ကား လုံးဝစိတ်မကူး၊ ဒီဘဝတွင် သူ့မေတ္တာသာ မပျက်ရိုးမှန်က မိမိကဖြင့် သိကြားဆင်း၍ ဖျက်တောင်မပျက်ပြီ၊ အကယ်၍ လိုက်ခဲ့မည်ဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်သို့ အပါခေါ်၍ ပျော်ပျော်ကြီးပြန်ကြမည်ဟု ပိုင်းဖြတ်လိုက်လေ၏။

အရေးပိုင်မှာ နောက်ထပ် အထွေအထူးပြောရန် ဘာမျှမရှိတော့သဖြင့် ပန်းချီဆရာကလေးအား အကဲခတ်ရင်း မော့၍ ကြည့်နေလေ၏။ အကယ်၍ နတ်ရှင်မယ်သည် ပန်းချီဆရာကလေးနောက်လိုက်၍သွားလျှင် ခေတ္တအားဖြင့်ကား လူတွေက အမျိုးမျိုးပြောကြပေလိမ့်ဦးမည်။ သို့သော် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းကား ကြာရှည်လေးမြင့်မည် မဟုတ်ချေ။ ပူးလ်နှင့် သူ့မိန်းမလည်း အရေးပိုင်အား ပန်းချီဆရာကလေးနှင့်ပတ်သက်၍ တိုက်ရိုက်အားဖြင့် ရန်လုပ်ဝံ့တော့မည်မဟုတ်၊ အနည်းအပါးကိုမူ မိမိဖာသာ တိုက်ဖျက်နိုင်သည်။ ပူးလ်မိန်းမမှာလည်း ပန်းချီဆရာကလေးမရှိလျှင် ငြိမ်ဝပ်၍သွားပေတော့မည်၊ ကြံစည်လိုက်ရသမျှနှင့် ကျေနပ်၍နေလေတော့မည်။ ပူးလ်မှာ ပန်းချီဆရာမရှိတော့ပါဘဲလျက် ကော်မရှင်နာအား မီးသွား၍ရှိနေလျှင် အရူးသာဖြစ်တော့မည်။ ထို့ပြင်လည်း နတ်ရှင်မယ်မှာ လိုက်ပြေးဖို့ထက် မပြေးဖို့က များနေသေးသဖြင့် အရေးပိုင်မှာ စဉ်းစားရင်း သူ့တွက်ကိန်းနှင့်သူ ကျေနပ်၍နေလေတော့၏။

နာရီဝက်ခန့်အကြာတွင် ပန်းချီဆရာကလေးနှင့် အရေးပိုင်တို့ ထမင်းစားပွဲတွင် တွေ့ဆုံကြရာ၊ အရေးပိုင်မှာ အားတုံ့အားနာနှင့်ဖြစ်၍နေသော်လည်း ပန်းချီဆရာကလေးမှာ ဘာမျှမဖြစ်သကဲ့သို့ ရယ်ရယ်ရွှင်ရွှင်ပင် တွေ့ရပေ၏။ အကြောင်းကား ပန်းချီဆရာကလေးမှာ ရေချိုးရင်း နတ်ရှင်မယ်အား မည်သို့မည်ပုံ ပြောကြားရမည်ကို စဉ်းစားခဲ့သဖြင့် စိတ်ပေါ့လက်ပေါ့ရှိ၍နေသောကြောင့်တည်း။ ထို့ပြင်လည်း အရေးပိုင်အား တွေးတွေးခေါင်ခေါင် ကြောက်လွန်းသည်ဟု အယူရှိသည့်အတွက် ခနီးခနဲ့လည်း လုပ်ချင်သဖြင့်—



"ခင်ဗျား ကျွန်တော် ခုနင်က ဘာတွေများ ပြောမိပါလိမ့်မလဲခင်ဗျာ" ဟု စလေတော့၏။

"ခင်ဗျားလည်း ဒီမြန်မာပြည်မှာ နေသမျှကာလပတ်လုံးတော့ ကိုယ့်စိတ် ကိုယ်ပိုင်သေးတာမဟုတ်ဘူးလေ။ ခုနင်က ကြားစကတော့ ကျွန်တော့်စိတ်ထဲ အတော်ထိခိုက်သွားသေးတယ်၊ ဒီနေတာ ကြာပြီဆိုရပေမယ့်လည်း မြန်မာပြည်ဝါးမဝသေးတော့ ဒီလိုပေါ့ဗျာ၊ ခင်ဗျားတော့ အနေကြာတော့၊ အစစသိပြီး ဖြစ်နေတယ်။ ကဲဗျာ ဘာမှစိတ်ပူမနေနဲ့တော့၊ ကော်မရှင်နာလည်း ဘာအရေးလုပ်စရာရှိသလဲ၊ နောက်ပိတ်ဆုံးကျ ခင်ဗျားကို သူမနိမ်နိုင်ပါဘူး။ သူ့ကို ဂရုစိုက်ပြီး ချော့မနေနဲ့၊ ခင်ဗျားကသာ လမ်းမှန်ကမ်းမှန်ဖြစ်ပစေ၊ သူကြံချင်သလောက်ကြံ၊ မယိုင်နိုင်ပါဘူးဗျာ၊ စားပြသွားပြီး ရှိခိုးနေတာထက် သူနဲ့ အားချင်းပြိုင်လိုက်တာက ကောင်းဦးမယ်၊ အချိုနည်းနဲ့တော့ မမျှော်လင့်နဲ့၊ ကဲ ဘသား ယောက်ျား"

"ခင်ဗျားဗျာ အေးအေးနေစမ်း၊ ကျုပ် သိပ်ပြီး တုန်လှုပ်လှုတယ်တော့ မဟုတ်ဘူး၊ သူနဲ့ ခုချိန်ခါမျိုးကြီးမှာ လာဆုံဆည်းရတာကံဆိုးချင်လို့ သက်သက်ပဲဗျာ၊ ခင်ဗျားပြောသလို ဘသားယောက်ျားလည်း မလုပ်ဝံ့ဘူးဗျာ၊ ကျုပ်က ခင်ဗျားလို အိုင်းရစ်လူမျိုး မဟုတ်ဘူး"

"အဲဒါပေါ့ဗျ၊ ခင်ဗျားတို့အင်္ဂလိပ်တွေ ခွကျတာ၊ ကျွန်တော်တို့အိုင်းရစ်တွေက အင်္ဂလိပ်တွေထွင်သမျှကို လိုက်ပြီး ကျကျနန အလုပ်လုပ်တဲ့လူတွေခင်ဗျ၊ ခု ကျွန်တော်ပြောနေတာက အင်္ဂလိပ်ပညာရှိတွေက အင်္ဂလိပ်ဂန္ထဝင်မှာရှိတဲ့ စာအမြုတေတွေအတိုင်း လိုက်နာကြတာ၊ ခင်ဗျားလည်း လိုက်နာမှာပဲ။ လိုက်နာတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်လူမျိုးနဲ့ တူလာတာပဲ၊ ဒါကြောင့် အင်္ဂလိပ်ပီသရင် အိုင်းရစ်နဲ့ မကွဲပြားပါဘူးလို့"

အရေးပိုင်မှာ ဤသို့ ပန်းချီဆရာကလေးက ရယ်စရာလုပ်၍ ခပ်ပေါ့ပေါ့ပြောသည့်အတွက် စိတ်သက်သာရာရသော်လည်း သူ့အဖို့ကား ပေါ့ပေါ့ဆဆ မထင်နိုင်ပေ။

"ခင်ဗျားပြောသလို လိုက်နာချင်ပါရဲ့ဗျာ၊ ခုတော့ ကျွန်တော့်ဘိုးစဉ်ဘောင်ဆက်ထဲကပဲ၊ အိုင်းရစ်သွေးက မပါဘဲဟာကိုး"

"အိုင်းရစ်သွေးတော့ ရွံကြောက်ကြီးလားဗျို့"

အရေးပိုင်သည် ပြုံးရုံသာပြုံး၍ ဘာမှပြန်မပြောပေ။ ပန်းချီဆရာကလေးက ရယ်ကာမောကာပင် ပြော၍နေသော်လည်း စကားလွန်သွားမည်ကို စိုးလျက်ရှိသေး၏။ ထို့ပြင်လည်း စကားများ၍ သွားသော် မိမိနှင့် တစ်ဦးကိုတစ်ဦး ရှိသေလေးစားစွာ ချစ်ကြည်ခဲ့ကြပါလျက် ခွဲရခါနီးမှ အထင်သေး အမြင်သေးမည်ကို စိုးသဖြင့်–

"ကဲဗျာ ကျွန်တော်ပြောမိတာတွေလည်း ခွင့်လွှတ်၊ ချစ်ချစ်ကြည်ကြည် အရင်အတိုင်း ကောင်းတယ်" ဟု ပြောလိုက်လေ၏။

ထိုတောင်းပန်စကားကို ကြားရလျှင်ပင်၊ ပန်းချီဆရာကလေးမှာ များစွာ ဝမ်းမြောက်ကျေနပ်မိ၍ မိမိအား အိမ်မှ နှင်ထုတ်ထားသည်ကိုပင် လုံးဝမေ့ပျောက်သွားလျက် အားရပါးရ လက်ဆွဲနှုတ်ဆက်ရင်း "ခင်ဗျားတို့အင်္ဂလိပ်တွေက ကျွန်တော်တို့ အိုင်းရစ်တွေထက် ပိုပြီး သဘောကောင်းပါတယ်ဗျာ။ ဒါကြောင့်လည်း နေရာတကာမှာ မီးစင်ကြည့်ပြီး က,နိုင်တာပါ။ ကျွန်တော်တို့ အိုင်းရစ်တွေကတော့ တစ်မျိုးပဲ ဝသီကို တယ်စွန့်ခဲတယ်။ ကျွန်တော့်အပေါ်လည်း စိတ်ရှည်နိုင်ပါပေတယ်ဗျာ၊ တကယ်ပဲ ကျေးဇူးတင်ပါတယ်"



အရေးပိုင်မှာ ပန်းချီဆရာကလေး၏ အမူအရာကို နားမလည်နိုင်အောင်ဖြစ်၍နေလေ၏။ မိမိသည် ဧည့်သည်အား အိမ်မှ နှင်၍ချထား၏။ များစွာ အားနာစရာကောင်းပေသည်။ သို့ပါလျက် ဤသို့ လုံးဝ အမှတ်မထားဟန် ပြောဆိုနေခြင်းမှာ သူ့အဖို့ ထူးဆန်းလှတော့သည်။ အမှန်စင်စစ် ပန်းချီဆရာကလေးမှာ သူ့စိတ် သူဖြေဖျောက်၍နေခြင်းကို အရေးပိုင်က နားမလည်ပေ။ ကိုယ့်ကိုသတ်မည့်ပါးကွက်အား ကျေးဇူးတင်ပါသည်ဆိုသောစကားသည် အဓိပ္ပာယ်ကင်းလှပေ၏။ သို့ကြောင့်လည်း ပန်းချီဆရာကလေးကို အံ့ဩမိလေသည်။ ထိုမျှမက စိတ်မှန့်ပါလေစဟုလည်း တွေးမိ၏။ အကြောင်းသော်ကား၊ ဦးနှောက်ကောင်းသော လူတစ်ယောက်ဖြစ်ပါမူ အရေးပိုင်ကို ဤသို့ ပြုမူဖို့ဝေးစွ များစွာ အထင်အမြင်သေးပေတော့မည်။ မိမိသည် မိမိအိမ်တွင် တည်းခိုလျက်ရှိသော ဧည့်သည်တစ်ဦးကို မတော်မတရား စွပ်စွဲရုံမျှမက နှင်၍မပစ်လျှင်ပင် အပြစ်တစ်ခုခုရောက်တော့မလို ခြိမ်းခြောက်သေး၏။ သို့အတွက် ထိုအရေးပိုင်သည် ငြိမ်၍ ခံမနေဘဲ၊ တရားသူများကို ပြန်၍ နှံသင့်သည်။ အကယ်တိုင်းတို့က ကော်မရှင်နာအားသွား၍ တိုင်စေဦး၊ ကော်မရှင်နာကိုခံ၍ တရားတွေ့သင့်ပေ၏။ မိမိအမှုအမှန်ကို အရေးပိုင်သည် ပြည်ပိုင်အစိုးရအား တိုင်ကြားသင့်၏။ ထိုကမှ အမှန်အတိုင်း မဖြစ်ရသေးသော် ဗိလပ်ရှိ မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ထိအောင် ထိုအမှုရောက်သင့်ပေ၏။ သို့ပါလျက် အရေးပိုင်ကား မဟုတ်သည်ကို ငုံ့ခံလေသည်။ ပန်းချီဆရာကလည်း စိတ်မဆိုးလေဟန် ရယ်ကာမောကာ နေနိုင်ပေသည်။ အရေးပိုင်အဖို့ အဖြေကား အလုပ်သက် ၁၈နှစ်တွင် ရှင်ကြီး ရှင်ငယ် ဝမ်းတကာလည်ခဲ့သဖြင့် အသိစုံလှသောကြောင့် မာန်စွယ်ကို လျှော့၍ နေရခြင်းဖြစ်ပေ၏။ အင်္ဂလန်သား အင်္ဂလန်သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ မြန်မာပြည်ကား မြန်မာပြည်သာ ဖြစ်ဆဲသည်။ အင်္ဂလန်အစိုးရသည် မြန်မာပြည် အစိုးရနှင့်မတူ ကွဲပြားလှပေ၏။ ပန်းချီဆရာကလေးမှာကား လွတ်လပ်သောသူသာ မဟုတ်ပါလော။ မိမိပြောချင်ရာကို ပြောနိုင်သည်။ ဆိုချင်ရာကို ဆိုနိုင်သည်။ စိတ်တွင်ရှိသမျှကို မထောက်မညှာ ဖွင့်၍ချလိုက်နိုင်သည်။ မည်သူ့ထင်မြင်ချက်ကိုမှ ဂရုစိုက်နေစရာမလိုပေ။ အရေးပိုင်ကဲ့သို့ ဟိုလူ့မျက်နှာကြည့်ရ၊ သည်လူ့မျက်နှာကြည့်ရနှင့် ကြည့်နေစရာမလိုပေ။ သို့ကြောင့်လည်း အရေးပိုင်မှာ ပန်းချီဆရာကလေးကို မတွေးတတ်နိုင်အောင် အံ့သြ၍ မိမိအားတစ်ဖက်သတ်အနိုင်ယူသွားခြင်း ခံလိုက်သော စစ်ရှုံးလုလင်သည် အဘယ့်ကြောင့် စစ်နိုင်သူအား ပြုံးရွှင်နိုင်လေသနည်းဟု တွေးတော ငေးမောရင်း ကျန်ရစ်လေ၏။

❑

## အခန်း (၁၈)

# ဒူးရင်းခြံ

အရေးပိုင်မှာ သွားနေကျအချိန်တွင် ရုံးသို့ထွက်ခွာသွားလေရာ၊ ပန်းချီဆရာကလေးသည် နတ်ရှင်မယ်ထံသို့ သူနှင့် အလျှင်မြန်တိုင်ပင်ရန် အရေးတကြီး တွေ့ဆုံပါမည့်အကြောင်း စာတစ်စောင်ရေး၍ လွှတ်လိုက်လေ၏။ မကြာမီပင် အနိုင်းအစေ ကလေးမတစ်ယောက် နတ်ရှင်မယ်ထံမှ စာတစ်စောင်နှင့် ပေါက်၍လာလေ၏။ စာပါအကြောင်းကာ ပထော်ကျွန်း၏တစ်ဘက်ရှိ မင်းသားကြီးဆောက်လုပ်ထားသော ဆေးရုံရှိရာသို့ အလည်သွားကြမည်ဖြစ်၍ ပန်းချီဆရာကလေးပါ လိုက်ခဲ့ရန် ဖိတ်ကြားသောစာ ဖြစ်လေ၏။ ပုံဆွဲရန်ကိရိယာများ ယူလာခဲ့လျှင် နှစ်ယောက်တိုင်ပင်ခွင့်ရမည်ထင်ကြောင်း၊ ရေကူးအဝတ်များပါ ယူလာခဲ့ရန်လည်း မှာကြားလိုက်ကြောင်းနှင့် စာတွင် ပါရှိလေသည်။

ပန်းချီဆရာကလေးမှာ ဤသို့ အခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာပင် ချိန်းထားသောအချိန်၌ ဆိပ်ကမ်းတွင် စောင့်နှင့်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားလိုက်လေ၏။ မိမိနှင့်နတ်ရှင်မယ် နှစ်ယောက်တည်း တစ်ည နေလုံး အနှောင့်အယှက်မရှိဘဲ တွေ့ဆုံခွင့်ရမည့်အရေးကိုတွေးလျက် အကျေနပ်ကြီး ကျေနပ်၍နေလေ၏။

ထိုနေ့တစ်နံနက်လုံးပင် မိမိ ယခင်က ဆွဲလက်စဖြစ်သော ပုံများကို စိတ်ပါလက်ပါ ကျကျနနဆွဲ၍ နေလေတော့၏။ သို့ကြောင့် လည်း နံနက်ခင်းမှာ အချိန်ကုန်မှန်းမသိ ကုန်၍သွားလေ၏။ အချိန် တန်သော် ပြီးစီးသောအလုပ်များကို ပြန်၍ကြည့်လိုက်ရာ အချိန်နှင့် မလိုက် များစွာ တွင်ကျယ်နေသည်ကို တွေ့ရသဖြင့် စိတ်ညစ်စရာ အဝဝကို ဖယ်ရှား၍ ဤမျှ တွင်ကျယ်စွာ လုပ်နိုင်သည့်အတွက် မိမိကိုယ်မိမိ အံ့သြ၍နေမိပေ၏။

နာရီပြန် နှစ်ချက်ထိုးသော် လှံ့လကောင်းလှသော ပန်းချီ ဆရာကလေးမှာ ဆိပ်ကမ်းတွင် ရောက်နှင့်နေပြီး နတ်ရှင်မယ်တို့ အလာကို မျှော်၍နေ၏။ နတ်ရှင်မယ်နှင့် အစေခံမိန်းကလေး တစ်ယောက် လာကြသောအခါ သင်္ဘောကလေးသည် ကမ်းမှ ထွက်ခွာခဲ့လေ၏။

"ဘာများ အကြောင်းထူးလို့လဲဟင်" ဟု နတ်ရှင်မယ်က မေးရာ၊ ပန်းချီဆရာကလေးမှာ ဘာမှမပြောဘဲ ဆိုင်း၍ထားလိုက် သေး၏။ နှစ်ယောက်သားမှာ အခန်းကလေးထဲတွင် ထိုင်၍နေကြပြီး အစေခံမကလေးမှာ ပဲ့ပိုင်းတွင် စားသောက်စရာ လက်ဖက်ရည်ခြင်း ကလေးကိုချ၍ ထိုင်နေ၏။ သင်္ဘောသားများကား စက်ခန်းထဲတွင် ရှိကြပေရာ ၎င်းတို့နှစ်ယောက်တည်းသာ အခန်းထဲတွင် ရှိကြသည်။ ပင်လယ်ရေများမှာ သင်္ဘောကလေး၏အား တစ်ဖက်တစ်ချက်စီမှ ဖွားခနဲဖွားခနဲ နေရောင်တွင် ပန်း၍ထွက်နေသဖြင့် ကြည်နူးဖွယ် ကောင်းလှ၏။ တို့နှစ်ယောက် ထွက်ပြေးကြတာပဲ ဖြစ်ပါစေတော့ဟု



စိတ်ထဲတွင် ကြိတ်၍ ဆုတောင်းမိရှာ၏။ အိပ်မက်ထဲကကဲ့သို့ မပြန် တမ်း ချစ်မောင်မယ် ခရီးရှည်ကြီးထွက်ရလျှင်လည်း ကောင်းလေစွဟု အောက်မေ့မိရှာ၏။ ပြီးမှ နတ်ရှင်မယ်၏အမေးကို စိတ်သက်သာ နိုင်သလောက် သက်သာစေရန် ပြောပြရဦးမည်ဖြစ်ရာ–

"အရင်တစ်ခါက အချစ်ပြောဖူးတာကလေး မှတ်မိသေး သလား၊ အရေးပိုင်ဟာ သူ့ရဲဘောနည်းတယ်၊ ကြောက်တတ်တယ်လို့ ပြောတာလေ"

"ခုလို အရေးကြီးနေတဲ့အခါ ကိုယ်နဲ့မဆိုင်တဲ့ အရေးပိုင် အကြောင်း အသာဖယ်ထားပါဦး၊ ကိုယ့်ကိစ္စပဲ ပြောစမ်းပါဦး မောင် ရယ်"

"အဲဒါ ကိုယ့်ကိစ္စပဲ အချစ်ရဲ့၊ ခု အရေးပိုင်က သူ့အိမ်မှာ မနေပါနဲ့တော့တဲ့"

ဤသို့ ကြားရလျှင် နတ်ရှင်မယ်မှာ သိသိသာသာကြီး မျက်နှာ ပျက်၍သွားလေ၏။

"သူနဲ့ စကားများကြလို့လား ဟုတ်လား၊ တကယ်တော့ အင်္ဂလန်မပြန်သေးဘူး ဟုတ်လား၊ ဘာတွေပြောနေတာလဲ အချစ် ရယ်၊ ထိတ်စရာကောင်းလိုက်တာ"

"သူနဲ့ စကားမများပါဘူး၊ ရန်ဖြစ်တာလောက်များဆိုရင် ကောင်းသားပဲ"

"ကဲ ဒါဖြင့် မြန်မြန်ဖွင့်ပြောပါတော့၊ သူက ဘာလို့ နှင်ရ တာတဲ့လဲ"

ပန်းချီဆရာကလေးမှာ အီဇာနှင့် ဖြစ်ပျက်သည့်ကိစ္စကိုတော့ မပြောက မလွယ်ကူသည်ကို သိပေ၏။ သို့သော် နတ်ရှင်မယ်အား မသိစေချင်သေးသဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းက ဒီလိုလေ၊ အရေးပိုင်ဆီကို ဒီမနက် ခြိမ်းခြောက်တဲ့ပစ်စာတစ်စောင်ရတယ်။ ရေးတဲ့လူတွေကတော့ ကလပ်က အင်္ဂလိပ်တွေလို့ ဆိုတာပဲ။ အမှန်ကတော့ ပူးလ်က ရေးတဲ့စာပါ။ အဲဒီစာထဲမှာ ကျွန်တော့်ကို အင်္ဂလန်ပြန်ရအောင် နှင်ရမတဲ့"

ပန်းချီဆရာကလေးက စာပါအကြောင်းများကို တစ်ခုမကျန် ပြောပြ၍ မည်သူက မည်သို့ စီမံသည်၊ ထင်မြင်ချက်များကိုပါ ပြောပြလေရာ နတ်ရှင်မယ်မှာ များစွာ အံ့သြ၍နေရှာ၏။

"နောက်ပြီးတော့ အချစ်ရဲ့၊ အရေးပိုင်က သူ့ကို ကော်မရှင်နာက မလိုမုန်းထား တမင်အပြစ်ရှာနေတယ်၊ ရာထူးချနိုင်ရင် ချချင်နေတယ်။ ခုလို အကြောင်းကိစ္စပေါ်လာတယ်ဆိုတော့ အစိုးရအရာရှိတစ်ယောက်ဟာ အရပ်ထဲက အရှုပ်အရှင်းထဲ မပါသင့်ဘူးဆိုပြီး ဆွဲချဖို့ အခွင့်အရေးရနိုင်တယ်လို့ အယူရှိနေတာနဲ့ သာကြောက်နေတာပဲ"

"ဒါပေမဲ့ သူ့အိမ်ကသာ နှင်နိုင်မှာပါ၊ မြို့ကတော့ မနှင်ပါဘူး ဟုတ်လား"

"အစက ဒီလိုပဲ စိတ်ကူးရတာပေါ့၊ သူက နှင်ထုတ်ရင် ကိုယ့်ဖာသာ မြို့ထဲမှာ အိမ်ရှာနေမယ်လို့၊ နို့ပေမယ့် အရေးပိုင်က ဒီမြို့ထဲမှာနေရင်ကိုပဲ ပူးလ်တို့လူစုက ကော်မရှင်နာကို မကြား,ကြားအောင် သွားတိုင်မယ်ထင်နေတယ်။ သူထင်တဲ့အတိုင်း ဟုတ်ချင်မှ ဟုတ်မှာပဲ။ နောက်ပြီးတော့လည်း ခမည်းတော်ကြီးက ရှိသေးတယ်၊ ကလပ်ကလူတွေကပြောလို့ ကြားသွားပြန်ရင် သိပ်စိတ်ဆိုးပြီး ပုံလည်း မဆွဲနဲ့တော့လို့ ဆိုလိမ့်မယ်၊ နှစ်ယောက်စလုံးလည်း တွေ့ခွင့်ရမှာ



မဟုတ်တော့ဘူး။ ဒါကြောင့် စဉ်းစားစရာတွေ အမျိုးမျိုးရှိနေသေးတယ်"

နတ်ရှင်မယ်မှာ ဝမ်းနည်းသည့်အသွင်ဖြင့် မော့၍ ကြည့်လျက်–

"ခုပြောနေတာဟာ ကျွန်မနဲ့ခွဲပြီး ပြန်တော့မယ်ဆိုတဲ့ သဘောလား အချစ်ရယ်" ဟု ညှိုးငယ်စွာ မေးလိုက်ရာ–

"အို ဒီလိုလည်း မဟုတ်သေးပါဘူး၊ သွားဖို့ နှင်တဲ့ အကြောင်းကို ပြောတာပါ၊ ခုလိုသွားရတော့မယ်ဆိုတော့ ကျွန်တော်တို့ နှစ်ယောက်ကိစ္စဟာ အရင်အစီအစဉ်အတိုင်းလို အချိန်ဆွဲထားလို့ မဖြစ်တော့ဘူးပေါ့။ မြန်မြန်ဆုံးဖြတ်ကြရမှာပေါ့။ မောင်သွားရမယ်ဆိုရင် အချစ်ရောလိုက်ခဲ့မယ် ဟုတ်လား၊ ဟင် ဘယ့်နှယ်လဲ"

"အို ကျွန်မ ဘယ့်နှယ်ပြန်ပြောမလဲ၊ အချစ်နဲ့အတူ မလိုက်နိုင်ဘူးလို့လည်း မပြောနိုင်ဘူး။ လိုက်ပါမယ်ဆိုတော့လည်း အချစ်ပဲ စဉ်းစားကြည့်ပါတော့"

"ဒါဖြင့် မောင်တစ်ယောက်တည်း ပြန်တော့လို့ ဆိုတာလား"

"ဒီလိုလည်း မပြောပါနဲ့မောင်ရယ်၊ ခက်တာပဲ (မျက်ရည်များဝိုင်း၍လာလျက်) ဘဘ,ဘုရားအတွက်ကြောင့် ခက်တယ်လေ"

"အချစ်သာ မောင့်ကို တကယ်ချစ်လို့ တကယ်ယူမယ်ဆိုရင်တော့ မထူးပါဘူးကွယ်၊ ခုလိုက်လာတာနဲ့ နောင်တော့ လိုက်ရမှာနဲ့ ဘာထူးတော့သလဲ၊ ဒါလည်း စဉ်းစားပါဦး"

"ဟုတ်တော့ ဟုတ်တာပေါ့၊ နို့ပေမယ့် ဘဘဘုရားကို ဖွင့်မပြောရက်အောင် ဖြစ်နေလို့ ခက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ် မောင်တော့ဖြင့် ဘာမှ တိုက်တိုက်တွန်းတွန်း မလုပ်ချင်ဘူး၊ မောင့်အခြေအနေ မောင့်ဘဝကိုလည်း ကောင်းကောင်း သိပြီမို့–"

"ဒါတွေနေစမ်းပါ၊ ခုခက်တာက ချက်ချင်းကြီးမို့ ခက်တာ မောင်ရဲ့၊ မောင့်နောက်ကိုလိုက်တော့လိုက်ရမှာပဲ၊ ဘာလို့လဲဆိုတော့ မောင်ပြန်သွားပြီး တစ်ယောက်တည်း မြိတ်မှာ နေခဲ့ဖို့လည်း စဉ်းစား မရဘူး။ နို့ပေမယ့် ဘဘ,ဘုရား ဒီလို ဒီလိုလို့ မပြောရက်အောင်ပဲ၊ သူ့ခမျာ သမီးကလေးတစ်ယောက်တည်းမို့ အမျိုးမျိုးယုယပြီး ကြံစည် စိတ်ကူးထားတာတွေကို အရှုံးဖြစ်ကုန်အောင် လေထဲလွှင့်ပစ်ထားခဲ့ သလိုနေမှာကြောင့် ပါးစပ်က မထွက်ရက်အောင်ကို ဖြစ်နေတာပဲ"

"ဒါဖြင့် မပြောဘဲ တိတ်တိတ်လိုက်ခဲ့ရင်ကော"

"ကျွန်မအဖို့ ကောင်းပေမယ့် သူ့အဖို့ သာဆိုးရှာတော့ မပေါ့"

"ဒါဖြင့် မောင်အရင်သွားနှင့်မယ်၊ နောက်မှလိုက်ခဲ့ရင်ကော"

"ဒါလည်း မထူးပါဘူး တူတူထိခိုက်မှာချည်းပါပဲ"

"လူကဲ့ရဲ့ နည်းနည်းလျော့မှာပေါ့"

"အို သူများကဲ့ရဲ့မှာကို ဂရုမစိုက်ပါဘူး။ ကျွန်မစိတ်ထဲ မမျိုနိုင် မဟာပ်နိုင်နဲ့ အကြံခက်နေတာက ဘဘဘုရား သဘောမတူလို့ ယူကြုံး မရဖြစ်နေခဲ့မှာ စိုးတာပါ။ ခုပဲလိုက်သွားသွား နောက်မှပဲလိုက်လိုက် သူ့စိတ်ထဲ ရင်ကွဲပက်လက်နေရှာလိမ့်မယ်"

"မောင်ကတော့ သွားရတော့မှာပဲ၊ အခုအခြေဖြင့် ဒီပြင်လမ်း မမြင်ဘူး၊ နေပါဦးဆိုလို့ နေရရင် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် မတွေ့နိုင် မမြင်နိုင်နဲ့တော့ နေနိုင်သေးရဲ့၊ မသွားဘဲ နေတဲ့အတွက် အရေးပိုင်လည်း စိတ်ညစ်ရှာမယ်၊ မောင်တို့နှစ်ယောက် လည်း စိတ်ညစ်နေရလိမ့်မယ်၊ သွားမယ်ဆိုရင်တော့ မောင့်နောက်ကို



လိုက်ချင်လည်းလိုက်ခဲ့ဖို့၊ မလိုက်နိုင်လည်း နောင်ဘဝမှ ဆုံဆည်းဖို့ ဆုတောင်းပြီး တစ်သက်လုံးအဖို့ ခွဲကြရတော့မှာပဲ၊ အဲတော့ ခုတစ်ခါ တည်း ဆုံးဖြတ်ကြပါစို့လား"

"အို ကျွန်မဖြင့် အင်္ဂလန်က မပြန်ဘဲနေလိုက်ရရင် အကောင်း သားမောင်ရယ်၊ ဟိုမှာနေတုန်းက မြန်မာပြည်ပြန်ရင် ဒီလို ဒုက္ခတွေ ပင်လယ်ဝေအောင် တွေ့ရမယ်လို့ မထင်ခဲ့မိဘူး။ မောင့်ကို တစ်ခါမှ မတွေ့ဖူးသလို လုံးလုံးမေ့ပျောက်ပြီး မြိတ်မှာ တစ်ယောက်တည်းနေရ မယ်ဆိုတာလည်း တွေးလို့မရဘူး။ ဒီလိုမလုပ်လို့ တခြားနည်းနဲ့ကော ဆိုတော့လည်း တွေးမရဘူး"

"စဉ်းစားပါဦးလေ၊ တခြားနည်းများရှိလေဦးမလားလို့"

"အလကား အရေးပိုင်နေရာမကျလို့ ကျွန်မတို့ ဒုက္ခများ ကုန်ရတာပါ၊ သူ့ရာထူးကလေးပြုတ်သွားမှာ သိပ်စိုးရိမ်နေတာမို့ပေါ့၊ မဟုတ်ရင် ပူးလ်ကို ဘာဂရုစိုက်နေရမှာလဲ၊ ကျွန်မတော့ ပူးလ်လို အကောင်ကလည်း ကော်မရှင်နာဆီကို မဟုတ်မတရားတွေနဲ့ လုပ်ကြံ ပြီး သွားပြောဝံ့မယ်မထင်ပါဘူး။ ကြားရတဲ့လူတိုင်းက လီဆယ် မှန်းသိမှာပါပဲ။ ညနေခင်းမှာ အရေးပိုင်အိမ်က ပြန်လာတာ တစ်ခါ မြင်ရုံနဲ့ ပြောချင်ရာတွေ လျှောက်ပြောကြရောတဲ့လား"

"အရေးပိုင်က ကြောက်တတ်တဲ့လူမို့ပေါ့အချစ်ရဲ့၊ မောင်တို့ လိုဖြင့် ပြောချင်ရာပြောကွာ ဟုတ်မှမဟုတ်ဘဲဆိုပြီး ခပ်တင်းတင်း နေလိုက်မှာပေါ့၊ ပူးလ်ကလည်း အမှုရှုံးထားတဲ့ တရားခံကိုး ရန်ရှာမှာ ပေါ့၊ ဒါကို ကော်မရှင်နာက ယုံမတဲ့လား"

"ဒါကြောင့် ပြောတာပေါ့၊ အရေးပိုင်နေရာမကျလို့ပါလို့၊ သတ္တိရှိတဲ့လူသာဖြင့် ဘယ်သူ့မှ အရေးလုပ်မှာကို မဟုတ်ဘူး။ ကဲ မောင်ရယ် သူတို့အနှင်တော့မခံနဲ့၊ မြို့ထဲတစ်နေရာရာမှာ မောင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



နေရာရှာပေးမယ်၊ အိမ်ရောက်တော့ ဘဘဘုရားကိုလည်း ပြောပြလိုက်မယ်၊ ဟိုနေ့ မောင့်ဆီကတွေ့ပြီးပြန်လာကတည်းက ပြောဖို့စဉ်းစားမိသေးတယ်၊ မပြောဖြစ်လို့သာ၊ ကိုယ်က ဦးအောင်ပြောထားနှင့်တော့ ပူးလ်တို့ ဘာပြောနေနေ ဘဘဘုရားက ယုံမှာမဟုတ်ဘူး၊ ဘဘဘုရားက အရေးလုပ်ပြီး နားမထောင်ကတည်းက ကော်မရှင်နာက ဘယ့်နှယ်လုပ် နားထောင်တော့မလဲ၊ ကဲ– ဒီလိုပဲလုပ်ပါ အချစ်ရယ်နော်၊ ဒီလိုဆိုရင် အချိန်နည်းနည်းရနိုင်ပါသေးတယ်”

ပန်းချီဆရာကလေးမှာ နတ်ရှင်မယ်ကလေးကို သနားလှသဖြင့် သဘောတူလိုက်တော့မည်ဟု အောက်မေ့မိ၏။ အရေးပိုင်အား နတ်ရှင်မယ်အတွက် အချိန်ပေးလို၍ မြို့ထဲသို့ ခေတ္တခဏ ပြောင်းနေပါသည်ဟု ပြောမည်ဟု အောက်မေ့လိုက်မိပေ၏။ သို့သော် မကောင်းကြံသူများမှာ ပူးလ်တစ်ယောက်တည်းမဟုတ်သေးပေ။ အီဗာပူးလ်လည်း ပါဝင်သေးရကား ထိုမိန်းမမှာ ပန်းချီဆရာကလေး လွှင့်၍မသွားမချင်း ကျေနပ်မည်မဟုတ်ပေ။ သို့ကြောင့် အမှုတစ်ခုတည်းအတွက်သာ အရေးပိုင်အား လက်စားချေကြပါက မိမိမှာ များစွာနေသာပေ၏။ နတ်ရှင်မယ်မှာလည်း ဘာအပြစ်မှ ဝင်၍ခံရန်အကြောင်းမရှိပေ။ သို့ကြောင့်လည်း အရေးပိုင်အတွက် အနှောင့်အယှက်ရန်သူတွေကို မိမိကဝင်၍ လုံးဝ ဒဏ်မခံနိုင်ကြောင်း သိစေနိုင်ပေ၏။ သို့ပင်ဆိုငြားလည်း အရေးပိုင်မှာ မိမိအပေါ်တွင် ကျေးဇူးများလှပေသည်။ သူပင် မြန်မာပြည်သို့ ခေါ်ခဲ့သည်၊ မင်းသားကြီးနှင့်ဆက်သွယ်၍ပေးသည်၊ အိမ်တွင် ကောင်းမွန်စွာ တည်းခိုစေရုံသာမက မိတ်ဟောင်း ဆွေဟောင်းအစစ်သဖွယ် ပြုစုစောင့်ရှောက်ရှာပေသည်။ သို့ဖြစ်ရကား မိမိမှာ သူ့အကျိုးကို မထိခိုက်အောင် ကာကွယ်ဖယ်ရှား၍ ပေးရန် ဝတ္တရားရှိပေ၏။ သို့သော် ကံဆိုးချင်သည့်



အကြောင်း ဖြစ်ရကား မနာလိုသည့်မိန်းမယုတ်၏ ရန်စကလည်း ရောထွေး၍ နေပေသေး၏။ သူသာလျှင် ဤကိစ္စဖြစ်ပေါ်စေရန် ပြုလုပ်သော စနက်တံဖြစ်လေသည်။ ပူးလ်မှာ အရေးပိုင်ကို မုန်းသည်မှန်၏။ သို့သော် မုန်းလျှင် အရေးပိုင်ကိုသာ လက်စားချေလိမ့်မည်။ ဤသို့ ဧည့်သည်အား ထည့်သွင်း၍ မီးရှို့ဖို့ စဉ်းစားမိမည်မဟုတ်ပေ။ အီဗာပူးလ်၏ အကြံဉာဏ်သက်သက်ကြောင့်သာ ပန်းချီဆရာကလေး ဝင်၍ပါရခြင်း ဖြစ်လေ၏။ သို့ကြောင့် အရေးပိုင်အား ကော်မရှင်နာက ဘာပဲလုပ်လုပ် မိမိမှာ ဝမ်းနည်းစွာနှင့် မြိတ်တွင် နေရဦးမည်ဟု မပြောရက်နိုင်အောင် ဖြစ်ရလေ၏။ အရေးပိုင်မှာ သတ္တိနည်းသည်၊ ကြောက်တတ်သည်၊ ရာထူးတည်မြဲမှုကလေးကို စိုးရှာသည်ကား မှန်၏။ သို့သော် ယခုဖြစ်ရသည့်ကိစ္စတွင် မိမိအား ရည်ရူးသော ပယောဂ များစွာပါဝင်ကြောင်းကား အတတ်သိပေ၏။ မိမိသာ အီဗာနှင့် ရုပ်ချက်ကင်းပါမူ အရေးပိုင်ခမျာ ဤမျှလောက် ဒုက္ခများချင်မှများမည်။ သို့ကြောင့် အရေးပိုင်ကို မိမိအတွက်နှင့် ဒုက္ခတွေ့မည်ကို ကြည့်မနေနိုင်အောင်ဖြစ်၍နေတော့၏။ ဤသို့ ပြုမူလိုက်လျှင် များစွာ တစ်ကိုယ်ကောင်းကြံရာကျပေတော့မည်။ ကိုယ့်မိုက်ပြစ်ကိုယ်သာခံမှ လောကသံသရာ ကောင်းပေတော့မည်။ သို့ကြောင့် “အရေးပိုင်ကိုဖြင့် ငါ့အတွက် ကိစ္စမများစေတော့ပါဘူး။ ငါမွေးမိတဲ့မီး ငါပဲ အလောင်ခံပါတော့မယ်။ ငါသာမပြန်ရင် သူ့ခမျာ ငါ့အတွက် ဒုက္ခတွေ့ရှာတော့မယ်” ဟု အောက်မေ့လျက် နတ်ရှင်မယ်အား အကျိုးအကြောင်း ပြောပြရန် စိတ်ကူးလိုက်ရာ အီဗာနှင့် ရုပ်မိသည့်ကိစ္စကို ထိန်ချန်၍ထားက မရှင်းလင်းသဖြင့် ဖွင့်၍ပြောလိုက်ရန် ပိုင်းဖြတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အပြစ်တစ်ခု ဖွင့်ပြောပါရစေ အချစ်ရယ်၊ အရင်ကတော့ မပြောဘူးလို့ပဲ၊ နို့ပေမယ့် ခုတော့ဖြင့် ဒီကိစ္စကို ပြောမှ အချစ်လည်း ရှင်းတော့မှာမို့ မောင်မိုက်မှားခဲ့မိတာကို ပြောပါတော့မယ်။ အချစ်နဲ့ မောင်နဲ့မတွေ့ခင် အီဗာပူးလ်နဲ့ သွားရှုပ်မိတယ်"

နတ်ရှင်မယ်သည် ခေါင်းကို ဖျတ်ခနဲမော့၍ ကြည့်လိုက်ပြီးနောက်–

"ကျွန်မနဲ့မတွေ့ခင်လား၊ ရောက်ရောက်ချင်း ကျွန်မနဲ့တွေ့တာပဲဟုတ်လား"

"အချစ်နဲ့ မောင်နဲ့ မြိတ်ရောက်လို့ သုံးရက်နေမှ တွေ့တာ ဒုတိယနေ့မှာ အရေးပိုင်နဲ့ မောင်နဲ့ သူ့အိမ်မှာ ထမင်းစားဖိတ်လို့ စားကြတယ်။ သူ့ယောကျ်ား အဲတော့မရှိဘူး။ ထမင်းစားပြီးတော့ မောင်တစ်ယောက်တည်းကို ပန်းခြံထဲခေါ်သွားပြီးတော့–အို ကုန်ကုန်ပြောကြပါစို့ မောင့်အလိုအလျောက် ဘာမှ မစဉ်းစားရသေးခင်၊ သူက နက်ဖြန်နေ့ခင်း သူနဲ့လာတွေ့ဖို့ ခေါ်တာကို လာပါမယ်လို့ ဝန်ခံမိတယ်"

"ဒါဖြင့် ကျွန်မနဲ့တွေ့တဲ့နေ့မှာ သူခေါ်တဲ့ဆီကို သွားတာပေါ့"

"သူ့ကို ဝန်ခံခဲ့ပြီးဖြစ်နေပြီလေ။ နို့ပေမယ့် မှတ်မိမလားမသိဘူး။ မောင် အဲဒီနေ့ကပြောတဲ့စကားကို ကျွန်တော်ဖြင့် တစ်ဘက်မှာရှိတဲ့လောကထဲကို ပြန်မသွားချင်တော့ဘူးဆိုတာကလေးကိုလေ။ အဲဒီစကားပြောတာဟာ အီဗာဆီသွားရမှာ စိတ်မပါလို့ ပြောတဲ့စကားပဲ"

"သြော်... ဒါဖြင့် အဲဒီကတည်းက ချစ်လာလို့ပြောသွားတာလား။ ကျွန်မလည်း အဲဒီအကြိမ် မြင်ကတည်းက ချစ်မိတာပဲ။



နို့ပေမယ့် ဆိုးတာက ချစ်ပေမယ့် ဟိုမိန်းမဆီ သွားသေးတာကိုးနော်"
(မျက်နှာကလေးငယ်၍သွားလေရာ)

ပန်းချီဆရာကလေးမှာ နတ်ရှင်မယ် စိတ်မကောင်းဖြစ်သွားသည့်အတွက် စကားကိုဖြတ်မည်ဟု ငြိမ်နေရာ နတ်ရှင်မယ်ကလေးက ဆက်၍ "မောင် ဘယ်နှရက်ကြာအောင် သူ့ဆီဆက်သွားနေသေးသလဲ"

"အဲဒီနေ့က ပြီးတဲ့နောက်လည်း သွားသေးတယ်။ နောက်သူ့ယောကျ်ား အမှုဆိုင်ရအောင် သတ္တုတွင်းကပြန်လာတော့ မောင်လည်း မသွားသာဘူး"

"သြော်... မသွားသာလို့လား၊ သွားသာရင် ဆက်သွားဦးမှာပဲနော်"

"ဟုတ်ကဲ့ မလာသေးရင် ထပ်ပြီးတော့ သွားမိဦးမှာပဲ။ နို့ပေမယ့်လည်း အခါတွေအများကြီးတော့လည်း ဟုတ်မယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ သူ့ကို စိတ်ထဲ ၃–၄ ခါသွားမိတာနဲ့ ငြီးငွေ့စက်ဆုတ်လာတာပဲ။ သူ့မျက်နှာကလေးတစ်ခုလှတာနဲ့ မောင်လည်း သူ့ရှေ့ရောက်ရင် မှိုင်းမိသလို ဖြစ်သွားတာ"

"သူကတော့ မောင့်ကို တကယ့်ကို ချစ်တာပေါ့နော်"

"သူကတော့ မောင့်ကို လိုလားတာပေါ့။ ဒီမြန်မာပြည်မှာ နေရတာ အင်မတန်စိတ်ပျက်နေတာကလား။ အင်္ဂလန်မှာဆိုတော့ သူ့လိုမိန်းမဆိုတာ လူများရာမှာ ပျော်နိုင်တာကိုး။ နောက်ပြီး သူ့ယောကျ်ားမရှိတဲ့အခါမှာ မောင်နဲ့ပျော်ချင်တာပေါ့။ မောင်က နောက်ကို မဆက်သွယ်တော့ဘူးလို့ ပြောလိုက်တော့ သူက သိပ်ဒေါသထွက်သွားတာ"

"မောင် သူ့ကို ဘယ့်နှယ်ပြောလိုက်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘယ်သူဘယ်ဝါနဲ့ ချစ်နေလို့လို့ ဘာမှဖွင့်မပြောပါဘူး။ ဒါပေမဲ့ သူ့ပစ်သွားတာ ဘယ်မိန်းမများ တွေ့လို့ပါလိမ့်မလဲလို့ တွေးမှာပေါ့။ နောက် အရေးပိုင်အိမ်ထဲက ပြန်ထွက်သွားတာ မြင်တဲ့လူက မြင်တယ်ပြောတော့ ဧကန္တ မောင်ဟာ အချစ်ကြောင့် ပစ်တာပဲဆိုတာ အတတ်တွေးတော့မှာပေါ့။ ဒါကြောင့် ပူးလ်ရဲ့ဉာဏ် မဟုတ်ဘူး။ သူ့ဉာဏ်ပဲ။ မောင်တို့နှစ်ယောက် မကွဲကွဲအောင် သူကြံတာနေမှာပဲ"

နတ်ရှင်မယ်မှာ အခြားမိန်းမတစ်ယောက်က မိမိနှင့် ပြိုင်ဆိုင်၍ ချစ်ကြိုက်ရန် လုယက်သည့်အကြောင်းကို ကြားရလျှင်ပင် မိန်းမတို့ မမွတာအတိုင်း များစွာ မခံချင်စိတ်ပေါက်၍လာပြီး မိနစ်ပိုင်းအတွင်းမှာပင် သူ့စိတ်ကို ဆုံးဖြတ်လိုက်လေ၏။ ခမည်းတော်ကိုလည်း မစဉ်းစားနိုင်တော့ပြီ။

"ဩော်- သူက ကျွန်မတို့နှစ်ယောက်ချစ်နေတာကို ခွဲပစ်မယ်ပေါ့လေ။ မောင့်ကို မြိတ်မှာ မနေနိုင်အောင်နှင်ထုတ်လိုက်ရင် ကျွန်မလက်ကလွတ်ကရောလို့ တွက်တယ်ပေါ့။ ဒီလိုဆိုရင် သူအပုံကြီးမှားတာပဲ။ ကျွန်မ မောင်နဲ့ တစ်ခါတည်းလိုက်ခဲ့မယ်"

ဤသို့ပြောစဉ်ပင် သင်္ဘောကလေးသည် သစ်ပင်ကြီးတစ်ပင် မြောနေသည်ကို ရုတ်တရက် ရှောင်လိုက်ရသဖြင့် စောင်း၍သွားရာ ဘေးတွင် အကာအရံမရှိဘဲ အစွန်းနား၌ထိုင်နေသော အစေခံမကလေးမှာ သင်္ဘောကလေးအစောင်းတွင် ရေထဲသို့ လိမ့်ကျသွားလေ၏။ နတ်ရှင်မယ်တို့လည်း မြင်လိုက်သဖြင့် ဝိုင်း၍အော်ကြရာ၊ သင်္ဘောသားများလည်း စက်ကိုရပ်၍ ပဲ့ပိုင်းဆီသို့ အပြေးလာခဲ့ကြလေ၏။



"သူ့ ရေမကူးတတ်ဘူး သေတော့မှာပဲ" ဟု နတ်ရှင်မယ်က ပြောသဖြင့် ပန်းချီဆရာကလေးလည်း ဖိနပ်ကို ကပျာကယာချွတ်၍ ပစ်ခဲ့ပြီး ရေထဲသို့ခုန်ချသွားလေတော့၏။ အစေခံမကလေးရှိရာဆီသို့ မကြာမီရောက်၍သွားရာ၊ မိန်းကလေးက ပန်းချီဆရာကလေးအား ကြောက်အားလန့်အားနှင့် ဖက်တွယ်၍ထားလိုက်ရာ၊ ပန်းချီဆရာကလေးမှာ မူလကပင် သန်မာသော ရေကူးသမားအကျော် မဟုတ်သဖြင့် ၎င်းမိန်းကလေးကိုပါ သယ်ပိုးကူးခတ်လာရန် အခက်အခဲတွေ့နေပြီး နစ်မြုပ်သွားကြပေ၏။

ဆလင်လုပ်သူမှာ အရေးရှိလျှင် ဖျတ်ဖျတ်လတ်လတ် မရှိသည့်အတိုင်း၊ ဦးပြေးလိုက်၊ ပဲ့ပြေးလိုက်နှင့် အချိန်ကုန်၍နေ၏။ သင်္ဘောကို နောက်ပြန်ဆုတ်ရန် ကြိုးစားရာတွင်လည်း မဖြစ်နိုင်ဘဲ ရှိပြန်ရာ တစ်ဖန် ခပ်ဝေးဝေးမှဖြို၍ ပန်းချီဆရာကလေးတို့ရှိရာသို့ ကွေ့ပြီးမောင်းနေစဉ် အစေခံမကလေးက တအားဆွဲလိုက်သဖြင့် ပန်းချီဆရာကလေးမှာ ရေထဲ ဒုတိယတစ်ကြိမ် မြုပ်၍သွားပြန်လေ၏။

သင်္ဘောကလေးပေါ်မှ နတ်ရှင်မယ်မှာ အလုံးစုံမြင်ရသဖြင့် ပျာပျာသလဲဖြစ်ပြီး ဘော့ကွင်းကို ပစ်ချပေးရန် အော်လျက်နေ၏။ သင်္ဘောမှာ ရေနစ်သူနှစ်ဦးအနီးသို့ ရောက်၍လာစဉ် ပန်းချီဆရာကလေးမှာ ခေတ္တပေါ်၍ လာပြန်ပြီးမှ တစ်ခါ တစ်ဘက်မှ ဆွဲလိုက်ခြင်းကြောင့် မြုပ်၍သွားပြန်လေရာ၊ သေမင်းနှင့် တစ်ဖက်တစ်ချက်ဆွဲ၍ လုနေကြသကဲ့သို့ မှတ်ထင်ရတော့သည်။ သို့သော် သေကံ မရောက်သေးရကား၊ ပန်းချီဆရာကလေးတို့ရှိရာသို့ သင်္ဘောသားနှစ်ယောက်သည် ဘော့ကွင်းကိုယ်စီနှင့် ခုန်ချကူးခတ်သွားပြီး၊ သင်္ဘောဆီသို့ နှစ်ယောက်စလုံးကို ဆွဲ၍ခေါ်ခဲ့ကြလေ၏။ သင်္ဘောပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြသော် ပန်းချီဆရာကလေးမှာ မောပန်းခြင်းမှတစ်ပါး ဘာမျှ မဖြစ်သော်လည်း အစေခံမကလေးမှာ သတိလစ်၍နေလေ၏။ ပင်လယ်ရေများကို အတန်ကြာ အန်အောင်လုပ်လိုက်မှ မျက်လုံးများ ဖွင့်ကြည့်ပြီး သတိကောင်းစွာရ၍လာလေရာ၊ သက်သာလျှင်သက်သာ ချင်း မိမိ အမှတ်မဲ့နေမိသည့်အတွက် လိမ့်ကျသည်ကို အဆိုခံရမည်စိုး သည်ကတစ်မျိုး၊ ပန်းချီဆရာကလေး လိုက်လံကယ်ဆယ်သည်ကို မျက်နှာပူသည်ကတစ်ဖုံ၊ မိမိသခင်မနှင့် မျက်နှာချင်းဆိုင်ထိုင်နေရ သဖြင့် အနေကြံ့သည်ကတစ်မျိုးတို့ကြောင့် သူ့နေရာတွင် သူရှိနေရစ် သော လက်ဖက်ရည်ဆွဲခြင်းကလေးဘက်သို့ လှည့်၍ ပစ္စည်းများ စေ့-မစေ့ ရေတွက်နေလေ၏။ ပန်းချီဆရာကလေးမှာ မောလွန်း သဖြင့် အဝတ်စိုများကို အခြောက်လှမ်းပြီး ရေကူးအဝတ်နှင့် ထိုင်နေ ပြီးနောက် ဓာတ်ဘူးထဲမှ နတ်ရှင်မယ်ငှဲ့၍ပေးသော လက်ဖက်ရည် တစ်ခွက်ကို သောက်လိုက်ရာ အတော်အတန် အမောပြေ၍ သွား လေ၏။

နတ်ရှင်မယ်မှာ သင်္ဘောပေါ်သို့ အားလုံးချောမောစွာ ရောက် ပြီဖြစ်၍ စိတ်အေးသော အမူအရာဖြင့် ရယ်မောလျက်ပင် "ကဲ မောင့်ကို ဘာ့ကြောင့်ချစ်တယ်ဆိုတာ အကြောင်းပြနိုင်ပြီလေ၊ ကျွန်မ အချစ်ဆုံး အစေခံမကလေးကို ကယ်ဆယ်ပေးတဲ့လူကိုး၊ အင်္ဂလန်မှာ ဆိုရင်တော့ ရွှေတံဆိပ်တစ်ခုရမှာ အသေအချာပေါ့။ ဒီအရေးပိုင် ကသာ ပေး, မပေး မသိတော့တယ်၊ ဒါပေမဲ့ တစ်ခုတော့ သဝန်တို မိပါရဲ့၊ ဒီကောင်မလေးဟာ မောင့်ကိုချစ်နေတော့မှာပဲ၊ ဒီလူပဲ ငါ့ အသက်သခင် ကျေးဇူးရှင်ဆိုပြီး သူ့စိတ်ထဲ ချစ်နေတော့မှာပဲ၊ ဆွံ့အတဲ့ မိန်းမယူရင် ဘယ်လိုကျေးဇူးရှိမယ်ဆိုတာများ မတွေးမိသေးဘူး လား"



နတ်ရှင်မယ်မှာ အထက်ပါအတိုင်း ရယ်မောကာ ပြောဆိုရ သော်လည်း ရေနစ်စဉ်ကမူကား သူ အတုန်လှုပ်ဆုံး ဖြစ်ပေ၏။ ပန်းချီ ဆရာကလေး တစ်ကြိမ်မြုပ်၍သွားစဉ်က အကယ်ပင် ဆုံးပြီထင်၍ များစွာ စိတ်ထိခိုက်သွားသည်။ ယခုပင်လျှင် ဟိုတုန်းကများ နစ်သွား လျှင် ခက်ရချေရဲ့ဟု တွေးမိသဖြင့် မျက်နှာပျက်၍သွားသေး၏။

"လူများဟာ ကိုယ့်စိတ်ကိုယ် ဘယ်အခြေအနေ ရောက်နေပြီ ရယ်လို့ ရုတ်တရက် မခန့်မှန်းနိုင်ကြဘူးနော်၊ အကြောင်းကိစ္စတစ်ခုခု ပေါ်ပေါက်လာမှသာ ကိုယ်မမြင်တဲ့စိတ်ဟာ တစ်ခါတည်း ထွက်ပေါ် လာတယ်၊ အစက မောင့်အပေါ် ဒါလောက်ချစ်တယ်ဆိုတာ ကျွန်မ ဖြင့် မရိပ်မိဘူး။ ခုနင်က မောင်ရေထဲနစ်တော့မယ်လို့ ဖြစ်နေတော့မှ မောင်သာ တကယ်လို့ နစ်သွားရင် ကျွန်မလည်း တစ်ခါတည်း အတူတူလိုက်ပြီး ခုန်ချမယ်လို့ ပိုင်းဖြတ်ထားတယ်။ မောင်မှမရှိဘဲ လူ့ပြည်မှာ မနေရစ်ခဲ့တော့ပါဘူး။ ပင်လယ်ထဲ အတူတူသေလိုက်မှာ ပဲလို့ စောင့်ကြည့်နေမိတယ်" ဟု မျက်ရည်ဥကြီးများပင်ရွှဲ၍ ချစ်ကြင် လှစွာ ပြောပြနေလေ၏။

သင်္ဘောကလေးမှာ ဆိုက်ဖို့ပင် နီး၍လာပေပြီ။ ကမ်းမှာ ပင်လယ်အော်ကလေးတစ်ခုကဲ့သို့ ထင်ရ၍ အထက်တွင် ဖြူဖွေးသော ကျောက်ကမ်းပါးကြီးတစ်ခုကို မြင်ရပြီး ၎င်းတောင်ခြေတွင် သစ်သား ပျဉ်ထောင် အိမ်တစ်ဆောင်ကို မြင်ရလေ၏။ အိမ်၏ပတ်ဝန်းကျင်တွင် ထန်းပင်များရှိ၍ နောက်ဆွယ်တွင်ကား ကော်ပတ်ခြံကြီးများဖြင့် စိမ်းလန်းစိုပြည်၍နေသည်။ ကမ်းနှင့် ကိုက် ၅၀ အကွာလောက်တွင် သင်္ဘောကလေးကိုရပ်လိုက်ပြီး လှမ်းမြင်ရသောအိမ်မှ သမ္ဗန်ကလေး တစ်စင်း လွှတ်လိုက်သောကြောင့် သမ္ဗန်ကလေးသည် သင်္ဘောရှိရာသို့ လှော်ကပ်၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိမ်ဟာ ကျွန်မတို့ ဘဘဘုရားရဲ့အိမ်ပဲ၊ ခုဒီမှာ သူ့လမ်းဗိုလ်နေတယ်။ ဆေးရုံဆိုတာကတော့ အိမ်ကွယ်နေလို့ မမြင်ရဘူး"

သမ္ဗန်ကလေးအနီးသို့ ရောက်လျှင်ပင် သင်္ဘောပေါ်မှ ဆင်းခဲ့ပြီး တက်စီးခဲ့ကြရာ မကြာမီပင် သဲပုပ္ပကလေးပေါ်တက်ခဲ့ရလေ၏။

"ကဲ ကျွန်မ အိမ်ကိုသွားနှင့်မယ်နော်၊ ဟိုမှာ စီမံစရာကိစ္စကလေးတွေကို စီမံလိုက်ဦးမယ်၊ နောက်ပြီးမှ လက်ဖက်ရည်သောက်ရအောင်နော်၊ ဆေးတွေကို စုံ,မစုံ စစ်ရဦးမယ်၊ နောက်ပြီး ဘာလိုသေးသလဲဆိုတာလဲ ကြည့်ခဲ့ရဦးမယ်။ အလုပ်သမားတွေ တန်းလျားကို ဝင်ကြည့်ရင်လည်း နည်းနည်းတော့ ကြာလိမ့်ဦးမယ်၊ စောင့်ဦးနော်"

"ကိစ္စမရှိပါဘူး။ မောင်လည်း တစ်နာရီလောက် အချိန်ကုန်ဦးမှာပါ။ ဒီနေရာကလေးက သိပ်လှတာပဲ၊ ပုံဆွဲနေဦးမယ် အရိပ်ကောင်းမှာထိုင်ပြီး"

"ရေချိုးချင်လည်း ချိုးနှင့်လေ" ဟု ရေကူးအဝတ်နှင့် မျက်နှာသုတ်ပုဝါ၊ အင်္ကျီရှည်ကြီးကိုဝတ်၍ထားသော ပန်းချီဆရာကလေးအား ပြောလိုက်ရာ–

"ဟာ ရေတော့ အတော်တောင်ဝခဲ့ပါပြီ" ဟု စောစောက ရေနစ်သည့်အကြောင်းကို ထည့်၍ ရယ်စရာပြောလိုက်လေ၏။

နတ်ရှင်မယ်လည်း အစေခံမကလေးနှင့် ထွက်သွားရာ ပန်းချီဆရာကလေးမှာ ခဲတံကို ကောက်၍ ကိုင်လေတော့၏။

ပန်းချီဆရာကလေးမှာ များစွာ ပင်ပန်းလာခဲ့ပါလျက် တိတ်ဆိတ်လှသော ဤနေရာတွင် ပုံဆွဲ၍ လက်တွေ့နေတော့၏။ သစ်ပင်ရိပ်ကောင်းကောင်းတစ်ခုတွင် ကျကျနနထိုင်၍ ပြာလဲ့သော မိုးကောင်းကင်၏ နောက်ခံကားတွင် အကွင်းသားပေါ်လျက်ရှိသော ထန်းပင်များနှင့် ကျောက်ဆောင်ဖွေးဖွေးကြီးကို ပုံထဲတွင် မိမိရရဆွဲ၍ ထည့်



လေ၏။ တောင်စောင်းရှိ ကော်ပတ်ခြံများမှာ များစွာ စိုပြည်လျက် ၎င်းအရောင်နှင့် ကောင်းကင် ဆက်စပ်ရာနေရာမှာလည်း ကြည့်၍ မငြီးအောင် ရှိတော့၏။ တောင်ဆီမှစီး၍လာသော ချောင်းကလေးတွင် ကလေးတွေ၊ မိန်းမတွေ ရေချိုး၍နေကြသည်။ ပင်လယ်စပ်တွင် တံငါလှေကလေးများမှာ အသက်မွေးဝမ်းကြောင်းအတွက် ဘာသာဘာဝ အလုပ်များ၍နေကြလေ၏။ မင်းသားကြီး၏အိမ်ကြီးမှာ နတ်ရှင်မယ်ရောက်နေသည့်အတွက် လူဝင်လူထွက် ရှုပ်၍နေပေ၏။ ပင်လယ်ပြင်ဆီမှ တိုက်ခတ်သော လေအေးကလေးမှာ ခြံများကို ဖြတ်ကျော်၍လာရသဖြင့် မွှေးကြိုင်၍နေပေ၏။ ခပ်လှမ်းလှမ်းဆီရှိ ပင်လယ်သံမှအပ အခြားအသံဟူ၍မရှိဘဲ တိတ်ဆိတ်ငြိမ်သက်၍ နေပေ၏။

ပန်းချီဆရာကလေးမှာ အတန်ကြာ ပုံဆွဲ၍နေပြီးနောက် ကမ်းနားဆီသို့ တစ်ယောက်တည်း လျှောက်၍လာခဲ့ရာ ကော်ပတ်ခြံတစ်ခုကိုလွန်ခဲ့ပြီး ဒူးရင်းခြံကြီးထဲသို့ရောက်၍သွားပေ၏။ ဒူးရင်းသီးများမှာ မမှည့်သော်လည်း ကိုင်းမကြီးမှတချို့၊ ပင်စည်မှတချို့ အသီးကြီးတွေတွဲရရဲ စိမ်းညိုညိုအရောင်များဖြင့် အထက်မှငုံ့၍ ကြည့်နေသလို ထင်မှတ်ရတော့သည်။ ပန်းချီဆရာကလေးမှာ ဝင်းဝါသော သစ်ရွက်ခြောက်များကို နင်းလျက် ဒူးရင်းခြံထဲတွင် လှည့်လည်ကြည့်ရှု၍နေ၏။ ကြည့်ရင်းကြည့်ရင်းပင် ဒူရင်းသီးကြီးတစ်လုံးမှာ ပညာရှိမိန်းမကြီးတစ်ဦးမျက်နှာလိုလို ဖြစ်ပေါ်လာလျက် ပန်းချီဆရာကလေးအား ရင်းနှီးဖော်ရွေစွာ ကြည့်၍နေသလို ထင်မိလေ၏။

"ဒီအရပ်ကို ငါခွဲပြီး အင်္ဂလန်ကိုပြန်ရတော့မယ်ဆိုတာ ဟုတ်မှ ဟုတ်နိုင်ပါ့မလား" ဟု လမ်းလျှောက်ရင်း တွေးမိလေ၏။ ပန်းချီဆရာကလေးမှာ တစ်ယောက်တည်း လှည့်လည်၍နေရာမှ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်တစ်ခုလုံးသည် သူနှင့် ရင်းနှီးဆက်သွယ်၍နေရုံမက မိဘအိုးဘွား ကစပြီး နေထိုင်ခဲ့သလို စိတ်တွင် အောက်မေ့၍နေလေ၏။ ထိုနောက် တစ်ဖန် မိမိကိုယ်ကိုပင် ရယ်ချင်သလိုလိုရှိပြန်လေ၏။ အကြောင်း ကား ၂ ရက် ၃ ရက်အတွင်းတွင် အင်္ဂလန်သို့ပြန်ရန် စီစဉ်ရတော့မည် ကို အမှတ်ရသောကြောင့်တည်း။ ပြန်ရတော့မည့်အကြောင်း စဉ်းစားမိ လျှင်ပင် ယခင် မိမိအင်္ဂလန်တွင်နေစဉ် ကလေးဘဝက အိပ်မက်ကို ပြန်၍သတိရမိပြန်၏။ ထိုထူးဆန်းသောအိပ်မက်ကို အကြောင်းပြု၍ မြန်မာပြည်သို့ မိမိရောက်ခဲ့ရသည်၊ ယခုမူနေ့ည ပြန်ရတော့မည်ဖြစ်ရ ကား ရောက်ခဲလှသောဒေသတွင် အိပ်မက်ရှင်၏ အရိပ်အရောင်ကိုမျှ မတွေ့မမြင်ရဘဲ ပြန်ရမည်မှာ ဝမ်းနည်းစရာကောင်းသယောင်ယောင်၊ မတွေ့တွေ့အောင် လိုက်ရှာပြီးမှ ပြန်သင့်သလိုလို မှတ်ထင်မိလေ၏။ သို့သော် အိပ်မက်ထဲက မိန်းကလေးကိုပင် မတွေ့ရလင့်ကစား မိမိ အချစ်ဆုံး နတ်ရှင်မယ်ကလေးနှင့် လာ၍ဆုံဆည်းမိပြီဖြစ်ရာ အိပ်မက် ရှင်မက အခြားမည်သည့်မိန်းကလေးပင် ဖြစ်စေကာမူ မိမိအဖို့ စိတ်ဝင်စားဖွယ် ကောင်းတော့မည်မဟုတ်ပေ။ သို့သော် ထိုထူးဆန်း သောအိပ်မက်ကား အဘယ်ကြောင့်လာ၍ မက်ပေးခဲ့ရသနည်း။ မိမိအဖို့ အတိတ်နိမိတ် မဟုတ်ပေလော၊ အတိတ်နိမိတ်ဖြစ်ခဲ့သော် အဘယ်သို့သော အဓိပ္ပာယ်မျိုးရှိလေသနည်း စသည်ဖြင့် တွေးတော နေရာမှ "ဟယ် ဘာပဲဖြစ်ဖြစ် နတ်ရှင်မယ်ပဲ ငါနဲ့အတူ လိုက်ခဲ့တော့ မှာ ဘာနိမိတ် ကောက်နေစရာလိုတော့သလဲ" ဟု အောက်မေ့ မိလေ၏။

ပန်းချီဆရာကလေးမှာ နတ်ရှင်မယ် လာချိန်နီးပြီထင်သဖြင့် ကမ်းစပ်ဆီသို့ လျှောက်၍လာခဲ့သည်။ နတ်ရှင်မယ်မှာ အိမ်ပြတင်းဝ



ကနေ၍ လှမ်းမျှော်ကြည့်ရှု၍နေရာ ပန်းချီဆရာကလေးကို မြင်လျှင် မြင်ချင်း အိမ်ပေါ်မှဆင်း၍ ကမ်းနားဆီသို့ လျှောက်ခဲ့၏။ အစေခံ မိန်းကလေးလည်း လက်ဆွဲခြင်းကိုဆွဲ၍ နောက်မှ လိုက်ပါလာခဲ့ လေ၏။ ထိုအချိန်တွင် ကမ်းစပ်သောင်ပြင်၌ အချို့နေရာများမှာ အရိပ်ရပြီဖြစ်သဖြင့် အရိပ်ကောင်းကောင်းတွင် သုံးယောက်သား ထိုင်နေကြလေ၏။ အစေခံမကလေးလည်း အဝတ်တစ်ထည်ကိုခင်း၍ စား သောက်စရာများကို ပြင်ဆင်လျက် မကြာမကြာလည်း နတ်ရှင် မယ်နှင့် ပန်းချီဆရာကလေးအား လှမ်း၍ကြည့်လေ၏။

"မောင် ခြုံကြီးထဲရောက်ခဲ့တယ်၊ ဟိုအထဲရောက်တော့ စိတ် ကြည်နူးလာသလိုလို ဘာလိုလိုပဲ"

"အဲဒါ ဒူးရင်းခြုံကြီးပေါ့။ မကြာဘူး မှည့်တော့မှာပဲ။ သူ့ကို လူမျိုးခြားတွေ တော်တော်နဲ့ မကြိုက်တတ်ဘူး။ အနံ့က သိပ်စူးတာ၊ အနံ့ကိုသည်းခံပြီး စားနိုင်ရင်တော့ အရသာဟာ ဘာနဲ့မှမတူဘူး။ မောင်တို့ ဒိန်ခဲကို လူမျိုးခြားတွေ တော်တော်နဲ့ မကြိုက်တတ် သလိုပေါ့"

"ခြုံထဲလမ်းလျှောက်ရင်းလေ မောင့်စိတ်ထဲ ဘယ်နှယ်ကြီး ဖြစ်လာမှန်းမသိဘူး။ မောင် ဒီအရပ်က မခွာရတော့ဘူးလို့ပဲ ထင်မိ တယ်။ တစ်ခါ တစ်ခါ ဒီလိုပဲ စိတ်ထဲဖြစ်တတ်တယ် ဟုတ်လား"

"သဘော် ဘယ်နေ့ရှိသလဲဟင်"

"နောက်သုံးရက်နေရင် သဘော်ပတ်ပဲ"

"ဒါဖြင့် သုံးရက် အချိန်ရသေးတာပေါ့နော်။ အင်း ကျွန်မ စိတ်ထဲဖြင့် ဘယ်လိုကြီးနေမှန်းလည်း မသိဘူး။ မပြောနိုင်အောင် ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ- အချစ်ရယ် တိုင်ပင်စကား ပြောကြပါဦးစို့။ ခု မောင်နဲ့လိုက်တော့မယ်လို့ ပိုင်းဖြတ်ထားတယ်ဟုတ်လား။ ခမည်းတော်ကြီးနဲ့ ဘယ့်နှယ်လုပ်မလဲ။ ဖွင့်ပြောလိုက်မလား"

"ဖွင့်ပြောရမှာပေါ့။ သူမသိအောင် တိတ်တဆိတ်ကလေး မလိုက်ချင်ဘူးမောင်ရယ်။ ဒီလိုဆိုရင် သူတို့စကား ငြင်းပယ်တဲ့အပြင် တစ်ပတ်ရိုက်ရာကျဦးမယ်"

"မယ်တော်ကြီးတော့ဖြင့် အချစ်တစ်ခါမှ စကားထဲ ထည့်ပြီး မပြောဘူးနော် သူ့အတွက်ကော"

"ဘဘဘုရားပြောရင် မဘုရားပြောတာနဲ့ အတူတူပဲ မောင်ရဲ့။ သူချက်ချင်း သွားပြီးတိုင်ပင်မှာပဲ"

"မောင်တို့နှစ်ယောက်ကို ကြည်ဖြူဖို့ အရိပ်အရောင်တော့ လုံးဝမမြင်ဘူးပေါ့နော်၊ တကယ်လို့ အချစ်က သူတို့စကားကို နားမထောင်နိုင်တော့တဲ့အပြင် မောင့်ကိုယူမယ်လို့ ပိုင်းဖြတ်ပြီးတဲ့ အကြောင်းသိရင်ကော ဖျက်မရအတူတူလို့ ကျေနပ်လိမ့်မယ်မထင်ဘူးလားဟင်"

"ဒီလိုမထင်ဘူး။ ဘာလို့လဲဆိုတော့ မဘုရားစိတ်က သိပ်ထန်တာ၊ သူ့ကိုယ်သူ အရှုံးဖြစ်ခံမှာ မဟုတ်ဘူးထင်တယ်"

"အရင်က အချစ်တစ်ခါပြောဘူးတော့ သူဟာ ဘာမဆိုသိတယ်၊ သူမသိတာမရှိဘူးဆို၊ မောင်တို့နှစ်ယောက် ချစ်နေကြတာတောင် ရိပ်မိတယ်ထင်တယ်လို့ ပြောဖူးတယ်ဟုတ်လား။ သူရိပ်မိပြီးဖြင့် သဘောမတူရင် မောင်တို့ မတွေ့ရ မဆုံရအောင် တားဆီးမထားပေဘူးလား၊ နောက်ပြီး ဘိုးတင်ကို မယူနိုင်ဘူးဆိုတာလည်း ဖွင့်ပြောပြီးပြီဆို၊ အဲဒီတော့ ဒီအကြောင်း ဆွေးနွေးပြီးကြရောပေါ့၊



မယ်တော်ဘုရားဟာ မောင်နဲ့ချစ်နေတာ ရိပ်မိပြီးဆိုရင် အခုလိုဖွင့်ပြောတဲ့အခါ သူဘာမှအံ့သြမှာ မဟုတ်ဘူးထင်တယ်"

"အဲဒါတွေက ကျွန်မအထင်ပြောမိတာပဲ၊ ခုပုံဖြင့် မရိပ်မိဘူးထင်တာဘဲ၊ ရိပ်မိပြန်ဦး အတော်ချစ်ကျွမ်းဝင်ရုံလောက်ရယ်၊ ခွဲမရလောက်အောင်ချစ်မှန်း သိမှသိမှာ၊ ကျွန်မ ဘဘဘုရားကတော့ မောင့်ကို အခင်သားပဲ၊ သူတို့ မောင့်အကြောင်းကို စဉ်းမှစဉ်းစားမိမယ်၊ ဘာလို့လဲဆိုတော့ ကျွန်မက ဘိုးတင်ကို မလိုချင်ဘူးလို့ ပြောလိုက်တာနဲ့ နောက်တစ်ယောက် ဘယ်သူနဲ့တော်မလဲဆိုတာ ရှာဖွေစဉ်းစားနေကြမှာ၊ နောက်ပြီး ၄-၅ ယောက် ဆိုသလို စဉ်းစားပြီး၊ ကဲ သမီးတော် ဘယ်သင်းကို သဘောကျသလဲလို့ မေးချင်လည်းမေးမှာ၊ ဘာမှ အတိအကျ ကျွန်မတော့မသိဘူးလေ၊ နို့ပေမယ့် သေချာတာတစ်ခုကတော့ ကျွန်မတို့အကြောင်းသာ ခုဖွင့်ပြောလိုက်ရင် သူတို့နှစ်ယောက်စလုံး သိပ်ပြီးအံ့သြသွားကြမှာပဲ"

"ဖွတ်တော့ မဖျက်ပါဘူးနော်"

"မပြောတတ်ဘူး၊ နို့ပေမယ့် အရွယ်ရောက်ပြီဆိုတော့လည်း အတင်းအဓမ္မကြီးတော့ ဘယ်မှာဖျက်လို့ရမှာလဲ မောင်ရဲ့"

"ကျွန်တော်တို့အဖို့ အရေးကြီးတာတစ်ခုရှိသေးတယ်၊ ပုံတူတွေကို သွားပို့ပြီး ငွေတောင်းရလိမ့်ဦးမယ်၊ အားနာစရာတော့ ကောင်းတာပေါ့လေ၊ ငွေလည်းယူမယ်၊ သမီးလည်း ပြီးတော့ ခေါ်သွားမယ်ဆိုတာ။ နို့ပေမယ့် ငွေမရလို့ မဖြစ်သေးဘူး၊ ကျွန်တော်တို့အဖို့ ငွေက အတော်အရေးကြီးနေသေးတယ်"

"ဒါအတွက် မပူပါနဲ့မောင်ရယ်၊ ကျွန်မလက်ဝတ်လက်စားတွေ ရှိပါသေးတယ်။ အတော်တန်ပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်းရှိတာပေါ့၊ နို့ပေမယ့် သူတို့ပုံကိုတော့ အပ်သွားဦးမှကောင်းမှာကိုး၊ နက်ဖြန်အပ်မှာပဲလေ၊ ဘယ်တော့ကို ဖွင့်ပြောမယ်ကြသလဲ"

"အခွင့်သာသလို ကြည့်လုပ်ရမှာပဲမောင်ရဲ့၊ လွယ်တော့ လွယ်တာမဟုတ်ဘူး၊ ဘဘဘုရားနားထဲခံသာအောင် ဘယ်လိုပြောရပါ့မလဲဆိုတာကို စဉ်းစားလို့မရသေးဘူး။ ပြောရင် အဆိုးဝါးဆုံးဖြစ်မှာပဲ၊ နောက်ပိတ်ဆုံး အဲဒီလိုပြောပြီးပြီးချင်း အိမ်ကထွက်ချင်ထွက်ခဲ့ရမှာ"

စိတ်ရှုပ်နေကြသဖြင့် လက်ဖက်ရည်သာ တစ်ခွက်ပြီး တစ်ခွက်သောက်ကြလျက် ကိတ်မုန့်ကိုကား တို့ပင်မတို့ကြချေ။ အစေခံမကလေးမှာ သူ့သခင်မနှင့် ပန်းချီဆရာကလေးအား အံ့သြစွာငေးကြည့်နေ၏။ တစ်ခုခုများ ဖြစ်လေသလားဟုလည်း စိုးရိမ်ပုံရသည်။

နေရိပ်မှာ ရေစပ်သို့ရောက်ပြီဖြစ်၍ နတ်ရှင်မယ် "ပြန်မှထင်တယ်၊ တော်တော်နေရင် နေဝင်သွားလိမ့်မယ်" ဟု ပြောလေ၏။ အစေခံမကလေးမှာ မိမိသခင်မ၏ အမိန့်ကို နားလည်ဘိသည့်အလား စားသောက်စရာများကို သိမ်းဆည်းပြီးနောက် သမ္ဗန်သမားကို လက်ပြ၍ ခေါ်ငင်လိုက်လေ၏။ တရုတ်ကပြားလမ်းဗိုလ်မှာ နတ်ရှင်မယ်ရှိရာသို့ ရွှေငှက်ပျောခိုင်ကြီးတစ်ခိုင်ကိုဆွဲ၍ သမ္ဗန်ပေါ်အရောက်လိုက်ပို့ပြီးနောက် "လမ်း စားသွားရအောင်" ဟု ပြော၍ ထည့်ပေးလိုက်လေ၏။

သင်္ဘောကလေးမှာ ရေလယ်တွင် ရပ်၍နေလေရာ မြိတ်သို့ရောက်အောင် တစ်နာရီခွဲခန့် ခုတ်မောင်းရဦးမည် ဖြစ်၏။ ကောင်းကင်မှာ နီဝင်း၍ ကျလုပြီဖြစ်သော နေရောင်နှင့် ပန်းရလှသည်။



တစ်ဘက်တွင်ကား မိုးရွာမည့်အရိပ်အရောင်လို့ မြင်ရပေ၏။ ပန်းချီဆရာကလေး မြိတ်သို့ ရောက်ကတည်းက မိုးမှာ တစ်ခါမှ မရွာဖူးသေးပေ။ တစ်ခါခါတွင် ၎င်းတိမ်တိုက်ဆီမှ လျှပ်ရောင်များ ဝင်းခနဲသန်းသွားသည်ကို မြင်ရသော်လည်း မိုးခြိမ်းသံဟူ၍ကား မကြားရပေ။

နေမှာ ယခင်က ပြန်ခဲ့သော ကျောက်ဆောင်ထိပ်တွင် မေးတင်၍နေရာမှ တစ်ခဏအတွင်း ကျောက်ဆောင်စွန်းမှ လျှော၍ ကျသွားရာ၊ တိမ်ကြားများကို ထိုးဖောက်၍ ဖြာတက်နေသော ရောင်ခြည်များမှာ ဝင်း၍နေတော့လေ၏။ ကျောက်ဆောင်ကြီးမှာ နေရောင်ကနောက်သို့ကျသွားသဖြင့် နေလင်းစဉ်ကထက် ပို၍ မည်းညိုလာပြီးကောင်းကင်ထဲတွင် သာ၍ မို့မို့မားမား ထင်ရှားနေတော့၏။ နေမှာ တဖြည်းဖြည်း ကျမှန်းမသိကျ၍လာလေရာ၊ အနောက်တစ်ခိုမှာ ရောင်ခြည်လျှော့လျှင်ပင် ကောင်းကင်မှာ မှောင်စပျိုး၍လာ၏။ ကောင်းကင်မှ အလင်းရောင်လျှော့သည်နှင့် တစ်ပြိုင်နက် ပင်လယ်ထဲမှလည်း ပြိုးပြိုးပြက်ပြက်အရောင်များ တောက်လာကြလေသည်။ ဤအရောင်များကား မိုးရွာခါနီးလျှင် ပင်လယ်ထဲမှ တီစုံးခေါ် သတ္တဝါကလေးများ၏ကိုယ်မှထွက်သော အလင်းရောင်များ ကြောင့်ထွက်ခြင်းဖြစ်သည်။ ၎င်းအရောင်များသည် ရေပြင်နှင့်အထက် နားတစ်ခိုတွင် ထိန်ထိန်လက်လက် မြင်ရခြင်း ဖြစ်လေရာ၊ တစ်ခါတစ်ရံ၌ ရေပြင်တွင် မီးထ၍တောက်လေသလောဟုပင် မှတ်ထင်ရပေ၏။ မှောင်သည်ထက်မှောင်၍လာလေလေ တီစုံးများမှာ တောက်လေလေဖြစ်တော့၏။

"ဒီအရောင်တွေ သိပ်တောက်တာပဲနော်—ဒီနေ့"

"မောင် ဒီကိုရောက်တဲ့နေ့ကလည်း ဒီလိုပဲ သင်္ဘောပေါ်ကနေကြည့်လိုက်တော့ ရေပြင်ပေါ် မီးတွေထတောက်နေသလားလို့ အောက်မေ့ရတယ်။ မောင်တော့ ဒီဟာတွေမြင်တော့ အတိတ်နိမိတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်လို့ ယူဆလိုက်တာပဲ။ ကိုယ်ထင်တဲ့အတိုင်းလည်း ကောင်းသားပဲ၊ ကိုယ့်ကိုချစ်မယ့်မိန်းကလေး ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးနဲ့ လာတွေ့ရတာပဲ။ ဒီနေ့ဟာလည်း ကောင်းမှာပဲ”

သဘော်ဆိပ်သို့ ဆိုက်လတ်သော် နှစ်ဦးသား ခွဲခွာ၍ ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ကြလေ၏။ လမ်းတွင် မြင်ခဲ့ရသော မိုးသားများမှာ ယခုအချိန်၌ လေတွင်ပါ၍ အားလုံးကင်းစင်ပြီးနောက် ကြယ်များ တစ်မိုးလုံး ဖြူဖွေးအောင် ထွက်ပေါ်၍နေ၏။

ပန်းချီဆရာကလေး အိမ်သို့ရောက်သွားသော်၊ သူမရှိခင် အတောအတွင်းတွင် ရောက်နှင့်နေသော အင်္ဂလန်မှ စာတချို့ကို တွေ့ရလေ၏။ မိမိမြို့စားရာထူးကို ဆက်ခံရကြောင်းမှာလည်း အင်္ဂလန်မှာ တစ်ပြည်လုံး ပျံ့နှံ့၍ အချို့သတင်းစာတိုက်များက ဓာတ်ပုံတောင်းခြင်း၊ သတင်းတောင်းခြင်းများပါသော စာများကိုပါ တွေ့ရသဖြင့် “အင်း ငါသာ အင်္ဂလန်ကို နတ်ရှင်မယ်နဲ့အတူတူ ပြန်သွားရင်တော့ အကျော်တဇောဖြစ်ပြီး သတင်းစာဆရာတွေက ‘အိုင်းရစ်မြို့စားသစ်ကလေး အရှေ့တိုင်းသူမင်းသမီးတစ်ပါးနှင့် လက်ထပ်ခြင်း၊ ပန်းချီဆရာ မြို့စားကလေး အရှေ့နိုင်ငံသူ သတို့သမီး မင်းသမီးနှင့် တစ်ပါတည်းဆိုက်ရောက်လာခြင်း’ အစရှိတဲ့ ခေါင်းစဉ်စာလုံးကြီးတွေနဲ့ ရေးကြဦးတော့မှာပဲ” ဟု အောက်မေ့၍ ပြုံးမိပြီး၊ မိမိပန်းချီကားများပါ ဈေးကောင်း၍ ရောင်းကောင်းမည့်အရေးကို တွေးမိသဖြင့် ဝမ်းအသာကြီးသာလျက် မိမိချစ်သူနှင့် လန်ဒန်တွင် နေရေး၊ ထိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေးတို့ကိုပါ စဉ်းစားရင်း တပြုံးပြုံးဖြစ်၍နေလေတော့၏။

အရေးပိုင်မှာ အလုပ်ခန်းထဲတွင် အမှုတွဲများနှင့် အလုပ်ရှုပ်၍ နေလေရာ၊ ပန်းချီဆရာကလေးက ဝင်၍သွားပြီး–



“ကော်မရှင်နာ မပြန်သေးဘူးလားခင်ဗျာ”

“ဟာဗျာ ရှိပါသေးတယ်၊ အမဲလိုက်တဲ့ခွေးလို အနံ့ခံတုန်း ပါပဲ”

“ကျွန်တော် ဗုဒ္ဓဟူးနေ့ပြန်ဖြစ်မယ်၊ နတ်ရှင်မယ်လည်း တစ်ခါတည်း လိုက်မယ်”

“ဘယ့်နှယ်ဗျ၊ တကယ်ပဲလား”

“တကယ်ပါ၊ သူ့စိတ်သူ ဆုံးဖြတ်လိုက်ပြီ၊ အဘိုးကြီးကို ဖွင့်ပြောတော့မယ်တဲ့”

အရေးပိုင်မှာ နတ်ရှင်မယ်က လိုက်ဖို့ငြင်းလိမ့်မည်ဟု တွက်ခဲ့မိ၏။ ယခုသော်ကား လိုက်တော့မည်ဟု ကြားရပေ၏။ ဤသို့ လိုက်ပြေးခြင်းအတွက် ကော်မရှင်နာ မည်သို့အရေးယူမည်ကိုကား မင်းသားကြီး စိတ်ဆိုး, မဆိုးအပေါ်တွင် အမှီပြု၍နေပေမည်။ အကယ်၍ မင်းသားကြီးသည် ဖျက်မရ၍ ဖြစ်မိပြီအတူတူဟု သည်းခံနေလိုက်လျှင် ဘာမှပြောရန်မရှိတော့ပြီ။ ကော်မရှင်နာပင် ကြားမှကြားပေတော့မည်။ ကြားသည်ထားဘိဦး၊ သူဘာမှ ကြားက ဆင်ဝန်ကတော် အကြောင့်ကြလုပ်ရန်မရှိတော့ပြီ။ သို့သော် မင်းသားကြီး အဘယ်ကဲ့သို့နေမည်ကို မသိရသေးသဖြင့် ကော်မရှင်နာပြန်ပြီး၍ အစိုးရထံ အစီရင်ခံစာရေးပြီးမှ အရေးပိုင် စိတ်အေးလက်အေး နေနိုင်ပေတော့မည် ဖြစ်လေ၏။

“ကဲဗျာ ဒါဖြင့် ခင်ဗျားတို့ အသက်ရာကျော်ရှည်လို့ စည်းစိမ်ဥစ္စာ တိုးတက်ပါစေ၊ ဘယ်မှာ လက်ထပ်ကြမှာလဲ”

“လန်ဒန်ရောက်မှ နေမှာပဲခင်ဗျာ”

“ဒါဖြင့် နတ်ရှင်မယ်ကလေးလည်း မြို့စားကတော်ပေါ့၊ ဒီအကြောင်း ဖွင့်ပြောပြီးပလား”

www.burmeseclassic.com

www.burmeseclassic.com



"ခုမပြောသေးဘူးလေ၊ လက်ထပ်တဲ့နေ့မှပဲ မင်္ဂလာလက်ဖွဲ့အဖြစ်နဲ့ ပြောပြရမှာပဲ၊ ကျွန်တော့်မှာ ဒီပြင်ထိုက်တန်တဲ့ပစ္စည်း ပေးစရာမှမရှိဘဲဟာကိုး"

"ခင်ဗျား အဲဒါလွဲတာပဲ၊ ခင်ဗျားသာဖွင့်ပြောရင် ခုကိစ္စ ကျွန်တော်ဖြင့် ဒီလောက် ခဲယဉ်းမယ်မထင်ဘူး"

"ဘွဲ့ထူးတင်မက ပစ္စည်းလည်းပါမယ်ဆိုရင်တော့ ဟုတ်သားပေါ့၊ ခုတော့ ဘွဲ့က အခွံချည်းဆိုတော့ မပြောချင်ဘူးခင်ဗျာ"

"ဒီဂုဏ်လည်း အင်မတန်ကြီးကျယ်တာပဲဟာဗျာ၊ ကျွန်တော် ဆိုရင်တော့ ပြောမှာပဲ"

"ကျွန်တော့်စိတ်ကတော့ ဒါမျိုး ဝါသနာမပါဘူးခင်ဗျာ"

"အဲဒါတွေ ခက်တာပေါ့ဗျ၊ ခင်ဗျားတို့ အိုင်းရစ်လူမျိုးတွေဟာ အင်မတန် မာနကြီးတဲ့လူမျိုးကပဲ။ ပစ္စည်းအကြောင်း ဘာထည့်ပြောနေစရာရှိသလဲဗျ၊ မြို့စားဘွဲ့ ကြီးကျယ်ပုံ၊ မြို့စားကတော် ဆိုရင် ဘယ်လို ဂုဏ်ကြီးပုံတွေ ပြောပြပေါ့"

"ပြီးတော့ ကျွန်တော့်ကို အင်မတန်ချမ်းသာတယ်လို့ ထင်အောင် ပြောလား၊ မပြောချင်ပါဘူးဗျာ၊ ကောင်းလည်းမကောင်း ပါဘူး။ တစ်နေ့နေ့တော့ သိမှာပါပဲ။ ပြီးတော့ ကျေးနပ်သွားရင် တော်ရဲ့၊ သူ့မှာ သူ့သမီးဖို့ အားလုံး စည်းမျဉ်းဆွဲပြီးသား၊ ချိုချို ကလေးနဲ့ ငြင်းလိုက်ရင် ရှက်စရာကြီး၊ မပြောချင်ဘူးခင်ဗျာ"

"ကျွန်တော့်သဘောကတော့၊ မရမှနေရော စမ်းချင်တာပဲ"

"အဲဒါပဲ ကျွန်တော်ကလည်း မလုပ်ချင်တာ၊ ကျွန်တော် ခု သူ့သမီးကို လက်ထပ်တယ်ဟုတ်လား၊ သူ့အလိုအလျောက် တစ်လ သုံးစွဲကြဖို့ ဘယ်လောက်ဆိုပြီး ပေးရင်သာ လက်ခံမှာ ကျွန်တော့် သဘောနဲ့တောင်းမှာကို မဟုတ်ဘူး"



"ခင်ဗျားက သူများအတွက်ထက် ကိုယ့်မာန်မာနက အရင် ကိုးဗျ၊ နတ်ရှင်မယ်အတွက်ရော အဘိုးကြီးအတွက်ရော ဘာမှမစဉ်း စားဘဲကိုး"

"ကဲဗျာ ဒါတွေထားလိုက်ပါဦး"

"ဒါဖြင့် သစ်သီးဖျော်ရည်ကလေး ဘာလေး သောက်ကြဦး စို့လား"

"ကောင်းသားပဲ"

"ဟေ့ ဘဏ္ဍာစိုး"

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

# တောင်ပေါ်ကျောင်းပသည့် အခမ်းအနား

ပန်းချီဆရာကလေးသည် ပုံတူများကို အပြီးသတ်အောင်လုပ်ကာ မင်းသားကြီးထံသွား၍ အပ်ရာ၊ ယခင်က ပြောဆိုထားသည့်အတိုင်းပင် ငွေများကို အပြေအလည်ပေးလိုက်လေ၏။ ထို့နောက် အိမ်သို့ပြန်ကာ မိမိပါလာသမျှ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်၍ နေလေ၏။ နတ်ရှင်မယ်ကိုမူကား သင်္ဘောထွက်မည့်ရက်အရင် တစ်ရက်တွင် မင်းသားကြီးကို ဖွင့်ပြောသည်, မပြောသည်၊ အကယ်၍ ပြောပြီးသော် အကြောင်းမည်သို့ ထူးခြားသည်ကို အမြန်ပြန်ကြားရန် မှာ၍ထားလေ၏။

သို့အတွက် ထိုနေ့တစ်နေ့လုံး နတ်ရှင်မယ်ထံမှ အကြောင်းပြန်ချက်ကို တမျှော်မျှော်နှင့်နေလေ၏။ နေ့ခင်း လက်ဖက်ရည်သောက်ချိန်တိုင် နတ်ရှင်မယ်ထံမှ ဘာသံမှမကြားရဘဲ အရေးပိုင်သာ ထုံးစံအတိုင်း အိမ်သို့ လက်ဖက်ရည်သောက် ပြန်၍လာခဲ့လေ၏။ အရေးပိုင်မှာ ကြာရှည်မနေနိုင်၊ ကော်မရှင်နာနှင့် မြောင်းများကို



စစ်ဆေးရာသို့ လိုက်ရမည်ဖြစ်၍ ချက်ချင်းပြန်သွားလေ၏။ ပန်းချီဆရာကလေးမှာ ထုပ်ရင်းပိုးရင်း ရှေ့လည်တိုင်ဖော့ရိုးဖြစ်၍နေလေ၏။ ညနေ ၅ နာရီခန့်တွင် နတ်ရှင်မယ်၏စကားဆွဲ့အသော အစေခံမကလေး ဝင်းထဲသို့ဝင်၍လာသည်ကို တွေ့မြင်ရလေရာ၊ စာပါမည်အထင်ဖြင့် ရောက်အောင်ပင် မစောင့်နိုင်တော့ဘဲ ဆင်း၍ပြေးလေတော့၏။ သို့သော် အစေခံမကလေးလက်တွင် ပန်းချီဆရာကလေးအမျှော်ကြီးမျှော်နေသောစာ မပါချေ။ လက်ချည်းသက်သက် ဖြစ်လေ၏။ ပန်းချီဆရာကလေးအနီးသို့ရောက်လျှင်ပင် အစေခံမကလေးသည် ရှေ့သို့ ဒူးထောက်ပြီး များစွာ ကြေကွဲဝမ်းနည်းသည့်အသွင်ဖြင့် ပထစ်တောင်ကို လက်ညှိုးညွှန်၍ပြသဖြင့် လှမ်းမျှော်ကြည့်လိုက်ရာ ဘုရားကျောင်းကန်များသည် နေရောင်တွင် အထင်းသားမြင်ရလေ၏။ ပန်းချီဆရာကလေးမှာ အစေခံမကလေး ဘာကိုဆိုလိုသည်ကို နားမလည်။ လက်ညှိုးထိုးပြပြီး သူ့ရှေ့မှ ထွက်ခွာသွားမှ သတိရ၍ ထိုကလေးမအား လှမ်း၍ကြည့်လိုက်ရာ၊ သူ့နောက်သို့ လိုက်ခဲ့စေလိုသည့် ဟန်အမူအရာကိုသာပြ၍ ခြံတွင်းမှ ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် နတ်ရှင်မယ်မှာ ဇကန္တတစ်ခုခုတော့ဖြစ်ပြီ၊ သူ့နောက်လိုက်ခဲ့ပါ ခေါ်တာပဲဟု အတတ်သိလျက် ဦးထုပ်မှ ကောက်မဆောင်းမိဘဲ အစေခံမကလေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်၍ သွားလေ၏။

မိန်းကလေးမှာ တောင်အောက်သို့ရောက်ရန် အနီးဆုံး ဖြတ်လမ်းမှဖြတ်၍ ရှေ့မှဆင်းသွားလေ၏။ မကြာမကြာလည်း ပန်းချီဆရာကလေး ပါမှပါလေရဲ့လားဟု လှည့်ကြည့်ပြီး ခပ်သုတ်သုတ်ပင် လျှောက်၍သွားရာ မကြာမီ လမ်းကိုဖြတ်၍ အနီးဆုံးဖြတ်လမ်းမှ

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းဆီသို့ ရောက်ကြလေ၏။ ဆိပ်ကမ်းတွင် သမ္ဗန်ကုလား တစ်ယောက်ကို အစေခံမကလေးက လက်ပြ၍ခေါ်ပြီး တက်၍စီးလေ၏။ ပန်းချီဆရာကလေးလည်း ဘာမသိ ညာမသိ ရင်တဖိုဖိုဖြင့် တက်ထိုင်လိုက်လေရာ၊ သမ္ဗန်ကုလားက ကုလားစကားဖြင့် ဘယ်သွားမလဲဟုမေးမှ အစေခံမကလေးက ပထစ်တောင်ဆီသို့ လက်ညှိုးထိုးပြသဖြင့် နားလည်၍သွားပြီး သမ္ဗန်ထွက်လေ၏။ ရေမှာ ဒီတက်ချိန်ဖြစ်၍ သမ္ဗန်ကုလားလည်း တအားခတ်လေ၏။ ပန်းချီဆရာကလေးနှင့် အစေခံမကလေးမှာ ငြိမ်သက်စွာပင် လိုက်ပါ၍လာကြလေ၏။ မိန်းကလေးမှာလည်း ယခုမှ အနည်းငယ် စိတ်သက်သာရာရသည့် အမူအရာဖြင့် ထိုင်နေပြီးနောက်၊ ဦးထုပ်မပါဘဲ လိုက်လာသည်ကို မြင်သဖြင့် သူ့ထီးကိုဖွင့်၍ ပန်းချီဆရာကလေးအား မိုးပေးလေ၏။ ပန်းချီဆရာကလေးမှာ အကျိုးအကြောင်းလည်း ရေလည်အောင်မမေးရ၍၊ တစ်ကိုယ်လုံးတုန်၍ ရင်များခုန်နေတော့သည်။ ယခု ဘယ်ဆီခေါ်သည်ကိုလည်းမသိ၊ နတ်ရှင်မယ်ရှိရာသို့ လာ၍ခေါ်၍လာလေသလော၊ နတ်ရှင်မယ်မှာ ဒုက္ခတစ်ခုခုတွေ့၍ နေလေသလော စသည်ဖြင့် မေးချင်မြန်းချင်လိုက်သည်မှာလည်း ပြောဖွယ်မရှိပြီ၊ မိမိအား လာ၍ခေါ်သူမှာ စကားအ, နားပင်းနေသည့် မိန်းကလေးဖြစ်၍နေရကား နေမထိ ထိုင်မထိဖြင့် ရူးချင်သလိုလိုပင် ဖြစ်၍လာလေ၏။ ပါးစပ်ဖြင့်လှုပ်၍မေးရန်မှာလည်း အင်္ဂလိပ်စကား မတတ်သဖြင့် ဖြေတတ်မည်မဟုတ်ပေ။ ပန်းချီဆရာကလေးမှာ 'နတ်ရှင်မယ်' ဟု နာမည်ကို ခဏခဏခေါ်၍ပြ၏။သို့သော် နိုင်ငံခြားသားတစ်ယောက်၏ မပီမသ ခေါ်ဝေါ်ပုံကို ကလေးမကလေးက လုံးဝနားလည်ဟန် မရှိသဖြင့် လက်လျှော့လိုက်ပြီး ငြိမ်သက်စွာ



သာလျှင် ခရီးဆုံး မြန်မြန်ရောက်ပါစေတော့ဟု ထိုင်လျက် ဆုတောင်းရင်း လိုက်ပါလာခဲ့ပေ၏။ နေမင်းက ပူလိုက်သည်မှာ ပြောစရာမရှိပြီ၊ ထီးဆောင်း၍ပေးလာသဖြင့်သာ ခံနိုင်ရတော့သည်။

မိနစ် ၂၀ ခန့်ကြာမှ ပထစ်တောင်ခြေသို့ ရောက်တော့သည်။ စောင်းတန်းကြီးကို မော့၍ကြည့်လိုက်ရာ ပန်းချီဆရာကလေး စိတ်ထဲတွင် ရှည်လျားလွန်းလှသည်ဟု အောက်မေ့မိလေ၏။ သမ္ဗန်ဆိုက်လျှင်ဆိုက်ချင်းပင် ကမ်းသို့ခုန်၍ ဆင်းလိုက်ပြီး သမ္ဗန်ခကို လျင်မြန်စွာထုတ်ပေး၍ အစေခံမကလေးအား ရှေ့မှ လမ်းပြစေပြီး သွားနှင့်ရန် အမူအရာပြလိုက်လေ၏။ မိန်းကလေးမှာ ဘုန်းကြီးကျောင်းများ ရှိရာသို့ ရှေးရှုတက်သွားပြီးနောက် သီလရှင်ဇရပ်ရှိရာဘက်သို့ ပန်းချီဆရာကလေးအား တစ်ချက်မျှလှည့်ကြည့်ပြီး ချိုးဝင်သွားလေ၏။ ထိုနောက် အရံအတွင်းသို့ ဝင်၍သွားကြရာ ဆံရှည်ကိုပယ်၍ သီလရှင်ဘောင်သို့ ဝင်ပြီး သီလရှင် ၂ ပါး ၃ ပါးတို့က ပန်းချီဆရာကလေးနှင့် အစေခံမိန်းကလေးကို ထူးဆန်းသလိုကြည့်၍နေကြလေ၏။ အစေခံမကလေးမှာ မည်သူ့ကိုမျှ ဂရုမထားဘဲ အိမ်တစ်အိမ်မှ လှေကားတစ်ခုကိုတက်၍သွားပြီး ပြတင်းပေါက်တစ်ပေါက်အနီးတွင်ရပ်လျက် ပန်းချီဆရာကလေးကို အတွင်းသို့ လက်ညှိုးညွှန်၍ပြလေရာ မြင်ရသည့် အခြင်းအရာမှာကား–

လန်ဒန်တွင် မိမိငယ်စဉ်တောင်ကျေး ကလေးဘဝက မကြာမကြာ အိပ်မက်တွင် မြင်မက်၍နေသောပုံအတိုင်း မိန်းကလေး တစ်ယောက် ပြတင်းပေါက်ကို ကျောပေးလျက် ကော်ဇောတစ်ချပ်ပေါ်တွင် ညှိုးငယ်သည့်အမူအရာဖြင့် ငြိမ်သက်စွာ ထိုင်၍နေခြင်းပင်တည်း။ အတန်ကြာ ကြည့်ရှုမှ ၎င်းမိန်းကလေးမှာ အခြားသူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မိမိနတ်ရှင်မယ်ပင် ဖြစ်နေတော့လေရာ၊ စိမ်းနေအောင်ရိုက်၍ ထားသည့်ခေါင်းတုံးမှာ အရိပ်ဘက်တွင်ကျ၍ သီလရှင်အဝတ် ကိုယ်ရုံ အဝါ အစရှိသည်တို့ပါ မိမိပန်းချီကားကလေးထဲတွင် မိမိမှတ်မိသမျှ ဆွဲထည့်ထားသည်နှင့် တစ်ပုံစံတည်း တူ၍နေသည်ကို တွေ့မြင်ရ လေ၏။ ကြာကြာတိတ်ဆိတ်စွာ ကြည့်၍မနေနိုင်ပြီ။

"နတ်ရှင်မယ် အချစ်ရေ ပြောပြပါဦး၊ ဘယ့်နှယ်ဖြစ်တာလဲ" ဟု အသံခပ်တိုးတိုးဖြင့် ရေငတ်သလို မေးသော်လည်း နတ်ရှင်မယ်မှာ လှည့်၍မျှမကြည့်ဘဲ၊ မလှုပ်မယှက် ငြိမ်သက်စွာပင် ထိုင်မြဲထိုင်၍ နေသဖြင့်–

"ပြောပါဦးအချစ်ရဲ့ မောင့်ကို စကားတောင်မပြောတော့ ဘူးလား၊ ဟင် ဘယ့်နှယ်ဖြစ်တာလဲ"

ဤသို့ မေးနေသော်လည်း နတ်ရှင်မယ်မှာ ကြားပုံပင်မရ တော့ပေ။ ကျောပေးမြဲပေး၍ ငြိမ်သက်စွာပင် ထိုင်နေတော့၏။

ထိုအတောအတွင်း ဝရန်တာပေါ်သို့ တက်လာသည့်ခြေသံ တို့ကို ကြားရပြီးနောက်၊ သီလရှင်သုံးပါး အနီးသို့ ရောက်လာလေ၏။ ၎င်းတို့အနက် တစ်ပါးမှာ အနီးသို့လာပြီး မျက်နှာထားခပ်ကြီးကြီး ဖြင့်–

"ရှင် ဒီသီလရှင်ဇရပ်ပေါ် ဘာလာလုပ်နေတာလဲ" ဟု အင်္ဂလိပ်စကားဖြင့် လာ၍ပြောလေရာ၊ ပန်းချီဆရာကလေးမှာ နတ်ရှင် မယ်ပြောသည့် အင်္ဂလိပ်စာတတ်သော ဂျော့မိုး၏မိတ်ဆွေသီလရှင်ပင် ဖြစ်မည်ဟု အောက်မေ့၍–

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ကျွန်တော် နတ်ရှင်မယ်နဲ့ လာတွေ့ တာပါ"



"ဒီမှာ နတ်ရှင်မယ်ရယ်လို့ မရှိဘူး၊ ရှင်သွားရင်ကောင်းလိမ့် မယ်ထင်တယ်"

"ကျွန်တော် သူ့ကို စကားတစ်ခွန်းလောက် မပြောရဘူး လားခင်ဗျာ၊ သွားဆိုသွားပါ့မယ်၊ အကျိုးအကြောင်းကလေး သိရုံ ကလေးပါ"

"ဘယ်သူ့ကို မေးချင်တာလဲ"

"နတ်ရှင်မယ်ဆိုတဲ့ မင်းသမီးကလေးပါ" ဟု ပြော၍ ပြတင်းအတွင်းသို့ ကြည့်ပြလိုက်ရာ–

"ဒီမှာ ဘယ်မင်းသမီး၊ ဘယ်နတ်ရှင်မယ်မှမရှိဘူး၊ သူတော် ကောင်း ဘုရားတပည့်သားမြေးတွေချည်းပဲ၊ ရှင်သွားရင်ကောင်းပါ တယ်" ဟု စိတ်မရှည်နိုင်သောအသံဖြင့် လှေကားကို လက်ညှိုးထိုး ၍ပြရာ–

"ကျွန်တော့်ကို မှာစရာတောင် မရှိဘူးတဲ့လားခင်ဗျာ" ဟု ဝမ်းနည်းစွာပြောရင်း ဆင်းမည်ပြုရာ–

ဆရာကြီးလုပ်သူက "မစ္စတာမန်ဂန်ဆိုတဲ့သူဖြစ်ရင်တော့ မောင်ရင့်ဆီ စာရေးလိုက်ပါလိမ့်မယ်၊ အဲဒီနတ်ရှင်မယ်လို့ လူ့ဘဝ တုန်းကခေါ်တဲ့ သူငယ်မတော့ဖြင့် မနက်ကပဲ သူတော်ကောင်းဘောင် ကို ဆံကေသာများပယ်ပြီး ဝင်လိုက်ပြီ၊ မောင်ရင့်ဆီကိုလည်း အကျိုး အကြောင်း နောက်တော့ သူစာရေးပါလိမ့်မယ်၊ ကဲ သွားပေတော့"

ပန်းချီဆရာကလေးမှာ နောက်ထပ်ပြောရန် စကားမရှိတော့ သည်နှင့် စိတ်ပျက်ဝမ်းနည်းစွာဖြင့် ခေါင်းငိုက်ဆိုက်ချ၍ ငိုရင်း ရှေ့မှသွားသော အစေခံမကလေးနှင့်အတူ ဆင်းခဲ့ရလေ၏။ နောက် ထပ် မည်သို့ကြံစည်ရမည်ကို လုံးဝမကြံတတ်အောင် ဖြစ်၍နေလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ နတ်ရှင်မယ် ဤသို့ ပြုမူသွားလိမ့်မည်ဟု မိမိမှာ နဂိုက လုံးဝမတွေးတောမိခဲ့ပေ။

ပန်းချီဆရာကလေးသည် အရံအပြင်ဘက်သို့ တစ်လှမ်းချင်း ထွက်၍လာခဲ့လေရာ လူသံများကြားရပြီး ဝေါကြီးတစ်ခုကို လူအများ ထမ်း၍ ဝင်လာသည်ကို မြင်ရသဖြင့် အံ့အားသင့်၍သွားမိလေ၏။ ဝေါပေါ်တွင်ကား ပိုးပဝါ အဝါကြီးကို ခေါင်းပေါင်းလျက် စန္ဒမာလာ မင်းသမီးကြီး ထိုင်၍လိုက်ပါလာလေ၏။ မင်းသမီးကြီးသည် ပန်းချီ ဆရာကလေးကိုမြင်လျှင် သူ့ဝေါထမ်းယောကျ်ားများကို အရပ်ခိုင်း၍ အနီးသို့ ရောက်အောင် စောင့်နေပြီးနောက်–

“မြို့စားမင်းကလေးနဲ့ စကားတစ်ခွန်းပြောစရာရှိပါသေးတယ်” ဟု ဆိုသဖြင့် ပန်းချီဆရာကလေးမှာ အံ့အားသင့်ပြီး ဘာမှ ပြန်မပြောနိုင်အောင် ရှိလေတော့၏။

“မြို့စားမင်းရယ် ပထမတစ်ကြိမ် လက်ဖက်ရည်ပွဲကို တည်ခင်းစဉ်က တွေ့ရကတည်းက တိုင်ပင်စကားကို ပြောချင်ပါရဲ့၊ နို့ပေမယ့် အဲဒီအချိန်တုန်းကတော့ မြို့စားမင်းသဘောကို မသိသေးတာနဲ့ဘဲ မတိုင်ပင်ဘဲ ရှိခဲ့တယ်။ မြို့စားမင်းကလေး သတင်းကိုလည်း ခိုင်ခိုင်လုံလုံပဲ ကြားရပါတယ်။ (ပြုံးလျက်) နို့ပေမယ့် မြို့စားကလေး နက်ဖြန်ပြန်မယ်ဆိုတဲ့အကြောင်းနဲ့ သမီးတော် သီလရှင်ဝတ်တဲ့ အကြောင်းတော့ ပြီးခဲ့တဲ့ ၂ နာရီလောက်ကမှ သိလို့ ဒီလိုဖြစ်ကုန်ပါတယ်။ နဂိုစီစဉ်ထားတာကတော့ သူ့အလိုအလျောက် ချောမောစွာ ဖြစ်နေကြပြီး ကိုယ်ကတော့ ဝင်သင့်တဲ့အချိန်မှ ဝင်စီမံဖို့ စီစဉ်ထားတာပဲ။ လက်အောက်ငယ်သားများ နေရာမကျလို့ လွဲချော်သွားပါတယ်။ ခု သူ့ကိုလည်း အလုပ်ဖြုတ်ထားလိုက်တယ်။ မူလအစီအစဉ်



ကတော့ လူငယ်များ အလိုအလျောက် ချောချောမွေ့မွေ့ ခရီးသွားနေကြတုန်း ကိုယ်က မမျှော်လင့်ဘဲဝင်ပြီး ခပ်ဆန်းဆန်းစီမံလိုက် မလို့ဘဲ မြို့စားကလေးလည်း ချီးမွမ်းလောက်ပါပေတယ်။ ကိုယ့်ဘက်က ကိုယ်လုံအောင် စီမံနိုင်ပါပေတယ်။ နို့ပေမယ့် ခုလို မြို့စားဘွဲ့ထူး ရရှိတဲ့အတွက် ကျုပ်ကိုယ်တိုင် ပထမဆုံး ဝမ်းသာစကားတော့လည်း ပြောပါရစေဦး၊ အို–မတ်တပ်ကြီးရပ်နေတာကိုး”

သူ့တပည့်များအား ကော်ဇောများကို ဝါးရုံပင်ရိပ်တွင် ခင်းစေပြီး –

“လာပါ ဒီပေါ် ထိုင်ပါ မြို့စားမင်းရဲ့၊ လက်ဖက်ရည် သောက်မလား၊ ဒါမှမဟုတ် မောင်တို့ထုံးစံ သောက်နေကျဘဲ သောက်မလား”

ပုလင်းများကို အစေခံများကယူ၍ ဖွင့်ပြီး အသင့်ထည့်ပေးကြရာ–

“ကိုင်း မြို့စားမင်းကတော့ ထုံးစံရှိတယ်၊ ဒါမှ စကားပြောလို့ကောင်းတယ်ဆို မဟုတ်လား၊ အရှေ့နိုင်ငံသူ နိုင်ငံသားအဖို့တော့ အလေ့အထမရှိကြဘူး။ သောက်ပါဦး၊ တစ်နေ့ခင်းလုံးလည်း စိတ်မော လူမောဖြစ်နေတာပဲ၊ တပည့်လုပ်တဲ့လူ နေရာမကျလို့ ဒီလိုဖြစ်ကုန်ရတာ၊ မဟုတ်ရင် ဘာမှ မှားယွင်းစရာမရှိဘူး၊ သူ့ကိုလည်း ခုသာ စိတ်ဆိုးလို့ အလုပ်က ဖြုတ်ထားရတာ သနားပါရဲ့။ တခြားနေရာမှာ ထည့်ခိုင်းရင်တော့ ဖြစ်သေးတာပဲ။ ထမင်းချက် တယ်ကောင်းတယ်ကြားဖူးတယ်။ စားတော်ကဲလုပ်စေရမှာပဲ။ ဒီကိစ္စတွေသာ ပြီးမှ ကြည့်စီမံရတော့မယ်၊ ကဲ သောက်ဦးနော်၊ ကော့တေးလ်ဆိုတာ တယ်ကောင်းတယ်ဆို မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဒီအစီအစဉ်တွေထဲ အနှောင့်အယှက်ဆုံးကတော့ ဟိုစာပါပဲ။ တယ်စိတ်ယုတ်မာရှိတာကိုး၊ ဒီစာကြောင့် တစ်မျိုးတစ်မည်ဖြစ်ကုန်ရတာပဲလေ၊ ဒီ ဘယ်သူတဲ့၊ သူ့နာမည် အဲဒီမိန်းမဟာ အစက ကျုပ်ဖြင့် ရှိမှန်းတောင်မသိပါဘူး။ အတော်အ,သေးတဲ့မိန်းမပဲ။ ကျုပ်အစီအစဉ်ထဲကို သူလိုမိန်းမကများ ဝင်ပြီး ကဖျက်ယဖျက်လုပ်နိုင်မယ် ထင်နေသတဲ့။ အတော်မိုက်ပါသေးတယ်။ ကဲ သောက်ပါဦး၊ ကုန်တော့ နောက်တစ်ခွက်ပေါ့၊ ခုနင်ကဟာ ဆက်ကြပါဦးစို့၊ ဒီမိန်းမစားလိုဟာက ကုန်ကုန်ပြောပါမယ်လေ၊ ကျုပ်တို့နှင့် ပတ်သက်ရာပတ်သက်ကြောင်းရှိတဲ့ လူမျိုးကိုမဆိုထားနဲ့ အရေးပိုင်တောင် ဒင်းမစော်ကားစေရဘူး၊ ခုတော့မောင် အရေးပိုင်တင်မက ကျုပ်အစီအစဉ်ကိုပါ ဒင်းက ဖျက်မလို့တဲ့၊ သူ့လိုအောက်တန်းစားမျိုးကိုတော့ မော်မကြည့်ရခင် ကျုပ်က ကိုယ်တိုင် နှိမ်ပြလိုက်ချင်တယ်၊ ကျုပ်ဖြင့် တကယ်ပဲ၊ ဒီ မစွစ် ဘယ်သူတဲ့၊ အဲ သူ့ကို စိတ်ဆိုးမိပါတယ်။

ကဲ ကျုပ်အကြံအစည် ပြောပြဦးမယ်။ အစကနေပြီး ရှင်းအောင်နားထောင်စမ်းပါဦး၊ ပျင်းများနေမလား၊ ပျင်းရင်လည်း တော်ပါတော့လို့ ပြောလေနော်၊ ကျုပ်သမီးကို ကျုပ်စိတ်ထဲမှာ မြန်မာပြည်ရှိရှိသမျှ မင်းဆွေစိုးမျိုးတွေထဲ ထိပ်သီးဖြစ်စေချင်တယ်၊ ကျုပ်တို့ရှိတုန်းရော၊ သေလွန်ပြီးတဲ့နောက်ရောပဲ၊ မောင်လည်း စဉ်းစားကြည့်ရင် သိမှာပေါ့။ အမျိုးအရိုးနဲ့တကွ ထည်ထည်ဝါဝါထဲက ဆင်းသက်လာတာဆိုတော့ မတိမ်ကောစေချင်ဘူးပေါ့။ ဒါကြောင့် ဒီသမီးတော်အတွက် ကျုပ်တို့ စိတ်ကူးကြတာပဲ။ သူလည်း နှစ်သက် သဘောကျမယ်ဆိုရင် ဖြစ်မြောက်ဖို့၊ ဒီအကြောင်းလည်း မောင်သိပါလိမ့်မယ်။ နို့ပေမယ့် အကြောင်းက မတိုက်ဆိုင်ဘဲကလား၊ ဒီလိုပေါ့၊



နောက်တော့ တစ်ခါ မောင်ဟာ သာမညလူတစ်ယောက်မဟုတ်ဘဲ "ချီစယ်" မြို့စားကလေးဖြစ်တဲ့အကြောင်း သိရတော့ (ဒီသတင်းကို မောင်ကိုယ်တိုင် မကြားခင် နာရီဝက်စောပြီး ကျုပ်ကြားရတယ်) အဲတော့ တကယ်လို့သာ ဒီလူကလေးဟာ သင့်တော်ပုံမရရင် မောင့်ကိုပဲ လူစားသွင်းဖို့ စဉ်းစားမိတယ်၊ မောင်တို့အခြေအနေကိုစောင့်ပြီး ကောင်းကောင်း အကဲခတ်လာခဲ့တာပေါ့။ နောက်တော့ ဒီဒေသမှာ မောင် သုံးလလောက်နေဦးမယ်ဆိုတော့ ဒါဖြင့်လည်းလေ အချိန်တွေလည်း ရှိသေးသားပဲ၊ သူတို့လူငယ်ချင်းဘာဝပဲ ကြည်ကြည်ရွှင်ရွှင်နေကြပါစေ၊ တို့လူကြီးတွေက အသာမသိလိုက် မသိဖာသာ နေပါဦးမယ်၊ သူတို့ချင်း မေတ္တာကြိုး နိုင်မြဲမှပဲ တို့ဝင်ပါတော့မယ်လို့ တမင်လွှတ်ထားတာပဲ။ လူသိလည်း မခံစေချင်ဘူး။ ဘာလို့လဲဆိုတော့ ကိစ္စမပြီးခင် အများအသိပေးမိလို့ အနှောင့်အယှက်ဖြစ်ပေါင်းက များလှပြီကိုး"

စန္ဒမာလာမင်းသမီးကြီးသည် ခေတ္တမျှ ကျေနပ်စွာပြုံး၍နေသေး၏။ ပန်းချီဆရာကလေးမှာ မင်းသမီးကြီးစကားပြင်ကြံနေသည်ကို အောင့်အီးနားထောင်နေရသည်ထက် သူ့ချစ်သူ လက်ငင်းဆုံး၍ သီလရှင်ဖြစ်ရသည့်အတွက် လောလောဆယ် အရေးကြီး၍နေပေရာ နောက်ပိတ်ဆုံးစကားကိုသာ ကြားလိုလှပေ၏။ သို့သော် စကားပြန်၍ကောက်ပြန်သဖြင့် စိတ်မရှည်သော်လည်း နားထောင်၍နေလေ၏။

"သမီးအတွက် ထိုက်တန်တဲ့လူရဖို့အရေး စဉ်းစားလေလေ မြန်မာထဲက စိတ်ကူးမတွေ့လေလေပဲ၊ အဲတော့ မောင်နဲ့ဆိုရင် မဆိုးဝါးဘူးလို့ တွက်မိတယ်။ ကျုပ်တို့ မင်းမျိုးစိုးမျိုးနဲ့ မောင်တို့ မင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com



စိုးမျိုးနဲ့ ဆက်သွယ်မိရင် ထိမ်းမြားမိရင် မောင်တို့လည်း မနစ်နာဘူး၊ ကျုပ်တို့လည်း လူမျိုးချင်း တန်းတူဆိုတဲ့အကြောင်း ကမ္ဘာကိုပြနိုင်တယ်။ မောင်ကိုယ်တိုင်ပဲ စဉ်းစားကြည့်လေ။ ကျုပ်တို့လို မင်းဆွေမင်းမျိုးကို မောင်တို့တစ်တွေဟာ နှစ်သက်မြတ်နိုးထိုက်တယ်၊ မောင်တို့မှာ တန်လောက် တူလောက်တဲ့အရည်အချင်းရှိတယ်။ မောင်တို့လည်း တင့်တယ်၊ ကျုပ်တို့လည်း တင့်တယ် မဖြစ်ပေဘူးလား၊ နောက်ပြီး ဒီအစီအမံမျိုးကို လူပြိန်းကတော့ နားမလည်နိုင်ဘူးပေါ့။ ဒီလိုလူတစ်မျိုးနဲ့တစ်မျိုး အထက်တန်းစားချင်း လက်ထပ်ထိမ်းမြားတဲ့အတွက် နိုင်ငံရေးမှာ အပုံကြီးတာသွားနေတာတွေလည်း အများကြီးရှိတာပဲ။ လူတစ်မျိုးနဲ့တစ်မျိုး နားလည်နိုင်တယ်၊ မကျေနပ်မှု ရှင်းလင်းနိုင်တယ်၊ အထက်ကျကျစကားပြောပြီး ခရီးပေါက်အောင် ဆောင်ရွက်နိုင်တယ်။ ဘယ်နိုင်ငံမှာပဲကြည့်ကြည့်လေ ဒီလိုကိစ္စတွေ ပြီးစီးအောင်မြင်နေတာ အထင်အရှားပဲ ရှိတယ် မဟုတ်လား”

တစ်ချက်ပြုံး၍ ပန်းချီဆရာကလေးအား ကြည့်ပြန်သည်။ ပါးရေများ တွန့်လိပ်နေပြီဖြစ်သော်လည်း၊ အကြံဉာဏ်ကြီးသော အရိပ်အရောင်တို့ကား မျက်လုံးမှ ယိုဖိတ်လျက် ရှိလေ၏။ ပန်းချီဆရာကလေးမှာ အင်း– အဲလည်းမလိုက်နိုင်၊ ဦးခေါင်းရှုပ်ထွေးလှပြီဖြစ်၍ အနီးရှိ အရက်တစ်ခွက်ကိုသာ မော့၍ သောက်လိုက်ရလေ၏။

အစေခံ နှစ်ဆယ် အစိတ်ခန့်တို့မှာ မင်းသမီးကြီးနှင့် မနီးမဝေးတွင် အမိန့်ကို နာခံရန် အဆင်သင့် စောင့်ဆိုင်း၍နေကြ၏။ မျက်ရိပ်မျက်ခြည် လက်ရိပ်ခြေရိပ်ဖြင့် သူ့အမိန့်အားလုံးကို ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်လေသည်။ တပည့်များမှာ ကျင့်သားရပြီးဖြစ်၍ ဘယ်အရိပ်အခြည်သည် ဘယ်သို့လုပ်ရမည်ကို ကောင်းစွာ



နားလည်ကြပြီးဖြစ်ရကား၊ ရိပ်ခနဲ မြင်လိုက်လျှင်ပင် ညွှန်ပြသောနေရာ၌ ဝါးဖြင့် ပြုလုပ်သော သစ်ခက်ယာယီမဏ္ဍပ်ကို အမြန်ဆုံးဆောက်လုပ်ကြ၍ လူလေးယောက်စာ ထမင်းဟင်းများကိုလည်း ချက်ပြုတ်မည့်လူက ချက်ပြုတ်ကြလေ၏။ ညနေမှာ အတော်စောင်း၍ တဖြည်းဖြည်း နေဝင်သွားတော့၏။ တစ်ဘက်ကမ်းရှိ မြိတ်မြို့မှ လမ်းမီးတိုင်များကိုလည်းကောင်း၊ အရေးပိုင်အိမ်မှ အထက်ထပ်အောက်ထပ်ရှိ မီးများကိုလည်းကောင်း ကောင်းစွာ မြင်ကြရပေ၏။

“ဒီအချိန်တော့ ကော်မရှင်နာနောက်လိုက်ရာက ပြန်လာပြီး၊ မောင်မင်းကြီးသားစိတ်တော်နဲ့ တွေ့ပါစေလို့ ဆုတောင်းနေရှာရော့မယ်” ဟု ပန်းချီဆရာကလေးသည် မိမိမိတ်ဆွေကို အမှတ်ရလျက်ရှိလေ၏။

“ကျုပ်စိတ်ထဲ စဉ်းစားမိတယ်၊ မောင် ဒီမြန်မာပြည်ကို လိုက်လာတာဟာ ပုံဆွဲသက်သက်ချည်း ဟုတ်မယ်မထင်ဘူးလို့၊ ဘာလို့လဲဆိုတော့ စဉ်းစားကြည့်လေ၊ ဒီရပ်ဒီရွာမှာ မောင်နဲ့ ဖူးစာဖက်ရမယ့်လူကိုတွေ့ဖို့ ဖန်တီးလာတာမို့ မောင့်ကံတရားကို မမြင်နိုင်လို့သာ မသိရတာ၊ ဒီကိုလာတာဟာ ပုံဆွဲလာရတာမဟုတ်ဘူး၊ မသိနိုင်ဘူးဆိုပေမယ့်လေ၊ အတိတ်နိမိတ်ဖြစ်မချည်း အနည်းဆုံးတော့ ပြရမှာပေါ့၊ အနည်းဆုံး အိပ်မက်သော်လည်းကောင်း၊ မောင်မက်နှင့်ရမယ်၊ လူတစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆုံစည်းရတယ်ဆိုတဲ့ အတိတ်ဘဝက အကြောင်းကံဟာ နည်းနည်းနောနောရေစက် မဟုတ်ဘူး မောင်ရဲ့၊ ဘဝ,ဘဝက ချစ်ခဲ့ဖူးတဲ့ရေစက်တွေက ရှိလို့ပေါ့ဦးမှာ၊ ကြည့်လေ အနောက်နိုင်ငံမှာ မိန်းမတွေ ဒုနဲ့ဒေးရှိတာပေါ့။ သူတို့ကို မောင် ရှောင်ကွင်းပြီး ဒီမှာလာ ရေစက်ဆုံရတာ မဆန်းဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာကလေးမှာ နားထောင်နေရင်းမှ ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိလာသဖြင့် နတ်ရှင်မယ်ကို အသာတကြည် ခွင့်ပြုမည့်အကြောင်း၊ နက်ဖြန်တွင် မိမိအင်္ဂလန်ပြန်ရန်မလိုကြောင်းကို သိရပေ၏။ သို့သော် နတ်ရှင်မယ်ကား ဤအကြောင်းတို့ကို မသိရှာသေး၊ စိတ်ညစ်ညူးနောက်ကျိစွာနှင့်ပင် သီလရှင်ဆောင်တွင် ရှိရှာသေးသည်။ အပြေးကလေးသွား၍ ပြောလိုက်ချင်လှပေ၏။ သို့သော် အခက်အခဲတစ်ခုကား ဗုဒ္ဓဘာသာသီလရှင်ဆောင်မှ မိမိချစ်သူကို ဘယ်ပုံဘယ်နည်းဖြင့် ပြန်၍ခေါ်ယူရမည်ကို မစဉ်းစားတတ်ခြင်း ဖြစ်ပေ၏။

"အမျိုးမတူတဲ့လူချင်း အိမ်ထောင်ဘက်ပြုကြတဲ့အရေးကို သာမန်ဆင်းရဲသားတွေ မလိုလားအပ်ဘူးဆိုတာတော့ မှန်တယ်။ နို့ပေမယ့် အထက်တန်းက မင်းမျိုးစိုးနွယ်တွေအဖို့တော့ နိုင်ငံရေးကို အဓိကထားရတာမို့ လိုလားထိုက်တယ်။ နောက်ပြီး ကျုပ်စဉ်းစားမိတာတစ်ချက်ကလည်း မောင်ဟာ အိုင်းရစ်မင်းဆွေစိုးမျိုးဆိုပေမယ့် ခု အင်္ဂလိပ် မင်းဆွေစိုးမျိုးတွေနဲ့ ဆက်ရဲ့လား မဆက်ဘူးလား ဆိုတာကို မောင့်ကို မေးကြည့်တော့ မောင့်မိခင်ဟာ ကြင်ယာမြောက်သား မဟုတ်ပေမယ့် ဒုတိယဇနီးကမွေးတာဆို မဟုတ်လား၊ အဲဒါ ကျုပ်တို့တိုင်းပြည်ဆီမှာတော့ ဒုတိယဇနီးက ပေါက်ဖွားတာကိုလည်း အသိအမှတ်ပြုတာပဲ။ မောင်တို့ ဘိုးစဉ်ဘောင်ဆက်ကိုပါ စုံစမ်းပြီးသားပါ။ ချီစယ်မြို့စားမင်းကြီးဟာ အိုင်းရစ်ဘုရင်ရဲ့ သမီးတော်ကို အဆောင်အယောင် အခမ်းအနားနဲ့တကွ သိမ်းပိုက်တော့တာပဲဆိုတော့ အစစ်လို့ပဲ ဆိုရတော့မှာပေါ့"

အစေခံတစ်ယောက်အား လှမ်း၍ "ချောင်ဆရာ သီလရှင်ကြီးကို ပင့်စမ်း"



သီလရှင်ကြီးမှာ ခပ်စောစောကပင် အပင့်အဖိတ်ကို စောင့်၍နေသူဖြစ်ရာ လာ၍ဖိတ်ခေါ်လျှင်ဖိတ်ခေါ်ချင်း ရောက်၍လာလေ၏။ ဆရာကြီးပီပီ ဣန္ဒြေရှိစွာနှင့်ပင်–

"ဆရာဘုရား သမီးတော်ကို သူတော်ကောင်းဘောင် သွင်းအပ်လို့ သွင်းတာပဲလား"

"မှန်ပါတယ်"

"မိခင်နဲ့ အရင်တိုင်ပင်ဖို့လိုသေးတယ်လို့တော့ မယူဆမိဘူးပေါ့"

"ကိုယ့်သဘောနဲ့ကိုယ် အရွယ်ရောက်ပြီးသားမှန်သမျှ ပြုနိုင်တဲ့ကိစ္စပါ"

"သူကိုယ်တိုင် ဖြည်းဖြည်းဆေးဆေး စဉ်းစဉ်းစားစား မပြုရတဲ့ အလုပ်ကို ဘယ် သူတော်ကောင်းဘောင်ကမှ အဝင်မခံပါဘူး"

"သူ့စိတ်ထဲ တရားသံဝေဂရပုံရပါတယ်။ လောကကြီးရဲ့ မပြည့်စုံနိုင်တဲ့ အလိုဆန္ဒတွေကို ငြီးငွေ့လို့ပါ"

"မိမိချစ်နှစ်သက်တဲ့လူနဲ့ ဝေးရခြင်း ဆင်းရဲဆိုတာ သူ အထင်မှားလို့ပါ"

"လောကမှာ အမှန်ကို ထင်မြင်တဲ့လူလည်း နည်းပါတယ်။ ကဲ ကုသိုလ်အားလည်း ပွားရအောင် သမီးတော်ကိုသာ တစ်ဆိတ်လောက် ခေါ်ပေးပါ၊ နောက်ပြီး သူ့အလိုဆန္ဒလည်း ပြည့်အောင် ဆောင်ရွက်ပေးမယ့်အကြောင်း ပြောပြပါ"

အာသဝေါမကုန်သေးသော သီလရှင်ဆရာမှာ သူတော်ကောင်းဘောင်မှ တစ်ယောက်လျော့သွားသည်ကိုပင် ဂရုပြုမိဟန် မရှိဘဲ လူငယ်များ စိတ်ချမ်းသာရတော့မည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှန်းသိရင် စောစောကတောင် သူ့ကို စဉ်းစားခိုင်းပါသေးတယ်" ဟု ပြော၍ ထွက်သွားစဉ်–

"ဆရာကြီး ကြွပါဦး– သမီးတော် အဝတ်အစားလဲစရာ လိုပါသေးတယ်" ဟု ပြောလိုက်ရာ–

"ဟုတ်ပါတယ် လာတုန်းကလည်း ပစ္စည်းဆိုလို့ ဘာမှ မပါခဲ့ရှာဘူး"

အနီးရှိ အစေခံတစ်ယောက်အား သားရေသေတ္တာကို ယူခဲ့စေ၍ "အဲဒီထဲမှာ အဝတ်အစား အစုံအလင်နဲ့ ဆံထုံးပုံ ဆံပင်တုတွေ ပါပါတယ်။ လက်ဝတ်လက်စားတွေလည်း စုံလင်အောင် ပါပါတယ်။ သူ့လက်သာ ပေးလိုက်ပါတော့။ နောက်ပြီး ဒီအရံအတားအတွင်းမှာ မဏ္ဍပ်တစ်ခုထိုးတာကို ခွင့်မတောင်းမိတာကိုလည်း ခွင့်ပြုပါ။ ညစာစားပွဲကလေးတစ်ခု ကျင်းပစရာရှိလို့ပါ။ ဆရာကြီးတော့ သီလနဲ့မို့ ညစာစားမကြွနိုင်အတူတူ အားလုံးစားပြီးကြတဲ့အချိန် ဆရာကြီးလည်း စကားစမြည်ပြောရအောင် ဆိုပါတော့ ခေတ္တကြွပါ"

သီလရှင်ဆရာကြီးမှာ လာခဲ့မည့်အကြောင်း ပြောဆိုပြီးနောက် ထွက်၍သွားလေ၏။

ယာယီတဲနန်းမှာ အပြီးသတ်လေပြီ၊ တောင်ဘက်သို့ မျက်နှာပြုလျက် လှပစွာ ပန်းများထိုး၍ထားသော ပိုးလိုက်ကာကြီးများကို အတွင်းထရံတွင် ကာရံ၍ထားပေ၏။ စက္ကူမီးပုံးများဖြင့်လည်း ထွန်းညှိခြယ်လှယ်ထားပေ၏။ အခင်းမှာလည်း တရုတ်ကော်ဇောကြီးများခင်း၍ စားပွဲမှာ စားပွဲနိမ့်ကလေးဖြစ်ပေသည်။ အဝေးမှနေ၍ ကြည့်သော် မီးရောင်တို့ဖြင့် များစွာ ခမ်းနားလှပေသည်။



"ကဲ ကျုပ်တို့ အဲဒီအထဲရွှေ့ကြစို့" ဟု ပန်းချီဆရာကလေးအားခေါ်သွားပြီးနောက် ထိုင်မိကြသောအခါ "အရေးပိုင်ဆီကိုလည်း ဒီညလာပြီး ထမင်းစားရအောင် အဖိတ်ခိုင်းလိုက်ရဦးမယ်" ဟု ပြောပြီး သူ့လက်ထောက်လုပ်သူအား သူ့ပါးစပ်ကပြောသမျှကို အရေးခိုင်းလေ၏။

အရေးပိုင်ကြီး–

သမီးတော်နှင့် ချီစယ်မြို့စားကလေးတို့ ကြောင်းလမ်းစေ့စပ်သည့် အထိမ်းအမှတ်ဖြင့် ညစာစားပွဲကလေးတစ်ခု တည်ခင်းကျွေးမွေးလိုပါ၍ ကိုယ်တိုင်ကြွရောက် ချီးမြှောက်စေလိုပါသည်။ ထမင်းစားအပြီးတွင် ဇာတ်ကလေးတစ်ခုလည်း ခင်းကျင်းပြသ၍ ဖြေဖျော်ပါမည်။ ကျင်းပမည့်နေရာကိုလည်း အကြောင်းတစ်ခုရှိ၍ ပထစ်တောင်ကို ရွေးချယ်ရပါသည်။ ယနေ့ည မီးများထွန်းထားသည်ကို အရေးပိုင်ကြီးအိမ်မှနေ၍ ကြည့်လျှင် မြင်နိုင်ပါသည်။ ဆက်ဆက်ကြွရောက်လိမ့်မည်ဟု မျှော်လင့်လျက်ရှိပါကြောင်း။

ဤသို့ရေးပြီးသောအခါ ယူ၍ လက်မှတ်ထိုးလိုက်ပြီးနောက် "ကဲ ဒီစာနဲ့ သွားခေါ်ပေတော့၊ စာဖတ်ပြီး ၁၀ မိနစ်အတွင်း ပြင်ဆင်ပြီးရောပေါ့၊ ၅ မိနစ်နဲ့ ဆိပ်ကမ်းရောက်၊ ၅ မိနစ်နဲ့ ဒီကမ်းရောက်၊ အပေါ်တက်လာ ၅ မိနစ်၊ ကဲ အားလုံး မိနစ် ၄၀ အတွင်းမင်း သူ့ခေါ်ပြီး ပြန်ခဲ့ကွယ်"

"မဘုရားအမိန့်တော်ကို ဦးထိပ်ထက်ပန်ဆင်လျက်ပါ" ဟု ပြော၍ လျင်မြန်စွာ ထွက်ခွာသွားလေ၏။ နံနက်ခင်းက သတင်းနောက်ကျသည့်အပြစ်အတွက် တခြားသူတစ်ဦးကိုလည်း အမှတ်ရဟန်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကြီးသည် ပန်းချီဆရာကလေးဘက်သို့လှည့်ပြီး "ကဲ စီမံစရာကိစ္စကလေးရှိသေးလို့ မောင် ခဏနေရစ်ပေဦးတော့" ဟု ပြောပြီး၊ သူ့အစေခံတစ်ဦးဖြစ်သော လူမိုက်ရုပ်ပေါက်သည့် လူတစ်ယောက်ထံသွားပြီးနောက် "ဒီည မဟာအဓိပတိမင်းကြီး အောင်ပွဲသဘင်ခံပုံကို က,ဖို့ စီစဉ်လိုက်ပါ"

"အမိန့်တော်အတိုင်းပါ"

"ဟောဒီနေရာမှာ ဇာတ်စင်ထိုးပေတော့"

"ကောင်းလှပါပြီ"

"အတီးကတော့ အောင်ဖေယျာဆိုင်းပဲ ကောင်းတယ်၊ နောက်ပြီး ထမင်းစားနေရင်း ငါအချက်ပေးတဲ့အခါ ဇာတ်စ,ထွက် ပေတော့"

"ကောင်းလှပါပြီဘုရား"

မကြာမီပင် တူးရွင်း ပေါက်ပြားများနှင့်တကွ လူတစ်စုတို့သည် ဇာတ်စင်ကို အမြန်ဆုံးဆောက်လုပ်ကြလေ၏။ အတီးသမားများမှာ တစ်ဘက်ကမ်းကူး၍ မြို့တော်သို့ သွားရောက်ခေါ်ယူရမည်ဖြစ်လေရာ၊ အမြန်ဆုံးကူး၍သွားရပြန်လေ၏။

"ကဲ ဒီညတော့ မောင့်ကို စုံအောင်ပြရဦးမှာပေါ့၊ ဇာတ်ပွဲထဲက မြို့စားကြီးနဲ့ မြို့စားကတော်ဆိုတာလည်း ခေလှတာတော့ မဟုတ်ဘူး။ အမယ်, ဧည့်ခံစရာ ရှံပိန်လိုပါသေးကလား၊ ခုမှ သတိရတယ်" ဘဏ္ဍာစိုးလုပ်သူအားခေါ်၍ ရေခဲနှင့် ရှံပိန်ကို အဆင်သင့်ထားရန် ပြောလေရာ၊ ရှံပိန်မှာ မပါလာသဖြင့် မြို့တော်ဘက်သို့ပြေး၍ အယူလွှတ်ရလေ၏။

ထို့နောက် ပန်းချီဆရာကလေးအနီးသို့ ပြန်လာပြီး-

"တစ်ခုပြောထားရဦးမယ်၊ မောင့်ကို ဧည့်သည်တွေမလာခင် ပေါ့လေ၊ ကျုပ်ဟာ မြို့တော်မှာ ဘာဖြစ်တယ်ဆိုတာ အပ်ကျတာကအစ



သိတယ်ဆိုတာတော့ မောင်လည်း ရိပ်မိလောက်ရောပေါ့။ အရေးပိုင်ကျုပ်တို့ကိစ္စတွေနဲ့ပတ်သက်ပြီး အခြိမ်းခြောက်ခံရတာ အားနာစရာလည်းကောင်းတယ်။ အဲတော့ ဘာမှ မသိလေဟန်ဆောင်နေရတာကောင်းလိမ့်မယ်ထင်တယ်။ ဒါကြောင့် သူလာတဲ့အခါ ကော်မရှင်နာနဲ့ပတ်သက်လို့ဖြစ်စေ၊ စာနဲ့ပတ်သက်လို့ဖြစ်စေ ဘာမှမပြောဘဲနေရအောင်၊ နောက်ပြီး တစ်ခုရှိသေးတယ်၊ ကျုပ်သမီး သီလရှင်ဝတ်တဲ့အကြောင်းကိုလည်း လူသိမခံချင်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ့်အိမ်ထောင်ကို ကိုယ်မစိုးနိုင်ရာကျတယ်။ အဲတော့ ဒီအချိန်ကစ,ပြီး ဘာမှမဖြစ်သလို မေ့ပစ်လိုက်ကြဦးစို့"

ထိုအတွင်းမှာပင် နတ်ရှင်မယ်မင်းသမီးကလေးသည် နောက်ပါမိန်းကလေးတစ်ယောက်နှင့် ယာယီတဲနန်းမဏ္ဍပ်ဆီသို့ လာ၍နေသည်ကို မီးရောင်တွင် မြင်ရလေ၏။ သူ့ကို မြင်သူတိုင်းက ခေါင်းတွင် ဆံပင်တိုများ ဦးထုပ်သဖွယ်ဆောင်း၍ထားသည်ဟု မည်သူမျှမပြောနိုင်ပေ။ အခါတိုင်းထက်ပင် ပို၍ လှပနေပေသေး၏။

မင်းသမီးကြီးလည်း သမီးတော်ကို မူမပျက်ပင် ဆီး၍ကြိုဆိုပြီးနောက်-

"အချိန်တော်ပဲ သမီးတော်ရောက်လာတယ်၊ အရေးပိုင် ခုပဲရောက်လာလိမ့်မယ်၊ သူမလာခင် သမီးတော်ကို စကားတစ်ခွန်းပြောရဦးမယ်"

နတ်ရှင်မယ်မှာ မလှမ်းမကမ်းတစ်နေရာတွင် ဝင်ရောက်ထိုင်နေလေ၏။ သီလရှင်ဆရာကြီးက သူ့အား မယ်တော်ဘုရားက မစ္စတာမန်ဂန်နှင့် ကျေနပ်သဘောတူပြီဖြစ်ကြောင်း ပြောကြားသဖြင့် လူဝတ်ကို လျင်မြန်စွာလဲပြီး ဝမ်းသာစွာ လိုက်၍လာခဲ့ရာ ယခု

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ထဲတွင်ကား ပန်းချီဆရာကလေးအား ရဲရဲလှမ်းမကြည့်ဝံ့အောင် ရှက်သွေးများလျှမ်း၍နေလေ၏။

"သမီးတော်လည်းသိမှာပေါ့၊ မဘုရားဟာ သမီးတော်နောင်ရေးအတွက် ဘယ်လောက်များ ပူပန်တယ်ဆိုတာ ဒါကြောင့် အသင့်တော်ဆုံးလူကို လိုက်ပြီးကြည့်လိုက်တာ ခုမှပဲ မဘုရား စိတ်တိုင်းကျတွေ့ရတော့တယ်။ ဒါကြောင့် ချီစယ်မြို့စားကလေးနဲ့ လက်ထပ်ဖို့စီမံရတယ်"

"ချီစယ်မြို့စားကလေးလား" ဟု နတ်ရှင်မယ်က အလန့်တကြားဖြင့် မေးလေ၏။ "သမီးတော် မသိပါဘူး၊ ဘယ်က ချီစယ်မြို့စားလဲ မဘုရား၊ သမီးတော်ဖြင့် တစ်ခါမှ မကြားဖူးပါကလား"

"ခုပဲ မြင်ရပါလိမ့်မယ် သမီးတော်"

နတ်ရှင်မယ်မှာ ကြာရှည်အောင့်အီး၍မနေနိုင်တော့ပြီ။ မယ်တော်ဘုရားကို ကြောက်သည်ကား မှန်ပေ၏။ သို့သော် မတတ်နိုင်–

"မဘုရား သမီးတော်ကို စိတ်ဆိုးရင်လည်း ခံရပါတော့မယ်။ သမီးတော်ဖြင့် ဆရာသိလရှင်ကြီး မိန့်ကြားချက်အရ မစ္စတာမန်ဂန်နဲ့ ဆိုလို့ လူဝတ်လဲလာခဲ့ပါတယ်၊ သူကလွဲရင်ဖြင့် –" သမီးတော်ကလေးမှာ မျက်စိမျက်နှာများပျက်၍နေလေတော့၏။ မင်းသမီးကြီးမှာ ဤသို့ မမျှော်လင့်ဘဲ ပြုမူရလျှင် ဝမ်းမြောက်လှေ့ရှိသည့်အတိုင်း ပြုံးရယ်ပြီးနောက်–

"ဩော် မစ္စတာမန်ဂန်နဲ့မှ ဟုတ်လားသမီးတော်၊ ကဲ မယ်တော်ရဲ့ အကြံအစည်ကိုလည်း ပြောရသေးတာပေါ့လေ– သမီးတော်ဟာ မစ္စတာမန်ဂန်ကို စွန့်ရလိမ့်မယ်၊ အလုံးစုံ သူ့အကြောင်းသိရလို့ရှိရင် သမီးတော် စွန့်မှာပါပဲ၊ သမီးတော်လည်း စဉ်းစားတတ်တဲ့မိန်းကလေးပဲဟာ"



နတ်ရှင်မယ်မှာ ယခုအကြိမ်တွင် မတုန်လှုပ်တော့ပေ။ သူ့စိတ်တွင်း၌ တစ်စုံတစ်ခု ဆုံးဖြတ်ပြီးဖြစ်၍ လောကတွင် မယ်တော်မက ‘ဘာပဲဖြစ်ဖြစ် ဖြစ်လိုရာဖြစ်စေတော့’ဟု ပိုက်မိပြီး ဖြစ်သဖြင့် မျက်နှာထားခပ်တင်းတင်းနှင့်ပင်–

"ဘယ်အကြောင်းကြောင့်ပဲဖြစ်စေ သူ့ကိုဖြင့် သမီးတော် မစွန့်လွှတ်နိုင်ပါဘူးဘုရား" ဟု ပြောလေရာ–

"အို သမီးတော်က အကြောင်းစုံမသိသေးလို့ပါ။ သိရရင် မစ္စတာမန်ဂန်ကို တစ်ခါတည်း အသိတောင်လုပ်မှာမဟုတ်ပါဘူး သမီးတော်ရယ်၊ မယ်တော်သိပါတယ်"

နတ်ရှင်မယ်မှာ စိတ်ပူစိုးရိမ်စွာနှင့်ပင် သူ့ချစ်သူအား လှမ်း၍ကြည့်ရှာလေ၏။

သူ့ချစ်သူကား သူ့အား တစ်ပတ်ရိုက်လေပြီလော၊ မည်သည့်အကြောင်းများ ရှိလေသနည်း။

"သူ့မှာ မိန်းမရှိနေသတဲ့လား၊ ဒီလိုဖြင့်လည်း သမီးတော် ကသိုလ်ပဲပေါ့၊ သမီးတော်တော့ သူ့ကို ချစ်မိပြီဟာမို့ ခု သူကခေါ်ရင် ခုပဲ သူ့နောက်လိုက်သွားချင်တာပဲ"

စန္ဒမာလာမင်းသမီးကြီးမှာ များစွာသဘောကျလျက် "အင်း ဒီလိုလည်း သတ္တိရှိရမယ်ပေါ့ သမီးတော်ရဲ့၊ မစ္စတာမန်ဂန်ကို စွန့်ရမယ့်အကြောင်းကတော့ သူဟာ မစ္စတာမန်ဂန် မဟုတ်တော့လို့ဘဲ သမီးရဲ့၊ ချီစယ်မြို့စားကလေး ဖြစ်နေပြီ၊ ဒါကြောင့် ဒီအချိန်ကစ,ပြီး မြို့စားကလေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရေးပိုင်မှာ မီးရောင်အောက်တွင် နောက်တော်ပါ မောင်စုနှင့် မဏ္ဍာပ်ဆီသို့ လာ၍နေပြီဖြစ်သဖြင့် မဖြစ်နိုင်တော့ပေ။

မောင်စုမှာ ယနေ့ညအဖို့ များစွာ ပျော်ရွှင်နေတော့၏။ အကြောင်းကား ပျော်ပွဲ ရွှင်ပွဲ အစားအသောက်များအပြင် မိမိအဖို့ မုန့်ဖိုးပင်ရနိုင်သေးသည်။ သို့အတွက် ခပ်ပျော်ပျော်ပင် အရေးပိုင်နောက်မှ လိုက်ပါခဲ့ခြင်း ဖြစ်ပေ၏။

အရေးပိုင်မှာ မိမိအကြံပေးသည့်အတိုင်း ပန်းချီဆရာကလေးက လိုက်နာပြီး နောက်ဆုံးအခြေအနေ၌ မင်းသားကြီးနှင့် မင်းသမီးကြီးအား ဖွင့်ဟပြောပြသဖြင့် ဤသို့ ကျေနပ်သွားသည်ဟု ထင်မိသဖြင့် ပန်းချီဆရာကလေး ထွက်ခွာ၍သွားသည်ထက်ပင် ရန်ငြိမ်းသောကြောင့် ဝမ်းသာမိသည်။ မင်းသားကြီးနှင့် မင်းသမီးကြီးမှာ ကျေနပ်သွားကြ၍ သမီးဖြစ်သူအား ရှိပစ္စည်းကို ပုံ၍ပေးလေတော့မည်။ ပန်းချီဆရာကလေးမှာကား တစ်ပြားတစ်ချပ်မှ ပိုပိုမိုမိုရှိသူ မဟုတ်ရကား၊ အချို့က ကဲ့ရဲ့ကောင်း ကဲ့ရဲ့ကြပေမည်။ သို့သော် မထောင်းတာလှပေ။ မိမိအဖို့ ဓာတ်ရှုပ်ကြီးထဲမှ လွတ်ကင်း၍ အစိုးရ အငြိုအငြင်မှ ကင်းလွတ်သွားသည့်အတွက်ပင် ဝမ်းသာဖွယ်ကောင်းလှပေပြီ။ မိမိဧည့်သည်မှာ သာမညမဟုတ်ဘဲ မြို့စားကြီးတစ်ယောက်ဖြစ်သည့်အတွက်လည်း အင်္ဂလိပ်များရှေ့တွင် မျက်နှာပန်းလှ၏။ ကော်မရှင်နာမှာ မြို့စားကြီးကို ကြောက်ရွံ့ရုံမက မနာလိုစိတ်ပင် ဝင်ကောင်းဝင်မည်။ ပူးလ်နှင့် အပေါင်းအဖော်တို့ကား လုံးဝခေါင်းဖော်ဝံ့ကြတော့မည် မဟုတ်။ အထက်ပါအကြောင်းကြောင်း အဖုံဖုံတို့ကြောင့် "မင်းသမီးကြီးနှယ်ဗျာ ဒီကိစ္စမျိုး ဒီမှာမှ လာလုပ်ပါပေ့" ဟုပင် အပြစ်တင်မိ၏။ သို့သော် မင်းသမီးကြီးကား

www.burmeseclassic.com

www.burmeseclassic.com



"မလာဘူးမောင်၊ ကိစ္စရှိလို့ မြစ်ညာဘက်သွားနေရတယ်။ ၃-၄ ရက်နဲ့ မပြန်သေးပေဘူး"

အရေးပိုင်မှာ အခမ်းအနားကိုကြည့်ပြီး အံ့သြ၍နေလေ၏။ အနီးရှိ သိလရင်ဇရပ်တွေမှာလည်း စက္ကူမီးပုံးများဖြင့် လှပအောင် ဆင်ပြင်၍ထားသည်။ ဇာတ်ခုံမှာလည်း ပြီးလုနီးလေပြီ။ ဘာဇာတ်ကို က,မည်ကိုကား မသိရပေ။

"မဟာအဓိပတိဇာတ် ပြမယ်လေ" ဟု မင်းသမီးကြီးက ရိပ်မိ၍ ပြောပြ၏။

"သြော်- ဟိုအရင်တုန်းက ကျွန်တော် တစ်ခါကြည့်ဖူးတယ်။ နို့ပေမယ့် ဇာတ်လမ်းတော့ မမှတ်မိတော့ဘူး"

"ဟာ ဒီဇာတ်လူတိုင်းသိနေကြတာပဲ။ ဇာတ်လမ်းက ဒီလိုလေ မင်းသားကလေးတစ်ပါးဟာ လက်ာဒီပကျွန်းကလာပြီး တခြားတိုင်းပြည်မှာ သူတောင်းစားယောင်ဆောင်နေတယ်။ နောက်ပြီး အဲဒီပြည်က မင်းသမီးကလေးကို လူပျိုလှည့်တော့ သူတို့ချင်း ရည်ငံပြီး ထွက်ပြေးဖို့ ကြံကြတာပေါ့။ နို့ပေမယ့် မိဖုရားကြီးက ဆရာရသေ့ ပြောပြလို့ သူတောင်းစားမဟုတ်ဘဲ၊ မင်းသားမှန်းသိတယ်၊ သိတာနဲ့ ဘုရင်မင်းမြတ်ကို လျှောက်တုန်း နတ်မိစ္ဆာမက မင်းသားကို နှင်ထုတ်လိုက်တော့ မင်းသမီး စိတ်ညစ်ပြီး ရသေ့မလုပ်တာပေါ့။ အဲဒီမှာဘုရင့်ထီးချက်စောင့်နတ်နဲ့ နတ်မိစ္ဆာမနဲ့ စစ်ထိုးကြတာပဲ၊ မင်းသားကလေးကလည်း တကယ်မင်းသားအစစ်အဖြစ်နဲ့ ပြန်လာပြီး၊ မင်းသမီးကလေးကို ရသေ့ဘောင်က ခေါ်သွားတာပဲ။ မိဖုရားကြီးကတော့ တစ်ခါတည်း- အို ဘယ်ဇာတ်မှ ဒီထိအောင် မပြပါဘူးလေ။ နို့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပြမယ့်အထဲ နည်းနည်းကွဲလွဲတာတော့ ပါတယ်။ ကဲ- ဒါနေပါဦး၊ ပွဲကြည့်ပရိသတ်တွေ ဘယ်လောက်လာသလဲ ကြည့်စမ်း"

အရေးပိုင်သည် တောင်ခြေဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ တစ်ဘက်ကမ်းမှလှေများ လူအပြည့်နှင့် အတောမသတ် လာရောက်ကြလျက် အချို့မှာ တောင်ပေါ်ပင် ရောက်ပြီးဖြစ်၍ ဇာတ်ခုံရှေ့တွင် နေရာယူပြီး ဖျာခင်းပြီး ဖြစ်လေသည်။

"ကြည့်လေ လူတွေ ဘယ်လောက်များသလဲလို့၊ သူတို့ ဒီလို လာတဲ့အတွက် အကျိုးလည်း ရှိမှာပါပဲ"

အရေးပိုင်မှာ စန္ဒမာလာမင်းသမီးကြီးပြောသော ဇာတ်လမ်းကိုပင် စဉ်းစားဆဲ ဖြစ်လေ၏။ ပြီးမှ-

"ဇာတ်ကွက်ကဖြင့် တော်တော် ရာသီသံပါတာပဲ" ဟု ပြောရာ-

"ဪ- မောင်လည်း နားလည်သကိုး၊ သူတောင်းစား ယောင်ဆောင်တဲ့ မင်းသားကလေးဟာ ချီစယ်မြို့စားကလေးပေါ့"

"ဟုတ်ကဲ့ ဒီလိုပဲ တွေးမိပါတယ်။ နောက်ပြီး ဇာတ်နဲ့ အင်မတန်ဆင်တဲ့အချက်တွေလည်း ရှိပါသေးတယ်။ နတ်မိစ္ဆာမက ခွဲတဲ့ အခန်း"

"ဪ- တူသလား" ဟု စန္ဒမာလာမင်းသမီးကြီးက လုံးဝ မသိလေဟန်ဖြင့် ပြောရာ-

"တူတာပေါ့ခင်ဗျာ၊ မြို့စားမင်းဟာ မြို့စားမင်းရယ်လို့ မသိကြဘဲ သာမန်ပန်းချီဆရာ မစ္စတာမန်ဂန်အဖြစ်နဲ့ သိစဉ်က မြန်မာပြည်က ကန်ထုတ်ချင်တဲ့လူတွေ အပုံပဲ ရှိတာကလား"

"ဪ- ဒီလိုကိုး၊ ဘယ်သူတွေတဲ့လဲ မောင်"



"သူတို့ဇာတ်လှန်ရမှာက အရှည်ကြီးပါခင်ဗျာ၊ ဒီညတော့ နေပါဦး၊ ဖြည်းဖြည်းမှ ကျွန်တော် ပြောပြပါ့မယ်"

"ဒါဖြင့် တယ်ဆန်းသကိုးနော်၊ ကျုပ်က ဒီလောက်ထိအောင် အသေးစိပ်ပြီး တူမယ်မထင်မိဘူး။ ဒါပေမဲ့လေ မင်းသမီး ရသေ့မ လုပ်တာကတော့ မတူနိုင်အောင် ဖြစ်နေပါတယ်။ အဲဒီဇာတ်ကွက် ပါတဲ့အတွက် အားလုံး တူနေသမျှကို ဖျက်ပစ်သလို ဖြစ်နေပြီ"

"ဒါတော့ခင်ဗျာ လုံးဝထပ်တူထပ်မျှ ဖြစ်ဖို့တော့ အခဲယဉ်းသားပဲ"

"ဒါပေါ့၊ နောက်ပြီး မိဖုရားကြီးအခန်းကလည်း-"

"မိဖုရားကြီးအခန်းကတော့ ဆက်ပါဦးခင်ဗျာ"

"နေပါဦးလေ၊ ဇာတ်ကမှပဲ တစ်ခါတည်းကြည့်ပါတော့"

မြို့စားကလေးမှာ မင်းသမီးကြီး စီစဉ်မည်ကို အချို့အဝက် ရိပ်မိ၏။ နတ်ရှင်မယ်မှာ စုံအောင်မသိပေ။ အထူးသဖြင့် မိမိမယ်တော် အတွက် သာ၍ မသိနိုင်ဘဲ ဖြစ်နေ၏။ သို့သော် တစ်စုံတစ်ခု အုံ့သြ ငေးမော၍နေစရာ ကြိုတင်အသိမပေးသော ကိစ္စတစ်ခုကို စီမံလိမ့်မည် ဟုကား တွေးကာ ရင်တုန်လျက် ရှိလေ၏။

"ကဲ- ထမင်းစားကြစို့" ဟု မင်းသမီးကြီးက ပြောလေ၏။ ထိုနေ့ညအဖို့ မင်းသမီးကြီးသည် အခါတိုင်းလောက် စကားမရွှင် မသွက်ပေ။ တစ်ခါတစ်ရံ စိတ်မပါဘဲ ဟန်လုပ်၍နေသည်နှင့် တူလှသည်။ သူ့စိတ်တွင် တစ်စုံတစ်ခု အကြံရှိသည့်အသွင်လည်း ပေါ်သည်။

ထမင်းပွဲတွင် အသီးသီး နေရာယူကြလေ၏။ နတ်ရှင်မယ်မှာ မိမိ ဘာမပြော ညာမပြောနှင့် သီလရှင်လုပ်သည့်အတွက် မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



မန်ဂန်က မိမိအား စိတ်ဆိုးခြင်းမှ ပြေပျောက်အောင် မင်းသမီးကြီးနှင့် အရေးပိုင် စကားပြောနေချိန်ကပင် တစ်ယောက်နှင့်တစ်ယောက် ကျေနပ်အောင် ပြောပြပြီး ဖြစ်လေသည်။ ထို့မှမက သီလရှင်အဝတ်နှင့် ထိုင်နေသည်ကို မြင်ရသည်မှာ မိမိအိပ်မက်တွင် မြင်မက်သည့်အတိုင်း တစ်သဝေမတိမ်းဖြစ်သဖြင့် ထိုစဉ်က အိပ်မက်မှာ တစ်စုံတစ်ရာ အတိတ်နိမိတ်မဟုတ်ဘဲ မိမိတို့ အကြောင်းဆုံစည်းကြမည်ကို ငယ်စဉ်တောင်ကျေးကပင် သိရှိအောင်ပြခြင်း ဖြစ်သည်တို့ကိုလည်း ပြောဆိုပြီး ဖြစ်ကြလေ၏။

"အတော်ဆန်းတာပဲနော်၊ မောင်မှတ်မိသေးသလား၊ ဟို အရေးပိုင်အိမ်မှာတုန်းက အဲဒီပုံကလေးကို ထုတ်ပြတော့ အစေခံမကလေးက အံ့အားသင့်ပြီး မျက်လုံးပြူးသွားတာလေ၊ သူ့မျက်စိထဲတော့ သူ့သခင်မနဲ့ တစ်ထေရာတည်းတူတာကို မြင်မှာ မောင်ရဲ့။ ဒီကောင်မကလေးက အင်မတန်ဆန်းတယ်၊ သူများမမြင်တာကို သူမြင်တတ်တယ်၊ သူများမသိတာကို သူသိတတ်တယ်"

"မောင်လည်း ဒီအိပ်မက်ကို အချစ်ပဲလို့သာ မသိတာ၊ ပုံထဲတော့ ဆွဲမိအောင် ဆွဲသေးတယ်"

"ဆွဲပေမယ့် ငါချစ်ရမယ့်မိန်းကလေးပဲလို့ မသိပါဘူး"

"သိသားပဲ အချစ်ရဲ့၊ နို့ နောက်တစ်ကြိမ် မြိတ်မှာဆွဲတော့ ငါချစ်ရမယ့်မိန်းကလေးအဖြစ်နဲ့ ဆွဲတာပေါ့လို့"

"ကဲ- တော်ပါတော့၊ ဟုတ်ပါတယ်တဲ့၊ သူဖြင့် စကားတတ်လိုက်တာ"

"မောင်တို့နှစ်ယောက်ကံဟာ ထူးတယ်လေ၊ ထူးတယ်၊ အရင်ကလည်း ဘယ်နှဘဝက တွေ့ခဲ့ကြသလဲမသိဘူး။ နောက်လည်း ဘဝပေါင်းများစွာ ဆုံစည်းဦးမှာ"



ထမင်းစားပွဲမှာ အသင့်ပြင်ဆင်၍ထားပြီး ဖြစ်လေ၏။ ထမင်းပန်းကန်ခွက်ယောက်တို့မှာလည်း ရွှေအသုံးအဆောင်ဖြစ်သော ရွှေသားအတိဖြင့် ပြုလုပ်ထားသည့် ရွှေပန်းကန်များသာ ဖြစ်လေ၏။

"ကဲ-ဒီညအဖို့ အားလုံးကို မြန်မာထမင်းကျွေးမယ်လို့ စီစဉ်ထားတယ်၊ မြန်မာထမင်းဟာ ကျကျနနချက်ရင် အင်္ဂလိပ်ထမင်းထက် စားလို့ကောင်းတယ်၊ ဒါကြောင့် အားလုံးစားကြရအောင်"

"မှန်ပါတယ်ခင်ဗျာ၊ မြန်မာထမင်းဟာ စားရာမှာ ပိုအရသာရှိတာတော့ အမှန်ပါပဲ။ နို့ပေမယ့် သိတော်မူတဲ့အတိုင်း ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးတွေက ဉာဉ်အဆိုးသားပဲ၊ ကိုယ့်ဟာမှ အကောင်းပြောကြတာ၊ ဥပမာ- ကော်မရှင်နာကိုကြည့်လေ၊ သူ့အစာမှ သူကောင်းတယ်ပြောမှာ"

အားလုံး ကော်မရှင်နာ တည်းခိုရာ အစိုးရ ဗိုလ်တဲဆီသို့ လှမ်းမျှော်ကြည့်ကြလေ၏။

စားသောက်၍နေကြစဉ် ပွဲကြည့်သူများမှာ တဖြည်းဖြည်း များမှန်းမသိများလာလျက် ဇာတ်စင်ရှေ့တွင် နေရာအတော်ကျပ်၍ လာလေ၏။ ဝင်ရောက်က,ပြမည့်သူများမှာကား ကားလိပ်များအကြားတွင် ဖီးလိမ်းဝတ်စား၍နေကြပေ၏။ ပွဲမှာ မထွက်သေးသဖြင့် ရောက်နှင့်သမျှ ပွဲကြည့်ပရိသတ်တို့သည် ဇာတ်စင်ကို မကြည့်သေးဘဲ မဏ္ဍပ်ဆီသို့သာလျှင် ငေးမောစူးစိုက်၍နေကြလေ၏။

"မောင်တို့ရှေးကဘုရင်တွေဟာ ပရိသတ်စုံတဲ့ ဗိုလ်ပုံအလယ်မှာပဲ ပွဲတော်တည်ကြတယ်မဟုတ်လား မြို့စားကလေးရဲ့"

ပန်းချီဆရာကလေးမှာ ရှေးရာဇဝင်ကို များစွာ စိတ်ဝင်စားဖူးသည်မရှိ၍ မဖြေတတ်ဘဲရှိစဉ် ရှေးမင်းတစ်ပါး ထမင်းစားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပသည့်ပုံတစ်ခုကို ပြေး၍ မြင်မိသဖြင့် မှန်ပါကြောင်း ပြန်ပြောလေ၏။

"ဒီည ထမင်းစားရတာ ယူနီဗာစီတီမှာ ထမင်းစားပွဲ ကျင်းပတာနဲ့ တူလိုက်တာနော်" ဟု နတ်ရှင်မယ်က ပြောရာ–

အရေးပိုင်က "ကျောင်းသားတွေက ဒီလူတွေထက် ပိုသောင်းကျန်းပါတယ်"

ပန်းချီဆရာကလေးက "ဒီလူတွေက ကျွန်တော်တို့ကို သရော်ချင် သရော်နေမှာပါခင်ဗျာ"

မင်းသမီးကြီးက "ဟာ ဒီလိုမဟုတ်ပါဘူး။ ကျုပ်တို့ဆီက ခွဲခြားတတ်ပါတယ်။ ကဲ သူတို့ကို ဆုချရဦးမှာပေါ့" ဟု ဆို၍ အစေခံတစ်ယောက်ကိုခေါ်ပြီး လူကြီးတစ်ယောက်လျှင် ရွှေဒင်္ဂါးတစ်ပြား၊ ကလေးတစ်ယောက်လျှင် ရွှေဒင်္ဂါးနှစ်ပြားကျစီ ဝေငှဖို့ အမိန့်ပေးလိုက်ရာ၊ အစေခံလုပ်သူလည်း အမိန့်အတိုင်း လိုက်လံဝေငှလေ၏။ ပွဲကြည့်များမှာ တစ်ဘက်ကမ်းရှိ မြိတ်မှ လုပ်စားကိုင်စားများကို ကူးတို့ခပေး၍ တမင်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ရာ ဆင်းရဲသားများမှာ ရွှေဒင်္ဂါးများရပြန်သဖြင့် များစွာ ကျေးဇူးတင်လျက် အချို့မှာ ပါးစပ်ကပင် ဆုမွန်ကောင်းကိုတောင်း၍နေကြပေ၏။ အနီးတစ်ဝိုက်ရှိ မုန့်ပဲသရေစာသည်များမှာလည်း ရွှေဒင်္ဂါးဝေလိုက်သည်နှင့်တစ်ပြိုင်နက် လက်မလည်အောင် ရောင်းရလေတော့၏။ အုန်းထမင်း၊ ဒံပေါက်ထမင်း စသည်ဖြင့် စားကြ သောက်ကြ ပိုလျှံသမျှကို ခွေးများအား စွန့်ကြဲကြလျှင် ပျော်ပါး ဆူညံ၍နေလေတော့၏။

"လန်ဒန်မှာ ဟိုတယ်ကြီးတွေ ဝင်စားပြီး ပြန်ထွက်လာခဲ့တော့ လမ်းကြိုလမ်းကြားတွေမှာ စုတ်ပြတ် တော်မွတ်နေတဲ့ သူတောင်းစား



တွေ တွေ့ရတာ သိပ်စိတ်မချမ်းသာစရာကောင်းတာပဲ။ အင်္ဂလန်မှာ လူတွေဟာ ချမ်းသာတဲ့လူက သိပ်ချမ်းသာ၊ ဆင်းရဲတဲ့လူကလည်း သိပ်ဆင်းရဲတာပဲနော်" ဟု နတ်ရှင်မယ်ကပြောရာ–

အရေးပိုင်က "ဒါကြောင့် တစ်ခါတစ်ခါ ကျွန်တော့်စိတ်ထဲ ဒီမိုကရေစီဆိုတာ အရှေ့နိုင်ငံမှာမှ အစစ်ရှိတယ်လို့ ထင်မိတာပေါ့"

စန္ဒမာလာမင်းသမီးကြီးက "ဒါ ဒီမိုကရေစီမခေါ်ပါဘူး၊ ဘာသာအယူဝါဒကြောင့်ပါ။ အထူးသဖြင့် ဗုဒ္ဓဘာသာကြောင့်ပါ။ ဘုရားတရားတော်ကိုက မေတ္တာအရင်းခံရမယ်ဆိုတော့ တစ်ဦးနဲ့တစ်ဦး မျှတသွားကြတာပေါ့။ မျှတတယ်ဆိုရင်ပဲ အစားအသောက် တစ်ဦးကိုတစ်ဦး ထောက်ပံ့တယ်။ ထောက်ပံ့ရင် ရောင့်ရဲတင်းတိမ်တယ်၊ တင်းတိမ်ရင် ငြိမ်းချမ်းသာယာတယ်၊ ငြိမ်းချမ်းသာယာရင် ပျော်ရွှင်တဲ့သုခ ရတာပေါ့"

"ဒါပေမဲ့ခင်ဗျာ ကျွန်တော်တို့ ဒီမိုကရေစီဆိုတာလည်း ဒါကိုပဲ ရည်ရွယ်တာပါ"

"ဒီမိုကရေစီဆိုတာ အစိုးရပဲမောင်ရဲ့၊ အစိုးရဟာ ကျုပ်တို့ဆီတော့ ရန်သူမျိုးငါးပါး အပါအဝင်ပေါ့၊ ရန်သူဆိုတာ ငြိမ်းချမ်းသာယာတဲ့အခါ လုံးဝမရှိဘူး"

ပန်းချီဆရာကလေးသည် စန္ဒမာလာမင်းသမီးကြီးကို ကြည်ညိုလေးစားစွာ ထမင်းစားချိန် တစ်ချိန်လုံး စောင့်၍ကြည့်နေသော်လည်း ထမင်းဟင်းတို့ကို လုံးဝမတို့ဘဲနေသည်ကို တွေ့ရသဖြင့် ကိုယ်တိုင်ထပ်၍ ရွှေပန်းကန်ပြားထဲသို့ ထည့်ပေးလေ၏။ သို့သော် တို့မှုမတို့ပေ။ ပြကတေ့ တောင့်တင်းသန်မာ၍ ပျော်ရွှင်ကြည်လင်နေပုံရပေ၏။ သို့အတွက် နတ်ရှင်မယ် နားနားသို့ကပ်ပြီး "မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘာပြုလို့ပါလိမ့် စားလည်းမစားပါကလား” ဟု တိုးတိုး ပြောရာ–

“သူနဲ့ ကျွန်မတို့နဲ့ ဇာတ်ချင်းမတူကြတော့ဘူးထင်တယ်”

“အဲဒါ ဘာကိုပြောတာလဲ၊ မောင် နားမလည်ပါဘူး”

“သူ ဒီလူ့ဘောင်က ခွာတော့မယ်ထင်ပါရဲ့” ဟု ပြောပြီး နတ်ရှင်မယ်မှာ ထမင်းစားရာမှ ထ၍ မဏ္ဍပ်အပြင်ဘက်သို့ ထွက်သွားပြီးနောက် ကောင်းကင်ကို မော့ကြည့်ရင်း မျက်ရည်များ လည်၍လာလေ၏။ ပန်းချီဆရာကလေးမှာ နောက်မှ ထပ်ကြပ်မကွာ လိုက်သွားပြီးနောက် စိုးရိမ်စွာဖြင့်–

“အချစ်ရေ ဘာပြုလို့တုန်း ဟင် ပြောစမ်းပါဦး”

“အို– မဘုရား ခု လူ့ဘောင်က ခွာတော့မှာတဲ့၊ ခုမှပဲ သိတယ်”

“ပြောစမ်းပါဦး၊ အဲဒါ ဘာကိုဆိုလိုတာလဲ၊ မောင် နားမလည်လို့”

“လာ လာ ပြန်ရအောင် ထမင်းစားတဲ့နားကို”

အားလုံးစားသောက်၍ ပြီးကြသောအခါ စန္ဒမာလာမင်းသမီးကြီး၏ အမိန့်အရ ဇာတ်မှာ စ၍ထွက်လေတော့၏။ ပွဲဦးတွင် ထုံးစံအတိုင်း ထီးနန်းနှင့်တကွ ရှင်ဘုရင်ထွက်ပြီးနောက် ဝန်လေးပါးနှင့် အမေးအဖြေများကို ပြုလုပ်၍နေကြလေ၏။ သို့သော် မင်းသားသူတောင်းစားယောင်ဆောင်၍ ထွက်သည့်အခန်းသို့ ရောက်သောအခါတွင်ကား အခြားပွဲများနှင့် မတူတော့ပေ။

သီလရှင်ဆရာကြီးမှာလည်း ဇရပ်မှကူး၍ စန္ဒမာလာမင်းသမီးကြီးအနီးတွင် လာရောက်ထိုင်နေပြီးနောက် တီးတိုး မကြာမကြာ



တိုင်ပင်လျက် ရှိလေ၏။ အရေးပိုင်မှာ ဝန်နှင့် ရှင်ဘုရင်ထွက်စဉ်အတောအတွင်း၌ အိပ်ငိုက်၍နေလေ၏။ ဤပွဲမျိုးကို အရေးပိုင်သည် အခါပေါင်းများစွာ ကြည့်ခဲ့ရလေပြီ။ ရှင်ဘုရင်ထွက်လျှင်ပင် ဝန်ကြီးများအား အသီးအသီး သက်ဆိုင်ရာမေးခွန်းတို့ကို မေးမြန်းလျှင် တိုင်းပြည်ဝပြော စည်ပင်ကြောင်း၊ ကောက်ပဲသီးနှံ ဖွံ့ဖြိုးကြောင်း ရာဇဝတ်မှုများ နည်းပါးကြောင်း၊ သတ္တဝါတွေ အေးချမ်းကြောင်းများကို တင်လျှောက်ကြ၍၊ ဘုရင်လုပ်သူကလည်း မင်းကျင့်တရား၊ ဗြဟ္မစိုရ် ၄ ပါး စသည်ဖြင့် ကျင့်အပ် ကြံအပ်သော တရားများကို ခွဲခြားပြောဆို၍နေစမြဲဖြစ်လေရာ၊ မိမိနှင့် ကော်မရှင်နာတို့ ဤသို့အတိုင်အဖောက်ညီ၍ ချောမွေ့လှပလျှင် ကောင်းလေစွဟု အောက်မေ့မိလေ၏။

ဤအတောအတွင်းမှာပင် နတ်ရှင်မယ်နှင့် ပန်းချီဆရာကလေးတို့မှာလည်း စကားပြောခွင့်ရ၍နေကြလေ၏။ တစ်ယောက်ကိုတစ်ယောက် တောင်းပန်စကား စိတ်ကျေစကား ပြောကြားပြီးနောက်၊ ပန်းချီဆရာကလေးက မိမိ မြို့စားဖြစ်ပါလျက် မပြောဘဲ ဖုံးဖိထားရခြင်းမှာ မင်းသမီးကြီး ဤကဲ့သို့ ကျေနပ်နှစ်သက်လိမ့်မည် မထင်မိသဖြင့် ဖုံးကွယ်၍ထားရကြောင်းများကိုပါ ပြောပြလေ၏။

ထိုအတွင်း ဇာတ်ပွဲဆီမှ မိန္တာနတ်ဆိုးထွက်ချိန်ဖြစ်၍ ဆူဆူညံညံ အသံကြားသဖြင့် အရေးပိုင်လည်း မျက်စိကျယ်၍လာပြန်လေ၏။ ပွဲဆီသို့ လှမ်း၍ကြည့်လိုက်ရာ ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် အံ့အားသင့်မိလေ၏။ အကြောင်းကား အခါတိုင်းပွဲများတွင် နတ်မိန္တာလုပ်သူများမှာ မျက်နှာနီနီ၊ သွားကြဲကြဲနှင့် မျက်လုံးပြူး၍နေသော ဘီလူးခေါင်းမျိုးကို ဆောင်းလေ့ရှိကြပါလျက်၊ ယခု မိန္တာကောင်ကား

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်၍ထားသည်၊ မျက်နှာဖုံးမှာလည်း လွန်စွာချောမောလှပသည့် မိန်းကလေးတစ်ယောက် ပြင်းစွာ အမျက်ဒေါသထွက်နေပုံဖြစ်လေရာ၊ မင်းသမီးကြီးသည် မစ္စစ်ပူးလ်၏ ဇာတ်ရုပ်ကိုသိ၍သွားလေသလော။ မိမိအား မစ္စစ်ပူးလ်တို့က ဉာဏ်ဆင်၍ ခြိမ်းခြောက်သည်၊ ပစ်စာပေးပြီး ပန်းချီဆရာကလေးကို နှင်စေခြင်းများပါသိ၍သွားလေသလောဟု အမျိုးမျိုးတွေး၍ အံ့သြနေ၏။ ပန်းချီဆရာကလေးကလည်း ဖွင့်၍မပြောတန်ရာ၊ မင်းသမီးကြီးကို အထပ်ထပ်လှမ်း၍ကြည့်ပြန်ပါလည်း မိမိအား သရော်၍လည်း နေသည်မဟုတ်၊ လုံးဝ ဘာမှမသိလေဟန်၊ အခြေအလျှဉ်းမပျက်ဘဲ ခေါင်းကိုငုံ့၍ တည်ငြိမ်စွာ ထိုင်နေသည်ကိုသာ တွေ့ရလေ၏။ ဇာတ်ပွဲသို့ တစ်ဖန်လှမ်း၍ကြည့်လိုက်ပြန်လျှင်လည်း မင်းသားနှင့် နတ်မိစ္ဆာမမှာ တကယ့်မစ္စစ်ပူးလ်နှင့် ပန်းချီဆရာကလေးပဲဟု အတတ်သိနိုင်လောက်အောင် က,ပြ၍နေလေ၏။ ဤပွဲ၏ ရည်ရွယ်ချက်ကို နတ်ရှင်မယ်မှာ ကောင်းစွာနားလည်၏။ သို့သော် ပန်းချီဆရာကလေးမှာ နတ်ရှင်မယ်က စကားပြန်လုပ်၍ ပြောပြပါမှ နားလည်ရသူ ဖြစ်ရကား၊ ၎င်းနတ်မိစ္ဆာမသည် မိမိအား ချောက်ချသည့် မိန်းမဟူ၍ လုံးဝမသိရှာပေ။

ပွဲကြည့်ပရိသတ်သည် မိမိတို့ရှေ့တွင် က,ပြလျက်ရှိသော ဇာတ်လမ်းမှာ နောက်ဘက်တွင်ရှိ တကယ့်မင်းသား မင်းသမီးတို့၏ အဖြစ်အပျက်ကိုယူ၍ ခင်းကျင်းပြသနေကြောင်း အကယ်ပင် သိလေမသိလေကား စဉ်းစားရန်ခက်ပေ၏။ သို့သော် မောင်စုအဖို့ကား ကောင်းစွာ သိရှိနားလည်ရန် လွယ်ကူပေ၏။ မောင်စုမှာ မိမိဆရာအနီးတွင် ထိုင်နေရာမှ မင်းသမီးကြီး ရွှေဒင်္ဂါးတစ်ပြားစီ ဝေမည်ဟုကြားကတည်းက ကိုယ်ရောင်ဖျောက်၍ ပွဲခင်းထဲသို့ သွားရောက်ပြီး



လျှင် ခေါင်းကို အဝတ်တစ်ထည်ပေါင်း၍ ထိုင်နှင့်လေပြီ။ ဝေငှသောအခါ သူ့အတွက်ကိုလည်း ရအောင် လက်ခံပြီး ဖြစ်လေ၏။

ထိုအတွင်း ဇာတ်ပွဲမှာလည်း နတ်မိစ္ဆာမက မင်းသားကလေးကို ခြိမ်းခြောက်နှင်ထုတ်လိုက်သဖြင့် မင်းသမီးကလေးမှာ အပူခန်းရောက်၍ ရသေ့မဝတ်သည်ကိုပြသလျက် ရှိပေ၏။ မင်းသမီးကလေးမှာ မိမိ၏ အပျိုတော်နှင့် တိုင်ပင်စကား ပြောကြား၍နေလေရာ၊ ချစ်သူနှင့်အတူ မပေါင်းသင်းရ၍ စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်သဖြင့် လောကလူ့ဘောင်တွင် မနေတော့ဘဲ ရသေ့မ လုပ်တော့မည့် အကြောင်းများကို တိုင်ပင်နေသည့်အခန်းကို ပြလေ၏။ ထို့နောက်မှ မင်းသားမှာ သူတောင်းစားအစစ်မဟုတ်ဘဲ မင်းသားဇာတိကို ဖော်၍ ပြလိုက်ရာ ထီးချက်စောင့်နတ်သားနှင့် မိစ္ဆာနတ်မတို့ အပြန်အလှန် တိုက်ခိုက်ကြလေ၏။ မိစ္ဆာနတ်မမှာ တဖြည်းဖြည်း ဆုတ်ခွာမှန်းမသိ ဆုတ်ခွာရ၍ အရေးရှုံးနိမ့်သွားလေတော့သည်။

အချိန်မှာ အလင်းဘက် နှစ်ချက်တီးကျော်အချိန်ရောက်လေပြီ။ ပရိသတ်တို့မှာကား အေးအေးဆေးဆေးပင် အိပ်သူကအိပ်၊ မုန့်စားသူကစား၊ ကလေးနို့တိုက်သူကတိုက်၊ ရယ်သူကရယ်နှင့် မည်သူမျှ ဤမျှညဉ့်နက်သန်းကောင် ပွဲကြည့်ရသည့်အတွက် ဝန်လေးပုံမရကြပေ။ အရေးပိုင်မှာ အချိန်များစွာ နောက်ကျနေပြီဖြစ်ပါလျက် မိမိ အဘယ်ကြောင့် အိမ်မပြန်သေးသည်ကို စဉ်းစား၍နေမိလေ၏။ စန္ဒမာလာမင်းသမီးကြီးမှာ လက်တွင် စိပ်ပုတီးစိပ်လျက် ပါးစပ်မှလည်း တစ်စုံတစ်ခုကို ရွတ်ဆိုနေလေ၏။ မျက်လွှာကို အောက်ချ၍ ငြိမ်သက်စွာထိုင်လျက်ပင် ရှိနေသေးသည်။ သီလရှင်ဆရာကြီးမှာမူကား သူ့ဇရပ်သို့ ပြန်ဟန်တူသည်။ ထိုင်ရာတွင် မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နတ်ရှင်မယ်နှင့် ပန်းချီဆရာကလေးသာ နှစ်ဦးသား နှစ်ခြိုက်စွာ စကားပြောဆို၍နေကြလေ၏။

နံနက် လေးနာရီခန့်တွင်ကား ဇာတ်သိမ်းလုပြီဖြစ်၍ လက်ာ ဒီပကျွန်းမှ မင်းသားကလေးမှာလည်း မင်းသမီးကို ရွှေလက်ဆွဲ၍ နန်းသိမ်းပွဲခံတော့မည့်အချိန် ဖြစ်လေရာ မိဖုရားကြီး၏အခန်းကို အခြားဇာတ်များတွင် က,ပြလေ့မရှိကြဘဲ၊ ယခုဇာတ်တွင် ထည့်သွင်း က,ပြမည့်အချိန်သို့ ရောက်လာလေ၏။ မိဖုရားကြီးမှာ နတ်မိစ္ဆာမနှင့် ထိးချက်စောင့်နတ်တို့၏ တိုက်ပွဲပြီးဆုံးသည့်နောက် မိမိ သမီးတော်ကိုလည်း ဘုန်းရှင်ကံရှင်အလောင်းအလျာမင်းသားနှင့် လက်ဆက်ပြီးသည့်အတွက် လောကဇာတ်ခုံမှ ခွာရှောင်၍ သူတော်ကောင်းဘောင်သို့ ဝင်တော့မည်ဖြစ်လေရာ အရိုက်အရာကို လွှဲအပ်ခြင်း၊ ဆံချ၍သီလရှင်ဘောင်သို့ဝင်ခြင်းအထိ အခမ်းအနားတစ်ခုမကျန် စုံလင်အောင် ပြသလေ၏။

အားလုံးပြီးစီးခါနီးသောအခါ မိုးစင်စင်လင်းတော့မည်ဖြစ်၍ စန္ဒမာလာမင်းသမီးကြီးလည်း ဇာတ်တွင် ပါဝင်က,ပြသူများအား ဆုတော်ငွေအဖြစ် ငွေ ၂ဝဝိ/– ချီးမြှင့်ရာ ဇာတ်ထဲတွင် မင်းသမီးလုပ်သူက ထိုမျှများပြားသောငွေကို ရခဲလှသဖြင့် ဝမ်းမြောက်ဝမ်းသာစွာပင် ဇာတ်ခုံရှေ့သို့ထွက်၍ ဆုမွန်ကောင်းများ တောင်းဆိုပြီး လက်ခံလေ၏။ ပြီးမှ ဆိုင်းက 'အောင်ပါစေသောဝ် အောင်စေသောဝ်' ဟူသည့်အသံနှင့်တကွ "အောင်ပါစေ သပြေညိုဆိုတဲ့ ပန်းရယ်နဲ့" အစရှိသော မင်္ဂလာအောင်စည်တော်ကို ရွှမ်းလေ၏။

ပန်းချီဆရာကလေးမှာ လုံးစေ့ ပတ်စေ့ပင် နားမလည်လင့်ကစား၊ ပေးကမ်းခြင်းနှင့် ဆုတောင်းခြင်းတို့ကား တစ်ဦးကိုတစ်ဦး



မေတ္တာကူးလူးကြသည့် အထိမ်းအမှတ်များဖြစ်ကြောင်း ရိပ်မိသဖြင့် များစွာ ကြည်နူးဝမ်းမြောက်၍နေလေ၏။ နောက်မှ မင်းသမီးကြီး အသံကြားသဖြင့် နားစွင့်လိုက်ရာ–

"အရေးပိုင်မင်း၊ ဒီအပိုကိစ္စတွေတော့ဖြင့် သိမ်းကြစို့" ဟု ပြောသဖြင့် အရေးပိုင်လည်း နားစိုက်၍နေလေ၏။

"ခုလို စိတ်ရှည်လက်ရှည် လာပြီးချီးမြှင့်တာကို ကျေးဇူးတင်ပါတယ်၊ အရေးပိုင်မင်းကတော့ ဒီအပြုအမူတွေအားလုံးကို ရူးလို့လုပ်တာများ ထင်မလားမသိဘူး။ နို့ပေမယ့် နောက်တော့ ဇာတ်ရေလည်မှာပေါ့။ ဟိုအရင် ကျုပ်ငယ်စဉ်က ကျုပ်တို့အရှင်သခင်ကို ဖမ်းသွားပြီး ကုလားပြည်ပို့၊ ကျုပ်တို့ကို လူမျိုးခြားအစိုးရ လာပြီးအုပ်ချုပ်တော့ ကျုပ်စိတ်ထဲ အင်မတန်ပူပန်တာပေါ့။ ကြိမ်မီးအုံးသလိုပဲ ယူကြုံးမရဖြစ်ရတယ်။ တို့မြန်မာတွေ သူ့ကျွန်ဖြစ်ရတဲ့ဘဝဖြင့် အသက်ရှင်နေလို့ အပိုပါပဲ၊ မသေသေးအတူတူ သူတော်ကောင်းဘဝကို ပြောင်းရတာပဲကောင်းပါလိမ့်မယ်လို့ အောက်မေ့မိတယ်။ နောက်တော့မှ တို့အရှင်သခင်က အရေးရှုံးနိမ့်လို့ရှိမှ တို့ကတစ်ခါ သင်းတို့ကို အညှဲခံပြီး ဘာသိဘာသာနေပါတော့မယ်ဆိုပြီး သီလရှင်ဘောင်ဝင်လို့ တော်သေးရိုးလား၊ တို့လည်း တတ်နိုင်တဲ့ဘက်ကကြံပြီး ဆောင်ရွက်ဦးမှပဲဆိုပြီး ကျုပ်တို့ နေခဲ့ထိုင်ခဲ့ပုံတွေကို အရေးပိုင်လည်း သိမှာပေါ့၊ ပစ္စည်းဥစ္စာ အရာလည်း သူမတူအောင် ကြွယ်ဝတယ်၊ မျက်နှာဖြူတွေနဲ့လည်း မျက်နှာချင်းဆိုင်နိုင်တယ်၊ အဲ– ဒီလိုဘဝရောက်တော့မှ ခုနေ ဝါ လောကစွန့်မယ်ဆိုရင် တင့်တယ်ပြီဟဲ့ဆိုပြီး တစ်ခါတည်းစွန့်တော့မယ်လို့ ပိုင်းဖြတ်လိုက်တာ၊ နို့ပေမယ့် အကြံတစ်ခုက မပြည့်စုံသေးဘဲ ဖြစ်နေတယ်။ အဲဒီအကြံက ဘာလဲဆိုတော့ ကျုပ်သား ကျုပ်မြေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစဉ်အဆက်ဟာ ဘယ်တော့မှ မတိမ်ကောဘဲ၊ ကျုပ်တို့ကို အနိုင်ကျင့်တဲ့လူမျိုးနဲ့ တန်းတူ ဖြစ်ရမယ်ဆိုတဲ့အကြံဘဲ။ ခုတော့ အဲဒီအကြံအစည်လည်း ပြည့်စုံပြီ၊ ကျုပ်သမီးဟာ မြို့စားကတော်၊ ကျုပ်မြေးဟာ မြို့စား၊ ကျုပ်မြစ်ကော မြို့စား၊ ကျုပ်တို့အပေါ် လူမော်လုပ်သွားတဲ့လူမျိုး၊ ကျုပ်တို့ကို အနံ့ညာတထားတဲ့ လူမျိုးဟာ ကျုပ်တို့သွေးသားကို ခုတော့ ခေါင်းပေါ်တင်ရတော့မယ်။ အဲတော့ လိုအင်ဆန္ဒလည်း အားလုံးပြည့်စုံပြီမို့ ဒီဆောင်က ခွာရှောင်တော့မယ်"

ဤသို့ပြောဆိုပြီးနောက် ထိုင်နေရာမှ ရုတ်တရက်ထလိုက်ပြီး အင်္ကျီအဝတ်အစားတို့ကို ချွတ်ချလိုက်ရာ အတွင်းတွင် တကတည်းပြီး သီလရှင်အဝတ်အစားဖြစ်သော ဂိုက်–ကိုယ်ရုံ အစရှိသည်တို့ ဝတ်ပြီးဖြစ်၍နေသည်ကို တွေ့မြင်ကြရလေ၏။

"ခု အရဏ်တက်လျှင်တက်ချင်း ကျုပ်သီလရှင်ဘဝကို ကူးတော့မယ်၊ ဒီဇရပ်ကို ကျုပ်ပဲ ဆောက်လုပ်လှူဒါန်းခဲ့တယ်၊ တစ်နေ့နေ့ ကျုပ်ကိုယ်တိုင်နေမယ်လို့လည်း ရည်ရွယ်ခဲ့တယ်၊ နို့ပေမယ့် ခု ပြည့်စုံသလောက်မှ ပြည့်စုံပါ့မလားလို့ အောက်မေ့မိတယ်၊ ခုတော့ဖြင့် လိုလေသေးမရှိပါဘူး"

ဤသို့ ပြောဆိုပြီးနောက် ပရိသတ်ဘက်သို့ လှည့်၍–

"အဆွေတို့အား တတ်အားသလောက် ပေးကမ်းစွန့်ကြဲခဲ့ပါတယ်၊ ခုတော့ဖြင့် ကျုပ်ပိုင်ဥစ္စာ ရတနာရယ်လို့ တစ်ပြားတစ်ချပ်မှ မရှိတော့တာမို့ ကျုပ်ဟာ အဆွေတို့ထက် ပိုပြီး ဆင်းရဲသေးတယ်၊ ဒီကနေ့ကစပြီး ဗန်းခုံးခေါင်းရွက်ပြီး ဆန်ခံစားရမှာပဲ၊ ရတတ်သမျှနဲ့ ရောင့်ရဲတင်းတိမ်ပြီး သံသရာပါမယ့် လောကုတ္တရာ စီးပွားကိုသာ ရှာတော့မယ်" ဤသို့ ကြေကွဲဖွယ် ပြောကြားပြီးနောက် ပန်းချီဆရာ



ကလေးကို မျက်လုံးဖြင့် လိုက်လံရှာဖွေ၍နေပြန်သဖြင့် ပန်းချီဆရာကလေးမှာ ဝမ်းလည်းမြောက်သည့်၊ တုန်လှုပ်ချောက်ချား၍ ဝမ်းလည်းနည်းသည့် မျက်နှာထားဖြင့် အပါးသို့ ဖြည်းညင်း ရှိသေစွာ ချဉ်းကပ်၍ လာလေရာ–

"ကဲ– မြို့စားကလေး ဒီနေ့ကစပြီးနောက်ကို ကျုပ်နဲ့ တွေ့စရာမရှိတော့ဘူး။ ဇလွန်မင်းသားက လိုသမျှကို အားလုံးစီစဉ်လိမ့်မယ်၊ ကျုပ်ပိုင်ဆိုင်သမျှ မြောက်မြားလှသော ပစ္စည်းဥစ္စာတွေဟာလည်း ကျုပ် သီလရှင်ဘဝ ကူးပြောင်းတဲ့အခါမှာ ကျုပ်နဲ့ ဘာမှ မသက်ဆိုင်တော့တဲ့အတွက် ကျုပ်သမီးပဲ အားလုံးဆက်ခံပိုင်စိုးလိမ့်မယ်၊ ဒါကြောင့် ချီစယ်မြို့စားဟာ မောင်တို့နိုင်ငံမှာ အချမ်းသာဆုံး မြို့စားမျိုးရိုး ယနေ့ကစပြီးဖြစ်ပြီ၊ ဒီလိုဖြစ်တဲ့အတွက် ကျုပ်သမီးရော မောင်ပါ တင့်တယ်လေလေ ကျုပ်ရည်ရွယ်ချက် ပြည့်စုံလေလေဖြစ်မှာမို့ ဝမ်းမြောက်တယ်၊ မောင်တို့ကို ခု နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ပါတယ်"

ပန်းချီဆရာကလေးမှာ ဘာမျှပြန်၍ မပြောနိုင်၊ ရင်ထဲတွင် ဆို့၍နေသဖြင့် ခေါင်းငုံ့ပြီး ငြိမ်သက်စွာပင် နားထောင်၍နေလေ၏။

မင်းသမီးကြီးမှာ သမီးတော်ဘက်သို့ လှည့်၍လာပြန်ရာ၊ နတ်ရှင်မယ်ကလေးမှာ ဒူးတုပ်လက်အုပ်ချီ၍ မျက်ရည်များ အသွယ်သွယ်ကျဆင်းလျက် ရှိလေ၏။

"ကဲ သမီးတော် ဘာလို့ မျက်ရည်ကျနေသလဲ၊ သန့်ရှင်းသော စေတနာနဲ့ သူတော်ကောင်းဆောင်ကို ဝင်တာကပဲ တို့ရှင်တော်ဘုရား လိုလားတော်မူတယ်မဟုတ်လား၊ သမီးတော် ဘာမှ အားမငယ်နဲ့၊ မ,ဘုရား အနီးအပါးမှာ မရှိတော့ပြီလို့ဖြင့် အောက်မေ့

www.burmeseclassic.com

www.burmeseclassic.com



စရာရှိရဲ့၊ နို့ပေမယ့် သမီးတော်နဲ့ မဘုရားဟာ အတိအလင်း လောကီရေးမှာ ဆက်ဆံစရာ ညွှန်ကြားသြဝါဒပေးစရာ မလိုတော့ဘူး။ သမီးတော်ပဲ အရာရာမှာ လူကြီးလုပ်ပေတော့၊ ကဲ– ကဲ မျက်ရည်တွေ သုတ်၊ မ,ဘုရားအတွက် ဝမ်းမြောက်စမ်းပါ။ မ,ဘုရားဖြင့် ဒီလိုလောက အနှောင်အဖွဲ့တွေက လွတ်မြောက်ရတာ ဘယ်လောက်များ ဝမ်းသာသလဲ မပြောနိုင်အောင် ဖြစ်နေပြီ၊ လွတ်ပြီ၊ ကျွတ်ပြီ" ဟု တစ်ယောက်တည်း ပါးစပ်က ပြောဆိုရှိနေလေ၏။ "တစ်သက်လုံး တောင့်တခဲ့တဲ့ဘဝ၊ ကလေးဘဝကစပြီး လိုလားခဲ့တဲ့ဘဝကို ဒီကနေ့ဖြင့် အနှစ်နှစ်အလလက တောင့်တခဲ့သမျှ ပြည့်စုံပေပြီ၊ 'အဟောသုခံ' သြော်– ချမ်းသာလေစွ၊ ချမ်းသာလေစွ"

နတ်ရှင်မယ် မင်းသမီးကလေးမှာ ပန်းချီဆရာကလေးကဲ့သို့ပင် နင်ဆို့လျက် ဘာမျှပြန်မပြောနိုင်ဘဲ ရှိလေတော့၏။ မြေပြင်တွင် ရှိခိုးရင်း ဒူးတုပ်ထိုင်နေရာမှ မင်းသမီးကြီး၏ ခြေကိုဖက်၍ နမ်းရှုပ်လေ၏။ အားလုံးမှာ ငြိမ်သက်တိတ်ဆိတ်၍နေပေ၏။ စန္ဒမာလာမင်းသမီးကြီးမှာ ကြည်ညိုသဒ္ဓါဖွယ်သော သီလရှင်အဝတ်အစားဖြင့် ရပ်လျက်လည်းကောင်း၊ အရေးပိုင်မှာ ဦးထုပ်ချွတ်လျက် ရပ်၍လည်းကောင်း၊ ပန်းချီဆရာကလေးမှာ ရပ်လျက် ခေါင်းငုံ့၍လည်းကောင်း၊ နတ်ရှင်မယ်ကလေးမှာလည်း ဒူးတုပ်ရှိခိုး ငိုယိုပူဆွေး၍လည်းကောင်း၊ အစေခံမကလေးမှာလည်း နမြောတ,သ ဝမ်းနည်းစွာဖြင့် ဒူးတုပ်ရှိခိုး၍လည်းကောင်း၊ ပရိသတ်မှာလည်း အံ့သြငေးမော တွေဝေ၍လည်းကောင်း အသက်ရှူသံများကိုသာ ကြားရလေတော့၏။ နေအရုဏ်မှာ အရှေ့ဆီမှ တဖြည်းဖြည်းတက်၍လာပြီဖြစ်သဖြင့် မီးပုံးမီးအိမ်များ၏အရောင်မှာလည်း မှေးမှိန်စပြုလာလေတော့၏။



စန္ဒမာလာမင်းသမီးကြီးသည် သီလရှင်ဇရပ်ရှိရာသို့ တဖြည်းဖြည်း ထွက်ခွာ၍သွားလေတော့ရာ၊ နောက်လိုက် နောက်ပါ အခြွေအရံများမှာလည်း ဖြည်းညှင်းစွာ နောက်မှ လိုက်ပါသွားကြလေ၏။ သို့သော် ဇရပ်လှေကားဆီသို့ ရောက်သောအခါ လှေကားထိပ်တွင် သီလရှင်ဆရာကြီးက ဆီးကြိုခေါ်ယူ၍ ဇရပ်တွင်းသို့ သွတ်သွင်းခေါ်ဆောင်သွားသဖြင့် နောက်ပါများမှာ ရှေ့သို့ ဆက်လက်၍ မလိုက်ရဲတော့ဘဲ လှေကားရင်းတွင် ကျန်ရစ်ခဲ့ကြလေ၏။ သူတို့အရှင်သခင်ကို လုံးဝမမြင်ရတော့မှ လေးလံသော ခြေလှမ်း၊ ကြေကွဲသော နှလုံးတို့ဖြင့် ဖြည်းညှင်းစွာ ပြန်လည်လှည့်လာကြတော့သည်။

အရုဏ်၏ အပြင်ဘက်သို့ ရောက်ကြသောအခါ နေရောင်မှာ မြို့တစ်မြို့လုံးကို ကောင်းစွာ ပက်ဖျန်းလျက်ရှိပြီး မိုးသောက်ခြင်းကြောင့် လူအားလုံး၏အသံတို့ဖြင့် အသက်ဝင်၍နေလေတော့၏။ အပြီးအဆုံးတစ်ဘက်ကမ်းသို့ ပြန်ကြရတော့မည်ကို သိသဖြင့် သီလရှင်ဇရပ်ဆီသို့ နောက်ဆုံး ပြန်လည်ကြည့်ရှုကြရာ သီလရှင်ဆရာကြီးခေါင်းဆောင်သော ဇရပ်တစ်ခုလုံးရှိ သီလရှင်အပေါင်းတို့သည် ဗန်းခုံးကိုယ်စီရွက်၍ ဆွမ်းဆန်ခံရန် စီတန်းနေကြသည်ကို တွေ့မြင်ရလေ၏။ စန္ဒမာလာမင်းသမီးကြီးကား၊ အားလုံးသော သီလရှင်များ၏နောက်ဆုံးတွင် သူပါ လိုက်ပါလျက် ဆန်ခံရန် စီတန်းနေပြီး ဖြစ်လေသည်။

ပန်းချီဆရာကလေးနှင့် အရေးပိုင်မှာ ထွက်လာအံ့သောသူတော်ကောင်းများကို လမ်းဖယ်ရှား၍ပေးစဉ် နတ်ရှင်မယ်မင်းသမီးကလေးမှာ လမ်းဘေး၌ထိုင်ကာ ဒူးတုပ်ရှိခိုးလျက် နေလေသတည်း။

❑

www.burmeseclassic.com